


ဖြစ်ချင်တာဖြစ်ပေါင်ဘချစ်


မင်းသိင်္ခ
ဖြစ်ချင်တာဖြစ်မောင်ဘချစ်

# မင်းသိန်း

---

## 'ဖြစ်ချင်တာဖြစ် မောင်ဘချစ်'

[ဇာတ်သိမ်းပိုင်း]

မြည်လုံးကျွတ်ဖြန့်ချိရေး

## မောင်ဘချစ်နှင့် တရုတ်အပေါင်ဆိုင်မှ ကလေးများ

တစ်နေ့သ၌ လူငယ်တစ်ဦးသည် ကော့ကရိတ်မြို့ ဈေးအနီး ညောင်ပင်ကြီးအောက်၌ ထိုင်လျက် ကောက်ညှင်းပေါင်းထုတ် ကလေးကို ဖြေ၍စားရင်း တစ်စုံတစ်ခုကို စောင့်မျှော်နေလေ၏။ များမကြာမီကပင် ထိုလူငယ်အနီးသို့ ခရီးသည်များ ရောက်ရှိလာကြပြီးလျှင် အမောဖြေရန် ခေတ္တထိုင်ကြလေ၏။ လူငယ်သည် ကောက်ညှင်းပေါင်းကို စားပြီးနောက် ပုဆိုးနှင့်ပင် လက်ကို သုတ်လိုက်ပြီးလျှင်---

"ဒီမှာ မိတ်ဆွေတို့ ဟောဒီ ကော့ကရိတ်မြို့မှာ ခုကွရောက် နေတဲ့သူတွေ ရှိသလားဗျို့"

ဟု မေးလိုက်လေ၏။ ထိုအခါ၌ ခရီးသည်များလည်း ပါးစပ်အဟောင်းသားနှင့်လူငယ်ကို ကြည့်လိုက်ကြကုန်၏။ ထိုအခါ၌ လူငယ်က ၎င်း၏စကားကို ထိုခရီးသည်များ ကောင်းစွာ သဘောမပေါက်ဟု ထင်မှတ်ကာ ထပ်၍ မေးပြန်၏။

"ဟောဒီ ကောက်ကရိတ်မြို့မှာ ခုက္ခရောက်နေကြတဲ့သူတွေ ရှိသလားလို့ မေးတာပါ"

လူငယ်၏စကားကို ကြားရသောအခါ၌ ဧည့်သည်များသည် တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ပြုံးစိစိ ဖြစ်ကြကုန်၏။ ထို့နောက် ဧည့်သည်များအနက်မှ ပါးစပ်ပြဲပြဲ ဗိုက်ရွှဲရွှဲ လူကြီး တစ်ဦးက---

"ခုက္ခရောက်တဲ့သူတွေ ဟုတ်လား၊ ကောက်ကရိတ်မြို့မှာ သိပ် ရှိတာပေါ့ကွာ၊ မောင်ရင်က ဘာလုပ်မလို့တုံး"

ဟု မေးလေ၏။ ထိုအခါ လူငယ်က---

"ကျုပ်က ခုက္ခရောက်တဲ့ လူတွေကို ကူညီဖို့ ထွက်လာ တာပါ၊ ကူညီမလို့ မေးတာပါ"

ဟု ခပ်တည်တည်ဖြင့် ပြန်၍ ပြောလိုက်ရာ ပါးစပ်ပြဲပြဲ ဗိုက်ရွှဲရွှဲလူကြီးက---

"ဒီလိုဆိုလဲ ဟောဒီတည့်တည့် သွားပေတော့၊ အဲဒီမှာ ဝမ်ကင်းဆိုတဲ့ တရုတ်အပေါင်ဆိုင်တစ်ခု ရှိတယ်၊ အဲဒီမှာ ခုက္ခ ရောက်နေတဲ့သူတွေ တွေ့လိမ့်မယ်"

ဟု ပြောလျှင် လူငယ်လည်း ထိုလူကြီးအား ခေါင်းကိုညွှတ်၍ အရိုအသေပြုပြီးလျှင် ဧည့်ပင်အောက်မှ ထွက်ခဲ့လေတော့၏။ ထိုအခါ၌ ဧည့်သည်များအနက်မှ မိန်းမတစ်ဦးက---

"လူနေမှုကြား စိတ်နေဘုံများဆိုတာ ဒီလိုကောင်မျိုးကို ပြောတာပေါ့၊ သူကများ ခုက္ခသည်တွေကို ကူညီမလို့ လိုက်ရှာ သတဲ့တော်၊ သူကိုယ်သူပဲ ပြန်ပြီး ကူညီစမ်းပါဦး၊ အင်္ကျီကကုပ် ရတ်နဲ့ ဖိနပ်ကလဲ သည့်ကြီးပြတ်တော့မယ်၊ လုံချည်ဆိုတာက





တော့ အဖာတစ်ရာနဲ့ ဒီလိုကောင်ကများ ဒီစကားမျိုး ပြောတာ အံ့ပါရဲတော်"

ဟု ရင်ဘတ်ကို ပုတ်၍ပုတ်၍ ပြောလေ၏။ ထိုအခါ၌ ပါးစပ်ပြဲပြဲ ဗိုက်ရွှဲရွှဲလူကြီးက---

"လူအမျိုးမျိုး နတ်အထွေထွေဆိုတာ ဒါမျိုးပေါ့ မိန်းမရယ်"

ဟု ပြော၍ တဟားဟား ရယ်မောနေလေ၏။ လူငယ်မှာမူကား ထိုလူကြီး ညွှန်ပြလိုက်သော ဝမ်ကင်း တရုတ်အပေါင်ဆိုင် ဆီသို့ တန်းတန်းမတ်မတ် သွား၍နေလေ၏။ ထိုလူငယ်ကား ဦးဥွမ်တီဆိုသည့် လွန်စွာထူးဆန်းသော တရုတ်အဘိုးကြီးတစ်ဦး၏ အနေ့ဝါသီက တပည့်ကျော် မောင်ဘချစ်ဆိုသူ ဖြစ်လေ၏။

၎င်းမောင်ဘချစ်အား ၎င်း၏ ဆရာကြီး ဦးဥွမ်တီက မြန်မာ ပြည်တွင် စာတိုက်ရှိသမျှ မြို့ရွာများသို့ လှည့်လည်၍ ခုက္ခ ရောက်နေသူအပေါင်းအား အတတ်နိုင်ဆုံး ကူညီရမည်၊ မည် သည့်မြို့ရွာကိုမှ ချန်လှပ်မထားခဲ့ရဟု၍ နိုင်းစေလိုက်သဖြင့် ဖြစ် ချင်တာ ဖြစ်ပါစေတော့ဟု သဘောထားကာ ထွက်လာသူ ဖြစ်ပေသည်။ မျက်စိကန်းတဝေ မကြောက်ဟူသော စကားကဲ့သို့ မောင်ဘချစ်သည် ဦးဥွမ်တီနိုင်းစေသမျှကို လုပ်ခဲ့သည်ချည်း ဖြစ် ၏။ အောင်မြင်ခဲ့သည်ချည်းလည်း ဖြစ်၏။ ယခုအခါ၌ မောင်ဘ ချစ်အား တစ်မျိုးတစ်ဖုံ အဆန်းထွင်၍ နိုင်းစေလိုက်ပြန်၏။

မောင်ဘချစ်သည် ဦးဥွမ်တီနိုင်းစေသမျှကို တစ်စုံတစ်ရာ ဆင်ခြေတက်ခြင်း၊ စောဒကတက်ခြင်း မပြုဘဲလျက် မျက်စိမှိတ် ကာ ထွက်လာခဲ့ခြင်းဖြစ်၏။ မောင်ဘချစ်သည် ရင်ကိုကော့ လျက် လျှောက်လာခဲ့ရာ တရုတ်တန်းရပ်ကွက်ရှိ ဝမ်ကင်းတရုတ်

အပေါင်ဆိုင်သို့ ရောက်ရှိခဲ့လေတော့၏။ အပေါင်ဆိုင်အတွင်း၌ကား ရွှေတိုရွှေစများ၊ ငွေတိုငွေစများ ပေါင်နှံရန်အတွက် လူအချို့သည် ရောက်ရှိနေကြလေ၏။ အပေါင်ဆိုင်ပိုင်ရှင် တရုတ် အဘိုးကြီးလည်း တစ်ယောက်စီခေါ်ယူ၍ ပေါင်နှံမည့်ပစ္စည်းကို ရွှေထည်ဖြစ်ပါက မှတ်ကျောက်တင်၏။ ထို့နောက် ရေမီးပုလင်းကလေးထုတ်ကာ မှတ်ကျောက်ပေါ်မှ ရွှေအား ရေမီး စားကြည့်၏။ ထိုသို့ ရေမီးစားပြီးနောက် မည်မျှ အရည်အသွေးကောင်းသည့် ရွှေပင်ဖြစ်လင့်ကစား---

"အားကိုးညံ့လယ်၊ ဆယ့်လေးပဲလောင် မရှိဘူး"

ဟူသော စကားကို ဓာတ်စက်ဖွင့်သကဲ့သို့ မနားတမ်း ပြောလေ၏။ အကယ်၍ ငွေထည်ဖြစ်ပါကလည်း နားအနီးသို့ ကပ်ကာ တခေါင်ခေါင်ခေါက်ကြည့်၏။ ထိုသို့ ခေါက်ကြည့်ပြီးနောက် မည်မျှကောင်းသော ငွေထည်ဖြစ်လင့်ကစား---

"အားကိုးညံ့လယ်၊ အားကိုးညံ့လယ်၊ ငွေမစစ်ဘူး"

ဟူသော စကားကို ဆိုပြန်၏။

အကယ်၍ ပိုးထည်ဖြစ်ပါကလည်း ဖြန့်၍ကြည့်ပြီးလျှင် အပေါက်အပြဲကို ရှာ၏။ အစွန်းအထင်းကို ရှာ၏။ ထိုသို့ ရှာပြီးနောက်---

"အားကိုးညံ့လယ်"

ဟူသော စကားကို ဆိုပြန်၏။ ပေါင်နှံကြသူများလည်း တရုတ်ကြီးပြောသမျှကို သည်းညည်းခံ၍ ပေါင်နှံကြကုန်၏။ မောင်ဘချစ်သည် အပေါင်ဆိုင်အတွင်းသို့ ရောက်လာပြီးလျှင် ပစ္စည်းပေါင်မည့်သူများအား ကြည့်ကာ---





"ဒီမှာ ရောက်နေသူများ ရှိသလားဗျို့"

ဟု အော်၍ မေးလိုက်လေ၏။ အပေါင်ဆိုင်အတွင်းမှ လူများသည် တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ မောင်ဘချစ်အား ခပ်ကြောင်ကြောင်ပြန်၍ ကြည့်နေကြလေ၏။ ထိုအခါ၌ မောင်ဘချစ်က ဒုတိယအကြိမ် ထပ်မံမေးပြန်၏။

"ဒီမှာရောက်နေတဲ့သူများ ရှိပါသလားခင်ဗျား"

ဆိုင်တွင်းမှ လူများသည် မောင်ဘချစ်အား ကြည့်မြဲ ကြည့်နေပြန်၏။ ထိုအခါ၌ အပေါင်ဆိုင် တရုတ်ကြီးက---

"ဟေ့လူ--- ဘာပေါင်မီလို့လဲ"

ဟု မေးလေ၏။ မောင်ဘချစ်က---

"ပစ္စည်းပေါင်မလို့ လာတာမဟုတ်ဘူး ထောင်ကဲကြီး၊ ဒီမှာ ရောက်နေတဲ့လူတွေရှိရင် 'ကျုပ်တတ်နိုင်သလောက် ကူညီမလို့ လာခဲ့တာပဲ"

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ အပေါင်ဆိုင်မှ တရုတ်အဘိုးကြီးက---

"ဒီဗျားမှာ ပိုက်ဆံဘီလောက်ပါလို့လဲ"

ဟု မေးလေ၏။

"ပိုက်ဆံတစ်ပြားမှ မပါပါဘူး"

ဟု ပြောလိုက်ရာ အပေါင်ဆိုင်တွင်းမှ လူများသည် ဝေါခနဲ ရယ်ကြလေတော့၏။ တရုတ်အဘိုးကြီးကလည်း---

"စုတ်ခ၊ စုတ်ခ၊ ရေမရှိဘဲ ငါးမွေးချင်တဲ့လူကိုး"

ဟု ပြောလိုက်ရာ အပေါင်ဆိုင်တွင်းမှ လူများလည်း ထပ်မံ၍ ရယ်ကြပြန်၏။ ထိုအခါ မောင်ဘချစ်က---

"ဝိုက်ဆံမရှိလဲ လူနဲ့ကူညီရမှာပေါ့ကွာ၊ ဝိုက်ဆံနဲ့မှ မဟုတ်ပါဘူး"

ဟု ပြောလိုက်လျှင် အနီးတွင်ရှိသော မြန်မာအဘိုးကြီး တစ်ဦးက---

"ဒီလိုဆိုရင် ကူညီစမ်းပါဦး မောင်ရင်ရာ၊ အဘလေ ပြီးခဲ့တဲ့ သီတင်းကျွတ်လပြည့်နေ့က ပေဘာဒီအပေါင်ဆိုင်မှာ ရွှေလက်ကောက်တစ်ရန်ကို အစိတ်နဲ့ ပေါင်ထားတယ်ကွ၊ အခု ပြန်ပြီး ရွေးဖို့ လာတာပဲ၊ အဲဒါ အတိုးနဲ့အရင်း ဘယ်လောက်ကျသလဲဆိုတာ အဘကို တွက်ပေးစမ်းပါကွာ"

ဟု ပြောလိုက်လျှင် မောင်ဘချစ်က---

"သီတင်းကျွတ်လပြည့်နေ့ကဆိုတော့ ခြောက်လတောင် ရှိပြီပဲ၊ ဒီလို အပေါင်ဆိုင်တွေက တစ်ရာကို လေးကျပ်တိုးယူတယ် အဘရဲ့၊ အစိတ်ဆိုတော့ တစ်လမှာ အတိုးတစ်ကျပ်ကျတယ်၊ ခြောက်လအတွက်ဆိုတော့ အတိုးချည်း ခြောက်ကျပ်ကျတာပေါ့ အဘရယ်၊ အဲဒီတော့ အတိုးရော အရင်းပါ သုံးဆယ့်တစ်ကျပ် ပေးရမှာပေါ့"

ဟု ပြောလိုက်လေ၏။ ထိုအခါ၌ မြန်မာအဘိုးကြီးက တရုတ်အဘိုးကြီးအား---

"ဘယ်လိုလဲတောင်ကဲ၊ သူပြောတာ ဟုတ်သလား"

ဟု မေးလေ၏။ ဆိုင်ရှင်တရုတ်အဘိုးကြီးကလည်း---

"ဟုတ်လယ်--ဟုတ်လယ်---၊ သိတ်ဟုတ်လယ်၊ သုံးဆယ့် တီကျပ်ကျလယ်"

ဟု ပြောလိုက်ရာ ဆိုင်တွင်းမှ လူများသည် ဝါးခနဲ ရယ်မော

ဇာတ်သိမ်း



ကြပြန်၏။ မြန်မာအဘိုးကြီးကလည်း မောင်ဘချစ်ကို ခြေဆုံးခေါင်းဆုံးကြည့်လျက်---

"ကျေးဇူးပဲ ငါ့တူရာ၊ အခုလို သဲသဲကွဲကွဲ သိရတော့ ကောင်းတာပေါ့၊ သူတို့က ဘယ်လောက်ကျတယ်ပဲ ပြောတာ၊ ဘယ်အတွက် ဘယ်လောက်ကျတယ်ဆိုတာကို ငါတို့က သိရတာ မဟုတ်ဘူး၊ အခုတော့ ရှင်းပါပြီ၊ တစ်လအတွက် အတိုးတစ်ကျပ်ကျတယ်၊ ခြောက်လဆိုတော့ အတိုးခြောက်ကျပ်၊ အရင်းအစိတ်နဲ့ပေါင်းလိုက်တော့ သုံးဆယ့်တစ်ကျပ်၊ ဟဲ--ဟဲ-ဗယာကို ကြေနေတာပဲ၊ ကျုပ်အိမ်က အဘွားကြီးကို ဒီအတိုင်း ရှင်းပြလိုက်မယ်၊ အဲဒီလို ရှင်းမပြနိုင်ရင် အဘွားကြီးက ကျုပ်ကို မာန်သေးတယ်"

ဟု အဘိုးကြီးက ပြောလိုက်ရာ ဆိုင်တွင်းမှ လူများလည်း ဝါးခနဲ ရယ်မောကြပြန်လေ၏။ ထိုအခါ၌ အဘိုးကြီးက---

"မရယ်ကြနဲ့ ငါ့လူတို့ရေ၊ ကျုပ်ကတော့ သူ့ကို ကျေးဇူးတင်ရမှာပဲ"

ဟု ပြောလေ၏။ ထိုအခါ၌ မောင်ဘချစ်သည် လွယ်အိတ်အတွင်းမှ မှတ်စုစာအုပ်ကို ထုတ်၍---

"အဘရေ---- ကျေးဇူးတင်ရင်တော့ ကျေးဇူးတင်တဲ့ အကြောင်းလေး ကျွန်တော့်ကို ရေးပေးပေတော့"

ဟု ပြော၍ စာအုပ်ကို ခဲတံနှင့်အတူ ပေးလိုက်ရာ အဘိုးကြီးလည်း ခဲတံကို ကိုင်၍ တုန်တုန်ယင်ယင်နှင့် အောက်ပါစာကို ရေးလိုက်လေ၏။

ကျေးဇူးပါပဲ ငါ့တူရာ

ဦးလှမေ
ကျောက်ဆိပ်

ထိုအချိန်၌ ဆိုင်အတွင်းဝယ် တရုတ်အဘိုးကြီး၏ ကလေး နှစ်ယောက်သည် ပြေးလွှားစုန်ပေါက် ဆော့ကစားနေလေ၏။ ကလေးနှစ်ယောက်မှာ အကြီးကလေးသည် ယောက်ျားကလေး ဖြစ်၍ အငယ်ကလေးမှာ မိန်းကလေး ဖြစ်လေ၏။ ၎င်းမောင်နှမ နှစ်ယောက်သည် ပြေးလွှားဆော့ကစားနေကြသည်ဖြစ်ရာ ဖခင် ဖြစ်သူ တရုတ်အဘိုးကြီးအား အနှောင့်အယှက်ပေးသကဲ့သို့ ရှိလေတော့၏။ သို့ရာတွင် ကလေးနှစ်ဦးမှာ ကစားမြဲ ကစားကြလေ၏။ တရုတ်အဘိုးကြီးသည် ထိုကလေးနှစ်ဦးကို ထ၍ ဆူလေ၏။ ထို့ကြောင့် အပေါင်ဆိုင် တရုတ်အဘိုးကြီးက မောင်ဘချစ်ဘက်သို့လှည့်ကာ---

"ပေါက်လူ ဝ နှပ်ဖြစ်နေပြီ၊ မီလေးနှီယောက် ဆော့နေတာ ဝ အီလုပ်လုပ်လို့ မိရဘူး၊ ရှုတ်ို့ကို နည်းနည်းကြည့်ပေးပါ၊ ရှုတ်ို့ အမေ ဈေးကိုသွားနေလယ်"

ဟု ပြောလေ၏။

"ရပါတယ် သောင်ကဲကြီး"

ဟု ဆိုကာ မောင်ဘချစ်သည် ကလေးနှစ်ဦးအား ချော့မော့၍ ထိုင်နိုင်းပြီးလျှင် ကလေးများအား ဦးဥွမ်တီ ပြောပြခဲ့ဖူးသည့် မှတ်သားဖွယ်ရာပုံပြင်များကို ပြန်လည်ပြောပြလေ၏။ ကလေး





များလည်း မောင်ဘချစ်၏ ပုံပြောကောင်းခြင်းကြောင့် မောင်ဘချစ်ကို လွန်စွာသဘောကျကြလေ၏။ မောင်ဘချစ်က အငယ် မိန်းကလေးအား---

"နာမည် ဘယ်နှယ် ခေါ်သလဲ"

ဟု မေးလေ၏။ ထိုမိန်းကလေးက---

"မစန်းတင့်လို့ ခေါ်ပါတယ်"

ဟု ပြန်၍ ပြောလေ၏။

"သိပ်ကောင်းတဲ့ နာမည်ပဲ၊ စန်းဆိုတာက လမင်းကြီးကို ပြောတာ၊ တင့်ဆိုတာက တင့်တယ်တာကို ပြောတာ၊ လမင်း ကြီးလို တင့်တယ်မယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ဒီအတိုင်းဆိုရင်တော့ ငါ့တူမကြီးဟာ နောင်တစ်ချိန်မှာ တကယ်ကို သူဌေးမကြီး ဖြစ် ဦးတော့မှာပဲ"

ဟု ပြောလိုက်ရာ မစန်းတင့်၏ အစ်ကိုက မောင်ဘချစ် အား---

"ဦးလေး ဦးလေး၊ ကျွန်တော်ကကော"

ဟု မေးလေ၏။ ထို့ကြောင့် မောင်ဘချစ်က---

"မင်းနာမည်ကကော ဘယ်နှယ့်ခေါ်သလဲ"

ဟု မေးလျှင် ၎င်းကလေးက---

"အောင်ပွားလို့ခေါ်တယ်"

ဟု ပြောလေ၏။

"အောင်ပွားတဲ့လား၊ ဘယ်နှယ့်ကြောင့် ဒီနာမည်ကို မှည့် တာလဲ"

ဟု မေးလျှင် အောင်ပွားကလေးက သူ၏ လက်ကလေးကို

ဆောင်၍---

"ဒါကြောင့်မှည့်တာ"

ဟုပြောလေ၏။ ထိုအခါ၌ မောင်ဘချစ်က အောင်မွှား ကလေး၏လက်၌ လက်မွှားကလေးပါသည်ကို တွေ့မြင်၍ သွား ကာ---

"ဪ-- လက်မွှားကလေး ပါလို့ အောင်မွှားလို့ မှည့်တာ ကိုး၊ အေး--- ဒီနာမည်လဲ ကောင်းတာပဲကွ၊ အောင်ဆိုတာက အောင်မြင်မယ်ကွာ၊ မွှားဆိုတာက ဥစ္စာပစ္စည်းတွေ တိုးမွှား မယ်ကွာ"

ဟု ပြောလိုက်ရာ အောင်မွှားလေးသည် လွန်စွာသဘောကျ ၍ မောင်ဘချစ်၏ ကုပ်ကို ခွ၍စီးလေတော့၏။ နေ့လယ်ပိုင်းသို့ ရောက်လျှင် တရုတ်အပေါင်ဆိုင်ပိုင်ရှင် ထောင်ကဲကြီး၏ မိန်းမ ပြန်ရောက်လာပြီးလျှင် ထမင်းဟင်းများ ချက်ပြုတ်လေ၏။ မောင်ဘချစ်မှာမူ ကလေးနှစ်ဦးအား ထိန်းသိမ်း၍ ထားရဆဲဖြစ် ၏။ ထိုအချိန်၌ကား အပေါင်ဆိုင်တွင်း၌ လူများ လုံးဝ ရှင်းသွား ပြီဖြစ်၏။ တရုတ်အဘိုးကြီးလည်း အပေါင်ခံထားသော ပစ္စည်း များကို မီးခံသေတ္တာအတွင်း၌ သိမ်းဆည်းလေတော့၏။ သိမ်း ဆည်းပြီးလျှင် "မောင်ဘချစ်ထံသို့လာ၍---

"အားကီးကောင်းတဲ့လူပဲ၊ လူတောကို ကူညီဖို့ လျှောက်သွား နေတယ် ဟုတ်လား၊ နတ်ပြည်ကလာတဲ့ လူများလား"

ဟု ပြောလေ၏။ ထိုအခါ၌ မောင်ဘချစ်က---

"ကဲ--- ထောင်ကဲကြီး ကျုပ်သွားမယ်"

ဟု ပြောလေ၏။ တရုတ်အဘိုးကြီးက---





"နေဦးလေ၊ ထမင်းစားပြီးမှ သွားပေါ့"

ဟု ဆိုလေ၏။

"ကိစ္စမရှိပါဘူး၊ ဒုက္ခဖြစ်တဲ့လူတွေကို ကူညီဖို့ ခရီးဆက်ရဦး မယ်"

ဟု မောင်ဘချစ်က ပြောလေ၏။

"အာကီး ကျေးဇူးတင်ပါလှယ်"

ဟု တရုတ်အဘိုးကြီးက ပြောလျှင် မောင်ဘချစ်က လွယ် အိတ်အတွင်းမှ မှတ်စုစာအုပ်ကို ထုတ်၍---

"ကျေးဇူးတင်ရင် ဒီမှာရေးပါ"

ဟု ဆိုကာ စာအုပ်နှင့် ခဲတံကို ထိုး၍ ပေးလေ၏။ တရုတ် အဘိုးကြီးလည်း မောင်ဘချစ်၏ မှတ်စုစာအုပ်၌ ကျေးဇူးတင် ကြောင်းကို တရုတ်စာလုံးများဖြင့် ရေးပေးလိုက်လေတော့၏။

မောင်ဘချစ်သည် အပေါင်ဆိုင်တွင်းမှ ထွက်၍ သွားလေ တော့၏။ ထိုအချိန်မှစ၍ တရုတ်အဘိုးကြီးသည် ထူးဆန်းသော လူတစ်ယောက်၏ အကြောင်းကို အလျဉ်းသင့်သည့်အခါတိုင်း၌ နောင်လာနောက်သားများအား ပုံပြင်သဖွယ်ပြောပြလေတော့ ၏။

❖ ❖ ❖

တစ်နေ့သ၌ မောင်ဘချစ်သည် ကျိုက္ကမီသို့ ရောက်ရှိလာပြီး လျှင် ဈေးအတွင်းသို့ ဝင်လေ၏။ ထိုနောက် တရုတ်ကုန်စုံဆိုင် ကြီးတစ်ဆိုင်ကို ရာဖွေကာ---

"ပုစွန်ဖောင်းတစ်ထုပ် ဘယ်လောက်လဲ"

ဟု မေးလေ၏။ ဆိုင်ရှင်က---

တစ်ထုပ် ငါးမူးဖြစ်ကြောင်း ပြောလျှင် ပုစွန်ဖောင်းနှစ်ထုပ် ဝယ်လေ၏။ ထို့နောက် အပ်ချည်လုံးတစ်လုံးကို နှစ်ပြားဖြင့် ဝယ်ယူပြန်၏။ အလုံးစုံ ဝယ်ယူပြီးစီးသွားသည့်အခါ၌ မောင်ဘချစ်သည် ဈေးအနီး သစ်ပင်အောက်၌ ထိုင်ကာ ပုစွန်ဖောင်းများကို မှုတ်၍ အပ်ချည်ကြိုးဖြင့် ချည်နှောင်လေ၏။ တစ်ထုပ်လျှင် ငါးမူးနှင့် ဝယ်ယူခဲ့သော ပုစွန်ဖောင်းထုပ်၌ ပုစွန်ဖောင်း(တစ်ရာတိတိ) ပါရှိလေ၏။ မောင်ဘချစ်သည် ပုစွန်ဖောင်းများကို မှုတ်၍ ကြိုးများဖြင့် ချည်နှောင်ပြီးနောက် လှည့်လည်၍ ရောင်းချရာ နံနက်ပိုင်း၌ပင် ပုစွန်ဖောင်းအလုံး ၂၀၀ သည် တက်တက်ပြောင်တော့၏။ ထို့ကြောင့် ပုစွန်ဖောင်းနှစ်ထုပ်ဖိုးနှင့် အပ်ချည်လုံးဖိုး ၂-ပြားကို ပေါင်းလျှင် မောင်ဘချစ်၏ အရင်းငွေသည် ၆၆-ပြားသာ ရှိပေရာ ပုစွန်ဖောင်းတစ်လုံးကို တစ်ပြားနှင့် ရောင်းချခဲ့သောကြောင့် မောင်ဘချစ်သည် ပုစွန်ဖောင်းအလုံး ၂၀၀ ကုန်သည့်အခါ၌ အမြတ်ငွေသက်သက် ၂ ကျပ်နှင့် ၆ ပြား ရရှိနေပြီဖြစ်၏။ (တစ်ကျပ်လျှင် ၆၄ ပြားသာ ရှိသော ခေတ်ဖြစ်၏။) ထို့နောက် မောင်ဘချစ်သည် ကျိုက္ကမီစာတိုက်သို့ သွားရောက်၍ စာတိုက်စိုးနှင့်တွေ့ဆုံကာ---

"တစ်ဆိတ်လောက်ခင်ဗျာ၊ ကျွန်တော် ကျိုက္ကမီကို ရောက်ရှိခဲ့တယ်ဆိုတဲ့အကြောင်း ကျွန်တော့်ရဲ့ စာအုပ်မှာ ကျိုက္ကမီ စာတိုက် တံဆိပ်တုံးကလေး နှိပ်ပြီး လူကြီးမင်းက လက်မှတ်ထိုး ပေးစေချင်ပါတယ်"

စာတဲ့သိမ်း



ဟု ပြောလိုက်ရာ စာတိုက်စိုးက---

"ကိုယ့်လူဟာကိုယ့်လူ ကျိုက္ကမီကိုရောက်တာနဲ့ ကျုပ်တို့ စာတိုက်က ဘာဖြစ်လို့ လက်မှတ် ထိုးပေးရမှာတုံး"

ဟု ပြောလေ၏။

"ဒီလိုပါခင်ဗျာ၊ ကျွန်တော်နဲ့ ကျွန်တော့်ဆရာ ဦးဝွမ်တီဆိုတဲ့ အဘိုးကြီးဟာ အလောင်းအစားလုပ်ထားကြပါတယ်၊ သူက ငွေ သုံးကျပ်တည်းနဲ့ မြန်မာတစ်ပြည်လုံးက စာတိုက်ရှိတဲ့ မြို့တွေကို ရောက်အောင်မသွားနိုင်ဘူးလို့ စိန်ခေါ်ပါတယ်၊ ကျွန်တော်က ရောက်အောင် သွားနိုင်တယ်လို့ဆိုပြီး သွားပြနေတာပါ၊ အဲဒါကြောင့် ကျွန်တော် ရောက်ခဲ့တဲ့အကြောင်း အထောက်အထား ခိုင်လုံအောင် လူကြီးမင်းတို့ စာတိုက်တံဆိပ်တုံး နှိပ်ပေးဖို့ အကူအညီ တောင်းတာပါ၊ ကျွန်တော်တို့ နှစ်ယောက်ရဲ့ ပြိုင်ပွဲကို ကူညီတဲ့အနေနဲ့ပေါ့"

ဟု ပြောလိုက်ရာ စာတိုက်စိုးက---

"ဘယ်ကနေပြီး ခရီးထွက်လာတာလဲ"

ဟု မေးလေ၏။

"ရန်ကုန်ကပါ"

ဟု ဆိုကာ မောင်ဘချစ်သည် ၎င်းရောက်ရှိခဲ့သော မြို့များမှ ရိုက်နှိပ်ပေးလိုက်သော စာတိုက်တံဆိပ်များကို ပြသလေ၏။ စာတိုက်စိုးလည်း ၎င်း၏ မှတ်စုစာအုပ်ကို လှန်လှောကြည့်ပြီးနောက် ပြုံးလျက်---

"မြို့တွေက တော်တော်များများ ရောက်ပြီးပြီပဲ၊ ငွေသုံးကျပ်တည်းနဲ့ ဘယ်လိုများ ရောက်အောင် သွားခဲ့ပါသလဲ"

ဉာဏ်ဝင်းစာပေ

ဟု မေးလေ၏။

"ဒီလိုပါခင်ဗျာ၊ ခရီးစထွက်ကတည်းက တရုတ်ကုန်စုံဆိုင်တစ်ဆိုင်ကို ဝင်တယ်၊ အဲဒီမှာ ပူစီဖောင်း ၂ ထုပ်နဲ့ အပ်ချည်လုံးတစ်လုံးဝယ်တယ်၊ အဲဒီပူစီဖောင်းတွေကို မှုတ်ပြီး အပ်ချည်နဲ့ ချည်တယ်၊ ပြီးတော့ ပူစီဖောင်းတွေကို လျှောက်ပြီး ရောင်းရတယ်၊ အဲဒီအမြတ်ငွေဟာ နောက်တစ်ခရီး ခရီးဆက်ဖို့နဲ့ ထမင်းစားဖို့တော့ ကောင်းကောင်းကြီး လုံလောက်ပါတယ်၊ နောက်ပြီးတော့ ကျုပ်တို့ အလောင်းအစားမှာက အဲဒီလို ရောက်ရုံနဲ့ မပြီးသေးဘူးဗျ၊ ရောက်တဲ့မြို့တိုင်းမှာ အနည်းဆုံး ဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို ရှာပြီး အကူအညီပေးရမယ်ဆိုတဲ့ စည်းကမ်းချက်လဲ ပါသေးတယ်ဗျ၊ ဟောဒီမှာ ကြည့်ပါ၊ ကျွန်တော် ကူညီခဲ့တဲ့ လူတွေရဲ့ နာမည်နဲ့ နေရပ်လိပ်စာတွေ"

ဟု ဆိုကာ မောင်ဘချစ်သည် ၎င်း၏ မှတ်စုစာအုပ်ကို လှန်၍ ပြပြန်၏။ စာတိုက်စိုလ်လည်း ၎င်း၏ မှတ်စုစာအုပ်ကို လှန်လှောကြည့်ရှုပြီးနောက်---

"တော်တော် ထူးဆန်းတဲ့ အလောင်းအစားပဲ၊ တကယ်လို့ ခင်ဗျားက ရှုံးရင် ဘယ်လိုဖြစ်မှာတုံး"

ဟု ပြောလေ၏။

"ကျုပ်က ရှုံးရင် ကျုပ်ရဲ့ဆရာက ကျုပ်နဲ့ ဒီတစ်သက်မှာ သေခန်းပြတ်ပဲလို့ ပြောတယ်"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

"ခင်ဗျားက နိုင်ရင်ကောဗျာ"

ဟု စာတိုက်စိုလ်က မေးပြန်လေ၏။

စာတ်သိမ်း



"ကျုပ်က နိုင်ရင်တော့ ကျုပ်မှာရှိတဲ့ ရောဂါဆိုးတစ်ခုကို သူက ကုသပေးမယ်လို့ ပြောတယ်"

ဟု မောင်ဘချစ်က ပြန်၍ ဖြေလေ၏။

"ခင်ဗျားမှာက ဘာရောဂါ ဖြစ်နေလို့လဲ၊ ဆရာဝန်ကိုပြပေါ့"

ဟု စာတိုက်စိုလ်က ဆိုပြန်၏။

"ဆရာဝန်ကုနိုင်တဲ့ ရောဂါမျိုး မဟုတ်ဘူးဗျ၊ ကျုပ်မှာ စွဲကပ်နေတာက အထည်ကြီးပျက်ရောဂါလို့ ခေါ်တယ်"

ဟု မောင်ဘချစ်က ပြောပြန်လေ၏။

"အထည်ကြီးပျက်ရောဂါ ဟုတ်လား၊ မကြားဖူးပါဘူးဗျာ"

ဟု စာတိုက်စိုလ်က မျက်နှာကို ရှုံ့တွ၍ ပြန်ပြောလေ၏။

"ခင်ဗျား မကြားဖူးဘူးဆိုတာတော့ ဟုတ်ပါလိမ့်မယ်၊ ကျုပ်မှာကတော့ အဲဒီရောဂါ ဖြစ်နေတာ အမှန်ပဲဗျာ"

ဟု မောင်ဘချစ်က ပြောလျှင် စာတိုက်စိုလ်က---

"ခင်ဗျားဆရာကလဲဗျာ၊ အင်္ဂုလိမာလရဲ့ ဆရာက အင်္ဂုလိမာလကို လက်ညှိုးပေါင်းတစ်ထောင် ဖြတ်ခိုင်းတာမျိုးပါလား"

ဟု ပြောပြီးလျှင် စာတိုက်တံဆိပ်တုံးကိုယူ၍ မောင်ဘချစ်၏ မှတ်စုစာအုပ်၌ ခိုင်းခန့် နှိပ်လိုက်လေတော့၏။ ထိုသို့ နှိပ်ပြီးနောက် လက်မှတ်ထိုး၍ ပေးလေ၏။

ထို့နောက် မောင်ဘချစ်လည်း စာတိုက်မှ ထွက်ခဲ့လေတော့၏။ ထိုမြို့၌ တစ်ရက်မျှ နေထိုင်ကာ မျက်မမြင်အဘွားကြီးတစ်ဦးအား အကူအညီပေးခဲ့ပြီးနောက် ခရီးဆက်ခဲ့ပြန်လေတော့သတည်း။

❖ ❖ ❖

ဉာဏ်ဝင်းစာပေ

## မောင်ဘချစ်နှင့် ယမ်းအိုး

မောင်ဘချစ်သည် အထက်က ဆိုခဲ့သည့်အတိုင်း ခရီးထွက်လာခဲ့ရာ ကချင်ပြည်နယ်အတွင်း၌ ရှိသော "မိုးဗွေ" ဟူသည့် မြို့သို့ ရောက်ရှိခဲ့လေတော့၏။

မောင်ဘချစ်သည် ၎င်း၏ ထုံးစံအတိုင်း တောတိုက်ကို ရှာဖွေ၍ တဲဆိုင်တဲ့ထိုးနိုင်းပြီးလျှင် ဈေးအနီးသို့ သွားလေ၏။ ဈေးအနီး၌ကား ခရီးသည်များ နားနေနိုင်ရန်အတွက် ဆောက်လုပ်ထားသော ဇရပ်ကြီးတစ်လုံး ရှိလေ၏။ မောင်ဘချစ်လည်း ထိုဇရပ်ပေါ်သို့ တက်ကာ တုံးလုံးပက်လက် လှဲရင်း ၎င်း၏ မှတ်စုစာအုပ်ကို ထုတ်၍ ရောက်ခဲ့သမျှသော မြို့ကြီးများ၏ စာရင်းကို မတိုး မကျယ် ဖတ်နေလေ၏။

ကောသမ္ဗီ

ကျုံမငေး

ကျိုက်လတ်





ကဝ

ကျုံပျော်

ကွမ်းခြံကုန်း

ကသိုး

ကခုတ်

ကျိုက်ထို

ကော့ကရိတ်

ကျိုက္ခမီ

ကသာ

ချောက်

ချောင်းဆုံ

ခန္တီး

ခေမ်း

ချောင်းဦး

မိုးဗွေ

မောင်ဘချစ်သည် ထိုသို့ ဖတ်ပြီးနောက် ရှေ့ဆက်၍ သွားရမည့် ခရီးစဉ်ကို စဉ်းစားနေလေ၏။ သို့ရာတွင် စဉ်းစား၍ အဖြေမပေါ်သောအခါ၌ ဆေးလိပ်ထုတ်၍ မီးညှိကာ ဖွာလေ၏။ ထိုအခါ၌ တဲ၏ထောင့်တွင် အိပ်လျက်ရှိသော လူတစ်ယောက်က---

"ညောင်တုန်းဘက်က ချောင်းကြီးဆိုတာရယ်၊ ပေါ့သီ ကချင်ပြည်နယ်က ခေါ်ဘူးဒ်ဆိုတာရယ်၊ ကန့်ဘလူဘက်က ချုပ်သင်းဆိုတာရယ်၊ လေးမျက်နှာဘက်က ခမောက်စုဆိုတာရယ်

ကို ထည့်လိုက်ရင်တော့ မွေးဘက္ကရာဇ်က ကုန်ပါပြီရှ၊ ဂငယ် အက္ခရာထဲကတော့ ဂွ၊ ခွေးရိုး၊ ဂန်ဂေါ၊ ဂိုင်းတောင် ဟဲ ဟဲ-- င အက္ခရာ ထဲမှာတော့ ငါန်းစွန်း၊ ငလီ၊ ငပုတော၊ ငမဲ၊ ငသိုင်း ချောင်း၊ ငါးသယောက်ရှယ်လို့ ရှိတယ်ရှ"

ဟု မောင်ဘချစ်အား လှည့်မကြည့်ဘဲ ပြောလိုက်လေတော့၏။

မောင်ဘချစ်လည်း အသံလာရာသို့ လှည့်၍ ကြည့်လေ၏။ သို့ရာတွင် ထိုသူမှာ တစ်ဖက်သို့လှည့်၍ အိပ်နေခြင်းကြောင့် မျက်နှာကို မမြင်ရဘဲ ရှိလေ၏။ မောင်ဘချစ်သည် ထိုသူ၏ နောက်ကျောကိုသာလျှင် ကြည့်ရှု၍ အကဲခတ်နေရလေ၏။ ထိုသူ၏ အဝတ်အစားများမှာ တောဘုရားပွဲများ၌ ကလေ့ရှိသော တိုးနယားရုပ်ကဲ့သို့ အမြှာမြှာ စုတ်ပြဲ၍ နေလေ၏။

ထိုအခါ၌ ထိုလူက လှည့်၍မျှပင် မကြည့်ဘဲလျက် မောင်ဘချစ်အား---

"ဘယ်လိုလဲ မိတ်ဆွေကြီးရ၊ ကျုပ်ကိုကြည့်ပြီး အကဲခတ်နေတာလား"

ဟု မေးလိုက်လေ၏။

"ဗျာ---"

ဟု မောင်ဘချစ်က ယောင်၍ အော်လိုက်မိလေ၏။

ထိုလူက ဆက်လက်၍---

"စလုံး အက္ခရာပါတဲ့ မြို့တွေ ပြောပြဦးမယ်၊ စကူ၊ စဉ့်ကူ၊ စဉ့်ကိုင်၊ စစ်ကိုင်း၊ စစ်ချောင်း၊ စစ်တောင်း၊ စေတုတ္တရာ၊ စစ်တွေ၊ စနဲ၊ စလေ၊ စလင်း၊ ဝိန်လုံကာဘား ဟဲ ဟဲ- အခု ကျုပ်ဆိုပြတာ





တွေဟာ စာတိုက်ရှိတဲ့ နေရာတွေချည်းပဲဗျ၊ အဲဒီအထဲမှာ ရန်ကုန် မှာရှိတဲ့ စမ်းချောင်းရပ်ကိုပါ ထည့်လိုက်ဦး၊ အဲဒီမှာလဲ စာတိုက် ရှိတာပဲ"

ဟု ပြောလိုက်ပြန်လေ၏။

"ဗျာ---"

ဟု မောင်ဘချစ်က ယောင်၍ အော်ပြန်လေ၏။

"ဟဲ-- ဟဲ-- ဆလိမ်အက္ခရာတွေကို ပြောပြရဦးမလား၊ ဆော၊ ဆိပ်ကြီး၊ ဆကာကြီး၊ ဆူးကလပ်၊ ဆမ်ဆယ်၊ ဆီဒိုင်၊ ဆိပ်ဖြူ၊ ဆင်ဖြူကျွန်း၊ ဆွမ်ပရာဘွမ်၊ ဆင်ပေါင်ဝဲ၊ ဆင်ဘို၊ ဆီမီးခုံ၊ ဆင်မြီးဆွဲ၊ ဆားမော်၊ ဆားလင်းကြီး အဲဒါတွေလဲ စာတိုက်ရှိတာ ချည်းပဲ"

ဟု ထိုသူက ပြောပြန်လေ၏။

"အလွတ်ရလှချည့်လား"

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။

"အလွတ်ရဆို ကျုပ်က အလွတ်ပညာသမားကိုးဗျ"

ဟု ထိုသူက ပြန်၍ပြောလေ၏။

"ခပ်ဆန်းဆန်းပါလား"

ဟု မောင်ဘချစ်က ပြောလေ၏။

"သိပ်ပြီး မဆန်းလှပါဘူး၊ သူများထက်တော့ နည်းနည်း ကလေး ပိုပြီး အဆိပ်ကြီးတဲ့ အကျင့်တစ်ခုတော့ ရှိပါရဲ့ဗျာ"

ဟု ထိုသူက ပြောပြန်လေ၏။

"ခင်း--- လုပ်စမ်းပါဦး၊ သူများထက်ပိုပြီး အဆိပ်ကြီး တယ် ဟုတ်လား"

ဟု မောင်ဘချစ်က မေးလေ၏။

"အသိပ်ကြီးတဲ့သူကို သခင်းနဲ့ပေးစားချင်ပါတယ်ဆိုတဲ့ သူဌေးများရှိရင်တော့ ကျုပ်ဟာ သူဌေးသမက်ဖြစ်နိုင်တဲ့ လူစားမျိုးပေါ့ဗျာ"

ဟု ထိုသူက ပြောလေ၏။

"ပိုင်ပဲ့ ပိုင်ပဲ့"

ဟု မောင်ဘချစ်က သဘောကျစွာ ပြောလေ၏။

"ကိုယ့်လူ ကျုပ်ကို သိပ်ပြီး အံ့သြနေပြီထင်တယ်"

ဟု ထိုသူက မေးလေ၏။

"ဘာဖြစ်လို့လဲဗျ"

ဟု မောင်ဘချစ်က ပြောလေ၏။

"စကားတစ်ခုတည်းကို နှစ်ကြိမ်သုံးကြိမ် ထပ်ပြီးပြောရင် အာမေဍိတ်ဖြစ်တယ်လို့ ရှေးလူကြီးတွေက ပြောတယ်၊ ခုနက မိတ်ဆွေက ပိုင်ပဲ့၊ ပိုင်ပဲ့လို့ နှစ်ကြိမ်ထပ်ပြီး ပြောပုံကိုထောက်လိုက်ရင် ကျုပ်ကိုကြည့်ပြီး အာမေဍိတ်ဖြစ်နေပုံရတယ်"

ဟု ထိုသူက ပြောလေ၏။

"နှစ်ခါထပ်ပြီးပြောရင် အာမေဍိတ် ဟုတ်လား"

ဟု မောင်ဘချစ်က မေးလေ၏။

"ဒါပေါ့ဗျ သမော သမော မြွေကြီး မြွေကြီးဟု ဆိုခဲ့ပါမှ အာမေဍိတ်မည်၏တဲ့ဗျ အာမေဍိတ်က စုစုပေါင်း (၉)မျိုး ရှိတယ်လို့ အဘိဓာန်ပ္ပဒီပိကာကျမ်းမှာ ဆိုတယ်ဗျ"

ဟု ထိုသူက ပြောလေ၏။

မောင်ဘချစ်က---





"ပြောစမ်းပါဦးဗျ (၉)မျိုးက ဘာတွေများပါလိမ့်"

ဟု မေးလေ၏။

"ဘယေ--- ကြောက်ရွံ့သောအခါ၌လည်းကောင်း၊
ကောဓေ--- အမျက်ထွက်သော အခါ၌လည်းကောင်း၊
ပသံသာယံ-- ကောင်းချီးပေးသော အခါ၌လည်းကောင်း၊
တုရိတေ-- အစောတလျှင် လုပ်သောအခါ၌ လည်းကောင်း၊
ကောတုဟလေ- အသစ်အဆန်းတွေ့သော အခါ၌ လည်းကောင်း၊
ဟာသေ--- အားရဝမ်းသာ ရယ်မောသော အခါ၌လည်းကောင်း၊
သောကေ--- စိုးရိမ်ဝမ်းနည်းတဲ့အခါ၌လည်းကောင်း၊
ပသာဒေ--- ကြည်ညိုလွန်းသောအခါ၌ လည်းကောင်း၊
အစ္ဆရေ --- အံ့သြသောအခါ၌ လည်းကောင်း လူတို့သည် အာမေဍိတ်ကို ပြုကြကုန်၏လို့ ဆိုထားတယ်ဗျ"

ဟု ထိုသူက ပြောပြလေ၏။

ထိုသူသည် ယခုအချိန်အထိ မောင်ဘချစ်ကို လှည့်၍မကြည့်သေးဘဲ ကျောခိုင်းလျက်သား ရှိလေ၏။ မောင်ဘချစ်သည် ဆေးပေါ့လိပ်ကို ပြာခြွေရင်း---

"အာမေဍိတ်လား အံ့သြတာလားတော့ ကျုပ်မသိပါဘူးဗျာ၊ စာတိုက်ရှိတဲ့မြို့တွေကို အက္ခရာစဉ်အလိုက် အလွတ်ဆိုပြတာကိုတော့ သဘောကျတာပဲဗျာ"

ဟု ပြောလေ၏။

"ဒါပဲလားဗျာ"

"ပြီးတော့ ခင်ဗျားကို နောက်ကနေကြည့်ပြီး ကျုပ်က အကဲခတ်နေတာကို ခင်ဗျားက အတပ်ပြောနိုင်လို့လဲ သဘောကျသဗျာ"

"ဒါပဲလားဗျ"

"ပြီးတော့ အာမေရိတ်အကြောင်းကို ကျွမ်းကျင်ကျွမ်းကာနဲ့ အလွတ်ဆိုပြတာကိုလဲ သဘောကျသဗျာ"

"ဒါပဲလားဗျ"

"ဒါပဲဗျာ"

"ဟဲ-- ဟဲ-- ဒါတွေက မဆန်းပါဘူးဗျာ၊ ခင်ဗျားက ကကြီး အက္ခရာပါတဲ့ မြို့တွေကို စာရင်းရွတ်ပြီး ဖတ်နေတာကို ကြားရတယ်လေဗျာ၊ ခင်ဗျားဖတ်နေတဲ့ ကကြီးအက္ခရာတွေကလဲ အားလုံးစာတိုက်ရှိတဲ့ မြို့တွေချည်းပဲဆိုတာ ကျုပ်က သတိထားမိတယ်ဗျ၊ ပြီးတော့ ခခွေးအက္ခရာစဉ်တွေကို ခင်ဗျားက ဆက်ပြီးဖတ်ပြန်တယ်၊ အဲဒီမှာလဲ စာတိုက်ရှိတဲ့ နေရာတွေချည်းပဲဆိုတာကို ကျုပ်က သတိပြုမိပြန်တယ်၊ ဒါကြောင့် လိုနေသေးတဲ့ မြို့တွေကို ကျုပ် သတိပြုမိပြန်တယ်၊ အဲဒီတော့ လိုနေသေးတဲ့ မြို့တွေကို ကျုပ်က ဖြည့်ပေးလိုက်တာပါ၊ ပြီးတော့ ခင်ဗျားရဲ့ အသက်ရှူသံကို ပိုပြီးကြားလိုက်ရတယ်၊ ဒါကြောင့် ခင်ဗျားဟာ ကျုပ်ဘက်လှည့်ပြီး ကျုပ်ရဲ့ နောက်ကျောကို ကြည့်နေပြီဆိုတာ သိတာပေါ့ဗျာ၊ ဒါက မခက်ပါဘူးဗျ"

ဟု ထိုသူက ပြောလေ၏။





"ဒီလို စဉ်းစားနိုင်တာကိုပဲ ကျုပ်က သဘောကျတာပါ၊ ကဲပါလေ လူချင်းမှတ်မိအောင် တစ်ဆိတ်လောက် ဒီဘက်လှည့်ပါလားဗျာ"

ဟု မောင်ဘချစ်က ပြောလေ၏။

"ကျုပ်ကမလှည့်ဘဲကို ခင်ဗျားကို မှတ်မိပါတယ်ဗျာ၊ ခင်ဗျားဟာ စကားကို ပီပီသသ ပြောနိုင်တယ်၊ ပဆောက် ဖဦးထုပ် ဗထက်ချိုင့်၊ ဘကုန်း၊ မ ဆိုတဲ့ အသံတွေကို ပီပီသသ ပြောဆိုနိုင်တာကို ထောက်ရင် နှုတ်ခမ်းညီတဲ့ လူတစ်ယောက်ဆိုတာ ကျုပ်သိပါတယ်၊ နှုတ်ခမ်းထော်နေရင် ရွဲနေရင် အဲဒီစာလုံး ငါးလုံးကို ပီသအောင် မပြောနိုင်ဘူးဗျ၊ ပြီးတော့ ငရယ် ညရယ် နငယ်ကို ပီပီသသ ပြောနိုင်ပြန်တယ်၊ ဒါကြောင့် ခင်ဗျားရဲ့ နှာခေါင်းဟာ ပိတ်နေခြင်း ပိပြားနေခြင်း လန်နေခြင်း မရှိဘူးဆိုတာလဲ ကျုပ်သိပါတယ်ဗျ၊ တကယ်လို့ နှာခေါင်းဟာ နေသားတကျမရှိရင် ငရယ်၊ ညရယ်၊ နငယ်ရယ်ကို ပီသအောင် မပြောနိုင်ပါဘူးဗျ၊ ပြီးတော့ ခင်ဗျားရဲ့ လေယူလေသိမ်းကို ကြားရတာနဲ့ ခင်ဗျားဟာ ကျန်းမာတဲ့ လူတစ်ယောက် ခွန်အားနဲ့ ပြည့်စုံတဲ့လူတစ်ယောက်ဆိုတာ သိပါတယ်ဗျ၊ ပြီးတော့ ခင်ဗျားဟာ မြေကြီးပေါ်မှာ ဖိနပ်မပါ ခြေဗလာနဲ့ နင်းချင်သလိုနင်းပြီး သွားနေတဲ့ အလုပ်ကြမ်းသမားမျိုးထဲက မဟုတ်ပါဘူး၊ ခင်ဗျားရဲ့ ခြေနင်းညင်သာပုံက ခင်ဗျားဟာ ပျဉ်ခင်းပေါ်မှာ ကော်ဇောပေါ်မှာ နင်းပြီးနေခဲ့ရတဲ့လူလို့ ခန့်မှန်းနိုင်ပါတယ်၊ ဒါပေမယ့် စရပ်ပေါ်တက်ပြီး အိပ်ခါနီးမှာ ဖုတ်ခါခြင်း လှည်းကျင်းခြင်း မရှိဘဲ အိပ်ရာလိုက်ပုံကတော့ တယ်ပြီး သူဌေးပိုက် မပေါက်ဘူးဗျ၊ အခါ

ရှားရှား ဖြစ်သလို အိပ်စက် ရှုံ့ရနေတယ်။ ဒီဟာနှစ်ခုကို ပေါင်းစပ်လိုက်ရင် အရင်က ခင်ဗျားဟာ သူဌေးတစ်ယောက်ပဲ၊ နောက်တော့ ဘယ်လိုဖြစ်ပြီး ဒုက္ခရောက်သွားတယ် မဆိုနိုင်ဘူး၊ အတော်ကို ဒုက္ခရောက်ခဲ့တာကို"

ဟု ထိုသူက ပြောလေ၏။

"မှန်လှချည်လားဗျာ"

ဟု မောင်ဘချစ်က လှိုက်လှိုက်လှဲလှဲ ချီးကျူးလိုက်လေ၏။

"ပြီးတော့ ပြောရဦးမယ်၊ ကိုယ့်လူရဲ့ ခြေထောက်အများ နေရာက ဝါးခြမ်းပြားကလေးဟာ ကျုပ်ရဲ့ ခြေမျက်စိအောက် အထိ ခင်းထားတဲ့ ဝါးခြမ်းပြားကလေးပဲ၊ ကိုယ့်လူ လှုပ်လိုက်တိုင်း အဲဒီ ဝါးခြမ်းပြားကလေးက ကျုပ်ရဲ့ ခြေမျက်စိကို လာပြီး ထိတော့တာကို"

ဟု ထိုသူက ဆိုလေ၏။

"အဲဒီတော့ ဘာဖြစ်သလဲဗျ"

ဟု မောင်ဘချစ်က မေးလိုက်လေ၏။

"အဲဒီတော့ ကျုပ်ရဲ့ အရပ်က ငါးပေဆယ်လက်မရှိတယ်၊ ကိုယ့်လူက ကျုပ်ထက် သုံးလက်မလောက် နိမ့်တယ်လို့ ခန့်မှန်းရတာပဲ၊ ဒါကြောင့် ကိုယ့်လူဟာ ငါးပေ ခုနစ်လက်မပဲ ရှိတာပေါ့ဗျာ"

ဟု ထိုသူက ပြောပြန်လေ၏။

"မှန်လိုက်တာဗျာ၊ အတိအကျပဲ၊ ကျုပ်အရပ်ဟာ ငါးပေ ခုနစ်လက်မ ရှိပါတယ်"

ဟု မောင်ဘချစ်က ပြောလေ၏။





ထိုသို့ပြောပြီးလျှင် ထိုသူသည် မောင်ဘချစ်ဘက်သို့ ကိုယ်ကို လှည့်လိုက်လေ၏။ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး ပါးမြိုင်းမွေး ဗရပွစ်နှင့် လွန်စွာပေါက်ပြားသိသလှသော ထိုသူ၏ မျက်နှာကို မောင်ဘချစ်သည် တွေ့မြင်ရလေတော့၏။

"မိတ်ဆွေကြီးနာမည်ကလေး သိပါရစေလား"

ဟု မောင်ဘချစ်က မေးလေ၏။

"ကျုပ်နာမည် ယမ်းအိုးလို့ ခေါ်တယ်"

ဟု ထိုသူက ပြော၍ ဆေးပြင်းလိပ်ကို ထုတ်ကာ မီးညှိလေ၏။

"ခင်ဗျားနာမည်ကလဲ အဆန်းပါလား၊ အမြဲတမ်း ပေါက်ကွဲနိုင်တဲ့ သဘောပဲ၊ ကျုပ်နာမည်ကတော့ ဘချစ်လို့ ခေါ်တယ်"

ဟု မောင်ဘချစ်က ပြောလေ၏။

"ခရီးထွက်လာတဲ့ ကိစ္စက"

ဟု ယမ်းအိုးက မေးလေ၏။

"ကျုပ်ရဲ့ဆရာက မြို့တိုင်းမြို့တိုင်းကိုသွားပြီး အကူအညီ လိုအပ်တဲ့ လူတွေကိုရှာပြီး ကူညီရမယ်လို့ လွှတ်လိုက်လို့ ခရီးထွက်လာတာပဲ၊ မြို့တွေတော့ တော်တော်ကလေး စုံလာပြီဗျ၊ ကျုပ်သောသောက ဖတ်တဲ့ မြို့တွေက အကူရှာစဉ်လုပ်ပြီး ဖတ်ကြည့်တာပဲ၊ တကယ်တော့ ကျိုက်ထိုကနေ ကျိုက်လတ်ကို ကူးခဲ့တာ မဟုတ်ပါဘူး၊ မော်လမြိုင်တို့ စစ်တောင်းတို့ ဘီလူးကျွန်းတို့ကို ရောက်ခဲ့သေးတာဆိုတော့ မြို့တွေကို တော်တော်များများ ရောက်ခဲ့ပြီးပါပြီ"

ဟု မောင်ဘချစ်က ပြောလေ၏။

"ကိုယ်လှဆရာက လူတွေကို ကူညီဖို့ ရွှတ်လိုက်တာ ဟုတ်လား"

ဟု ယမ်းအိုးက မေးရင်း ဆေးပြင်းလိပ်မီးခိုးများကို မှုတ်ထုတ်လိုက်လေ၏။ ထို့ကြောင့် မောင်ဘချစ်က---

"ဒီလိုဗျ"

ဟု အစချီကာ ၎င်း၏ အဖြစ်အပျက်အလုံးစုံကို ယမ်းအိုးအား ပြောပြလေတော့၏။ ယမ်းအိုးလည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်လေ၏။ နားထောင်ပြီးသောအခါ၌ ဆေးပြင်းလိပ်ကို ရှုလိုက်ပြီးလျှင် အောက်ပါအတိုင်း ပြောလိုက်လေ၏။

"ကိုယ်လှ ဆရာက ကိုယ့်လှကို သက်သက် အလုပ်ပေးလိုက် တာပါ။ အထည်ကြီးပျက်ဆိုတာက ဘာအလုပ်မှ မလုပ်ဘဲ အထည်ကြီးဖြစ်ခဲ့တာတွေကို ပြန်တွေးပြီး စိတ်ဆင်းရဲနေတတ်ကြတာကိုး၊ တစ်ခုခုလုပ်နေရင် အဲဒီစိတ်ဆင်းရဲမှုက ပြေပျောက်တာပဲ၊ လောကမှာ စိတ်ကြောင့်ဖြစ်တဲ့ ဝေဒနာကို ကုစားတဲ့ ဆေးထဲမှာ 'အလုပ်' ဆိုတဲ့ ဆေးမြီးတိုဟာ အကောင်းဆုံးနဲ့ ဈေးအသက်သာဆုံးပဲ ကိုယ်လှ၊ ဟဲ ဟဲ ကိုယ်လှရဲ့ ဆရာကြီး ဦးဖွမ်တီ ဆိုတာကို ကျုပ်က မမြင်ဖူးပေမယ့် ကိုယ်လှ ပြောပြချက်အရ အလွန်ကို လေးစားဖို့ကောင်းတဲ့ လူကြီးပါပဲ"

မောင်ဘချစ်လည်း ယမ်းအိုးပြောသည်ကို နားထောင်၍ နေလေ၏။ ယမ်းအိုးသည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားပြီးနောက်---

"ဒါပေမယ့် ကိုယ်လှတော့ မြို့တွေစေ့အောင် ရောက်မှာ မဟုတ်ဘူး၊ လမ်းခုလတ်မှာတင်ပဲ ပြဿနာပေါ်မှာပါ၊ အဲဒီလို

ဇာတ်သိမ်း



ပြဿနာပေါ်လိမ့်မယ် ဆိုတာကိုလဲ ကိုယ်လှရဲ့ ဆရာကြီး ဦးဖွမ်တီက သိပါတယ်၊ တမင်တကာ ရွှတ်လိုက်တာပါ။ တော်တော်ကို မြော်မြင်တတ်တဲ့ လူကြီးပါပဲ"

ဟု ပြောလေ၏။

မောင်ဘချစ်နှင့် ယမ်းအိုးတို့သည် ဤသို့လျှင် စကားတပြောပြောနှင့် နေကြပြီးနောက် မောင်ဘချစ်က---

"တစ်ရေး တစ်မော အိပ်လိုက်ဦးမယ်"

ဟု ဆိုကာ အိပ်စက်လေတော့၏။ မောင်ဘချစ် အိပ်စက်သည့်အခါ၌ ယမ်းအိုးလည်း အိပ်စက်ပြန်လေ၏။ ၎င်းတို့နှစ်ဦးသည် မည်မျှကြာကြာ အိပ်စက်ခဲ့ကြသည် မသိပေ။

ဂေါ်ရာစစ်ပုလိပ်များက ၎င်းတို့အား သေနတ်ဖြင့် ချိန်ရွယ်၍ နှိုးသည့်အခါကျမှပင် နှစ်ယောက်သား အိပ်ရာမှ နိုးကြလေတော့၏။ ဂေါ်ရာစစ်ပုလိပ်များသည် သတင်းအရ မသင်္ကာသူနှစ်ဦးဟုဆိုကာ မောင်ဘချစ်နှင့် ယမ်းအိုးတို့အား ဖမ်းဆီး၍ ၎င်းတို့၏ ဌာနသို့ ခေါ်ဆောင်သွားလေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးအား အဆင့်ဆင့် လွှဲပြောင်းအပ်နှံလေ၏။ ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် ချီဗွားအချုပ်ခန်းမှနေ၍ ခန္တီး ဂါတ်အချုပ်သို့ ပို့၏။ ခန္တီးမှ ကသာသို့ ဆက်၍ ပို့ပြန်၏။ တစ်ဖန် ကသာမှတစ်ဆင့် စစ်အချုပ်သို့ လွှဲပြန်၏။ ၎င်းတို့နှစ်ဦးအား စစ်ဆေးပြီးလျှင် သူလျှိုစပိုင်ဟု ယူဆကာ မန္တလေးထောင်သို့ ပို့လေ၏။

ဤသို့နှင့်ပင် မောင်ဘချစ်နှင့် ယမ်းအိုးတို့ နှစ်ဦးသားသည် မန္တလေးထောင်သို့ ရောက်ခဲ့ကြလေ၏။ မန္တလေးထောင်သို့ ရောက်ခဲ့သည့်အခါ၌ ၎င်းတို့နှစ်ဦး၏ လက်ဗွေပုံစံများကို နှိပ်၍ယူ

ဉာဏ်ဝင်းစာပေ

ကာ အင်းစိန်နီးအိုင်ဒီသို့ စစ်ဆေးရန်အတွက် ပေးပို့ခဲ့လေ၏။

ထိုသို့ပေးပို့ပြီး ၁၅-ရက်အကြာ၌ပင် အင်းစိန်နီးအိုင်ဒီမှ ၎င်းတို့နှစ်ဦး၏ နောက်ကြောင်းရာဇဝင်များကို ရေးသား၍ မန္တလေးထောင်သို့ ပြန်၍ ပို့လိုက်လေ၏။

စီအိုင်ဒီ၏ ပြန်ကြားစာ၌ မောင်ဘချစ်သည် လူသတ်မှုဖြင့် ထောင်ကျခံခဲ့ဖူးသော ထောင်ထွက်တစ်ဦးဖြစ်ကြောင်း ဖော်ပြထားလေ၏။ ယမ်းအိုးဆိုသူမှာလည်း မောင်ဘချစ်ကဲ့သို့ပင် လူသတ်မှုဖြင့် ထောင်ကျဖူးသူဖြစ်ကြောင်း ဖော်ပြထားလေ၏။ သို့ရာတွင် ၎င်းတို့နှစ်ဦးစလုံးမှာ စိုင်များဟု ယူဆဖွယ်ရာမရှိကြောင်း နိုင်နိုင်မာမာ ထောက်ခံရေးသားလိုက်သဖြင့် မောင်ဘချစ်နှင့် ယမ်းအိုးတို့အား စစ်တပ်မှ စစ်အရာရှိများသည် ထောင်မှ ပြန်လည် ထုတ်ယူ၍ လွှတ်ပေးလိုက်လေတော့၏။

ထောင်မှလွတ်သောအခါ ယမ်းအိုးက မောင်ဘချစ်အား--

"ကျုပ်မပြောဘူးလား၊ ကိုယ့်လူရဲ့ ဓားစဉ်ဟာ အပြီးမသတ်နိုင်ပါဘူးလို့ ကဲ--- ကြည့်စမ်း၊ ဓားစဉ်ပျက်ရပြီ၊ ဘာမှလဲ မဟုတ်ဘဲနဲ့ ငါးလလောက်ကို အချုပ်ခံခဲ့ရတာပဲ"

ဟု ပြောလေ၏။

"အေးဗျာ--- ကျုပ်တို့မှာ ဘာမှ အပြစ်မရှိဘဲ မတရား သက်သက် ဖမ်းကြတာကိုး"

ဟု မောင်ဘချစ်က ပြောလေ၏။

"မဟုတ်ဘူးဗျ၊ ဓားစဉ် မည်မည်ရရ မပြောနိုင်ဘဲ ဟိုသွား ဒီသွား သွားနေတဲ့လူကို ဘယ်အချိန်ရောက်မဆို သက်သေကင်း ဖြစ်မှာပဲဗျ"





ဟု ယမ်းအိုးက ပြောလေ၏။

"ထားပါတော့လေ၊ ကျုပ်ကတော့ ကျုပ်ဆရာကြီး ဦးဂွမ်တီက နိုင်းလိုက်လို့ ဓားထွက်နေရတာ၊ ကိုယမ်းအိုးက ဘယ်လိုက ဘယ်လိုဖြစ်ပြီး ဓားသည်ကြီး လုပ်နေရတာလဲ"

ဟု မောင်ဘချစ်က မေးလိုက်လေ၏။

"ကျုပ်ကလဲ လူတစ်ယောက်ကို လိုက်ပြီး ရှာနေတာပါဗျာ၊ ကျုပ်လဲ ကျုပ်ဒုက္ခနဲ့ ကျုပ်ဆိုသလိုပါပဲ၊ ကဲ--- ကျုပ်တို့ လမ်းခွဲပြီး ကိုယ့်ခရီး ကိုယ်ဆက်ကြမှ တော်မယ်ဗျို့"

ဟု ယမ်းအိုးက ပြောလေ၏။

ထို့ကြောင့် မောင်ဘချစ်နှင့် ယမ်းအိုးတို့သည် အတူတကွ လမ်းလျှောက်ခဲ့ကြပြီးနောက် ဈေးချိုအနီးသို့ ရောက်လျှင် တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်၍ လမ်းခွဲခဲ့ကြလေ၏။

အမှတ်မထင် မိတ်ဆွေဖြစ်ခဲ့ကြသော ထိုသူနှစ်ဦးသည် အမှတ်မထင်ဘဲ အဖမ်းခံရ၍ ထောင်၌ အတူတကွ နေထိုင်ခဲ့ကြပြီးနောက် အမှတ်မထင်ပင် လမ်းခွဲသွားကြလေတော့သတည်း။

❖ ❖ ❖

## မောင်ဘချစ်နှင့် ဝဲသာန ဦးဘမြိုင်

မောင်ဘချစ်သည် မန္တလေးမြို့မှ ဓါးဆောက်၍ ထွက်ရန် ကြံစည်ရလေတော့၏။ ၎င်း၏ စိတ်၌ မြနှစ်ဆိုသည့် မုဆိုးမ ကလေးကို လွမ်းဆွတ်မိသည့်အခါ၌ လွမ်းဆွတ်သကဲ့သို့ တစ်ခါ တစ်ရံ၌မူ ဗိုလ်ကလေးကို လွမ်းဆွတ်ခြင်း ဖြစ်မိပြန်၏။

ဦးဘွမ်တီကြီးသည် ဇာတ်ပွဲများ၌ ပါရသော ဂုံးဝန်သကဲ့သို့ မိမိနှင့် မြနှစ်တို့၏ အချစ်ရေးကို မရမက ခွဲပစ်လိုက်ပုံကိုလည်း တွေးမိပြန်၏။ သို့ရာတွင် ဆရာဖြစ်သူ ဦးဘွမ်တီအား အပြစ်တင် ခြင်း မပြုဘဲ---

"ငါ့လိုခွဲလိုက်တာ အဓိပ္ပာယ်တစ်ခုခုတော့ ရှိမှာပဲ"

ဟူ၍သာ တွေးတော၍ ဖြေသိမ့်လိုက်လေတော့၏။

မောင်ဘချစ်သည် မန္တလေးမြို့အတွင်း၌ လှည့်၍ ဟိုမှသည်မှ သွားလာကာ သက်ကြီးရွယ်အိုများအား ကူညီဖေးမပေးကာ ည ဝိုင်းသို့ရောက်လျှင် ထမင်းဆိုင်တစ်ဆိုင်၌ ထမင်းဝယ်၍စား

ဇာတ်သိမ်း၊



သောက်၍ အနောက်ပြင်မှ ကျွဲကြီးနံ့ဘေးအတိုင်း လျှောက်၍ လာခဲ့လေ၏။ ထိုသို့ လျှောက်လာစဉ် အောင်ဘာလေ သိန်းထီ လက်မှတ်ရောင်းသော ရုံကလေးကို တွေ့လျှင် ထီလက်မှတ် တစ်စောင်ပင် ဝယ်ယူခဲ့လေ၏။ ထီလက်မှတ်၏ အတိတ်ကို လည်း "မြနှစ်နှင့် မင်္ဂလာဆောင်ရန်" ဟု ရေးခဲ့လေ၏။ မောင်ဘ ချစ်၏ စိတ်ကူးမှာ ဘုတာရုံပလက်ဖောင်း၌ပင် အိပ်စက်၍ နောက်တစ်နေ့ နံနက်၌ ဓါးဆောက်ရန် ဖြစ်လေ၏။

မောင်ဘချစ်သည် လေကလေးတချွန်ချွန်နှင့် လျှောက်၍ လာလေ၏။ ညမှာ မှုန်မွှားသော လရောင်ကြောင့် မှောင်လည်း လွန်စွာမမှောင်၊ လင်းလည်း လွန်စွာ မလင်းဘဲ ရှိလေ၏။ ကျွဲ ရေကို ဖြတ်၍တိုက်လာသော လေနုအေးကလေးသည် နှစ်သက် မွယ်ရာ ဖြစ်လေတော့၏။ မောင်ဘချစ်သည် စိတ်ကူးယဉ်လျက် လျှောက်လာလေ၏။

မောင်ဘချစ် စိတ်ကူးယဉ်ပုံမှာ ဤသို့ ဖြစ်ပေသည်။ ၎င်းသည် မြို့အားလုံးကို ရောက်ရှိခဲ့ပြီးနောက် ရန်ကုန်သို့ ပြန်၍ ရောက်ခဲ့လေ၏။ ရန်ကုန်သို့ ရောက်သည့်နေ့၌ပင် သိန်းထီပေါက် ၍ နေပြန်၏။ ထို့ကြောင့် မြနှစ်ကို ခမ်းနားစွာ မင်္ဂလာဆောင်၍ ယူလေ၏။ ထို့နောက် ဗိုလ်ကလေးကို ရှင်ပြုပြန်၏။ ဗိုလ် ကလေးကို ရှင်ပြုပြီးသည့်အခါ၌ပင် မြနှစ်သည် ကိုယ်ဝန်ရှိပြန် ၏။ တစ်ဖန် မြနှစ်၏ ကိုယ်ဝန်သည် မွေးဖွားပြန်၏။ မွေးသော ကလေးမှာ မိန်းကလေး ဖြစ်သောကြောင့် မိမိ၏နာမည်ရော မြနှစ်၏ နာမည်ပါ ပါရလေအောင် "မြမြချစ်"ဟု ကင်ပွန်းတပ် လေ၏။ ထို့နောက် သမီးကလေး မြမြချစ်ကို နားသမင်္ဂလာ

လုပ်၍ ပေးပြန်၏။ ဦးဂွမ်တီက တခြားသော အိသိက်ဆရာက
မငှားစေဘဲ ၎င်းကိုယ်တိုင် အိသိက်ဆရာလုပ်၍ မြမြချ
ကလေးကို နားထွင်းပေးမည်ဟု ဆိုသောကြောင့် ဦးဂွမ်တီအာ
တောင်ရှည်ပုဆိုး သိုးရင်းအင်္ကျီ ဖောလုံးပေါင်းများ ဆင်မြန်းလေ
ရပြန်လေ၏။

ဦးဂွမ်တီသည် အိသိက်ဆရာ၏ အဝတ်အစားများကို ကျွ
စွာ ဝတ်ဆင်ပြီးနောက် နားထွင်းရန် အပ်ကိုကိုင်လျက်---

"ကဗ္ဗာဝိစ္စမင်္ဂလာ၊ အခြံအရံအလှတွေက အလျှံတပယ
ကညာနုနုထွေးကလေးတွေက ဖိတ်ဖိတ်ကြွ၊ ရတနာစုစု အနု
သမီး မြမြချစ်ကလေးကို မနာမကျင်ရအောင် ရွာစားဆရာသိန်ပြ
ကြွားသူတို့က ကျုပ်လက်က စိန်အပ်သွားကို ရွှန်တော့မှုကြစမ်
ပါဦး"

ဟု နဘောနင့် ဆိုင်းဆင့်ကို ဆိုလိုက်ရာ ဆိုင်းဆရာတို့က
စတင်၍ တီးမှုတ်လေ၏။ အိသိက်ဆရာကြီး ဦးဂွမ်တီကလည်
ရွှေအပ်ဖြင့် သမီးဖြစ်သူ မြမြချစ်၏နားကို ထိုးဖောက်လေ၏။ မြ
မြချစ်သည် နာကျင်လွန်းသဖြင့် အားခနဲ လန့်၍ အော်လေ၏။

ထိုအချိန်၌ပင် တစ်စုံတစ်ယောက်၏ အားခနဲ အော်ဟစ်
လိုက်သံကြောင့် မောင်ဘချစ်၏သမီး မြမြချစ်၏ ကဗ္ဗာဝိစ္စ
နားသမင်္ဂလာ အခမ်းအနားကြီးမှာ ဖွတ်ခနဲ ကြက်ပျောက်ငှက်
ပျောက် ပျောက်၍ သွားလေတော့၏။

မောင်ဘချစ်သည် အော်သံကြားရာဆီသို့ လှည့်ကြည့်လိုက်
ရာ မိမိ၏နောက်တွင် လူတစ်ယောက်သည် အသီးသယ်ပိုင်ဖြင့်
မှောင်ရိပ်အတွင်းမှ မြောင်းအောက်ဆီသို့ ထွက်လာသည်ကို





တွေ့မြင်ရလေ၏။ ထိုသူသည် လက်တစ်ဖက်ကို ရင်မှာကပ်
လျက် အခြားသော လက်တစ်ဖက်ကမူ မောင်ဘချစ်ထံသို့ ဆန့်
တန်း၍ မောင်ဘချစ်အား အကူအညီ တောင်းလေ၏။ ထိုသူနှင့်
မောင်ဘချစ်မှာ လွန်စွာ နီးကပ်နေပြီဖြစ်ရာ မောင်ဘချစ်သည်
ထိုသူအားလဲမကျသွားရန်အတွက် ထိုသူထံသို့ ရုတ်တရက်လှည့်
၍ ပြေးသွားကာ ဖေးမလိုက်လေ၏။ သို့ရာတွင် ထိုသူသည်
မောင်ဘချစ်အား ဖက်တွယ်မိသည့်အခါ၌ပင် ၎င်း၏နှုတ်မှ---

"ဓိမ်ပဲ"

ဟု ပြောဆိုကာ အသက်ထွက်၍ သွားသည်ဖြစ်ရာ
မောင်ဘချစ်လည်း ထိုသူ၏ ခန္ဓာကိုယ်ကြီးကို ထိန်း၍ မထားနိုင်
ဘဲ နှစ်ဦးစလုံး လမ်းပေါ်သို့ လဲကျသွားလေတော့၏။

မောင်ဘချစ်က အောက်ကဖြစ်၍ "ဓိမ်ပဲ" ဟု အော်ကာသေ
ဆုံးသွားသော အလောင်းကြီးက အပေါ်က ဖြစ်လေ၏။ မောင်
ဘချစ်သည် အလောင်းကောင်ကြီးကို ဖယ်ရှား၍ လူးလဲထလေ
၏။ ထိုအချိန်၌ပင် ခိုနံပန်းပင်အောက် မှောင်ရိပ်အတွင်းမှ ဖျပ်ဖျပ်
ဖျပ်ဖျပ်ဖြင့် ပြေးသွားသံကို ကြားရသဖြင့် မောင်ဘချစ်က
ကြည့်လိုက်ရာ မှောင်ရိပ်ကိုလွန်သောအခါ၌ မှန်ဝါဝါလရောင်
အောက်တွင် ခြောက်နံသုတ်၍ ပြေးသွားသော လူတစ်ယောက်
ကို တွေ့ရလေ၏။

ထိုအချိန်၌ စက်ဘီးစီး ပတ္တရောင်ပုလိပ်များသည် မောင်ဘ
ချစ်၏ တူရူအရပ်မှ လာနေကြောင်း တွေ့ရသဖြင့် မောင်ဘချစ်
လည်း လွန်စွာ ထိတ်လန့်၍ သွားလေတော့၏။

"ငါ့တော့ အမှုပတ်တော့မှာပဲ"

ဟုလည်း တွေးမိလေ၏။ ထို့နောက်---

'မဖြစ်ဘူး၊ ပြေးမှ ပြေးမှ'

ဟု တွေးမိကာ အလောင်းကောင်ကြီးကို ချ၍ မောင်ဘချစ်သည် ထ၍ ပြေးလေတော့၏။ ထိုအခါကျမှပင် ပဌာနရောင် ပုလိပ်များလည်း မြင်တွေ့သွားသောကြောင့် မောင်ဘချစ်နောက်သို့ စက်ဘီးဖြင့်လိုက်လေ၏။ အချို့သော ပုလိပ်များက အလောင်းကြီးရှိရာ၌ နေရစ်ခဲ့လေ၏။ ကျန်သော ပုလိပ်သုံးယောက်ကမူ ခရာများ တဝီဝီမှုတ်လျက် မောင်ဘချစ်နောက်သို့ လိုက်လေတော့၏။ ပုလိပ်များ၏ ခရာသံကို ကြားရလျှင် ရပ်ကွက်များမှလည်း သိချောင်းများက တခေါ်ခေါ်ခေါက်၍ ထွက်ကြ ထွက်ကြဟု ဆိုကာ လူများသည် တုတ်များ ဓားများဖြင့် တစ်အိမ်တစ်ယောက်ဆိုသလို ထွက်ကြလေ၏။

မောင်ဘချစ်သည် ပြေးပေါက်ပိတ်၍ နေလေတော့၏။ မည်သည့်နေရာကိုမျှ ဝင်၍မရဘဲ ရှိလေ၏။ ထို့ကြောင့် လမ်းအတိုင်း ဆက်၍ ပြေးခဲ့လေ၏။ သို့ရာတွင် ပဌာနရောင် ပုလိပ်များသည် စက်ဘီးကို တအားကုန်နင်း၍ လိုက်လေ၏။

မောင်ဘချစ်သည် လွန်စွာ မောဟိုက်၍ နေလေ၏။ ဆက်လက်၍ ပြေးသော်လည်း မလွတ်နိုင်ကြောင်း တွေးမိသောကြောင့် ကျုံးကြီးအတွင်းသို့ ဝုန်းခနဲ ဆင်းလေတော့၏။ ပဌာနရောင်ပုလိပ်များသည် မောင်ဘချစ် ကျုံးတွင်းသို့ ဆင်းသွားကြောင်း ရိပ်မိသောကြောင့် ကျုံးပေါ်မှနေ၍ လက်နှိပ်ဓာတ်မီးများထိုး၍ ရှာလေ၏။ ထိုအချိန်၌ အနီးအပါးမှလူများ ရောက်ရှိလာကြပြီးလျှင် အောက်လင်းဓာတ်မီးကြီးများနှင့် ရှာဖွေကြ





လေ၏။

မောင်ဘချစ်သည် ကြာရွက်ကြီးတစ်ရွက်ကို အကာအကွယ်ပြု၍ ပုန်းအောင်းနေလေ၏။

သို့ရာတွင် ကျုံးပေါ်မှ လူများက မောင်ဘချစ်ရှိမည်ဟု ထင်မှတ်သော နေရာများသို့ ကျောက်ခဲများဖြင့် ပစ်ပေါက်လေရာ မောင်ဘချစ်၏ ဦးခေါင်းအားထိမှန်လေတော့၏။ မောင်ဘချစ်သည် ကျောက်ခဲထိမှန်သောကြောင့် ယောင်၍ တွန့်လိုက်ရာ ကွယ်ထားသော ကြာရွက်သည် လန်၍သွားလေတော့၏။ ထို့ကြောင့် ကျုံးပေါ်မှ လူများသည် မောင်ဘချစ်အား ကောင်းစွာ တွေ့မြင်သွားကြသည်ဖြစ်ရာ---

"ဟိုမှာ ဟိုမှာ"

ဟု အော်ဟစ်ကြလေ၏။ ပဌာနရောင်ပုလိပ်များက လူအုပ်ကြီးကို ရှင်း၍ မောင်ဘချစ်အား တက်ခဲ့ရန် ပြောလေ၏။

မောင်ဘချစ်၏ နဖူး၌လည်း ကျောက်ခဲထိမှန်သောကြောင့် သွေးများ စီးကျနေလေ၏။ လူအုပ်ကြီးသည် မောင်ဘချစ်အား ရိုက်နှက်မည်တကဲကဲ ပြုသော်လည်း ပဌာနရောင် ပုလိပ်များက တားကွယ်၍ ဂါတ်သို့ ခေါ်သွားလေ၏။

ဂါတ်သို့ ရောက်သောအခါ၌ မောင်ဘချစ်အား အချုပ်ခန်းသို့ သွင်းထားလိုက်လေ၏။ ည ၁၂-နာရီထိုးသောအခါ၌မှ ရာဇဝတ်အုပ်၊ ဂါတ်စာရေးတို့သည် မောင်ဘချစ်အား အချုပ်ခန်းမှ ထုတ်၍ စတင်စစ်ဆေးကြလေတော့၏။

ရာဇဝတ်အုပ်က သားရေပိုက်လုံးကို ကိုင်၍ ရိုက်နှက်ရန် အသင့်စောင့်နေလေ၏။ ဂါတ်စာရေးက မေးခွန်းထုတ်လေ၏။

"မင်းနာမည် ဘယ်သူလဲ"

"ကျွန်တော့်နာမည် ဘချစ်ပါ"

"မင်း ဘာဖြစ်လို့ ဝံသာနု မျိုးချစ်ပုဂ္ဂိုလ်ကြီး ဦးဘဖြိုင်ကို သတ်ရတာတုံး"

ဟု ဂါတ်စာရေးက မေးလေ၏။

"ဗျာ"၊

ဟု မောင်ဘချစ်သည် ယောင်ယမ်း၍ အော်လေ၏။

"မင်း ဘာငြင်းမလဲ ဟေ့ကောင်"

ဟု ဂါတ်စာရေးက အသံဆဲမာမာဖြင့် မေးလေ၏။

"ကျွန်တော် ဝံသာနု ဦးဘဖြိုင်ကိုလဲ မသိပါဘူး၊ ကျွန်တော် သတ်တာလဲ မဟုတ်ပါဘူး"

ဟု မောင်ဘချစ်က တုန်တုန်ယင်ယင်ဖြင့် ပြန်၍ ပြောလေ၏။

"မသိဘူးပြောဦးကွာ၊ ပြောဦးကွာ"

ဟု ဆိုကာ ရာဇဝတ်အုပ်သည် မောင်ဘချစ်အား တအားလွှဲ၍ တဖြောင်းဖြောင်း ရိုက်လေတော့၏။

"ကျွန် ကျွန် ကျွန်တော် တကယ် မသိတာပါ ခင်ဗျာ"

ဟု မောင်ဘချစ်က ထယ်မံ၍ ပြောလေ၏။ ရာဇဝတ်အုပ်က တဖြောင်းဖြောင်းနှင့် ထယ်မံ၍ ရိုက်ပြန်၏။ ထိုအခါ၌ ဂါတ်စာရေးက---

"မင်းလွယ်အိတ်ထဲမှာ ရေစိုနေတဲ့ စာအုပ်တစ်အုပ် တွေ့တယ်၊ အဲဒီစာအုပ်ထဲမှာ ဖြိုပေါင်း ၄၀-ကျော်က စာတိုက်တံဆိပ်တုံးတွေ ရိုက်နှိပ်ထားတာကို တွေ့ရတယ်၊ အဲဒီအချက်ဟာ





ကောရှာဘဲ၊ ဒီတော့ မေးမယ်၊ ဝံသာနု ဦးဘဖြိုင်ကို သတ်ဖို့ ယ်အဖွဲ့က မင်းကို တာဝန်ပေးလိုက်တာလဲ"

ဟု ဂါတ်စာရေးက မေးလေ၏။

"မ-- မ-- မဟုတ်ပါဘူးခင်ဗျာ၊ ဘယ်အဖွဲ့ကမှ ကျွန်တော့်ကို သတ်နိုင်းတာ မဟုတ်ပါဘူး"

ဟု မောင်ဘချစ်က ပျာပျာသလဲ ငြင်းဆိုလေ၏။

"ဘယ်အဖွဲ့ကမှ တာဝန်မပေးဘူးဆိုရင် မင်းသဘောနဲ့ မင်း သတ်တာပေါ့"

ဟု ဂါတ်စာရေးက မေးပြန်လေ၏။

"ဒီ-- ဒီ-- ဒီလိုလဲ မဟုတ်ပါဘူးဆရာတို့ရယ်"

ဟု မောင်ဘချစ်က ထိတ်ထိတ်ပျာပျာဖြင့် ပြောလေ၏။ ရာဇဝတ်အုပ်ကမူ တစ်စုံတစ်ရာ ဝင်ရောက်မေးမြန်းခြင်း မပြုဘဲ မောင်ဘချစ်အား သားရေပိုက်လုံးဖြင့် တဖြောင်းဖြောင်းနှင့် ရိုက်နက်လေတော့၏။ မောင်ဘချစ်မှာ နာကျင်လွန်းသဖြင့် တဟင်းဟင်း တဟဲဟဲ ညည်းညူနေရှာလေတော့၏။ ထိုအချိန်၌ ဂါတ်တဲအတွင်းသို့ သတင်းစာတိုက်များမှ စေလွှတ်ထားသော သတင်းထောက်များ ရောက်ရှိလာကြပြီးလျှင် မောင်ဘချစ်အား ဓာတ်ပုံရိုက်ယူလေတော့၏။ ထို့နောက် သတင်းထောက်များက ရာဇဝတ်အုပ်အား---

"ဝံသာနု ဦးဘဖြိုင်ကိုသတ်တာ ဒီကောင်ပဲဆိုတာ သေချာပါ့မလား ရာဇဝတ်အုပ်မင်း၊ သေချာတယ်ဆိုရင် သတင်းစာထဲ ထည့်လိုက်တော့မယ်"

ဟု မေးမြန်းကြလေ၏။

"သေချာပါတယ်ခင်ဗျာ၊ ဒီကောင့်အပြင် တခြားလူ မဖြစ်နိုင်ပါဘူး"

ဟု ရာဇဝတ်အုပ်က အားမရချက်နှင့် ပြောဆိုလိုက်လျှင် သတင်းထောက်များလည်း "ဂွတ်နိုက်" ဟုဆိုကာ ထွက်သွားကြလေတော့၏။ သတင်းထောက်များ ထွက်သွားကြသည်နှင့် တစ်ပြိုင်နက် ဂါတ်စာရေးက ဆက်လက်၍ မေးမြန်း၏။ ရာဇဝတ်အုပ်က သားရေရိုက်လုံးဖြင့် ဆက်လက်၍ ရိုက်နှက်၏။ မောင်ဘချစ်ကမူ မိမိမသတ်ကြောင်း ငြင်းဆိုလေ၏။ ထိုအခါ၌ ရာဇဝတ်အုပ်က ဂါတ်စာရေးအား---

"ဒီကောင်မျိုးတွေက လွယ်လွယ်နဲ့ မဖော်ကြဘူး၊ ဒီလိုလုပ်ကြံမှုမျိုးဆိုတာက တကယ်နုတ်လုံတဲ့ လူသတ်သမားကိုရွေးပြီး နှိုင်းလေ့ရှိတာ၊ ဒီတော့ ကျုပ်တို့ကလဲ နှိပ်စက်နည်းတစ်မျိုးပြောင်းပြီး နှိပ်စက်မှ တော်မယ် စာရေးကြီးရေ"

ဟု ပြောလိုက်လျှင် ဂါတ်စာရေးက---

"ရပါတယ်ဆရာ"

ဟုဆိုကာ မောင်ဘချစ်အား ထုပ်၌ ကြိုးချည်ကာ ခေါက်ထိုးဆွဲလေတော့၏။ မောင်ဘချစ်လည်း ခေါက်ထိုးဆွဲထားခံရသဖြင့် တဟင်းဟင်းနှင့် ညည်းညူ၍ နေရရှာလေ၏။ ရာဇဝတ်အုပ်မှာမူ-

"အခုမှ ရိုက်လို့ ပိုပြီးကောင်းတယ်"

ဟု ဆိုကာ တရစပ် ရိုက်နှက်လေတော့၏။ မောင်ဘချစ်၏ ပါးစပ်မှ သွေးများယိုစီး၍ ကျလာလေတော့၏။ တစ်ကိုယ်လုံး၌လည်း အဖုအပိမ့်များ၊ သွေးစေးများဖြင့် မြင်၍ မကောင်းအောင် ရှိနေလေတော့၏။





နာရီပြန်နှစ်ချက်ထိုးသည့်အခါ၌ ရာဇဝတ်အုပ်က---

"စာရေးကြီးရေ ဆက်ပြီးရိုက်ရင်တော့ ဒီကောင် သေသွားလိမ့်မယ်၊ ဒီကောင်မျိုးတွေက သေမှာ မကြောက်ဘူးဗျ၊ ကျုပ်တို့ကလဲ သူ့ကို မသေစေချင်သေးဘူး၊ ညဉ့်ပြီး အမှုစစ်ရဦးမယ်၊ အဲဒီတော့ ကြိုးဖြုတ်ပြီး အချုပ်ခန်းထဲ ပြန်ထည့်ထားလိုက်ပါဦးဗျာ"

ဟု ဆိုသဖြင့် ဂါတ်စာရေးက မောင်ဘချစ်အား ကြိုးဖြုတ်ပေးကာ အချုပ်ခန်းသို့ ပြန်၍ သွင်းလိုက်လေတော့၏။ မောင်ဘချစ်လည်း အချုပ်ခန်းတွင်း၌ ခွေခွေကလေးလဲ၍ နေရရှာလေ၏။

ထိုအခါ၌ ရာဇဝတ်အုပ်က---

"ဒီခွေးကောင်ကို ရိုက်ရတာ ပင်ပန်းလှသဗျာ၊ ကျုပ်တို့ ပြန်ပြီး တစ်ရေးလောက် အိပ်ကြဦးစို့ တစ်ရေးနိုးတော့ ထပ်ပြီး နှံကြသေးတာပေါ့"

ဟု ဆိုကာ ထွက်သွားကြလေတော့၏။ မောင်ဘချစ်မှာမူ နာကျင်သော ဝေဒနာကို ခံစားရင်း ခွေခွေကလေးလဲ၍ တဟင်းဟင်း တဟဲဟဲနှင့် ညည်းညူလျက် ကျန်ရစ်ခဲ့လေတော့၏။

မောင်ဘချစ်မှာ အားကိုးရာမဲ့ဖြစ်သော မိမိအဖြစ်ကိုတွေးကာ ဝမ်းနည်း၍ လာလေ၏။ ထို့ကြောင့် မျက်ရည်များ တတွေတွေ စီးကျလာလေတော့၏။

"ဖုန်းနှမ္မား ငါ့ရဲ့ဆရာကြီး ဦးဂွမ်တီတစ်ယောက် ရောက်ပြီးလာရင် သိပ်ပြီးကောင်းမှာပဲ"

ဟုလည်း တွေးတောမိလေ၏။ ထိုအချိန်၌ ---

"ဘယ်လိုလဲကိုယ့်လူ သိပ်ပြီးမှာနေသလား"

ဟု တစ်နုံတစ်ယောက်က မေးလိုက်သော အသံကို ကြားလျှင် မောင်ဘချစ်သည် ခွေခွေကလေးလဲ၍နေရာမှ အသံလာရာဆီသို့ မော့၍ ကြည့်မိလေ၏။ အရပ်အမောင်းကောင်း၍ ရုပ်ရည်ချောသော လူတစ်ယောက်သည် မိမိအား ငုံ၍ ကြည့်နေသည်ကို တွေ့ရလေ၏။ ထိုသူ၏ အသားရောင်မှာ ကြေးနီရောင်ကဲ့သို့ ရှိ၏။ ထိုသူ၏ မျက်လုံးများမှာ စိန်ပွင့်ကဲ့သို့ တဖျပ်ဖျပ်လက်၍ နေ၏။ ထိုသူ၏မျက်နှာသည် မရိတ်မဖြတ်ရသော မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတို့မှာ ပိတုန်းရောင်ကဲ့သို့ နက်မှောင်လှ၏။ ထိုသူ၏ဆံပင်မှာ မညှပ်ရသည်မှာ ကြာပြီဖြစ်သဖြင့် ပခုံးသို့ ထောက်၍ နေပြီဖြစ်၏။ ထိုသူ၏ အဝတ်အစားများမှာလည်း မွာဆန်ကြ၍ နေသည့်တိုင်အောင် စုတ်ပြဲ၍ နေလေ၏။ ထိုသူသည် မောင်ဘချစ်အား နောက်တစ်ကြိမ်ထပ်၍ မေးပြန်လေ၏။

"ဘယ်လိုလဲကိုယ့်လူ၊ တော်တော်ပဲ နာနေပြီလား"

ထိုသူ၏ အသံမှာ နှုတ်ခမ်းများမှလာသော အသံမျိုး မဟုတ်ဘဲ ရင်ခေါင်းမှလာသော သြဇာဓာတ်ပြည့်ဝသည့် အသံမျိုးဖြစ်ကြောင်း မောင်ဘချစ်သည် ကောင်းစွာ သတိပြုမိလေ၏။

"မပြောပါနဲ့တော့ဗျာ"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဝိသာနေ့ ဦးဘမြိုင်ကို သတ်ပါတယ်လို့ ကိုယ့်လူက ဖြောင့်ချက်မပေးမချင်း သူတို့ကတော့ ရိုက်နေကြဦးမှာပဲ၊ ဖြောင့်ချက်ပေးလိုက်ရင်တော့ မရိုက်တော့ဘူးပေါ့"

ဟု ထိုသူက လေးလေးနက်နက် ပြောလိုက်လေ၏။ မောင်





ဘချစ်သည် "မရိုက်တော့ဘူးပေါ့" ဟူသော စကားကို လွန်စွာ စိတ်ဝင်စား၍ သွားသည်ဖြစ်ရာ---

"ဖြောင့်ချက်ပေးလိုက်ရင် အမှုက ဘယ်လိုဖြစ်မှာလဲဗျ"

ဟု ပြန်၍ မေးလိုက်လေ၏။

"ဖြောင့်ချက်ပေးလိုက်ရင် ကိုယ့်လူ ကြိုးစင်တက်ရမှာပေါ့ ကိုယ့်လူသတ်တာမှ မဟုတ်ဘဲ ဘာဖြစ်လို့ ဖြောင့်ချက်ပေးရမှာတုံး"

ဟု ထိုသူက အေးဆေးစွာ ပြန်၍ ပြောလိုက်လေ၏။

"ကျုပ်မသတ်ဘူးဆိုတာ ခင်ဗျားသိတယ်နော်"

ဟု မောင်ဘချစ်က အားရဝမ်းသာ ပြန်၍မေးလေ၏။

"သိပါတယ်ဗျာ"

ဟု ထိုသူက ပြောလျှင် မောင်ဘချစ်က---

"သိရင် ကျုပ်ဘက်က သက်သေ လိုက်စမ်းပါဗျာ"

ဟု ထိုသူအား ပြောလေ၏။

"ကျုပ်ကလဲ ခင်ဗျားနဲ့ ဘာထူးလို့လဲဗျာ၊ အမှုနဲ့ ရောက်နေတဲ့ အချုပ်သားတစ်ယောက်ပဲ၊ ပြီးတော့ ကိုယ့်လူမသတ်ဘူးဆိုတာကို ကျုပ်သိတဲ့နည်းက သူတို့ရုံးတော်မှာ တရားဝင်တဲ့နည်း မဟုတ်ဘူးဗျ၊ ကျုပ်သိတာမျိုးက အတွင်းမြင် အတင်သိဆိုတာမျိုးဗျ"

ဟု ထိုသူက ပြောလေ၏။

"ဒါဖြင့်တော့ ဘယ်လိုလုပ်ရမလဲ မိတ်ဆွေရယ်"

ဟု မောင်ဘချစ်က ထိုသူအား အသနားခံသောလေသံဖြင့် မေးလေ၏။

"ဘယ်လိုမှ လုပ်လို့မရှိဘူး၊ အချုပ်ဖောက်ပြီး ထွက်ပြေးဖို့ပဲ ရှိတယ်"

ဟု ထိုသူက လေးနက်စွာ ပြောလေ၏။

"အချုပ်ဖောက်ပြေးလို့ကော လွယ်မတဲ့လားဗျာ"

ဟု မောင်ဘချစ်က ပြန်၍မေးလေ၏။

"လွယ်တာတော့ ဘာမှမရှိဘူးဗျ၊ လွယ်ရင်လဲ အချုပ်ခန်းဆိုတာ အဓိပ္ပာယ် မရှိတော့ဘူး၊ ခါပေမယ့် တကယ်ကြံရင်တော့ မိနစ်ပြောက်ဆယ်အတွင်းမှာ လွတ်နိုင်တာမျိုးပဲဗျ"

ဟု ထိုသူက ပြောလေ၏။

"ဒီလိုဆိုလဲ ကြံစမ်းပါဗျာ၊ ကျုပ်ပြေးစမ်းပါရစေ"

ဟု မောင်ဘချစ်က ပြောလျှင် ထိုသူက အချုပ်ခန်း၏ မျက်နှာကြက်အနီးတွင်ရှိသော သံတိုင်များ တပ်ဆင်ထားသည့် လေဝင်ပေါက်ကို ညွှန်ပြလေ၏။ မောင်ဘချစ်က ထိုသူညွှန်ပြသည့် လေဝင်ပေါက်ကို မော့၍ကြည့်ကာ---

"သံတိုင်တွေနဲ့ပဲဗျ၊ ဘယ်လိုလုပ်ပြီးထွက်မှာတုံး"

ဟု မေးလိုက်လေ၏။

"သံတိုင်တွေကို ဖြုတ်ရမယ်ဗျ၊ ကျုပ်က အောက်က ထမ်းထားမယ်၊ ခင်ဗျားက ကျုပ်ရဲ့ ပခုံးပေါ်တက်ပြီး အဲဒီသံတိုင်တွေကို ရအောင် ဖြုတ်ရမယ်၊ ဖြုတ်ဖို့ အလွယ်ဆုံးနည်းကတော့ ကျုပ်က လုံချည်ကို ကြိုးလိုလုပ်ပြီး ကျစ်ပေးလိုက်မယ်၊ အဲဒီလုံချည်နဲ့ ပတ်ပြီး တုတ်နဲ့လှည့်ရမယ်၊ တုတ်ကလဲ လွယ်ပါတယ်၊ ဟောဟို အချုပ်ခန်းအပြင်ဘက်မှာ ထောင်ထားတဲ့ မတ်တတ်တံမြက်စည်းရှိးဟာ အကောင်းဆုံးပေါ့ဗျာ၊ အချုပ်ခန်းထဲက လှမ်းပြီးယူရင် ရနိုင်တယ်"

ဟုဆိုကာ အချုပ်ခန်း အပြင်ဘက်နံရံတွင် ထောင်ထားသော မတ်တတ်တံမြက်စည်းကို လုံချည်ဖြင့် လှမ်း၍ပုတ်ကာ ဆွဲယူပြီးလျှင် တစ်တောင်သာသာခန့် ဖြောင်းခနဲ ချိုးပစ်လိုက်လေ၏။ ထို့နောက် ထိုသူသည် ၎င်း၏လုံချည်ကို လျှင်မြန်ဖျတ်လတ်စွာဖြင့် လိမ်၍ကောင်းသော သုံးလွန်းတင် ကြိုးတစ်ချောင်းဖြစ်အောင် ကျစ်လိုက်လေ၏။ ထို့နောက် ထိုသူက---

"ကဲ--- မိတ်ဆွေ၊ ကျုပ်ပခုံးပေါ်တက်ပြီး ကျုပ်ပြောတဲ့အတိုင်း လုပ်ပေတော့"

ဟု ဆိုကာ မောင်ဘချစ်အား လုပ်နည်းကိုင်နည်း အသေးစိတ်ကို သင်ပြပေးလိုက်လေ၏။ ထို့နောက် ထိုသူက အောက်မှ ထမ်း၍ ပေး၏။ မောင်ဘချစ်က ထိုသူ၏ ပခုံးပေါ်သို့တက်၍ လေဝင်ပေါက်သံတိုင်ကြားဆီသို့ ဝါးလုံးတုတ်တိုကလေးကို ဝင်အောင်ပစ်လေ၏။ ထိုဝါးလုံးတုတ်တိုကလေးမှာ ကြိုးစတစ်ဖက်လျှင် ချည်နှောင်ထားခြင်း ဖြစ်၏။ သံတိုင်ကြားသို့ ဝင်သွားလျှင်အခါ၌ ကြိုးစကို ဆွဲကြည့်ရာ ဝါးလုံးတုတ်ကလေးသည် သံတိုင်ကြား၌ ကလန့်၍နေသည်ကို တွေ့ရလျှင် မောင်ဘချစ်က ကြိုးကိုကိုင်၍ သံတိုင်ဆီသို့ တွယ်တက်လေ၏။ သံတိုင်ဆီသို့ရောက်လျှင် ကြိုးစကိုချ၍ ထိုသူအား ပေးလေ၏။ ထိုသူလည်း ကြိုးမှ နို၍ တက်လာပြီးလျှင် သံတိုင်ပေါက်သို့ ရောက်သောအခါ၌ သံတိုင်နှစ်တိုင်ကို ကြိုးဖြင့်ပတ်ကာ ဝါးလုံးကလေးဖြင့် လှို့၍ တင်းကြပ်၍ လှည့်လေ၏။ သံတိုင်နှစ်တိုင်မှာ ခါ၍ထွက်၍ ကွေးသွားလေ၏။ ထိုအခါ၌ အခြားသံတိုင်ကို ထိုနည်းအတိုင်း ပြုလုပ်ပြန်

တ်။ ထိုသံတိုင်လည်း တစ်ဖက်သို့ ကွေးသွားပြန်လေ၏။ ထိုသို့ ကွေးသွားသည့်အခါ၌ ---

"ကဲ--- ရပြီ ကိုယ့်လူ ထွက်ပေတော့၊ ပြီးရင် ကြိုးစတွယ်ပြီး ဟိုဘက်ကိုဆင်း။ ဆင်းပြီးရင် စောင့်နေ၊ အရမ်းထွက်ပြီး မပြေးနဲ့"

ဟု ထိုသူက မှာလေ၏။ မောင်ဘချစ်လည်း သံတိုင်ပေါက်ကြားမှ လျှိုကာ ကြိုးစမှ တွယ်၍ အချုပ်ခန်းအပြင်ဘက် မြေပြင်ဆီသို့ ဆင်းလေ၏။ မောင်ဘချစ် အောက်သို့ရောက်သွားသည့်အခါ၌ ထိုသူလည်း ကြိုးစမှတွယ်၍ ဆင်းလာလေ၏။ အောက်သို့ရောက်လျှင် ထိုသူက---

"ကျုပ်နောက်ကို အသာကလေးကပ်ပြီး လိုက်ခဲ့"

ဟု ဆိုကာ ဂါတ်ဝင်းအတွင်း မှောင်ရိပ်များကို အကာအကွယ်ယူ၍ သွက်လက်ဖျတ်လတ်စွာ ရှေ့ သွားလေ၏။ မောင်ဘချစ်က အသာအယာ နောက်မှကပ်၍ လိုက်လာလေ၏။ ဂါတ်ဝင်းအတွင်း ပုလိပ်တန်းလျားတစ်ခုလုံးမှာ အိပ်မောကျ၍ နေပြီဖြစ်၏။ ထိုပုလိပ်တန်းလျား၏ အစွန်ဆုံးတွင်ရှိသော ရာဇဝတ်အုပ်မောင်ကြည်ဟု ဆိုင်းဘုတ်ချိတ်ဆွဲထားသော အိမ်အနီးသို့ ရောက်လျှင် ထိုသူက မောင်ဘချစ်အား---

"ခင်ဗျားကို နှိပ်စက်တဲ့ ရာဇဝတ်အုပ်ရဲ့ အိမ်ပေါ့ဗျ"

ဟု ပြောလေ၏။

"အဲဒီ ရာဇဝတ်အုပ် အိပ်နေပြီထင်တယ်ဗျ"

ဟု မောင်ဘချစ်က ခပ်တိုးတိုးလေသံဖြင့် ပြန်၍ မေးလေ၏။





"အထဲမှာ မရှိဘူးဗျ၊ အပြင့်က သော့ခတ်ထားတာ၊ ဟိုမှာ မတွေ့ဘူးလား"

ဟု ပြောလေ၏။ ထို့ကြောင့် မောင်ဘချစ်လည်း တံခါးဆီသို့ ကြည့်လိုက်ရာ သော့ခလောက်ကြီးကို ဂါတ်အဝင်အဝတွင် ချိတ်ဆွဲထားသော အောက်လင်းမီးအရောင်ကြောင့် ကောင်းစွာ တွေ့မြင်ရလေ၏။

"ဒီလူ ဘယ်သွားနေသလဲ မသိဘူး"

ဟု မောင်ဘချစ်က မေးလေ၏။

"ကျုပ်ထင်တာတော့ မိုးလင်းဆိုင်တစ်ဆိုင်ကို သွားပြီး တစ်ခုခု စားနေတယ် ထင်တယ်ဗျ၊ လာပါဗျာ၊ ကျုပ်တို့လဲ အတော်အစားလေးဘာလေး လုပ်ကြရအောင်ပါ"

ဟု ဆိုကာ ထိုသူသည် ရာဇဝတ်အုပ်မောင်ကြည်၏ အိမ်နောက်သို့ လျှင်မြန်စွာ ပြေးကပ်သွားလေ၏။ မောင်ဘချစ်လည်း ထိုသူ၏နောက်မှ ပြေး၍ လိုက်လေ၏။ ထိုသူသည် ရာဇဝတ်အုပ်မောင်ကြည်၏ အိမ်နောက်တံခါး အထက်တွင်ရှိသော ကြက်ကူရွှေတန်းအား တွယ်၍တက်လေ၏။ ထို့နောက် အမိုးနှင့် ကြက်ကူရွှေတန်းအကြား လွတ်နေသောနေရာမှ အတွင်းသို့ ရှောင် ဝင်လေ၏။ အတွင်းသို့ရောက်လျှင် တံခါးချက်ကို ဖြုတ်၍ မောင်ဘချစ်အား တံခါးဖွင့်ပေးပြီးလျှင်---

"ဝင်ခဲ့လေဗျာ"

ဟု ပြောလေ၏။ ထိုအခါ၌ မောင်ဘချစ်က---

"ရာဇဝတ်အုပ် မရှိပေမယ့် သူ့မိန်းမ ရှိမှာပေါ့ဗျ"

ဟု ငြင်း၍ ပြောလေ၏။

"မရှိဘူးဗျ ဒီလူက လူရိုး၊ ဝင်သာ ဝင်ခဲ့စမ်းပါ"

ဟု ထိုသူက ပြောလေ၏။

မောင်ဘချစ်လည်း ကြောက်ကြောက်လန့်လန့်နှင့်ပင် ရာဇဝတ်အုပ်၏ အိမ်တွင်းသို့ ဝင်ရလေ၏။ အတွင်းသို့ ရောက် လျှင် ထိုသူက ဖယောင်းတိုင်နှင့် မီးခြစ်ကို ရှာ၍ မီးထွန်းလေ၏။ ထို့နောက် ရာဇဝတ်အုပ်၏ အိပ်ခန်းအတွင်းသို့ ဝင်ကာ အဝတ် အစားဗီရိုကို ဖွင့်လေ၏။ ထိုသို့ ဖွင့်ပြီးနောက်---

"ဒီရာဇဝတ်အုပ် အကောင်နဲ့ ကျုပ်တို့နဲ့က ကိုယ်လုံးကိုယ် ထည်ချင်း မတိမ်းမယိမ်းဗျ သူ့အဝတ်အစားတွေက ကျုပ်တို့နဲ့ တော်မှာပါဗျာ"

ဟု ဆိုကာ အဝတ်အစားများကို စုတင်ပေါ်သို့ ပုံ၍ ချလေ၏။ ထိုသူသည် အဝတ်အစားများကို ထုတ်ပြီးနောက်---

"ရေချိုးရအောင်ဗျို့"

ဟု ပြောလေ၏။

"မလုပ်ပါနဲ့ဗျာ၊ ပြန်လာလို့ မိသွားပါဦးမယ်"

ဟု မောင်ဘချစ်က ခပ်တိုးတိုးဖြင့် ပြန်၍ ပြောလေ၏။

"ပြန်လာရင်လဲ ကိစ္စမရှိပါဘူးဗျာ၊ ဒီရာဇဝတ်အုပ်ကောင်ကို ကျုပ်တာဝန်ထားစမ်းပါ၊ ကျုပ်နှိပ်စက်ပေးပါမယ်၊ ခင်ဗျားကောင် ဆွေမျိုးမေ့ရုံတင် မဟုတ်ဘူး၊ ဆွေခုနစ်ဆက်စာတောင် မထည့် နိုင်ဘဲ ဖြစ်သွားပါစေ့မယ်"

ဟု ထိုသူက ပြောလေ၏။

"ရာဇဝတ်အုပ် ပြန်မလာတာတော့ ထားပါတော့ဗျာ၊ ကျုပ် တို့ ရေချိုးမယ်ဆိုရင် ဟိုဘက်အိမ်ကလူတွေ ကြားသွားမှာပေါ့





ဗျ"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

"အဲဒီအတွက်လဲ ကျုပ် စဉ်းစားပြီးသားပါဗျ၊ ကျုပ်တို့နှစ် ယောက် ရေချိုးတဲ့အသံကို ကြားရင် ဟိုရာဇဝတ်အုပ် ရေချိုး တယ်လို့ပဲ ထင်မှာပါဗျာ၊ မပူပါနဲ့"

ဟု ဆိုကာ ထိုသူလည်း ရေချိုးခန်းဆီသို့သွား၍ ရေတခွမ်း ခွမ်း ချိုးလေတော့၏။ ရေချိုးပြီးသည့်အခါ၌ မျက်နှာသုတ်ပဝါ အသစ်တစ်ထည်ကို ထုတ်၍ ရေကို သုတ်လေ၏။ ရေသုတ် ပြီးလျှင် ကိုယ်လိမ်းပေါင်ဒါဘူးကို ဖွင့်၍ ချိုင်းနှင့်ပေါင်ခြံများကို ပေါင်ဒါများထည့်လေ၏။ ထို့နောက် ရှပ်ဖြူတစ်ထည်ကို ယူ၍ ဝတ်လေ၏။ ပြီးလျှင် ရွှေတောင်လုံချည် အနီတစ်ထည်ကို ယူ၍ ဝတ်ပြန်၏။ ၎င်း၏ ကိုယ်တွင်ပါသော အတွင်းခံဘောင်းဘီတို ကလေးကိုမူ ချွတ်ပစ်ခဲ့လေ၏။ ထို့နောက် အယ်ပတ်ကားတိုက်ပုံ အင်္ကျီကိုယူကာ စွပ်ပြန်၏။ ပြီးလျှင် မုတ်ဆိတ်ရိတ်ကိရိယာကို ရှာ၍ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများကို ရိတ်ပစ်လေ၏။ တစ်ဖန် ကတ်ကြေးကို ရှာ၍ ၎င်း၏ဆံပင်ကို ၎င်းဘာသာ မှန်ကြည့်၍ ညှပ်ဖြတ်လေ၏။ မောင်ဘချစ်မှာ ထိုလူ၏ပြုလုပ်သမျှကို ငေး၍ ကြည့်နေလေ၏။ ထို့ကြောင့် ထိုလူက---

"ဟေ့လူ ဘာကြည့်နေတာလဲ၊ ကျုပ်ကို ဘိုင်စကုတ်ဓာတ် ကြိုက်များ ထောက်မေ့လို့လား၊ ရေသွားချိုးချေလေဗျာ၊ အမွှေး ဆပ်ပြာတုံး တန်းပေါ်မှာ တင်ထားခဲ့တယ်၊ သွားတိုက်ဆေးနဲ့ သွားပွတ်တံက ဝင်ဝင်ချင်း ညာဘက်ကတန်းပေါ်မှာ"

ဟု ဆိုသဖြင့် မောင်ဘချစ်လည်း ကြောက်ကြောက်လန့်

လန့်ဖြင့်---

"ဟုတ်-- ဟုတ်ကဲ့"

ဟု ဆိုကာ ရေချိုးခန်းသွား၍ ရေချိုးလေ၏။ မောင်ဘချ
ထွက်လာသောအခါ၌ ထိုသူသည် မာတ်ဘူးတစ်လုံးမှ ရေနွေး
ငှဲကာ ကော်ဖီကို တဖောက်ဖောက်နှင့် ဖျော်၍ နေလေ၏။ ထ
သူက မောင်ဘချစ်အား---

"ပေါင်ဒါတွေ ဘာတွေထည့်' ကော့စမစ်တစ်လဲ ရှိတယ်
ခေါင်းကို သေသေချာချာဖြီး"

ဟု မှာလိုက်လေ၏။ မောင်ဘချစ်လည်း ရုပ်အင်္ကျီတစ်ထ
ကို ကောက်၍ ဝွပ်လေ၏။ ထိုအခါ၌ ထိုသူ ရောက်ရှိလာပြ
လျှင်---

"ကိုယ့်လူကလဲ တယ်ပြီးညံ့တာကိုး၊ ပေါင်ဒါတွေ ထည့်
ပါဗျ"

ဟုဆိုကာ မောင်ဘချစ်၏ ကိုယ်ပေါ်သို့ ပေါင်ဒါများ ဖြူ
လေ၏။ ပြီးလျှင်---

"ကဲ--- ကိုယ့်လူ၊ ဟိုနက်ပြာရောင် ဘောင်းဘီရှည်
တော်သလား၊ ဝတ်ကြည့်စမ်း"

ဟု ဆိုသဖြင့် မောင်ဘချစ်လည်း ဘောင်းဘီရှည်
ကောက်ယူဝွပ်လေ၏။

"အင်း-- အတော်ပဲ၊ ခင်ဗျားဝတ်ဖို့ ဟိုရာဇဝတ်အုပ်
တိုင်းပြီး ချုပ်ပေးထားတာဗျ။ ဟိုမှာ ခြေအိတ်အသစ်တစ်စုံတ
တယ်။ အဲဒါကိုဝွပ်ပေတော့၊ ရှူးဖိနပ်အသစ်တစ်ရန်လဲ ဟိုအ
ထောင့်မှာ ရှိတယ်ဗျ၊ အဲဒါ စီးပေတော့"





ဟု မိမိအိမ်ကဲ့သို့ အတပ်သိကာ ပြောဆိုနေလေ၏။ မောင်
ချစ်လည်း ခြေအိတ်ကို ယူ၍ ဝွပ်၏။ ရှူးဖိနပ်ကိုယူ၍ စီးလေ
၏။ ထိုအခါ၌ ထိုသူက---

"ဒီရှိထဲမှာ ကုတ်အင်္ကျီနက်ပြာ တစ်ထည်ရှိတယ်ဗျ၊ ဟော
လည်စည်း"

ဟု ဆိုကာ လှပ်ရှာ လှပသော လည်စည်း နက်ကတိုင်တစ်ခု
ယူ၍ ပစ်ပေးလေ၏။ မောင်ဘချစ်လည်း ဗီရိုအတွင်းမှ ကုတ်
အင်္ကျီကိုယူ၍ ဝတ်လေ၏။

"သိပ်ကို အချိုးကျသွားတာပဲ ကိုယ့်လူရေ"

ဟု ထိုသူက မောင်ဘချစ်ကိုကြည့်၍ ချီးကျူးလေ၏။ ထို
နောက် ထိုသူက သားရေသေတ္တာတစ်လုံးကိုယူကာ---

"ရော့--- ဟောဒီသားရေသေတ္တာထဲမှာ အဝတ်အစားတွေ
ထည့်၍ ဆေးထွက်မှာဆိုတော့ လုံလုံလောက်လောက်ပါမှ ဖြစ်
မယ်"

ဟု ဆိုကာ သားရေသေတ္တာကိုယူ၍ ပေးသဖြင့် မောင်ဘ
ချစ်လည်း အဝတ်အစားများကို ထည့်ရလေ၏။

"ကျုပ်ကတော့ လွယ်အိတ်ပဲ သဘောကျသဗျ"

ဟု ဆိုကာ ထိုသူသည် ရှမ်းလွယ်အိတ်တစ်လုံးယူ၍ လွယ်
လေ၏။ ထို့နောက် အိမ်ရှေ့သို့ ထွက်သွားပြီးလျှင် ညှပ်ဖိနပ်
တစ်ရန်ကိုစီး၍ ပြန်လာလေ၏။ ထိုသို့ ပြန်လာပြီးနောက်---

"အဝတ်အစားတော့ ပြည့်စုံသွားပြီ၊ လမ်းစရိတ်ကလေး
ရှာဦးမှဗျို့"

ဟု ဆိုကာ ရာဇဝတ်အုပ်၏ အိပ်ရာမှ ခေါင်းအုံးကို လှန်

လိုက်ရာ ခြောက်လုံးပြူးတယ်လက်၊ ပိုက်ဆံအိတ်တစ်လုံး၊ ...ကားဖောင်တိန်တစ်ချောင်းကို တွေ့သဖြင့် ထိုသူသည် ပတ်... ဖောင်တိန်ကို ကောက်ယူ၍ မောင်ဘချစ်၏ ကုတ်အင်္ကျီ... ပေးလေ၏။ ထို့နောက် ပိုက်ဆံအိတ်ကိုဖွင့်ကာ ပိုက်ဆံများ... နှိုက်ထုတ်၍ ရေတွက်လေ၏။

"လေးရာငါးဆယ်တောင်ရှိ၊ ငွေကောင်း မိန်းမယူတော့... ရထားတာနဲ့တူတယ်၊ ရော့--- ခင်ဗျားအိတ်ထဲမှာ နှစ်ရာ... ဆယ် ထည့်ထား၊ ကျုပ်က နှစ်ရာယူထားမယ်"

ဟု ဆိုကာ မောင်ဘချစ်၏ အိတ်အတွင်းသို့ ငွေနှစ်ရာ... ဆယ် ထည့်ပေးလေ၏။ ထိုသူ၏ အေးဆေးစွာ လုပ်ကိုင်... ကြည့်၍ ရင်တထိတ်ထိတ်ခုန်ကာ စိတ်ပူနေသော မောင်ဘ... သည်ပင်လျှင် အနည်းငယ် ရဲတင်းခြင်းဖြစ်၍ လာလေ၏။ ... နောက် ထိုသူသည် ခြောက်လုံးပြူးကို ဆွဲယူ၍ မောင်းချိုး... ကျည်ဆန်များကို စစ်ဆေးလေ၏။ စစ်ဆေးပြီးနောက်---

"မွေးမသား၊ တစ်တောင့် ပစ်ထားတယ်ဗျ၊ ငါးတောင့်ပဲ... တယ်"

ဟု ဆိုကာ ခြောက်လုံးပြူးကို ၎င်း၏ လွယ်အိတ်အတွင်း... ထည့်လိုက်လေ၏။ ပြီးလျှင်---

"ကဲ--- ကော်ဖီလေး ဘာလေး သောက်ကြဦးစို့လား"

ဟု ဆိုကာ မောင်ဘချစ်အား ထိုသူက မီးဖိုခန်းဆီသို့ ... သွားလေ၏။ မီးဖိုခန်းသို့ ရောက်လျှင် စားပွဲ၌ နှစ်ယောက် မျ... နှာချင်းဆိုင် ထိုင်ကြလေ၏။ ထိုအခါ ကော်ဖီပန်းကန်နှစ်ခု... ထိုသူက ကော်ဖီများ ငှဲ၍ ပေးလေ၏။

စာတင်သိမ်း



"...သောက်စမ်းပါဗျ၊ အားမနာပါနဲ့"

...ဟုလည်း ထိုသူက အိမ်ရှင်ကဲ့သို့ ဧည့်ခံလေ၏။

"ခင်ဗျားကို ကြည့်ရတာ အေးအေးဆေးဆေး နိုင်ပုံရသည့် ...များ"

ဟု မောင်ဘချစ်က စိတ်ပျက်သော လေသံဖြင့် ပြောလေ...

"...အေးအေးဆေးဆေးနိုင်တာတော့ မပြောနဲ့ဗျို့၊ ကျုပ် ...ညကိုက ရေချိုးတော့ ဟဲ ဟဲ ဟဲ"

ဟုဆိုကာ ထိုသူက ကော်ဖီပန်းကန်ကို ကောက်ယူမော့... ...မောင်ဘချစ်လည်း ထိုသူကိုကြည့်ကာ ပေါင်ယမ်း၍ ...ကော်ဖီကို မော့ချလေ၏။ ထိုသူသည် ကော်ဖီကုန်သွားသည့် ...၍ မောင်ဘချစ်အား---

"ကျုပ်က ကော်ဖီ သိပ်မကြိုက်ဘူးဗျ၊ လက်ဖက်ရည်ပဲ ...ကြိုက်တယ်၊ ဒီရာဇဝတ်ချုပ်ကလဲဗျာ၊ ပိုလ်ဆင်လက်ဖက်ခြောက် ...လေး ဘာလေးတောင် ဝယ်ထားဖော် မရဘူး"

ဟု ဆိုလေ၏။ ထို့နောက် ထိုသူသည် ကြွက်လျှောက်တန်း ...မြေဖြူခဲတစ်ခဲကို ကောက်ယူ၍ စားပွဲပေါ်၌ အောက်ပါ ...ကို ရေးလေ၏။

**စိတ်ပျော့ကြီး မောင်ကြည်**

မိမိအား ပန်ကြားခြင်းမရှိဘဲ ယှင်းသုံးဆောင် သည်ကို နှစ်သက်ဝမ်းမြောက်နိုင်ခြင်းသည် အနှ မောအနည်း မည်တယ်လို့ [illegible]

ဉာဏ်ဝင်းစာပေ

မှာ ဖွင့်ဆိုထားတယ်၊ နှင်လန်းဝမ်းမြောက်နိုင်ပါစေ
သော်ဝ်။

သင်၏ မိတ်ဆွေမှန်ဦး

မောင်ဘချစ် ...ည်း ထိုသူရေးသောစာကို ကြည့်ပြီးနောက်
"ဤသူကား လူဆိုးလူမိုက်ဖြစ်လင့်ကစား စာတတ်ပေတတ်
တစ်ဦးပေပဲ"ဟု တွေး၍ အားရခြင်း ဖြစ်မိလေတော့၏။ ထိုအ
မှာပင် ထိုသူက---

"ကိုယ့်လူရဲ့ နှာမည်ကို ဂါတ်စာရေးနဲ့ ရာဇဝတ်အုပ်က ဘချ
လို့ ခေါ်သံကြားလိုက်တယ်"

ဟု ပြောလိုက်ရာ မောင်ဘချစ်က---

"ဟုတ်ပါတယ် ကိုရေချမ်းရယ်၊ ကျုပ်နာမည် ဘချစ်ပါပဲ"

ဟု ပြန်၍ ဖြေလိုက်လေ၏။

"ကဲ--- ကိုဘချစ်ရေ၊ ခရီးဆက်ကြဦးစို့"

ဟု ဆိုကာ ရေချမ်းက နောက်ဖေးပေါက်မှ ထွက်လေ၏
မောင်ဘချစ်လည်း သားရေသေတ္တာကို ဆွဲ၍ ၎င်း၏နောက်မှ
လိုက်လေ၏။ မြစည်းရိုးသို့ရောက်လျှင် နှစ်ယောက်သား ကျော်
၍ တက်ကြပြီးလျှင် လမ်းမဆီသို့ လျှောက်ကြလေ၏။ လမ်း
သို့ ရောက်သောအခါ၌ ရထားလုံးတစ်စီးလာသည်ကို တွေ့
သဖြင့် ရေချမ်းက ရထားလုံးကို တားလေ၏။ ရထားလုံးရပ်လျှင်
နှစ်ယောက်သား ရထားလုံးပေါ်သို့ တက်ကြလေ၏။ မတက်မီ
ရေချမ်းက ရထားလုံးမောင်းသည့် ကုလားအား ဘူတာသို့ သွား
လိုကြောင်း ကုလားစကားဖြင့် သွက်လက်စွာ ပြောလိုက်လေ





၏။ ရထားလုံးမောင်းသည့် ကုလားသည် ၎င်း၏ မြင်းကို
ကျာပွတ်သံပေးလိုက်သည်နှင့် တစ်ပြိုင်နက် ခေါက်အလျား
ကောင်းလှသော မြင်းဖြူကြီးသည် တချွပ်ချွပ်နှင့် ပြေးလေတော့
၏။ ထို့ကြောင့် ၎င်း၏ ကကြိုးတန်ဆာများတွင် တပ်ဆင်ထား
သော ချူများမှာ တချွင်ချွင်မြည်လေတော့သည်ဖြစ်ရာ ညနက်ရှိ
ပြန့် သုံးချက်တီးလုနီးပြီ ဖြစ်သဖြင့် တိတ်ဆိတ်ခြင်းမကာ တိတ်
ဆိတ်လှသော လောကဓာတ်ကြီးတွင် "ချွင်ချွပ် ချွင်ချွပ်" ဟု
သော စည်းချက်ညီလှသည့် မြင်းခွာသံနှင့် ချူသံတို့သာလျှင်
လွှမ်းမိုး သွားလေတော့သတည်း။

❖ ❖ ❖

## မောင်ဘချစ်နှင့် ရေချမ်း ပေါင်းစည်းသွားခြင်း

မောင်ဘချစ်နှင့် ရေချမ်းတို့ နှစ်ယောက်သား ရထားလုံးနှင့် ထွက်လာသည့်အခါ၌ အိပ်ငိုက်လျက်ရှိသော အစောင့်ပုလိပ်သည် အိပ်ရာမှ နိုးလေ၏။ ထို့နောက် နာရီကို ကြည့်လိုက်ရာ သုံးနာရီတိတိ ထိုးနေပြီဖြစ်ကြောင်း တွေ့ရလျှင် ဒေါင် ဒေါင် ဒေါင် ဟု သံချောင်းသုံးချက် ခေါက်လိုက်လေ၏။ ထိုသံချောင်းခေါက်သံကို ကြားလျှင် ဂျူတီလဲမည့် အစောင့်ပုလိပ်တစ်ဦး ရောက်ရှိလာပြီးနောက် ဂျူတီလဲလေ၏။ ၎င်းတို့ ဂျူတီကျသော နေရာမှာ ဂါတ်တဲအဝင်အဝ ဂိတ်ပေါက်အနီးတွင် ဆောက်လုပ်ထားသော စန္တရီရုံကလေး အတွင်း၌ဖြစ်၏။ အချုပ်ခန်းမှာ ဂါတ်တဲ အဆောက်အအုံ၏ အတွင်း၌ရှိသောကြောင့် ဂိတ်စောင့်ပုလိပ်များသည် ဂါတ်တဲအတွင်း အချုပ်ခန်းမှ တရားခံနှစ်ဦး လွတ်မြောက် ထွက်ပြေးလိမ့်မည်ကို အိပ်မက်မျှပင် မမက်မိကြပေ။





မောင်ဘချစ်တို့၏ ရထားလုံးကလေးသည် တချွင်ချွင် တချွပ်ချွပ်နှင့် မောင်းနှင်လာခဲ့ရာ တစ်မိုင်ခန့် ခရီးပေါက်ခဲ့လေ၏။ ထိုအချိန်၌ ၎င်းတို့၏ မျက်နှာချင်းဆိုင်ဘက်မှ စက်ဘီးခြောက်စီး ရင်ပေါင်တန်းလျက် နင်းလာသည်ကို မောင်ဘချစ်က ရထားလုံးအတွင်းမှနေ၍ လှမ်းမျှော်ကြည့်လိုက်မိခြင်းကြောင့် တွေ့မြင်သွားလေတော့၏။

"ကိုရေချမ်းရေ--- စက်ဘီးခြောက်စီး နင်းလာတယ်ဗျ"

ဟု မောင်ဘချစ်က အလန့်တကြား ပြောလိုက်လေ၏။ ရေချမ်းကမူ အေးဆေးသော လေသံဖြင့်---

"ပုလိပ်တွေ ဖြစ်မှာပေါ့ဗျာ"

ဟု ပြန်၍ ပြောလေ၏။ မောင်ဘချစ်လည်း ခေါင်းပြူ၍ ကြည့်ပြန်လေ၏။ ထိုသို့ ကြည့်ပြီးနောက်---

"အစစ်ပဲဗျို့၊ ပုလိပ်တွေမှ ပုလိပ်တွေ"

ဟု အလန့်တကြား ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ရေချမ်းက---

"ခြောက်ယောက်တောင်လားဗျ၊ သေသေချာချာ ကြည့်စမ်းပါဦး"

ဟု ပြောသဖြင့် မောင်ဘချစ်လည်း ထပ်မံ၍ ကြည့်ပြီးလျှင်---

"ဟုတ်ပါတယ်ဗျ၊ ခြောက်ယောက်ပါ"

ဟု ပြောလေ၏။

"ခြောက်ယောက်ဆိုရင် ပတ္တရောင်ပုလိပ်က လေးယောက်ဗျ။ ကျန်တဲ့နှစ်ယောက်က ကျုပ်တို့ မိတ်ဆွေတွေ ဖြစ်မှာပေါ့" -

ဟု ပြန်၍ ပြောလေ၏။

"ဂါတ်စာရေးနဲ့ ရာဇဝတ်အုပ်လား"

ဟု မောင်ဘချစ်က မေးရာ ရေချမ်းက---

"အဲဒီမျောက်လောင်း နှစ်ကောင်အပြင် ဘယ်သူရှိဦးမလဲဗျ"

ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအချိန်၌ပင် ပုလိပ်များသည် မောင်ဘချစ်တို့ ရထားလုံးအနီး ရောက်ရှိလာပြီးလျှင် ရထားလုံ ကုလားအား ဘယ်ကိုသွားမှာလဲဟု အမိန့်ပြောဟန်ရှိသော ကုလာ စကားဖြင့် မေးလေ၏။ ရထားလုံးကုလားက ဘူတာရုံသို့ သွာ မည်ဖြစ်ကြောင်း ပြန်၍ပြောလျှင် ဂါတ်စာရေးက ရထားလုံ အတွင်းသို့ လက်နှိပ်ဓာတ်မီးနှင့်ထိုး၍ ကြည့်လေ၏။ ထိုဂါ စာရေးမှာ မောင်ဘချစ်နှင့် ရေချမ်းအား လုံးဝ မှတ်မိခြင်း မရှိပေ ရေချမ်းက ဂါတ်စာရေးအား---

"ဟေ့လူ မျက်နှာကို ဘာဖြစ်လို့ လက်နှိပ်ဓာတ်မီးနဲ့ ထိုးနေ တာတုံး၊ ခင်ဗျားတို့ပုလိပ်တွေဟာ အလိုက်ကမ်းဆိုး တော်တော် မသိတဲ့လူတွေ၊ လူဆိုးမှန်းမသိ၊ လူကောင်းမှန်းမသိ၊ ဟင်း--- လူကောင်းနဲ့တွေ့ရင် ပါဝါပြပြီး လူဆိုးတွေ ဝဲရမ်းပြေးတွေ တွေ့ရင်တော့ ကြောက်ရူးတုန်နေကြတယ် မဟုတ်လား၊ ခင်ဗျာ တို့ကို ခန့်ထားတာဟာ ကျုပ်တို့လို လူကောင်းတွေကို ခုလွှတ်ပေ မဟုတ်ဘူး၊ လူဆိုး၊ သူခိုး၊ ဝဲရမ်းပြေးတွေကို ဖမ်းဖို့ပဲဗျ၊ ညဦ ပိုင်းကလဲ ဝံသာနု ဦးဘမြိုင်ကို လူသတ်သမားက ဓားနဲ့ ထိုးသတ် သွားတယ်လို့ ကြားတယ်၊ တရားခံကိုကော ခင်ဗျားတို့ပုလိပ် တွေ မိအောင် ဖမ်းနိုင်ကြရဲ့လား"

ဟု ခပ်ငေါက်ငေါက် ပြောလိုက်ရာ ဂါတ်စာရေးက---





"ဗိုလ်မရှိပါနဲ့ဗျာ၊ ကျွန်တော်တို့မှာ ဝတ္တရားရှိလို့ပါ၊ လူဆိုး လူမိုက်ဆိုတာက ရှိပါတော့ မဟုတ်ဘူး မဟုတ်လား၊ အဲဒီတော့ အချိန်မတော် သွားလာတဲ့ ခရီးသည်တွေကို တွေ့ရင်လဲ ဒီလိုပဲ ကြည့်ရပါတယ်ဗျာ"

ဟု တောင်းပန်သော လေသံဖြင့် ပြောလေ၏။ ထို့အပြင် ရာဇဝတ်အုပ်ကလည်း အနီးသို့ လာရောက်၍---

"ဗိုလ်မရှိပါနဲ့ဗျာ၊ ဝံသာနု ဦးဘမြိုင် အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပုလိပ်တွေမှာ အထူးပဲ တာဝန်ကြီး နေပါတယ်၊ ဒါကြောင့် လမ်းမှာတွေ့တဲ့ လူတိုင်းကို မျက်စိဖြဲပြီး သင်္ကာအောင် ကြည့်ရပါတယ်"

ဟု ဝင်ရောက်တောင်းပန်လေ၏။

"အဲဒါကြောင့် ပြောတာပေါ့ဗျ၊ ပုလိပ်ဆိုတာ အမြော်မြင် ရှိရမယ်၊ လူကိုမြင်လိုက်တာနဲ့ ဒီလူဟာ လူဆိုးလား၊ လူ ကောင်းလား သိကို သိနေရမယ်၊ အခုတော့ မဟုတ်ပေါင်ဗျာ၊ ခင်ဗျားတို့ဆွာက လမ်းမှာ တွေ့တဲ့လူတိုင်းရဲ့ မျက်နှာကို သုံး တောင့်ထိုးကြီးနဲ့ ထိုးကြည့်လား ကြည့်ရဲ့၊ ကြည့်တော့လဲ လူဆိုးလူကောင်း မခွဲနိုင်သေးဘူး၊ ဘယ်သွားမလို့လဲ၊ ဘယ်က လာသလဲ၊ ဘာကိစ္စနဲ့ သွားတာလဲ၊ နာမည်က ဘယ်လိုခေါ် သလဲ၊ ဘယ်မှာလုပ်သလဲနဲ့ မေးကြဦးမယ်၊ ခင်ဗျားတို့ ဖြဲမြဲ မှတ် ထားပေါ့၊ လူဆိုးသူခိုး ဝဲရမ်းပြေး မဟုတ်တဲ့လူတွေက ခင်ဗျားတို့ မေးတာကို မဖြေချင်ဘူးဗျ၊ ကိုယ့်ကိစ္စနဲ့ကိုယ် သွားနေကြရတာ၊ ဒါက လူကောင်းတွေဘက်က ပြောတာနော်၊ လူဆိုး၊ သူခိုး၊ ဝဲရမ်းပြေးတွေဘက်ကလဲ စဉ်းစားကြည့်ဦး၊ ခင်ဗျားတို့က မေး

ပေးမယ့် သူတို့က အမုန်းပြေမတဲ့လား။ မေညီကလဲ ပြေရလို့ ပြေ ချင်ပြေမယ်။ တောင်ကလာတာကိုလဲ မြောက်ကလာတာလို့ ပြောချင်ပြောမယ်။ အဲဒီတော့ ခင်ဗျားတို့ ဒီလိုမေးနေလို့ကော ဘာများထူးမှာလဲဗျ"

ဟု ရေချမ်းက အတည်ပေါက်နှင့် ပြောလိုက်ရာ ဂါတ်စာရေးသည် ငိုင်၍ သွားလေတော့၏။ ထို့ကြောင့်---

"ဟုတ်ပါတယ်ဗျာ"

ဟု ရိုသေစွာ ပြန်၍ ပြောလေတော့၏။ ထိုအခါ၌ ရေချမ်းက---

"ဝံသာနု ဦးဘမြိုင်ကိုသတ်တဲ့ လူသတ်သမားကို မိပြီလား"

ဟု မေးလိုက်လေ၏။

"မိပါပြီဗျာ။ မိပါပြီ အမှုစစ်နေတုန်းပါပဲ"

ဟု ရာဇဝတ်အုပ်က ပြန်၍ ပြောလေ၏။

"အဲဒီလိုဆို မလွှတ်စေနဲ့ ကိုယ့်လူတို့ရေ၊ အဲဒီတရားခံဟာ သိပ်ပြီးအရေးကြီးတဲ့ တရားခံပေါ့ဗျာ။ နွားရှေ့ထွန်ကျူးတယ်လို့လဲ မထင်နဲ့ဦး၊ ဦးဘမြိုင်ကိုသတ်တဲ့ တရားခံနဲ့ တခြားအချုပ်သားနဲ့ ပေါင်းပြီး မထားလေနဲ့နော်။ အချုပ်သားထဲမှာ လူစွမ်းကောင်းပါလာရင် ဦးဘမြိုင်ကိုသတ်တဲ့ တရားခံကို လွှတ်အောင် ကြံဆောင်သွားလိမ့်မယ်"

ဟု ရေချမ်းက ပြောလိုက်ရာ ရာဇဝတ်အုပ်က---

"ဒီလို လွှတ်ရိုးလားဗျာ၊ ကျုပ်တို့ ပုလိပ်တွေက တရားခံထက်လျင်လို့ တရားခံကို အချုပ်ထဲ ထည့်ပြီးပြီပဲ"

ဟု ပြန်၍ပြောလိုက်လေ၏။





"ဒီလိုဆို ကောင်းပါလေရဲ့ဗျာ၊ ကျုပ်က လွှတ်သွားမှာ စိုးလို့ ပြောတာပါ"

ဟု ရေချမ်းက ပြန်၍ ပြောလေ၏။ ထိုအခါ၌ ဂါတ်စာရေးက ရထားလုံးကုလားအား ဆက်လက်၍ မောင်းနှင်နိုင်ပြီဖြစ်ကြောင်း အချက်ပြလိုက်လျှင် ရထားလုံးကုလားလည်း ကျာပွတ်ကို မြောက်၍ လေထဲတွင် တရွှမ်းရွှမ်းရိုက်ကာ ကျာပွတ်သံမြည်လိုက်လေတော့၏။ ကျာပွတ်သံကြားရသည့်အခါ၌ လေးလုံးမြောက်ဖက် မြင်းဖြူကြီးသည် စတင်၍ ပြေးလေတော့၏။ ထိုအခါကျမှပင် မောင်ဘချစ်သည် ဟင်းခနဲ သက်ပြင်းချနိုင်လေတော့၏။ ထိုသို့သက်ပြင်းချပြီးနောက်---

"ကျုပ်မှာတော့ တထိတ်ထိတ်နဲ့ စိုးရိမ်လိုက်ရတာဗျာ၊ ကိုရေချမ်းကတော့ဖြင့် မျက်နှာပိုးသေသေနဲ့ လေကြောရှည်နေလိုက်တာ မပြောပါနဲ့တော့"

ဟု ညည်းညူလိုက်လေတော့၏။

"ဒီကောင်တွေကို တစ်ပတ်ရိုက်ရတာ အရသာ ရှိလွန်းလို့ပါဗျာ"

ဟုဆိုကာ သဘောကျလွန်းသဖြင့် ကျယ်လောင်စွာ ရယ်မောလိုက်လေ၏။ ရေချမ်းရယ်ပြီးသည့်အခါ၌ မြင်းဖြူကြီးကလည်း လည်ဆံမွေးများကို ခါ၍ အသံကုန်ဟစ်ကာ---

"ဟီး---ဟီး---ဟီး"ဟု ဟီလိုက်ရာ၊ တိတ်ဆိတ်သော ညကို လွှမ်းမိုးသွားလေတော့၏။

❖ ❖ ❖

ရာဇဝတ်အုပ်နှင့် ပဗ္ဗာရောင်အဖွဲ့လည်း ဂိတ်သို့ ပြန်လည်ရောက်ရှိကြလေ၏။ ပဗ္ဗာရောင်ပုလိပ်များ ဂျူတီလဲကြလေ၏။ ရာဇဝတ်အုပ်နှင့် ဂိတ်စာရေးတို့သာလျှင် ဂိတ်တဲအဆောက်အအုံအတွင်းသို့ ဝင်ကြလေ၏။ ထိုသို့ဝင်ရင်း ရာဇဝတ်အုပ်က--

"ကဲ--စာရေးကြီးရေ၊ ဟိုတရားခံကို အချုပ်ခန်းက ထုတ်ပြီး တွယ်ကြဦးစို့လားဗျာ"

ဟု ပြောဆိုကာ အချုပ်ခန်းဆီသို့ နှစ်ယောက်သားတန်းတန်းမတ်မတ် သွားလေတော့၏။

အချုပ်ခန်းသို့ရောက်လျှင် အချုပ်သားနှစ်ဦး မရှိတော့ကြောင်းကို တွေ့ရသောအခါ၌ ဂိတ်စာရေးနှင့် ရာဇဝတ်အုပ်တို့သည် သိမ္မိကိုလ်ပြည် မီးလောင်ခန်းကသော ရာမဇာတ် နောက်ဆုံးညကဲ့သို့ နှစ်ယောက်သားသည် ခုန်ဆွခုန်ဆွဖြစ်လိုက် တောင်ပြေးမြောက်ပြေး ပြေးလိုက်နှင့် အလုပ်ရှုပ်လေတော့၏။

ထို့နောက် ဂိတ်စာရေးက သတိရကာ ခရာကို တဗီဗီမှုတ်လေ၏။ ထို့ကြောင့် ဂိတ်ဝင်းတစ်ခုလုံး လန့်၍ နိုးကုန်ကြပြီးလျှင် အချုပ်ခန်းဆီသို့ ဝိုင်းအုံပြေးလာကြလေတော့၏။

"အချုပ်သားတွေ ထွက်ပြေးကုန်ကြပြီ၊ ထွက်ပြေးကုန်ကြပြီ"

ဟု ရာဇဝတ်အုပ်က အလန့်တကြား အော်လေတော့၏။ ဂိတ်စာရေးက ဂျူတီကျသော အစောင့် စန္တရီပုလိပ်နှင့် ဂျူတီထွက်သွားသော စန္တရီပုလိပ်တို့ကို မေးမြန်းလေ၏။ ပုလိပ်နှစ်ဦးကလည်း သူ့အလှည့်တွင် ပြေးမည်ဖြစ်ကြောင်း၊ ငါ့အလှည့်တွင် ပြေးမည်ဖြစ်ကြောင်း တစ်ဦးကိုတစ်ဦး လက်ညှိုးထိုး၍





ငြင်းပယ်ကြလေတော့၏။ ဂိတ်ဝင်းကြီးတစ်ခုလုံးသည်လည်း ကမ္ဘာပျက်သည့်အလား အုတ်အုတ်ကျက်ကျက် သောသောညံညံ ဖြစ်လေတော့၏။

ထိုအချိန်၌ကား မောင်ဘချစ်တို့ စီးနင်းလိုက်ပါလာသော ရထားလုံးသည် အတော်အတန် ဝေးပေါက်ခဲ့ပြီဖြစ်၏။ ဘုရားကြီးအနီးသို့ ရောက်လျှင် ဝံသာနုအသင်း ဆိုင်းဘုတ်တပ်ထားသော အဆောက်အအုံတစ်ခုကို တွေ့လေ၏။ ရေချမ်းသည် ထိုဆိုင်းဘုတ်ကို တွေ့လျှင် ရထားလုံးကို ရပ်စေ၍ ရထားလုံးပေါ်မှ ဆင်းလေ၏။ မောင်ဘချစ်က---

"ဗျို့--- ကိုရေချမ်း၊ ဘာလုပ်ဦးမလို့တုံး"

ဟု မေးလေ၏။

"အသာနေစမ်းပါဗျာ၊ ပုလိပ်တွေ လုပ်ပုံကိုင်ပုံ မသေသပ်တာကိုတော့ အရေးယူရဦးမယ်ဗျ"

ဟု ဆိုကာ ဝံသာနု ဆိုင်းဘုတ်တပ်ထားသော အိမ်တံခါးကို တဂုန်းဂုန်း ခေါက်လေ၏။ ထိုအခါမှ လူများသည် အလန့်တကြား ထ၍ လာကြပြီးလျှင် ရေချမ်းအား---

"ဘာတုံး-- ဘာတုံး၊ ဘာကိစ္စတုံး"

ဟု မေးမြန်းကြလေ၏။

"ကျုပ်တို့က ကျောက်ဆည်က ဝံသာနုတွေပါ၊ ဦးဘဖြိုင် အဖမ်းခံရတယ်လို့ သတင်းကြားတာနဲ့ လာခဲ့တာပါ"

ဟု ပြောလျှင် ထိုအခါမှ အဘိုးကြီးတစ်ဦးက---

"ကျောက်ဆည်က ဥက္ကာတို့ အတွင်းရေးမှူးတို့ လွှတ်လိုက်တာလား"

ဟု မေးလေ၏။ ရေချမ်းက---

"မှန်ပါတယ်ခင်ဗျာ"

ဟု ပြန်ဖြေလျှင် အိမ်ရှင်အဘိုးကြီးက---

"ကိုဘမြိုင်ကိုသတ်တဲ့ တရားခံကို (--)မှတ် ဂါတ်က ဖမ်းမိ

ထားပြီပဲ၊ အဲဒါ ဘာဖြစ်လို့တုံး"

ဟု ပြောလေ၏။

"ဘာဖြစ်ရမတုန်းဗျာ၊ အခု အဲဒီတရားခံက အချုပ်က ထွက်

ပြေးသွားပြီဗျ၊ ကျုပ်တို့ကတော့ ပုလိပ်တွေကိုပဲ မသက်သာ၊ ဒီ

ကောင်တွေပါ အလိုတူ အလိုပါ လွှတ်ပေးလိုက်တာပဲ ဖြစ်မယ်

အဲဒါကြောင့် နီးရာ ဝံသာနုအဖွဲ့ကို ဝင်ပြီးအကြောင်းကြားတာ

ဂါတ်ကို လိုက်ကြမှဖြစ်မယ်"

ဟု ပြောလိုက်ရာ ထိုအိမ်မှ ဝံသာနုအဘိုးကြီးက---

"ဒီလိုလုပ်လို့ ရှိုးလား မောင်ရယ်၊ ငွေသန်းတို့ ဘချောတို့

ထကြစမ်း၊ ထကြစမ်း၊ ငါတို့ ဝံသာနုအဖွဲ့ဝင်တွေကို လိုက်ပြီး

အကြောင်းကြားစမ်း၊ စက်ဘီးသွား ပြကြ၊ (--) မှတ် ဂါတ်ကို

လိုက်ခဲ့ကြ၊ အဲဒီဂါတ်က ပုလိပ်တွေက တရားခံဆီက ငွေစားပြီး

လွှတ်ပစ်လိုက်ကြပြီလို့လဲ ပြောခဲ့၊ ငါလဲသွားနှင့်မယ်"

ဟု ဆိုကာ တိုင်တွင် ချိတ်ထားသော ပိုးပဝါကို ဆွဲ၍ ခေါင်း

၌ ပေါင်းကာ အိမ်ပေါ်မှ ဆင်းလေ၏။ ထိုအခါ၌ ရေချမ်းက---

"ဦးလေး ဦးလေး၊ ဒီရထားကို စီးပြီးသွားပါ၊ ကျွန်တော်တို့

က နောက်လာမယ့်ရထားကို စောင့်ပြီးမှ ခရီးဆက်ပါ့မယ်"

ဟု ပြောလိုက်ရာ အဘိုးကြီးလည်း ရထားလုံးပေါ်သို့ တက်

လေ၏။ ထိုအခါ၌ ရေချမ်းက ရထားလုံးကုလားအား ဤအဘိုး





ကြီးအား (--) မှတ် ဂါတ်သို့ ပို့ပေးရန်နှင့် ၎င်းတို့နှစ်ဦးစီးလာ

သော ရထားခကိုလည်း ထိုအဘိုးကြီးကပင် ရှင်းပေးမည်ဖြစ်

ကြောင်း ကုလားစကားဖြင့် ပြောလိုက်ရာ ရထားလုံးကုလားက

"အစ္စားမယ်" ဟုဆိုကာ ဆလံပေးပြီး လာလမ်းအတိုင်း ပြန်

လှည့်၍ မောင်းသွားလေတော့၏။

အမှိန်များစွာ မကြာမီ၌ပင် (--) မှတ် ဂါတ်အတွင်း၌

ဝံသာနုများရော ဝံသာနုမများပါ တစ်ပုံတစ်ခေါင်းကြီး ရောက်ရှိ

လာကြပြီးလျှင် ရာဇဝတ်အုပ်မောင်ကြည်အား---

"ဦးဘမြိုင်ကို သတ်တဲ့ တရားခံ ဘယ်မလဲ"

ဟု ဒေါနှင့်မောနှင့် မေးကြကုန်၏။ ရာဇဝတ်အုပ်မောင်

ကြည်ကလည်း---

"ဂျာမှုပါဗျာ၊ တရားခံ အခန်းကို ဖောက်ပြီး ထွက်ပြေးသွား

ပြီ"

ဟု ပြောလျှင် ဝံသာနုများမှာ ဒေါသပုန်ထကြလေတော့၏။

ရာဇဝတ်အုပ်မောင်ကြည်နှင့် ဂါတ်စာရေးတို့သည် ယမ်းပုံမီးကျ

ဖြစ်နေသော လူအုပ်ကြီးကို အမျိုးမျိုး အဖုံဖုံ တောင်းပန်နေရ

လေ၏။ ပုလိပ်များမှာလည်း မည်သို့မည်ပုံ ပြုလုပ်ရမည်ကို မသိ

ဘဲ ဟိုပြေးဒီပြေးနှင့် ဖြစ်နေကြလေ၏။ ဌာနာအုပ်လည်း

ဂါတ်နှင့်မလှမ်းမကမ်းရှိသော ရပ်ကွက်ရှိ မယားငယ်အိမ်မှ အိပ်မှုန်

စုံမွှားနှင့် ရောက်ရှိလာပြီးလျှင် ပရိသတ်ကြီးအား ဘုမသိ

ဘမသိနှင့် တောင်းပန်နေလေ၏။

"ဦးဘမြိုင်ကိုသတ်တဲ့ တရားခံကို ကျွန်တော်တို့ မိထားပြီးပြီ

ခင်ဗျာ။ ဥပဒေအတိုင်း ရုံးတင်ပြီး အရေးယူရမှာပေါ့၊ အခုလို

လူအုပ်ကြီးထဲကို ထုတ်ပေးလို့တော့ မဖြစ်နိုင်ပါဘူး"

ဟု ဌာနာအုပ်က ပြောလိုက်ရာ လူအုပ်ကြီးက---

"ဌာနာအုပ် ဘာတွေ လာပြောနေတာတုံး၊ တရားခံ အချုပ်ထဲမှာ မရှိတော့ဘူး၊ မင်းတို့ လာဘ်စားပြီး လွှတ်လိုက်တာ မဟုတ်လား"

ဟု အော်ဟစ်လျှင် ဌာနာအုပ်လည်း ရာဇဝတ်အုပ်မောင်ကြည်ဘက်သို့လှည့်၍---

"ဘယ်လိုလဲ မောင်ကြည်"

ဟု မေးလေ၏။

"ဟုတ်တယ်ဆရာ၊ တရားခံ အချုပ်ကို ဖောက်ပြီး ထွက်ပြေးသွားပြီ"

ဟု ရာဇဝတ်အုပ်မောင်ကြည်က ပြန်၍ ဖြေလိုက်ရာ ဌာနာအုပ်သည် မျက်လုံးပြူး၍---

"ဟေ---မင်းနဲ့ ဂါတ်စာရေးပဲ အမှုစစ်နေတာ မဟုတ်လား"

ဟု ပြန်၍ မေးလေ၏။

"ဟုတ်ပါတယ်ဆရာ၊ တရားခံကို အမှုစစ်ပြီး ကျွန်တော်တို့ အပြင်ခဏထွက်နေတုန်း လွတ်သွားတာပါ"

ဟု ရာဇဝတ်အုပ်မောင်ကြည်က ပြန်၍ ပြောလျှင် လူအုပ်ကြီးက---

"ယုတ္တိမရှိဘူး၊ ရာဇဝတ်အုပ်လိမ်တာ"

ဟု ရာဇဝတ်အုပ်မောင်ကြည်နှင့် ဂါတ်စာရေးအား ခဲ ပေါက်ကြလေတော့၏။ ထို့ကြောင့် ဌာနာအုပ်က---

"မလုပ်ကြပါနဲ့ မလုပ်ကြပါနဲ့ ကျွန်တော် အစရှင်းပြပါ့မယ်"





ဟု ပြောသော်လည်း လူအုပ်ကြီးမှာ ဌာနာအုပ်၏ စကားကို နားမထောင်ဘဲ ဆူပူလျက်ရှိသောကြောင့် ဌာနာအုပ်သည် ရာဇဝတ်အုပ်မောင်ကြည်နှင့် ဂါတ်စာရေးအား အချုပ်ခန်းတွင်းသို့ သွင်းကာ သော့ခတ်၍ အချုပ်ချလိုက်ရလေတော့၏။

ဤသို့ ဖြစ်ပျက်နေသောကြောင့် ပုလိပ်များသည် တရားခံများနောက်သို့ မလိုက်နိုင်ဘဲ ရှိလေတော့၏။

❖ ❖ ❖

မောင်ဘချစ်နှင့် ရေချမ်းတို့မှာမူ ဝံသာနု အဘိုးကြီး ထွက်ပြေးလာသည့်အခါ၌ အဘိုးကြီး၏ အိမ်ပေါ်သို့ တက်၍ ထိုင်နေကြလေ၏။ အဘိုးကြီး၏ သားသမီးများမှာ အိမ်ရှေ့ လမ်း၌ နိုးကြားစွာဖြင့် ငိုသူငို၊ သေးပေါက်သူပေါက်၊ ရေတောင်းသူ တောင်းနှင့် အလုပ်ရှုပ်နေကြသောကြောင့် အဘိုးကြီးမိန်းမမှာ အလုပ်များလေတော့၏။ ဝံသာနုအဘိုးကြီးသည် အသက် (၆၀) နှင့် ရှိပြီဟု ခန့်မှန်းရသော်လည်း ၎င်း၏မိန်းမမှာမူ အသက် (၃၀) ထက် ကျော်မည် မဟုတ်ကြောင်းကို မောင်ဘချစ်က သတိပြုမိလေ၏။ ထို့ကြောင့် မောင်ဘချစ်က ရေချမ်းအနီးသို့ကပ်ကာ---

"အဘိုးကြီးမိန်းမက အသက်ငယ်လှချည်လားဗျာ"

ဟု ပြောလေ၏။

"လူက ရင့်တာကို မကြိုက်ဘူးလေဗျာ၊ နုတာကို ကြိုက်တာ ပေါ့ဗျ"

ဟု ရေချမ်းက ပြန်၍ ပြောလေ၏။ အဘိုးကြီးမိန်းမက ၎င်း

တို့နှစ်ဦးအား ---

"ရှင်တို့က အစ်ကိုကြီးပြန်လာတဲ့အထိ ဒီမှာ စောင့်ကြမှာ လား"

ဟု မေးလေ၏။

"ဒါပေါ့ခင်ဗျာ၊ စောင့်ရမှာပေါ့၊ ဒါမှ အကျိုးအကြောင်း အပြည့်အစုံ သိရမှာ မဟုတ်လား"

ဟု ပြောလျှင် အဘိုးကြီးမိန်းမသည် ရေနွေးကြမ်းနှင့် အကြမ်းပန်းကန်နှစ်လုံးကို ယူလာပြီး ၎င်းတို့အနီး၌ ချထားပေး ကာ ကလေးများနှင့်အတူ ခြင်ထောင်တွင်းသို့ ဝင်၍ အိပ်[illegible] လေတော့၏။ များမကြာမီ၌ပင် ထိုမိန်းမ၏ ဟောက်သံသည် ထွက်ပေါ်လာလေတော့၏။ ထိုအခါ၌ ရေချမ်းသည် အဘိုးကြီး ၏ အဝတ်အစားဗီရိုကို သွား၍ ဖွင့်ကာ အဘိုးကြီး၏ အဝတ် အစားများကို ယူလာလေတော့၏။ ထို့နောက်---

"ကဲ---ကိုယ့်လူ ရာဇဝတ်အုပ်ရဲ့ အဝတ်အစားတွေ ဒီမှာ ထားခဲ့ပေတော့၊ အဘိုးကြီးရဲ့ ပိုကောင်လေးနှစ်ကောင်ရဲ့ ပစ္စည်း တွေကို ယူသွားမယ်"

ဟု ဆိုကာ ၎င်းကိုယ်တိုင်လည်း ရာဇဝတ်အုပ်မောင်ကြည် ထံမှ ဝတ်ဆင်လာသော အဝတ်အစားများကို ချွတ်၍ အကျအန ခေါက်ပြီးလျှင် အဘိုးကြီး၏ အဝတ်အစားများကို လဲလှယ် ဝတ် ဆင်လေတော့၏။ မောင်ဘချစ်မှာလည်း ဘောင်းဘီ ကုတ်အင်္ကျီ စသည်တို့ကို ချွတ်ကာ အဘိုးကြီးအိမ်မှ အဝတ်အစားများကို လဲ လှယ်လေ၏။ မောင်ဘချစ်သည် ချွတ်ချလိုက်သော ဘောင်းဘီ အင်္ကျီတို့ကို သေသပ်ကျနစွာခေါက်၍ ရာဇဝတ်အုပ်အိမ်မှ ယူလာ





[illegible] သားရေသေတ္တာအပြည့် အဝတ်အစားများကို ရေချမ်း [illegible]၍ အပ်လိုက်လေတော့၏။ ရေချမ်းလည်း ရာဇဝတ်အုပ် မောင်ကြည်ထံမှ ယူလာသော အဝတ်အစားများကို အဘိုးကြီး ၏ ဗီရိုတွင်းသို့ သွားရောက်ထည့်ထားလိုက်လေ၏။ အဘိုး ကြီးအိမ်မှ ရရှိသော အဝတ်အစားများကိုမူ အဘိုးကြီးအိမ်မှ ထန်း [illegible]ကြီး နှစ်လုံးနှင့်ပင် ထည့်၍ ထိုဖာကြီးနှစ်လုံးအား ကြိုး [illegible] ရှည်နှောင်လေ၏။

ထို့နောက် အဘိုးကြီး၏ ဘုရားစင်သို့ သွားရောက်ကာ [illegible]တိုင်ထုပ်ကို ရှာဖွေ၍ ဖယောင်းတိုင် ကိုးတိုင်ကိုထုတ် [illegible]လျှင် ထွန်းညှိ၍ ဘုရားမီး ပူဇော်လေ၏။ ထို့နောက် ဘုရား [illegible]လေ၏။ ဘုရားဝတ်ပြုပြီးသည့်အခါ၌လည်း---

"ဖြစ်လေရာ ဘဝတိုင်းတွင် မိမိသာလျှင် သူတစ်ပါးအား [illegible] မသာမရှိ မထီလေးစား လက်တစ်လုံးခြား မလိမ့် [illegible] လုပ်ရပါလို၏ အရှင်ဘုရား"

ဟု ရွတ်ဆိုလိုက်သံကို မောင်ဘချစ်က ကောင်းစွာကြား [illegible]။ ထိုသို့ ဘုရားရှိခိုးပြီးနောက် ရေချမ်းက---

"ကဲ---, ကိုယ့်လူရေ၊ ဖာ တစ်ယောက်တစ်လုံးနဲ့ နှစ် [illegible] ဖာတစ်လုံးခေါင်းကျွေးဖောတ်ကို ခင်းကြည်ဦးနိုင်လား"

ဟု ဆိုကာ ဖာကြီးတစ်လုံးကို ကောက်ယူ၍ ထမ်းလိုက် [illegible] မောင်ဘချစ်လည်း ၎င်းနည်းတူ မိမိ၏ ဝေစုဖြစ် [illegible] ခေါက်ဖာကြီးကို ကောက်ယူ၍ ထမ်းလိုက်လေ၏။

ထို့နောက်တွင်ကား မောင်ဘချစ်နှင့် ရေချမ်းတို့နှစ်ဦးသည် အဘိုးကြီးနေအိမ်မှ ထွက်လာခဲ့ကြပြီးလျှင် ဝရမ်းပြေးများ

အဖြစ်ဖြင့် ဓားဆက်ကြလေတော့၏။

(--) မှတ် ဂါတ်မှာမူကား လူအုပ်ကြီးသည် နံနက် (၈) န ထိုးသည်အထိ လူစုခွဲ၍ မရနိုင်အောင် ရှိလေတော့၏။ အ ကျနေသော ရာဇဝတ်အုပ်မောင်ကြည်သည်ကား မောင်ဘ နှင့် ရေချမ်းတို့ လွတ်မြောက်ထွက်ပြေးသွားသော မျက်နှာကြ လေဝင်ပေါက်ဆီသို့ မကြာခဏ မော့၍ကြည့်ကာ တော ခေါက်နေလေတော့သတည်း။

❖ ❖ ❖



## မောင်ဘချစ်တို့ ဖာကြီးနှစ်လုံး

[illegible]နေသည့် အရွယ်ကောင်း မောင်းသန်သော လူရွယ်နှစ်ဦး [illegible]သည် ဖာကြီးများ ကိုယ်စီထမ်းလျက် သာစည်မြို့သို့ ရောက်ရှိ[illegible]ကြလေ၏။ ထိုသူနှစ်ဦးသည် သာစည်မြို့ အဝင်ဝရှိ ထမင်း[illegible]ဆိုင်၌ ဝင်ရောက်၍ ထမင်းစားကြလေ၏။ ထမင်းစား[illegible]အချိန်၌ ထိုလူနှစ်ယောက်သည် ခုံတန်းပေါ်၌ ၎င်းတို့၏ [illegible]ဖာကြီးများကို ချ၍ အမောပြေရင်း စကားပြောနေကြလေ၏။

၎င်းတို့နှစ်ယောက်သည် ဝရမ်းပြေး မောင်ဘချစ်နှင့် ရေချမ်း ကို ဖြစ်ကြောင်းကို အထူးဖော်ပြရန် လိုမည် မထင်တော့ပါ။ ရေချမ်းသည် ထမင်းဆိုင်ရှင် အဘိုးကြီးထံမှ ရေနွေးကြမ်းအိုးကို [illegible]ယူ၍ ရေနွေးသောက်ရင်း---

"ကျုပ်အထင်ပြောရရင်တော့ ကိုယ့်လူကို သတ်မယ့်အဖွဲ့ [illegible] ရှိနေတယ်ဗျ"

ဟု ပြောလိုက်လေ၏။

"ကျုပ်ကိုသတ်မယ့်အဖွဲ့ ဟုတ်လား၊ ဘယ်သူတွေများပါ
ကိုရေချမ်းရယ်"

ဟု မောင်ဘချစ်က ပြန်၍ မေးလေ၏။

"ဦးဘမြိုင်ကိုသတ်တဲ့လူစုဟာ ဦးဘမြိုင်နဲ့ နောက်ဆုံးစက
ပြောခွင့်ရသွားတဲ့ ကိုယ့်လူကိုပဲ ချမ်းသာပေးကြမှာ မဟုတ်
ဗျ"

ဟု ရေချမ်းက ပြောလေ၏။

"အဲဒါမှ ခက်တာပဲဗျ၊ ဦးဘမြိုင်က အသက်ထွက်ခါနီး
ကျုပ်ကို ဘာတစ်ခွန်းမှ မှာသွားနိုင်ရာတာ မဟုတ်ဘူးဗျ တ
တော့ ရှိတယ်၊ ကျုပ်ကို လှမ်းပြီးဖက်လိုက်တဲ့အခါမှာတော့ ကျု
ကလဲ ဦးဘမြိုင် လဲကျမသွားအောင် ပြန်ပြီးတွဲလိုက်တယ်၊ အ
အခါမှာတော့ သူက 'ဇိမ်ပဲ' လို့ တစ်ခွန်းပြောပြီး သေသွ
ရှာတာပဲဗျ"

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။

"အဲဒီ ဇိမ်ပဲတို့ လူစုက ခင်ဗျားကိုပါ နှုတ်ပိတ်ကြလိမ့်မယ
ထင်တယ်ဗျ"

ဟု ရေချမ်းက ပြောလေ၏။

"ဇိမ်ပဲတို့လူစု ဟုတ်လား၊ ဇိမ်ပဲဆိုတာ လူနာမည်လား"

ဟု မောင်ဘချစ်က ပြန်၍ မေးလိုက်လေ၏။

"ဇိမ်ပဲဆိုတာ ဦးဘမြိုင်ကိုသတ်တဲ့ လူရဲ့နာမည်ပေါ့ဗျ ဦးဘ
မြိုင်က သူ့ကို ဓားနဲ့ထိုးတဲ့လူဟာ ဇိမ်ပဲဆိုတဲ့ကောင်ပါလို့ ခင်ဗျာ
ကို တိုင်သွားတာဗျ"

ဟု ရေချမ်းက ပြောလေ၏။





"လူ့နာမည်မှာ 'ဇိမ်ပဲ' ရယ်လို့ ရှိသလား ကိုရေချမ်းရယ်"

ဟု မောင်ဘချစ်က မေးလေ၏။

"မှန်တာပေါ့ဗျာ၊ လူ့နာမည်မှာ ဇိမ်ပဲရယ်လို့ မရှိပါဘူး၊ ဒါပေ
မဲ့ ဦးဘမြိုင်က ဓားထိုးခံရတဲ့ ဒဏ်ရာကြီးနဲ့ သေခါနီးဆဲဆဲ မှာ
ပြောသွားတဲ့ စကားလုံးတွေဟာ ဘယ်လိုလုပ်ပြီး ပီပီသသ
ရှိမှာလဲ၊ ကိုယ့်လူရယ်၊ အမှန်ကတော့ 'ဇိန်ဖေ'ကို ပြောချင်ဟန်
တူပါတယ်ဗျာ၊ သူ့ခမျာ မပီရှာလေတော့ ခင်ဗျားနားထဲမှာ
'ဇိမ်ပဲ' လို့ ကြားတာ ဖြစ်မှာပေါ့ဗျာ"

ဟု ရေချမ်းက ရှင်းပြလေ၏။

"ဟုတ်တာပေါ့ဗျာ၊ ကိုရေချမ်း ရှင်းပြတော့လဲ အကွင်း
[illegible] မှန်တော့ဟင်းလို အထင်းသားပါပဲလားဗျာ၊ ဆိုစမ်းပါဦး၊
[illegible]ဖေတို့လူစုက ကျုပ်ကိုပါ သတ်ကြဦးမယ် ဟုတ်လား"

ဟု မောင်ဘချစ်က မေးလေ၏။

"သေချာတာပေါ့ဗျာ၊ ပြောရင်းဆိုရင်း ကျုပ်ကတော့ ဟော
[illegible]က လူသုံးယောက်ကို တယ်ပြီး မသင်္ကာချင်ဘူးဗျို့"

ဟု ရေချမ်းက ပြောလေ၏။

"ဘယ်လို မသင်္ကာချင်တာလဲ ကိုရေချမ်း၊ ဇိန်ဖေတို့လူစု
[illegible] ပုလိပ်ဘက်ကလား"

ဟု မောင်ဘချစ်က မေးလေ၏။

"ကျုပ်က အဲဒီလူစုဟာ ပုလိပ်ဘက်ကနေ့တူတယ်လို့ ထင်ပါရဲ
ဗျာ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ဒီနေရာက သွားကြစို့လား"

ဟု ရေချမ်းက ပြောလေ၏။

"လုပ်လေ"

ဟု မောင်ဘချစ်က ပြောလျှင် ရေချမ်းလည်း ဖာကြီး လုံးကို ယူ၍ ထမင်းဆိုင်ရှင် အဘိုးကြီးထံ သွားပြီးလျှင်---

"ဦးလေး--- ကျုပ်တို့နှစ်ယောက် ဈေးဘက်ကို သွား မယ်၊ ကျုပ်တို့ ပစ္စည်းတွေ ခဏအပ်ခဲ့ပါရစေ"

ဟု ဆိုကာ ဖာကြီးနှစ်လုံးကို အပ်နှံကာ ထွက်ခဲ့လေ၏။

"ဘယ်လိုလဲ ကိုရေချမ်း၊ ကျုပ်တို့ ပြေးမယ့်ဥစ္စာ ဘာဖြစ် ကျုပ်တို့ပစ္စည်းတွေကို ထားပစ်ခဲ့ရတာလဲ"

ဟု မောင်ဘချစ်က မေးလေ၏။

"ဒီလိုမလုပ်ရင် ကျုပ်တို့ကို မသင်္ကာတဲ့မျက်လုံးနဲ့ ကြည့် တဲ့ လူသုံးယောက်က ကျုပ်တို့နောက်ကို ထက်ကြပ်မကွာ လိုက် လာမှာပေါ့ဗျ၊ အခုတော့ သူတို့ရှေ့မှာတင်ပဲ ကျုပ်တို့က ပစ္စည်း တွေ အပ်ပြီးမှ ထွက်သွားတာဆိုတော့ တကယ်လို့ ကျုပ်တို့ ဖမ်းမယ့် ပုလိပ်တွေဆိုရင်လဲ ကျုပ်တို့ပြန်လာမယ်လို့ထင်ပြီး ဆိုင်က စောင့်နေမှာပေါ့ဗျာ"

ဟု ရေချမ်းက ရှင်းပြလိုက်လျှင် မောင်ဘချစ်က---

"အင်း--- ခင်ဗျားရှင်းပြလိုက်တော့လဲ"

ဟု စကားစလိုက်လျှင် ရေချမ်းက---

"အကွင်းအကွင်း မှန်တီးဟင်းလို ထင်လင်းသွားရော ဆို တော့ဗျာ"

ဟု စကားကို ဝင်၍ ပိတ်လိုက်လေ၏။ ထို့ကြောင့် မောင်ဘချစ်က---

"အစစ်ပဲ ကိုရေချမ်းရေ"

ဟု ပြောလိုက်လေတော့၏။





မောင်ဘချစ်နှင့် ရေချမ်းတို့သည် ထမင်းဆိုင်မှ ထွက်ခဲ့ကြ ပြီးနောက် ကုန်ကားများရပ်၍ ရပ်ထားသည့်နေရာသို့ ရောက်လျှင် ရေချမ်းက ကုန်ကားများကို စုံစမ်းရာ ရှမ်းပြည်နယ်ဘက်သို့ မည့်ဖြစ်ကြောင်း သိရလေ၏။ ထိုအခါ၌ ရေချမ်းက ရှမ်းပြည်နယ်ဘက်သို့ မိမိတို့နှစ်ယောက် လိုက်လိုကြောင်း ပြော ကားသမားက ကားခတောင်းလေ၏။ ရေချမ်းက ငါးကျပ် တစ်ရွက် ထုတ်ပေးလိုက်လျှင် ကားသမားက နာရီဝက် အချိန်ရှိသေးကြောင်း သွားလိုရာ သွားနိုင်သေး ပြောလေ၏။

ထိုအခါ၌ ရေချမ်းသည် မောင်ဘချစ်ကိုခေါ်၍ ဂါတ်ဘက်ဆီ ထွက်ခဲ့လေတော့၏။ မောင်ဘချစ်လည်း ဘာမသိဘာမသိနှင့် နေလေ၏။ ဂါတ်သို့ရောက်လျှင် ရေချမ်းသည် ဌာနာအုပ် တွေ့၍---

"ဌာနာအုပ်မင်းခင်ဗျား၊ မန္တလေးက ခင်ဗျားရဲ့ မိတ်ဆွေ ဆိုတာက ခင်ဗျားကို ကျေးဇူးဆပ်တဲ့အနေနဲ့ လက် ပစ္စည်းတွေ ပေးလိုက်ပါတယ်၊ ထန်းခေါက်ဖာကြီးနှစ်လုံး ပါ၊ အဲဒါ ဟောဟိုလမ်းထိပ် တမာပင်အောက်က ဆိုင်မှာ ရောက်နေပါတယ်၊ ကျုပ်တို့က လမ်းကြုံတာနဲ့ ပြောပေးပါဆိုလို့ ပြောပေးတာပါ၊ ကျုပ်တို့ကို ခွင့်ပြုပါဦး"

ဟု ပြောလေ၏။

"မန္တလေးက ကိုဘမောင်တဲ့ ဟုတ်လား၊ မန္တလေးမှာ ကိုဘ ဆိုတဲ့ မိတ်ဆွေ မရှိပါဘူးဗျ၊ ရွှေဘိုမှာတော့ ရှိလေရဲ့"

ဟု ဌာနာအုပ်မင်းက ပြောလျှင် ရေချမ်းက---

"ရွှေဘိုနဲ့မန္တလေး ဘာများဝေးလို့လဲဗျာ၊ အရင်ကရွှေဘို
ပေမယ့် အခု မန္တလေး ရောက်ချင် ရောက်တာမျိုး မဟုတ်လ
ဌာနာအုပ်မင်းရယ်"

ဟု ပြောလေ၏။

"အင်းလေ၊ ရွှေဘိုက ကိုဘမောင်တစ်ယောက် မန္တလေး
ရောက်နေတယ်ပဲ ထားဦးတော့ဗျာ၊ ဒီလူက ကျုပ်ကို ကျေ
ဆပ်ဖို့အကြောင်း မရှိပါဘူး"

ဟု ဌာနာအုပ်က ပြောပြန်လေ၏။

"ဒီလိုရှိပါတယ်ခင်ဗျာ၊ ချိုးငှက်တစ်ကောင်ဟာ အမှတ်တ
သစ်ကိုင်းခြောက်တစ်ခုကို ခြေနဲ့နင်းပြီး ချိုးချုပ်လိုက်မိပါတယ
အဲဒီသစ်ကိုင်းက အောက်ကစမ်းချောင်းထဲကို ကျပြီး မျောသွ
တာပေါ့ခင်ဗျာ၊ အဲဒီအခါမှာ စမ်းချောင်းထဲမှာ ရေနစ်ပြီး သေလ
နီးနီးဖြစ်နေတဲ့ ပုရွက်ဆိတ်တစ်ကောင်က အဲဒီသစ်ကိုင်းခြော
ကို ဖက်တွယ်နိုင်ရတာနဲ့ အသက်ရှင်ခဲ့ရပါတယ်၊ အဲဒါကြော
ပုရွက်ဆိတ်က သစ်ပင်ပေါ်က ချိုးငှက်ကို ကျေးဇူးအင်မတ
တင်နေပါတယ်၊ တစ်နေ့မှာ ချိုးငှက်ကို မုဆိုးက လေးနဲ့ပစ်မလ
နေရာယူပြီး ချိန်ရွယ်နေပါလေရော၊ ဒါပေမယ့် ချိုးငှက်ကတော
မသိရှာဘူးပေါ့ခင်ဗျာ၊ အဲဒါကို ပုရွက်ဆိတ်က သိလေတော့ မုဆိ
ရဲ့ ခြေထောက်ဆီကိုသွားပြီး တအားကိုက်ပစ်လိုက်တာပေါ့၊ အဲ
ဒီတော့ မုဆိုးဟာ ပုရွက်ဆိတ်ကိုက်တာနဲ့ ဟ လို့အော်ပြီး အော်
လိုက်မိတယ်ဆိုရင်ပဲ ချိုးငှက်ဟာ မုဆိုးကို မြင်သွားပြီး ထပျံ
တော့တာပေါ့ခင်ဗျာ၊ ချိုးငှက်ရဲ့အသက်ဟာ ပုရွက်ဆိတ်ကြောင့်
လွတ်မြောက်ခဲ့ရပြန်တာပေါ့၊ ဒါက ဥပမာရှိပါ ဌာနာအုပ်မင်း

[illegible] ပုရွက်ဆိတ်ကလေးတစ်ကောင်ကတောင် အဲဒီ
[illegible] ကျေးဇူးသိတတ်တယ်ဆိုရင် ဟဲ ဟဲ--- ကတိသစ္စာ
[illegible] သူတစ်ပါးရဲ့ကျေးဇူးကို သိတတ်ခြင်းဆိုတဲ့
[illegible] လက်ကိုင်ထားတဲ့ ကျုပ်တို့ မြန်မာလူမျိုး
[illegible] ပြောစရာမရှိပါဘူး ဌာနာအုပ်မင်းက မညီမညာရ
[illegible] မရှိပေမယ့် ကိုဘမောင်များမှာတော့ စောစောက
[illegible] ချိုးငှက်ကို ကိုးတိုပြီး ကျေးဇူးတင်နေသလိုမျိုး
[illegible] ဌာနာအုပ်မင်းကို ကိုးတိုပြီး ကျေးဇူးတင်နေတဲ့
[illegible] ရှိချင်ရှိနေမှာပေါ့ခင်ဗျာ"

[illegible] ပြောလိုက်ရာ ဌာနာအုပ်လည်း---

"[illegible] ဟုတ်မှာ ခင်ဗျား တယ်လဲ အပြောကောင်းပါ
[illegible] ဘယ်ဇာတ်ကပါလိမ့်"

[illegible] မေးလေ၏။

"[illegible] ဒီလိုခင်ဗျ ကျုပ်တို့အဘိုးက မင်းတုန်း
[illegible] စက်တော်ခေါ်ခါနီးတိုင်းမှာ ပုံပြင်ပြောပြရတဲ့
[illegible] ဦးရွှေပြီတဲ့ခင်ဗျ"

[illegible] ပြောလေ၏။

"[illegible] ရာထူးမျိုး ရှိလို့လားဗျ ကျုပ်လဲ ကျောင်း
[illegible] ရာဇဝင်သင်ခဲ့ရတာပဲ မကြားဖူးပေါင်ဗျာ"

[illegible] ပြောလေ၏။

"[illegible] ခင်ဗျား မကြားဖူးတာနဲ့ မရှိဘူးရယ်လို့ မပြော
[illegible] ကြားတဲ့ကိစ္စက နားရဲ့ကိစ္စပါ၊ နားကန်းနေတဲ့လူ
[illegible] ဘာကိုမှ ကြားဖူးမှာ မဟုတ်ပါဘူး အဲဒါနဲ့ပဲ သူ

ကာ ဘာကိုမှ မယုံဘူးလို့ ပြောရင် လွဲရယ်စရာကြီး ဖြစ်ပါလိ
မယ်။ တကယ်ကတော့ မကြားဖူးတာတွေ အများကြီးပါပဲခင်
ပြောလက်စနဲ့ ပြောရဦးမယ်၊ ကျုပ်တို့လဲ ဒီမြို့ရောက်မှ မကြ
ဖူးတာလေးတစ်ခု ကြားဖူးရသေးတော့တယ် ခင်ဗျား၊ ဌာနာအု
မင်းတို့ကတော့ ကြားပြီးရောပေါ့"

ဟု ရေချမ်းက ပြောလေ၏။

"ဘာများတုံးဗျ"

ဟု ဌာနာအုပ်က ပြန်၍ မေးလေ၏။

"စက်ရှင်မင်းကြီးကတော် ကိစ္စလေ"

ဟု ရေချမ်းက မေးလေ၏။

"စက်ရှင်မင်းကြီး ဦးကျော်လှကတော် ဒေါ်ဘောဘီလား
ကျုပ်နဲ့ရင်းပါတယ်၊ ဘာဖြစ်လို့တုံး"

ဟု ဌာနာအုပ်က ပြောလေ၏။

"အလို--- ဌာနာအုပ်မင်း မသိသေးဘူးလား"

ဟု ရေချမ်းက ပြန်၍မေးလေ၏။

"မသိသေးပေါင်ဗျား၊ ဘာတွေများ ဖြစ်လို့တုံး ပြောပါဦး"

ဟု ဌာနာအုပ်က မေး၏။

"ခုတလောက ကျုပ်တို့ ပြောသလိုပေါ့ဗျား၊ မကြားဖူးလို
မယုံဘူးဆိုရင် ခက်ပြီပေါ့၊ အခုဟာကတော့ မယုံရင် သွားပြီး
ကြည့်လို့ရတဲ့ ကိစ္စပဲ"

ဟု ရေချမ်းကပြောလေ၏။

"လုပ်စမ်းပါဦးဗျ၊ ဒေါ်ဘောဘီတစ်ယောက် ဘာများဖြစ်လို့
လဲနော်"





ဟု ဌာနာအုပ်က မေးလေ၏။

"ခင်--- ကျုပ်တို့က သူတို့အိမ်ရဲ့ ခေါင်းရင်းက အိမ်မှာ
နေကြတဲ့ ရည်သည်တွေပါ"

ဟု ရေချမ်းက စကားဆိုလိုက်လေ၏။

"ဟုတ်--- တိရစ္ဆာန်ကု ဆရာဝန်ကြီးအိမ်လား"

ဟု ဌာနာအုပ်က မေးလေ၏။

"မှန်ပါတယ်ခင်ဗျား၊ အဲဒီ စက်ရှင်မင်းကြီးကတော်ဟာ ညက
ကလေးမွေးတယ်လေ"

ဟု ရေချမ်းက ပြောလေ၏။

"ဟြော် ဘာများဆန်းလို့လဲဗျ"

ဟု ဌာနာအုပ်က ပြန်၍ ပြောလေ၏။

"ဆန်းပြီလားဗျား၊ စက်ရှင်မင်းကြီးကတော်မှာ ကိုယ်ဝန်မှ
မရှိဘဲ ညကြီးကမှ ဗိုက်ထဲကအောင့်တယ်၊ နာတယ်ဆိုလို့ ဆရာ
ဝန်ခေါ်ရော ကလေးမျက်နှာမြင်တော့တာပဲ၊ ကိုယ်ဝန်မရှိဘဲ
ကလေးမွေးတယ်ဆိုတာ ကျုပ်တော့ ဒီအရွယ်ထိ ရောက်လာပါ
ပြီ။ ကြားမှ မကြားဖူးတဲ့ကိစ္စ၊ ဟော- ခါပေမယ့် မယုံလို့
မဖြစ်တော့ဘူး၊ တကယ်ဖြစ်တဲ့ကိစ္စ သွားပြီးကြည့်လို့လဲရ
တယ်"

ဟု ရေချမ်းက ပြောလိုက်လေ၏။ ဌာနာအုပ်လည်း ငြိမ်
သက်နေလေ၏။

ထို့နောက် ရေချမ်းနှင့် ဘချစ်တို့သည် ကုန်ကားများရှိရာသို့
ပြန်လာပြီးလျှင် ရှမ်းပြည်နယ်ဘက်သို့ ထွက်မည့် ကုန်ကား
တစ်စီးနှင့် လိုက်ပါလာခဲ့လေတော့၏။

များမကြာမီ၌ပင် ရာဇဝတ်အုပ်သည် ၎င်းအား မန္တလေးမှ လိုက်သည်ဆိုသော လက်ဆောင်ဖားကြီးနှစ်လုံးကို ယူရန်အတွက် စက်ဘီးနှင့် ထွက်ခဲ့လေတော့၏။

လမ်းတွင် စက်ရှင်မင်းကြီးအိမ်မှ မာလီ မောင်လွင်ဆိုသူနှင့် တွေ့ဆုံလေ၏။ မောင်လွင်သည် ဌာနာအုပ်ကို ကောင်းစွာ သိ လေ၏။ ထို့ကြောင့် ၎င်းကပင် စတင်၍---

"ဌာနာအုပ်ကြီး ဘယ်သွားမလို့တုံး"

ဟု နှုတ်ဆက်လေ၏။

ဌာနာအုပ်လည်း မာလီ မောင်လွင်ကိုမြင်လျှင်---

"အတော်ပဲ မာလီကြီး၊ ခင်ဗျားတို့ မင်းကြီးကတော် ဘယ် လို ဖြစ်တာလဲ"

ဟု စက်ဘီးပေါ်မှ မေးလေ၏။

"ဘယ်လိုဖြစ်ရမှာလဲဗျာ၊ ဒီလိုဖြစ်တာပေါ့"

ဟု မောင်လွင်က ဘုမသိဘမသိနှင့် ရမ်း၍ ပြောလေ၏။

"တော်တော်ဆန်းပါလားဗျ"

ဟု ဌာနာအုပ်က ပြောပြန်ရာ မောင်လွင်က---

"ဆန်းတာတော့ မပြောနဲ့လေ၊ မဘဘီတို့က သိပ်ပြီး ခေတ်ဆန်တာဗျ၊ စားတဲ့နေရာမှာလဲ ခေတ်ဆန်တယ်၊ ဝတ်တဲ့နေ ရာမှာလဲ ခေတ်ဆန်တယ်၊ အိပ်တဲ့နေရာမှာလဲ ခေတ်ဆန်တယ် မဟုတ်လား"

ဟု ပြောလေ၏။

"ဒါမျိုး ကျုပ်ဖြင့် မကြားဖူးပါဘူး မာလီကြီးရယ်"

ဟု ဌာနာအုပ်က ပြောလေ၏။

ဇာတ်သိမ်း



"မဘဘီလို မိန်းမမျိုးလား၊ ဟဲ--ဟဲ-- နှစ်ယောက် မရှိပါဘူးဗျာ"

ဟု မောင်လွင်ကလည်း ဘုမသိဘမသိနှင့် မိမိပြောချင်ရာ ပြောလေ၏။ ထို့ကြောင့် ဌာနာအုပ်ကြီးက---

"အပြန်မှ ဝင်ခဲ့မယ်လေ"

ဟုဆိုကာ စက်ဘီးကို ဆက်၍ နင်းသွားလေတော့၏။

မင်းဆိုင်သို့ ရောက်လျှင် ဆိုင်တွင်း၌ လူရှင်းနေသည်ကို တွေ့ရသဖြင့် ဆိုင်ရှင်အဘိုးကြီး အနီးသို့ကပ်ကာ---

"ဖားကြီးနှစ်လုံး ဘယ်မှာလဲ"

ဟု မေးလေ၏။ ဆိုင်ရှင်အဘိုးကြီးကလည်း---

"ရှိ ရှိ ရှိပါတယ်၊ အခန်းထဲမှာပါ"

ဟု ပြန်၍ ပြောလေ၏။ ဌာနာအုပ်လည်း---

"ကောင်းပြီ"

ဟု ဆိုကာ ဆိုင်၏ နောက်ဘက် အခန်းတွင်းသို့ ဝင်သွားလေတော့၏။ ထိုသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် အခန်းတွင်း ရှိ လူတစ်ယောက်သောသူက ဌာနာအုပ်၏ မျက်နှာကို ဓာတ်မီးနှင့် ရွတ်၍ ထိုးလိုက်လေတော့၏။ ဌာနာအုပ်လည်း---

"အမယ်လေး"

ဟု ဆိုကာ နောက်သို့ လန့်ကျလေ၏။ ဌာနာအုပ်လည်း ခါး၌ ချိတ်ထားသော ခြောက်လုံးပြူးကို နှိုက်၍---

"မလှုပ်နှင့် လက်မြှောက်"

ဟု ပြောလေ၏။ ထိုအခါကျမှပင် အခန်းတွင်းမှ လူများက ဌာနာအုပ်ကို သေချာစွာ ကြည့်၍---

"ဟာ-- ဆရာပါလား"

ဟု ပြောကြလေ၏။

"ဘယ်လို ဖြစ်တာလဲ"

ဟု ဌာနာအုပ်က မေးလေ၏။

"ကျွန်တော်တို့ သုံးယောက်က ဒီဆိုင်မှာ မသက်ာစရ နှစ်ယောက် ထမင်းစားနေတာ တွေ့ရတာနဲ့ ထိုင်ပြီး အခြေည် ကြည့်နေတာ၊ အဲဒီနှစ်ယောက် ရှေးဘက်သွား ဆိုပြီး သူတို့ ဖာကြီးနှစ်လုံးကို ဆိုင်ရှင်အဘိုးကြီးဆီမှာ တယ်၊ ဒါနဲ့ ကျွန်တော်တို့လဲ အဘိုးကြီးဆီက ဖာကြီးတွေ ပြီးရှာတော့ ရင်ဖုံးအင်္ကျီထဲက စာတစ်စောင် တွေ့တယ်၊ က ယောဒီမှာပါ၊ ဝံသာနုတွေ အချင်းချင်း လျှို့ဝှက်ရေးတဲ့ ပဲ၊ အစိုးရကို အကျွပ်ကိုင်ဖို့ ရေးထားတဲ့စာပဲ၊ ဒါကြော လူနှစ်ယောက်ဟာ အစိုးရကို ခုကွပေးမယ့် နိုင်ငံရေးသမ ဆိုတာ သေချာပါတယ်၊ ဒါကြောင့် သူတို့ပြန်လာပြီး တွေ့ယူရင် သူတို့နှစ်ယောက်ကို ဖမ်းဆီးမလို့ ဒီအခန်း ကျွန်တော်တို့က ဝင်ပုန်းပြီးစောင့်နေတာပါ"

ဟု ဌာနာအုပ်ကို လက်သီးဖြင့် ထိုးသောသူက ပြော

အခန်းတွင်း၌ ပုန်းအောင်းနေသော လူသုံးယောက်မှာ မှ စေလွှတ်ထားသော ပုလိပ်များ ဖြစ်ကြပေသည်။ သို ရင်းတို့သည် ပုလိပ်ယူနီဖောင်းကို ဝတ်ဆင်ခြင်း မပြုရပေ။ ဝတ်အရပ်စားနှင့်ပင် သတင်းယူခြင်း၊ စုံစမ်းခြင်းကို ပြုလု များ ဖြစ်ပေသည်။

ရာဇဝတ်အုပ်သည် ကသိကအောက်ဖြစ်ကာ---





"ဖာကြီးနှစ်လုံးကို ဂါတ်ကို ယူခဲ့ကြ"

ဟု ဆိုကာ မှုးရောင်လျှက်ရှိသော ပါးရိုက်ကြီးဖြင့် စက်ဘီး နှင်ကာ ဌာနာဆီသို့ ပြန်ခဲ့လေတော့၏။

ထိုအချိန်၌ကား မောင်ဘချစ်နှင့် ရေချမ်းတို့သည် ကုန်ကား ပေါ်၌ ဆန်အိတ်များပေါ်တွင် ထိုင်ကာ စကားတပြော ရှမ်းပြည်နယ်ဘက်သို့ ခရီးဆက်ကြလေတော့ သတည်း။

❖ ❖ ❖

## မောင်ဘချစ်နှင့် သူတောင်းစား ပုံဝတ္ထု

❖ ❖

ဤသို့လျှင် မောင်ဘချစ်နှင့် ရေချမ်းတို့သည် ဓေးထွက်... ခဲ့ရာတွင် ရေချမ်းက မောင်ဘချစ်အား---

"ကိုယ့်လူက ဘယ်လိုကနေ ဘယ်လိုဖြစ်ပြီး ကိုယ်မသ... ဘဲ လူသတ်မှုမှာ တရားခံဖြစ်ရတာလဲ"

ဟု မေးမြန်းရာ မောင်ဘချစ်က ၎င်း၏ ဖြစ်ပျက်သမျှ အ... နဲကို ရေချမ်းအား ပြောပြလေ၏။ ရေချမ်းလည်း မောင်ဘ... ပြောပြသည်ကို ဆေးလိပ်မှာရင်း---

"အင်း--- ဆက်စမ်းပါ၊ စိတ်ဝင်စားပါပဲ"

စသည်ဖြင့် ထောက်ခံကာ နားထောင်ခဲ့လေ၏။ မောင်... ချစ်၏ အဖြစ်အပျက် အလုံးစုံကို နားထောင်ပြီးနောက် ... က---

"ဒါဖြင့်ရင် ကိုယ့်လူက အခုလို ဓေးထွက်လာတာဟာ ... တွေကို ကူညီဖို့ပေါ့"





ဟု မေးလေ၏။

"ဟုတ်ပါ့ဗျာ"

ဟု မောင်ဘချစ်က ဖြေလေ၏။

"ဘာကို ကူညီပြီးရင် ဘာဖြစ်မှာလဲ "

ဟု ရေချမ်းက မေးလေ၏။

"ကျုပ်ပြောခဲ့ပြီကော ကိုရေချမ်းရဲ့၊ ကျုပ်က သူဌေး ...ပေါက် ဖြစ်ခဲ့တယ်၊ ပြီးတော့ လူသတ်မှုနဲ့ အဖမ်းခံရတယ်၊ ...မှာ ကျုပ်အိမ်ကို မီးလောင်တယ်၊ ကျုပ်မိန်းမ ညိုညိုက ...ချည်းတွေကိုယူပြီး ထွက်ပြေးသွားတယ်၊ အဲဒီအခါမှာ ...က ထောင်ကလွတ်လာပြီ၊ ဖျော်စားတစ်ကောင်လို ...ဖြစ်သွားတယ်၊ ဒါကြောင့် ကျုပ်ဆရာကြီးက ...ကျုပ်ကို စေခိုင်းလိုက်တာပါပဲ၊ အဲဒီတာဝန်ပြီးတော ...က မူလကအတိုင်း ပြန်ပြီး ချမ်းသာကြွယ်ဝမယ်လေ ..."

ဟု မောင်ဘချစ်က ပြောလိုက်ရာ ရေချမ်းက---

"ဟား---ဟား---ဟား"

ဟု တဟားဟားနှင့် ဟက်ဟက်ပက်ပက် ရယ်မောလေတော့ ...ကြောင့် မောင်ဘချစ်က---

"...ရယ်ရတာတွေနေလို့လဲ ကိုရေချမ်းရဲ့"

ဟု မေးလေ၏။

"...ဆရာကြီး ဦးဝွမ်တီဆိုတာ ခင်ဗျားပြောပုံထောက် ...တော်ကြီးပါပဲဗျား၊ သူ့ကိုတော့ အပြစ်မတင်ချင်ပါ ... ဒီတစ်ခါ သူပေးလိုက်တဲ့ လေ့ကျင့်ခန်းကတော့

ခင်ဗျားကို အကျိုးပြုမှာ မဟုတ်ဘူး၊ ခုကျတော့မှ ပိုပြီး ရော
သွားလိမ့်မယ်"

ဟု ရေချမ်းက ပြောလေ၏။

"ဘာဖြစ်လို့လဲ ကိုရေချမ်း၊ ဦးဂွမ်တီဟာ ကျုပ်ကို ဒု
ရောက်အောင် တစ်ခါမှ မလုပ်ဖူးသေးပါဘူးဗျာ"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဘာဖြစ်လို့လဲ ဆိုတာကို မပြောခင် ကျုပ်ပြောတဲ့ ပုံပြ
ကလေးကို နားထောင်ကြည့်စမ်းပါ ကိုယ့်လူ"

ဟု ရေချမ်းက ပြောလျှင် မောင်ဘချစ်က---

"လုပ်စမ်းပါဦး"

ဟု ဆိုလေ၏။

"ပိုးရှေးရှေးတုန်းက ဘုရင်ကြီးတစ်ပါး ရှိတယ်ဗျ၊ တစ်
မှာ အဲဒီဘုရင်ကြီးဟာ တောထဲကို သမင်ပစ်ဖို့ ထွက်သွားတယ
ဗျ၊ ဒါပေမယ့် သမင်တစ်ကောင်ကိုမှ မရရှာဘူး၊ အဲဒါနဲ့ တော
က ပြန်ပြီးအထွက်မှာ အလွန်အင်မတန် ကြည့်ညိုဖို့ကောင်း
ရသေ့ ကြီးတစ်ပါးကို သစ်ပင်တစ်ပင်ရဲ့ အောက်မှာ တွေ့ရတယ
ဒါနဲ့ ဘုရင်ကြီးက ရသေ့ကြီးကို ကြည့်ညိုပြီး လှူချင်တန်းချင်
စိတ်တွေ တဖွားဖွား ပေါ်လာတော့တာပေါ့ဗျာ၊ အဲဒါနဲ့ ဘုရင်ကြီ
က ရသေ့ကြီးနားကိုသွားပြီး---

"ရသေ့ကြီးကို လှူချင်ပါတယ်၊ အလှူခံတော်မူပါလို့"

ပြောတယ်၊ အဲဒီအခါမှာ ရသေ့ကြီးက---

"အို ဘုရင်မင်းမြတ်၊ ဤတောအတွင်းမှာရှိတဲ့ အသီးအ
တွေဟာ ကျုပ်အဖို့ အစားအစာအတွက် လုံလောက်ပါတယ်





ချက်နဲ့ အိုင်တွေဟာ သောက်ဖို့ရေအတွက် လုံလောက်ပါ
သစ်ခေါက်တွေဟာလည်း အဝတ်အတွက် လုံလောက်ပါ
သစ်ရွက်တွေနဲ့ ဂူတွေဟာ ကျောင်းသင်္ခမ်းအတွက် လုံ
လောက်ပါတယ်၊ အဲဒီလို လုံလောက်နေပါလျက် ကျုပ်က ဘာ
အလှူခံရမှာလဲ"

လို့ ပြောတယ်၊ အဲဒီအခါမှာ ဘုရင်က---

"ရသေ့ကြီးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်အတွက်
ပြုပါ၍ အလှူခံတော်မူပါ"

လို့ ပြန်တယ်၊ ဘုရင်ဟာ ရသေ့ကြီးက အလှူကို လက်မခံ
နားကြီးအောင်ကို ပြောနေတော့တာပဲ၊ အဲဒီတော့ နောက်
မှာ ရသေ့ကြီးက---

"ကောင်းပါပြီ၊ လှူပါ"

လို့ ပြောလိုက်တယ်၊

အဲဒီလို ရသေ့ကြီးက လှူပါလို့ လက်ခံလိုက်ပြန်တော့ ဘုရင်

"ရှိပါတယ် ရသေ့ကြီး၊ အခုအခါ ကျုပ်ရဲ့ လက်ထဲမှာ
(ဗြာ) ရှိတယ်၊ ရသေ့ကြီးအတွက် အသုံးဝင်တဲ့ ပစ္စည်း
မဟုတ်ပါဘူး၊ ဒါကြောင့် နန်းတော်ကို လိုက်ခဲ့ပါ၊ နန်းတော်
လှူမယ်"

ပြီး ဘုရင်က ရသေ့ကြီးကို နန်းတော်အရောက် ပင့်
ပါတော့တယ်၊ နန်းတော်လဲ ရောက်ရော ဘုရင်ကြီးက
ရသေ့ကြီးအတွက် အဝတ်ရယ် အစားအသောက်တွေရယ်ကို လှူ
တယ်ဗျာ၊ ဒါပေမယ့် အဲဒီပစ္စည်းတွေကို မလှူသေးဘဲ ရှေ့မှာ မှ

ထည့်ပြီး မျက်စိကို မှိတ်လိုက်တယ်၊ ပြီးတော့မှ ပေါ
ဆုတောင်းတော့တာပဲဗျို့

အကျွင်းသီလနဲ့ ပြည့်စုံတဲ့ ပောဒိရသေ့ကြီးကို
ဘေးမွှယ်ဘောစဉ် ရှိခဲ့ရသောနဲ့ အဝတ်အထည်
များ လှူရသောအကျိုး ကြောင့်

ကျွန်ုပ်၌ စည်းစိမ်ချမ်းသာမှုများ တိုးတက်ပါစေ။

ကျွန်ုပ်၏ မိဖုရားများ၌ သားကောင်းသမီး
ကောင်းများ ထွန်းကားပါစေ။

ကျွန်ုပ်၏ နိုင်ငံတော်သည် ယခုထက် ကျယ်
ပြောပါစေ။

ကျွန်ုပ်သည် ကျန်းမာခြင်း၊ အသက်ရှည်ခြင်း
ဖြစ်၍ လောကီ ကာမဂုဏ် ချမ်းသာခြင်းများ တင်း
ပြည့်ကျပ်ပြည့် ခံစားရပါစေ။

ရယ်လို့ လေးလေးနက်နက် ဆုတောင်းတော့တာကိုးဗျ အဲ
လို ဘုရင်ကြီးက မျက်စိမှိတ်ပြီး ဆုတောင်းနေတုန်းမှာပဲ ရသေ့
ကြီးက နန်းတော်ထဲက ထွက်သွားတော့တာပဲဗျို့"

ဟု ဆိုကာ ရေချမ်းက စကားကို ရပ်လိုက်လေ၏။

ထိုအခါ၌ မောင်ဘချစ်က---

"လုပ်စမ်းပါဦး ကိုရေချမ်းရဲ"

ဟု ပြောလေ၏။

"အဲဒီလို ရသေ့ကြီး ထွက်သွားတာကို ဘုရင်က မသိဘူး
လေဗျာ၊ ဆုလဲတောင်းပြီးလို့ မျက်စိလဲ ဖွင့်လိုက်ရော သူ့ရှေ့မှာ
ရသေ့ကြီးမရှိတော့ဘဲ ပျောက်သွားတာကို တွေ့ရတော့ ဘုရင်





... စကောက်ကို အံ့သြသွားတယ်၊ ဒါနဲ့ နန်းတော်အပြင်ဘက်ကို
... လိုက်ရာတော့တာပဲ၊ မြို့ပြင်အရောက်မှာပဲ လျှောက်
... နေတဲ့ ရသေ့ကြီးကို ဘုရင်က မီတော့တယ်၊ အဲဒီလို မီတဲ့
... ဘုရင်က ရသေ့ကြီးကို---

"အသင်ရသေ့ကြီး၊ ဂှူမလို့လုပ်နေတုန်း ဘာဖြစ်လို့ ထွက်
... တာလဲ"

လို့ မေးတာပေါ့ဗျာ၊ အဲဒီတော့ ရသေ့ကြီးက---

"သင်သည် မျက်စိကိုမှိတ်ပြီး သူတောင်းစားကဲ့သို့ တောင်း
နေ၏၊ ငါသည် သူတောင်းစားထံက ပစ္စည်းကို တစ်ဆင့်
... မယူပါ၊ အမှန်စင်စစ်အားဖြင့် သင်လို ဘုရင်အမည်ခံပြီး
သူတောင်းစားဖြစ်နေတဲ့ လူ့ဆီကပစ္စည်းကို တစ်ဆင့်တောင်းခံရ
... အောင် ငါသည် မွဲတေနေသည်မဟုတ်၊ ငါ့အတွက် ငါနေ
... စကားသည် ပြည့်စုံနေသည် မဟုတ်ပါလား၊ ထို့ပြင် သင်
လို့ သူတောင်းစားထံမှ ပစ္စည်းကို တစ်ဆင့်တောင်းရအောင် ငါ
... ရှက်မဲ့သူ မဟုတ်ပေ၊ ငါသည် ဘုရင်အမည်ခံထားသော
သူတောင်းစားတစ်ဦးနှင့် ဆက်လက်၍ စကားမပြောလိုပါ၊ ထို့
... သင်ပြန်ပါလော့"

လို့ ပြောပြီး တောထဲကို ဝင်သွားတယ်ဗျ၊ အခုလဲ ကိုယ့်လူ
... ရှေ့ကို ကူညီဖို့ ထွက်လာတာဟာ တကယ်ကတော့
... မဟုတ်ဘဲ၊ အဲဒီလိုကူညီရင် အရင်ကလို ပြန်ပြီး
... မယ်လို့ ကိုယ့်လူရဲ့ဆရာ ဦးဌမ်ကိုက ပြောလို့
... အဲဒီတော့ ကိုယ့်လူဟာက မနိုင်ပါဘူး၊ ဒီအလုပ်မျိုး
... က ပုံဝတ္ထုထဲက ရသေ့ကြီးရဲ့စကားနဲ့ ပြောမယ်ဆို

ရင် သူတောင်းစားလို့ပဲ၊ လူတွေကို ကူညီပါ့မယ်၊ ကျွန်ုပ်မောင်ဘချစ်အား ချမ်းသာခြင်းကို ဖြစ်ပါစေသတည်း ဆိုတဲ့ အဓိပ္ပာယ်မျိုးပဲ မဟုတ်လားဗျာ"

ဟု ရေချမ်းက ပြောလိုက်လေတော့၏။

မောင်ဘချစ်သည် ရေချမ်း၏ စကားကို လေးလေးနက်နက် စဉ်းစားပြီးနောက်---

"မှန်ပါတယ် ကိုရေချမ်း"

ဟု ပြောလေ၏။

"ဒီလိုဆိုရင် ကိုယ့်လူဟာ သူဌေးမဖြစ်ဘဲ သူတောင်းစား ဖြစ်သွားလိမ့်မယ်"

ဟု ရေချမ်းက ပြောလေ၏။

"အဲဒီတော့ ဘယ်လိုလုပ်ရမလဲ ကိုရေချမ်းရဲ့"

ဟု မောင်ဘချစ်က မေးလေ၏။

"အကောင်းဆုံးကတော့ ကိုယ့်လူရဲ့ ဆရာကြီး ဦးငွမ်တီကိုရော ကိုယ့်လူရဲ့ ချစ်သူမမြနှစ်နဲ့ ဗိုလ်ဝဆိုတဲ့ကောင်လေးကိုရော အိုဗျာ ကိုယ့်လူကိုယ်တိုင်ကိုရော မေ့ပစ်လိုက်ပါ၊ အဲဒီလို မေ့ပစ်လိုက်ရင် ဟောဒီကမ္ဘာလောကကြီးမှာ မောင်ဘချစ်ဆိုတာလဲ မရှိတော့ဘူး၊ အဲဒီတော့ မောင်ဘချစ်ရဲ့ဆရာ ဦးငွမ်တီဆိုတာလဲ မရှိတော့ဘူး၊ မောင်ဘချစ်ရဲ့ ချစ်သူ မမြနှစ်ဆိုတာလဲ မရှိတော့ဘူး၊ မြနှစ်တောင် မရှိတော့ဘူးဆိုတော့ မြနှစ်ရဲ့သားကလေး ဗိုလ်ဝဆိုတာလဲ မရှိတော့ဘူးပေါ့ဗျာ"

ဟု ရေချမ်းက ပြောလျှင် မောင်ဘချစ်က---

"ဘာမှ မရှိတော့ဘူးဆိုရင် ကျုပ်က ဘာလုပ်ရမှာလဲ"





ဟု မေးလေ၏။

"ဒီအခါကျမှ လူတွေကို ကူညီပါ၊ ကူညီတဲ့အခါမှာလဲ ဘာမှ မရှိတော့ဘူးလို့ ဆုံးဖြတ်ထားတဲ့အတွက် ဘာအကျိုးကိုမှ မမျှော်လင့်တော့ဘူးပေါ့ဗျာ၊ အကျိုးကို မမျှော်ဘဲ ကူညီမှသာ စေတနာနဲ့ကူညီခြင်း ဖြစ်တယ်ဗျ အခု ခင်ဗျားလုပ်နေပုံက ငွေတိုးချေးတဲ့ လူလိုဖြစ်နေတယ်၊ ငွေတိုးချေးတဲ့လူဟာ စေတနာရှိလို့ ချေးပေးလိုက်တာ မဟုတ်ဘူး၊ အတိုးကိုလိုချင်လို့ ပေးလိုက်တာ မဟုတ်လား၊ ခင်ဗျားလဲ ဘာထူးသေးလဲဗျာ"

ဟု ရေချမ်းကပြောလေ၏။

"အင်း--- စဉ်းစားစရာပဲ ကိုရေချမ်းရယ်၊ ခင်ဗျားပြောတာ ဟုတ်လောက်ပါတယ်"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဟုတ်လောက်ပါတယ်လို့ မပြောနဲ့ကိုယ့်လူ၊ ဟုတ်ကို ဟုတ်ပါတယ်၊ ခင်ဗျားဟာ စေတနာမမှန်ဘဲ လူတွေကို ကူညီဖို့ ဆိုပြီး ကြိုးစားခဲ့တယ်၊ ရယ်စရာသိပ်ကောင်းနေပြီ ကိုယ့်လူ"

ဟု ရေချမ်းက ပြောလေ၏။

"လုပ်နည်းမှားရင်တော့ ဆက်ပြီးလုပ်လို့ မဖြစ်ဘူး၊ ကျုပ်တော့ ပြန်တော့မယ်၊ ပြန်ပြီးရင် မြနှစ်ကို ယူမယ်၊ ပြီးတော့ ဖြစ်သလိုလုပ်ကိုင်စားသောက်ပြီး မြနှစ်တို့သားအမိနဲ့ အေးအေးဆေးဆေး နိုးမြေကျနေတော့မယ်"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ရေချမ်းသည် တဟားဟားနှင့် ရပ်တက်မတတ် ရယ်မောလိုက်လေတော့၏။ ထိုသို့ ရယ်ပြီးနောက် ရေချမ်းက---

"ကိုယ့်လူက ရယ်နိုင်ကောင်းရုံတင် မဟုတ်ဘူး၊ သနားဖို့ကောင်းတာကိုး၊ အခု ခင်ဗျားဖြစ်နေတဲ့ အဖြစ်က ဘယ်လိုဖြစ်နေတာလဲ သိလား"

ဟု မေးလေ၏။

"မသိပေါင်ဗျာ၊ ပြောစမ်းပါဦး"

ဟု မောင်ဘချစ်က မေးလေ၏။

"ဒီလိုဗျ၊ တစ်ခါက မြစ်ကြီးတစ်ခုဟာ ရေတွေ လျှံပါလေရောတဲ့၊ ရေတွေလျှံပြီး မြစ်ရေတွေတိုးတဲ့အခါဆိုတော့ မြစ်ထဲမှာ ထင်းတုံးကြီးတွေ မျောမျောပြီး ပါလာတာပေါ့၊ အဲဒီအခါမှာ ကိုနှစ်ဆယ်နှစ်အရွယ် ညီအစ်ကိုနှစ်ယောက်ဟာ မြစ်ကမ်းနံဘေးတစ်လျှောက် လာရင်း ထင်းတုံးတွေ မျောလာတာတွေ့တော့ 'အစ်ကိုရေ ဒီမှာ အမေထင်းဆိုက်ဖို့ ထင်းတုံးကြီးတစ်တုံးလောက် ကျွန်တော်ဆင်းပြီး ဆယ်ဦးမယ်' လို့ဆိုပြီး မြစ်ထဲကို ဝုန်းခနဲ ခုန်ချလိုက်ပြီး မျောလာတဲ့ ထင်းတုံးကြီးတစ်တုံးကို ဆယ်တော့တာပေါ့ဗျာ၊ အဲဒီလို ဆင်းပြီးဆယ်ပေမယ့် ညီလုပ်တဲ့လူက ကမ်းပေါ်ကို တော်တော်ကြာတဲ့အထိ ပြန်ပြီးတက်မလာဘဲ ထင်းတုံးကြီးကို ဖက်နေတာနဲ့ ကမ်းပေါ်မှ အစ်ကိုဖြစ်တဲ့လူက 'ညီလေးရေ ထင်းတုံးကြီးကို ဆယ်ပြီး တက်ခဲ့တော့လေ' လို့ ညီကိုလှမ်းပြီး ပြောတယ်ဗျ၊ အဲဒီအခါမှာ ညီဖြစ်သူက 'အစ်ကိုရေ ထင်းတုံးမှတ်လို့ ဆင်းပြီးဆယ်တာပါ၊ ဒါပေမယ့် ထင်းတုံးမဟုတ်ဘူးဗျ၊ ဝက်ဝံကြီးတစ်ကောင် ဖြစ်နေတယ်'လို့ ပြန်ပြီး ပြောရှာတယ်၊ အဲဒီအခါမှာ ကမ်းပေါ်က အစ်ကိုက 'ညီလေး ဝက်ဝံကြီးဆိုရင် ထားခဲ့ပြီး ညီလေးဘာသာ





တက်ခဲ့ပေါ့'လို့ ပြောတာကိုး၊ အဲဒီတော့ ရေထဲမှာ ဝက်ဝံနဲ့ ဖက်လျက်သားဖြစ်နေတဲ့ ညီလေးက ဘာပြောသလဲဆိုတော့ 'အစ်ကိုရေ ကျွန်တော်ကတော့ သူ့ကိုထားခဲ့ချင်တာ ကြာပါပြီ၊ ခုပေမယ့် သူက ကျွန်တော့်ကို ဖက်ထားပြီဗျ' လို့ ကြေကွဲစွာနဲ့ ပြောရှာတယ်ဗျ၊ အခုလဲ ကိုယ့်လူရဲ့အဖြစ်က ဒီလိုဖြစ်နေပြီ၊ ကိုယ့်လူဟာ ပြန်ချင်တိုင်း ပြန်လို့မရတော့ဘူး၊ လူသတ်မှု ဝက်ဝံကြီးက ကိုယ့်လူကို ဖက်တွယ်ထားပြီပဲ"

ဟု ရေချမ်းက ပြောလိုက်ရာ မောင်ဘချစ်သည် စိတ်ပျက်စွာနှင့်...

"ဟုတ်ပါ့ ကိုရေချမ်းရယ်"

ဟု ပြောလိုက်လေတော့သတည်း။

## မောင်ဘချစ်ကို နှိပ်ပေးသော အနှိပ်သည်များ

ဤသို့နှင့်ပင် မောင်ဘချစ်နှင့် ရေချမ်းတို့သည် ရှမ်းပြည်[illegible] အတွင်းသို့ ရောက်ရှိခဲ့ကြလေ၏။ ၎င်းတို့ ရောက်ရှိချိန်၌ ည[illegible] နာရီကျော်ခန့် ရှိပြီဖြစ်ရာ ညအခါ၏ထုံးစံအတိုင်း မည်းမှောင်၍ [illegible] ပြည်နယ်၏ ထုံးစံအတိုင်း ချမ်းအေးလှတော့သည်။ ၎င်းတို့နှ[illegible] သည် ထမင်းဆိုင်သို့ သွားရောက်ကြလေ၏။ ထမင်းဆိုင်ရှ[illegible] မုတ်ဆိတ်ရှည်နှင့် ကုလားအဘိုးကြီး ဖြစ်သော်လည်း ဆိုင်[illegible] ကတော်မှာမူ ပုလဲနားကပ်ကြီးများ ပြူး၍နေအောင် ပန်[illegible] သည့် အညာသူ မြန်မာမကြီး တစ်ဦးဖြစ်ပေသည်။

မောင်ဘချစ်နှင့် ရေချမ်းတို့သည် ဆိုင်ရှင်ကုလားအဘိုးကြ[illegible] နားသို့ကပ်၍---

"ကျုပ်တို့နှစ်ယောက် ထမင်းလဲစားမယ်၊ ပြီးတော့ ဒီမှာ အိ[illegible] ချင်တယ်၊ အိပ်တဲ့အတွက်လဲ ပိုက်ဆံ သတ်သတ် ထပ်ပြီး ပေး[illegible] ဦးမယ်"





ဟု ပြောလိုက်ရာ ကုလားကြီးက တစ်စုံတစ်ရာ ပြန်၍ မပြောမီ၌ပင် ကုလားကြီး၏ မိန်းမကြီးက---

"ကိုအစ်စမိုင်--- ရှုပ်ရှုပ်ယှက်ယှက်တွေ လက်မခံပါနဲ့ လူကောင်းမှန်းမသိ၊ လူဆိုးမှန်းမသိ"

ဟု မျက်နှာထားနှင့် ဝင်၍ ပြောလိုက်လေ၏။ ထိုအခါ၌ မျက်ခုံးမွေးရှည်၍ ကောက်သောကြောင့် ဆိတ်၏မျက်နှာနှင့် ပုံစံတူလှသော ကိုအစ်စမိုင်ဆိုသည့် ကုလားကြီးက---

"မဖြစ်ဘူးဗျ"

ဟု ပြောလေ၏။

မောင်ဘချစ်ကမူ အသနားခံသော မျက်နှာနှင့်---

"လုပ်ပါ အရှကြီးရယ်၊ ကျုပ်တို့မှာက တည်းဖို့ အသိလဲ မရှိလို့ပါ"

ဟု ဝင်၍ ပြောလေ၏။ သို့ရာတွင် ကုလားကြီး၏ မိန်းမကြီးက---

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဘယ်ကလာတွေမှန်းလဲ မသိဘူး၊ ဘယ်လိုလုပ် ညအိပ်ပေးတည်းလို့ ရမှာတုံး"

ဟု ပြောလေ၏။

"[illegible] ကျုပ်တို့နှစ်ယောက်ကို ထမင်းဆိုင်မှာ တည်းခွင့်မပေး [illegible] ယောက်ျား ကုလားကြီးကို မုတ်ဆိတ်မွေးတုံးပြီး [illegible] ဟာလာလုပ်ပစ်လိုက်တဲ့လူတွေမှန်း သိရင်တော့ [illegible] ဒီစကားမျိုး ပြောရုံမှာ မဟုတ်ဘူး"

ဟု ဆိုကာ ရေချမ်းသည် ဆိုင်ရှင်ကုလားအဘိုးကြီး၏ မုတ်ဆိတ်ကို ၎င်း၏ဘယ်လက်ဖြင့် ဆုပ်ကိုင်လိုက်လေ၏။

ထို့နောက် မှတ်ဆိတ်မွေးကို ဆွဲကာ မျက်နှာအနီးသို့ က
လေ၏။

"ဒီမျက်နှာမျိုးကို သေသေချာချာ မှတ်ထား ကုလားကြီး၊
တစ်ယောက်ကို သတ်ပစ်ရမှာ နည်းနည်းမှ ဝန်လေးတဲ့ မျက်
မျိုး မဟုတ်ဘူးဆိုတာ ကြည့်ထား"

ဟု ဆိုကာ တွန်းပစ်လိုက်လေ၏။

ထမင်းဆိုင်ရှင် ကိုအစ်စမိုင်ကြီးမှာ ဒယိမ်းဒယိုင်နှင့် လဲ
သွားလေ၏။

ထို့နောက် ရေချမ်းသည် လွယ်အိတ်အတွင်းမှ သေနတ်
နှိုက်၏။ နောက်သို့ ဆတ်ခနဲ လှည့်၏။ ပြီးလျှင် တစ်
တစ်ယောက်အား သေနတ်ဖြင့် ချိန်လိုက်လေ၏။ မောင်ဘချ
လည်း ယောင်ယမ်း၍ နောက်သို့ လှည့်ကြည့်လိုက်လေ၏။
တစ်ယောက်သည် ဓားရှည်ကြီးကိုင်လျက် ရှေ့သို့ မတိုးဝံ့ဘဲ ရ
၍ နေသည်ကို တွေ့ရတော့မှပင် မိမိတို့နှစ်ဦးအား နောက်မှနေ၍
အလစ်ဝင်ကာ ဓားဖြင့်ခိုင်းမည့်သူဖြစ်ကြောင်း မောင်ဘချ
သည် ကောင်းစွာရိပ်မိလေတော့၏။

ထိုအခါ၌ ရေချမ်းက ဓားသမားအားကြည့်၍---

"ကိုယ့်လူကဘာလဲ၊ ဓားသိုင်းသမားလား၊ ဆယ်နှစ်ဆယ်
လေ့ကျင့်ထားတဲ့ သိုင်းကွက်ကလေးတွေ ပြမ်းပါပြီး၊ ဟော
ကျုပ်လက်ထဲက ပစ္စည်းကတော့ ကိုယ့်လူတို့နှစ်ပေါင်းများစွာ
လေ့ကျင့်ထားတဲ့ သိုင်းကွက်တွေကို လက်ညှိုးကလေးတစ်ချောင်း
ကွေးလိုက်ရုံနဲ့ အနိုင်ယူနိုင်တဲ့ ပစ္စည်းကလေးပဲ၊ သူ့နာမည်က
သေနတ်လို့ ခေါ်တယ်၊ ရှေးတုန်းကတော့ ဆေးနတ်လို့ ခေါ်တယ်





ခေါ်ခေါ်လေး၊ သေနိုင်တဲ့ ပစ္စည်းကြီးပေါ့"

ဟု တစ်လုံးချင်း ပြောလိုက်လေ၏။

ဓားသမားလည်း နောက်သို့ဆုတ်ကာ လှည့်၍ ထွက်သွား
၏။ ထိုအခါ၌ ရေချမ်းက ထို ဓားသမားအား---

"ကိုယ့်လူရေ၊ သိုင်းသမားတွေတော့ ထပ်ပြီး ခေါ်မလာနဲ့ဦး၊
ကျုပ်လက်ထဲက သေနတ်ကလေးပဲ နိုင်လိုက်
ဒါဖြင့်ရင်တော့ ခေါ်ချင်ရင်တော့ သေနတ်သမားကိုသာ ခေါ်ခဲ့"

ဟု ပြောလိုက်ရာ ဓားသိုင်းသမားသည် "ထို" ဟု တံတွေး
ထွေး၍ ဆိုင်အတွင်းမှ ထွက်သွားလေတော့၏။ ထို့နောက် ရေ
ဆိုင်ရှင် အစ်စမိုင်ဘက်သို့ လှည့်ကာ---

မိတ်ဆွေကြီး ကိုအစ်စမိုင်ရေ၊ ရေပြည်မသွားချင်
ကျုပ်တို့နှစ်ယောက်အတွက် ကြက်သားဟင်းနဲ့ ထမင်း
တစ်ပန်းကန်၊ ဆေးခါးဟင်းချိုက တစ်ခွက်၊
တုတ်တုတ်နှစ်ချောင်း၊ ဟော့ဟိုစားပွဲမှာ ပြင်ပေ
ပြီးရင် အင်မတန် အနှိပ်တော်တဲ့ အနှိပ်သည်နှစ်ယောက်
ခေါ်လာခဲ့ ကျုပ်တို့နှစ်ယောက် ထမင်းစားပြီးရင်
နောက်တစ်ရက သိပ်ပြီးချမ်းတယ်၊ မီးဖိုနှစ်လုံးလုပ်
ကျုပ်တို့နှစ်ယောက် အိပ်ရာဘေးနားမှာ လာချပေးထားပါ"

ဟု ပြောလိုက်ရာ ထမင်းဆိုင်ရှင် ကုလားကြီးက---

ရပါ့မယ်ဗျား ရပါ့မယ်၊ ကျုပ်က အခုလို စည်ကောင်း
ကိုတွေ့မှန်း မသိလို့ပါ"

ဟု ပြောဆိုကာ ရေချမ်းမှာသည် အရာများကို ရှိနိုင်ရန်

အတွက် ၎င်း၏ဆိုင်မှ လက်ပံစေးများအား ကုလားလိုတစ်
မြန်မာလိုတစ်သွယ် ကြိမ်းမောင်းဆဲဆို၍ စေခိုင်းလိုက်လေတေ
၏။

ထိုကြောင့် များမကြာမီအချိန်၌ပင် မောင်ဘချစ်နှင့် ရေချ
တို့သည် ကြက်သားဟင်း၊ ဂျူးမြစ်သုပ်၊ ဆေးခါးဟင်းရည်တို့
ထမင်းကို မြိန်ရှက်စွာ စားသောက်နိုင်ကြလေတော့၏။

ထမင်းစားပြီးသည့်အခါ၌ မောင်ဘချစ်တို့ အိပ်စက်နိုင်
အတွက် ဆိုင်ရှင်ကုလားကြီးက ဖုတင်တစ်လုံးစီ ပြင်၍ ပေးေ
၏။ မောင်ဘချစ်နှင့် ရေချမ်းတို့လည်း ဖုတင်များပေါ်၌
လျောင်းလေ၏။

ထိုအချိန်၌ အနိပ်သည်နှစ်ဦး ရောက်ရှိလာပြီးလျှင် မော
ဘချစ်နှင့် ရေချမ်းတို့အား စတင်၍ နှိပ်နင်းပေးကြလေတော့၏
မောင်ဘချစ်ကို နှိပ်သော အနိပ်သည်မှာ အေးချမ်းစွာ နှ
သော်လည်း ရေချမ်းကို နှိပ်သော အနိပ်သည်မှာမူ အမျိုးမျိုး အ
ဖုံ လက်စွမ်းပြလေတော့၏။ အနိပ်သည်က---

"အမျိုးမျိုး တစ်ရာကျော် တတ်တယ်ဗျ၊ ဟောဒါက ဗမ္
တံခါးပိတ်လို့ ခေါ်တယ်"

ဟုဆိုကာ ရေချမ်း၏ ခြေထောက်ကို လိမ်၍ ချိုးလေ၏။
တစ်ဖန်

"ဟောဒါက တောင်တက်တောင်ဆင်း ချိုးနည်းဗျ"

ဟု ဆိုကာ ရေချမ်း၏ ဒူးကို ကွေး၍ ချိုးပြပြန်လေ၏။

"ဟောဒါက ဆရာကော်ဆဲ ဖရုံဆွဲလို့ ခေါ်တယ်ဗျ၊ နာလွှ
လို့ ဆရာကိုတောင် အော်ဆဲတဲ့ အချိုးပေါ့ဗျာ"





ဟု ဆိုကာ ချိုးပြန်လေ၏။

ထို့နောက် ရေချမ်းအား နောက်ကျောမှရှုပ်၍---

"ကိုရွှေရာရင်ကောလို့ ခေါ်တယ်၊ မိတ်ဆွေကြီး ဘာများ
တတ်နိုင်သေးသလဲ၊ လည်ပင်းဆစ်ကိုချိုးပြီး မြွတ်ပစ်ရမလား၊
ကျောဆစ်ကိုချိုးပြီး ကျောက်ကပ်ကွာအောင်လုပ်ရမလား"

ဟု ပြောလိုက်လေ၏။

ထိုအခါ၌ ရေချမ်းက---

"ခင်ဗျားလေသံက သိုင်းသမားလေသံမျိုးပါလား"

ဟု ပြောလိုက်ရာ အနိပ်ဆရာက---

"မှန်တာပေါ့ဗျာ၊ ကိုယ့်လူတို့ ဒီဆိုင်မှာလာပြီး စိုလ်တောင်း
နေတယ်ဆိုတာ ကြားရလို့ အနိပ်သည်ယောင်ဆောင်ပြီး ဝင်လာ
ခဲ့တာပဲ၊ အခုတော့ ကိုယ့်လူသေရတော့မယ်"

ဟု အနိပ်ဆရာက ပြောလေ၏။ မောင်ဘချစ်လည်း လွန်စွာ
နိုးရိမ်ထိတ်လန့်ခြင်း ဖြစ်ရလေ၏။ မောင်ဘချစ်၏ အနိပ်သည်
ကလည်း မောင်ဘချစ်ကို နောက်မှလှန်ပြီး ချုပ်ထားပြီဖြစ်၏။

ရေချမ်းသည် "ဟဲ ဟဲ" ရယ်လေ၏။

"တော်တော်ရယ်ဖို့ကောင်းတဲ့ သိုင်းသမားတွေပဲ၊ ဒီဉာဏ်
လောက်နဲ့များ သိုင်းသမား လုပ်နေကြတာကိုး၊ ရှင်းရှင်းပြောရ
ရင်တော့ ကျုပ်က ခါးကျိုးမှာလဲ မကြောက်ဘူး၊ လည်ပင်း
အဆစ်ကျိုးမှာလဲ ကြောက်တဲ့လူ မဟုတ်ဘူး၊ ဟော့ဟိုက ကျုပ်
မိတ်ဆွေကြီးပဲ ကျုပ်မရှိရင် အဖော်မရှိဘဲ ဖြစ်နေမှာကိုပဲ နိုးရိမ်
တယ်၊ အဲဒါကြောင့် မသေအောင်တော့ လုပ်ရမှာပေါ့ဗျာ"

ဟု ပြောလိုက်လေ၏။

ထိုအခါ၌ ရေချမ်းအား ချုပ်ထားသော သိုင်းသမား အနှိပ်သည်က ဆိုင်ရှင်ဖြစ်သူ အစ်စမိုင်ကို လှမ်း၍ ခေါ်လေ၏။ အစ်စမိုင်ရောက်လာသော အခါ၌---

"ကဲ--- အစ်စမိုင်၊ ဒီကောင်နှစ်ကောင်တော့ တို့လက်ထဲ ရောက်နေပြီ"

ဟု ပြောလိုက်လေ၏။ ထမင်းဆိုင်ရှင် အစ်စမိုင်ဆိုသည် ကုလားအဘိုးကြီးသည် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ နေလေ၏။

"ဒီလိုအားကိုးရလို့လဲ ဆရာသမားတို့ကို ကျုပ်က လေးစားတာပေါ့ဗျာ"

ဟု ပြောလိုက်လေ၏။

"အေးပါ၊ ဘယ်လိုလုပ်ရမလဲဆိုတာသာ ပြောပါ၊ အသေသတ်ရမလား၊ ခါးဆစ်ကိုချိုးပြီး တစ်သက်လုံးဒုက္ခိတဖြစ်အောင် လုပ်ရမလား၊ ကြိုက်တာကိုသာ ပြောပါ"

ဟု အနှိပ်သည် သိုင်းသမားက ပြောလေ၏။

ထိုအခါ၌ ထမင်းဆိုင်ရှင် အဘိုးကြီးအစ်စမိုင်က----

"သေအောင် မလုပ်ပါနဲ့ဗျာ၊ ခါးကိုချိုးပြီး ဒုက္ခရောက်သွားအောင်သာ လုပ်ပေးပါ"

ဟု ပြောလိုက်သည့်အချိန်၌ပင် ရေချမ်းလည်း တစ်ချက်ကို ကိုယ်ကိုယိမ်း၍ ရှောင်လိုက်၏။

ထို့ကြောင့် ပြတင်းပေါက်တံခါးကို ထောက်ထားသော တံခါးခေါက်သည် ဝုန်းခနဲ ပြုတ်၏။ တံခါးသည် အနှိပ်သည် သိုင်းသမား၏ နားထင်ကို ဖြန်းခနဲ ရိုက်၏။ သိုင်းသမား လည်း၍





ကျသွား၏။ ရေချမ်းသည် သေနတ်ကို ထုတ်၏။ မောင်ဘချစ် အနှိပ်သည်၏ နားထင်ကို သေနတ်ပြောင်းဖြင့် ထောက်၏။ အနှိပ်သည်လည်း မောင်ဘချစ်ကို လွှတ်လိုက်ရ၏။

ရေချမ်းသည် ထမင်းဆိုင်ရှင် အစ်စမိုင်၏ပါးကို ဖြန်းခနဲ ရိုက်လိုက်၏။ ကုလားကြီးလည်း နောက်သို့ လဲကျသွား၏။

ထိုအခါ၌ ရေချမ်းက သေနတ်ဖြင့်ချိန်၍ အနှိပ်သည် သိုင်းသမားနှစ်ဦးအား---

"ကဲ--- ကိုယ့်လူတို့ ပြန်ကြပေတော့"

ဟု အမိန့်ပေးလိုက်လျှင် သိုင်းသမားတို့လည်း စိတ်ဆိုးမာန်ဆိုးဖြင့် ဆိုင်အတွင်းမှ ထွက်ခွာသွားကြလေတော့၏။ ထိုသူတို့ ထွက်၍သွားလျှင် ရေချမ်းက ထမင်းဆိုင်ရှင်-အဘိုးကြီးအား---

"ကဲ--- ကုလားအဘိုးကြီး ခင်ဗျားမိန်းမကြီးကို ခေါ်လိုက်"

ဟု ဆိုသဖြင့် ကုလားအဘိုးကြီးလည်း ၎င်း၏ မိန်းမအား-

"မယ်သော်ရေ၊ ဓာလာပါဦး"

ဟု လှမ်း၍ ခေါ်လိုက်လေ၏။ ကုလားအဘိုးကြီး၏ မိန်းမလည်း ကပျာကယာ ရောက်၍ လာလေ၏။

"ကဲ--- အဒေါ်ကြီးရေ၊ ဟိုဘက်ကလူကို နှိပ်ပေးပေတော့၊ ကိုအစ်စမိုင်ကြီးက ကျုပ်ကို နှိပ်ပေး၊ တစ်ညလုံး မအိပ်တဲ့ ကျုပ်တို့ နှစ်ယောက်ကို နှိပ်ကြပေတော့၊ ခင်ဗျားတို့အပြစ်နဲ့ ခင်ဗျားတို့ပဲ၊ ကျုပ်တို့က အနှိပ်သည်ခေါ်ခဲ့ပါဆိုတာ မခေါ်ဘဲနဲ့ သိုင်းသမားတွေကို ခေါ်ခဲ့တာကိုး၊ ခင်ဗျားတို့ ခေါ်ခဲ့တဲ့ သိုင်းသမားတွေက နည်းနည်းမှ မနှိပ်တတ်ကြဘူး၊ အလကားကောင်တွေ၊ လူပေါ်တွေ၊ ကဲ--- အလုပ်စမယ်"

ဟု ရေချမ်းက ဆိုသဖြင့် ဒေါ်သော့ဟုခေါ်သော အဒေါ်ကြီးက မောင်ဘချစ်အား စောင်း၍ နှိပ်ပေးရလေတော့၏။ ထမင်းဆိုင်ရှင် ကုလားကြီးကမူ ရေချမ်းအားစောင်း၍ နှိပ်ရလေတော့၏။

"အဘိုးကြီးနှိပ်တာ သိပ်ကောင်းတယ်၊ သီချင်းကလေးဆို ပြီးနှိပ်ရင် ပိုပြီးတော့တောင် ကောင်းဦးမယ်၊ ကုလားသီချင်း ကလေး ဘာလေး မရဘူးလားဗျ"

ဟု ရေချမ်းက ပြောလိုက်ရာ ကုလားအဘိုးကြီးက---

"ရပါတယ် ဧည့်သည်ကြီးရယ်၊ ဆိုပြပါ့မယ်ဗျာ"

ဟု ဆိုကာ အသံနေအသံထားဖြင့် လွန်စွာ နားငြီးဖွယ် ကောင်းသော ကုလားသီချင်းကို စောင်း၍ ဆိုလေတော့၏။

ကုလားအဘိုးကြီးလင်မယားလည်း ကြောက်ကြောက်နှင့် သီချင်းဆိုရင်း နှိပ်ခဲ့ကြရာ နံနက် (၄) နာရီ ထိုးလေတော့၏။

ထိုအခါ၌ ရေချမ်းက---

"ကဲ--- ကျေးဇူးတင်တယ် ကိုအစ်မှိုင်ရေ၊ မနေ့က တစ်နေ့နဲ့တစ်ည ရောင်းထားတဲ့ ပိုက်ဆံကလေးတွေကို ယူလာ ခဲ့ပြီး ကျုပ်တို့ကို လမ်းစရိတ်အဖြစ် လှူလိုက်ပေဦးတော့"

ဟု ပြောသဖြင့် ကုလားအဘိုးကြီးလည်း---

"ရပါတယ် ဧည့်သည်ကြီးရယ်၊ ရပါတယ်"

ဟု ဆိုကာ ပိုက်ဆံသေတ္တာကို ယူလာပြီးလျှင် ရေချမ်းအား ပေးလေ၏။ ရေချမ်းကလည်း ပိုက်ဆံကို ရေတွက်၍---

"တစ်ရာ့အစိတ်တည်းပါလားဗျ"

ဟု မေးလျှင် ကုလားကြီးက---

"ဟုတ်ပါတယ် ဧည့်သည်ကြီးရယ်၊ ဒါပဲ ရပါတယ်"





ဟု ပြောလေ၏။

"နေစမ်းပါဦးဗျ ကြက်က ဘယ်နှစ်ကောင် သတ်ပြီး ချက်ရ သလဲ"

ဟု မေးလေ၏။

"တစ်ပိဿာကောင် ဆယ်ကောင်ချက်ရပါတယ်"

"ကျန်တာတွေကကော"

ဟု ရေချမ်းက မေးပြန်၏။

"အမဲသားကတော့ လေးပိဿာလောက်ပဲ ချက်ရပါတယ်"

ဟု ကုလားကြီးက ဖြေလေ၏။

"ကောင်းပြီ၊ အရက်ရောင်းတဲ့ ပိုက်ဆံတွေကော"

ဟု မေးလေ၏။

"အရက်ရောင်းတဲ့ပိုက်ဆံတွေက"

ဟုဆိုကာ ကုလားကြီးသည် မိန်းမကြီးဘက်သို့ လှည့်၍ ကြည့်လေ၏။ မိန်းမကြီးလည်း ၎င်း၏ ခွေးခံအင်္ကျီအိတ်ထဲမှ ငွေ တစ်ရာကို ထုတ်၍ ရေချမ်းအား ပေးလေ၏။

ထိုကြောင့် ရေချမ်းက---

"ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေဗျာ"

ဟု ပြောဆိုကာ ဆိုင်အတွင်းမှ ထွက်လေ၏။ မောင်ဘချစ် လည်း ရေချမ်း၏ နောက်မှ လိုက်ပါခဲ့လေ၏။

လမ်းတွင် မောင်ဘချစ်က---

"ကုလားအဘိုးကြီးကို နှိပ်စက်လှချည်လား ကိုရေချမ်းရယ်"

"ဒီလိုဗျ ကျုပ်တို့တိုင်းပြည်မှာနေတဲ့ ကုလားလူမျိုးဟာ အကြမ်းအားဖြင့် နှစ်မျိုးနှစ်စား ရှိတယ်၊ အဲဒီ နှစ်မျိုးနှစ်စားမှာ

ကျုပ်တို့နဲ့အတူ အေးအတူ ပူအမျှ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်တ နိုင်ငံသားကုလားလူမျိုးရယ်၊ ပြီးတော့ ကျုပ်တို့ဆီက ငွေရေ ငွေရော လူမျိုးတွေရောကို ပျောက်အောင်လုပ်မယ့် နိုင်ငံခြ သားကုလားရယ်လို့ နှစ်မျိုးရှိတယ်၊ ကျုပ်က နိုင်ငံသားကို ဘယ် တော့မှ မနှိပ်စက်ဘူးဗျ၊ ဒီကုလားကြီးက နိုင်ငံသား မဟုတ် ဘူးဗျာ၊ ဒီနိုင်ငံက ရှာလို့ရတာကို ကုလားပြည်ပြန်ပို့မယ့် လူကြ ဆိုတာ မြင်ရုံနဲ့ သိပါတယ်ဗျာ"

ဟု ရေချမ်းက ရှင်းပြလေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ဓနိးကြဲလှည်းတန်းကြီးနှ ညောင်ရွှေဘက်သို့ လိုက်ပါရန် ထွက်ခဲ့လေတော့၏။

❖ ❖ ❖



## မောင်ဘချစ်တို့ "ဒီလိုလဲ ဖြစ်ရမယ်"

ရေချမ်းသည် လှည်းတန်းကြီး၏ ဦးစီးခေါင်းဆောင်ဖြစ်သူအား သွားရောက်တွေ့ဆုံကာ မိမိတို့လည်း လိုက်ပါလိုကြောင်း ပြောဆိုလေ၏။ ထိုအခါ၌ လှည်းတန်းကြီး၏ ခေါင်းဆောင်ဖြစ်သော ရှမ်းဘောင်းဘီပွကြီးကို ဝတ်လျက် ဓားကြီးကိုလွယ်ကာ မြက်မောက်ကြီးကို ဆောင်းထားသော လူထွား သွားခေါ်သည့် သူက——

"လိုက်တာကတော့ဟုတ်ပါပြီ"

ဟု ပြောလေ၏။

"လိုက်တာကတော့ ဟုတ်ပါပြီဆိုတော့ မဟုတ်တာကကော ဘာတုံးဗျ ပြောပါဦး"

ဟု ရေချမ်းက မေးလေ၏။

"ထမင်း ဘယ်လို စားရမှာတုံးဗျာ"

"–ဂ်နဲ့ပဲ စားရမှာပေါ့"

ဟု ရေချမ်းက ပြန်၍ ပြောလျှင် ထိုသူက---

"ဒီလိုလဲ ဖြစ်ရမယ်"

ဟု ပြန်၍ ပြောလေ၏။

ထိုနောက် ထိုသူကပင်---

"ကျုပ်မေးတာက ခင်ဗျားတို့နှစ်ယောက်အတွက် ကျုပ်တို့ဆီမှာ ထမင်းမပါဘူးလို့ ပြောတာဗျ"

ဟု ပြန်ပြောလေ၏။ ထိုအခါ၌ ရေချမ်းက---

"ထမင်းမပါလဲ ကိစ္စ မရှိပါဘူးဗျာ၊ ဆန်တွေပါတယ် မဟုတ်လား၊ ချက်ရင် ရတာပေါ့"

ဟု ပြောလိုက်ရာ ထိုသူက---

"ဒီလိုလဲဖြစ်ရမယ်"

ဟု ပြောပြန်လေ၏။ အမှန်မှာ ထိုလူသည် မည်သည့်စကားကို ပြောသည်ဖြစ်စေ ၎င်းအနေနှင့် သဘောကျသွားပါက "ဒီလိုလဲ ဖြစ်ရမယ်" ဟူသော စကားကို အားရပါးရ ပြောဆိုတတ်သူဖြစ်ပေ၏။

ထို့နောက် ထိုသူကပင် ဆက်လက်၍---

"မဟုတ်သေးဘူးဗျ ကျုပ်ပြောချင်တာက ခင်ဗျားတို့နှစ်ယောက်ကို လှည်းကြုံနဲ့တော့ လိုက်ခွင့်ပြုမယ်၊ ထမင်းတော့ မကျွေးနိုင်ဘူးလို့ ပြောတာပါ"

ဟု ပြောလေ၏။

"မဟုတ်ဘူးလေဗျာ၊ ကျုပ်တို့က ခင်ဗျားတို့ဆီက အလကား မစားပါဘူး၊ ထမင်းဖိုးပေးပြီး စားမှာပါ" ဥ

ဟု ရေချမ်းက ပြောလိုက်ရာ ထိုသူက---





"ဒီလိုဆိုရင်တော့ ရပါတယ်ဗျာ"

ဟု ပြန်၍ ပြောလျှင် ရေချမ်းက---

"ဒီလိုလဲ ဖြစ်ရမယ်"

ဟု ထိုသူပြောနေကျစကားကို ပြောလိုက်ရာ လှည်းသမားများသည် ရယ်မောကြလေတော့၏။

ထိုအခါ၌ သွားခေါ်ခေါ်နှင့်လူက---

"လိုက်ခဲ့ပါတော့ဗျာ၊ လိုက်ခဲ့ပါတော့"

ဟု ခွင့်ပေးလိုက်လေတော့၏။ ရေချမ်းနှင့် မောင်ဘချစ်တို့လည်း လှည်းတန်းကြီးဖြင့် လိုက်ပါခဲ့ကြလေတော့၏။

သို့နှင့်ပင် မောင်ဘချစ်တို့ လိုက်ပါလာသော လှည်းတန်းကြီးသည် တရွေ့ရွေ့နှင့် တောင်ကြိုတောင်ကြားကို ကျော်ဖြတ်ကာ ခရီးထွက်ခဲ့ကြလေတော့၏။ ညနေပိုင်းသို့ရောက်လျှင် လှည်းများကို ရပ်နားခဲ့၍ နွားများကို ဖြုတ်ကာ စခန်းချကြလေ၏။ ထိုအခါ၌ မောင်ဘချစ်သည် ထမင်းချက်သူများကို ကူညီ၍ ချက်ပြုတ်ပေးလေ၏။ ရေလိုသည့်အခါ ရေများကို ဝါးကျည်တောက်ဖြင့် ကူ၍ သယ်ပေးလေ၏။ ရေချမ်းမှာမူ စမ်းချောင်းကလေးရှိရာသို့ သွားကာ ကျောက်ခဲတစ်လုံးကို ခေါင်းအုံး၍ အိပ်လေ၏။

ထိုအချိန်၌ ခရီးသည် တစ်ဦးသည် မည်သို့ဖြစ်သည်မသိ၊ ဗိုက်ကိုနှိပ်ကာ "အောင့်တယ်၊ အောင့်တယ်" ဟု အော်၍ နေရာတွင်ပင် လဲလေတော့၏။ ထိုနောက် အဖျားများ တက်လာလေ၏။ မောင်ဘချစ်လည်း ထိုလူနာအား ကူညီ၏။ အောင့်သည်ဆိုသော နေရာသို့ ရေနွေးကျုပ်ထုပ်ထိုး၍ ပေးလေ၏။

...းလုံးသည် ထိုလူနာအတွက် ယောက်ယက်ခတ်၍ နေ

ကြလေ၏။ ရေချမ်းတစ်ဦးသာလျှင် စိတ်ဝင်စားခြင်း မရှိဘဲ အိပ်ရှိသာ နေလေ၏။

ထိုအခါ၌ မောင်ဘချစ်သည် ရေချမ်းအနီးသို့ ရောက်လာပြီးလျှင်---

"ကိုရေချမ်းရေ--- ဟိုလူတော့ ဘာဖြစ်တယ် မသိဘူးဗျ ဖိုက်ထဲက အောင့်တယ်ဆိုပြီး အခု အရှားတက်လာပြီဗျ သူ့ကို ကြည့်ရတာ သေလိမ့်မယ် ထင်တယ်"

ဟု ပြောလေ၏။

"ခင်ဗျားဆရာကြီး ဦးဂွမ်တီက ခင်ဗျားကို လွှတ်လိုက်တာ လူတွေကို ကူညီဖို့ မဟုတ်လား၊ အခု ခုက္ခဖြစ်တဲ့လူကို တွေ့နေပြီ ကူညီတော့လေဗျာ"

ဟု ရေချမ်းက ပြောလေ၏။

"ခင်ဗျားမြင်တဲ့အတိုင်းပဲဗျာ၊ ကျုပ်လဲ တတ်သလောက် မှတ်သလောက် ကူညီနေတာပဲ၊ သူ့ကမှ မသက်သာတာ ဘယ့်နှယ်လုပ်ရမတုံး"

ဟု မောင်ဘချစ်က ပြောလေ၏။

ထိုအခါ၌ ရေချမ်းသည် အိပ်နေရာမှ ထပြီးလျှင် အနီးရှိ သဘော်သင်မှ သဘော်ရိုးတစ်ရိုးကို ပြောင်းအနံ ချိုးယူလိုက်လေ၏။ ထိုနောက် လှည်းသမားတစ်ဦးထံ ဆပ်ပြာတုံးကို တောင်းယူကာ ရေဖျော်ပြီးလျှင် ဗိုက်အောင့်သည်ဆိုသည့် လူ၏ စအိုဝမှနေ၍ သဘော်ရိုး၏ အကူအညီဖြင့် ဆပ်ပြာရည်များကို သွင်းလေတော့၏။ များမကြာမီ၌ပင် ထိုသူသည် ဝမ်းသွားချင်သည် ဟု ဆိုကာ ချုံအတွင်းသို့ တိုးဝင်၍ ဝမ်းသွားလေတော့၏။





ဝမ်းသွားပြီးသည့်အခါ၌ ထိုသူ၏ဝေဒနာသည် ယူပစ်လိုက်သကဲ့သို့ ပျောက်၍ သွားပြီဖြစ်ရာ လှည်းသမားတို့၏ ခေါင်းဆောင် ကိုပေါက်ခေါက---

"ဒီလိုလဲ ဖြစ်ရမယ်"

ဟု အားရဝမ်းသာ ပြောလိုက်သောကြောင့် မောင်ဘချစ်တို့ လူစုမှာ ရယ်ကြလေတော့၏။

ထိုအခါ၌ လှည်းသမားတို့၏ ခေါင်းဆောင်က လူများအား-

"ဟော့ကောင်၊ ဒီလူက မင်းရဲ့ ရောဂါကို ပျောက်အောင် ကုပေးတဲ့အတွက် ဒီလူကို ထမင်းကျွေးသွား၊ ထမင်းဖိုး မယူနဲ့"

ဟု ဆိုလေ၏။

ညဦးသို့ ရောက်လျှင် မောင်ဘချစ်တို့၏ လှည်းတပ်ကြီးသည် မီးများဖိုကာ မီးလှုံကြလေ၏။ ရေနံဆီသံပုံးအလွတ်ကြီး တစ်လုံးနှင့်လည်း ရေနွေးများကျိုကာ လက်ဖက်ခြောက်များ ခတ်လျက် တပျော်တပါးကြီး ရေနွေးသောက်ကြလေသည်။ ၎င်းတို့၌ ပါလာသော ဘင်ဂျိုများ တယောများကို တီးကြလေ၏။ သီချင်းဆိုကြလေ၏။

ထိုအချိန်၌ တယောကြိုးနှစ်ချောင်းသည် ရှေဆင့်နောက်ဆင့် ဆိုသလို ပြတ်၍ သွားသောကြောင့် ၎င်းတို့၏ ပျော်ရွှင်ခြင်းသည် ရုတ်တရက် ရပ်ဆိုင်းသွားလေတော့၏။ ထိုကြောင့် သွားခေါခေါနှင့်လူက---

"ကြိုးအပိုမပါတော့ဘူးလား"

ဟု မေးလေ၏။

တယောသမားက မပါကြောင်း ပြောလေ၏။

"ခက်တော့တာပဲကွာ၊ ပျော်ပျော်ပါးပါး သီချင်းဆိုမလို့ ရှိသေးတယ်၊ မင်းတယောကြီးက ပြတ်သွားရတယ်လို့"

ဟု ပြောလေ၏။

ရေချမ်းသည် မောင်ဘချစ်အား--

"ကဲ--- ကိုယ့်လူ၊ ဟိုလူတွေ တယောကြီးမရှိလို့ ခုက္ခဖြစ်ကုန်ပြီ၊ ကူညီလိုက်လေဗျာ"

ဟု ပြောလေ၏။

"ဘယ်လိုလုပ် ကူညီရမှာတုံးဗျာ၊ တယောကြီးပြတ်သွားတဲ့ဥစ္စာ၊ ကျုပ်က ဘယ့်နှယ် လုပ်ရမှာတုံး"

ဟု ပြောလေ၏။

ရေချမ်းသည် တယောသမားထံမှ တယောကို ဆွဲယူ၍ တယောကြိုးများကို ဖြုတ်ပစ်လိုက်လေ၏။

ထိုနောက် လုည်းသမားတစ်ဦး၏ ပိုးခေါင်းပေါင်းကို တောင်းယူကာ ပိုးမျှင်များကို ထုတ်လေ၏။ ထုတ်ပြီးလျှင် လေးမျိုးလေးစားခွဲ၍ ကျစ်လေတော့၏။ ထိုသို့ ကျစ်ပြီးနောက် တယောနှင့် တပ်ဆင်လိုက်ပြီးလျှင် ကြိုးကိုညှိ၍ ဘိုးတံကို တောင်းယူကာ လက်သံစမ်းလိုက်လေ၏။ လွန်စွာကောင်းသောတယောလက်သံကို ကြားရလေတော့၏။

ရေချမ်းသည် တယောလက်သံ စမ်းပြီးနောက် တယောသမားလက်သို့ တယောကို ပြန်၍ အပ်လိုက်လေတော့၏။ လှည်းသမားများလည်း ရေချမ်း၏ ကြိုးပမ်းမှုကို အသိအမှတ် ပြုသောအားဖြင့် လက်ခုပ်တဖြောင်းဖြောင်း တီးကြလေ၏။ လွန်စွာ သွားခေါ်သော လှည်းသမားခေါင်းဆောင်ကမူ---





"ဒီလိုလဲ ဖြစ်ရမယ်"

ဟု ပြောလေ၏။

လှည်းသမားများသည် အတော်ညဉ့်နက်သည်အထိ တီးမှုတ်ကခုန်နေကြ၏။ ရေချမ်းမှာမူ မီးဖိုနှင့် အနီးဆုံး နေရာ၌ နေရာယူ၍ အိပ်စက်လေတော့၏။

မောင်ဘချစ်ကမူ ရေနွေးကြမ်းပြတ်ရန်အတွက် ရေဖြည့်ခြင်း၊ မီးထိုးခြင်းအလုပ်များ လုပ်ရင်းဖြင့်ပင် မိုးလင်းလေတော့၏။ နံနက်မိုးလင်းသည့်အခါ၌ လှည်းသမားတို့၏ ခေါင်းဆောင်ကိုပေါက်ခေါ်သည် မီးဖိုအနီးသို့ ရောက်လာပြီးလျှင်---

"ညက တစ်ညလုံး မအိပ်ရဘူး၊ ဝမ်းသွားလိုက်တာ၊ ဟောပြောရင်းဆိုရင်း အခုတောင် သွားချင်သေးတယ်"

ဟု ပြောဆိုကာ ချုံထဲသို့ ဝင်လေ၏။ လှည်းသမားများလည်း နွားများကို ကောက်ယူ၍ လှည်း၌ တပ်ကြကုန်၏။ သို့ရာတွင် ၎င်းတို့၏ ခေါင်းဆောင်က အမိန့်မပေး၍ မထွက်ရဘဲ ရှိလေ၏။

၎င်းတို့၏ ခေါင်းဆောင်မှာလည်း ချုံထဲမှ ထွက်လာလိုက် ပြန်၍ဝင်သွားလိုက်နှင့် ဒုက္ခဖြစ်နေလေတော့၏။ ထိုအခါ၌ မောင်ဘချစ်က---

"လှည်းတန်းကြီးတော့ တော်တော်နဲ့ ထွက်နိုင်မှာ မဟုတ်ဘူးဗျို့၊ လှည်းသမားခေါင်းဆောင် ကိုပေါက်ခေါ်တစ်ယောက် ဝမ်းတွေသွားနေတယ်"

ဟု ပြောလေ၏။

"ဒီလိုလုပ် ကိုယ့်လူ၊ ဟောဟို အကျိုအနီးနဲ့ လှည်းသမားဟာ

ဘိန်းစားတွေ သွေးဆီက ဘိန်းနည်းနည်း တောင်းလိုက်၊ ပြီးရင် ပေါဟိုမှာ ကြက်သွန်အိတ်ရှိတယ်၊ ကြက်သွန်တစ်ဥလောက် ယူပြီး အဲဒီဘိန်းကို ကြက်သွန်ထဲ မြှုပ်လိုက်၊ ပြီးတော့ ပေါဟို မီးဖိုမှာသွားပြီး မီးဖုတ်လိုက်၊ ပြီးရင် ကိုပေါက်ခေါက်ကို ကျွေး လိုက်၊ သူပျောက်သွားတာနဲ့ တစ်လမ်းလုံး ခင်ဗျားကို ထမင်း အလကား ကျွေးသွားလိမ့်မယ်"

ဟု ရေချမ်းက ပြောလေ၏။

မောင်ဘချစ်လည်း ရေချမ်းပြောသည့်အတိုင်း ဘိန်းနှင့် ကြက်သွန်ကို မီးဖုတ်၍ ကိုပေါက်ခေါက်ကို ကျွေးလေ၏။ ကိုပေါက် ခေါက်လည်း ယုံကြည်စွာနှင့် စားရာ နာရီဝက်အတွင်း၌ပင် ဝမ်း သွားခြင်း ရပ်လေတော့၏။

ထိုအခါ၌ ကိုပေါက်ခေါက——

"ဒီလိုလဲဖြစ်ရမယ်၊ ကျုပ်ကို ဆေးကုတဲ့ ဆရာကို ကျုပ်က တစ်လမ်းလုံး ထမင်းအလကား ကျွေးရမှာပေါ့ဗျာ"

ဟု ပြောဆိုကာ လှည်းတန်းကြီးအား ထွက်ရန် အမိန့်ပေး လိုက်လေတော့၏။

ထို့ကြောင့် မောင်ဘချစ်နှင့် ရေချမ်းတို့သည် ထမင်း အလကားစားရသော ထိုလှည်းတန်းကြီးနှင့်အတူ ပျော်ရွှင်စွာ လိုက်ပါခဲ့ကြရလေတော့၏။

❖ ❖ ❖





မောင်ဘချစ်တို့သည် လှည်းတန်းကြီးဖြင့် လိုက်ပါသွားကြ ပြီးနောက် ညောင်ရွှေမြို့သို့ ရောက်သောအခါ၌ လွန်စွာချီးသားစွာ လှန်ရှာဖော်ရွေသော အင်းသားများနေထိုင်ရာ အင်းလေးကန် ကက်သိသို့ ဆက်လက်၍ ခရီးထွက်ခဲ့ကြပြီးနောက် မြေမြေ့ဟူ သောရွာတွင် နေထိုင်စတည်းချကြလေ၏။

ထိုအရပ်ဒေသမှ အင်းသားများအား ရေချမ်းနှင့် မောင်ဘချစ် တို့က မိမိတို့သည် မြန်မာပညာရှိများ ဖြစ်ကြောင်း၊ ယခုကဲ့သို့ လာရောက်ခြင်းမှာ ဤအရပ်ဒေသရှိသူများ၏ အကြောင်းကို နက်နက်ရှိုင်းရှိုင်း လေ့လာ၍ ကျမ်းတစ်စောင် ပေတစ်ရွဲ ပြုစု ရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း ပြောရာ ထိုရွာသားတို့သည် ၎င်းတို့နှစ်ဦးအား ကြည်ဖြူစွာ လက်ခံထားလေ၏။

၎င်းတို့နှစ်ဦးလည်း တစ်အိမ်ဆင်း တစ်အိမ်တက်ဆိုသလို လှည့်လည်၍ စကားပြောခြင်း၊ ကျွေးမွေးသမျှကို စားသောက် ခြင်း၊ အမှင်းပြေ လှေစီးခြင်း၊ လှေလှော်ခြင်း စသည်ဖြင့် အချိန် ကုန်းလျက်နေကြလေ၏။

တစ်နေ့သ၌ ၎င်းတို့နှစ်ဦးအား ရွာသူကြီးအိမ်သို့ ခေါ်ယူခဲ့ လေ၏။ ရွာသူကြီးအိမ်သို့ ရောက်လျှင် ရေနွေးကြမ်း၊ လက် လျက်ဆုပ်၊ တို့ဟူးကြော် စသော အစားအသောက်တို့ဖြင့် ကောင်းမွန်စွာဧည့်ခံလေ၏။ ထိုသို့ ဧည့်ခံခြင်းမှာ ၎င်းတို့နှစ်ဦး အား ရပ်ရွာမှ လူများသည် အချို့သောသူများက ကျမ်းပြုရန် ရောက်လာသည်ဆိုသော စကားကိုယုံ၍၊ တချို့သောသူများက ဤသို့မဖြစ်နိုင်၊ ဝရမ်းပြေးများသာ ဖြစ်နိုင်သည်ဟု ပြောဆိုကြ သောကြောင့် အချင်းချင်း အငြင်းအခုံဖြစ်ကာ ၎င်းတို့နှစ်ဦးအား

သူကြီးအိမ်သို့ ခေါ်ယူ၍ ကျွေးမွေးစည့်ခံကာ တစေ့တစောင်း လေ့လာရန် ဖြစ်ပေသည်။

အကယ်၍ ၎င်းတို့ပြောသည့်အတိုင်း ပညာရှိများ ဖြစ်ပါက လည်း ရွာ၌ ဆက်လက်၍ တည်းခိုခွင့်ပေးမည်၊ သို့မဟုတ် ဝရမ်း ပြေးများဟု ယူဆဖွယ်ရာ တွေ့ရှိပါကလည်း ၎င်းတို့နှစ်ဦးအား ရန်မူခြင်း မပြုဘဲ မိမိတို့ရွာမှ ထွက်သွားကြရန်ကိုသာ ပြောဆို ကြမည် ဖြစ်ပေသည်။

မောင်ဘချစ်နှင့် ရေချမ်းတို့သည် လှေကလေးကိုလှော်၍ သူကြီးအိမ်သို့ သွားရောက်ကြလေ၏။ သူကြီးက ၎င်းတို့နှစ်ဦး အား---

"ကြွပါ၊ ကြွပါ၊ ဆရာတို့နဲ့ ဟောဒီရွာက လူတွေနဲ့ မိတ်ဆက် ပေးဖို့ ခေါ်လိုက်တာပါပဲ၊ အခါးရည်ကလေးလဲ သုံးဆောင်ကြပါ တို့ဟူးကြော်နဲ့ ထမင်းလျက်ကိုလဲ စားကြပါခင်ဗျာ ဟောဒီဘက် ထိပ်မှာ ထိုင်နေတာကတော့ ကျွန်တော်တို့ရွာမှာ သက်ကြီးရွယ် ကြီးလဲဖြစ် ပညာတဟုသုတနဲ့လဲ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ပါပဲ၊ ဦးလူဖေ လို့ ခေါ်ပါတယ်၊ ဦးလူဖေရဲ့ဘေးမှာကတော့ ဦးဘလှတ်လို့ ခေါ် ပါတယ်၊ ရွှေပန်းထိမ်ဆရာကြီးပါပဲ၊ ပညာတဟုသုတနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ ခင်ဗျ၊ ဦးဘလှတ်ရဲ့ဘေးကတော့ ဆိတ္တန်သည် ကိုကျော်လင်းတဲ့၊ ကိုကျော်လင်းရဲ့ဘေးကတော့ ကိုလှသာတဲ့၊ ဒီ ရွာက ကလေးတွေကို စာပြတဲ့ ကျောင်းဆရာပါပဲ၊ ကိုလှသာရဲ့ ဘေးကတော့ ကိုအုန်းသာတဲ့ သူကတော့ ကရုဏာလက်ဘက်က တော်တဲ့ပုဂ္ဂိုလ်ပါပဲ၊ ကျုပ်တို့ရွာမှာ အလှူအတန်းရှိရင် သူက ရတု စပ်ပေးပါတယ်၊ လက်ဆဲသုနှရပြီးရင် သူပဲလို့ ဆိုနိုင်ပါတယ်





ခင်ဗျာ"

စသည်ဖြင့် လူနှစ်ဆယ်ကျော်ခန့်အား တစ်ဦးစီ မိတ်ဆက် ပေးလေ၏။ ထို့နောက် ၎င်း၏လူများကိုလည်း---

"ဟောဒီ အရပ်ထောင်ထောင်မောင်းမောင်း နုတ်ခမ်းမွေးနဲ့ ပုဂ္ဂိုလ်ကတော့ ကိုရေချမ်းလို့ ခေါ်ပါတယ်၊ မြန်မာပညာရှိတစ်ဦး လို့ ပြောတာပါပဲ၊ ဟောဒီလူကတော့ ကိုဘချစ်လို့ ခေါ်ပါတယ်၊ သူကလဲ ကျမ်းပြုဆရာတစ်ဦးလို့ ပြောပါတယ်"

ဟု မိတ်ဆက်ပေးလေ၏။

ထို့နောက် သူကြီးကိုယ်တိုင် ရေနွေးကြမ်းများ ငှဲပေးလေ၏။ ရေချမ်းသည် ရေနွေးကြမ်းပန်းကန်တွင်းသို့ ဆားအနည်းငယ် ခတ်လိုက်ပြီးနောက် သောက်လေ၏။

ထိုသို့သောက်ပြီးနောက် ဆေးလိပ်တစ်လိပ်ကို ကောက်ယူ မီးညှိကာ ဖွာလေ၏။ ဖွာပြီးလျှင် အောက်ပါစကားကို ပြော လေ၏။

"အခုလို မိတ်ဆွေတို့နဲ့ ကြုံတုန်းမှာ မှတ်သားစရာကောင်းတဲ့ ကောဇာလေးတစ်ခွန်းလောက်တော့ ပြောချင်ပါတယ်၊ အဲဒါက ဘာလဲဆိုတော့ ဟိုး---ရှေးရှေးတုန်းက ရှမ္ဘတီဆိုတဲ့ တိုင်း ပြည်မှာ သုနှရဆိုတဲ့ မင်းကြီး နန်းထိုင်ပါတယ်၊ အဲဒီသုနှရမင်း ကြီးဟာ တစ်နေ့သော မိုးဥတုမှာ သူ့နန်းတော် အမိုးရဲ့အောက် ရေတံလျှောက်ကြားမှာ တင်နေတဲ့ မိုးရေတွေကို မြင်တဲ့အခါမှာ ဘယ်လိုဖြစ်တယ် မသိဘူးခင်ဗျ၊ အဲဒီရေတွေကို သောက်ချင်တဲ့ စိတ် တဖွားဖွား ပေါ်လာတယ်၊ အဲဒီတော့ သုနှရမင်းကြီးဟာ ရေတံလျှောက်ထဲက မိုးရေတွေကို လက်ခုပ်နဲ့ ခပ်ခပ်ပြီး တအား

သောက်တော့တာပဲ ခင်ဗျ၊ ဒါပေမယ့် သောက်လို့ကို မဝနိုင်ဘူး၊ အဲဒီတော့ လက်ခုပ်နဲ့သောက်ရတာ ရှုပ်ပါတယ်၊ ကုန်းပြီး ပါးစပ်နဲ့ စုပ်သောက်လိုက်မှပဲလို့ စိတ်ကူးပေါ်လာပြီး ရေတွေကို ကုန်းပြီး စုပ်တော့တာပဲခင်ဗျ၊ အဲဒီလို ကုန်းစုပ်သောက်လိုက်တဲ့ အခါမှာ မွေးခါစ မြွေကလေးတစ်ကောင်ဟာ သုန္ဒရဘုရင်ကြီးရဲ့ ပါးစပ်ထဲကို ရေနဲ့ရောပြီး ဗိုက်ထဲကို ဝင်သွားပါလေရောခင်ဗျာ"

ရေချမ်းသည် ထိုနေရာ အရောက်၌ စကားကို ဖြတ်လိုက်ပြီးလျှင် တို့ဟူးကြော်ကလေးတစ်ခုကို ကောက်၍ ဝါးလေ၏။ တစ်ဖန် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့ပြန်၏။ ငှဲ့ပြီးလျှင် ဆားအနည်းငယ် ခပ်ပြန်၏။ ထို့နောက် ရေနွေးကြမ်းကို အရသာခံ၍ တစိမ့်စိမ့်သောက်လေ၏။ မောင်ဘချစ်လည်း ရေချမ်း၏ အပြုအမူကို သဘောမပေါက်ဘဲ ရှိလေ၏။

"ကိုရေချမ်းဆိုတဲ့လူဟာ ဘယ်လိုသဘောနဲ့ မဆီမဆိုင် ပုံပြောနေရတာတုံး၊ ရောက်နေတဲ့လူတွေကလဲ ကလေးတွေ မဟုတ်ဘဲ၊ သူကြီးကိုယ်တိုင် မိတ်ဆက်ပေးထားတဲ့ ဗဟုသုတ ပြည့်စုံတဲ့လူတွေ၊ ကဗျာလင်္ကာဘက်မှာ ကျွမ်းကျင်တဲ့လူတွေလို့ ပြောထားပါလျက်နဲ့ ဒီ ကိုရေချမ်းဆိုတဲ့လူက ဘာဖြစ်လို့ ကလေးကလား ပုံပြင်တွေကို ပြောနေရတာတုံး"

ဟုလည်း မောင်ဘချစ်၏ စိတ်၌ တွေး၍ နေလေ၏။

ရေချမ်းကမူ ရေနွေးခွက်ကို အောက်သို့ ချလိုက်ပြီးနောက် အောက်ပါအတိုင်း ဆက်လက်၍ ပြောလိုက်လေ၏။

"ဘုရင်ကြီး သုန္ဒရရဲ့ ဝမ်းထဲကို ဝင်သွားတဲ့ မြွေကလေးဟာ မသေဘူးခင်ဗျ၊ ဘုရင်ကြီးရဲ့ ဗိုက်ထဲကို အေးအေးဆေးဆေး





ရောက်သွားတယ်၊ ဘုရင်ကြီးစားသမျှ အစာတွေကို အထဲကနေ လိုက်ပြီး စားနေတော့တာပဲ၊ အဲဒီတော့ မြွေကလေးဟာ ဘုရင်ကြီးရဲ့ ဗိုက်ထဲမှာပဲ တဖြည်းဖြည်း အကောင်ကြီးသထက် ကြီးလာတယ်ဗျ၊ ဘယ်လောက်တောင် ကြီးလာသလဲဆိုတော့ လုံးပတ်ဟာ ထွန်တုံးလောက်ကို ရှိလာတယ်၊ ဘုရင်ကြီးရဲ့ဗိုက်ကြီးဟာလဲ လူမြင်လို့ မကောင်းအောင်ကို ဖောင်းကားနေတော့တာပေါ့ခင်ဗျာ၊ ဘုရင်ကြီးဟာ သူ့ရဲ့ဗိုက်ကို သူ မသယ်နိုင်တော့ဘူးခင်ဗျ၊ ဆင်ပေါ်ကိုလဲ မတက်နိုင်တော့ဘူးခင်ဗျ၊ မြင်း ပေါ်ကိုလဲ မတက်နိုင်တော့ဘူးခင်ဗျ၊ ရာဇပလ္လင်ပေါ်ကိုတောင် မတက်နိုင်တော့ဘူးခင်ဗျ၊ နန်းတွင်းသူ နန်းတွင်းသား မှူးမတ်တွေကလဲ နေ့ရှင်းညရှင်း ဗိုက်ကြီးသည်ဖြစ်လာတဲ့ဘုရင်ကြီးကို 'ဗိုက်ကြီးသည်ကြီး'လို့ လှောင်ပြောင်ကြတယ်ခင်ဗျ၊ အဲဒီလို လှောင်ပြောင်ကြရုံတင်မကဘူး ခင်ဗျ၊ ဗိုက်ကြီးသည် ဘုရင်ကြီးကို ဘုရင်အဖြစ်က ထီးနန်းချပြီး ဘုရင်အသစ်တစ်ပါး တင်မြှောက်မယ်လို့ ညှိနှိုင်းတိုင်ပင်ကြတယ်ခင်ဗျ၊ အဲဒီလို တိုင်ပင်ကြတဲ့ သတင်းကို ဗိုက်ကြီးသည် ဘုရင်ကြီးဟာ သိသွားပါလေရောဗျ၊ အဲဒီတော့ ဘုရင်ကြီးက သူတို့က ငါ့ကို ထီးနန်းချတာတော့ ငါမခံဘူး၊ ငါ့ဟာငါပဲ နန်းတော်က ဆင်းသွားတာ ကောင်းပါတယ်လို့တွေးပြီး သူ့ရဲ့ ယုံကြည်စိတ်ချရတဲ့ မိဖုရားကြီးကို ပြောပြတာကိုး၊ အဲဒီတော့ မိဖုရားကြီးကလဲ သေတူရှင်ဖက် ပေါင်းလာတဲ့ မိမိရဲ့လင်ယောကျ်ားကို အင်မတန်သနားမိတယ်၊ ဘုရင်ကြီးထွက်သွားရင် သူလဲ လိုက်ပါရစေ၊ သူလဲ အနားမှာ လိုက်ပြီး ပြုစုပါရစေလို့ ခွင့်တောင်းရှာတယ်၊ အဲဒီတော့ ဘုရင်ကြီးကလဲ

မိဖုရားကြီးကို လိုက်ခွင့်ပြုလိုက်တယ်။ ဒီလိုနဲ့ တိတ်ဆိတ်တဲ့ ညတစ်ညမှာ ဘုရင်ကြီးနဲ့ မိဖုရားကြီးဟာ နန်းတော်ထဲကနေ ဘယ်သူမှ မသိအောင် ထွက်သွားကြရရှာတယ်"

ထိုနေရာသို့ အရောက်၌ ရေချမ်းသည် တို့ဟူးကြော်တစ်ခုကို ကောက်ယူ၍ ဝါးပြန်လေ၏။ ဝါးပြီးသည့်အခါ၌ ရေနွေးကြမ်း ပန်းကန်၌ ရေနွေးငှဲ့ပြန်၏။ ထို့နောက် ငှဲ့ထားသော ရေနွေးပန်းကန်ထဲသို့ ဆားခတ်ပြန်၏။ ပြီးလျှင် ရေနွေးကြမ်းကို အရသာခံ၍ သောက်နေပြန်၏။ မောင်ဘချစ်၏ စိတ်အတွင်း၌မူ---

"ဒီ ကိုရေချမ်းဆိုတဲ့လူကလဲ ဘာတွေလျှောက်ပြီး ပြောနေမှန်း မသိပါဘူး"

ဟု တွေးမိပြန်၏။

ရေချမ်းလည်း ရေနွေးသောက်ပြီးသော အခါ၌ အောက်ပါအတိုင်း ဆက်လက်၍ ပြောပြန်၏။

"အဲဒီလိုနဲ့ ဘုရင်ကြီးနဲ့ မိဖုရားကြီးဟာ တောထဲကို ထွက်သွားကြပြီး တောင်ပို့ကြီးတစ်ခုနားလဲရောက်ရော ဘုရင်ကြီးက ဗိုက်ကြီးကို သယ်ပြီး လမ်းလျှောက်ရတာ မလျှောက်နိုင်ဘူး မောလေးနားပါရစေလို့ မိဖုရားကြီးကို ပြောတော့ မိဖုရားကြီးက ကောင်းပါပြီ၊ နားကြတာပေါ့ဆိုပြီး နှစ်ယောက်သား တောင်ပို့ကို ခေါင်းအုံးပြီး အိပ်ကြတယ်၊ အဲဒီအခါမှာ ဘုရင်ကြီးရဲ့ ဗိုက်ထဲမှာရှိတဲ့ မြွေက ပါးစပ်ကနေ ခေါင်းပြူထွက်လာပြီး အားရဝမ်းသာနဲ့ ကြွေးကြော်ရှာတယ်၊ ဘုရင်ကြီးရဲ့ ဗိုက်ထဲမှာနေရတာ ကြာပြီ၊ အပြင်ကို ထွက်ချင်လို့လဲ မထွက်ရ၊ ထွက်ပြန်ရင်လဲ





ဘုရင်ကြီးက မသိဘူးတဲ့ပဲ ထားဦး၊ နန်းတော်ထဲမှာဆိုတော့ လူတွေက အများကြီးပဲ၊ တစ်ယောက်မတွေ့ တစ်ယောက်က တွေ့မှာ၊ အဲဒီလိုတွေသွားရင် ရိုက်သတ်ကြမှာ၊ အခုတော့ သိပ်ကို ဟန်ကျတာပဲ၊ ဘုရင်ကြီးအိပ်နေတုန်း တောထဲကို လျှောက်ပြီး လည်လိုက်၊ သူမနိုးခင် သူ့ဗိုက်ထဲ ပြန်ပြီး ဝင်နေလိုက်၊ ဟန်ကိုကျလို့ ဆိုပြီး အားရပါးရ ကြွေးကြော်တာကိုး၊ အဲဒီအခါ တောင်ပို့မှာနေတဲ့ မြွေက ထွက်လာပြီး 'ဘုရင့်ရေ (မခင်)'ကို စားနေတဲ့ မြွေစုတ်၊ ဒီတောမှာ ငါလို မြင့်မြတ်တဲ့ မြွေရှိတယ်ဆိုတာ မင်းမသိဘူးလား' လို့ အသားလွတ် ကြိမ်းတော့တာကိုး"

ထိုစကားသို့ အရောက်၌ နားထောင်နေသော ပရိသတ်ကြီး ရယ်မောကြလေ၏။ မောင်ဘချစ်ကလည်း "ကိုရေချမ်းဆိုတဲ့ လူက ဘာတွေမှန်းမသိ လျှောက်ပြီး ပြောနေတာပဲ၊ ခက်တော့တာပဲ" တွေးမိလေ၏။

ရေချမ်းကမူ တို့ဟူးကြော်တစ်ခုကို စားပြီးနောက် ရေနွေးကြမ်းကို ဆားခတ်၍ သောက်ပြန်လေ၏။ ပြီးလျှင် အောက်ပါအတိုင်း ဆက်၍ ပြောပြန်လေ၏။

"အဲဒီလို တောင်ပို့က မြွေက ကြိမ်းတော့ ဘုရင်ကြီးရဲ့ ဗိုက်ထဲက မြွေက ပိုးကောင်မွှားကောင်ကို စားပြီး တောင်ပို့မှာနေရတဲ့ တောသားက လူဝါးဝလို့ ငါက နန်းတော်ထဲမှာနေတဲ့ ကောင်ကွ၊ နန်းတော်ထဲမှာတောင် တခြားနေရာမှာနေတာ မဟုတ်ဘူး၊ ဘုရင်ကြီးရဲ့ဗိုက်ထဲမှာကို နေတာ၊ ဘုရင်ကြီးစားသမျှ စားကောင်း သောက်ဖွယ်တွေကို ငါလဲပဲ စားရတာပဲ၊ အဲဒီတော့ ငါဟာ ခွန်အားရှိတယ်၊ ဘုန်းတန်ခိုးလဲကြီးတယ်၊ မင်းလို

တောသားနဲ့ စကားဆောက်ပြီး မပြောနိုင်ဘူး'လို့ ပြန်ပြီး ပြောလိုက်တယ်၊ အဲဒီတော့ တောင်ပို့က မြွေက 'မင်းမသေခင် ပြောဦးပေါ့ကွာ၊ ဘုရင်ကြီးက မသိလို့သာပဲ၊ သူအိပ်နေတဲ့ ခေါင်းရင်းက အပင်ကလေးကိုနုတ်ပြီး သုံးရွက်တစ်ရွက်တင် ကျိုသောက်လိုက်ရင် မင်းဟာ ဘုရင်ကြီးရဲ့ဗိုက်ထဲမှာ အပိုင်းပိုင်း အစတစ်တစ်ပြတ်ပြီး သေသွားမယ့်ကောင်ပဲ၊ အဲဒီလို သေသွားပြီးရင် ဘုရင်ကြီး နောက်ဖေးသွားတဲ့အခါမှာ မင်းဟာ ချေးအဖြစ်နဲ့ ထွက်ကျသွားမှာ'လို့ ပြောလိုက်တယ်၊ အဲဒီတော့ ဘုရင်ကြီးရဲ့ ဗိုက်ထဲကမြွေက 'ဒီလိုလားတောသား၊ ငါသေတာကတော့ ထားပါတော့ မင်းသေမယ့်အကြောင်းကိုတော့ပြောပြဦးမယ်၊ မင်းဟာ တစ်ပို့တုန်းကတော့ လူတစ်ယောက်ပါပဲ၊ အလုပ်အကိုင်ကတော့ ကုန်သည်၊ ရွှေငွေရတနာတွေ အများကြီး ပိုင်ဆိုင်ခဲ့တယ်၊ အဲဒီ ရွှေငွေရတနာတွေကို မင်းဟာ လှူလဲမလှူရက်၊ သုံးလဲ မသုံးရက်ဘဲ ဟောဒီတောင်ပို့မှာလာပြီး ဝှက်ထားတယ် မဟုတ်လား၊ မင်းလဲ သေရော မင်းဟာ မြွေဖြစ်ပြီး မင်းရဲ့ ရွှေငွေရတနာတွေကို လာပြီးစောင့်နေရတဲ့ မြွေပဲကွာ၊ ဒီအကြောင်းကို ဘုရင်ကြီးက မသိလို့ပေါ့၊ သိများသိရင် တောင်ပို့ကိုတူးပြီး မင်းရဲ့ရွှေငွေရတနာတွေကိုယူမယ်၊ မင်းကိုလဲပဲ အပိုင်းပိုင်း အစတစ်တစ်ပြတ်ပြီး သတ်ပစ်မယ်ဆိုတာ နားလည်ရဲ့လား'လို့ဆိုပြီး ဗိုက်ထဲကမြွေက ဗိုက်ထဲကို ပြန်ပြီးဝင်သွားတော့တယ်၊ ဘုရင်ကြီးကတော့ အိပ်မောကျနေတာပေါ့လေ၊ သူ့ဘေးက မိဖုရားကတော့ အိပ်မပျော်နိုင်ရှာဘူး၊ အဲဒီတော့ မြွေနှစ်ကောင် စကားရည်လုပွဲ ကျင်းပနေတာကို သူက ကောင်းကောင်းကြီး ကြားရတာပေါ့၊ အဲဒီလို





ကြားရတော့ ဘုရင်ကြီးခေါင်းရင်းက သစ်ပင်ကလေးကို နုတ်ပြီး သုံးရွက်တစ်ရွက်တင်ကျိုပြီး ဘုရင်ကြီးကိုနှိုးပြီး တိုက်တော့တာပေါ့၊ အဲဒီလိုလဲ တိုက်လိုက်ရော ဗိုက်ထဲကမြွေဟာ အပိုင်းပိုင်း အစတစ်တစ်ပြတ်ပြီး သေရှာတော့တာပဲ၊ မနက်မိုးလင်းခါနီးကျတော့ ဘုရင်ကြီး နောက်ဖေးသွားတာပေါ့၊ အဲဒီအခါမှာ ဗိုက်ထဲက မြွေသေဟာ တစ်ခါတည်း ပါသွားတော့တာပေါ့၊ အဲဒီလို ပါသွားတယ်ဆိုရင်ပဲ လူမြင်လို့မကောင်းအောင် ဖောင်းကားနေတဲ့ ဘုရင်ကြီးရဲ့ ဝမ်းဗိုက်ဟာ တစ်ခါတည်းကို ပြားချပ်သွားတော့တာပဲ၊ အဲဒီအခါမှာ ဘုရင်ကြီးရော မိဖုရားပါ နန်းတော်ထဲကို အံ့မြွေမျက် ပြန်ပြီး ဝင်နေတာပေါ့၊ နောက်တစ်နေ့ ညီလာခံကျရော ဘုရင်ကြီးရဲ့ဗိုက်ဟာ အရင်လို မဟုတ်တော့ဘူး ဆိုတာ တွေ့ရတော့ မှူးမတ်သေနာပတိတွေက အကျိုးအကြောင်း မေးကြတော့တာပေါ့၊ ဘုရင်ကြီးကလဲ အကြောင်းစုံ ဖွင့်ပြောတယ်၊ ပြီးတော့ တောင်ပို့ထဲမှာ ရွှေငွေရတနာတွေ ရှိတယ်၊ သွားပြီးတူးကြလို့ ခိုင်းလိုက်သေးတယ်၊ မှူးမတ်သေနာပတိတွေဟာ တောင်ပို့ကြီးကို သွားပြီးဖြိုတော့ ရွှေငွေရတနာတွေကို စောင့်နေတဲ့ တောင်ပို့ရဲ့မြွေကို တွေ့တော့တာပေါ့၊ တွေ့တော့ ခုတ်ထစ်သတ်ဖြတ်ခဲ့ကြတယ်၊ အဲဒီလို သတ်ဖြတ်ပြီးတော့မှ ရတနာတွေကို ယူခဲ့ကြတယ်"

ရေချမ်းသည် ထိုနေရာ၌ စကားကိုရပ်၍ ရေနွေးကြမ်းကို မော့လိုက်ပြီးနောက်---

"ဒီပုံပြင်ဟာ မဟာသမ္မတမင်းရဲ့ မြစ်တော် ဘေဒကမင်းကို သူ့ရဲ့ ပညာရှိအမတ်ကြီးက ပြောပြတဲ့ ဒဏ္ဍာရီ ပုံပြင်တစ်ခုပါပဲ၊

ဒီပုံပြင်မှာ မြွေနှစ်ကောင်ဟာ ငြိမ်မနေဘဲ တစ်ကောင်နဲ့ တစ်ကောင် စကားများကြလို့ အသက်ဆုံးရှုံးရပုံကို ဖော်ပြထားပါတယ်၊ အခုလည်း ကျွန်တော်တို့နှစ်ယောက်ကို ဟောဒီရွာက မိတ်ဆွေတွေဟာ တချို့က ရန်ပြေးလို့ ထင်နေကြပါတယ်၊ တချို့ကတော့ ကျွန်တော်တို့ ပြောတဲ့အတိုင်း မြန်မာပညာရှိတွေဆိုတာကို လက်ခံကြပါတယ်၊ အဲဒီလူနှစ်စုဟာ စောစောက မြွေနှစ်ကောင်လို စကားများနေကြပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ကို ပညာရှိဟုတ်တယ် မဟုတ်တယ် အကဲခတ်ဖို့ သူကြီးအိမ်မှာ ဆုံပေးတာ ဖြစ်ပါလိမ့်မယ်၊ အဲဒီတော့ ကျွန်တော်ပြောချင်တာကတော့ ပညာရှိဆိုတာ အပြင်ပန်းကနေ အကဲခတ်လို့ မရပါဘူးခင်ဗျာ၊ ဒါကြောင့် မိတ်ဆွေတို့လည်း တစ်ဦးနဲ့တစ်ဦး ကျွန်တော်တို့ကို အကြောင်းပြုပြီး စကားမများဖို့ မေတ္တာရပ်ခံပါတယ်"

ဟု ရေချမ်းက ပြောလိုက်ရာ သူကြီးအိမ်မှ ပရိသတ်သည် လက်ခုပ်တဖြောင်းဖြောင်းတီး၍---

"ရန်ပြေးတွေ မဟုတ်ဘူး"

ဟု အော်ဟစ်၍ ထောက်ခံကြလေ၏။ ထို့ကြောင့် သူကြီးရော ရပ်ရွာကပါ ၎င်းတို့နှစ်ဦးအား နေချင်သလောက် နေနိုင်ကြောင်း ခွင့်ပြုလိုက်လေ၏။ မောင်ဘချစ်နှင့် ရေချမ်းတို့လည်း သူကြီးအိမ်မှနေ၍ မိမိတို့ တည်းခိုရာ ဦးမောင်ငယ်ဆိုသူ၏ အိမ်သို့ လှေကလေးလှော်၍ ပြန်ခဲ့ကြလေတော့၏။ လမ်း၌ မောင်ဘချစ်က---

"ကိုရေချမ်း ခင်ဗျားစကား ပိုင်လှချည်လားဗျ ပထမတုန်းကတော့ ခင်ဗျား ဘာတွေ လျှောက်ပြောနေသလဲလို့ ထင်မိသေးတယ်၊ ခုတော့ သဘောပေါက်ပါပြီဗျာ"





ဟု ပြောလိုက်လျှင် ရေချမ်းက---

"ဘာပဲဖြစ်ဖြစ်လေ၊ ကျုပ်တို့နှစ်ယောက် ဒီမှာ ဆက်ပြီးနေလို့တော့ မဖြစ်တော့ဘူး၊ သူတို့က ကျုပ်တို့ကို ကျေကျေနပ်နပ် ဖြစ်နေတုန်းမှာပဲ ဒီနေရာကနေ ထွက်ကြမှတော်မယ်"

ဟု ပြောလိုက်လေ၏။

နောင် နှစ်ရက် သုံးရက်ခန့်အကြာတွင် မောင်ဘချစ်နှင့် ရေချမ်းတို့သည် မြွေမွေးရွာမှ ရွာသူရွာသားများအား နှုတ်ဆက်၍ ခရီးဆက်ကြလေတော့၏။ မြွေမွေးရွာမှ ရွာသူရွာသားများလည်း နှုတ်ဆက်ခြင်း၊ လက်ဆောင်ပေးခြင်းသာလျှင် မဟုတ်ဘဲ မြန်မာပညာရှိနှစ်ဦးအား သွားလိုရာသို့ လှေဖြင့် လိုက်လံ ပို့ဆောင်ပေးကြလေတော့သတည်း။

## မောင်ဘချစ်တို့ကို ဖမ်းမိပြီ

မောင်ဘချစ်နှင့် ရေချမ်းတို့သည် အင်းလေးမှ ထွက်ခဲ့ကြပြီး နောက် ဝရမ်းပြေးများအဖြစ်ဖြင့် အမြို့မြို့အနယ်နယ်သို့ လှည့်လည်တိမ်းရှောင်ရင်း ဝံသာနုဦးဘမြင့်ကိုသတ်ခဲ့သော တရားခံအစစ်အား ရှာဖွေ နေစမ်းလေတော့၏။

တစ်နေ့သ၌ မောင်ဘချစ်က--

"ကျုပ်ကတော့ဗျာ၊ တကယ်သတ်တဲ့ လူသတ်သမားကို မိတာနဲ့ ဒီဒုက္ခက လွတ်ပါပြီ၊ ကိုရေချမ်းကတော့ ဘယ်လိုလဲ"

ဟု မေးလေ၏။

"ကျုပ်အနေနဲ့ အသေးစိတ်တော့ ပြောမပြချင်ဘူးဗျာ၊ မေးလဲ မမေးပါနဲ့၊ ကျုပ်ဟာ ရွှေအောင်ဆိုတဲ့ကောင်ကို ရှာနေတာ အင်းလေ--- ရွှေအောင်ကလဲ ကျုပ်ကို ရှာချင်ရှာနေပေမပေါ့၊ နှစ်ယောက်ရှာနေလေတော့ မတွေ့ဘဲ လွဲနေကြတာဗျ၊ တွေ့တဲ့နေ့ဟာ ကျုပ်တို့နှစ်ယောက် ဇာတ်လမ်းပြီးတဲ့ နေ့ပါပဲ"

ဇာတ်သိမ်း



ဟု ရေချမ်းက ပြောလေ၏။

ထို့နောက် ၎င်းတို့နှစ်ယောက်သည် အမျိုးမျိုး အဖုံဖုံ ရုပ်ဖျက်ကာ လှည့်လည်သွားလာကြပြီးနောက် မော်လမြိုင်မြို့သို့ ရောက်ရှိခဲ့ကြလေ၏။ မော်လမြိုင်မြို့သို့ရောက်လျှင် သင်္ဘောဆိပ်၌ ထိုင်လျက် သင်္ဘောအလာကို စောင့်နေကြလေ၏။

ထိုအချိန်၌ ၎င်းတို့နောက်သို့ ခြေရာခံ၍ လိုက်လာသော နံထောက်နှစ်ယောက်က မော်လမြိုင်ရှိပုလိပ်များ၏ အကူအညီဖြင့် သင်္ဘောဆိပ်၌ပင် ၎င်းတို့နှစ်ဦးအား လက်ရဖမ်းဆီး၍ အမှုစတင်ဖြစ်ပွားခဲ့ရာ မန္တလေးမြို့ဆီသို့ အစောင့်အကြပ်များဖြင့် ပို့လိုက်လေတော့၏။

မောင်ဘချစ်နှင့် ရေချမ်းအား မန္တလေး ပုလိပ်အဖွဲ့က ဂါတ်အချုပ်၌ မထားတော့ဘဲ ထောင်သို့ ပို့ထားလေ၏။ အချုပ်ဖောက်ပြေးခဲ့သည့် ကိစ္စနှင့် ပတ်သက်၍လည်း ပုလိပ်များသည် ၎င်းတို့နှစ်ဦးအား စစ်ဆေးနေလေ၏။

ထိုအချိန်ကား ကျွန်ုပ်စမ်းသည် ဥရောပတိုက်၌ စတင်တောက်လောင်နေပြီဖြစ်ရာ မကြာမီ၌ပင် မြန်မာပြည်သို့ ကူးစက် ပျံ့နှံ့လာမည် ဖြစ်ပေ၏။

ထို့ကြောင့် ရေချမ်းက---

"ကမ္ဘာစစ်ကြီး မြန်မြန်ဖြစ်လိုက်ရင်လဲ ကောင်းမယ်ဗျို့၊ အဲဒီလိုဆိုရင်တော့ ကျုပ်တို့နှစ်ယောက်စလုံး အမှုက လွတ်ပြီပဲ၊ ကမ္ဘာစစ်ကြီး မဖြစ်ရင်တော့ ကိုဘချစ်ရေ ကြိုးစင်တက်ဖို့ သေချာနေပြီ"

ဟု ပြောလေ၏။

နှစ်ရှည်ထောင်ကျနေသော ထောင်သားများလည်း ကျွ စံကြီးကို မျှော်လင့်နေလေ၏။ ထိုသို့ မျှော်လင့်နေဆဲအခါ၌ပင် မောင်ဘချစ်၏ အမှုအား သက်ဆိုင်ရာမှ ရုံးတင်စစ်ဆေးလေတော့၏။

ထိုအမှုအား စစ်ဆေးရာတွင် အရပ်သားများ လာရောက်ကြည့်ရှုကာ မောင်ဘချစ်အား ဝင်ရောက်ရိုက်နှက်မည် နီးသဖြင့် ထောင်တွင်း၌ပင် တရားရုံးဖွင့်၍ လျှို့ဝှက်စွာ စစ်ဆေးခဲ့ရလေ၏။

ဤသို့နှင့်ပင် မောင်ဘချစ်အား သုံးကြိမ်မြောက် ရုံးထုတ်ပြီးစစ်ဆေးခဲ့သည့်နေ့တွင် ရန်ကုန်မြို့၌ စစ်လေယာဉ်ပျံတစ်စီးက စတင်ဗုံးကြဲကြောင်း ကြားရလေတော့၏။ အုပ်ချုပ်ရေးပိုင်းသည် တလှုပ်လှုပ် တရှုရှုဖြစ်ကုန်၏။ ကမ္ဘာစစ်မီးသည် မြန်မာပြည်သို့တိုင်အောင် ပျံ့နှံ့ခဲ့ပြီဖြစ်၏။ မျက်နှာဖြူအရာရှိများသည် အသုတ်လိုက် အသုတ်လိုက် အိန္ဒိယပြည်သို့ ဆုတ်ခွာကြလေတော့၏။ ထို့ကြောင့် ရုံးများ ပိတ်လိုက်ရ၏။ အချုပ်ခန်းများကို ဖွင့်လိုက်ရ၏။ ထောင်များကို လွှတ်ရလေတော့၏။

မောင်ဘချစ်တို့လည်း တိုင်းပြည်ပျက်ခြင်းကို အကြောင်းပြု၍ ကြိုးစင်တက်ရအံ့ဆဲဆဲတွင် ထောင်မှ လွတ်မြောက်ခဲ့ရလေတော့သတည်း။

မောင်ဘချစ်နှင့် ရေချမ်းသည် မန္တလေး ဈေးချိုအနီး၌ ထိုင်ကာ နီးရာဆိုင်တစ်ဆိုင်မှ စားသောက်ဖွယ်ရာများကို ဆွဲယူစားသောက်ပြီးနောက် စီးကရက် တစ်ယောက်တစ်ဘူးစီဖွင့်ကာ စီးကရက်များဖြင့် မှိန်း၍ နေကြလေ၏။

"ဘယ်လိုလဲ ကိုဘချစ်၊ ခင်ဗျား ဘယ်ကိုသွားမှာတုံး"





ဟု ရေချမ်းက မေးလေ၏။

"ကျုပ်ကတော့ ရန်ကုန်ပြန်ချင်တယ်၊ အနှစ်တို့ သားအမိဆီကို အမြန်ဆုံးရောက်အောင် ပြန်မှ ဖြစ်မယ်"

ဟု မောင်ဘချစ်က ပြောလျှင် ရေချမ်းက ရယ်မော၍---

"တိုင်းပြည်ပျက်နေပြီဗျ၊ အနှစ်တွေ အကာတွေ လုပ်မနေနဲ့၊ ရန်ကုန်ပြန်မယ်ဆိုရင်တော့ မြန်မြန်ပြန်ပေတော့၊ နောက်ဆိုရင် ရထားလဲ မရှိတော့ဘူး၊ ကားလဲ မရှိတော့ဘူး"

ဟု ပြောလိုက်လေ၏။

ထို့နောက် ရေချမ်းက မောင်ဘချစ်အား ဘူတာဘက်သို့ လိုက်၍ ပို့လေ၏။

"ဒီရထားကြီးဟာ ရန်ကုန်ဘက်ပြန်ချင်တဲ့ အစိုးရအမှုထမ်းတွေအတွက် နောက်ဆုံးပြေးဆွဲပေးတဲ့ ရထားကြီး ဖြစ်မှာပဲဗျ၊ ကိုဘချစ် အဲဒါကြီးနဲ့ တက်လိုက်သွားပေတော့"

ဟု ရေချမ်းက ပြောလေ၏။

မောင်ဘချစ်သည် ရထားပေါ်သို့တက်ခါနီးတွင်---

"ကိုရေချမ်းရယ်၊ ခင်ဗျားနဲ့ခွဲရမှာ ကျုပ်ရင်ထဲမှာ တစ်မျိုးကြီးပဲ"

ဟု ဝမ်းနည်းသံကြီးနှင့် ပြောလေ၏။

"လုပ်မနေပါနဲ့ ကိုဘချစ်ရယ်၊ လူဆိုတာ တွေ့တဲ့အခါ သင့်သောင်နေလိုက်၊ ခွဲရတဲ့အခါမှာ မေ့ပစ်လိုက်၊ ဒါပဲ ကောင်းတယ်၊ တစ်ခုတော့ ရှိတာပေါ့ဗျာ၊ မသေကြသေးရင်တော့ တွေ့ကြသေးတာပေါ့ ဒါပေမယ့်ဗျာ သေမှာပဲပဲ၊ တွေ့ကြမှာ မဟုတ်တော့ပါဘူး"

ဟု ဆိုကာ ရေချမ်းက မောင်ဘချစ်အား ရထားပေါ်သို့ တင်ပေးလေ၏။

"ရော့--- ကိုဘချစ်ရေ၊ လမ်းမှာဆာရင် စားဖို့ ပေါင်မုန့်နဲ့ ငါးသေတ္တာဘူး၊ ဈေးချိုမှာကေ ကုလားဆိုင်က ကျုပ်တို့ ယူခဲ့တာလေ"

ဟုဆိုကာ မောင်ဘချစ်အား ငါးသေတ္တာဘူးနှင့် ပေါင်မုန့်ကို ပေးလေ၏။

ရထားကြီးမှာလည်း မကြာမီ၌ပင် ထွက်ခွာလေတော့၏။ မောင်ဘချစ်က ရထားပေါ်မှ လက်ပြလေ၏။ ရေချမ်းကမူ အောက်မှနေ၍ လက်ပြရင်း ကျန်ရစ်ခဲ့လေတော့သတည်း။

## မောင်ဘချစ် ငိုရရှာပြီ

မောင်ဘချစ်သည် ရေချမ်းနှင့် လမ်းခွဲပြီးနောက် ရထားကြီးနှင့်ပင် ရန်ကုန်မြို့သို့ ပြန်လာခဲ့လေ၏။ မောင်ဘချစ် စီးနင်းလိုက်ပါလာသော ရထားမှာ မကြာခဏ မီးပေါင်ကျသောကြောင့် ရပ်နား၍ မီးထိုးရလေ၏။ မီးပေါင်ပြည့်သောအခါ၌ တစ်ဖန် ပြန်၍ ထွက်လေ၏။ ရထားသည် ဤသို့လျှင် ရပ်လိုက် ထွက်လိုက်နှင့် တရွေ့ရွေ့ ခုတ်မောင်းလာခဲ့လေ၏။

ပျဉ်းမနားသို့ ရောက်သောအခါ၌ မီးပေါင်ပြည့်သော်လည်း ရထားသည် မထွက်နိုင်အောင် စက်ချွတ်ယွင်းသွားသဖြင့် ခရီးသည်များ အားလုံးဆင်းကြရလေ၏။ မောင်ဘချစ်သည် ပျဉ်းမနားမြို့တွင်းသို့ သွားရောက်ကာ ကားကြီးကို ရှာဖွေရလေ၏။ နှစ်ရက်မျှ ကြာသောအခါ၌ သကြားပို့မည့် ကားများကို တွေ့သဖြင့် ထိုကားများနှင့်ပင် လိုက်ပါလာခဲ့လေတော့၏။

ထိုအချိန်က ရန်ကုန်မြို့ကြီး တစ်မြို့လုံးသည် တိတ်ဆိတ်

လျှက် ချောက်များရှယ်ရာ ကောင်းလှတော့သည်။ ကျွှဲ သည် မြစ်မှာပြည့်သို့တိုင်အောင် ကူးစက်လောင်ကျွမ်းခဲ့ပြီ ဖြ သဖြင့် ရန်ကုန်မြို့မှ လူများသည် မိမိတို့ ဆွေမျိုးရှိရာ တော ဒေသများဆီသို့ ပြောင်းရွှေ့သွားကြပြီ ဖြစ်၏။

အချို့ အတင့်ရဲသူတို့သာလျှင် နေထိုင်ကြလေ၏။ ရုံးမျ လည်း ပိတ်ထားပြီ ဖြစ်၏။ ကျောင်းများလည်း မရှိတော ထောင်များပင်လျှင် ဖွင့်၍ ထောင်ခါလိုက်ပြီဖြစ်ရာ အုပ်ချုပ်ရေ ဆိုသည့် စကားမှာ ပုံတမ်းစကားကဲ့သို့ ဖြစ်သွားလေတော့ မောင်ဘချစ်သည် သင်္ဘောကားများနှင့် လိုက်ပါလာခဲ့သည်ဖြ ရာ ထိုသင်္ဘောကားများသည် ဗိုလ်တထောင်ရှိ ဂိုဒေါင်ကြီးမျာ အနီး၌ ရပ်လေ၏။ မောင်ဘချစ်လည်း မိမိ လိုက်ပါလာသော ကားပေါ်မှ သင်္ဘောငါးပိသေတ္တာနှင့်ကို အိတ်တစ်လုံး၌ ထည့် ထမ်းကာ ငါးထပ်ကြီးဘက်ဆီသို့ ပြန်ခဲ့လေတော့၏။

ငါးထပ်ကြီးသို့ရောက်လျှင် ဦးငွမ်တီ၏ တဲကလေးဆီသို ပြေးလေ၏။ ဦးငွမ်တီသည် ၎င်း၏ တရုတ်တယောကလေးကို လက်သိမ်းစမ်း၍ နေလေ၏။ မောင်ဘချစ်က တိုင်းပြည်တစ်ခုလုံး ပျက်နေသည့်တိုင်အောင် တယောထိုးမပျက်သော ဦးငွမ်တီကို ကြည့်လျှက် အံ့သြမိလေတော့၏။ ဦးငွမ်တီထံသို့ အပြေးအလွှာ သွား၍---

"ဦးငွမ်တီ"

ဟု အားရဝမ်းသာ ခေါ်လိုက်လေ၏။ ဦးငွမ်တီကလည်း တယောထိုးနေရာမှ မောင်ဘချစ်ကို မော့ကြည့်ပြီးလျှင်---

"ဟိုက်---မောင်ဘချစ်ပါလား၊ ငါက မင်းသေသွားပြီ





အောက်မေ့နေတာကွ"

ဟု ပြောလိုက်လေ၏။

"မသေပါဘူးဗျာ၊ ခင်ဗျားလွှတ်လိုက်သလို ဗိုသမျှ မြို့တွေကို ကျုပ်သွားပါတယ်၊ ဒါပေမယ့် သိပ်များများ မသွားလိုက်ရပါဘူး ဗျာ၊ ဘုမသိဘမသိနဲ့ အချုပ်ထဲ ရောက်သွားတော့တာပဲ၊ အချုပ် ထဲက လွတ်ပြန်တော့လဲ လွတ်တဲ့ညမှာပဲ ဝဲသာနဲ့ဦးဘမြိုင်ဆို တဲ့ လူကို သတ်မှုနဲ့ ပြန်ပြီး အဖမ်းခံရပြန်တယ်၊ အဲဒီညမှာပဲ အချုပ် ခန်းကို ဖောက်ပြီး 'ထွက်ပြေးရတော့တာပဲ'"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးငွမ်တီက မျက်စိပေါက် ကလေး ကျဉ်းသွားသည့်တိုင်အောင် တခစ်ခစ် ရယ်မော၍---

"ဟဲ--- ဟဲ--- ဟဲ--- ဟဲ--- ဟဲ၊ အဲဒီအချုပ်ခန်းမှာ မင်းဟာ စိတ်ချွတ်ကောင်း ဒါမှမဟုတ် ဆရာကောင်းကို တွေ့ခဲ့ရတယ်ပေါ့ ဘာဖြစ်လို့ ငါက ဒီလိုပြောသလဲဆိုတော့ မင်းဟာ အချုပ်ကို ဖောက်ပြီး ပြေးနိုင်တဲ့ လုပ်ရည်ကိုင်ရည်မျိုး မရှိဘူးဆိုတာ ငါ သိပါတယ်၊ ဒီတော့ အဲဒီညမှာပဲ အချုပ်ကို ဖောက်ပြေးတယ် ဆိုတာ တခြားတစ်ယောက်ပါရမယ်၊ အခြားတစ်ယောက်ဆိုတာ မင်းအရင် အချုပ်ခန်းထဲကို ရောက်နေတဲ့ အကောင်ပဲ ဖြစ်ရမယ်၊ သူကမှ ဘယ်လိုဖောက်ရင် ဘယ်လိုပြေးရင် လွတ်မယ်ဆိုတာ စဉ်းစားထားပြီးသား ဖြစ်လိမ့်မယ်၊ အဲဒီလို စဉ်းစားထားပြီးပေ မယ့် သူတစ်ယောက်တည်း မပြေးနိုင်တဲ့ အကြောင်းကတော့ ထွက်ပြေးရမယ့်အပေါက်ဟာ သိပ်ပြီး မြင့်နေလိမ့်မယ်၊ လူ နှစ်ယောက်ဆင့်ပြီးမှ အဲဒီအပေါက်ကို အသုံးပြုနိုင်တာမျိုး ဖြစ်ရ မယ်ကွ၊ ဒါကြောင့် မင်းတို့ ထွက်ပြေးတယ်ဆိုတာ အချုပ်ခန်းရဲ့

မျက်နှာ ကြက်နားရွက်တဲ့ လေဝင်ပေါက်ကပဲ ဖြစ်ရမယ်၊ စဉ်းစား ကြည့်သလောက်ကတော့ သံတိုင်ကို ကြိုးနဲ့သုပ်လိမ်ပြီး ထွက်တာဖြစ်မှာပါပဲ၊ ကြိုးကတော့ လုံချည်ကိုဆုတ်ပြီး ကျစ်ထား ကွာ"

ဟု ပြောလိုက်ရာ မောင်ဘချစ်က---

"အဲဒီအတိုင်းပါပဲ ဦးလွမ်းတီရယ်၊ ခင်ဗျားပြောနေပုံအတိုင်း လိုက်ပြီး ကြည့်ထားသလိုပါပဲလား"

ဟု ပြောလိုက်လေ၏။

ဦးလွမ်းတီသည် တခေယာကို ရှုလိုက်ပြီးနောက်---

"မင်းတို့နှစ်ယောက်ဟာ ဇရမ်းပြေးအဖြစ်နဲ့ လျှောက်ပြီး ပြေးနေကြတယ်ဆိုပါတော့၊ အဲဒီလို ပြေးနေရင်းကနေပြီး ဝံသာ နုကြီးကို သတ်တဲ့ လူသတ်သမားကို ဖမ်းတယ်၊ မင်းတို့ ဖမ်း လို့ ပေါ်မိုးလောက်မှာပဲ မင်းတို့နှစ်ယောက်ကို ပုလိပ်က ဖမ်း သွားတယ်၊ ပြီးတော့ အမှုမစစ်နိုင်သေးဘဲ ထောင်ကို ပို့ထား တယ်၊ အမှုစစ်မယ်လဲလုပ်ရော တိုင်းပြည်ကလဲပျက် ဆိုတော့ မင်းတို့ကို ထောင်ချပြီး လွှတ်လိုက်ရတာပဲ"

ဟု တစ်လုံးချင်း ပြောလိုက်ရာ မောင်ဘချစ်မှာ ဦးလွမ်းတီ အား ပါးစပ်အဟောင်းသားနှင့် ငေး၍ ကြည့်နေပြီးလျှင်---

"ဒီအတိုင်းပါပဲ ခင်ဗျာ၊ ခင်ဗျားပြောလိုက်တာကတော့ ကျုပ်တို့လုပ်သမျှကို လိုက်ပြီး ကြည့်ထားတဲ့အတိုင်းပါပဲ"

ဟု ပြောလိုက်လေ၏။

"မင်းရဲ့အသည်းကြီးပျက် ရောဂါပျောက်သွားပြီလား"

ဟု ဦးလွမ်းတီက မေးလိုက်လေ၏။





"ရောဂါထမျိုးနဲ့တောင် မရပါဘူးဗျာ၊ တစ်ပြေးတည်း ပြေး နေရတော့တာပါပဲ၊ တိုင်းပြည် ပျက်သွားလို့ရှိ၊ မပျက်ရင်တော့ ကျုပ်ဟာ ဦးဘမြိုင်ဆိုတဲ့လူကို မသတ်ရဘဲနဲ့ သတ်ပါတယ် ဆို ပြီး ကြိုးစင်တက်ရတော့မှာပဲ ဦးလွမ်းတီရေ"

ဟု မောင်ဘချစ်က ပြောလိုက်လျှင် ဦးလွမ်းတီက မျက်စိ ပေါက်ကလေး ကျဉ်းသွားသည်အထိ ဟက်ဟက်ပက်ပက် ရယ် မောလိုက်ပြီးနောက်---

"ကြိုးစင်မတက်ရပါဘူးကွာ၊ မင်းလွှတ်မှာပါ"

ဟု ပြောလေ၏။

"မဟုတ်ဘူး ဦးလွမ်းတီ၊ ကျုပ်မသတ်ပေမယ့်လို့ ကျုပ်သတ် သလို ဖြစ်နေတာဗျ၊ အဲဒီတော့ ဘယ်ဖြစ်ဖြစ် ကျုပ်ကိုပဲ ကြိုးစင် ပို့ကြမှာပဲ၊ တကယ်တော့ ဦးဘမြိုင်ဆိုတဲ့လူကို ကျုပ်က သတ်ဖို့ နေနေသာသာဗျာ မြင်တောင်မှ မမြင်ဖူးပါဘူး"

ဟု မောင်ဘချစ်က ပြောလေ၏။

"ငါပြောပါပကောလား၊ ဒီအမှုနဲ့မင်းဟာ ကြိုးစင် မတက်ရပါ ဘူးလို့"

ဟု ဦးလွမ်းတီက ပြောလျှင် မောင်ဘချစ်က---

"ဒါကတော့ဗျာ တိုင်းပြည်ပျက်သွားတာကိုးဗျ၊ တိုင်းပြည် မပျက်ရင် သေရွာပေါက်ကို ကျုပ်ပေါ်မှာပဲ အပြစ်တွေ ပုံကျလာ မှာပဲ"

ဟု ပြောလေ၏။ ထိုအခါ၌ ဦးလွမ်းတီသည် အနီးတွင်ရှိသော ထင်းရှူးသေတ္တာကလေးကို ဖွင့်လိုက်၍ ဗိုင်းတွဲအတွင်းမှ ခေတ်ပုံ လေးပုံကို ထုတ်ယူ၏။

"ဟောဒီဓာတ်ပုံက မင်းသတ်ပါတယ်လို့ သတင်းကြီးနေ
ဝံသာနု ဦးဘမြင့်ရဲ့ ပုံပဲကွ"

ဟုဆိုကာ မောင်ဘချစ်အား ပြလိုက်လေ၏။ မောင်ဘချ
လည်း ထိုဓာတ်ပုံကို လှမ်းယူ၍ ကြည့်ရှုပြီးလျှင်---

"ခုမှပဲ မြင်ဖူးတော့တယ်ဗျာ"

ဟု ပြောလေ၏။ ထို့နောက် ဓာတ်ပုံတစ်ပုံကို မောင်ဘချ
လက်သို့ ပေးလိုက်ပြီးနောက် ဦးဌွမ်တီက---

"ဒီဓာတ်ပုံက အငြိမ့်သမလေး မြခေါင်းယဉ်တဲ့၊ ဦးဘမြ
မတော်မတရားဖျက်ဆီးတာကို ခံလိုက်ရလို့ ရှက်ပြီး အဆိ
သောက်သေသွားတဲ့ မိန်းကလေးပေါ့ကွာ"

ဟု ပြောလေ၏။

မောင်ဘချစ်သည် ထိုဓာတ်ပုံကို ကြည့်ရှုပြီးနောက်---

"ဗျာ---"

ဟု ပြောဆိုပြီးလျှင်---

"မြင်ဖူးသလိုလိုပဲဗျ"

ဟုလည်း ဆိုလိုက်လေတော့၏။ ထို့နောက် ဦးဌွမ်တီက
ဓာတ်ပုံတစ်ပုံကို မောင်ဘချစ်၏ လက်ထဲသို့ ပေးပြန်၍---

"ဟောဒီ ဓာတ်ပုံကတော့ ဦးဘမြင့်ကို တကယ်သတ်ခဲ့တဲ့
စိန်ဖေဆိုတဲ့အကောင်၊ ဒီကောင်က အငြိမ့်ထဲက တယောသမား
ကွ၊ သူက ဘာဖြစ်လို့ သတ်ရသလဲဆိုတော့ မြခေါင်းယဉ်က သူ
ရည်းစားကွ၊ အဲဒီတော့ ချစ်သူအတွက် ကျကျနန လက်စားချေ
တာပေါ့ကွာ"

ဟု ပြောလိုက်ရာ မောင်ဘချစ်သည် အံ့အားသင့်စွာဖြင့်





ဦးဌွမ်တီ၏ မျက်နှာကို ငေးမောနေလေ၏။ ထို့နောက် ဦးဌွမ်တီ
က ဓာတ်ပုံတစ်ပုံကို ထုတ်ပေးပြန်၍---

"ဟောဒီ ဓာတ်ပုံတွေရော၊ စာတွေရော တကယ်သတ်တဲ့
လူသတ်သမားကိုရော ငါ့ဆီကို လူတစ်ယောက်က ခေါ်လာ
တယ်ကွ၊ တကယ်လို့ မင်းကို ရုံးတင်ပြီး သေဒဏ်ပေးမယ်ဆိုရင်
စိန်ဖေကလဲ သူသတ်တာပါလို့ ရုံးမှာလာပြီး ဝန်ခံမယ်၊ ပြီးတော့
ဦးဘမြင့်ယုတ်ခဲ့သမျှကို အထောက်အထားနဲ့ တင်ပြမယ်၊ အဲဒီ
အခါမှာ သူဟာ လွတ်ချင်လဲ လွတ်ပေါ့ကွာ၊ မလွတ်ရင်လဲ
ကြိုးစင်ကို သူပဲ တက်မယ်ဆိုတဲ့ သဘောပေါ့"

ဟု ဦးဌွမ်တီက ပြောရာ မောင်ဘချစ်က---

"လုပ်ပါဦးလေ၊ အဲဒီဓာတ်ပုံတွေနဲ့ အဲဒီ စိန်ဖေဆိုတဲ့လူကို
ခေါ်လာတဲ့သူက ဘယ်သူတုံးဗျ"

ဟု မေးလိုက်ရာ ဦးဌွမ်တီက ဓာတ်ပုံတစ်ပုံကို ထုတ်၍
မောင်ဘချစ်လက်သို့ ပေးလိုက်ပြီးလျှင်---

"သူပဲပေါ့ကွာ၊ တကယ်တော်တဲ့ မိန်းမပါ"

ဟု ပြောလိုက်လေ၏။

မောင်ဘချစ်လည်း ဓာတ်ပုံကို ကမန်းကတန်း ကြည့်လိုက်
လေသည်။ ထိုသို့ ကြည့်လိုက်ပြီးလျှင် လွန်စွာ တုန်လှုပ် ချောက်
ချားသွားရလေ၏။

"မညိုပါလား၊ မညိုက ဘယ်ကနေ ဘယ်လို ပြန်ပြီး ပေါ်
လာရတာတုံး၊ သူဟာ အင်မတန် မိုက်ရိုင်းတဲ့ မိန်းမတစ်ယောက်
ပဲ၊ ကျွန်တော် ခုကွရောက်နေတုန်းမှာ သူဟာ ကျွန်တော့်ကို ပစ်
သွားတယ်၊ အခု သူက ဘယ့်နှယ်ကြောင့် ဒီအမှုတွဲနဲ့ စိန်ဖေဆို

တဲ့လူကို ဦးဝွမ်တီဆီ ခေါ်လာရတာတုံး"

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။

"ဒါတော့ ငါမသိဘူးကွ၊ ညိုညိုဟာ မိန်းမယုတ်တစ်ယောက် မဟုတ်ဘူးဆိုတာရယ်၊ မင်းပေါ် စိမ်းကားရက်စက်ခြင်း မရှိဘူး ဆိုတာရယ်တော့ ငါ အာမခံပါတယ်"

ဟု ဦးဝွမ်တီက ပြောလျှင် မောင်ဘချစ်က---

"ကျုပ်မယုံဘူး၊ ကျုပ်ဟာ ဦးတင်ဦးကို သေကြောင်းကြံ စည်မှုနဲ့ အဖမ်းခံရတဲ့ အချိန်ကာလပြီး သူဟာ ပျောက်ခြင်းမရှ ပျောက်သွားတယ်၊ ကျုပ်အိမ်ကြီးကိုတော့ ထားပါတော့လေ၊ ဒ ကြီးက မီးလောင်သွားတာကိုး၊ ကျုပ်တဲ့ အတွင်းပစ္စည်းတွေလဲ ရှိ တန်သလောက် ရှိသေးတယ်ဗျ၊ ပြီးတော့ ကျုပ်ရဲ့ ရုံးခန်းတွေ မော်တော်ကားတွေ ဒါတွေဟာ သူ့အကုန်ယူသွားတာပဲ မဟုတ် လား"

ဟု မဲ့ရွဲ့၍ ပြောလိုက်လေ၏။ ထိုအချိန်၌ ဦးဝွမ်တီသည် အနီ ရှိ ရေနွေးကြမ်းအိုးမှ ရေနွေးကြမ်းကို ငှဲ့လိုက်ပြီးနောက်---

"အဲဒါကြောင့်ပဲ ညိုညိုဟာ အင်မတန်တော်တဲ့ မိန်းမလို့ ပြောတာပေါ့ကွ"

ဟု ဆိုကာ ဦးဝွမ်တီသည် အနီးရှိထင်းရှူးသေတ္တာကလေးကို ဖွင့်ပြီး ဆွဲချလိုက်ပြီးလျှင် ဖွင့်၍ အတွင်းမှ အဝတ်အိတ်ကလေး တစ်အိတ်ကို ထုတ်လိုက်လေ၏။

ထို့နောက် ထိုအိတ်ကလေးကို ဖွင့်၍ အောက်သို့ သွန်ချလိုက် ရာ ရွှေဒင်္ဂါးပြားအချို့နှင့် စိန်ထည်ပစ္စည်းများ ထွက်လာလေ တော့၏။





မောင်ဘချစ်က ထိုပစ္စည်းများကို ကြည့်၍---

"ဘာတွေလဲ"

ဟုမေးလေ၏။

"ဘာတွေမှမဟုတ်ဘူး ကိုယ့်လူ၊ ဟောဒီစိန်တစ်ဆင်စာက တော့ နှုတ်ထမ်း မီးသတ်တယ်ဆို့ ညီလာခံမှာ မင်းတက်ပြီး မိန့် မှန်းပြောတဲ့နေ့ နောက်တစ်နေ့မှာ ညိုညိုကို လက်ဆောင်အဖြစ် ဝယ်ပေးခဲ့တဲ့ ပစ္စည်းတွေ၊ ပြီးတော့ ဟောဒီရွှေတွေကတော့ မင်း ရဲ့ မော်တော်ကားနဲ့ မင်းခြံကြီးကို ရောင်းပစ်လိုက်တဲ့ငွေကို မပျောက်မပျက်ရအောင် ဝယ်ထားတဲ့ ရွှေဒင်္ဂါးတွေ"

ဟု ဦးဝွမ်တီက ပြောလျှင် မောင်ဘချစ်သည် မိမိအဖြစ်ကို မိမိ နားမလည်နိုင်အောင် ရှိလေတော့၏။

"ထားပါတော့လေ၊ ကျုပ် အင်းစိန်ထောင်မှာ ရှိနေတုန်း သူ ဟာ ကျုပ်ကို လာတွေ့ဖော်တောင် မရဘူး၊ ဒါက ဘာသဘော လဲ"

ဟု မောင်ဘချစ်က ဒေါနှင့် မောနှင့် ပြန်၍ မေးလိုက်လေ တော့၏။

"ဒီလိုကွ၊ မင်းဟာ လူတစ်ယောက်ကို စကားလောက်နဲ့ ပြန် ပြီး ရှေ့ရမယ့် နေရာမှာ အသက်ကိုထိ လုပ်ကြံလိုက်တာကိုး ကွ ညိုညိုက မကြိုက်ဘူး၊ အဲဒီအတွက် ဘယ်လိုအပြစ်ပေးရမလဲ လို့ အကြံတောင်းတယ်၊ ငါက အကောင်းဆုံး အပြစ်ပေးတာဟာ မင်းထောင်ကျနေတုန်း သူ့ကို သွားမတွေ့နဲ့ ဒီလို အပြစ်ပေးတာ ဟာလဲ ပေးသင့်တယ်လို့ ငါရော ညိုညိုကပါ ယူဆတယ်ကွ၊ ပြီး တော့ အပြစ်တစ်ခုကို ကျူးလွန်ပြီးရင် အဲဒီအပြစ်ကို ကျေတဲ့

အထိ ခံရမယ်လို့ ညိုညိုကလဲ ယူဆတယ်၊ ဒါကြောင့် မင်းဟာ ဦးတင်ဦးကို တကယ်သတ်တယ်ဆိုတာကိုလဲ သိရော ညိုညိုဟာ မင်းလွတ်မြောက်ဖို့အတွက် ဘာတစ်ခုမှ မကြိုးစားတော့ဘူး၊ စစ်ကိုင်းချောင်မှာ သွားပြီး တရားအားထုတ်နေရတယ်ကွ၊ သူ့အစီအစဉ်ကတော့ မင်းပြန်ပြီးလွတ်လာတဲ့အခါမှာ မင်းကို ငါ့ဆီမှာ ရှိစေချင်တယ်၊ ပြီးတော့ လောကကြီးအကြောင်းကို အောက်သက်ကျေကျေနဲ့ နားလည်စေချင်တယ်၊ အဲဒီလို နားလည်ပြီးတော့မှ မင်းဘဝကို အစကပြန်ပြီး ထူထောင်စေချင်တယ်၊ အဲဒီလို ထူထောင်လို့ အတော်ကလေး အချိန်ရလာတဲ့အခါမှာ အရင်းအနှီးတွေ လိုခဲ့လို့ရှိရင် ရင်းနှီးနိုင်ဖို့အတွက် ဒီပစ္စည်းတွေကို ငါ့ဆီမှာ အပ်ထားခဲ့တာပဲ၊ ငါ့ရဲ့ အစီအစဉ်ကလဲ မင်းကို လူတွေအကြောင်း လောကကြီးအကြောင်းသိအောင် အနယ်နယ် အရပ်ရပ်ကို လွှတ်လိုက်မယ်၊ အဲဒီက ပြန်လာတဲ့အခါမှာ မင်းကို အလုပ်လုပ်ခိုင်းမယ်၊ အဲဒီအခါမှာ မင်းဟာ အလုပ်လုပ်ဖို့လဲ လွယ်ကူသွားပြီ၊ မြို့တိုင်းမြို့တိုင်းမှာ မင်းရဲ့ ခေါ်ခေါ်မြည်တဲ့ မိတ်ဆွေတွေ ရှိနေကြပြီ၊ ခေါ်ခေါ်မြည်တဲ့ မိတ်ဆွေရဖို့ သိပ်ခက်တာကွ၊ ဆင်းရဲတာ ချမ်းသာတာဟာ အကြောင်းမဟုတ်ပါဘူး၊ မိတ်ကောင်း ဆွေကောင်းဆိုတာက ကောင်းကျိုးပြုနိုင်တယ် မဟုတ်လား၊ အဲဒီလို မင်းကို စမ်းသပ်လေ့ကျင့်ခိုင်းမယ်၊ ပြန်လာရင် အလုပ်တွေ ပြန်စခိုင်းမယ်၊ အလုပ်တွေ ပြန်စတာနဲ့ တစ်ပြိုင်နက် မင်းနဲ့ငါဟာ ညိုညိုရှိရာ စစ်ကိုင်းချောင်ကိုသွားပြီး ညိုညိုကို ပြန်ခေါ်လာမယ်၊ ပြီးတော့ လူသစ်စိတ်သစ် ဘဝအသစ်နဲ့ ကျန်တဲ့ ဘဝအစိတ်အပိုင်းကို မင်းတို့နှစ်ယောက် ပျော်ရွှင်ချမ်းမြေ့စွာ

ဇာတ်သိမ်း



လျှောက်သွားကြဖို့ပဲ၊ ဒီအစီအစဉ်ကို ငါနဲ့ ညိုညိုက တိုင်ပင်ပြီး လုပ်ခဲ့တာကွ"

ဟု ဆိုကာ ဦးထွန်းတင်သည် ရှည်လျားစွာပြော၍ ရေနွေးကြမ်း တစ်ခွက်ကို မော့လိုက်လေ၏။

မောင်ဘချစ်မှ မျက်တောင်မျှ မခတ်ဘဲ ဦးထွန်းတင်၏ မျက်နှာကို ငေးမော ကြည့်ပြီးနောက် မျက်ရည်များလည်း ကျ၍ လာလေ၏။ ထိုအချိန်၌ ဦးထွန်းတင်က---

"ငါက မင်းကို စမ်းသပ်ကွင်းတစ်ခုမှာ ဒုတိယအကြိမ် ပြန်လည်စမ်းသပ်လေ့ကျင့်ဖို့ အိမ်မှာထားပြီး အားမွေးခိုင်းနေတုန်းမှာပဲ ကြားပေါက်ပြဿနာတစ်ခု ဝင်လာတယ်၊ အဲဒါက ဘာလဲဆိုတော့ ဗိုလ်တကလေးက အစပြုပြီး သူ့အမေ မြနှစ်ဟာ တို့ရဲ့ လမ်းကြောင်းထဲကို မထင်မှတ်ဘဲ ဝင်ရောက်လာတယ်၊ ဒါကြောင့် မင်းကို ကြာကြာအားမွေးခွင့် မပေးနိုင်တော့ဘဲ ခရီးထွက်ခိုင်းလိုက်ရတာပဲ၊ မင်းထွက်သွားတဲ့အချိန်မှာတော့ ငါဟာ ညိုညိုဆီကို လှမ်းပြီး အကြောင်းကြားထားပြီးပြီ၊ မြနှစ်တို့ သားအမိ ပြဿနာကိုလဲ ဘယ်လိုဖြေရှင်းရမယ်ဆိုတာ ငါ့အနေနဲ့ အစီအစဉ်တွေ ဆွဲရတော့တယ်၊ မင်းမှာ ညိုညိုဆိုတဲ့ တရားဝင် မိန်းမ တစ်ယောက်ရှိတယ်ဆိုတာကိုလဲ မြနှစ်ကို ငါ့အနေနဲ့ မပြောရက်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူကလဲ မင်းကို ရိုးရိုးသားသားနဲ့ အားကိုးပြီး မျှော်လင့်နေတာ၊ ဒီအထဲမှာ ဗိုလ်တကလေးကပါ မင်းကို ဖေဖေတစ်ယောက်လို သံယောဇဉ်တွယ်နေပြန်တယ်၊ ဇာတ်တွေ ဇာတ်တွေ ရှုပ်ကုန်တဲ့ဇာတ်တွေ၊ ထားပါတော့လေ၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့မြနှစ်တို့ သားအမိကို တဖြည်းဖြည်း ရှင်းပြီး

ဖြတ်ပစ်မယ်၊ ညိုညိုကိုလဲ မင်းရောက်လာခါနီး အချိန်လောက်မှာ ပြန်ပြီးခေါ်ထားမယ်၊ အရင်က အစီအစဉ်လို မင်း ပြန်ရောက်လာပြီး အလုပ်တွေ အကျအနဖြစ်ပြီးမှ ခေါ်မယ်ဆိုတာ မဟုတ်တော့ဘူးပေါ့၊ အစီအစဉ်က ပြောင်းလိုက်ရပြီ"

ဟု တစ်လုံးချင်း ရှင်းပြလိုက်လျှင် မောင်ဘချစ်က---

"ဘယ်လိုဖြစ်တာလဲ ဦးဂွမ်တီရယ်"

ဟု စိတ်ပျက်အားငယ်စွာ ပြန်၍ မေးလေ၏။

"ပထမ ငါနဲ့ ညိုညိုနဲ့ စီစဉ်ထားတဲ့ လမ်းကြောင်းကတော့ ဖြောင့်နေသားကွ၊ ဒီအထဲမှာ မင်းနဲ့ မြနှစ်က သံယောဇဉ်သွားပြီး ဖြစ်လိုက်ကြတော့ တို့စီစဉ်ထားတဲ့ လမ်းကြောင်းဟာ အကုန်လုံး ကိုးရိုးကားရား ဖြစ်ကုန်တာပေါ့ကွာ၊ အပြစ်ဖြစ်လာလို့ ရှောင်ပြီးပြောတာမဟုတ်ပါဘူး၊ ဒီအစီအစဉ်တွေဟာ ငါ့သဘောအတိုင်းစီစဉ်တယ်ဆိုတာထက် မင်းကို အင်မတန် ချစ်လွန်းတဲ့ ညိုညိုက မင်းကို ကောင်းစေချင်လွန်းတဲ့အတွက် အနိုက်ကြမ်းတဲ့ ဆရာလက်ထဲမှာ အပ်ပြီး ဆုံးမနိုင်းသလို ငါ့လက်ထဲကို ပုံပြီး ပြန်အပ်တာကွ၊ ဦးဂွမ်တီ မောင်ဘချစ်ဟာ ဦးဂွမ်တီရဲ့သွန်သင်ပေးမှုတွေ လေ့ကျင့်ပေးမှုတွေနဲ့ လူတစ်လုံး သူတစ်လုံးဖြစ်လာခဲ့တာ၊ အဲဒီလိုကနေပြီး သူဟာ လက်စားမချေရမယ့်လူကို အသက်သေတဲ့အထိ လက်စားချေခဲ့မိတဲ့အတွက် အခြေအနေတွေအားလုံး ပျက်စီးပြီး သုညဘက်ကို ပြန်ရောက်သွားတော့ ဦးဂွမ်တီအနေနဲ့ သူ့ကို ပြန်ပြီး အရင်အတိုင်း စိတ်ဓာတ်တွေ တက်ကြွလာအောင် လေ့ကျင့်ပေးပါ၊ ပြီးမှ ကျွန်မနဲ့တွေ့ပေးပါ" လို့ တမွှမ္မ ပူဆာရာတယ်၊ ငါကလဲ အဲဒီလို ပြန်လုပ်ပေးမှ မင်း





ဟာ ပြန်ပြီးထောင်တက်လာမယ်လို့ သဘောပေါက်မိတယ်၊ ထားပါတော့လေ၊ မင်းနဲ့ မြနှစ်နဲ့ ဝေးအောင်လို့ မင်းကို လွှတ်ထုတ်လိုက်တယ်၊ အဲဒီအထဲမှာပဲ နောက်ထပ်လမ်းကြောင်းတစ်ခုက ပြောင်းချင်တော့ ဝဲသာနဲ့ ဦးဘမြင့်ကို မသတ်ရဘဲနဲ့ သတ်ပါတယ်ဆိုပြီး မင်းဟာ အဖမ်းခံခဲ့ရတယ်၊ အဖမ်းခံရရုံ ခံရရင်လဲ လမ်းကြောင်းက မပြောင်းသေးဘူးကွ၊ ညိုညိုနဲ့ငါနဲ့တွေ့ပြီး အမှုမှန်ပေါ်အောင် ကြိုးစားမယ်ဆိုရင် ဖြစ်သေးတယ်၊ ခက်တာက မင်းဟာ လူသတ်မှုနဲ့ အဖမ်းခံရပေမယ့် အချုပ်ထဲကနေ ထွက်ပြေးပြီး ဝရမ်းပြေးဖြစ်သွားတာဟာ ငါနဲ့ညိုညိုနဲ့ စည်းဝေးရိုက်ခဲ့တဲ့ လမ်းကြောင်းကနေ တစ်ခါတည်း ပြောင်းသွားတော့တာပဲပေါ့လူရေ"

ဟု ဦးဂွမ်တီက စိတ်မချမ်းမြေ့သော လေသံဖြင့် ပြောဆို၍ တံတွေးကို ကျွတ်ခနဲ မျိုချလိုက်လေ၏။

မောင်ဘချစ်၏ မျက်နှာသည် ညှိုးငယ်အုံ့ဆိုင်း၍ မျက်ရည်များသည် ရစ်ဝိုင်းသည်ထက် ရစ်ဝိုင်းလာလေတော့၏။ ထိုအခါမှ ဦးဂွမ်တီက---

"ဝဋ်တရားဆိုတဲ့ဟာက သိပ်ပြီး ဆန်းကြယ်တယ်ကွ၊ ငါဟာ အတော်မိုက်မဲတဲ့အကောင်ဆိုတာ အဲဒီအခါကျတော့မှ သိတော့တယ်ကွ၊ လူတစ်ယောက်ဟာ အခြားလူတစ်ယောက်ကို ဖန်ဆင်းရှင်ကြီးလို လွှမ်းမိုးပြီး သူ့ရဲ့အနာဂတ်ကို ဖန်တီးမပေးနိုင်ဘူးကွ၊ အလွန်ဆုံး လုပ်ပေးနိုင်တာက လမ်းညွှန်လမ်းပြလောက်ပဲ လုပ်နိုင်တာ၊ အဲဒါကို ဂွမ်တီဆိုတဲ့ငါက ဘချစ်ဆိုတဲ့ကောင်ရဲ့ အနာဂတ်ကို သူဌေးကြီးဖြစ်အောင် လူတော်ကြီးဖြစ်အောင်

ဘယ်မိန်းမနဲ့ အိုအောင်မင်းအောင် တည်တည်မြဲမြဲ ပေါင်းရအောင် လုပ်ပေးမယ်လို့ ကြံစည်ခဲ့တာကိုးကွ၊ ငါ့ရဲ့ စဉ်းစားတွေးခေါ်ပုံတွေက သိပ်ပြီးတော့ကို ထင်းတုံးကြီးနဲ့တူတယ်၊ ဘာကြောင့် ထင်းတုံးကြီးနဲ့ တူသလဲဆိုတော့ ထင်းတုံးကြီးကို ထင်းပေါက်ခြမ်းကလေးတွေဖြစ်အောင် လုပ်လို့လဲ ရတယ်၊ ထင်းတုံးကြီးအတိုင်း ထားချင်လဲ ထားလို့ရတယ်၊ ငါစဉ်းစားပုံ စဉ်းစားနည်းတွေဟာ အဲဒီလို ဖြစ်နေတယ်ကွ၊ လူကို ထင်းတုံးလို စဉ်းစားနေတယ်၊ ထင်းတုံးကတော့ ရတာပေါ့ကွာ၊ သူ့မှာ ကံဆိုတဲ့အရာ မပါဘူးကွ၊ ခြယ်လှယ်ချင်သလို ခြယ်လှယ်လို့ရတယ်၊ ဖန်တီးချင်သလို ဖန်တီးလို့ ရတယ်၊ လူကတော့ ဒီလို မဟုတ်ဘူး၊ ကိုယ်ဖန်တီးချင်တိုင်း ဖန်တီးလို့ မရဘူး၊ လုပ်ချင်တိုင်းလဲ လုပ်လို့မရဘူး၊ ဖြစ်စေချင်တိုင်းလဲ ဖြစ်မလာနိုင်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကံဆိုတဲ့အရာဟာ မမြင်ရတာ မှန်ပေမယ့် တကယ့်ကို ကြီးကြီးမားမားအဖြစ်နဲ့ ပါနေတယ်ကွ၊ ဘချစ်ဆိုတဲ့ကောင်ရဲ့ ကံကိုမယ်ပြီး ဘချစ်ကိုသူဌေးကြီးဖြစ်အောင် ပြန်လုပ်ပေးမယ် ညိုညိုနဲ့ပြန်ပြီးပေးစားမယ်လို့ ငါဟာ စိတ်ကူးယဉ်ခဲ့မိတယ် ဘချစ်ဟာ ထင်းတုံးကြီးမဟုတ်ဘူး၊ အဲဒါကြောင့် ငါစီစဉ်ထားတဲ့ လမ်းကြောင်းက ပြောင်းသွားခဲ့ရတယ်"

ဟု ဖြည်းညင်းစွာ ပြောလိုက်ပြီးနောက် သက်ပြင်းတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်လိုက်လေတော့၏။

မောင်ဘချစ်၏ ရင်တွင်း၌မူ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်းစသော စေတသိက်တို့သည် ဘောင်ဘင်ခတ်လျက် ရှိလေတော့၏။





ထိုအချိန်၌ ဦးငွမ်တီက---

"ကံတရားရဲ့ ဆန်းကြယ်ပုံဆိုလို့ ပြောဦးမယ်ကွ၊ မင်းက ဝဲသာနု ဦးဘမြိုင်ကို သတ်မှုနဲ့ အချုပ်ထဲ ရောက်တယ် မဟုတ်လား၊ အဲဒီ ဦးဘမြိုင်ကို တကယ်သတ်တဲ့ ဘယ်သူတုံး၊ မင်းသိရဲ့လား"

ဟု မေးလိုက်ရာ မောင်ဘချစ်က---

"စိန်ဖေဆိုတဲ့အကောင်ဆို"

ဟု ပြန်၍ ပြောလေ၏။

"အေး--- အဲဒီစိန်ဖေဆိုတာ ဘယ်သူတုံး"

ဟု ဦးငွမ်တီက မေးမြန်း၏။

"စိန်ဖေဆိုတာ တယောဆရာ၊ အငြိမ့်မင်းသမီး မြခေါင်းယဉ်ရဲ့ ရည်းစားဆိုဗျ"

ဟု မောင်ဘချစ်က ပြောပြန်လေ၏။

"အေး--- ကံတွေ ကံတွေ၊ လူတစ်ယောက်က ဒီလို ဒီလို ဖြစ်အောင် စီစဉ်လို့ကို မရနိုင်ဘူး၊ သိပ်ထူးဆန်းတယ်၊ အဲဒီစိန်ဖေဆိုတာ ညိုညိုရဲ့ မောင်အရင်းကွ"

ဟု ဦးငွမ်တီက ပြောလိုက်ရာ မောင်ဘချစ်သည် ဦးငွမ်တီ၏ မျက်နှာကို တစ်ချက် မော့ကြည့်လိုက်လေ၏။

"ညိုညိုဟာ ဘယ်လောက်တော်သလဲဆိုရင် ဒီအမှုနဲ့ မင်းကို အပြစ်ပေးတော့မယ်ဆိုတာ သေချာတာနဲ့ တစ်ပြိုင်နက် သူ့မောင် စိန်ဖေဆိုတဲ့ကောင်ကို အဖမ်းခံပြီး မင်းကို လွတ်အောင်လုပ်ဖို့ ပြောပြီးပြီကွ၊ စိန်ဖေကလဲ မောင်ဘချစ်တစ်ယောက် ဒီအမှုမှာ ခံရတော့မယ်ဆိုရင်တော့ သူဟာ အဖမ်းခံပြီး မောင်ဘချစ်ကို

ကာယ်ပဲ့မယ်လို့ ပြောပြီးပြီကွ"

ဟု ဦးငွမ်တီက ပြောလိုက်ရာ မောင်ဘချစ်က ဦးငွမ်တီ၏ ဉ နှစ်ဖက်အား လှုပ်ယမ်း၍---

"အခု မပညို့ ဘယ်မှာလဲ ဦးငွမ်တီ"

ဟု မေးလိုက်လေ၏။

ဦးငွမ်တီသည် မောင်ဘချစ်၏ မျက်နှာကို သေချာစေ့စပ်စွာ ကြည့်၍---

"အခုလို စီစဉ်ထားတဲ့ လမ်းကြောင်းတွေ ပြောင်းကုန်တာ လဲသိရော ညိုညိုလဲ ကံတရားကို အတော်ပဲ ယုံကြည်သွားတယ် ကွ၊ အစတုန်းကတော့ သူ့ရဲ့အတွေးအခေါ်ဟာလဲ ငါ့လို ထင်း တုံး အတွေးအခေါ်မျိုးနဲ့ တူပါရဲ့ကွာ၊ အဲဒီကျတော့မှပဲ သူဟာ ကံတရားကို ကျကျနနကြီး နလုံးသားက လက်ခံသွားပုံရတယ် ဒါကြောင့်---"

ဟု ဆိုလိုက်လျှင် မောင်ဘချစ်က ဦးငွမ်တီ၏ ဒူးခေါင်းကို သွက်သွက်ခါအောင် လှုပ်ယမ်းလျက်---

"ဒါကြောင့် ဘာဖြစ်သလဲ ဦးငွမ်တီ"

ဟု ပျာပျာသလဲ မေးလိုက်ရာလေ၏။

"တစ်ခါတည်း သိလာရင် ဝတ်သွားရာပြီ၊ အဲဒီလို ဝတ်သွားရ တဲ့ အကြောင်းထဲမှာ မြနှစ်တို့ သားအမိ မင်းအပေါ်မှာ ရှိရှိ သားသား သံယောဇဉ်တွယ်နေကြတာကိုလဲ သူက သိသွား တယ်လေကွာ၊ အဲဒီတော့ မြနှစ်နဲ့ဖိုလ်ဝကလေးတို့ကို ငုံလိုက် တာလဲ ပါချင်ပါမပေါ့ကွာ၊ မပါချင်လဲ မပါဘူးပေါ့ကွာ"

ဟု ဦးငွမ်တီက ပြောလျှင် မောင်ဘချစ်က---





"ကျွန်တော်နဲ့ မြနှစ်တို့ရဲ့ အကြောင်းကို မပညိုက ဦးငွမ်တီ ပြောလို့သိတာလား"

ဟု မေးလေ၏။

"မဟုတ်ဘူးကွ၊ ညိုညိုဟာ သိပ်ပြီးတော်တဲ့ မိန်းကလေးကွ၊ သူသိချင်တာကို သိအောင်လုပ်နိုင်တဲ့ စွမ်းရည်ရှိတယ်ကွ၊ အဲဒီ တော့ သူတစ်ချက် မစုံစမ်းရပါဘူးကွာ၊ ဒီအကြောင်းတွေ အား လုံး သိသွားတော့တာပေါ့"

ဟု ဦးငွမ်တီက ပြောလိုက်လျှင် မောင်ဘချစ်သည် မျက်နှာ ကို လက်ဝါးဖြင့်အုပ်၍ "နိုက်ကြီးတာဝင်" ငိုချလိုက်လေတော့ သတည်း။

"ကျွန်တော့်နှလုံးသည်းမှတ်တွေ မြှုတ်ကုန်ပါပြီ ဦးငွမ်တီ ရယ်"

ဟုလည်း သနားဖွယ်ရာ ပြောရာလေတော့၏။

❖ ❖ ❖

## ဦးဂွမ်တီ၏ စိတ်ချမ်းသာနည်းကလေးတစ်ခု

မောင်ဘချစ်သည် နှိုက်ကြီးတောင် ငိုပြီးနောက် ဦးဂွမ်တီ အား---

"အနှစ်တို့သားအမိကော ဦးဂွမ်တီ"

ဟု မေးလေ၏။

"သူတို့ တောတော ပြန်သွားကြတယ်ကွ၊ တိုင်းပြည်ကြီ ကလဲ နေ့ချင်းညချင်းဆိုသလို ပျက်စီးသွားတာဆိုတော့ မိန် သားတွေ မဟုတ်လားကွ၊ အေးချမ်းနိုးစပ်ရှိရာကို ပြေးကြတော တာပေါ့၊ ဘာလဲ မင်းက လိုက်သွားမလို့လား၊ မလိုက်ပါနဲ့ကွ သူတို့လဲ တောမှာ ကြာကြာမနေနိုင်ပါဘူး၊ ဒီကို ပြန်လာကြ ပါကွ"

ဟု ဦးဂွမ်တီက ပြောလေ၏။

"ကျွန်တော်ကတော့ အနှစ်တို့ဆီကို လိုက်သွားဖို့ထက် စစ်ကိုင်းတောင်မှာရှိတဲ့ မမညိုဆီကို လိုက်သွားချင်တယ် ဦးဂွမ်





။"

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။

"ငါ့ဆနှပြောရရင်တော့ ညိုညိုဆီကို မင်းလိုက်မသွားသင့် ဘူး ဖယောင်းတိုင်မီးဟာ လေမတိုက်ဘဲ နေရင်တော့ ငြိမ်ငြိမ် လေးနေတာပဲ၊ လေတိုက်လိုက်ပြီဆိုရင် လှုပ်ရှားသွားတဲ့ သဘောမှာ ရှိတယ်၊ ညိုညိုဟာ သူ့ရဲ့ အေးချမ်းမှုအတွက် ကြိုးစား ရည်ဆောက်လာတာ အခုလောက်ဆိုရင် တော်တော်ကလေး အေးချမ်းနေရှာပါပြီကွာ၊ ခုနေ မင်းရောက်သွားရင်တော့ သူ့ရဲ့ စိတ်တွေဟာ လေတိုးခံရတဲ့ ဖယောင်းတိုင်မီးလို သွက်သွက်ခါ သွားလိမ့်မယ်"

ဟု ဦးဂွမ်တီက ပြောလိုက်လေ၏။ ထိုအခါ၌ မောင်ဘချစ် က---

"အဲဒီလိုဆိုရင်တော့ ကျုပ်က ဘာတွေ ဆက်လုပ်ရမှာလဲ"

ဟု မေးလိုက်လေ၏။

"အခုနေအခါမှာတော့ မင်းလုပ်ချင်တိုင်းလဲ ဘာမှလုပ်လို့ မရ ဘူး တိုင်းပြည်က ပျက်နေပြီ၊ ငါ့ရဲ့ တဲကလေးထဲမှာပဲနေပြီး မရှိ တာကလေးကို ကျေနပ်နှမ်းစားပေါ့၊ ကြုံတွေ့လာခဲ့ရတဲ့ စိတ်ဒုက္ခ တွေကို ဖြေသိမ့်ပြီး အနားယူစေချင်တယ်၊ ဒီဟာ အကောင်းဆုံး ကွ၊ ဒီလိုကာလမျိုးမှာ လျှောက်ပြီးသွားနေလို့လဲ မဖြစ်သေးဘူး ကွ မင်းလဲပဲ ပင်ပန်းလှပါပြီ၊ အနားယူလိုက်စမ်းပါကွာ"

ဟု ဦးဂွမ်တီ ပြောလေ၏။ မောင်ဘချစ်သည် ဦးဂွမ်တီ၏ ကျောင်းတွင်ရှိသော ထင်းရှူးပြားပေါ်သို့ ဟင်းခနဲ သက်ပြင်းချရင်း ကိုလက်လှန်လိုက်လေ၏။ ထိုအချိန်၌ ဦးဂွမ်တီက ရေနွေး

ကြမ်းတစ်ချက်ကို မော့လိုက်ပြီးလျှင်---

"ဟော့--- မောင်ဘချစ်၊ မင်း သက်ပြင်းရှုံ့ကြီးကလဲ မ
ကိုယ်မင်း မကျေနပ်တဲ့ ပုံကြီးပဲကွ"

ဟု ပြောလိုက်လေ၏။

"ဟုတ်တယ် ဦးငွမ်တီ၊ ကျွပ်ဟာ ကျွပ်ဘဝကိုကျွပ် မကျေ
နပ်နေတာတော့ အမှန်ပဲ"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။ ထိုအချိန်၌ ဦးငွမ်
က တခစ်ခစ်ရယ်မော၍---

"ဒီမှာကိုယ့်လူ၊ ကိုးဆယ့်ခြောက်ပါးသော ရောဂါရဲ့ အပြ
ဘက်က ရောဂါတစ်မျိုး ရှိတယ်ကွ၊ အဲဒီရောဂါက ဘာလဲ
တော့ **ကိုယ့်ကိုယ်ကို မကျေနပ်တဲ့ ရောဂါ**ပဲ၊ ဒီရောဂါဟာ လူ
တစ်ရာမှာ ကိုးဆယ့်ကိုးယောက်လောက် ဖြစ်နေတဲ့ ရောဂါပဲကွ
ဆေးနည်းကောင်း တွေ့ခဲ့တယ်"

ဟု ဦးငွမ်တီက ပြောလေ၏။ မောင်ဘချစ်သည် အိပ်နေရာ
ဝေါက်ခနဲ ထလိုက်လေ၏။

"ရောဂါတစ်မျိုး လာပြန်ပြီလား ဦးငွမ်တီ၊ အထည်ကြီးမျှ
ရောဂါတစ်မျိုး ဖြစ်နေတယ်ဆိုလို့ ကျွပ်ဟာ ခင်ဗျားပြော
အတိုင်း လျှောက်ပြီးလုပ်ခဲ့တယ်၊ ထောင်ကျခဲ့ရတယ်၊ ချင်း
တွေနဲ့ လွဲခဲ့ရတယ်၊ စက်တိုင်တက်ရမလို ဖြစ်ခဲ့ရတယ်၊ အဲ
ဖြစ်ခဲ့ရပြီးမှ အခုပဲ ပြန်ရောက်တယ်၊ ဟော အခု ကျွပ်မှာ
ရောဂါရှိနေပြန်ပြီတဲ့၊ ရောဂါနာမည်ကလဲ **ကိုယ့်ကိုယ်ကို မကျေ
နပ်တဲ့ ရောဂါ** တဲ့ ဟုတ်လားဦးငွမ်တီ၊ ရောဂါအသစ်တစ်မျိုးပေါ့
ဒီရောဂါပျောက်အောင် ဘာတွေ လျှောက်ပြီးလုပ်ရဦးမှာလဲ"





ဟု မောင်ဘချစ်က ဒေါနှင့်မောနှင့် ပြောလိုက်လေ၏။

"ဒီလိုပေါ့ ကိုယ့်လူရ၊ လူဆိုတာက ကိုယ့်တန်ဖိုး ကိုယ်နား
လည်တတ်ကြဘူးကွ၊ အဲဒီတော့ ကိုယ့်ကိုယ့်ကို ကျေနပ်မှု မရှိ
နေပေါ့ကွာ၊ တကယ်စဉ်းစားကြည့်ရင် တကယ်ကြွယ်ဝနေတယ်
ပြည့်စုံနေတယ်"

ဟု ဦးငွမ်တီက ပြောလေ၏။

ထိုအခါ၌ မောင်ဘချစ်က ၎င်း၏ အိတ်အတွင်းမှ ဆေးပေါ့
လိပ်တစ်လိပ်ကို ထုတ်၍ မီးညှိပြီးလျှင်---

"ကျွပ်တို့မှာ ဘာတွေများ ပြည့်စုံနေလို့လဲ၊ ဘာတွေများ
ကြွယ်ဝနေလို့လဲ ဦးငွမ်တီရယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ၌ ဦးငွမ်တီက---

"ကဲ--- ဒီလိုဆိုရင် မင်းကိုမေးမယ်၊ သန်းကြွယ်သူဌေးကြီး
တစ်ဦးက ခုနေ မင်းဆီကိုရောက်လာပြီး မင်းဆီက ပစ္စည်းတစ်ခု
ယ်မယ်ဆိုရင် မင်းရောင်းနိုင်ပါ့မလား"

ဟု ပြောလိုက်လျှင် မောင်ဘချစ်က---

"ကျွပ်ဆီမှာ ဘာပစ္စည်းရှိလို့လဲ၊ ကျွပ်က ဘာကိုရောင်းရမှာ
လဲ"

ဟု ပြန်၍ မေးလေ၏။

"အခုနေ သန်းကြွယ်သူဌေးကြီးက ကိုဘချစ်ရယ်၊ ခင်ဗျားရဲ့
လက်တစ်ဖက်ကို ကျွပ်ကိုရောင်းပါလို့များ မင်းရဲ့ လက်တစ်ဖက်
ကို လာပြီးဝယ်ရင် မင်းက ဘယ်ဈေးနဲ့ ရောင်းမှာတုံး"

ဟု ဦးငွမ်တီက ပြောလေ၏။

"ဟာ--- ဘယ်ဖြစ်မတုံး၊ ဒါက ရောင်းရမယ့်ပစ္စည်းမှ

မဟုတ်ဘဲ၊ မရောင်းနိုင်ပါဘူးဗျာ"

ဟု မောင်ဘချစ်က ပြောလေ၏။

"ငွေက တစ်သိန်းပေးမယ်ကွာ၊ လက်တစ်ဖက်ကို မရော
နိုင်ဘူးလား"

ဟု ဦးငွမ်တီက ဆိုပြန်၏။

"တစ်သိန်းပေးလဲ မရောင်းနိုင်ဘူးဗျာ၊ ဆယ်သိန်းပေး
မရောင်းနိုင်ဘူး"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဒါဖြင့်ရင် မင်းရဲ့ ခြေထောက်နှစ်ဖက်ကို ဝယ်ချင်တယ်ကွ
တစ်ဖက်ကို ဘယ်လောက်နှုန်းထားပြီး ရောင်းမတုံး"

ဟု ဦးငွမ်တီက မေးပြန်၏။

"တော်ဗျာ၊ နိမိတ်မရှိ နမာမရှိတာတွေ၊ ဘယ်နှယ်လုပ်
ခြေထောက်နှစ်ဖက်ကို ရောင်းရမှာတုံးဗျ တစ်ကုဋေပေး
မရောင်းဘူးဗျာ၊ အိုဗျာ အဲဒီသူဌေးကြီးရဲ့ စည်းစိမ်တွေ ပုံပြီး
ရင်တောင် မရောင်းဘူးဗျာ"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

"ထားပါတော့လေ၊ ခြေတွေလက်တွေ မျက်လုံးတွေကအ
အသုံးဝင်တာကိုး၊ မရောင်းဘူးဆိုရင်လဲ မရောင်းနဲ့ပေါ့ကွာ၊ ဒါ
မယ့် မင်းအတွက် အသုံးမဝင်တဲ့ ပစ္စည်းတစ်ခုတော့ သူဌေးကြ
က ဝယ်ချင်သေးတယ်ကွ၊ အဲဒါဘာလဲဆိုတော့ မင်းရဲ့ နား
နှစ်ဖက်ကို တန်ဖိုးပေးပြီး သူက ဝယ်ချင်တယ်တဲ့ကွာ၊ တက
ကတော့ နားရွက်နှစ်ဖက်ဟာ အလှသက်သက်ပါပဲကွာ၊
လောက်လဲ အသုံးမဝင်လှပါဘူး၊ ရောင်းမယ်ဆိုရင် ရောင်းနိုင်





ပစ္စည်းပဲ"

ဟု ဦးငွမ်တီက ပြောပြန်လေ၏။

"နားရွက်မရှိရင် ငုံးတိတိကြီး ဖြစ်နေမှာပေါ့၊ ဘာဖြစ်လို့
ရောင်းရမှာတုံး၊ ခင်ဗျားနားရွက်တွေ ရောင်းပစ်ပါလား၊ ခင်ဗျား
နှာခေါင်းကြီးကော ရောင်းပစ်ပါလား"

ဟု မောင်ဘချစ်က ဒေါနှင့်မောနှင့် ပြန်၍ ပြောလေ၏။ ထို
အခါ၌ ဦးငွမ်တီက---

"ဟား ဟား ဟား ဟား မောင်ဘချစ်၊ မင်းကိုယ်မှာရှိတဲ့
ခြေတွေ၊ လက်တွေ၊ မျက်လုံးတွေ၊ နားတွေကို မင်းက မရောင်း
နိုင်ပါဘူး၊ ရွှေဒင်္ဂါး တင်းတောင်းနဲ့ ချိန်ပြီးပေးရင်တောင် မရောင်း
နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပစ္စည်းတွေဟာ ရွှေဒင်္ဂါး
တွေထက် အများကြီး တန်ဖိုးရှိနေလို့ပဲ၊ ဒါကို စဉ်းစားကြည့်ရင်
မင်းတို့ငါတို့ဟာ ပိုက်ဆံတစ်ပြားမှ မရှိဘဲ ဆန်ပြုတ်သောက်ပြီး
အဝတ်စုတ်တွေ ဝတ်နေရတဲ့တိုင်အောင် ရွှေဒင်္ဂါးပေါင်းများစွာနဲ့
မလဲနိုင်တဲ့ အဖိုးမဖြတ်နိုင်တဲ့ ခြေလက်အင်္ဂါ၊ နား၊ နှာခေါင်း၊
မျက်လုံးတွေကို ပိုင်ဆိုင် ကြွယ်ဝနေတယ်ဆိုတာကို ငြင်းဦး
မလား မောင်ဘချစ်၊ ဒါကို စဉ်းစားကြည့်ရင် မင်းတို့ငါတို့ဟာ
ပြည့်စုံနေတယ်ကွ၊ သဘာဝက ပေးထားတဲ့ အရာတွေနဲ့ ကိုယ့်
ဟာကိုယ် ဖူဖူလုံလုံရှိနေတယ်ကွ၊ အဲဒါကို မတွေးမိတဲ့ လူတွေက
ငါတော့ မွဲပြီ၊ ငါတော့ လူစဉ်မမီတော့ဘူးလို့ထင်ပြီး ညည်းညူနေ
ကြတာ၊ သဘာဝတရားဟာ ဘယ်လောက်များ ဆန်းကြယ်
သလဲဆိုရင် သူက ငါတို့ကို ချို့ချို့ငဲ့ငဲ့ မဖြစ်စေချင်ဘူးကွ၊ အသုံး
ဝင်တဲ့ အစိတ်အပိုင်းတွေဆိုရင် အပိုပေးယူတောင် လုပ်ထည့်

ပေးလိုက်တာ၊ မျက်လုံးဆိုရင် နှစ်လုံးတောင် ပေးထားတာကွ တကယ်လို့ တစ်လုံးကန်းသွားရင်လဲ စပယ်ယာတစ်လုံး ကျ သေးတယ်ကွ၊ လက်လဲပဲ နှစ်ဖက်တောင် လုပ်ပေးထားတာကွ တစ်ဖက်ကျိုးသွားရင် စပယ်ယာတစ်ဖက် ကျန်သေးတယ်၊ ခြေ ထောက်လဲ ဒီလိုပေါ့ကွာ၊ တစ်ချောင်းကျိုးသွားရင်တောင် ချိုင်း ထောက်ရဲ့ အကူအညီနဲ့ ကျန်တဲ့တစ်ချောင်းကို အသုံးပြုနိုင်သေး တယ်ကွ၊ အခုလို မျက်လုံးနှစ်လုံးစလုံးကောင်းမယ်၊ လက်တွေ ခြေထောက်တွေလဲ ကောင်းမယ်ဆိုရင် ကိုယ့်ကိုယ်ကို ဘာမျှ မကျေနပ်စရာရှိသေးသလဲ မောင်ဘချစ်ရယ်၊ အဲဒါကို မတွေးဘဲ လောကကြီးမှာ ကိုယ်လုပ်ချင်တာ မဖြစ်တိုင်း စိတ်သောက ရောက်နေရမှာ မဟုတ်လားကွ"

ဟု ရှည်လျားစွာ ရှင်းပြလိုက်လျှင် မောင်ဘချစ်သည် ရေ နွေးကြမ်းတစ်ခွက်ကို ကောက်ကာ ငုံ့ပြီးနောက်---

"တော်တော် အပြောကောင်းတဲ့ ဦးဂွမ်တီပဲ၊ စိတ်ကို တစ်မ တည်း ချမ်းသာသွားတာပဲ"

ဟု မောင်ဘချစ်က ပြောလိုက်လျှင် ဦးဂွမ်တီသည် ၎င်း ကိုယ်တိုင် လိပ်ထားသော ဒီးကရက်ကလေး တစ်လိပ်ကို ထုတ်ယူမီးညှိပြီးလျှင်---

"အမှန်ကတော့ကွာ၊ ငါတို့မှာ စိတ်ချမ်းသာစရာ ကိုးဆယ် သားနဲ့ စိတ်ညစ်စရာ တစ်ဆယ်သားရောပြီး နေတယ်ကွ၊ တချို့ကတော့ စိတ်ညစ်စရာ တစ်ဆယ်သားကို ကြည့်ပြီး စိတ် ချမ်းသာစရာ ကိုးဆယ်သားကို မေ့ထားကြတာကွ၊ တကယ်ဖြစ် သင့်တာကတော့ စိတ်ညစ်စရာ တစ်ဆယ်သားကို မေ့ထားပြီး





စိတ်ချမ်းသာစရာ ကိုးဆယ်သားအကြောင်းကို စဉ်းစားကြည့် ရမယ်ပေါ့ မောင်ဘချစ်ရယ်၊ အဲဒီလို စဉ်းစားတတ်ရင် လောကကြီး ဟာ ကျေနပ်ဖို့ကောင်းပါတယ်ကွ၊ ကဲ ကဲ--- မင်းလဲ အနားယူ ပြီး တစ်ရေးတစ်မောလောက် အိပ်လိုက်ဦး၊ ငါလဲပဲ အညား ပျောက်သွားအောင် ဗွေ့ကလေးဘာလေး ထုတ်လိုက်ဦးမယ်"

ဟု ပြောဆိုကာ ဒီးကရက်ကို အားရပါးရ ဖွာလိုက်ပြီး နောက် ခေါင်းကို ခေါင်းမြီးခြုံလိုက်လေတော့၏။ မောင်ဘချစ် လည်း---

"ဦးဂွမ်တီပြောတာ ဟုတ်သားပဲ၊ ငါ့မှာ ကိုယ်အင်္ဂါ အစိတ် အပိုင်းတွေ ပြည့်ပြည့်စုံစုံ ရှိနေပါလျက် အဲဒီလိုရှိနေတဲ့ အဖြစ်ကို တန်ဖိုးထားရမှန်း မသိတော့လဲ ငါဆိုတဲ့ကောင်ကြီးဟာ တန်ဖိုး မရှိ ဖြစ်နေတာပေါ့၊ တန်ဖိုးမရှိဘူးဆိုတော့ အလကားကောင်ကြီး ဖြစ်နေတာပေါ့၊ တကယ်ကတော့ ငါဟာ အလကားမဟုတ်ဘူး၊ ငါကိုယ်တိုင် ပိုင်ဆိုင်ထားတဲ့ ခြေထောက်တွေ၊ လက်တွေ၊ မျက် လုံးတွေ၊ နားတွေကို ဈေးတွက်နဲ့ တွက်ကြည့်ရင်တောင် ကုဋေ ကုဋာမက အဖိုးတန်တဲ့ လူ့အဖိုးတန်ကြီးပဲ"

ဟု စိတ်၌ တွေးမိလေ၏။ ထိုအခါ၌ ဦးဂွမ်တီက ခြုံစောင် အတွင်းမှနေ၍---

"ဟေ့--- မောင်ဘချစ်၊ ငြိမ်နေပုံထောက်တော့ ငါပြောတဲ့ အတိုင်း မင်းကိုယ်ကြီးကို တန်ဖိုးတွေ တွက်ကြည့်နေတာလား၊ တွက်မနေပါနဲ့ကွာ၊ တကယ့်ကို အဖိုးမဖြတ်နိုင်တဲ့ ကောင်ကြီးပါ ကွ၊ ဟဲ ဟဲ ဟဲ တစ်ရေးလောက် မျော်အောင် အိပ်လိုက်ပါကွာ"

ဟု လှမ်း၍ပြောသဖြင့် မောင်ဘချစ်သည် လွန်စွာသဘော

ကျ၍ သွားသည်ဖြစ်ရာ---

"ဦးဇွမ်တီရယ် ခင်ဗျားဗိုက်ထဲမှာ ပုရွက်ဆိတ်သတ္တဝါလေးရှိတဲ့အတိုင်း ပါပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ၌ ဦးဇွမ်တီက---

"ငါ့ဗိုက်ထဲမှာလား၊ ပုရွက်ဆိတ်ကလေး မဟုတ်ဘူးကွ၊ ပုရွက်ဆိတ်ကြီး၊ ပုရွက်ဆိတ်ကြီးမှ တကယ့်ကို ပုရောဟိတ် ပုရွက်ဆိတ်ကြီးကွ၊ သူ နာမည်က ဟာဒယလို့ခေါ်တယ်၊ မြန်မာလို ဘာသာပြန်ရင်တော့ အသည်းနှလုံးပေါ့ကွာ၊ အဲဒီ ဟာဒယပုရွက်ဆိတ်ကြီးက သူလိုချင်တဲ့ တန်ဖိုးကိုပေးရင် ငါတို့သိချင်တာတွေ သိနိုင်အောင် သူက လုပ် ပေးတယ်ကွ၊ ပေးရတဲ့တန်ဖိုးက တခြားမဟုတ်ပါဘူး၊ အာဟာရ နဲ့ သမာဓိဆိုတဲ့ ပစ္စည်းပဲကွ၊ အဲဒီနှစ်ခုကိုပေးရင် ဟာဒယ ပုရွက် ကြီးက ငါတို့သိချင်တာကို သိအောင် လုပ်ပေးရုံမဟုတ်ဘူးကွ တကယ်လို့ ငါတို့ဟာ စိတ်သောကရောက်နေရင်လဲ သူက ပြေ ပျောက်ပေးရတယ်၊ အဲဒီပုရောဟိတ် ဟာဒယကြီးဟာ ငါ့ရဲ့ ဗိုက် ထဲမှာမှ ရှိတာမဟုတ်ဘူး၊ မင်းရဲ့ဗိုက်ထဲမှာလဲ ရှိတာပဲ၊ လူတိုင်း လူတိုင်းရဲ့ ဗိုက်ထဲမှာ ရှိတယ်ကွ"

ဟု ပြောဆိုကာ ငြိမ်၍ သွားလေတော့၏။

မောင်ဘချစ်သည် မိမိကိုယ်နှင့်စပ်၍ လိုအပ်သော အာဟာရ နှင့် သမာဓိအကြောင်းကို စဉ်းစားရင်း အိပ်ပျော်သွားလေတော့၏။





မိမိအနေနှင့် ရနိုင်ခဲ့သော လူ့ဘဝကို ရရှိနေခြင်း အတွက်လည်းကောင်း၊ ကိုယ်လက်အင်္ဂါအစိတ် အပိုင်းများ ပြည့်ပြည့်စုံစုံ ရှိနေခြင်းအတွက်လည်း ကောင်း၊ လူဖြစ်ရကျိုးနပ်နေမှုကို တစ်မိနစ်မျှ တွေး ကြည့်စေလိုပါသည်။ ထိုသို့ တွေးကြည့်သောအခါ ၌ စိတ်သောကများသည် ကြက်ပျောက်ငှက် ပျောက် ပျောက်ပျက်၍ လွင့်စဉ်သွားတတ်ပါသည်။ တစ်မိနစ်မျှတွေး၍ သောကဘေးမှ ကင်းဝေးအောင် ပြုလုပ်နိုင်ကြပါစေ။

(စာရေးသူ)

❖ ❖ ❖

## ဦးငွမ်တီ ဆန်ပြုတ်ရောင်းပြီ

နောက်တစ်နေ့နံနက် မိုးလင်းသည့်အခါ၌ မောင်ဘချစ်နှင့် ဦးငွမ်တီတို့သည် ဆန်ပြုတ်နှင့် မုန့်လာဥချဉ်ဖြတ်ကလေးကို ပြုတ်၍ ပန်းကန်လုံးကလေးနှင့် မြိန်ရှက်စွာ စားသောက်ကြလေ၏။

မောင်ဘချစ်သည် ဆန်ပြုတ်ကို သောက်လိုက် ပန်းကန်ကို တချိုင့် ညှပ်လိုက် စားသောက်ကြရင်း ဦးငွမ်တီအား—

"ခင်ဗျားဆီကို ပြန်ရောက်လာတာနဲ့ ဒီဆန်ပြုတ်ကို သောက်ရတော့တာပဲ ဆန်ပြုတ်ပြုတ်တဲ့နေရာမှာတော့ ဦးငွမ်တီဟာ ဝိတ်ပဲ၊ ဒါနဲ့နေစမ်းပါဦး ဦးငွမ်တီရယ်၊ ဘာဖြစ်လို့ ဆန်ပြုတ်ကို ရွှဲရွှဲ မြဲမြဲ သောက်နေရတာတုံး"

ဟု မေးလေ၏။

"ဒီလိုကွ၊ ဆန်ပြုတ်ဟာ အစာကြေလွယ်တယ်၊ ဝမ်းထဲမှာရှိတဲ့ မြင်းခေါသတွေကိုနိုင်တယ်၊ ရွှဲရွှဲမြဲမြဲသောက်ရင် လေနာရောဂါ မဖြစ်နိုင်ဘူးလို့တောင်မှပဲ ယောမင်းကြီးက သူ့ရဲ့တော့





ဘောဇနကျမ်းမှာ ရေးထားတယ် မဟုတ်လားကွ၊ ပြီးတော့ လေကို အောက်သို့သက်စေ၏၊ ဆီးအိမ်ဆီးပေါင်းကို သန့်ရှင်းစေ၏၊ ဆီးရွှင်တယ်ပေါ့ကွာ၊ မကြေကျက်သေးသော အစာသစ်အကြွင်း အကျန်ကို ကြေကျက်စေ၏၊ မှတ်သိပ်ခြင်းနဲ့ဆာလောင်ခြင်းကို ပြေပျောက်စေ၏လို့ ပဋ္ဌာန်းစွာ ပါဠိတော်မှာ ပြထားတယ်ကွာ ဒါက ဆန်ပြုတ်ရဲ့ မူလအကျိုး ငါးပါးကွ၊ ဝိနည်းမဟာ ဝါကျမှာ တော့ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ချမ်းသာခြင်းလို့လဲ ဆိုထားသေးတယ်ကွ၊ ဒါတွေက စာနဲ့ပေနဲ့ အကြောင်းပြတာ၊ တကယ်ကတော့ ငါကြိုက်လို့ သောက်တာ ကွာ၊ ဟား ဟား ဟား"

ဦးငွမ်တီက ပြောဆိုရယ်မောလေ၏။

"ခင်ဗျားကတော့တကယ်ရှားပါတယ်ဗျာ၊ ခင်ဗျားလို လူ တစ်ယောက်ပဲ တွေ့ဖူးသေးတယ်"

ဟု မောင်ဘချစ်က ပြောလေ၏။

"မင်းကလဲ ရှားပါတယ်ကွာ၊ မင်းလိုလူလဲ တစ်ယောက်ပဲ ရှိသေးတယ်ကွ၊ ဟို ကမ္ဘာအစကတည်းက မင်းလိုလူ မရှိသေးဘူး ကွာ မင်းလိုလူ ရှိခဲ့တယ်ဆိုရင်လဲပဲ မင်းနဲ့တူတာလို့ပဲ ပြောနိုင်တယ်၊ မင်းမဟုတ်ပါဘူး၊ မင်းကတော့ အခုမှ ရှိတာကိုး၊ ဟိုတုန်းကမှ မရှိခဲ့ဖူးပဲ၊ မင်းသေသွားရင်လဲပဲ မင်းလိုလူ နောက်ထပ် မပေါ်တော့ဘူး၊ တကယ်လို့ ပေါ်ခဲ့တယ်ဆိုလဲပဲ အဲဒီလူဟာ မင်း မဟုတ်ပါဘူး၊ မင်းနဲ့တူတာလို့ပဲ ပြောနိုင်တယ်၊ ဒီလိုပဲကွာ၊ လူ တိုင်းဟာ ရှားတဲ့လူချည်းပဲ တစ်ခါတည်း ပေါ်မယ့်လူချည်းပဲ၊ မင်းစဉ်းစားကြည့်လေ၊ ငါပြောတာမဟုတ်ဘူးလား၊ တစ်ကမ္ဘာ

လုံး လိုက်ပြီးရှာရင် ဘချစ်နဲ့တူတဲ့လူ ရှိချင်လဲ ရှိမယ်ပေါ့ကွာ၊ ဒါပေမယ့် သူဟာ ဘချစ်မဟုတ်ဘူး၊ ဒီလိုပဲကွ၊ ငါနဲ့တူတဲ့လူ ရှိချင်လဲ ရှိမယ်ပေါ့ကွာ၊ ဒါပေမယ့် သူဟာ ငါမဟုတ်ဘူးကွ၊ ငါဆိုလိုတာကတော့ သူဟာသူ၊ မင်းဟာမင်း၊ ငါဟာငါ သတ်သတ်စီပါကွ၊ အဲဒီလို စဉ်းစားလိုက်ရင် ကမ္ဘာပေါ်မှာ ငါဆိုတဲ့ကောင် တစ်ယောက်တည်း ရှိပါလားလို့ တွေးပြီး ဘဝင်မြင့် နေဖို့တောင် ကောင်းသေးတော့တယ်ကွာ၊ ဟဲ ဟဲ ဟဲ”

ဟု ဦးဂွမ်တီက ဆံနှုတ်ကို ရှူးခနဲသောက်လိုက်ရင်း ပြောလိုက်ရာ မောင်ဘချစ်က ခပ်တွေတွေကလေး စဉ်းစားပြီးနောက်---

“ဟုတ်တယ် ဦးဂွမ်တီ၊ ဟုတ်တယ်၊ ကိုယ်ဆိုတာ နှစ်ယောက် မရှိနိုင်ဘူး၊ တစ်ယောက်တည်းပဲ”

ဟု ပြောလိုက်လေ၏။ ဦးဂွမ်တီက တဟဲဟဲနှင့် ရယ်လျက်—

“ဒါပေါ့ကိုယ့်လူရာ၊ မင်းဟာ တစ်ယောက်တည်းပဲ ရှိတယ်၊ ဟောဟိုမှာ မှန်ရှိတယ်၊ မှန်ထဲမှာ သေသေချာချာကြည့်၊ မှန်ထဲက ကောင်ကလဲ မင်းမဟုတ်သေးဘူးကွ၊ သူကလဲ မင်းရဲ့ အရိပ်ပဲဖြစ်တယ်၊ မင်းအစစ်မဟုတ်ဘူး၊ ဘချစ်အစစ်မဟုတ်ဘူးပေါ့ကွာ၊ အဲဒီတော့ ရှားပါးတဲ့ ပစ္စည်းဟာ အဖိုးတန်တယ်ဆိုရင် မင်းလဲပဲ အဖိုးတန်တာပဲ၊ ငါလဲပဲ အဖိုးတန်တာပဲ၊ လူတိုင်းလူတိုင်းဟာလဲပဲ အဖိုးတန်တာပဲ၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ အဖိုးတန်နေကြတာချည်းပဲ၊ ဘယ်သူ ဘယ်သူကိုမှ အထင်သေးလို့ မဖြစ်ဘူးကွ၊ ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်အကြံဉာဏ် ကိုယ့်စိတ်ကူး ကိုယ့်အတွေး ကိုယ့်ကံကြမ္မာနဲ့ကိုယ် ကိုယ့်လမ်းကိုယ်လျှောက်ကြရမှာ





မဟုတ်လား၊ အဲဒီလို ကိုယ့်လမ်းကိုယ်လျှောက်ကြတဲ့ နေရာမှာ စိတ်ချမ်းသာဖို့ အရေးကြီးတယ်”

ဟု ဦးဂွမ်တီက ပြောလိုက်လေ၏။

“တိုင်းပြည်ကလဲ ပျက်နေပြီဆိုတော့ ဘယ်လို စိတ်ချမ်းသာမှာလဲ ဦးဂွမ်တီ”

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။ ထိုအခါ၌ ဦးဂွမ်တီက အနီးရှိ ဝါးခြမ်းဖြင့် ပြုလုပ်ထားသော စင်ကလေးပေါ်မှ စာအုပ်ကလေးတစ်အုပ်ကို အောက်သို့ချ၍ မောင်ဘချစ်အား ပေးလိုက်လေ၏။

“ဟောဒီ စာအုပ်တွေဟာ ရာဇဝင်စာအုပ်တွေကွ၊ တစ်ခုက ဗမာရာဇဝင်၊ တစ်ခုက ပြင်သစ်ရာဇဝင်၊ တစ်ခုက ရောမရာဇဝင်၊ တစ်ခုကတော့ အင်္ဂလန်ရာဇဝင်ကွ၊ အဲဒီရာဇဝင် စာအုပ်ကို ကြိုက်တဲ့စာအုပ်ယူပြီး ကြိုက်တဲ့ စာမျက်နှာကို လှန်လိုက်ကွာ”

ဟု ဦးဂွမ်တီက ပြောသဖြင့် မောင်ဘချစ်လည်း မြန်မာရာဇဝင် စာအုပ်တစ်အုပ်ကို ကောက်ယူ၍ စာမျက်နှာတစ်ခုကို ရမ်း၍ လှန်လိုက်လေ၏။ ဦးဂွမ်တီက---

“မင်းလှန်လိုက်တဲ့ စာမျက်နှာကို မင်းဟာမင်း ဖတ်ကြည့်စမ်း”

ဟု ဆိုသဖြင့် မောင်ဘချစ်က ဖတ်၍ ကြည့်လိုက်ရာ **စစ်ကိုင်းမြစ်ရေကို အကြောင်းပြု၍ ကသည်းတို့ ဝင်ရောက်တိုက်ခိုက်**ခြင်း ဟု တွေ့ရလေ၏။

“ဦးဂွမ်တီရေ စစ်ကိုင်းမြစ်ရေကိုအကြောင်းပြု၍ ကသည်းတို့

ဝင်ရောက်တိုက်ခိုက်ခြင်း ဆိုပါလား"

ဟု မောင်ဘချစ်က ပြောလေ၏။

"ကဲ--- မင်းဟာမင်းပဲ စဉ်းစားကြည့်စမ်းပါဦး၊ စစ်ဖြစ်တာ သေလိုက်ကြမယ့်လူတွေ မပြောပါနဲ့တော့၊ စိတ်ညစ်စရာ ဘယ်လောက်ကောင်းလိုက်သလဲ၊ အမေမဲ့ မအေမဲ့ သားသမီးတွေ လင်ယောကျ်ားမဲ့သွားမယ့် ဇနီးသားမယားတွေ အဲဒီစစ်ပွဲအတွင်းမှာ မရေမတွက်နိုင်အောင် ပေါ်ပေါက်ခဲ့မယ်ကွ၊ ကဲပါ၊ ကဲပါ နောက်တစ်ခု လှန်လိုက်ပါဦး"

ဟု ဦးဥမ်တီက ပြောပြန်သဖြင့် မောင်ဘချစ်က စာအုပ်ကို ပိတ်၍ သတ်ခနဲ လှန်လိုက်ရာ **ကျွန်စစ်သားအား အမေမှုရသော အမှုကားအခြင်းအကြောင်း** ဟု တွေ့ရှိပြန်လေ၏။

ထိုအခါ၌ ဦးဥမ်တီက---

"ဘုရင်တစ်ဦးက အမျက်ထားခံရတဲ့ လူတစ်ယောက်အဖို့ ပြေးစရာ မြေမရှိဆိုတဲ့ အဖြစ်မျိုးပေါ့ကွာ၊ ကျွန်စစ်သား တစ်ယောက် ဘယ်လောက်များ စိတ်ညစ်လိုက်မတုံး၊ ကဲ ကဲ နောက်တစ်ခါ လှန်လိုက်ပါဦး"

ဟု ဆိုသဖြင့် မောင်ဘချစ်ကလည်း ရာဇဝင်စာအုပ်ကို ပိတ်၍ သတ်ခနဲ လှန်လိုက်ပြန်ရာ **နရပတေ့ စည်သူအား သားတော်က လုပ်ကြံခြင်း** ဟု တွေ့ရပြန်၏။

"ကဲ--- ကိုယ့်လူ၊ ဖအေကိုသတ်ပြီး ထီးနန်းလုကြပြီ၊ ဘယ်လောက် စိတ်ညစ်စရာကောင်းသတုံးကွာ၊ ကဲ ကဲ ကဲ မြန်မာ ရာဇဝင်ကတော့ စိတ်ညစ်စရာတွေ တွေ့နေပြီ၊ ထားလိုက်ပါ တော့၊ တခြားရာဇဝင်စာအုပ် လှန်ပါဦး"





ဟု ဆိုသဖြင့် မောင်ဘချစ်လည်း ရောမရာဇဝင်စာအုပ်ကို ယူ၍ သတ်ခနဲ လှန်လိုက်ရာ **ဧဝါတာတို့ ရန်ကန်ခြင်း**ဟု တွေ့ပြန်၏။

ဦးဥမ်တီက---

"လှန်ပါဦးကွ"

ဟု ပြောသဖြင့် မောင်ဘချစ်လည်း လှန်လိုက်ပြန်ရာ **ဟယ်လင်မင်းသမီးကို အကြောင်းပြု၍ ထရွိုင်မြို့၌ စစ်ဖြစ်ခြင်း** ဟု တွေ့ပြန်၏။

"ကဲ--- မောင်ဘချစ်၊ ဟယ်လင်ဆိုတဲ့ မိန်းမတစ်ယောက်ကို အကြောင်းပြုပြီး စစ်ပွဲတွေ ဖြစ်ကုန်ကြပြီ၊ သေလိုက်ကြမယ့်လူတွေ၊ စိတ်ညစ်စရာကြီးပါကွာ၊ ပြင်သစ် ရာဇဝင်ကို လှန်စမ်းပါဦး"

ဟု ဆိုသဖြင့် မောင်ဘချစ်လည်း ပြင်သစ်ရာဇဝင်စာအုပ်ကို ယူ၍ သတ်ခနဲ လှန်လိုက်ရာ **ဆော်ဖြတ်စက်၌ ဘုရင်ခံရသော ဒေွတော်မျိုးတော်တို့အကြောင်း** ဟု တွေ့ရပြန်လေ၏။ ထိုအခါ၌ ဦးဥမ်တီက---

"နည်းနည်းကလေး စိတ်ညစ်လာရင် ရာဇဝင်စာအုပ်ကို ကောက်ပြီးလှန်လိုက်ပေတော့၊ အဲဒီမှာ စိတ်ညစ်စရာထပ်ပြီး တွေ့လိမ့်မယ်၊ အဲဒီလို တွေ့တဲ့အခါကျမှ ငြော်--- စိတ်ညစ်စရာတွေ၊ မကောင်းတဲ့ အနိဋ္ဌာရုံတွေဟာ ငါတစ်ယောက်တည်းမှာမှ ပူးထူးခြားခြားလာပြီး ဖြစ်တာ မဟုတ်ဘူး၊ ရာဇဝင်နဲ့ကို ချီပြီး ဖြစ်လာကြတာပဲ၊ ဒါက အဆန်းမှ မဟုတ်ဘဲလို့ တွေးရတယ်ကွ၊ အဲဒီလို တွေးလိုက်တာနဲ့ ကိုယ့်ဆီမှာရှိတဲ့ စိတ်ညစ်စရာဟာ

ရာဇဝင်မှာရှိတဲ့ စိတ်ညစ်စရာတွေနဲ့ စာလိုက်ရင် ကကယ်
မပြောပလောက်အောင် ပိစိညှောင့်တောက်ကလေး ဖြစ်သ
တော့တာပေါ့ကွာ။ ဟား ဟား ဟား"

ဟု ပြောဆို ရယ်မော၍ နောက်ဆုံးကျန်သော ဆန်ပြ
တစ်ခွန်းကို အားရပါးရ သောက်လိုက်လေတော့၏။

မောင်ဘချစ်လည်း---

"တော်တော် အပြောကောင်းတဲ့ ဦးဂွမ်တီ၊ ခင်ဗျားကလေ
ရှားပါတယ်၊ မဟုတ်သေးဘူး၊ ကျုပ်လဲ ရှားတာပဲ၊ လူတွေအ
လုံး ရှားတာပါပဲ၊ ဟား---ဟား---ဟား"

ဟု ရယ်မော၍ ပုံပြားကြော်ကလေးကို တူနှင့်ညှပ်ကာ
စပ်အတွင်းသို့ သွင်းလိုက်လေတော့၏။

မိမိသည် ဤလောက၌ ရှားရှားပါးပါး တစ်ယောက်တည်းသာ ရှိနေကြောင်း တွေး၍ တန်ဖိုးထားကြည့်စမ်းပါ၊ မိမိလူဖြစ်နေရသော ဘဝကို ကျေနပ်သွားပါလိမ့်မည်။ ထို့ပြင် မိမိ၌ စိတ်ညစ်စရာများ ရှိနေပါကလည်း မိမိမမွေးခင် ကဘောကမ္ဘာကပင် လူတို့၌ စိတ်ညစ်စရာများ ရှိခဲ့ကြောင်း တွေးကြည့်ပါ၊ ထိုအခါ၌ မိမိ၏ ရောဂမ စိတ်ညစ်စရာကြီးသည် ပုရွက်ဆိတ်တစ်နိုင်မျှ လောက် ထုဆင်းစွာ သေးငယ်သွားပါလိမ့်မည်။ စမ်းသပ်ကာ စိတ်ချမ်းသာနိုင်ကြပါစေ။

(စာရေးသူ)

❖ ❖ ❖

စာတ်သိမ်း



ထို့နောက် မောင်ဘချစ်နှင့် ဦးဂွမ်တီတို့သည် အညောင်းပြေ အညာပြေ လမ်းလျှောက်ကြလေ၏။ ငါးထပ်ကြီးဘုရားသို့ ရောက်သောအခါ၌ ဦးဂွမ်တီက---

"ဟောဒီက ဘုန်းကြီးကျောင်းတွေ ဇရပ်တွေမှာ လူတွေ ရောက်လာကြလိမ့်မယ်ကွ၊ ရန်ကုန်ထဲမှာ မနေရဲကြတော့ဘူး၊ တချို့ တောကိုပြေးကုန်ကြပြီ၊ တချို့ကတော့ ဘုရားတွေ ကျောင်းတွေနားမှာကပ်ပြီး စစ်ဘေးကို ပုန်းရှောင်ကြပြီကွ၊ ဒီလို နဲ့ ငါတို့နေရာကလေးတစ်ပိုက်မှာ စည်ကားလာလိမ့်မယ်၊ တကယ်လို့ စစ်ကြီးဟာ ကြာမယ်ဆိုရင် မင်းနဲ့ငါနဲ့ စားရေး သောက်ရေး မခက်ရလေအောင် စားသောက်ဆိုင်ကလေး ဖွင့် ထားမယ်ကွ"

ဟု ပြောလျှင် မောင်ဘချစ်က---

"စစ်ပြေးတဲ့ ဒုက္ခသည်တွေက ခင်ဗျားဆီမှာ ဘယ်လို ပိုက်ဆံနဲ့ ဝယ်စားကြမှာလဲဗျ"

ဟု ပြောလေ၏။

"ဒီလိုလဲ မတွက်နဲ့ကွ၊ စားဖို့သောက်ဖို့တော့ လူတွေဟာ သူ နည်းသူဟန်နဲ့ ပိုက်ဆံရှာကြတာပါပဲ၊ တစ်ခုမဟုတ်တစ်ခု လုပ်ရ မှာပေါ့၊ စစ်ဖြစ်နေတဲ့အခါဆိုတော့ ဘယ်လုပ်ငန်းမှလဲ တိုက် တင်လုံးဆောက်မှာ မဟုတ်ဘူးကွ၊ အဲဒီတော့ ငါ့ပန်းရန်အလုပ်က တော့ ရပ်ထားရမှာပဲ"

ဟု ဦးဂွမ်တီက ပြောလေ၏။ ထို့နောက် အိမ်သို့ ပြန်ရောက် သောအခါ၌ ဦးဂွမ်တီသည် ဘီးလေးဘီးဖြင့် လက်တွန်းလှည်း ကလေး လုပ်လေ၏။ ဦးဂွမ်တီလုပ်သော လက်တွန်းလှည်း

ကလေး၏ မျက်နှာပြင်ပေါ်တွင် ဦးငွမ်တီကိုယ်တိုင် နှိုင်းလှူကြိ ဖြင့် အပေါက်ကြီးနှစ်ပေါက် ဖောက်လေ၏။

ထို့ကြောင့် မောင်ဘချစ်က---

"ဘာဖြစ်လို့ ဖောက်တာလဲ ဦးငွမ်တီ"

"ဒီအပေါက်တစ်ခုမှာ အိုးကြီးတစ်လုံး စွပ်မယ်ကွ၊ အဲဒီအိုးက ဆန့်ပြုတ်အိုး၊ အောက်က မီးဖိုနဲ့ အပူပေးထားမယ်၊ ဟိုဘက်က အပေါက်ကြီးမှာလဲ အိုးကြီးတစ်လုံး စွပ်မယ်ကွ၊ အောက်က မီးဖို နဲ့ အပူပေးထားမယ်၊ အဲဒီအိုးက ရေနွေးအိုးကွ"

ဟု ဦးငွမ်တီက ပြောလေ၏။

ထို့နောက် မောင်ဘချစ်က---

"ဒီအမိုးကတန်းမှာ သံချောင်းတွေ ရိုက်ရဦးမယ်ဗျ၊ အခေါက် ကင်တို့ အသားကင်တို့ချိတ်ဖို့"

ဟု ပြောလိုက်ရာ ဦးငွမ်တီက---

"ဘယ်ဖြစ်မလဲကွ၊ ငါက သက်သတ်လွတ်စားတဲ့ဥစ္စာ၊ အခေါက်ကင်တွေ အသားကင်တွေ ရောင်းလို့ မဖြစ်ပါဘူး၊ ပြီး တော့ အဲဒီအသားတွေကို ငါမကိုင်ချင်ဘူးကွ၊ အဲဒီလို မကိုင်ချင် လို့ ပန်းရန်ဆရာ လုပ်နေတာပဲ၊ နို့မို့ရင် စစ်မဖြစ်ခင်က ဘယ် ဟိုတယ်မှာပဲ ခင်လုပ်လုပ် ငါလို အချက်အပြုတ်ကျွမ်းကျင်တဲ့ လူတစ်ယောက်အဖို့ ဟိုတယ်တိုင်းက လခကောင်းကောင်း ပေး ပါတယ်ကွ"

ဟု ပြောလေ၏။

"ခင်ဗျားက သက်သတ်လွတ်ဆိုင်ဖွင့်တော့ ဘယ်သူစားမှာ လဲဗျ"





ဟု မောင်ဘချစ်က ပြောလိုက်လေ၏။

"မထင်နဲ့ကွ၊ လူတွေက စစ်ကြီးဖြစ်နေတာဆိုတော့ သေမှာ ကို ကြောက်ပြီး ဘုရားတရား မြဲနေကြတာကွ၊ အဲဒီတော့ ငါ့ရဲ့ သက်သတ်လွတ်ဆိုင်ကို စားကြမှာပေါ့ကွာ"

ဟု ဦးငွမ်တီက ပြောလေ၏။

"ထားပါတော့လေ၊ ကျွန်ုပ်က ဘာလုပ်ရမှာတုံး"

ဟု မောင်ဘချစ်က မေးလေ၏။

"မင်းကတော့ပန်းကန်ဆေး၊ တူဆေး၊ စားပွဲထိုးပေါ့ကွာ၊ ပေမယ့် ကမ္ဘာပေါ်မှာ လခအကောင်းဆုံး စားပွဲထိုးဖြစ်မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဆိုင်ရှင်နဲ့ တစ်ဝက်စီရမယ့် စားပွဲထိုးကွ"

ဟု ပြောလေ၏။

"ရပါတယ်ဗျာ၊ စားပွဲထိုးပဲ လုပ်ရလုပ်ရ၊ ပန်းကန်ပဲဆေးရ ဆေးရ၊ ဖြစ်ချင်တာဖြစ်ပေါ့ ဦးငွမ်တီရယ်"

ဟု မောင်ဘချစ်က ပြောလေ၏။

ထို့နောက် ဦးငွမ်တီနှင့် မောင်ဘချစ်တို့သည် ရန်ကုန်မြို့ အတွင်းသို့ ထွက်လာကြပြီးလျှင် ပန်းကန်လုံးနှင့် ဇွန်းများ ဝယ် ရန်အတွက် ဆိုင်ကို ရှာဖွေသော်လည်း မည်သည့်ဆိုင်ကိုမျှ မတွေ့ ရဘဲ ရှိလေ၏။ ဟာမက်ဘိုင် ပန်းကန်ဆိုင်ကြီးဟု ဆိုင်းဘုတ် တစ်ခုကို တွေ့လျှင် ဦးငွမ်တီက---

"ဟိုမှာပေါ့၊ ဟာမက်ဘိုင်တဲ့၊ ဘယ်ကို ပြေးပြီလဲတော့ မသိ ဘူးကွ၊ သူ့ဆိုင်ကို ဖွင့်ပြီး ပန်းကန်တွေ ယူရမှာပဲ"

ဟု ပြောလေ၏။

"ပိုင်ရှင်မသိဘဲယူရင် ခိုးတာပဲဗျ"

ဟု မောင်ဘချစ်က ပြောလေ၏။

"မင်းကလဲ တော်တော်ခက်တဲ့ကောင်ပဲ၊ ရောင်းတဲ့ဆိုင်မှ မရှိဘဲကွာ၊ ဒီလိုပဲ ယူရမှာပေါ့၊ ဒါဟာ နိုးတာ မဟုတ်ဘူးကွ၊ ရောင်းတဲ့ဆိုင်ရှိရင်တော့ ပိုက်ဆံပေးပြီး ဝယ်မှာပဲ၊ မရှိတော့လဲ ဒီအတိုင်း ယူရမှာပဲကွာ"

ဟု ဆိုကာ ဦးဖွမ်တီသည် ဟာမက်ဘိုင် ပန်းကန်ဆိုင်၏ သော့ခလောက်ကို တုတ်တစ်ချောင်းဖြင့် ကလန့်ကာ ဖွင့်လေ၏။ ဖွင့်သွားသော အခါ၌ လှန်ရှာကြီးမားသော အိုးလုံးလုံးကြီးကို နေရောင်၌ ထောင်ကာ အပေါက်ရှိမရှိ စစ်ဆေး ကြည့်ရှုလေ၏။ ထို့ကြောင့် မောင်ဘချစ်က---

"အလကားရတဲ့ဟာ သွားဖြကြည့်ဆိုတာ တော်တော်မှန်တယ်ဗျ"

ဟု ပြောလေ၏။ ဦးဖွမ်တီကလည်း

"ကြည့်ရမယ်ကွဲ့လူ၊ ကြည့်ရမယ်၊ ယူသွားပြီးတော့မှ အပေါက်ပါနေရင် တစ်ခေါက်လာပြီး လဲနေရဦးမယ်ကွ"

ဆိုကာ အိုးနှစ်လုံးကို စစ်ဆေး ကြည့်ရှုပြီးနောက် ခေါက်ဆွဲနှင့် ဆန်ပြုတ်ထည့်ရန်အတွက် ပန်းကန်ဇောက် ဆယ်လုံးခန့်ကို အိုးကြီးအတွင်း၌ ထည့်လေ၏။

ထို့နောက် ဇွန်းအချောင်းနှစ်ဆယ်ကိုထည့်လေ၏။ ပြီးလျှင် ကြက်သွန်ချဉ်ထည့်ရန်အတွက် အချဉ်ပန်းကန်ကလေးများကိုလည်း ထည့်ပြန်၏။ ထို့နောက် ဦးဖွမ်တီသည် ဟိုကြည့်ဒီကြည့် လျှောက်၍ ကြည့်ပြီးလျှင်---

"ဟာမက်ဘိုင်ဆိုတဲ့ ကောင်ကလဲကွာ၊ လက်သုတ်ပဝါလေး





...ကင် ရောင်းတာ မဟုတ်ဘူး"

ဟု ပြောလေ၏။ ထို့နောက် ဦးဖွမ်တီက အိုးကြီးများကို ...လေ၏။ မောင်ဘချစ်ကမူ ပန်းအိုးကြီးတစ်လုံးကို ကောက်၍ ...ပြီးလျှင်---

"ဒါကြီးက မဆိုးဘူးဗျ၊ ဘုရားပန်းအိုးလုပ်လို့ ရတယ်"

ဟု ပြောလေ၏။

"နိုးရာပါ မစ္စည်းနဲ့ ဘုရားကို မျက်နှာလုပ်မလို့လား၊ ထား...က်ပါကွ"

ဟု ဦးဖွမ်တီက ပြောလေ၏။ အိမ်သို့ရောက်သောအခါ၌ ၎င်း...နှစ်ဦးသည် တစ်ရေးတစ်မော အိပ်စက်ကြလေ၏။ အိပ်ရာမှ ...လျှင် ဦးဖွမ်တီက လှည်းကြီးကို အလွတ်တွန်း၍ ထွက်သွား...လေ၏။ မောင်ဘချစ်ကမူ---

"ဘယ်ကိုလဲ "

ဟု လှမ်း၍ မေးလေ၏။

ဦးဖွမ်တီက လှည်းတွန်းရင်းနှင့်ပင်---

"ပြန်လာတော့ သိရမှာပေါ့ကွာ"

ဟု ဆိုလေ၏။ ညနေပိုင်းသို့ရောက်လျှင် ဦးဖွမ်တီသည် ဂျုံ...ိတ်သုံးအိတ်၊ ဆန်အိတ်နှစ်အိတ်၊ ဝေါ်ဗီထုပ်၊ မှန်လာဥ စသည် ...ဖြင့် ပြန်၍ လာလေ၏။ ထို့ကြောင့် မောင်ဘချစ်က---

"ဘယ်ကဝယ်လာတာလဲ"

ဟု မေးလေ၏။

"ဝယ်တာလဲ ပါတာပေါ့ကွာ၊ ရောင်းမယ့်လူမရှိလို့ အလ...။ ယူခဲ့တာတွေလဲ ပါတာပေါ့၊ ဒါပေမယ့် ဒါတွေက ရောင်းမှို

မဟုတ်သေးဘူး၊ လောလောဆယ် ငါတို့နှစ်ယောက် စားနေ...
ရေးရောင်းဖို့က စောပါသေးတယ်ကွာ"

ဟု ဦးဂွမ်တီက ပြောလေ၏။

မှန်ပေသည်။ ဦးဂွမ်တီသည် ဆိုင်မထွက်သေးဘဲ အိမ်၌... အေးရှမ်းစွာ နေလေ၏။ ဂျုံများကို တုတ်လုံးကြီးဖြင့် ကြိတ်... ကိုယ်တိုင် ခေါက်ဆွဲဖြစ်အောင် လုပ်၏။ ဖြီးလျှော်အသီးအရွ... နှင့် ခေါက်ဆွဲကြော် လုပ်ပြန်၏။ နှစ်ယောက်သား စားကြ... ၏။ တစ်ခါတစ်ရံ ဆီချက်ခေါက်ဆွဲ လုပ်ပြန်၏။ တစ်ခါတ... ခေါက်ဆွဲမွှတ်လုပ်ပြန်၏။ မည်သည့်အစားအသောက် လုပ်သ... ဖြစ်စေ ဦးဂွမ်တီ၏ လက်ရာသည် အထူးကောင်းမွန်လှပေတော... သည်။

ဦးဂွမ်တီကလည်း မောင်ဘချစ်အား---

"စားထား စားထား၊ အရေးကြီးတယ်၊ အာဟာရဆိုတာ ... အတွက် အလိုအပ်ဆုံးပစ္စည်းပဲကွ၊ လူဟာ အာဟာရနဲ့ သမာ... ပြည့်စုံပြီဆိုရင် သူ့ရဲ့ ဟာဒယနှလုံးဟာ မိုးသောက်ပန်းလို လ... ဆန်းစေတော့တာပဲကွ၊ အာဟာရနဲ့ သမာဓိနှစ်ခုလုံးဖြစ်ဖြ... တစ်ခုခုဖြစ်ဖြစ် ချို့တဲ့ပြီဆိုရင်တော့ သူ့ရဲ့ ဟာဒယနှလုံးဟာ... မိုးမြှိုက်ခံရတဲ့ သစ်ရွက်ခြောက်လို ဖြစ်သွားတော့တာပဲကွ၊ အ... အခါမှာ စိတ်ညစ်စရာရှိရင် ပိုပြီးညစ်တတ်တယ်၊ ဝမ်းနည်းစ... ရှိရင် ပိုပြီး ဝမ်းနည်းတတ်တယ်၊ အဲဒီလို အခြေအနေမျိုးမှ... ဟာဒယနှလုံးကို နှလုံးမည်းလို့ ခေါ်တယ်ကွ၊ ရွှင်လန်းရွှန်းမြ... ဟာဒယကိုတော့ နှလုံးဖြူလို့ခေါ်တယ်၊ နှလုံးဟာ အတွေးအခေ... သဘောတရားကို ထုတ်လုပ်တယ်ကွ၊ ဒါကြောင့် နှလုံးဖြူတာ...





သဘောဖြူတယ်လို့ တင်စားပြောဆိုကြတာပေါ့ကွာ၊ အဲဒီတော့ ဟာဒယနှလုံးမည်းညစ်မှု မရှိရလေအောင် အာဟာရကို ပြည့်စုံအောင် မှီဝဲထား၊ တတ်နိုင်သလောက် စိတ်ကို တည်ငြိမ်အောင် သမာဓိရှိအောင် မြှုလုပ်ထား၊ အဲဒါအကောင်းဆုံးပဲကွ"

ဟု ဦးဂွမ်တီက ပြောလေ၏။

နောက်ရက်များ မကြာမီအတွင်း၌ပင် ဦးဂွမ်တီပြောသည့် စကားများသည် မှန်ကန်ကြောင်း တွေ့ရလေ၏။ ငါးထပ်ကြီး ဘုရားပတ်ဝန်းကျင်တွင် စစ်ပြေးဒုက္ခသည်များသည် တစ်ထောက် တစ်စ များ၍ လာလေတော့၏။

တချို့သည် ဘုရားတန်ဆောင်း အတွင်း၌လည်းကောင်း၊ တချို့လည်း ဘုန်းကြီးကျောင်း အပေါ်အောက်တို့၌ လည်းကောင်း၊ တချို့လည်း ဇရပ်များပေါ်၌လည်းကောင်း နေထိုင်ကြလေ၏။ စစ်၏ ဆိုးရွားရက်စက်ပုံကို ထိတ်လန့်တုန်လှုပ်စွာဖြင့် ဘုရားကြီးအား မှီခိုကပ်ရပ်ကြကုန်၏။

ထိုအချိန်က ငါးထပ်ကြီးတစ်ပိုက်၊ ရွှေဂုံတိုင်တစ်ပိုက်၊ ဗဟန်းတစ်ပိုက်သည် စစ်ပြေးသူများနှင့် စည်ကားလှလေတော့၏။ ဦးဂွမ်တီသည် ၎င်း၏လှည်းကြီးပေါ်၌ ဆန်ပြုတ်အိုးကြီးနှင့် ရေနွေးအိုးကြီးကိုတင်ကာ ရောင်းရန်အတွက် ပြင်ဆင်လေတော့၏။ အလုံးစုံပြင်ဆင်ပြီးသောအခါ၌ ၎င်း၏လှည်းကြီးကို ရွှေဂုံတိုင်အဝိုင်းကြီးအတွင်းသို့ တွန်း၍ သွားလေ၏။

မောင်ဘချစ်လည်း ၎င်း၏ နောက်သို့ တပည့်အဖြစ်နှင့် လိုက်ပါခဲ့ရလေတော့၏။ ဦးဂွမ်တီသည် လှည်းကိုအနည်းငယ်မျှ တွန်းပြီးနောက်---

"မောင်ဘချစ် တွန်းဦးကွာ"

ဟု မောင်ဘချစ်အား တွန်းနိုင်းလေ၏။ မောင်ဘချစ်က လှည်းကိုယူ၍ တွန်းလေ၏။ မောင်ဘချစ်သည် အနည်းငယ်မျှသာ တွန်းရသော အချိန်၌ပင် ဦးဂွမ်တီက----

"ပေးဦး၊ ငါ တစ်လှည့် တွန်းဦးမယ်"

ဟု ဆိုကာ ယူ၍ တွန်းပြန်လေ၏။ သိပ်ဝေးဝေးမျှ မရောက်သေးမီ၌ပင် ဦးဂွမ်တီက---

"တွန်းဦးကွာ"

ဟု ဆိုကာ မောင်ဘချစ်အား တွန်းနိုင်းပြန်၏။ မောင်ဘချစ်ကလည်း အနည်းငယ်မျှ တွန်းရပြန်လေ၏။ ထိုသို့ အနည်းငယ် တွန်းပြီးသည့်အချိန်၌ပင် ဦးဂွမ်တီက---

"ပေးဦးကွာ"

ဟု ဆိုကာ တွန်းပြန်လေ၏။ ထို့ကြောင့် မောင်ဘချစ်က စိတ်မရှည်တော့ဘဲ---

"ခင်ဗျားလှည်းကို တွန်းရတာကလဲ ကုလားမသာဝှီရတာ ကျနေတာပဲ၊ ကုလားမသာလဲ ဒီလိုပဲဗျ၊ တစ်ယောက်ထမ်းမယ် မလုပ်ရသေးဘူး၊ နောက်တစ်ယောက်က ဝင်ပြီးထမ်းတော့တာပဲ၊ အဲဒီနောက်တစ်ယောက်က ထမ်းလို့ ပခုံးမှ မနွေးသေးဘူး၊ နောက်တစ်ယောက်က ဝင်ပြန်ရောဗျာ၊ အခုလဲ အဲဒီလို ဖြစ်နေပြီဗျ၊ ကျုပ်က တွန်းလို့မှ သိပ်မရောက်သေးဘူး၊ ခင်ဗျားကယူပြီး တွန်းပြန်ပြီ၊ ပြီးတော့လဲ ဝေးဝေးတွန်းတာ မဟုတ်ဘူး၊ ကျုပ်ကိုပဲ ပြန်ပြီးတွန်းနိုင်းတော့တာပဲ"

ဟု ပြောလိုက်ရာ ဦးဂွမ်တီက မျက်စိပေါက်ကလေး ကျဉ်း

စာတိသိမ်း



မွှားသည်အထိ တစ်ခစ်ခစ်ရယ်မောပြီးနောက်---

"သိပ်ဟုတ်တာပေါ့ကွာ၊ ဒီနည်းဟာ သိပ်ကို ကောင်းတဲ့နည်း ပေါ့ကွ၊ တကယ်အလုပ်လုပ်မယ့်လူဟာ မမောခင် အနားယူရ တယ်ကွ၊ မမောခင် အနားယူခြင်းဟာ တကယ်ကောင်းတဲ့ အနားယူနည်းကွ၊ တကယ်ကိုမောမှ အနားယူလိုက်ရင်တော့ အမောမပြေတော့ဘူးကွ၊ ပြီးတော့ ပြန်လုပ်ရမှာကိုလဲ ကြောက် လာတယ်ကွ၊ အလုပ်ကို ကြောက်တဲ့ရောဂါ ဖြစ်လာတယ်၊ ဒါ ကြောင့် ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီးလို့ အနားယူတဲ့ အလုပ် သမားတစ်ယောက်ကို နောက်ထပ်နိုင်းလို့ မရတော့ဘူးကွ၊ အခု နည်းကတော့ အလုပ်ကို နည်းနည်းလုပ်လိုက်၊ အနားယူလိုက်၊ နည်းနည်းထပ်လုပ်လိုက် အနားယူလိုက်နဲ့ အနားယူနေမှန်းမသိ အလုပ်လုပ်နေမှန်းမသိဘဲနဲ့ကို အလုပ်တွေ ပြီးကုန်တော့တာပဲကွ၊ တကယ်အလုပ်များတဲ့လူတွေဟာ ဒီနည်းကို သုံးသင့်တယ်၊ ဒီ နည်းကို သုံးရင် အလုပ်လဲ ပြီးတယ်ကွ၊ အလုပ်တာဝန်ပိစီးတဲ့ အတွက်လဲ အသက်မတိုတော့ဘူးပေါ့ကွာ၊ လူ့ဆိုတာ အတော် အသက်ရှည်တဲ့မျိုးကွ၊ တစ်ရာတန်းနေရတယ်ဆိုတာ နည်းနည်း နောနော သက်တမ်းမဟုတ်ဘူးကွ၊ စတော့ကွာ တစ်ရာတန်း သတ်မှတ်ထားတဲ့လူက ခြောက်ဆယ်နဲ့သေလိုသေ၊ ငါးဆယ်နဲ့ သေလိုသေ၊ ဘယ်လောက်တောင် နမြောဖို့ကောင်းလိုက်သလဲ၊ အလုပ်တာဝန်တွေပိပြီး ဣရိယာပုထ်တွေ မမှန်မတ်ဖြစ်၊ စိတ်တွေ ဆင်းရဲပြီး စောစောစီးစီး သေကုန်ကြတာကွ၊ (Men do not die they only suicide) လူဟာ မသေဘူး၊ ကိုယ့်ကိုယ်ကို သတ်သေနေကြတာလို့ စိတ်ပညာရှင်တွေက ဆိုထားတယ်ကွ၊

ဉာဏ်သင်းစာပေ

ဒါကြောင့် ဘယ်လိုအလုပ်မျိုးကိုပဲ လုပ်လုပ်ပေါ့ကွာ၊ နည်းနည်း လုပ် မမောခင်နား၊ ပြီးတော့ ပြန်ပြီးလုပ်၊ အဲဒီ နည်းကလေးကို မှတ်ထားကွ"

ဟု ဆိုကာ မောင်ဘချစ်အား လှည်းကို တစ်လှည့်တွန်းခိုင်း ပြန်လေ၏။

မောင်ဘချစ်လည်း လှည်းကို တွန်းရပြန်လေ၏။ ဤသို့နှင့် ပင် ရွှေ့တိုင်အဆိုင်းကြီးဆီသို့ မမောမပန်း ရောက်ရှိလာလေ တော့၏။

ထိုအခါ၌ ဦးငွမ်တီက မောင်ဘချစ်အား---

"ဘယ်လိုလဲ ကိုယ့်လူ၊ လှည်းတွန်းရတာ မောသလား"

ဟု မေးရာ မောင်ဘချစ်က---

"ဘယ်ကလာ မောရမှာလဲ ဦးငွမ်တီရယ်၊ ဒီလိုသာ နားနား ပြီး တွန်းသွားရမယ်ဆိုရင် ကမ္ဘာကြီးတစ်ပတ်လောက်တောင် တွန်းပြလိုက်ချင်ပါရဲ့"

ဟု ပြောလိုက်လေ၏။

"ဟား---ဟား---ဟား---ဟား--ဟား၊ မင်းက အလုပ် ကို မကြောက်ဘဲ ခိန်ခေါ်လိုက်တာပဲကွ၊ ဘာဖြစ်လို့ ဒီလို ခိန် ခေါ်နိုင်သလဲဆိုတော့ အလုပ်မှာ ပင်ပန်းမှု မရှိလို့ဘဲ၊ ဒီကျေးဇူး ဟာ နည်းနည်းနောနော ကျေးဇူးမဟုတ်ဘူး၊ အလုပ်လုပ်ရမှာ ကြောက်တဲ့ လူပျင်းတွေများ ဒီနည်းကို ရသွားရင် လူပျင်းဘဝ က လွတ်မြောက်သွားနိုင်တယ်၊ အခုတော့ကွာ၊ သူတို့များမှာ သဘောကို မသိရှာလေတော့ လူပျင်းလို့လ တစ်ဖောဆိုတဲ့ စကားအတိုင်း လုပ်စရာရှိတဲ့ အလုပ်ကို ပြန့်ပြန့်ပြီးရင် ပြန့်ပြန့်





နားရတာပဲဆိုပြီး တအားကုန်းလုပ်ပြီး တအားနားပစ်လိုက်ကြ တာ၊ ပြီးတော့ နောက်အလုပ်တစ်ခု လုပ်ဖို့ဆိုရင် သူတို့ဟာ အလုပ်ကို ကြောက်နေကြရော၊ အဲဒီတော့ နေ့ရွှေ ညရွှေနဲ့ ရွှေ လားရွှေ့ရဲ့ ပူသေးတယ်ဆိုပြီး ရွှေလားရွှေ့ရဲ့ အေးသေးတယ် ဆို ပြီး ရွှေလားရွှေ့ရဲ့ မိုးချုပ်နေပြီဆိုပြီး ရွှေလားရွှေ့ရဲ့ စောပါသေး တယ်၊ ထမင်းဆာပါသေးတယ်၊ ထမင်းစားပြီးလို့ ဗိုက်ပြည့်ကာ ရှိသေးတယ်ဆိုတဲ့ ဆင်ခြေခြောက်မျိုးနဲ့ အလုပ်ကို ရှောင်ပုန်း aw rte myuI G

ဟု ဦးငွမ်တီက ပြောလိုက်လေ၏။

ထိုနောက် ဦးငွမ်တီသည် ၎င်း၏ ဆိုင်ကလေးပေါ်၌ပင် ဆိုင် ကို တည်ခင်းလေတော့၏။ မောင်ဘချစ်ကလည်း ပိုင်းဝန်း ကူညီ လေ၏။ များမကြာမီ၌ပင် ဆန်ပြုတ်သောက်သူများ ဆီချက် ခေါက်ဆွဲစားသူများ ရောက်ရှိလာပြီးလျှင် မှာယူစားသောက် ကြလေ၏။

ဦးငွမ်တီ၏ သက်သတ်လွတ် ခေါက်ဆွဲဆိုင်ကလေးမှာ စည် ကား၍ သွားလေတော့၏။ ဦးငွမ်တီကလည်း အသက်သတ် လွတ် စားခြင်း၏ အကျိုးကျေးဇူးများကို ရှင်းပြလေ၏။ လာ ရောက်စားသောက်သူများသည် အစပထမ၌ သက်သတ်လွတ် ဆိုင်မှန်း မသိကြပေ။ သို့ရာတွင် ဦးငွမ်တီက ဤဆိုင်ခန်း၌ အသက်မရောင်းကြောင်း၊ အစားအသောက်အားလုံးကို အသက် မပါဘဲ စီမံထားကြောင်း ပြောပြလေ၏။

စားသောက်သူများကလည်း အစမ်းသဘောဖြင့် စမ်းသပ် မှာယူစားသောက်ကြခြင်းဖြစ်၏။ သို့ရာတွင် စားပြီးသော အခါ

၍ ဦးဝွမ်တီ၏ လက်ရာကို လွန်စွာ သဘောကျသွားကြန်၏။

"ဒီလို သက်သတ်လွတ်မျိုးတော့ စားနိုင်တာပေါ့"

ဟု လည်း ပြောဆိုသွားကြကုန်၏။ ထို့ကြောင့် ဦးဝွမ်တီ၏ လက်တွန်းလှည်းဖြင့် ပြုလုပ်ထားသော ဆီချက်ခေါက်ဆွဲနှင့် ဆ ပြုတ်ဆိုင်ကလေးမှာ ထိုနေ့မှစ၍ လူကြိုက်များသော အဖြစ် ရောက်ရှိသွားလေတော့၏။

မောင်ဘချစ်ကလည်း စားပြီးသော ပန်းကန်များ၊ ဇွန်းမျ နှင့် တူများကို တွင်တွင်ကြီး ဆေးကြောလေ၏။ စားသောက်သူ က ဆန်ပြုတ်တစ်ခွက်ဟု မှာလျှင်လည်း ၎င်းက "ဆန်ပြုတ် တစ်ခွက်စားမယ်" ဟူ၍လည်းကောင်း၊ ဆီချက်ခေါက်ဆွဲမှာလျှ လည်း "ဆီချက်စားမယ်" ဟူ၍လည်းကောင်း ကျယ်လောင်စွ အော်၍ မှာလေ၏။ ဆိုင်သိမ်းသော အခါ၌မူ ဦးဝွမ်တီကို ကူညီ ၍ အိုးခွက်များကို ဆေးကြောပေးလေ၏။

ထိုနောက် ၎င်းတို့နှစ်ဦးသည် စကားတပြောပြောနှင့် လှည်း ကလေးကို တစ်ယောက်တစ်လှည့်တွန်းကာ ၎င်းတို့၏ တဲ ကလေးဆီသို့ ပြန်ခဲ့ကြလေတော့၏။





အလုပ် အလွန်များသော မိတ်ဆွေများခင်ဗျာ၊ ဦးဝွမ်တီ၏ နည်းကို စမ်းသပ်ကြည့်စေလိုပါသည်။ ထိုနည်းသည် မမောမပန်းဘဲလျက် လွန်စွာ တွင် ကျယ်သော နည်းကလေး ဖြစ်ပါသည်။ ဤနည်း ကလေးသည် ကျန်းမာရေးကိုလည်း အထောက် အကူ ပြုသည်ဖြစ်ရာ အသုံးပြုခြင်းဖြင့် အသက်ရာ ကျော် ရှည်နိုင်ကြပါစေသောဝ်။

(စာရေးသူ)

❖ ❖ ❖

## ဦးဂွမ်တီနှင့် သူနိုးကိုက်ပေါက်နေသူတစ်ဦး

တစ်နေ့သ၌ မောင်ဘချစ်နှင့် ဦးဂွမ်တီတို့သည် အခါတိုင်းကဲ့သို့ လှည်းကလေးကို တစ်ယောက်တစ်လှည့်စီ တွန်း၍ ရှေ့တိုင်အဆိုင်းကြီးဘက်ဆီသို့ ဆိုင်ထွက်ရန် လာခဲ့ကြလေ၏။

ထိုနေရာသို့ ရောက်သည့်အခါ၌ ဆိုင်ခင်း၍ စောင့်ရောင်းနေကြလေ၏။ များမကြာမီ၌ပင် ဦးဂွမ်တီဆိုင်၏ ထုံးစံအတိုင်း စားသောက်သူများ စည်ကားလာလေတော့၏။ ထိုအချိန်၌ မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်သည် ဆီချက်ခေါက်ဆွဲစားရန် ရောက်ရှိလာကြပြီးလျှင် ဆီချက်နှစ်ပွဲ မှာလေ၏။

မောင်ဘချစ်လည်း ထုံးစံအတိုင်း---

"ဆီချက်နှစ်ပွဲစားမယ်"

ဟု ကျယ်လောင်စွာ အော်လိုက်လေ၏။ ဦးဂွမ်တီကလည်း ခေါက်ဆွဲများကို လက်ကိုင်တုတ်တံ တပ်ထားသော ဝါးခြင်းတောင်းကလေးအတွင်းသို့ ထည့်ကာ ရေနွေးအိုးတွင်နှစ်၍ ပြုတ်



…ကလေတော့၏။ ပြီးလျှင် တူနှစ်ချောင်းနှင့် ဆွဲ၍ ခေါက်ဆွဲ…များကို ထုတ်ကာ ဆီဖြင့် မွှေလေ၏။ မွှေပြီးနောက် အဆာ…များ ဖြူးလေ၏။ ပြီးသောအခါ၌ မောင်ဘချစ်က ဆီချက်…ပွဲကိုယူကာ ထိုလင်မယားအား သွားရောက်ချပေးလေတော့၏။

ထိုသို့ သွားရောက်ချပေးရာတွင် မောင်ဘချစ်သည် ထိုလင်…ယား၏ မျက်နှာကို ကြည့်လိုက်ပြီးနောက် ကြက်သေသေ၍…သွားလေတော့၏။ ထိုလင်မယားနှစ်ယောက်သည် မောင်ဘချစ်…ကြောက်နေသည်ကိုလည်း တွေ့၏။ စားပွဲထိုးလုပ်၍ အား…သောက်ဖွယ်ရာများ ချပေးနေသည်ကိုလည်း တွေ့၏။

မောင်ဘချစ်သည် ထိုလင်မယားနှစ်ယောက်အား စားတော့…တော့မည်ကဲ့သို့ ကြည့်လိုက်လေ၏။ ထိုလင်မယားသည် …မောင်ဘချစ်အား မသိကျိုးကျွန်လုပ်ကာ မျက်နှာကို တစ်ဖက်သို့ …လှည့်၍ ဆီချက်ခေါက်ဆွဲကို စားကြလေတော့၏။ မိန်းမလုပ်သူ…က ဆိုလျှင် မောင်ဘချစ်ဆီသို့ လှမ်း၍---

"ဟင်းချိုလဲ မရသေးဘူးရှင့်၊ ကြက်သွန်ချဉ်လဲ ပေးပါဦး"

ဟု မှာလိုက်လေ၏။ ထိုနောက် ၎င်း၏ ယောကျ်ားဘက်သို့ …လှည့်ကာ---

"အစ်ကိုကြီး--- နေဦးလေ၊ ဟင်းချိုနဲ့ ကြက်သွန်ချဉ်ကို …စောင့်ပါဦး"

ဟု ပြောလေ၏။ ဦးဂွမ်တီသည် ဟင်းချိုပန်းကန်နှစ်လုံး …အတွင်းသို့ ဆားနှင့် ငံပြာရည် အနည်းငယ်စတ်ကာ ရေနွေးကို …ထည့်လိုက်လေ၏။ ထို့နောက် ကြက်သွန်မြိတ်အနည်းငယ်ကိုပါ

ထည့်လိုက်လေ၏။

"မောင်ဘချစ်--- ဟင်းချိုချပေးလိုက်ပါ"

ဟုလည်း ပြောလိုက်လေ၏။ ထိုနောက် ဦးငွမ်တီသည် ကြက်သွန်ချဉ်လုပ်၍ ပေးပြန်လေ၏။

"မောင်ဘချစ်--- ကြက်သွန်ချဉ်ပါ ပေးလိုက်ပါ"

ဟုလည်း ပြောလိုက်လေ၏။ မောင်ဘချစ်သည် တုန်ယ သော လက်များဖြင့် ဟင်းချိုနှင့် အချဉ်ပန်းကန်ကို ထိုလင်မယာ နှစ်ဦးထံသို့ သွားရောက်ချပေးလေ၏။ ထိုလင်မယားသည် ချက်ခေါက်ဆွဲကို စားလိုက်၊ ကြက်သွန်ချဉ်ကို ဝါးလိုက်၊ ဟင်းချို ကို သောက်လိုက်နှင့် ပျော်ပွဲစား၍ နေကြလေ၏။

ထိုနောက် ကျသင့်သော ပိုက်ဆံကိုရှင်းကာ ထွက်၍ သွား လေတော့၏။ ထိုလင်မယား ထွက်သွားသော အခါ၌ ဦးငွမ်တီ မောင်ဘချစ်အား လှမ်း၍ ကြည့်ပြီးလျှင်---

"ဘယ်လိုလဲ ကိုယ့်လူရဲ့ မင်းနဲ့ မတည့်တဲ့လူတွေလား"

ဟု မေးလိုက်လေ၏။ မောင်ဘချစ်ကလည်း---

"ဟုတ်တယ်ဦးငွမ်တီ၊ ဒီကောင်က ဘသက်ဆိုတဲ့ကောင် ဒီမိန်းမကိုလဲ ကျုပ်ကသိတယ်၊ သိပ်ပြီးကြီးကျယ်တဲ့ကောင်မ ပျာ၊ တိရစ္ဆာန်ဆရာဝန်ရဲ့ မိန်းမပျ၊ ဘယ်လိုကနေ ဘယ်လို ပေါ သက်ပြီး ညားနေကြတာလဲ မသိဘူး၊ ဘသက်ဆိုတဲ့အကော က ကျုပ်ရဲ့ ရန်သူပျ၊ ကျုပ်ကို ပေါက်ကရလေးဆယ်တွေ ပြော လို့ ကျုပ် တစ်ခါက လက်သီးနဲ့ ဆွဲထိုးထားဖူးတယ်၊ ဒီမိန်းမက ကျုပ်မိန်းမ မမညိုနဲ့ အကြီးအကျယ် ရန်ဖြစ်ဖူးတဲ့ မိန်းမ ဘသက်ဆိုတဲ့ အကောင်နဲ့ ဒီတိရစ္ဆာန်ဆရာဝန် မယား





အကျော်ကြီးနဲ့ပျာ၊ စားသွားလိုက်တာ"

ဟု ပြောလိုက်လေ၏။

"သူတို့ ပိုက်ဆံပေးသွားကြတယ် မဟုတ်လား"

ဟု ဦးငွမ်တီက ပြန်၍ မေးလေ၏။

"ပိုက်ဆံတော့ ပေးတာပေါ့ ဦးငွမ်တီရယ်"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

"ပိုက်ဆံပေးပြီး စားသွားတာပဲ၊ အကျော်ကြီးနဲ့ စားသွား တာ ဘယ်ဖြစ်နိုင်မတုံး"

ဟု ဦးငွမ်တီက ပြန်၍ ပြောလေ၏။

"ဒီလိုပျ ဒီကောင်တွေက လမ်းဘေးခေါက်ဆွဲဆိုင်မှာ ကျုပ် ဟာ ပန်းကန်ဆေး စားပွဲထိုးတစ်ယောက် ဖြစ်နေပြီဆိုတာကို အကျွန်ုပ်ကြီး ကျေနပ်နေကြပုံပဲပျ"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။ ထိုအခါ၌ ဦးငွမ် တီသည် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။ ရယ်မောပြီး နောက်---

"တိုင်းပြည်ပျက်နေပြီပျ၊ စာရေးကြီးလဲ မြင်းလှည်းမောင်း နေရပြီ၊ မြင်းလှည်းသမားကလဲ ဂိုထောင်မှောက်ပြီး သူဌေးလုပ် နေပြီ၊ သူဌေးကလဲ တောကိုပြေးပြီး တောသားလုပ်နေပြီ၊ ဘာမှ တည်ငြိမ်မှု မရှိတော့ဘူး၊ အဲဒီအခါမျိုးမှာ မင်းဟာ ပန်း ကန်ဆေးပဲဖြစ်ဖြစ်၊ စားပွဲထိုးပဲဖြစ်ဖြစ် ဘာမှရှက်စရာမလိုတော့ ဘူး၊ ပြီးတော့ ခုနေခုက မင်းနဲ့ မတည့်တဲ့ လင်မယားကိုလဲ မင်းမယုံရင် လိုက်ကြည့်လိုက်ကွာ၊ သူတို့လဲ ဒီအနီးအနားက ရပ် တစ်လုံးလုံးပေါ် ရောက်နေတာဖြစ်မှာပဲ၊ သူတို့က မင်းကို မသိ

ချင် ယောင်ဆောင်တာကတော့ တခြားအကြောင်း ရှိမယ်မထင် ဘူးကွ၊ ဒီမိန်းမနဲ့ ဒီယောက်ျားက ဘာမှ မပတ်သက်ဘဲ၊ ဟိုမိန်းမ က တိရစ္ဆာန်ဆရာဝန်ကြီးရဲ့ မိန်းမဆိုကွ၊ အဲဒီတော့လဲ မင်းကို ရက်ပြီး မသိချင်ယောင်ဆောင်နေတာ ဖြစ်မှာပေါ့ကွ"

ဟု ပြောလိုက်ရာ မောင်ဘချစ်က---

"ဟုတ်မှာပါပဲ၊ ဒါပေမယ့် ကျုပ်မျက်လုံးထဲမှာတော့ ဒီကောင် လင်မယားနှစ်ယောက်စလုံး ကျုပ်ကို လှဝါးသွားတယ်လို့ ထင် နေတာဗျ"

ဟု မောင်ဘချစ်က ပြောလေ၏။ ထိုအခါ၌ ဦးငွမ်းတိုက ကြက်သွန်တစ်ဥကို တရုတ်ဓားပြားကြီးဖြင့် တရိတ်ရိတ် လှီး လိုက်ပြီးနောက်---

"မင်းက ဒီလိုပြောလို့ ငါ့အတွေ့အကြုံကလေးတစ်ခု ပြောပြ ဦးမယ်၊ ဟို အရင်တုန်းက ငါ့ရဲ့တဲကလေးနားမှာ တခြားတဲ ကလေး တစ်လုံးရှိသေးတယ်ကွ၊ အဲဒီတဲကလေးမှာက မုဆိုးမ ကြီး တစ်ယောက်နေတယ်၊ အဲဒီမုဆိုးမကြီးရဲ့ အိမ်မှာ ဘုန်းကြီး လူထွက်တစ်ယောက် လာပြီးနေတယ်ကွ၊ အဲဒီအချိန်မှာပဲ ပန်းရန် လုပ်ထားတဲ့ ငါ့ရဲ့လုပ်စ ပိုက်ဆံအိတ်ကလေးဟာ ပျောက်ပါလေ ရောကွာ၊ အဲဒီလို ပျောက်တယ်ဆိုရင် ငါ့ရဲ့စိတ်ထဲမှာ မုဆိုးမကြီး တဲက ဘုန်းကြီးလူထွက်ဟာ ငါ့ရဲ့ ပိုက်ဆံအိတ်ကို ခိုးတဲ့သူခိုးပဲလို့ ထင်မိတော့တာပဲ၊ အဲဒီလိုထင်မိတယ်ဆိုရင်ပဲ ငါက ဘုန်းကြီးလူ ထွက်ကို အကဲခတ်ပြီး ကြည့်တော့တာပဲကွ၊ အဲဒီလိုကြည့်လေ အဲဒီကောင်ရဲ့ရုပ်ကိုက သူခိုးရုပ်ပေါက်တော့တာပဲကွ၊ ဘယ်လိုပဲ ကြည့်ကြည့် ဒီကောင်ဟာ သူခိုးနဲ့ကို တူနေတာပဲ၊ ဒေး--





နောက်တစ်နေ့လဲကျရော ငါဟာ ဝါးရေတံလျှောက်ကို အမှိုက် ရှင်းမယ်ဆိုပြီး တုတ်တစ်ချောင်းနဲ့ ကော်လိုက်တာ ငါ့ရဲ့ ပိုက်ဆံ အိတ်ဟာ အဲဒီရေတံလျှောက်ထဲက ထွက်လာပါလေရောကွာ၊ ပိုက်ဆံအိတ်မှာလဲ ကြွက်ကိုက်ထားတဲ့ သွားရာတွေ တွေ့တယ် ကွ၊ အခုနကတော့ ကြွက်ချီသွားတာပါကွာ၊ အဲဒီတော့မှ ငါဟာ အိမ်နီးချင်းဖြစ်တဲ့ ဘုန်းကြီးလူထွက်ကို တစိမ့်စိမ့် အကဲခတ် ကြည့်မိတယ်ကွ၊ ဘယ်လိုပဲကြည့်ကြည့် ငါ့မျက်လုံးထဲမှာ ဒီ ကောင်ရဲ့ရုပ်ကိုက ဘုန်းကြီးလူထွက်နဲ့ပဲ တူနေတယ်၊ သူခိုးရုပ် မတွေ့တော့ပြန်ဘူး၊ ဟဲ ဟဲ ဟဲ ဒါကြောင့် မသင်္ကာစရာ မျက်လုံးနဲ့ကြည့်ရင် မသင်္ကာ စရာအချက်တွေ တွေ့တတ်ပါလား လို့ သဘောပေါက်သွားတော့တယ် ကိုယ့်လူရေ"

ဟု ပြောလိုက်ရာ မောင်ဘချစ်သည် လက်ခုပ်လက်ဝါးတီး လျက် အားရပါးရ ရယ်မောပစ်လိုက်လေတော့၏။

> သံသယ မျက်လုံးနှင့် မကြည့်မိစေရန် အထူးလို အပ်ပေသည်။ အကယ်၍ သံသယ မျက်လုံးနှင့် ကြည့်မိပါက သံသယများ ထပ်ဆင့်ပွားလာဖွယ် ရာ ရှိပါသည်။ သံသယဆိုသည်မှာ စိတ်ကို ဒုက္ခ ပေးနိုင်သော အရာများအနက် တစ်ခုအပါအဝင် ဖြစ်ပေရာ ချစ်စွာသော စာပတ်သူများ သံသယ စိတ်များ ကင်းစင်၍ ပျော်ရွှင်ချမ်းမြေ့နိုင်ကြပါစေ။
>
> (စာရေးသူ)

ရန်ကုန်မြို့ကြီးသည် တလှုပ်လှုပ် တရွရွနှင့် ဂျပန်တို့၏ လက်အောက်သို့ ရောက်ရှိခဲ့လေတော့၏။ မောင်ဘချစ်နှင့် ဦးငွမ်တီတို့၏ လက်တွန်းလှည်း ဟိုတယ်ကလေးသည် ရပ်ဆိုင်းလိုက်ရလေတော့၏။

ထိုနေရာတစ်ဝိုက်တွင် ခေါက်ဆွဲဆိုင်ကြီးများ ရောက်ရှိလာကုန်၏။ ဗယာန်းဘက်ဆိုလျှင် ဂျပန်ခေတ်၏ သိမ်ကြီးဈေးဖြစ်၍ နေပေပြီ။ မောင်ဘချစ်သည် ဂျပန်ကိုဒေါ်တစ်ခု၌ အချိန်မှတ်စာရေး သွားရောက်လုပ်၏။ ဦးငွမ်တီကမူ ကမ်းနားဆိပ်သို့ ဆင်းကာ ကုန်စိမ်းပွဲစားလိုလို၊ ရွှေကြိုလိုလို လုပ်၍ နေလေ၏။

တစ်နေ့သ၌ ဦးငွမ်တီသည် အထုပ်ကြီးတစ်ထုပ်ဖြင့် တဲကလေးဆီသို့ ပြန်၍ လာလေသည်။ မောင်ဘချစ်က---

"ဘာထုပ်ကြီးလဲ ဦးငွမ်တီ"

ဟု မေးရာ ဦးငွမ်တီက အထုပ်ကြီးကို သွန်ချလိုက်၏။ အထုပ်တွင်းမှ စစ်ဖိနပ်၊ စစ်မြေအိတ်၊ ကာကီရောင်စစ်ဘောင်းဘီနှင့် ဂျပန်စာပါသော ပတ္တူစစ်လွယ်အိတ်တစ်လုံး အိတ်ကြီးအတွင်းမှ ထွက်ကျလာလေတော့၏။

"ဘာလဲ ခင်ဗျားက စစ်ထဲ ဝင်လိုက်ပြီလား"

ဟု မောင်ဘချစ်က မေးလေ၏။

"စစ်ထဲဝင်တာ မဟုတ်ဘူးကွ၊ ဖီးကြမ်းငှက်ပျောသီးတစ်ခိုင်နဲ့ ဂျပန်စစ်သားဆီက လဲလာခဲ့တာကွ"

ဟု ဆိုကာ ၎င်း၏ ဟောင်းနွမ်းလှပြီဖြစ်သော ဘောင်းဘီအစုတ်ကြီးနှင့် အင်္ကျီစုတ်ကြီးကို ချွတ်ကာ ကာကီစစ်ဘောင်းဘီနှင့် စစ်အင်္ကျီကို ဝတ်လေ၏။





ထို့နောက် စစ်ဖိနပ်ကို မြေအိတ်နှင့်တကွ စီးပြန်၏။ မောင်ချစ်သည် ဦးငွမ်တီကို ကြည့်၍---

"ခင်ဗျားကတော့ တကယ့်ကို ဂျပန်စစ်သားကြီး ကျနေတာ"

ဟု ပြောလိုက်လေ၏။

"သူတို့အဝတ်အစားက မဆိုးဘူးကွ၊ ဝတ်ရတာ တော်တော်ကို အချိုးကျတယ်ကွ၊ ပြီးတော့ ကာကီရောင်ဆိုတော့ အပေတောလဲ ခံတာပေါ့ကွာ"

ဟု ဦးငွမ်တီက ပြောလေ၏။

ထိုနေ့မှစ၍ ဦးငွမ်တီသည် ကာကီဘောင်းဘီနှင့် ကာကီအင်္ကျီကို အစွဲကြီးစွဲကာ တစ်သက်ပတ်လုံး ဝတ်ဆင်သွားလေတော့၏။ ထိုအဝတ်အစားများ စုတ်ပြဲ၍ သွားသောအခါ၌လည်း နောက်ထပ်ဝယ်ယူသော အင်္ကျီဘောင်းဘီတို့မှာ ကာကီရောင်ချည်း ဖြစ်လေတော့၏။

ဂျပန်ခေတ် ခေတ်ဦးပိုင်းလောက်တွင်ပင် မြနှစ်တို့ မိသားစုသည် ၎င်းတို့၏ အိမ်ကလေးဆီသို့ ရောက်ရှိလာပြီဖြစ်၏။ မြနှစ်တို့ မိသားစု ပြန်ရောက်လာသည့်နေ့တွင် ပစ္စည်းပစ္စယများကို မောင်ဘချစ်နှင့် ဦးငွမ်တီတို့က ဝိုင်းဝန်းသယ်ပိုးကြလေ၏။

မမြနှစ်၏ သားကလေး ဖိုလ်ဝမှာ ကိုးနှစ် ဆယ်နှစ်သားအရွယ်ပင် ရှိနေပြီဖြစ်၏။ မမြနှစ်က မောင်ဘချစ်အနီးသို့ ကပ်လာကာ---

"ကိုကိုချစ်ရယ်၊ ဘာမပြောညာမပြောနဲ့ ထွက်သွားလိုက်တာ၊ ဘယ်တုန်းက ပြန်ပြီးရောက်နေတာတုံး"

ဟု တိုးတိုးကလေး မေးလေ၏။

"မပြောပါနဲ့တော့ အနစ်ရယ်၊ ဦးဂွမ်တီကြီးနိုင်းလို့ သွား တာ၊ မြနှစ်တို့ သားအမိ လိုက်ပြီးခေါ်တာကို လှည့်မကြည့် တာကိုပဲ ကိုကိုချစ်ကို ခွင့်လွှတ်ပါ၊ အဲဒါလဲ အကြောင်းရှိ လှည့်မကြည့်တာဘဲ၊ ဘာအကြောင်းလဲ ဆိုတာတော့ အနစ်က သာ ဦးဂွမ်တီကို မေးကြည့်ပေတော့"

ဟု မောင်ဘချစ်က ပြောလေ၏။ ဗိုလ်ဝကလေးသည် မောင် ဘချစ်ကို ကောင်းစွာ မှတ်မိလေ၏။ တွေလျှင်တွေချင်းပင်—

"ဘယ်ဒီချစ်"

ဟူ၍ ခေါ်လေ၏။

မောင်ဘချစ်သည် မမြနှစ်တို့သားအမိကို ပြန်လည်တွေ့ရ သည့်အတွက် အထူးပင် ပျော်ရွှင်နေလေ၏။ ၎င်းတို့နှစ်ဦးသည် လသာသာညများ၌ မကြာမကြာ တွေ့ကြလေ၏။ မမြနှစ်၏ မိခင်ကြီး ဒေါ်သိုင်းမြကသူ မောင်ဘချစ်အား မကြည့်ဖြူဘဲ နေ လေ၏။ ဒေါ်သိုင်းမြကြီးသည် ၎င်းအိမ်ဘေးရှိ မြေကွက်လပ် ကြီး၌ ယာခင်းကြီးတစ်ခင်းကို အလုပ်သမားနှစ်ယောက် ငှားရမ်း ကာ လုပ်ကိုင်လေ၏။

ထိုကြောင့် ၎င်းယာခင်းကြီးမှာ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ ကြက်သွန်မြိတ်၊ ဆလပ် စသည်များ ဖြစ်ထွန်းလေတော့၏။ ထို ကြောင့် ဒေါ်သိုင်းမြသည် ၎င်း၏ ဖြစ်ထွက်ပစ္စည်းများကို တွင် ကျယ်စွာ ရောင်းချလေ၏။ ထိုသို့ ရောင်းချရာ၌ နွားလှည်းများ နှင့် လာရောက် ဝယ်ယူသူတစ်ဦး ရှိလေ၏။ ထိုသူသည် ဒေါ် သိုင်းမြ၏ ဖြစ်မှ ထွက်သမျှကို ၎င်းတစ်ဦးတည်း ချုပ်၍ ဝယ်ယူ





ခြင်းဖြစ်၏။

ငွေများ လာရောက်ရှင်းသည့်အခါ၌လည်း ထိုသူသည် ကိုယ်ပိုင်မြင်းလှည်းကို စီးကာ နောက်မှ ၎င်း၏ တပည့်တစ်ဦး က ဂျုပ်ပိုက်ဆံများထည့်၍ထားသော ဆလာအိတ်ကြီးကို ဆွဲ လျက် လိုက်ပါလာတတ်မြဲ ဖြစ်၏။ ထိုသူ၏ အမည်မှာ မောင် အောင်ဟူ၍ ဖြစ်ပေသည်။

၎င်း မောင်အောင်သည် ဂျပန်စစ်တပ်၏ အဝယ်တော်တစ်ဦး ဖြစ်ပေသည်။ မကြာခဏဆိုသလို ဒေါ်သိုင်းမြထံသို့ လာရသည် ဖြစ်ရာ မမြနှစ်ကို တွေ့မြင်သွားလေ၏။ ထိုသို့ တွေ့မြင်သွားပြီး သည့်နောက် မောင်အောင်သည် လက်ရှည်းသက်သက် လာ သည် မရှိတော့ဘဲ မမြနှစ်အတွက် လေထီးပိုးစများ၊ ဒေါ်သိုင်း မြအတွက် ဂျပန်စစ်တပ်မှ တောင်းယူထားသော အမဲခြောက် များ၊ စည်သွပ်ဘူးများ၊ အခြားသော စားဖွယ်သောက် ဖွယ်များ ပါလာသည်ချည်း ဖြစ်လေတော့၏။

အဲကြောင်းမရှိ အကြောင်းရှာ၍ မမြနှစ်တို့အိမ်၌ အကြာ ကြီး ထိုင်လေ၏။ မမြနှစ်၏ ချောကြောင်းလှကြောင်းကိုလည်း မကြာခဏ အမွှမ်းတင်၏။ ဒေါ်သိုင်းမြကိုလည်း ဒေါ်သိုင်းမြ ဟုပင် မခေါ်တော့ဘဲ အမေမြဟူ၍ ခေါ်၏။ ထို့နောက် ခေတ် ကြီးသည် မကောင်းကြောင့် မမြနှစ်တို့လို ရုပ်ရည်လှပသည့် မိန်းကလေးများအဖို့ ယခုကဲ့သို့ ဖျင်ဝတ်တောင်ရှိဘဲ ကိုယ်လွတ် လက်ခါနေခြင်းသည် အန္တရာယ် ကြီးမားကြောင်းတို့ကို ဖွဲ့ဖွဲ့ ပြောဆိုနေလေ၏။

ဒေါ်သိုင်းမြကလည်း မောင်အောင့်ကို လွန်စွာ သဘောကျ၍

နေလေ၏။ မောင်အောင်ကို သဘောကျသလောက်လည်း မောင်ဘချစ်ကို မျက်မုန်းကျိုးလျက် ရှိလေတော့၏။

တစ်နေ့သ၌ မောင်ဘချစ်သည် မောင်အောင်ရောက်ရှိနေစဉ်အတွင်း မမြနှစ်တို့ အိမ်သို့ ရောက်ရှိသွားရာ ဒေါ်သိုင်းခြိုက—

"ဟေ့ သူငယ်၊ ဘာကိစ္စလဲကွယ့်"

ဟု မေးလေ၏။ မောင်ဘချစ်လည်း မမေးစဖူး အမေးထူးသောကြောင့် လွန်စွာအံ့အားသင့်၍ သွားလေတော့၏။

"ကျွန်တော်ပါ ဒေါ်ဒေါ်ရဲ့"

ဟု မောင်ဘချစ်က ပြန်၍ပြောလေ၏။

"မင်းမှန်း သိပါတယ်ကွယ်၊ ငါမေးနေတာက ဘာကိစ္စလဲလို့ မေးနေတာ"

ဟု ဒေါ်သိုင်းခြိုက ပြောလေ၏။

"ဒေါ်ဒေါ်ရယ် ဘာကိစ္စမှ မရှိပါဘူး၊ ခါတိုင်းလိုပဲ လာလည်တာပေါ့"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဒေါ်သိုင်းခြိုက---

"အေး--- ငါလဲ အဲဒါကို ပြောမယ်ပြောမယ်နဲ့ပဲ၊ အခုတော့ အလိုက်မသိတော့လဲ ဖြောင့်ပဲ ပြောရတော့မှာပေါ့ကွာ၊ ငါတို့မှာက မိန်းမသားချည်း နေတာကွယ့်၊ မြနှစ်ဆိုတာကလဲ အိမ်ထောင်ရှိတာ မဟုတ်ဘူး၊ အရွယ်ကောင်းကလေး၊ ဒီလိုအိမ်မျိုးကို မင်းက မဖိတ်မခေါ်ဘဲနဲ့ ခဏခဏလာလည်တာတော့ ဒေါ်ဒေါ် မကြိုက်ဘူး"

ဟု ပြောလိုက်လေ၏။

ထိုအခါ၌ မောင်ဘချစ်လည်း---





"ဒီလိုရှိပါတယ်၊ ဒေါ်ဒေါ်ရယ်"

ဟု စကားမည် အလုပ်၌ ဂျပန်အငယ်တော် မောင်အောင်က---

"အိမ်ရှင်က မလာပါနဲ့ဆိုရင် ကိုယ့်လူ မလာရုံဘဲ ရှိတာပေါ့၊ ကာမှ နောက်ထပ် စောဒကတက်စရာ မလိုတော့ဘူး"

ဟု ဝင်၍ ပြောလေ၏။ မောင်ဘချစ်သည် လွန်စွာ ခံပြင်း၍ သွားလေတော့၏။ ထိုအခါ၌ ဒေါ်သိုင်းခြိုကလည်း---

"အဲဒါသာကြည့်တော့ မောင်အောင်ရေ၊ မိန်းမသားချည်းပဲ နေတယ်ဆိုတော့ တယ်ပြီးတော့ ပတ်ဝန်းကျင်က မခန့်ဘူးကွယ့်၊ အဲဒါကြောင့် ဒေါ်ဒေါ်လဲ မြနှစ်အတွက် ပူမိတယ်ကွယ်၊ မတော်တဲ့လူနဲ့များ ဖြစ်သွားမှဖြင့်"

ဟု ပြောလိုက်လျှင် မောင်အောင်က---

"ဒီအတွက်တော့ မပူပါနဲ့ ဒေါ်ဒေါ်ရယ်၊ ဒီလို စွတ်တရွတ်လုပ်လို့ ဘယ်ဖြစ်ပါ့မတုံး၊ ကောင်းကောင်းပြောလို့ မရရင် ကျွန်တော့်ရဲ့ ဂျပန်မာစတာ ရှိပါတယ်၊ သူ့ကို ပြောပြီး ကင်ပေစခန်းမှာ ဖမ်းချုပ်ထားပေးပါ့မယ်၊ အဲဒီနေရာကတော့ တကယ့်ကို ငရဲပြည်ပဲ၊ ညကပဲ လူနှစ်ယောက်ကို မသင်္ကာလို့ ကျွန်တော် ကိုယ်တိုင်ဖမ်းပြီး ကင်ပေတိုင် အချုပ်ခန်းကို ပို့ခဲ့ရသေးတယ်၊ အဲဒီနှစ်ယောက်က သခင်တွေလို့ ပြောတယ်၊ ညကတော့ ဘာပြောကောင်းမလဲ၊ အဲဒီသခင်နှစ်ယောက်ကို ဂျပန်မာစတာက ကျွန်ရုပ်ပေါက်သွားအောင် နှိပ်စက်တော့တာပဲ"

ဟု ပြောလိုက်ရာ မောင်ဘချစ်လည်း တဲကလေးဆီသို့ ပြန်ခဲ့လေတော့၏။

တဲကာလေးသို့ ရောက်လျှင် ဦးဌွမ်တီက---

"ဟော့ကောင် ဘယ်လိုဖြစ်တာလဲကွ၊ မင်းမျက်နှာကြီးကလ
နီလို့ပါလား"

ဟု မေးလိုက်ရာ မောင်ဘချစ်က---

"မပြောပါနဲ့တော့ ဦးဌွမ်တီရယ်"

ဟု ဆိုကာ မိမိတွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကို ပြောပြ
လေ၏။ ထိုအခါ၌ ဦးဌွမ်တီက မျက်စိပေါက်ကလေး ကျဉ်းသွား
သည်အထိ တဟားဟား ရယ်မော၍---

"ဒီလိုကိုး၊ မင်းနဲ့ ဂျပန်အလိုတော်ရိကြီးနဲ့ မိန်းမပြိုင်ပြီး ပိုးနေ
ကြရပြီလား၊ အဲဒီလို မိန်းမပြိုင်ပိုးရတဲ့ ကိစ္စမှာ အပြင်မှာတော့
ဘယ်လိုခံစားရသလဲ မသိဘူးကွ၊ ဘိုင်စကုတ်ထဲမှာဆိုရင်တော့
မိန်းမတစ်ယောက်တည်းကို ယောက်ျားနှစ်ယောက်က ပြိုင်ပြီးပိုး
နေရတယ်ဆိုရင်တော့ တော်တော်ကို ကြည့်လို့ ကောင်းတာပဲ
ဟဲ ဟဲ ဟဲ ဇာတ်ထဲမှာလဲ ဒီအတိုင်းပဲကွ၊ မယ်သီတာကို ရာမ
မင်းသားနဲ့ ဒသဂီရိဘီလူးတို့ ယှဉ်ပြိုင်ပြီး အရယူကြပုံဟာ ဘယ်
လောက်စိတ်ဝင်စားစရာ ကောင်းသလဲကွ၊ ဘာဖြစ်လို့လဲဆို
တော့ အားပြိုင်တဲ့သဘော ပါနေတယ်လေကွာ၊ ဒီတော့ ဇာတ်
လမ်းဇာတ်ကွက်က ပိုပြီး လှသွားတာပေါ့"

ဟု ပြောလိုက်လေ၏။

"အခုဟာကတော့ ဇာတ်လမ်းမလှဘူးဗျို့၊ မြနှစ်တို့အမေ
ဒေါ်သိုင်းမြို့က ကျုပ်ကို ဇလားချီသက်သက် မောင်းထုတ်လိုက်
တယ်ဗျ၊ ဒီကြားထဲ မောင်အောင်ဆိုတဲ့ အကောင်ကပါ ကျုပ်ကို
ဂျပန်ကင်ပေတိုင်အားကိုးနဲ့ ဖမ်းချုပ်မလေး ဘာလေးနဲ့ ပါဝါပြနေ





သေးတယ်ဗျ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးဌွမ်တီက---

"အဲဒါ အရသာပေါ့ကွ၊ မြနှစ်ကို လိုချင်ရင် ဘချစ် ဒီအတိုင်း
နေလို့ မရတော့ဘူး၊ စွန့်စားရတော့မယ်၊ မင်းကို လောကဓံ
တရားက စိန်ခေါ်နေပြန်ပြီပေါ့၊ ကြောက်ရင်တော့ ဘွာဘွာလို့
ရှာတော်လိုက်ရုံပဲ၊ သတ္တိရှိရင်တော့ မင်းကလဲ ပြန်ပြီးစိန်ခေါ်တဲ့
အနေနဲ့ ငါဟဲ့ ယောက်ျားဆိုပြီး လက်မောင်းတော်ပြီး သိုင်းခွမ်းပြ
လိုက်ရုံပဲကွ"

ဟု မြှောက်ထိုးပင့်ကော် စကားမျိုးကို ပြောလိုက်ရာ မောင်
ဘချစ်သည် လွန်စွာ မခံချင်စိတ်များ ဖြစ်ပေါ်၍လာပြီးလျှင်
လက်မောင်းကို တဖြောင်းဖြောင်း ခတ်လိုက်လေ၏။ မောင်ဘ
ချစ်၏ လက်မောင်းသံတို့သည် ကျယ်လောင်စွာ မြည်ဟည်း
သွားလေတော့၏။ မောင်ဘချစ်၏ မဆုတ်နစ်သော စိတ်ဓာတ်တို့
သည်လည်း လက်မောင်းသံနှင့်အတူ တက်ကြွစွာ ပေါ်လာလေ
တော့၏။

ထိုအချိန်၌မူ မြနှစ်သည် မီးဖိုအတွင်း၌ ငါးပိရည်ကျိုရင်း
မျက်ရည်များ တပေါက်ပေါက် စီးကျနေလေတော့၏။ ၎င်း၏မိခင်
ဒေါ်သိုင်းမြို့ကြီးက မောင်ဘချစ်အား ဆွေမစား ဝက်မစား ပြော
ဆိုလိုက်ပုံ၊ နောက်ပိုးရှုးမောင်အောင်ကပါ အသားလွတ် ဝင်
ရောက်ကြိမ်းမောင်းလိုက်ပုံတို့ကို မီးဖိုအတွင်းမှ ကြားလိုက်ရပြီ
ဖြစ်၏။

ထို့ကြောင့် မောင်ဘချစ်ကို အားလည်းနာ၏။ မောင်ဘချစ်
အတွက်လည်း စိတ်မကောင်း ဖြစ်မိ၏။ သူ့ကျိုးမရ ဖြစ်မိ၏။

ထို့ကြောင့် မပြနစ်သည်---

"ခြော်--- ကိုကိုချစ်၊ ကိုကိုချစ်၊ သူ့အများ ကံမကောင်းရှာ ပါလား"

ဟု တွေးမိရင်း မျက်ရည်များသည် တဖြိုင်ဖြိုင် စီးကျလာ လေတော့၏။

❖ ❖ ❖

## ဦးစွမ်တီနှင့် ပန်းပုဆရာတစ်ဦး

ညပိုင်းသို့ရောက်၍လျှင် မောင်ဘချစ်သည် စိတ်သောက ဖြစ်ကာ မစားနိုင် မသောက်နိုင် ဖြစ်၍ နေလေ၏။ ထိုအခါ ဦးစွမ်တီက---

"ဘယ်လိုလဲ ကိုယ့်လူ၊ ထမင်းမစားနိုင်လောက်အောင်ကိုပဲ စိတ်သောကတွေ ဖြစ်နေပြီလား"

ဟု မေးလေ၏။ မောင်ဘချစ်ကလည်း---

"ကျုပ်ဟာ တစ်သက်လုံး အချစ်ရေး၊ အိမ်ထောင်ရေး ကိစ္စမှာ အရေးနိမ့်ခဲ့ရတယ်ဗျာ။ စိတ်မချမ်းမသာ ဖြစ်ခဲ့ရတယ်၊ ဒါတွေကိုပဲ ပြန်တွေးပြီး စိတ်မကောင်း ဖြစ်မိတာတော့ အမှန်ပဲ၊ ရွှေရွှေ ဆိုတဲ့ ကျုပ်မိန်းမဟာ ကျုပ်ကို ခွာသွားပေးပြီး နောက်လင်နဲ့ ပါသွားတယ်၊ အဲဒီတုန်းကပဲ ကျုပ်ဟာ ဦးစွမ်တီနဲ့ တွေ့ခဲ့ကြရတာ မဟုတ်လား။ ငြိမ်ဦးက ဘယ်လောက် ရင်နာစရာ ကောင်းသတုံး"

ဟု ဆွေးမြည့်စွာ ပြောလိုက်လေ၏။ ထိုအခါ၌ ဦးဝွမ်တီက—

"ငါနဲ့သိတဲ့ တရုတ်ပန်းပုဆရာကြီး တစ်ဦးရှိတယ်ကွ။ အခုတော့ ကွယ်လွန်သွားရှာပါပြီကွာ။ အဲဒီ ပန်းပုဆရာကြီးဟာ တော်တော့်ကို လက်ရာမြောက်တယ်ကွ။ သစ်သားကို ထုတာလဲ တော်တာပဲ၊ ကျောက်စိမ်းကို ထုထားတဲ့ လက်ရာတွေကလဲ လက်ရာမြောက်တာပဲ၊ ဆင်စွယ်ကို ထုတဲ့လက်ရာဆိုရင်တော့ မပြောပါနဲ့ကွာ၊ ပိုးဟပ်ကလေးတစ်ကောင် မှန်ညင်းရွက်ပေါ်မှာ နားနေတဲ့ပုံများ ထုထားလိုက်တာကွာ။ ပြီးတော့ သူက ပိုပြီးတော့ အောင်မြင်ပြီး ပိုးဟပ်ကို ပိုးဟပ်အရောင်၊ မှန်ညင်းရွက်ကို မှန်ညင်းရွက်အရောင် ဆေးတောင် ခြယ်ထားလိုက်သေးတယ် အဲဒီတော့ တကယ့်မှန်ညင်းရွက်နဲ့ တကယ့်ပိုးဟပ်ပါပဲကွာ။ ပိုးဟပ် နောက်ခြေထောက်ကလေးက နောက်ကို ဟန်နေတာကလေးက တကယ့်ကို သဘာဝကျတယ်ကွ။ ပိုပြီးသဘာဝကျတာကတော့ ပိုးဟပ်ရဲ့ မွှတ်ခမ်းမွေးကို ထုထားတာများ တွေ့လိုက်တာကွာ။ တော်တော့်ကို လက်ရာမြောက်တဲ့ ပန်းပုဆရာပဲ၊ အဲဒီတော့ သူက အပြောကြီးတော့တာပေါ့ကွာ။ ဒီမှာ ဦးဝွမ်တီတဲ့၊ ဘယ်လိုအရာဝတ္ထုမျိုးပဲ ယူလာယူလာ၊ အတုံးအခဲသာ ဖြစ်စမ်း ပါစေ သူဟာ ရအောင် ပန်းပုထုနိုင်တယ်လို့ ငါ့ကိုပြောတယ်ကွ၊ အဲဒီတော့ ငါက မခံချင်တာနဲ့ သူ့ဆီကို ရေခဲတုံးတစ်တုံး ဝယ်သွားတယ်၊ အဲဒီလို ဝယ်သွားပြီးတော့ ဟောဒီမှာ အတုံးအခဲ အဲဒီအတုံးအခဲကို ခင်ဗျားရဲ့ ပညာနဲ့ မိန်းကလေးတစ်ယောက် ကနေတဲ့ပုံ ထုပေးစမ်းလို့ ငါက နိုင်ကွက်... ဒီလူကလဲ မ မှန်းသိလျက်သားနဲ့ ငါ့ကို အရှုံးမပေးချင်လို့ကို ခုံးတွေ ဆောက်

ဇာတ်သိမ်း



တွေ ယူပြီး ရေခဲတုံးကို ခေါ်မြန်မြန်နဲ့ အရုပ်ပေါ်အောင် ထွင်းကြည့်သေးတယ်ကွ၊ ဒါပေမယ့် ဘယ်ရမလဲကွာ၊ ရှေ့ကထု နောက်က ပျော်ကျနေတော့ ရေခဲတုံးကြီးဟာ ရေဖြစ်သွားတယ်ကွ၊ အရုပ်တော့ ဖြစ်မလာဘူး၊ ဟဲ ဟဲ ဟဲ၊ အခုလဲ မင်းက အတိတ်က ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကို ပြန်တွေးပြီး စိတ်မကောင်း ဖြစ်နေတာဟာ ရေခဲတုံးကို အရုပ်ထုဖို့ ကြိုးစားနေတာလိုပဲကွ၊ အဖြစ်အပျက်ဆိုတဲ့ဟာက ဖြစ်ပြီးရင် ပျက်ပြီးလိုက်လာတာ၊ ရေခဲတုံးနဲ့ ဘာမှ မထူးဘူး၊ အဲဒါကို ဘာဖြစ်လို့ ပုံဖော်ချင်ရတာလဲ ကိုယ့်လူရယ်"

ဟု စိတ်ရှည်လက်ရှည် ပြောလိုက်ရာ မောင်ဘချစ်က—

"တော်တော်အပြောကောင်းတဲ့ ဦးဝွမ်တီ"

ဟု ဆိုလိုက်လေ၏။ ထိုအခါ ဦးဝွမ်တီက—

"အတုံးအခဲမှန်သမျှကို ပန်းပုထုချင် ထုပါ၊ ဒါပေမယ့် ရေခဲတုံးကိုတော့ ပန်းပု မထုပါနဲ့၊ လောလောဆယ် တွေ့ကြုံနေရတဲ့ ကိစ္စတွေအတွက် မင်းဟာတွေအတွက်ကိုတော့ ပြန်တွေးပြီး စိတ်မညစ်ပါနဲ့တော့ မောင်ဘချစ်ရယ်"

ဟု ပြောလိုက်ရာ—

"ဝွတ်အိုက်ဒီယား၊ အလွန်ကောင်းတဲ့ စိတ်ကူးပဲ"

ဟု ပြောဆို၍ ထမင်းပန်းကန်ကို ဆွဲယူကာ ဦးဝွမ်တီ ကြော်ထားသော ဓဲသီးကြော်ဖြင့် မြိန်ရှက်စွာ စားလိုက်လေတော့၏။

> လူတို့သည် ပြီးခဲ့သော အချိန်ကာလများ အပေါ်၌ ပြန်လည်တွေးတောရ၍ စိတ်သောကရောက်တတ်သော အလေ့အကျင့်များ ရှိတတ်ပါသည်။ အကယ်၍များ ကျွန်ုပ်၏ ချစ်လှစွာသော စာဖတ်မိတ်ဆွေသည် ပြီးခဲ့သော အကြောင်းအရာများနှင့် ပြန်လည်အမှတ်ရကာ စိတ်ဒုက္ခရောက်မည်ဆိုပါက ဦးဝွမ်တီကြီး၏ ရေခဲတုံးကို အရုပ်ထုသော ဥပမာကို အမှတ်ရ၍ စိတ်ဒုက္ခကို ဖြေဖျောက်နိုင်ပါစေသော်။
>
> (စာရေးသူ)

❖ ❖ ❖

ထိုနေ့ည၌ ဒေါ်သိုင်းမြိုက မမြနှစ်အား အောက်ပါအတိုင်း ပြောလေ၏။

"ဟဲ့ မမြနှစ်၊ နင့်ကို ပြောထားရဦးမယ်၊ ဟိုတရုတ်ဘိန်းစားကြီးအိမ်က အကောင်ကို အရောတဝင်မနေနဲ့ တရုတ်ဘိန်းစားကြီးကလဲ အလုပ်အကိုင် မည်မည်ရရ ရှိတာမဟုတ်ဘူး၊ ပန်းရန်ဆရာလိုလို၊ ပွဲစားလိုလို၊ နားကော်တဲ့တရုတ်လိုလို အဲဒီတရုတ်ဘိန်းစားကြီးဆီမှာ မှီခိုကပ်ရပ်ပြီး တရုတ်ဘိန်းစားတပည့် ဖြစ်နေတဲ့ ဟို ဘချစ်ဆိုတဲ့ကောင်က ဘယ်လိုများ လူလူသူသူ ဖြစ်မယ့်ကောင်တဲ့၊ ဒီကောင်ကများ ညည်းကို ချိန်နေသလား မပြောတတ်ပါဘူး၊ တို့အိမ်လာတဲ့ အဝယ်တော် မောင်အောင်က





ကော့ ပြောမရရင် ဒီကောင့်ကို ဖမ်းချုပ်မယ်လို့ ငါ့ကို ကတိပေးထားတယ်"

ဟု ပြောလျှင် မမြနှစ်သည် အလောသုံးဆယ်ဖြင့်---

"အို-- မဟုတ်တာဘဲ၊ ကိုကိုချစ်ကို ဖမ်းချုပ်ရအောင် သူက ဘာလုပ်လို့တုံး"

ဟု ပြန်၍ ပြောလိုက်ရာ ဒေါ်သိုင်းမြိုကြီးသည် မျက်နှာကြီး မှုန်း၍---

"ဘာ--ဘာ ကိုကိုချစ် ဟုတ်လား၊ ဒီကောင့်ကိုများ ကိုကို နေတဲ့တော်၊ အံ့ပါရဲ့ အံ့ပါရဲ့"

ဟု ရင်ဘတ်ကို တဖုန်းဖုန်းထု၍ ပြောလေ၏။

"အရင်ကတည်းက ဒီလိုခေါ်နေတာပဲ၊ အမေ မကြားဘူးလား"

ဟု မမြနှစ်က ပြန်၍ ပြောလေ၏။

"ငါ မကြားဖူးဘူး၊ ညည်းတို့ဘာသာ ညည်းတို့ ဘယ်နေရာမှာ သွားခေါ်နေကြသလဲ မသိဘူး၊ ဒါတွေထားလေ၊ ဒီကောင်နဲ့ ညည်းနဲ့ အဆက်အသွယ် ဖြတ်ရမယ်၊ အဲဒီလို မဖြတ်ရင်တော့ ငါက ဒီအတိုင်း ကြည့်နေမှာ မဟုတ်ဘူး၊ မောင်အောင့်ကို ပြောလိုက်ပြီး ဂျုပ်နှစ်အချုပ်မှာ ထည့်ထားလိုက်ရမှာပဲ"

ဟု ဒေါ်သိုင်းမြိုက ပြောလျှင် ဗိုလ်တကလေးသည် နောက်ဖေးတွင် ထမင်းစားနေရာမှ အိမ်ရှေ့သို့ ထွက်လာပြီးနောက်---

"အမေကြီး မတရား မလုပ်ပါနဲ့ဗျ၊ ဒယ်ဒီချစ်မှာ ဘာအပြစ် ရှိလို့တုံး"

ဟု ပြောလိုက်ရာ ဒေါ်သိုင်းမြိုက---

"ကြည့်စမ်း ကြည့်စမ်း၊ အမျိုးယုတ်ကလေး၊ ငါ့ထမင်းစားပြီး ငါ့ကို အာခံတဲ့ကောင်လေး"

ဟု ပြောလေ၏။

"အမေကြီးထမင်းကို ကျွန်တော် အလကားစားတာ မဟုတ်ဘူး၊ မနက်ကို အစောကြီးထပြီး ဟင်းရွက်တွေကို စည်းရတယ်၊ တောင်းတွေနဲ့ ထည့်ရတယ်၊ စာရင်းမှတ်ရတယ်၊ ကျွန်တော် အလုပ်လုပ်တာပဲ၊ ထမင်းအလကားစားတယ်လို့ မပြောပါနဲ့"

ဟု ဗိုလ်ဝကလေးက ပြောလေ၏။

"ကြည့်စမ်း ကြည့်စမ်း၊ ပရွေးကို ထိလို့ နာလိုက်တဲ့ အမျိုးယုတ်ကလေး"

ဟု ဒေါ်သိုင်းမြက ပြောလေ၏။

"ဟုတ်တယ်၊ ကျွန်တော်ကတော့ သိပ်ပြီးတော့ အမေတော်ချင်နေတာ၊ အမေဘယ်ယောက်ျားကိုမှ မယူရဘူး၊ ဒယ်ဒီချစ်ကိုယူရမယ်၊ အမေကြီးတစ်ယောက်တည်းကို ဒီအိမ်မှာ ထားခဲ့မယ်၊ ကျွန်တော်နဲ့အမေ ဟိုဘက်တဲကို ပြောင်းသွားမယ်"

ဟု ပြောဆိုကာ မီးဖိုတွင်းသို့ ပြန်ဝင်သွား၍ ထမင်းကို စားလေ၏။

ဒေါ်သိုင်းမြလည်း မိမိ၏ မြေးကလေးက မိမိအား ကျိတ်လျှင် ခွန်းတုံ့ပြန်လျက် ပြောသောကြောင့် လွန်စွာဒေါသဖြစ်သွားကာ---

"အောင်မယ်လေးတော်--- ဒီအမျိုးယုတ်ကလေးနှယ်တော်၊ ပန်းနာရင်ကျပ်ရောဂါနဲ့ သချိုင်းကုန်းကို ရောက်မှမသွားဘဲကိုး၊ ငါ့ကို မပြောနိုင်တာပေါ့ ပြာပုံကို ဝယ်ချင်တဲ့ ခွေးရူး





တော့"

ဟု ဆိုကာ ဒေါ်သိုင်းမြလည်း ဘုရားစင်ဘက်သို့လှည့်ကာ ကျယ်လောင်စွာ ဘုရားရှိခိုးလေတော့၏။

ဘုရားရှိခိုးပြီးနောက်---

"သုံးဆယ့်တစ်ဘုံတွင် ကျင်လည်ကြကုန်သော သုခိတ၊ ကြွတ သတ္တဝါအပေါင်း ကျန်းမာ ချမ်းသာကြပါစေသော်ဝ်"

ဟု မေတ္တာပို့ကာ ကြေးစည်ကလေးကို ထုလိုက်လေတော့သတည်း။

"နောင် ဒုဝေ ဒုဝေ ဝေ ဝေ ဝေ"

❖ ❖ ❖

နောက်တစ်နေ့တွင် ဂျပန်အငယ်တော် မောင်အောင် ရောက်ရှိလာပြန်၏။ မောင်အောင်က ဒေါ်သိုင်းမြအား---

"ဘယ်လိုလဲ အမေမြ၊ ဟိုဘက်အိမ်ကကောင် လာရှုပ်သေးသလား"

ဟု မေးလေ၏။

"ဟိုဘက်အိမ်ကကောင်တော့ လာပြီး မရှုပ်တော့ပါဘူး၊ ဒါပေမယ့် အဒေါ့်သမီးကကို ဟိုဘက် ခပ်ပါပါ ဖြစ်နေတယ်ကွယ့်၊ အဒေါ်ကတော့ ဘယ်နည်းနဲ့မှ အဲဒီကောင်နဲ့ သဘောမတူနိုင်ဘူး၊ ဒီတော့ ဟိုအကောင်ကို ဖမ်းလိုက်မှကို ဖြစ်တော့မယ်"

ဟု တိုးတိုးကပ်၍ ပြောလေ၏။

"စိတ်ချပါ အမေမြရယ်၊ ဒီနေ့ကိုပဲ ဖမ်းလိုက်ပါ့မယ်"

ဟု ကျွယ်လောင်စွာ ပြောလေ၏။

"တိုးတိုးပြောပါ မောင်အောင်ရဲ့"

ဟု ဒေါ်သိုင်းမြက သတိပေးလိုက်လေ၏။

"ဘာဖြစ်လို့လဲ အမေကြီးရဲ့၊ အနှစ် အိမ်ထဲမှာ ရှိလို့လား"

ဟု မောင်အောင်က မေးလေ၏။

"မြနှစ် မရှိပါဘူး၊ မြနှစ်က ဈေးသွားနေပါတယ်၊ ဒါပေမယ့် နိုလ်ဝရှိတယ်"

ဟု ပြောလေ၏။ နိုလ်ဝကလေးလည်း မောင်အောင်က သည်ကို မြင်သည်နှင့် တစ်ပြိုင်နက် အိမ်အောက်သို့ ဝင်၍ ပုန်းအောင်းနေလေ၏။ ထိုသို့ ပုန်းအောင်းနေခြင်းမှာ ဒေါ်သိုင်းမြနှင့် မောင်အောင်တို့ မည်သည့်စကားများ ပြောဆိုကြမည်ကို ချောင်း၍ နားထောင်ရန် ဖြစ်ပေသည်။

နိုလ်ဝသည် ၎င်းတို့၏ အကြံကို သိရလျှင် ဦးဂွမ်တီ၏ တဲသို့ ပြေးလာလေ၏။ ဦးဂွမ်တီကို တွေ့လျှင်---

"အဘိုး အဘိုး--- ဒယ်ဒီချစ် ဘယ်မှာလဲ"

ဟု မေးလေ၏။

"နိုလ်ဝရယ်၊ မင်းကလဲ အလန့်တကြားနဲ့ ဘာဖြစ်လာတာလဲ"

ဟု ပြောလေ၏။

"မဟုတ်ဘူး အဘိုးရဲ့၊ ကျွန်တော်တို့အဘွားနဲ့ ကိုအောင်ဆိုတဲ့ လူကြီးတို့က ဒယ်ဒီချစ်ကို ဂျပန်စစ်ဗိုလ်တွေနဲ့ လာပြီးဖမ်းကြဖို့ တိုင်ပင်နေကြပြီ၊ ကိုအောင်ဆိုတဲ့လူကြီးက ဒီနေ့ကိုပဲ ဖမ်းမယ်လို့ ပြောနေတယ်"





ဟု နိုလ်ဝကလေးက ပြောလေ၏။

"အေး--ဒါနဲ့နေပါဦးကွ၊ မင်းအမေမြနှစ် တစ်ယောက်ကော"

ဟု မေးလေ၏။

"အမေ ဈေးသွားတယ်"

ဟု နိုလ်ဝက ပြန်၍ ဖြေလေ၏။

"ဘယ်ဈေးသွားတာလဲကွ"

ဟု ဦးဂွမ်တီက မေးလျှင် နိုလ်ဝကလေးက---

"ဗဟန်းဈေးကို သွားတာ"

ဟု ပြောလေ၏။

"အေး--- ကောင်းပြီ၊ မင်းအမေပျောက်သွားရင် မင်း ဘာမှ မပူနဲ့ကွ၊ ဒယ်ဒီချစ်နဲ့ ပါသွားပြီလို့သာ မှတ်ပေတော့၊ အခြေအနေကောင်းတာနဲ့ ငါတို့ ပြန်လာမယ်၊ မင်းကိုမေးရင် ဘယ်သူကပဲ မေးမေး မသိဘူးနဲ့ နားမလည်ဘူးဘဲ ပြောနေ"

ဟု မှာကြားကာ နိုလ်ဝကလေးကို ပြန်လွှတ်လိုက်ပြီးလျှင် ဦးဂွမ်တီသည် လိုအပ်သော ပစ္စည်းပစ္စယလေးများကို ယူငင် သိမ်းဆည်း၍ ၎င်း၏တဲကလေးကို ပိတ်ကာ ထွက်လာခဲ့လေတော့၏။

❖ ❖ ❖

နိုလ်ဝကလေးမှာလည်း အိမ်သို့ ပြန်ရောက်သည့်အခါ၌ ကျူခြေရပင် ကန်စွန်းရွက်များကို နီးဖြင့် စည်း၍ နေလေ၏။ ဂျပန်အလိုတော်ရိ မောင်အောင်နှင့် ဒေါ်သိုင်းမြမှာလည်း မောင်

ဘချစ်ကို ဖမ်းဆီးရန်အတွက် အသေးစိတ် တိုင်ပင်လေ၏။

ဦးငွမ်တီမှာမူ မောင်ဘချစ် အလုပ်လုပ်သော ဂိုဒေါင်သို့ ရောက်ရှိသွားပြီဖြစ်၏။ မောင်ဘချစ်သည် ဦးငွမ်တီကို လှမ်းမြင် လိုက်သည်နှင့် ဂိုဒေါင်များရှိရာ ဝင်းကြီးအတွင်းမှ ထွက်၍ လာပြီးလျှင် ဦးငွမ်တီနှင့် တွေ့ဆုံလေ၏။

"ဘယ်လိုလဲ ဦးငွမ်တီ၊ ဘာကိစ္စလဲ"

ဟု မောင်ဘချစ်က လှမ်း၍ မေးလေ၏။

"ကိစ္စကတော့ အရေးကြီးပြီကွ၊ မင်းကို ဒီနေ့မှာပဲ မော အောင်ဆိုတဲ့ကောင်က ဂျူနီကင်ပေတိုင်တွေနဲ့ပေါင်းပြီး ဖမ်းဖို့ စဉ်နေပြီ၊ ဘယ်လိုပဲဖြစ်ဖြစ် အကွက်ဆင်ပြီး ဖမ်းမှာပဲ၊ ဒီ တော့ နေလို့မဖြစ်တော့ဘူး၊ နေလို့မဖြစ်တော့ဘူးဆိုတာ မင် တစ်ယောက်တည်းတင် မဟုတ်ဘူး၊ ငါပါနေလို့ မဖြစ်တော့ မင်းကို မတွေ့ရင် ဂျူနီက ငါ့ကို ဖမ်းမှာပဲ"

ဟု ဦးငွမ်တီက ပြောလိုက်လေ၏။

မောင်ဘချစ်လည်း အကြံရခက်သည့်မျက်နှာနှင့် ခေါင်းကို တဖြင်းဖြင်း ကုတ်လေ၏။

"ကျုပ်တို့ ထွက်ပြေးရတာ ဟုတ်ပါပြီဗျာ၊ အနှစ်ကိုတော့ ဟို ကောင်က အပိုင်ကြံမှာပဲ"

ဟု စိတ်ပျက်စွာ ပြောလိုက်လေ၏။

"အဲဒီကိစ္စကိုလဲ ငါစဉ်းစားပြီးပါပြီ၊ အနှစ်ကို ထားခဲ့လို့ မရဘူးကွ၊ တစ်ခါတည်းကို ခိုးပြေးမှ ဖြစ်မယ်"

ဟု ဦးငွမ်တီက ပြန်၍ ပြောလျှင် မောင်ဘချစ်က---

"ဒီလိုဆိုရင် အနှစ်ကို ဆောင်ပြီး ခေါ်ရမှာပေါ့၊ အဲဒီလို ဆော





ခေါ်နေတုန်းမှာ ကျုပ်တို့ကို ဖမ်းမယ့်ကောင်တွေက လက်ဦးသွား ရင် ဘယ်နှယ်လုပ်မတုံး"

ဟု မောင်ဘချစ်က ပြောလေ၏။

"အဲဒီအတွက် ငါစဉ်းစားပြီးပါပြီကွ၊ ဒါကြောင့် မင်းဆီကို မလာခင်မှာ ဗဟန်းဈေးထဲကို ဝင်ပြီး အနှစ်ကို ရှာခဲ့တယ်၊ အခု သူ့ကိုပါ တစ်ခါတည်း ခေါ်ခဲ့ပြီကွ၊ ဟောဟိုက ထမင်းကြော်ဆိုင် မှာ ခဏထားခဲ့တယ်၊ မင်းလိုက်ခဲ့ပေတော့"

ဟု ဦးငွမ်တီက ပြောလိုက်ရာ မောင်ဘချစ်က---

"တော်တော် တော်တဲ့ ပေါက်ဖော်ကြီးပဲ၊ အဲဒါက အရေး မကြီးဘူး၊ ကျုပ်တို့သုံးယောက်က ဘယ်ကို ပြေးရမှာတုံး"

ဟု မေးလိုက်ရာ ဦးငွမ်တီက---

"အဲဒါလဲ ငါစဉ်းစားပြီးပါပြီကွ၊ လောလောဆယ်မှာတော့ ဘယ်မြို့ဘယ်ရွာမှာမှ အတည်တကျ နေလို့ မကောင်းဘူးကွ မြစ်ရိုးတစ်လျှောက် ကုန်သည်အဖြစ်နဲ့ အရှန်အဆန် ဆင်းသွား နေတာအကောင်းဆုံးပဲ၊ အခြေအနေကောင်းလာတော့မှ ကောင်း သလို ကြံလုပ်တာပေါ့ကွာ"

ဟု ပြောလိုက်လျှင် မောင်ဘချစ်က---

"ဒါကတော့ဗျာ၊ ဦးငွမ်တီရဲ့ အစီအစဉ်အတိုင်း လိုက်ပြီးလုပ် ရမှာပဲ"

ဟု ပြောဆိုကာ မောင်ဘချစ်သည် ဦးငွမ်တီနှင့် လိုက်ပါလာ ခဲ့လေ၏။ မြနှစ်အားထားခဲ့သော ထမင်းကြော်ဆိုင်သို့ ရောက် သည့်အခါ၌ မြနှစ်သည် မောင်ဘချစ်ကို တွေ့လျှင်တွေ့ချင်း---

"ဘယ်လိုလုပ်ကြမလဲ ကိုကိုချစ်"

ဟု မေးလေ၏။

"ဘယ်လိုလုပ်မလဲဆိုတာ ကိုကိုချစ်လဲ မသိဘူး၊ ဦးထွန်းတီ ပြောတဲ့အတိုင်း လိုက်ပြီး လုပ်ရမှာပဲ၊ ဘာပဲဖြစ်ဖြစ်ဖိလ အနှစ်နဲ့ ကိုကိုချစ်နဲ့ကတော့ ပေါင်းရပါပြီကွာ"

ဟု ပြောလိုက်လေ၏။

ထိုနောက် ၎င်းတို့ သုံးဦးသည် သမ္ဗန်တစ်စီးကို အသုံးပြု၍ မြောင်တိုဘက်ဆီသို့ ခရီးဆက်ကြလေ၏။ မြောင်တိုသို့ ရောက်သောအခါ၌ ဦးထွန်းတီ၏မိတ်ဆွေ ဦးလိပ်နုံးဆိုသော တရုတ်ကြီးတစ်ဦး၏အိမ်၌ ခေတ္တမျှ တည်းခိုကြလေ၏။

ဦးထွန်းတီသည် အဖြစ်အပျက် အလုံးစုံကို ဦးလိပ်နုံးအား ပြောပြလေ၏။ ဦးလိပ်နုံးလည်း ဦးထွန်းတီပြောသမျှကို ဆေးပြင်း လိပ်သောက်ကာ နားထောင်ရင်း အောက်ပါအဓိပ္ပာယ်ရသော စကားကို တရုတ်ဘာသာနှင့်ပင် ပြောဆိုလေသည်။

"ကျုပ်ဆီမှာ လှန်းတင်နေတဲ့ လှေကြီးတစ်စီးရှိတယ်၊ အဲဒီ လှေကြီးက ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် သွားမယ့်လှေကြီးပဲ၊ သန်ဘက်ခါဆိုရင် ရေချမယ်၊ အဲဒီလှေကြီးနဲ့ လိုက်သွားပေတော့၊ အဲဒီလှေကြီးရဲ့ ပိုင်ရှင်ကလဲ ကျုပ်နဲ့ အင်မတန်ခင်ပါတယ်၊ ကျုပ်က ဒီလူသုံးယောက်ကို ခေါ်သွားပါဆိုတာနဲ့ ခေါ်သွားမယ့် လူပဲ"

မောင်ဘချစ်အား ဦးထွန်းတီက တရုတ်ကြီး ဦးလိပ်နုံး ပြောသမျှကို စကားပြန်ဖြင့် ပြန်ပြောလေ၏။ မောင်ဘချစ်လည်း မမြနှစ်၏ မျက်နှာကို လှမ်း၍ ကြည့်လိုက်လေ၏။

"သွားနေရမယ့် ခရီးက သိပ်ကြမ်းတယ်၊ အနှစ်လိုက်လို့





ဖြစ်ပါ့မလား"

ဟု ပြောလိုက်ရာ ဦးထွန်းတီက---

"ဟေ့ကောင်--- ဒီအချိန်မှာ ဒီနည်းပဲ စဉ်းစားရလို့ ဒီလိုလုပ်ရတာ၊ ဒီတော့ အနှစ်တွေ အကာတွေ လုပ်မနေနဲ့ကွာ၊ ဂျပန်လက်ထဲကို ရောက်မသွားအောင်တော့ ဒီလိုပဲ လုပ်ရမှာပဲ"

ဟု ပြောလိုက်လေ၏။ ဤသို့နှင့်ပင် ၎င်းတို့သုံးဦးသည် မြောင်တို ချောင်းနဖူးရှိ ငါးနံ့ပါတ်ရွာကလေး၌ စတင်တည်းခိုနေထိုင်ကြလေတော့၏။

❖ ❖ ❖

ထိုနေ့ည ညစာကို ဦးလိပ်နုံးက နှစ်ရိုးစီစဉ်၍ ကျွေးမွေးလေ၏။ ဦးထွန်းတီအတွက် သက်သတ်လွတ်စီစဉ်လေ၏။ မောင်ဘချစ်နှင့် မမြနှစ်တို့အတွက်မူ အသားဟင်းများ ကောင်းမွန်စွာ ချက်ပြုတ်ကျွေးမွေးလေ၏။ ထမင်းစားသောက်ပြီးသည့်အခါ၌ ဦးထွန်းတီသည် သမ္ဗန်ဆိပ်သို့သွားကာ လေညင်းခံရင်း အပန်းဖြေနေလေ၏။

များမကြာမီ၌ မောင်ဘချစ်နှင့် မမြနှစ်တို့ ရောက်ရှိလာကြပြီးလျှင် ဦးထွန်းတီအနီး၌ထိုင်၍ မောင်ဘချစ်က----

"ရှေ့ရေးအတွက် သိပ်ပြီးပူမိတယ်ဗျာ၊ ရှေ့ရေးအတွက်ဆို တာထက်လေ လှန်းတင်ထားတဲ့ လှေကြီးနဲ့ မလိုက်ရခင်မှာ မောင်အောင်ဆိုတဲ့ကောင်ရဲ့ လက်ချက်နဲ့ ကျုပ်တို့သုံးယောက်လုံး ဖမ်းမိသွားမှာကို တွေးပြီး ပူမိတယ်ဗျာ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးငွမ်တီက---

"ဖမ်းမိသွားရင်တော့ ဂျပန်တွေက ငါတို့ကို ရေနွေးပူနဲ့ ပြောလိမ့်မယ်ကွ၊ ပြီးတော့လဲ လက်သည်းခွံ နှုတ်ကြလိမ့်မယ်၊ ပြီးရင် ထုပ်မှာ ဓောက်ထိုးချပြီး နှိပ်ကြလိမ့်မယ်၊ မသတ်ခင်မှာကို အကျအန ညှဉ်းဆဲကြလိမ့်မယ်ကွ"

ဟု ပြောလိုက်ရာ မမြနှစ်က---.

"အို---"

ဟု ယောင်ယမ်း၍ အော်လိုက်လေ၏။ ဦးငွမ်တီက ဆက်လက်၍---

"ဂျပန်တွေ ငါတို့ကို မိသွားတဲ့အခါ နှိပ်စက်ညှဉ်းပန်းမယ့် အကြောင်းအရာတွေကိုတော့ ကိုယ်လှ နားထောင်ချင်တယ်ဆိုရင် ငါပြောပြပါ့မယ်"

ဟု ဦးငွမ်တီက ပြော၍ မောင်ဘချစ်၏ မျက်နှာကို တစ်ချက် အကဲခတ်လိုက်လေ၏။

"စိတ်မချမ်းသာစရာတွေကို တစ်ညလုံး ဘာဖြစ်လို့ နားထောင်ရမှာလဲ ဦးငွမ်တီရယ်"

ဟု မောင်ဘချစ်က ပြန်၍ ပြောလိုက်လေ၏။

"ဒါဖြင့်ရင် မင်းက စိတ်မချမ်းသာစရာတွေကို ဘာဖြစ်လို့ တွေးနေရတာတုံး၊ တကယ်ကတော့ မောင်အောင်ဆိုတဲ့ ကောင်ကလဲ ငါတို့ကို မဖမ်းမိသေးဘူး၊ ငါတို့ဟာလဲ ဂျပန်စစ်အချုပ်ထဲကို မရောက်သေးဘူး၊ အဲဒါကို အစုကတည်းကတွေးပြီး စိတ်သောက ရောက်နေမယ်ဆိုရင် မတရားသဖြင့် ကိုယ့်စိတ်ကို





ကိုယ် ညှဉ်းဆဲရာရောက်တယ်ကွ၊ နောက်တစ်ခုပြောချင်တာကတော့ ငါ့ရဲ့ အတွေ့အကြုံအရဆိုရင် ကြိုတွေးထားပြီး ဖြစ်နေတဲ့ သောကတွေဟာ တကယ်ဖြစ်မလာတာတွေက များတယ်ကွ၊ အဲဒါကြောင့် ရောက်မလာသေးတဲ့ ဒုက္ခအတွက် တွေးပြီး စိတ်သောက မရောက်သင့်ဘူး၊ ပြီးတော့ ငါတို့ဟာ ထွက်ပြေးမယ်လို့ ကြံထားတယ်၊ မပြေးဖြစ်ခဲ့ရ သူတို့က ဖမ်းမိသွားပြီဆိုပါတော့၊ ငါတို့က ဘာများတတ်နိုင်မှာတုံး၊ အဖမ်းခံရမှာပေါ့၊ သတ်ရင်လဲ ခံရမှာပေါ့ကွ၊ အဲဒီလိုကိုယ်မတတ်နိုင်တဲ့ ကိစ္စမျိုးဆိုရင် စိတ်ကို ငြိမ်ငြိမ်းချမ်းချမ်းနဲ့ အသာလေး လျှော့ထားရမယ်ကွ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ တွေးထားရမယ် မောင်ဘချစ်၊ မင်းကို ငါ သင်ပေးခဲ့တာတွေ များပြီ၊ မင်း ခုထက်ထိတောင် စိတ်ကို ဘယ်လိုထားရမယ်ဆိုတာ နားမလည်သေးဘူး၊ အကောင်းဆုံးကတော့ ကိုလိပ်နုံးရဲ့တဲကို ပြန်သွားပြီး ဖျာကလေးတစ်ချပ်နဲ့ ခေါင်းအုံးကလေးတစ်အုံးယူခဲ့၊ မှောင်မိုက်လာပြီကွ၊ တော်တော်ကြာ လထွက်လာလိမ့်မယ်၊ ချောင်းရေပေါ်မှာ ကျနေတဲ့ လရိပ်ကလေးကို ကြည့်ပြီး အရသာခံကြပါ၊ သွား သွား၊ ငါပြောတဲ့အတိုင်း ဖျာနဲ့ခေါင်းအုံးယူခဲ့ကြ၊ ရေနွေးကြမ်းပါ ယူခဲ့ကွာ၊ လက်ဖက်ခြောက်များများ ထည့်ခဲ့"

ဟု ဦးငွမ်တီက ပြန်၍ပြောလိုက်လေ၏။

မောင်ဘချစ်နှင့် မမြနှစ်တို့လည်း ဦးလိပ်နုံး၏ တဲကလေးဆီသို့ နှစ်ယောက်သားထွက်သွားကြလေ၏။

များမကြာမီ၌ပင် မောင်ဘချစ်နှင့် မမြနှစ်တို့သည် ဖျာများ ခေါင်းအုံးများနှင့် ရေနွေးကြမ်းအိုးသာလျှင် မဟုတ်ဘဲ လက်ဖက်

သုပ်ပန်းကန်သည်ပင် ပါ၍ လာလေတော့၏။

"ဟေ့---မောင်ဘချစ် အဲဒီ သစ်သားတံတားပေါ်မှာ ဖျာခင်းကွ၊ ပြီးရင် မြေပစ်လက်ပစ် တုံးလုံးလုံ့ချလိုက်၊ တုံးလုံးလုံ့တဲ့နေရာမှာလဲ တောင့်တောင့်တင်းတင်းကြီး မဖြစ်စေနဲ့ ပိုးစကာလေးကို ပုံချလိုက်သလို အလိုက်သင့်ကလေး အသာကလေး မင်းခန္ဓာကိုယ်ကို ဖျာပေါ်မှာ လှဲချလိုက်၊ ရှိသမျှ အကြောတွေ အားလုံး လျှော့ချထား၊ မင်းရဲ့စိတ်ထဲမှာလဲ ငါ့ရဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အကြောတွေအားလုံး လျှော့ကျပြီ၊ အထူးသဖြင့် အာရုံကြောတွေပါ လျှော့ကျပြီလို့ မှတ်ယူထားပြီး ငြိမ်ငြိမ်ကလေး မိနစ်နှစ်ဆယ်လောက် နေလိုက်၊ လောကကြီး တစ်ခုလုံးလဲ ဖြစ်ချင်တာဖြစ်ပစေ၊ ငါနဲ့ မပတ်သက်ဘူးလို့ စိတ်ကိုပါ လျှော့ချထားလိုက်ပါ၊ အဲဒီလိုလုပ်လိုက်ရင် မင်းရင်ထဲမှာ ကျုပ်တတ်တတ်ကြီး ဖြစ်နေတာတွေ သက်သာသွားလိမ့်မယ်၊ အဲဒါဟာအမြန်ဆုံး စိတ်ချမ်းသာမှု ဖြစ်စေတဲ့ နည်းပဲကွ၊ ကဲ--- မမြနှစ် ဒီနားကိုလာခဲ့ ဟောဒီမှာ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်ကလေး စားသောက်ပြီး စိတ်ချမ်းသာစရာ ကောင်းတဲ့ လရောင်ကလေးကို ကြည့်နေစမ်း"

ဟုဆိုကာ ဦးဌွမ်တီကြီးသည် နေရာမှ ထ၍ သွားလေတော့၏။

မောင်ဘချစ်လည်း ဦးဌွမ်တီပြောသည့်အတိုင်း ခန္ဓာကိုယ်တစ်ခုလုံးကို ဖြေလျှော့၍ ဖျာပေါ်တွင် ပုံလျက်သာ လှဲလေ၏။ ထို့နောက် ဦးဌွမ်တီပြောသည့်အတိုင်း လောကကြီးတစ်ခုလုံး ဖြစ်ချင်တာ ဖြစ်စမ်းပါစေ၊ ငါက ဘာမှုရမတုန်းဟူသော စိတ်မျိုး





ကို မွေးမြူလျက် နေလေ၏။

မောင်ဘချစ်၏ စိတ်သည် ကြည်နူးသည်ထက် ကြည်နူး၍ လာလေ၏။ ချမ်းမြေ့သည်ထက် ချမ်းမြေ့၍လာလေ၏။ ထို ကြောင့် ဆက်လက်၍ လှဲလျောင်းနေခဲ့ရာ အချိန်မည်မျှ ကြာသည် မသိပေ၊ တယောသံကိုကြားမှပင် မောင်ဘချစ်၏ အာရုံသည် ပြန်လည် နိုးကြားလာလေတော့၏။

ထို့နောက် ဦးဌွမ်တီကို ကြည့်လိုက်ရာ လရောင်အောက်တွင် မွှမ်းမြေ့စွာ တယောထိုးနေသည်ကို တွေ့ရ၏။ တစ်ဖန် မမြနှစ်ကို ကြည့်လိုက်သည့်အခါ၌လည်း တဖြည်းဖြည်းတက်လာသော လမင်းကြီးကို ငေးမောနစ်မျောနေသည်ကို တွေ့ရလေ၏။ ဦးဌွမ်တီသည် တယောထိုးခြင်းကို ရပ်လိုက်ပြီးနောက်---

"ဘယ်လိုလဲ မောင်ဘချစ်၊ ငါပြောတဲ့နည်းဟာ တော်တော် မင်းအတွက် အသုံးဝင်တယ် မဟုတ်လား"

ဟု လှမ်း၍မေးလိုက်လေ၏။ မောင်ဘချစ်လည်း အိပ်နေရာ ထပြီးလျှင်---

"တကယ့်ကို ကောင်းတဲ့နည်းပါပဲ ဦးဌွမ်တီရယ်"

ဟု မောင်ဘချစ်က အားရဝမ်းသာ ပြန်ပြောလေ၏။

"အဲဒါပေါ့ကွ၊ အားတင်းတတ်တဲ့လူက အလကား၊ အားလျှော့တတ်တဲ့လူကမှ ပဏ္ဍိတ်များလို့တောင် ငါက စကားပုံတစ်ခုလောက် ထားချင်တယ်ကွ၊ လောကကြီးကို ရင်ဆိုင်မယ်ဆိုပြီး သွားတွေကြိတ်၊ လက်သီးတွေဆုပ်၊ နဖူးကြောတွေရှုံ့ပြီး မျက်မှောင်ကုတ်ထားတဲ့သူဟာ တကယ်ကတော့ လောကဓံတရားကို သူဟာ ကြာကြာရင်မဆိုင်နိုင်ဘူးကွ၊ အကြောအခြင်တွေလျှော့

ပြီး တွေ့ကြုံသမျှ ပြဿနာတွေကို ဖြစ်ချင်တာ ဖြစ်ပစေ၊ နောက်
ဓိလာနောင်ခါရေးပဲလို့ သဘောထားပြီး ခွန်အားတွေကို နေ
တကျ လျှော့ပစ်တတ်တဲ့လူမှာ လောကဓံတရားကို ကြာရှည်
ရင်ဆိုင်နိုင်တယ်ကွ"

ဦးဝွမ်တီက ပြောလိုက်လေ၏။

မောင်ဘချစ်လည်း စိတ်သက်သာရာ ရသွားပြီဖြစ်သဖြင့်
မမြနှစ်အနီးသို့ ပူးကပ်၍ ထိုင်လိုက်လေ၏။ ထိုအခါ၌ ဦးဝွမ်တီ
သည် အနီးရှိ သမွန်ပေါ်သို့ လှမ်း၍ကူးကာ သမ္ဗန်နောက်ပြင်
ထိုင်လိုက်ပြီးနောက်----

"ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံးသာပ" တေးသွား
တယောဖြင့် ထိုးရင်း တံတားတွင် ချည်ထားသော ကြိုးကို ဖြေ
လိုက်ရာ သမ္ဗန်သည် ချောင်းရေစီးအတိုင်း တရွေ့ရွေ့နှင့် အော
ဘက်သို့ မျောသွားလေတော့၏။

မောင်ဘချစ်က မမြနှစ်၏ မေးကလေးကို လက်ဖြင့် အသာ
အယာကိုင်လိုက်လေ၏။ ထိုအခါ၌ မမြနှစ်သည်---

"အို--ကိုကိုချစ်ကလဲ ဟိုမှာ ဦးဝွမ်တီကြီး"

ဟု ပြောလေ၏။

"ဦးဝွမ်တီကြီး မရှိတော့ပါဘူး အနစ်ရဲ့ သမ္ဗန်ကိုကြိုးဖြုတ်ပြီး
ရေစီးအတိုင်း လိုက်သွားပါပြီ၊ ကိုကိုချစ်ဆရာ ဦးဝွမ်တီက
တကာယ်ကို အလိုက်သိတဲ့ လူကြီးပါကွ"

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။

မမြနှစ်လည်း ချောင်းဆီသို့လှမ်း၍ ကြည့်လိုက်ရာ လရောင်
အောက်တွင် မျောနေသော သမ္ဗန်တစ်စီးနှင့် သမ္ဗန်ပေါ်တွင်





တယောထိုးလျက် အကြောင်းကြားရှာ လိုက်ပါသွားသော
ဦးဝွမ်တီကို တွေ့ရလျှင်----

"ဟုတ်ပါရဲ့ ဦးဝွမ်တီကြီးတစ်ယောက် ဟိုမှာ သမ္ဗန်နဲ့ မျော
လိုက်သွားပြီ၊ သူ့မျော ရေနွေးကြမ်းတောင် မသောက်ရသေး
ဘူး"

ဟု မမြနှစ်က ပြောလိုက်လေ၏။

"ဒီလူကြီးအတွက် မပူနဲ့ အနစ်ရေ၊ ဒီလူကြီးက တစ်ဖက်
သားကို ကူညီရရင် ပျော်နေတဲ့ လူကြီးကွ"

ဟု ပြောဆိုကာ မမြနှစ်၏ ကိုယ်လုံးကလေးအား မောင်ဘ
ချစ်က သိမ်း၍ဖက်လိုက်ရာ မမြနှစ်သည် မောင်ဘချစ်၏ ရင်ခွင်
တွင်းသို့ ရွေ့နှဲ့ ပါလာလေတော့၏။

ဦးဝွမ်တီကြီး၏ တယောသံကား ဝေးသည်ထက် ဝေး၍
သွားလေတော့သတည်း။

ချစ်စွာသော စာဖတ်သူများ ခင်ဗျား၊ အကယ်၍ များ အကြောင်းမသင့်၍ စိတ်အိုက်ဖွယ်ရာ ပြဿနာများနှင့် ကြုံတွေ့လာပါက ဦးလွမ်တီ၏ နည်းအတိုင်း ခန္ဓာကိုယ်တစ်ခုလုံးရှိ အကြော အခြင်များကို လျှော့ချပြီးလျှင်လဲလျောင်း၍ အနား ယူပစ်လိုက်ပါ။ စိတ်၌လည်း "ဖြစ်ချင်ရာဖြစ်ပစေ တော့၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ" ဟု သဘောထားပစ်လိုက်စမ်းပါ၊ အကျွန်ုပ်တို့ အနေနှင့် ကြီးကြီးကျယ်ကျယ် ဒုက္ခ ဖြစ်လိမ့်မည် ဟု တွေးထင်ခဲ့သော အရာများမှာ အမှန်တကယ်၌ တွေးထားသည်လောက် တကယ်တွေ့ရသော ဒုက္ခ သည် ကြီးမားခြင်း မရှိကြောင်း မကြာခဏ တွေ့ ရတတ်ပါသည်။ ကျွန်ုပ်၏ ချစ်စွာသော စာဖတ် သူများ ဦးလွမ်တီ၏ နည်းကို အသုံးပြု၍ စိတ်၏ ငြိမ်းအေးခြင်းကို ရရှိနိုင်ကြပါစေသော်။

(စာရေးသူ)

❖ ❖ ❖

ဇာတ်သိမ်း

# ဦးလွမ်တီတို့ ပြန်ခဲ့ကြပြီ

မောင်ဘချစ်တို့ ခနောင်တိုသို့ ရောက်ရှိပြီး နှစ်ရက်မြောက် သောနေ့၌ ဦးလွမ်တီ၏ မိတ်ဆွေတရုတ်ကြီး ဦးလိပ်နုံမှာ လွှမ်း င်ထားသော လှေကြီးမှ လူများရောက်ရှိမလာသဖြင့် ချောင်း ကမ်းနဖူးမှ မျှော်ကာ ကြည့်ရှုနေလေ၏။

ဦးလွမ်တီမှာမူ ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် မော့၍ နေလေ၏။ မမြနှစ်ကလည်း မောင်ဘချစ်နှင့် ဦးလွမ်တီ၏မျက်နှာ ကို မကြာမကြာ လှမ်း၍ ကြည့်နေလေ၏။ မောင်ဘချစ်ကမူ ဦးလွမ်တီအား အကဲခတ်၍ နေလေ၏။ ထိုအခါ၌ ဦးလွမ်တီက---

"ငါတို့ ရန်ကုန်ပြန်ရတော့မယ်ကွာ"

ဟု ပြောလေ၏။

"ရန်ကုန်ပြန်ရင် ကျုပ်တို့ရဲ့ သေမင်း မောင်အောင်က ကျုပ် တို့ သုံးယောက်စလုံးကို ဂျပန်လက်ထဲ အပ်လိုက်မှာပေါ့"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဒီလို မဟုတ်ဘူးကွ၊ ငါကိုတော့ အကောင်းဘက်ကိုချည်း ကြည့်တတ်တဲ့ တရုတ်ကြီးလို့ အပြစ်မတင်ကြနဲ့ကွ၊ ငါ့စိတ်ထဲ အားလုံး အေးအေးချမ်းချမ်းကြီး ဖြစ်သွားပြီလို့ ထင်နေတယ်ကွ"

ဟု ဦးဠွမ်တီက ပြောလေ၏။

"ဘာကြောင့်ထင်နေရတာတုံး ဦးဠွမ်တီ"

ဟု မောင်ဘချစ်က ပြန်၍ မေးလေ၏။

"ထင်စရာက နှစ်မျိုးပဲ ရှိတယ်ကွ၊ မောင်အောင်ဆိုတဲ့ကော နဲ့ ဂျုပ်နံတွေနဲ့ ငါတို့ဆီရောက်လာပြီး ငါတို့သုံးယောက်စလုံး ဖမ်းတော့မယ်လို့လဲ ထင်နိုင်တယ်ကွာ၊ ဒီထင်နည်းက အဆိုး ဘက်ကို မျက်နှာလှည့်ထားတဲ့ ထင်နည်းကွ၊ နောက်တစ်မျိုး ထင် နိုင်သေးတာက မောင်အောင်နဲ့ ဂျုပ်နံတွေဟာ ငါတို့ဆီ လိုက် မလာတော့ဘူး၊ မောင်အောင့်ကိုလဲ ဂျုပ်နံတွေက မယုံတော့ဘူး၊ မောင်အောင်ပြောသမျှကို ဂျုပ်နံတွေက မယုံတော့ဘူးပေါ့ကွာ၊ အဲဒီတော့ ငါတို့အတွက် အန္တရာယ် မရှိတော့ဘူး၊ ရန်ကုန်ကို ပြန် ချင်ပြန်လို့ရပြီလို့ ထင်ချင်လဲ ထင်လို့ရတယ်ကွ၊ ထင်တယ်ဆို တာ ပိုက်ဆံပေးရတာမှ မဟုတ်တာ၊ ကိုယ်ထင်ရင် ထင်လို့ရ တယ်ကွ၊ အဲဒီတော့ အလကားထင်ရတာချင်း အတူတူ ငါက တော့ စိတ်ချမ်းသာစရာကိုပဲ ထင်တတ်လေတော့ မကြာခင် ရန်ကုန်ပြန်ရတော့မယ်လို့ ထင်တယ်ကွာ"

ဟု ဦးဠွမ်တီက ပြောလိုက်ရာ မောင်ဘချစ်က---

"ဦးဠွမ်တီထင်တဲ့အတိုင်း ဖြစ်လာရင်တော့ သိပ်ကို ကောင်း ပါ့ဗျာ"

ဟု ပြောလိုက်လေ၏။





ထိုအချိန်၌ပင် သမ္ဗန်တစ်စီးသည် ဦးလိပ်ဖုံး၏အိမ်ရှေ့ သစ် တုံးတံတားကလေးဆီသို့ လာရောက်ဆိုက်ကပ်လေ၏။ သမ္ဗန် မှလည်း လူသုံးယောက် ဆင်း၍ လာလေ၏။ ဦးလိပ်ဖုံးသည် လူတို့ကို မြင်လျှင်---

"ဘယ်လိုလဲဗျ၊ ခင်ဗျားတို့ကလဲ နောက်ကျလှချည်လား၊ ခင် ဗျားတို့ မနေ့က ရောက်လာမှ လှေကြီးကို ရေချရမှာ မဟုတ် လားဗျ"

ဟုပြောရာ သမ္ဗန်ပေါ်မှ ဆင်းလာသောသူက---

"ခင်ဗျား အပြစ်တင်ရင်လဲ ခံရမှာပဲ ဦးလိပ်ဖုံးရေ၊ ကျုပ်တို့နဲ့ တူ ဟောဒီစက်လှေကြီးကို ရယ်ယားအလုပ်လုပ်ကြတဲ့ ကို အောင်ဆိုတဲ့လူပေါ့၊ တစ်နေ့က အသတ်ခံရတယ်ဗျ၊ သူက ဂျုပ် နယ်တော်လေဗျာ"

ဟု ပြောလိုက်ရာ မောင်ဘချစ်တို့ သုံးဦးသည် မျက်လုံးပြူး သွားလေ၏။ မိမိတို့ စီးနင်းလိုက်ပါမည့် လှေကြီးမှာ မောင် အောင်၏ လှေကြီးဖြစ်ကြောင်း သိရလေတော့၏။

ထိုအခါ၌ ဦးလိပ်ဖုံးက---

"သူ့ကို ဘယ်သူသတ်တာတုံး"

ဟု မေးလေ၏။

"ဂျုပ်နံစစ်ဗိုလ်က ခြောက်လုံးပြူးနဲ့ ပစ်ချလိုက်တာဗျ၊ ခက် တာက ဒီလိုဗျ၊ ကိုအောင်က အဲဒီဂျုပ်နံစစ်ဗိုလ်နဲ့တော့ အတော် ရင်းနှီးပါတယ်၊ ဘယ်လိုဖြစ်တယ်တော့ မသိဘူးဗျ၊ အဲဒီနေ့က နက် ဘယ်မှာရှိလောက်မှာ ဂျုပ်နံစစ်ဗိုလ်ရဲ့အခန်းကို ကိုအောင် က ရောက်သွားပြီး ခြောက်လုံးပြူးသေနတ်ကို သူ့ရဲ့ လွယ်အိတ်

ထဲကို အမှတ်တမဲ့ ကောက်ထည့်လိုက်တယ်၊ အဲဒီအချိန်မှာ စစ်ဗိုလ်က ရေချိုးနေတုန်းဗျ၊ ဂျပန်စစ်ဗိုလ်လဲ ရေချိုးက ပြန် ရော အဝတ်အစား မလဲခင်မှာ သူခေါင်းအုံးအောက်က သေ ကို အရင်လှန်ကြည့်တယ်ဗျ၊ သေနတ်လဲ မတွေ့ရော ကိုအေ ပန်းက လွယ်အိတ်ကို ဂျပန်စစ်ဗိုလ်က ဆတ်ခနဲ ဆွဲလှုပ်ပြီး ကို နှိုက်ကြည့်တယ်၊ သူ့ရဲ့ ခြောက်လုံးပြူးကို တွေ့တာပေါ့ အဲဒီအခါမှာ ဘာပြောကောင်းမတုန်း သူနိုးသူနိုး ဒေါသတော သဘောဆိုပြီး ကိုအောင်ပန်းကို နှိုက်လိုက်တာများဗျာ၊ သေ မြင်ရတဲ့လူတွေ ပြောပြတာတောင် သွေးပျက်စရာပါပဲဗျာ၊ လို ကျေနပ်လောက်အောင် နှိုက်ပြီးမှ ကိုဂျပန် စစ်ဗိုလ် သေနတ်နဲ့ ဒိုင်းခနဲ ပစ်သတ်လိုက်တာဗျ"

ဟု ထိုသူက ပြောပြလိုက်လေ၏။

"ကျုပ်တို့လဲ ကိုအောင်နဲ့ စီးပွားရေး အတူတူလုပ်ထားတ ဆိုတာတောင် ဂျပန်မသိအောင် အသာကလေး လျှို့နေကြ တယ်၊ ဂျပန်စစ်ဗိုလ်ကဆိုရင် ကိုအောင်နဲ့ပတ်သက်တဲ့ လူ သမျှကို လိုက်ရှာပြီး ဖမ်းတော့တာပဲဗျို့၊ ငါးထပ်ကြီးနားက ခင်းလုပ်တဲ့ အဒေါ်ကြီးဆိုရင် ဘာမှလဲ ပတ်သက်တာ မဟု ဘူး၊ ကိုအောင်က အဲဒီမှာ မြဲထွက် ဟင်းသီးဟင်းရွက်တွေ ဝ ဖူးတာပဲ ရှိတယ်၊ အဲဒီအဒေါ်ကြီးကို ဂျပန်စစ်ဗိုလ်က သတ အကြောင်းနဲ့ ရှာသွားပြီး ကိုအောင့်ဓာတ်ပုံကို အဒေါ်ကြီးကို တယ်၊ ပြီးတော့ သိသလားလို့ မေးတယ်၊ အဒေါ်ကြီးက သူ့ဆီမှာ ဟင်းသီးဟင်းရွက် ဝယ်ဖူးတယ်ဆိုတော့ သိပါတ မောင်အောင်ပါလို့ ပြောလဲပြောရော ဘာပြောကောင်းမလဲ ဂျ





စစ်ဗိုလ်က အဲဒီအဒေါ်ကြီးကို ပါးရိုက်တော့တာပဲ၊ နောက်တစ်ခါ သိသလားလို့ မေးပြန်ရော၊ အဒေါ်ကြီးကလဲ ယောင်ပြီး သိပါ တယ်လို့ ဖြေတာပဲဗျို့၊ အဲဒီတော့ ဂျပန်စစ်ဗိုလ်က ကိုအောင့် ဓာတ်ပုံကို လက်ညှိုးထိုးပြီး မောင်အောင်ဒေါသတော သူနိုးသူနိုး လို့ဆိုပြီး အဒေါ်ကြီးကို ပါးရိုက်ပြန်ပါလေရောဗျို့၊ အဲဒီတော့ ဂျပန်စကားပြန်တစ်ယောက်က အဒေါ်ကြီး ဒီကောင့်ကို သိတယ် လို့ ပြောမနေနဲ့ သိတယ်လို့ပြောရင် ခင်ဗျားသေလိမ့်မယ်၊ ဒီကောင့်ကို စစ်ဗိုလ်က သတ်ပစ်လိုက်ပြီ၊ ခင်ဗျားက ဘာဆိုင်လို့ သိတယ်လို့ ပြောနေရတာတုံး၊ သေချင်လို့လားလို့ ဝင်ပြီး ပေါက်တော့မှ အဲဒီအဒေါ်ကြီးကလဲ ကြောက်ကြောက်လန့်လန့် နဲ့ မသိရပါဘူးတော်၊ မသိပါဘူးလို့ ပြောတော့တယ်၊ အဲဒီတော့ မှပဲ ကိုရွှေဂျပန်စစ်ဗိုလ်လဲ စိတ်ကျေနပ်ပြီး ပြန်သွားတော့တယ်၊ ကဲ--- ကျုပ်တို့လဲ ခြောက်နံပါတ်ရွာဘက်ကို သွားလိုက်ဦးမယ် လေ့ကြီးကိုတော့ သန့်ဘက်ခါကျမှပဲ ရေချူတော့မယ်"

ဟု ပြောဆိုကာ ထိုသူတို့သည် ငှင်းတို့၏ သမ္ဗန်ပေါ်သို့ ပြန်၍ တက်သွားလေတော့၏။

မောင်ဘချစ်သည် ဦးဝွမ်တီကို လှမ်း၍ ကြည့်လိုက်လေ၏၊ ဦးဝွမ်တီက နေရာ၌ မရှိတော့ပေ။ ထို့ကြောင့်---

"ဦးဝွမ်တီ ဘယ်ရောက်သွားပါလိမ့်"

ဟု ပြောမိလေ၏။ မဖြူနှစ်ကလည်း---

"ဟုတ်ပါရဲ့ ဦးဝွမ်တီတစ်ယောက် ဘယ်ရောက်သွားပါလိမ့်"

ဟု မေးရင်း ဟိုကြည့်သည်ကြည့် လုပ်လေ၏။ များမကြာ မီ၌ပင် ဦးဝွမ်တီသည် ငှင်းရွာအတွင်းမှ ဝါးဖက်ဦးထုပ် ဆောင်း

ထားသော သမ္မန်ဆရာတစ်ဦးနှင့်အတူ ပြန်လည်ရောက်ရှိလာပြီးလျှင် မောင်ဘချစ်နှင့် မမြနှစ်တို့အား---

"ဟန်းနီးမွန်းထွက်တာ တော်လောက်ပြီ၊ ရန်ကုန်ပြန်မယ်။ ဟောဒီမှာ သမ္မန်ဆရာ ခေါ်လာခဲ့ပြီ၊ သူ့နာမည်က ကိုသောင်းစိန်တဲ့၊ သမ္မန်စတ် သိပ်ကောင်းတာပဲ၊ ရန်ကုန်ကို စောစောလေး ရောက်သွားမယ်"

ဟု ပြောလိုက်လေ၏။

ထို့ကြောင့် မောင်ဘချစ်နှင့် မမြနှစ်တို့လည်း ဦးလိပ်နှံ့၏ မိသားစုအား နှုတ်ဆက်ကာ ကိုသောင်းစိန်၏ သမ္မန်ဆီသို့ ဆင်းကြလေတော့၏။ ဦးဌွမ်တီလည်း ဦးလိပ်နှံ့အား တရုတ်လို နှုတ်ဆက်ပြောဆို၍ သမ္မန်ဆီသို့ သွားလေတော့၏။ ဦးဌွမ်တီ သမ္မန်ပေါ်သို့ ရောက်သည့်အခါ၌ သမ္မန်သမား ကိုသောင်းစိန်က စတ်ကွင်းပြင်လေတော့၏။

"ကဲ--- ကိုသောင်းစိန်ရေ၊ ဒြပ်သတင်းအစဉ်ကြားရအောင် စတ်ကွင်းပြင်ထားပြီး မရပ်မြင်းရယ်အလား အသော့ကလေး နှင်လိုက်ပေတော့ဗျို့"

ဟု ဦးဌွမ်တီက ဆိုင်းဆင့်ဆိုသကဲ့သို့ ဆိုလိုက်လေ၏။

သမ္မန်သမား ကိုသောင်းစိန်လည်း---

"ကျွိကြွ ကျွိကြွ ကျွိကြွ"

နှင့် စတ် လှော်ခတ်လေတော့၏။

မမြနှစ်၏ မျက်နှာမှာ ပြုံးရွှင်လန်းဆတ်၍ နေလေ၏။ မောင်ဘချစ်၏ မျက်နှာမှာလည်း ဝင်းလဲ့၍ နေလေ၏။ ထို့ကြောင့် ဦးဌွမ်တီက---



"ဟော့ မောင်ဘချစ်၊ မင်းဆီကိုလာမယ့် ဒုက္ခတွေဟာ မင်းထင်သလို မဟုတ်ပါဘူးကွ၊ မနေ့ကညအထိ မင်းဟာ စိတ်ဒုက္ခရောက်ခဲ့ရတယ်၊ ခုပေမယ့် တကယ့်တကယ်ကျတော့ ဒုက္ခဆိုတဲ့ကောင်ဟာ ငါတို့နဲ့ သိပ်ပြီး မျက်နှာကြော တည့်ပုံမရဘူးကွ၊ ငါ့ဆီ မလာဘဲနဲ့ မောင်အောင်ဘက်ကို လှည့်သွားတော့တာပဲ ဟား--ဟား--ဟား--"

ဟု ပြောဆို ရယ်မောလိုက်လေ၏။

"အဲဒါက အရေးမကြီးဘူး ဦးဌွမ်တီ၊ ကျုပ်တို့က အိမ်ကိုတန်းပြီး သွားလို့ ကောင်းပါ့မလား၊ တော်တော်ကြာ အဘွားကြီးက တစ်မျိုးတစ်မည် လုပ်နေဦးမယ်ဗျ"

ဟု ပြောလိုက်ရာ ဦးဌွမ်တီက---

"မင်းယောက္ခမကြီးလား မကြောက်ပါနဲ့ကွာ၊ သူ့ အကြောင်ကြောင်လုပ်ရင် မောင်အောင့်ကို သိသလားလို့ မေးလိုက်ရုံပဲကွ အဘွားကြီး ငြိမ်သွားမှာပါဗျာ"

ဟု ဦးဌွမ်တီက ပြောလိုက်ရာ မောင်ဘချစ်က ---

"ခင်ဗျားပြောသလိုလုပ်လို့ ငြိမ်ရင်ငြိမ်ပေါ့ဗျာ၊ မငြိမ်ရင်တော့ ကျုပ်ယောက္ခမကြီးကို ခင်ဗျားနဲ့ကို ပေးစားရမှာပဲ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးဌွမ်တီက---

"မင်းကို ငါတစ်သက်လုံး စောင့်ရှောက်လာတဲ့အတွက် ဒီနည်းနဲ့ ကျေးဇူးဆပ်တာလား၊ အေးအေးပဲနေပါ ကိုယ့်လူရယ်၊ မိန်းမကြီးကိုတော့ မယူပါရစေနဲ့"

ဟု ဦးဌွမ်တီက ပြောလိုက်ရာ မမြနှစ်က---

"အိမ်ကျရင်တော့ ဦးဌွမ်တီက ဒီလိုပဲပြောတယ်လို့ အမေ့ကို

တိုင်ရမှာပဲ"

ဟု ပြောလေ၏။

"မလုပ်ပါနဲ့ သူငယ်မရယ်၊ သူ့သမီးကိုပိုပြီး ဘချစ်လက် ကို ထည့်လိုက်တဲ့အပြစ်က တစ်ပြစ်၊ သူ့မကောင်းကြောင်း ကွယ်ရာမှာ ပြောတာကတစ်ပြစ် အပြစ်ကြီးနှစ်ပြစ်နဲ့ ကျုပ် အရေးယူနေပါဦးမယ်"

ဟု ဦးငွမ်တီက ပြောလိုက်ရာ သမ္မန်သမား ကိုသောင်းစိန် က---

"ဘယ်လိုလဲ ပေါက်ဖော်ကြီး၊ ခင်ဗျားက အပြစ်ကို တော် တော် ကြောက်ပုံရတယ်"

ဟု သမ္မန်ခတ်ရင်း လှမ်း၍ မေးလိုက်လေ၏။

"ဘာလဲ အပြစ်လား၊ အပြစ်ကိုကြောက်လို့ ကျုပ် ဆန်ပွတ်ပွတ်ရင်တောင် ပျစ်ပျစ်မကျိုဘူးဗျ၊ ခပ်ကျဲကျဲပဲ ကျို ကိုသောင်းစိန်၊ ကဲ ကဲ--- ချောင်းကွေတော့ ကျော်ပြီ ချောင်းကွေကျော်မှာ ကောင်းသရွေ့မျှော်ရအောင်၊ ကိုသောင်းစိန် ရဲ့ မျှော်မျှော်ကြီး ခတ်လိုက်စမ်းပါဦး"

ဟု ဦးငွမ်တီက နောက်ရွှတ်ရွှတ် ပြန်၍ ပြောလိုက်လေ၏။ သမ္မန်ဆရာ ကိုသောင်းစိန်လည်း---

"ကျို့ကြောက် ကျို့ကြောက်"

နှင့်ခတ်လေတော့၏။

မမြနှစ်ကမူ မောင်ဘချစ်၏ ပခုံးကို ခေါင်းကလေးဖြ အသာမှီ၍ ထားလေ၏။ မမြနှစ်၏ ဆံပင်ကလေးများသည် လေ ၌ ဝှေ့ယမ်း၍ နေလေ၏။ ထိုအခါ သမ္မန်ဦးတွင် ထိုင်လျက် လိုက်





ပါလာသော ဦးငွမ်တီ၏ ငွေရောင်သမ်းနေပြီဖြစ်သော မုတ်ဆိတ်မွေးတို့သည်လည်း ဟိုမှသည်မှ လွင့်ရားဆော့ကစားနေလေတော့သတည်း။

❖ ❖ ❖

## ဦးလွမ်းတီ၏ ခေါက်ဆွဲလှည်းကြီး အသုံးဝင်ပြီ

ဤသို့နှင့်ပင် မောင်ဘချစ်တို့ သုံးဦးသားသည် ဦးလွမ်းတီ၏ အိမ်သို့ ရောက်ရှိခဲ့ကြလေ၏။ အိမ်သို့ ရောက်သောအခါ၌ ဦးလွမ်းတီက ဒေါ်သိုင်းမြို့အိမ်သို့ ကူးသွားပြီးလျှင် ဒေါ်သိုင်းမြို့အား---

"ဒေါ်သိုင်းမြို့ရေ--- ကလေးနှစ်ယောက်တော့ ပြန်ရောက်လာကြပြီဗျို့"

ဟု ပြောလိုက်ရာ ဒေါ်သိုင်းမြို့က---

"ကလေးနှစ်ယောက်တင် ကမလား၊ ရှင်ပါ အတူတူ ပြန်ရောက်လာကြတာ မဟုတ်လား ပေါက်ဖော်ကြီးရဲ့"

ဟု ပြန်၍ ပြောရလေ၏။

"ဒါတွေ ထားပါလေ၊ ဘယ်လိုစီစဉ်မလဲဆိုတာသာ ပြောပါ ဒေါ်သိုင်းမြို့၊ ခင်ဗျားလက်ခံမယ်ဆိုရင်တော့ ပြန်အပ်ရမှာပဲ၊ ဒီလိုမှ လက်မခံဘူးဆိုရင်လဲ ကျုပ်အိမ်မှာပဲ ထားရမှာပဲ"

ဟု ဦးလွမ်းတီက ပြောလိုက်လေ၏။





"ဒီလိုတော့ လက်ခံလို့ရမလားရှင့်၊ မိသားဘသားလိုပဲ မင်္ဂလာကလေးဘာလေး ဆောင်ဦးမှပေါ့တော်"

ဟု ပြန်၍ပြောလေ၏။

"မင်္ဂလာဆောင်မယ်ဆိုရင် ခင်ဗျားအနေနဲ့သိပ်ပြီး ပိုက်ဆံတွေ ကုန်မှာပေါ့၊ ဒီအတိုင်းပဲ လက်ခံလိုက်ရင် ပြီးရောပေါ့ဗျာ"

ဟု ဦးလွမ်းတီက ပြောရာ ဒေါ်သိုင်းမြို့က ရင်ဘတ်ကိုထု၍--

"အောင်မယ်လေးတော်---" မိန်းကလေးရှင်ဘက်က ကုန်ရမတဲ့၊ ကြားပဲ မကြားဖူးပေါင်တော်၊ ထုံးစံကို မလျှက်ပါနဲ့ ပေါက်ဖော်ကြီးရယ်"

ဟု ပြောလေ၏။

"ကျုပ်ကလဲ ထုံးစံမလျှက်ချင်ပါဘူး"

ဟု ဦးလွမ်းတီက ပြန်၍ ပြောလေ၏။

"ထုံးစံမလျှက်ချင်ရင် ရှင်တို့ဘက်က အကုန်ခံပေါ့"

ဟု ဒေါ်သိုင်းမြို့က ပြောလေ၏။

"ထုံးစံမလျှက်ချင်လို့ကို ကျုပ်တို့က အကုန်မခံတာဘဲ ဒေါ်သိုင်းမြို့ရေ၊ ကျုပ်တို့လို တရုတ်ထုံးစံမှာက မိန်းကလေးဘက်က အကုန်ခံရတာဗျ ဒေါ်သိုင်းမြို့ရဲ့"

ဟု ဦးလွမ်းတီက ပြောလေ၏။

"မြန်မာထုံးစံကတော့ ယောကျ်ားလေးဘက်က ကုန်ရတာ ပေါက်ဖော်ကြီးရဲ့"

ဟု ဒေါ်သိုင်းမြို့က ပြောလေ၏။

"အဲဒါက်တာပေါ့ ဒေါ်သိုင်းမြို့ရယ်၊ ထုံးစံဆိုတဲ့စကားမှာ ခင်ဗျားပဲ ကျုပ်ကို မတုဘူးလေ၊ အဲဒီတော့ ကျုပ်တို့ထုံးစံ ရှိကဲ့

အတိုင်း ပြောရဦးမယ်၊ အစုလိုက်လာပြီးနားဖောက်တဲ့ အခါမှာကို ကျုပ်တို့ထုံးစံက သတို့သမီးအမေရဲ့ ကျောကုန်းကို သတို့သား အမေက ဖနောင့်နဲ့ ပေါက်ပြီးမှ ပြန်ရတဲ့ထုံးစံရှိတယ်ဗျ၊ နောက် တစ်ခုက ကျုပ်တို့ထုံးစံရှိသေးတယ်၊ ကျုပ်တို့ဘက်က သတို့သမီး ဘက်ကို အလျှော့ပေးပြီး လိုက်လုပ်ခဲ့ရလို့ရှိရင် လုပ်နိုင်ပါတယ်၊ ဒါပေမယ့် မင်္ဂလာဆောင်တဲ့အခါမှာ လူစုံမှကို သတို့သမီးရဲ့အမေ ကို သတို့သားအမေက ကွင်းတစ်ပတ် ကုန်းပိုးစီးရတယ်ဗျ၊ ပြီး တော့ သတို့သားကနေပြီး သတို့သမီးအမေကို ရေနွေးနဲ့ ပက်ရ တဲ့ ထုံးစံကလဲ ရှိသေးတယ်ဗျ"

ဟု ဦးဝှမ်တီက ပြောရာ ဒေါ်သိုင်းမြက---

"ကျုပ်ဖြင့် တစ်ခါမှ မကြားဖူးပါဘူးတော်၊ ရှင့်တရုတ်ကလဲ ဘယ်လိုတရုတ်တုံး"

ဟု ဒေါ်သိုင်းမြက မေးလေ၏။

"အဲဒါပြောတာပေါ့ဗျ၊ ကျုပ်တို့က တခြားတရုတ်နဲ့ မတူဘူး ဒေါ်သိုင်းမြ၊ အလွန်ထုံးကြားဖူးလှ အကျိုးရှည်တရုတ်၊ အကျိုးတို တရုတ် ဒါပဲ မဟုတ်လား၊ ကျုပ်တို့လူမျိုးက အဲဒီအထဲမှာ မပါဘူး ဗျ၊ လူမျိုးသတ်သတ် ဖြစ်နေတယ်၊ ကျုပ်တို့လူမျိုး နာမည်က ကမ်းစီးကမ်းဆတ်လို့ ခေါ်တယ်"

ဟု ဦးဝှမ်တီက ဒေါ်သိုင်းမြအား အတည်ပေါက်နှင့် လှိမ့်ရာ ဒေါ်သိုင်းမြမှာ စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကုတ်လေတော့၏။ ထိုအခါ ဦးဝှမ်တီက---

"ကဲ--- ကဲ--- ကဲ၊ ဘယ်လို စိတ်ညစ်ကြမလဲ၊ မြန်မြန်စဉ်း စား၊ ကျုပ်လဲပဲ ကျုပ်မိတ်ဆွေကို အကြောင်းကြားရဦးမယ်၊





ကျုပ်မိတ်ဆွေဆိုတာ တခြားလူ မဟုတ်ပါဘူး၊ ခင်ဗျားအိမ်မှာ ကြာကြာလာနေတဲ့ မောင်အောင်ရဲ့ဦးလေးပါ"

ဟု ပြောလိုက်ရာ ဒေါ်သိုင်းမြသည် လွန်စွာကြောက်လန့် သော အမူအရာနှင့်---

"မခေါ်ခဲ့ပါနဲ့ ပေါက်ဖော်ကြီးရယ်၊ မခေါ်ခဲ့ပါနဲ့၊ မောင်အောင် ဆိုတဲ့ အကြောင်းလဲ ဒီအိမ်ပေါ်မှာ မပြောပါနဲ့ အူတွေ အသည်း တွေ တုန်လို့ပါ"

ဟု ပြောရာလေ၏။

"ကိုင်း--- ဒီလိုဆိုရင် ဘယ်လိုလုပ်မှာတုံး၊ ကျုပ်တို့ ကမ်းစီး ကမ်းဆတ် တရုတ်လူမျိုးကတော့ မြန်မြန်လုပ်ရတယ်၊ မင်္ဂလာ ဆောင်မှာဆိုရင်လဲ မြန်မြန်ဆောင်ရတယ်၊ မဆောင်ဘူးဆိုရင် လဲ မိန်းကလေးနဲ့ ယောကျ်ားလေးကို မြန်မြန်ခိုးရတယ်၊ အဲဒီလို လုပ်ခဲ့ရင် သတို့သားအမေက သတို့သမီးရဲ့အမေကို တစ်နှစ် လုံး စိတ်အနှောင့်အယှက်ဖြစ်အောင် ပြန်ပြီးလုပ်ရတဲ့ ထုံးစံရှိ တယ်ဗျ"

ဟု ပြောလိုက်ရာ ဒေါ်သိုင်းမြက---

"ရှင်တို့လူမျိုး ထုံးစံက တယ်ပြီး နေရာကျပါလား၊ ရှင်တို့ ဘက်က အသာကြီးပဲ"

ဟု ပြောလိုက်ရာ ဦးဝှမ်တီက သဘောကျလွန်း၍ တခစ်ခစ် ရယ်မောလေ၏။

"အလကားပြောတာပါ ဒေါ်သိုင်းမြရယ်၊ ခေတ်ကာလကြီး ကလဲ မကောင်းဘူးဗျာ၊ မင်္ဂလာဆောင်ကိုလဲ အကြီးအကျယ် ကြီးကျင်းပနေပါနဲ့ အခန်းပတ်ဝန်းကျင်မှာရှိတဲ့ လူကလေး နည်း

နည်းပါးပါးကို အသိအမှတ်ပြုအောင် ဆန်ပြုတ်ကလေး ဆီချက်ခေါက်ဆွဲကလေး ခေါ်ပြီးကျွေးကြတာပေါ့ဗျာ၊ ပြီးတော့ ခင်ဗျားတို့အိမ်မှာက မားမားမတ်မတ်ရပ်ဖို့ ယောက်ျားမှ မရှိတာ။ မောင်ဘချစ်လို လူတစ်ယောက် ခင်ဗျားအိမ်ကို ရောက်လာတယ်ဆိုတာ ဒီဝိစံတပ်ကြီး တစ်တပ်လောက်ကို အားကိုးရမှာနော်၊ ပြီးတော့ သမက်ဆိုတာ သားတစ်ယောက်လို မက်မောရတဲ့လူမျိုးသဘောရတယ်ဗျ၊ စိတ်ကူးမလွဲပါနဲ့ ဒေါ်သိုင်းမြှရယ်"

ဟု ဦးဝွမ်တီက ခပ်ရှေးရှေး ပြောလိုက်ရာ ဒေါ်သိုင်းမြှလည်း---

"ကဲပါ တရုတ်ကြီးရယ်၊ ခေါ်သာခေါ်ချိပြီး အကျဉ်းရုံးစီမံတော့"

ဟု ပြောလေ၏။

"ကဲ--- ဒီလိုဆိုရင်တော့ မနက်ဖြန်ခါကို ဒီအနီးအနားမှာရှိတဲ့ လူတွေကို ဖိတ်လိုက်မယ်၊ ကျုပ်က ဆီချက်ခေါက်ဆွဲကျွေးမယ်၊ အဲဒီတော့မှပဲ သတို့သမီးနဲ့ သတို့သားကို ခင်ဗျားအိမ်ကို ခေါ်လာခဲ့တော့မယ်ဗျာ"

ဟု ဆိုကာ ဦးဝွမ်တီလည်း ၎င်းတဲကလေးဆီသို့ ပြန်လာလေ၏။ ဦးဝွမ်တီတဲ၌ကား ဗိုလ်တကလေးပါ ရောက်ရှိနေပြီဖြစ်၏။ ဦးဝွမ်တီသည် မောင်ဘချစ်ကို မြင်လျှင်မြင်ချင်း ဒေါ်သိုင်းမြှနှင့် ပြောခဲ့သမျှကို လုံးစေ့ပတ်စေ့ ဖောက်သည်ချလေ၏။ မောင်ဘချစ်နှင့် မပြုံနစ်တို့လည်း ဦးဝွမ်တီပြောသမျှကို နားထောင်ရင်း တဟားဟားနှင့် ရယ်မောကြလေတော့၏။

ထိုနောက် ဦးဝွမ်တီက ညှိညှိုအပ်ထားခဲ့သော စိန်ရွှေရတနာ





ထုပ်ကို လွယ်အိတ်အတွင်းမှ နှိုက်ယူ၍ မောင်ဘချစ်ထံသို့ ပစ်ပေးလိုက်လေ၏။

"ကဲ--- မောင်ဘချစ်ရေ၊ အဲဒီထဲက ပစ္စည်းတွေ ထုတ်ပြီး သတို့ သမီးကို ဆင်ပေးပေတော့"

ဟု ပြောလေ၏။

ထိုနောက် ဦးဝွမ်တီသည် ဈေးသို့ ထွက်သွားပြီးလျှင် ခေါက်ဆွဲ၊ ဟင်းသီးဟင်းရွက်၊ ဆီ၊ ငရုတ်ကောင်း စသည်တို့ကို ဝယ်၍ပြန်လာခဲ့လေ၏။ ထိုနောက် ၎င်းကိုယ်တိုင် အနီးအပါးအိမ်များမှ လူများကို နံနက်ဖြန်၌ ဒေါ်သိုင်းမြှအိမ်သို့ လာရောက်ကြပါရန် ဖိတ်ကြားခဲ့လေ၏။

မင်္ဂလာရက်သို့ ရောက်သောအခါ၌ ဦးဝွမ်တီသည် တစ်ခါက ဆန်ပြုတ်ရောင်းသော လှည်းကြီးပေါ်၌ ခေါက်ဆွဲများ၊ အသီးအရွက်များကို ဆိုင်ထွက်သကဲ့သို့ ပြင်ဆင်ကာ ဒေါ်သိုင်းမြှ၏အိမ်သို့ လှည်းကြီးကိုပါ တွန်း၍ ယူလာလေ၏။

ဧည့်ပရိသတ်များ စုံသောအခါ၌ မောင်ဘချစ်နှင့် မပြုံနစ်တို့သည် ဦးဝွမ်တီ၏တဲမှ ဒေါ်သိုင်းမြှ၏ တဲသို့ လာရောက်ကြလေ၏။ ထိုအချိန်မှစ၍ ဦးဝွမ်တီသည် ဆီချက်ခေါက်ဆွဲကို နှိုင်နှိုင်ကြီး ပြုလုပ်၍ ပေးလေ၏။

မင်္ဂလာဆောင်သို့ လာသော ဧည့်သည်များသည် တွင်တွင်ကြီး စားလေ၏။ မင်္ဂလာဆောင်ပြီးသည့်အခါ၌ ဦးဝွမ်တီသည် ၎င်း၏ လှည်းကြီးကို ပြန်လည်၍ တွန်းသွားလေတော့သတည်း။

❖ ❖ ❖

ဂျပန်ခေတ်တစ်ခေတ်လုံးတွင် မောင်ဘချစ်သည် ဒေါ်သိုင်းဖြိ၏အိမ်၌ မည်သည့်အလုပ်အကိုင်ကိုမျှ မည်မည်ရရ လုပ်ကိုင်ခြင်း မရှိဘဲ အခန့်သားနေထိုင်လေတော့၏။ တစ်ခါတစ်ရံ၌မူ ဒေါ်သိုင်းဖြိ၏ယာခင်းကို အနည်းငယ်မျှ လုပ်သည်ဆိုရုံကလေး ဝင်၍ လုပ်လေ၏။

ကျန်သည့်အချိန်၌မူ ဒေါ်သိုင်းဖြိ၏ စုဆောင်းထားသော ငွေကလေးများကိုသာလျှင် တတိတိနှင့် ထိုင်၍ သုံးစွဲလေ၏။ ဒေါ်သိုင်းဖြိသည် မောင်ဘချစ်အား အမျိုးမျိုး အဖုံဖုံ အပြစ်တင်၍ ရှုတ်ချ၏။ ကဲ့ရဲ့၏။ မောင်ဘချစ်သည် ဒေါ်သိုင်းဖြိ ဆူပူကြိမ်းမောင်း သောအခါ၌ မသိကျိုးကျွန်ပြုကာ ဦးဌွမ်တီ၏ တဲကလေးဆီသို့ ထွက်သွားပြီးလျှင် အချိန်ဖြုန်းလေ၏။

ထိုအခါ၌ ဦးဌွမ်တီက---

"ဘယ်လိုလဲ ကိုယ့်လူ၊ ယောက္ခမဘေးဆိုးကြီးကို ရှောင်ပြေးမလို့ ငါ့ဆီကို လာတာလား"

ဟု ဆီး၍ မေးလေ၏။

"အစ်ပေါ့ ဦးဌွမ်တီရယ်၊ ဒီမိန်းမကြီးက တစ်နေ့တစ်နေ့ ကျုပ်ကိုဆူဖို့ ကြည့်နေတာပဲဗျ၊ ကျုပ်လဲ နားပူလှပါပြီဗျာ၊ အလုပ်တစ်ခုရတော့ လုပ်မှဖြစ်မယ်"

ဟု ပြောလေ၏။

ထိုအခါ ဦးဌွမ်တီက---

"မလုပ်နဲ့ဦးကွာ၊ အခါက မဓိသေးဘူးကွ၊ မင်းလုပ်ရင် ဒုက္ခရောက်မှာပဲ"

ဟု ပြောရာ မောင်ဘချစ်က---





"ခင်ဗျားအခါကလဲ ဘယ်တော့မှ မိမှာလဲဗျာ၊ ယောက္ခမက ပူတာ နားပူလှပြီဗျ"

ဟု ပြောလေ၏။

"အခုပဲ ဒီဇင်ဘာလ ရှိနေပြီကွာ၊ အခုလာမယ့် နှစ်ဦးပိုင်းမှာ ဂျပန်တွေ စစ်ရှုံးတော့မယ်၊ ငါသင်တာကတော့ ဒီကောင်တွေ လက်နက်ချရတော့မယ်ကွ၊ အဲဒီအခါမှာ ခေတ်အခြေအနေ ပြောင်းသွားလိမ့်မယ်၊ အဲဒီကျမှ အလုပ်လုပ်ပေတော့ကွာ"

ဟု ဦးဌွမ်တီက ပြော၍ ပြန်လွှတ်လိုက်လေတော့၏။

မှန်ပေသည်။ နောက်နှစ် နှစ်ဦးပိုင်း၌ပင် ဂျပန်များ စစ်ရှုံး၍ လက်နက်ချရလေတော့၏။ ခေတ်ကြီးလည်း ရုတ်တရက် ချက်ချင်းဆိုသလို ပြောင်း၍သွားလေတော့၏။ ရန်ကုန်မြို့နေရာ အနှံ့အပြားတွင် ဂျပန်စစ်သားများအစား ကုလားစစ်သားများနှင့် အမေရိကန်စစ်သားများကို တွေ့ရလေတော့၏။

ထို့ကြောင့် ရန်ကုန်မြို့နေ လူထုက ထိုအချိန်ထိုကာလကို အမေရိကန်ခေတ်ဟု ခပ်လွယ်လွယ်ခေါ်ကြလေတော့၏။

အမှန်စင်စစ်အားဖြင့်မည်သည့်ခေတ်ဖြစ်သည်ကားအကြောင်း ပတ်ပေ။ ကမ္ဘာစစ်ကြီး ပြီးသွားသည်ကိုပင် လူတို့သည် ဝမ်းမြောက် ပျော်ရွှင်နေကြလေတော့၏။

❖ ❖ ❖

တစ်နေ့သ၌ ဦးဌွမ်တီသည် လေယာဉ်ပျံပေါ်မှ ကြဲချသော အောက်ပါ ကြော်ငြာစာရွက်ကလေးကို ကိုင်၍ မောင်ဘချစ်ထံ

သို့ ရောက်လာပြီးလျှင်---

"ဟေ့ မောင်ဘချစ်၊ စစ်ကြီးပြီးသွားပြီကွ၊ မင်းအလုပ် မယ်ဆိုရင် လုပ်လို့ရပြီ၊ ဘာလုပ်ရမယ်ဆိုတာကတော့ မင်း စဉ်းစားပြီးသာ လုပ်ပေတော့ကွာ"

ဟု ပြောလိုက်လေတော့၏။

"ဒုတိယကမ္ဘာစစ်ကြီး ရပ်စဲသွားပြီ"

(ထိုစာရွက်၌ ဗမာ့ခေတ်သတင်းစာဟု ခေါင်းစီး ရိုက်နှိပ်ထား သည်ကို တွေ့ရပါသည်။

စာရေးသူ)

◆ ◆ ◆

ဇာတ်သိမ်း

## မောင်ဘချစ် ဆားပွဲစားဖြစ်ပြီ

တစ်နေ့သ၌ မောင်ဘချစ်သည် ပန်းဆိုးတန်းဘက်သို့ လျှောက်၍လာခဲ့ရာ ပန်းဆိုးတန်းထိပ် ဘုံဘေဘားမား အိမ်ဆောင်ပရိဘောဂဆိုင်ရှေ့ရှိ လက်ဖက်ရည်ဆိုင်သို့ဝင်ကာ လက်ဖက်ရည်သောက်လေ၏။

မောင်ဘချစ် လက်ဖက်ရည်သောက်နေသည့် အချိန်၌ပင် မြူးသော စားပွဲသို့ လူနှစ်ယောက် ဝင်၍ထိုင်ပြီးလျှင်---

"လက်ဖက်ရည် လေးခွက်"

ဟု မှာလေ၏။

ထိုအခါ၌ တစ်ယောက်သောသူက---

"ကိုကျော်ဇောရယ်၊ နှစ်ယောက်တည်းလာတာ ဘယ့်နှယ့်ကြောင့် လေးခွက်တောင် မှာနေရတာလဲ"

ဟု မေးလျှင် ကိုကျော်ဇောဆိုသူက---

"မော်ယူကုတ်တွန်းက ကြံသကာနဲ့ရောင်းတဲ့ အညာစားလက်ဖက်

ရည်တွေကို သောက်လာရတာ၊ အခုလို အမေရိကန်ခေတ်မှာ အမေရိကန်ရဲ့ကျူစွေးကြောင့် နို့စိမ်းနဲ့ နို့ဆီနဲ့ ကျကျနနကလေး ဖျော်ထားတဲ့ လက်ဖက်ရည်ကလေးသောက်ရတုန်း တစ်ယောက်ကို နှစ်ခွက်စီလောက် ဆင့်ပြီး နှံလိုက်ကြရအောင်ဗျာ"

ဟု မျက်နှာကို ရွှံ့ရှည်တွရှည်လုပ်၍ ပြောလေ၏။

ထိုအခါ၌ ၎င်း၏ မိတ်ဆွေက---

"ဟိုခွေးမသား အောင်ကျွန်ဆိုတဲ့ကောင်က နတ်လောက တယ် ပြီးတော့ သုံးနိုင်ငံပြန်နိုင် ဖြစ်နေပါလားဗျ။ သူများတကာတွေ ပိုက်ဆံရှားနေတုန်းမှာ ဒီကောင်ကတော့ ဆာဘိုးသာ ဖြစ်နေပါ လား"

ဟု မေးလျှင် ကျော်စောဆိုသူက မျက်နှာကို ရွှံ့ရှည်တွရှည် လုပ်၍---

"လဝဏ်လေဗျာ၊ လဝဏ်နဲ့ပွနေတာ"

ဟု ပြန်၍ ပြောလေ၏။ မောင်ဘချစ်လည်း ထိုသူနှစ်ဦး စကားပြောဆိုနေသည်ကို တစေ့တစောင်း နားထောင်ရင်း မှတ် သားနေလေ၏။

ထိုအခါ၌ ကျော်စောဆိုသူ၏ အဖော်က---

"ဘာလဲဗျာ ကိုကျော်စောရဲ့ လဝဏ်ဆိုတာ"

ဟု မေးလေ၏။

"ကိုယ့်လူကလဲ ဘုန်းကြီး ဆယ်ဝါဝတ်လာတယ်လဲ ပြော သေးရဲ့ လဝဏ်ဆိုတာ မသိဘူးလား၊ လဝဏ်ဆိုတာ ဆားကို ခေါ်တာကိုယ့်လူ၊ အခုတလော ဒီကောင်တွေ ဆားနဲ့ ပွနေကြ တယ်ဗျ"

ဇာတ်သိမ်း



ဟု ပြောလေ၏။

မောင်ဘချစ်လည်း ဆားဖြင့် ပွကြသည်ဟူသော စကားကို ကြားရာ စိတ်ဝင်စား၍ သွားလေ၏။ ထို့နောက် "ဖြစ်ချင်တာဖြစ် ပါ ဆားနဲ့ပွအောင် လုပ်ဦးမှပဲ၊ ဘယ်လိုများ လုပ်ရပ"

ဟု တွေးတောနေမိလေ၏။

တစ်ဖက်စားပွဲမှ ကျော်စောဆိုသူနှင့် ၎င်း၏ အဖော်မှာ လက်ဖက်ရည်နှစ်ခွက်ကို ဆင့်၍ သောက်ပြီးနောက် ထွက်သွား လေတော့၏။

မောင်ဘချစ်လည်း လက်ဖက်ရည်ဆိုင်မှ ထွက်လာပြီးလျှင် ရွှေလေလမ်းဘက်သို့ လျှောက်ကာ ဆူးလေစေတီတော်အား ဖူးမြော်လေ၏။ ထို့နောက် စောင်းတန်းတစ်ခုတွင် ထိုင်ရင်း ဆားအကြောင်းကို စဉ်းစားနေမိလေ၏။

ထိုအချိန်၌ ၎င်း၏နောက်နားမှ လူနှစ်ယောက်သည် အောက် ပါအတိုင်း ပြောဆိုနေကြလေ၏။

"ဗျို့ ကိုစံဝင်း၊ အခုတလော ကျွင်ဝမ်တို့လူစု တယ်ပြီး ဖော လူဖြစ်နေပါလား"

ဟု ပြောလျှင် ကိုစံဝင်းဆိုသူက---

"ကိုစိုးဝင်းရယ်၊ ခင်ဗျား တယ်ပြီး အတာကိုး၊ ကျွင်ဝမ်တို့ လူစုက လဝဏ်လေဗျာ၊ လဝဏ်နဲ့ ပွနေကြတာဗျ"

ဟု ပြောလေ၏။ မောင်ဘချစ်လည်း လဝဏ်ဟူသော စကားကို ကြားရသဖြင့် ထိုလူနှစ်ဦးထံသို့ နားစွင့်မိပြန်၏။

ထိုအခါ၌ စိုးဝင်းဆိုသူက---

"လဝဏ်ကလဲ ဒီလောက်တောင်ပဲ ပွသလားဗျာ"

ဟု မေးလျှင် ကိုနိုးဝင်းဆိုသူက---

"မှတ်ပါပေါ့ဗျ၊ တစ်ပိဿာကိုမှ တစ်ပြားလောက်ကျတဲ့ ပစ္စည်းကို အညာဘက်မှာတက်ပြီးရောင်းတော့ တစ်ပိဿာ သုံးပြားလောက်နဲ့ ရောင်းတာဗျ၊ လမ်းပန်းအဆက်အသွယ်က လဲ ပြတ်နေတဲ့အချိန်ဆိုတော့ အညာမှာဆိုရင် ဆားဟာ ရွှေ ဖြစ်နေတာပဲ"

ဟု ပြောလေ၏။

မောင်ဘချစ်လည်း ၎င်းတို့နှစ်ဦး ဆားအကြောင်း ပြောဆို နေသည်ကို တမေ့တမောင်း နားထောင်နေလေ၏။ ထိုသူနှစ်ဦး လည်း ဆားငှိုကာမှင်၍ နေကြလေ၏။ တစ်နာရီကျော်ကျော်မျှ ဆားအကြောင်းကို ပြောဆိုပြီးနောက် ထိုသူနှစ်ဦးသည် ဘုရား ကို ဝတ်ပြုကာ ထ၍ သွားလေ၏။

ထိုအခါကျမှပင် မောင်ဘချစ်လည်း ထိုနေရာမှ ထွက်ခဲ့လေ တော့၏။ မောင်ဘချစ်သည် ဆူးလေဘုရားပေါ်မှ ဆင်းလာပြီး နောက် ရေကျော်ဘက်တွင်ရှိသော ၎င်း၏မိတ်ဆွေ ကိုချစ်လွင် ထံသို့ သွားရောက်လည်ပတ်၏။

ကိုချစ်လွင်အိမ်သို့ ရောက်လျှင် ကိုချစ်လွင်နှင့် မတွေ့သဖြင့် ပြန်လာခဲ့ရာ စတော့ကိတ်ကုန်းအနီး ရောက်သောကာလ၌ ၎င်း နှင့် သိကျွမ်းဖူးသော တိရစ္ဆာန်ဆရာဝန်ကြီးက မောင်ဘချစ်ကို တွေ့လျှင်တွေ့ချင်း---

"ဟဲလို ကိုဘချစ်၊ ကျွန်းကျွန်းမာမာတွေ့ရတာ ဝမ်းသာ သဗျာ၊ မနေ့ကပဲ ခင်ဗျားအကြောင်း စကားစပ်မိပြီး ကျုပ်တို့ ပြောမိသေးတယ်၊ ကိုဘချစ်ဆိုတဲ့လူတစ်ယောက်တော့ စစ်

တွင်းမှာ သေချင်လဲ သေသွားမယ်၊ မသေချင်ရင်လဲပဲ အခုလို စစ်ပြီးတဲ့အခါမှာတော့ ကြီးပွားနေတာ အမှန်ပဲ၊ အထူးသဖြင့် တခြားဟာနဲ့ မကြီးပွားတောင်မှ ဆားနဲ့ကော့ ကြီးပွားနေပြီလို့ ပြောမိကြသေးတယ်ဗျ"

ဟု ပြောလိုက်ရာ မောင်ဘချစ်၏ စိတ်ထဲ၌---

"လာပြန်ပြီ ဒီဆား"

ဟု တွေးမိလေတော့၏။ မောင်ဘချစ်သည် ထိုတိရစ္ဆာန် ဆရာဝန်ကြီးအား ဘမ်းသာကြောင်း စကားပြောဆိုပြီးနောက် အိမ်သို့ပြန်လာပြီးလျှင် မပြနှစ်ကို ပေးထားသော လက်ဝတ် ရတနာ ပစ္စည်းများ အားလုံးကို ရွတ်ယူ၍ ပွဲစားတစ်ဦးထံ၌ ပေါင်းပြီးအပြတ် ရောင်းချလိုက်လေတော့၏။

ထိုနောက် ရောင်း၍ ရသမျှသော ငွေကိုယူကာ ကုန်ကား များ တည်ထောင်သူများထံသို့ သွားရောက်၍ ကားရှေ့ခန်းများ ကို စုံစမ်းလေ၏။ ထိုနောက် ကုန်တင်လော်ရီကားကြီး ဆယ်စီး ကို အညာဒေသဘက်သို့ ငှားရမ်းလိုက်လေတော့၏။

ထိုသို့ငှားရမ်းပြီးလျှင် ပွဲရုံများသို့ သွားရောက်ကာ ဆားလို ချင်ကြောင်း ပြောလေ၏။ ပွဲရုံပိုင်ရှင်များသည် မောင်ဘချစ်အား ကောင်းစွာ ဧည့်ခံကြလေ၏။ မောင်ဘချစ်သည် ခြေနှစ်ချောင်း ကို ဓိုတ်၍---

"ဆားကို ရသလောက် လိုချင်တယ်"

ဟု စတိုင်ပါပါဖြင့် ပြောဆိုရာ ပွဲရုံပိုင်ရှင်များသည် မောင်ဘ ချစ်အား အထူးအဆန်း သတ္တဝါသဖွယ် ကြည့်ရှုကြလေ၏။ ထို နောက် လွန်စွာပြုံးရွှင်သော မျက်နှာများဖြင့်---

ဇာတ်သိမ်း

"ရပါစေမယ်၊ ရပါစေမယ် ပွဲစားကြီးခင်ဗျား၊ ဘယ်တော့ လိုချင်တယ် ဆိုတာသာ အမိန့်ရှိပါ"

ဟု ပြောကြကုန်၏။

"ကျုပ်ကတော့ အခုရရင် အခုကို လိုချင်တာ"

ဟု မောင်ဘချစ်က ပြောဆိုကာ ဆားဖိုးငွေများကို စောင့်၍ ရှင်းလင်းပေးလေတော့၏။ ပွဲရုံသမားများလည်း ဝမ်းသာသော မျက်နှာများ၊ တုန်ယင်သောလက်များဖြင့် မောင်ဘချစ်၏ ဆားဖိုးငွေများကို လက်ခံကြလေ၏။

ထို့နောက် မောင်ဘချစ်သည် အခြားသော ပွဲရုံတစ်ရုံသို့ သွားရောက်ကာ ဆားရှိမရှိ မေးပြန်၏။ ထိုပွဲရုံမှလည်း မောင်ဘချစ်အား ပျူငှာစွာ စည့်ခံလေ၏။ ၎င်း၌ ရှိသမျှသော ဆားတို့ကို မောင်ဘချစ်အား ပြုံးစိစိမျက်နှာများဖြင့် ရောင်းချကြလေ၏။ ပွဲရုံသမားများ၏ ပျူငှာသော ဆက်ဆံပုံကို ကြည့်ကာ မောင်ဘချစ်၏ စိတ်၌---

"ငါတို့မြန်မာလူမျိုး ကုန်သည်ပွဲစားတွေ စစ်မဖြစ်ခင်ကနှင့် မတူတော့ဘူး၊ စစ်ကြီးဖြစ်ပြီးမှ အတော့်ကို တိုးတက်နေကြပါလား၊ ပြောဆိုဆက်ဆံကြတာလဲ အတော့်ကို ယဉ်ကျေးလာတယ်၊ မဟုတ်မှလွဲရော၊ ကြမ်းတမ်းရက်စက်တဲ့ စစ်ဘေးဒုက္ခက လူတွေကို ယဉ်ကျေးအောင် ဆုံးမလိုက်ပြီနဲ့တူတယ်"

ဟု တွေးမိလေ၏။

အမှန်စင်စစ်မှာမူ ပွဲရုံသမားများသည် မောင်ဘချစ်၏ မနှမနှပ်နိုင်ပုံကိုကြည့်ကာ ပြုံးချင်ရယ်ချင်စိတ်များ ဖြစ်ပေါ်နေလေ၏။ အဘယ်ကြောင့်ဆိုသော် အထက်အညာဒေသ၌ ဆားဈေး





သည် အင်မတန်တက်ခဲ့သည်ဖြစ်၍ အောက်ပြည်အောက်ရွာကမှ ဆားများကို သယ်ယူ၍ အထက်အညာဒေသဆီ၌ သွားရောက်ရောင်းချသော သူများမှာ အကြီးအကျယ်ပွပေါက် တိုးရဲသည်မှာ မှန်ပေသည်။

သို့ရာတွင် တစ်ဦးလုပ်ကိုင်သည်ကို အားကျ၍ အခြားသူများကပါ ဝိုင်း၍ လုပ်ကိုင်တတ်သည့် မြန်မာလူမျိုးတို့၏ ထုံးစံအတိုင်း ထိုအချိန်က အညာမှဆီများ ဈေးကောင်း၍ တစ်ဦးတစ်ယောက်သည် ဆီဖြင့် ကြီးပွားသွားသည်ဟု ကြားရသည်နှင့် တစ်ပြိုင်နက် သူထက်ငါလု၍ ဆီကုန်သည် လုပ်ကြကုန်၏။

ထို့ကြောင့် ဆီဈေးသည် အဆမတန် ကျဆင်းသွားပြန်လေ၏။ တစ်ဖန် အညာဘက်၌ အဝတ်အထည်များ ရှားသည်ဟု ကြားလျှင် အထည်ကုန်သည် လုပ်ကြပြန်၏။ အမြောက်အမြား အထည်ကုန်သည် လုပ်ကြသောကြောင့် အထည်လုပ်ငန်းသည် ကောင်းကျိုး မပြုတော့ဘဲ အရှုံးဆိုလျှင် အရင်းပါ ပြုတ်၍ မွဲတေခြင်းသို့ ရောက်လေ၏။

ယခုလည်း အထက်အညာဒေသဆီ၌ ဆား လွန်စွာရှားပါးကြောင်း သိသောသူက ဆားများကို မော်တော်ကားဖြင့်တစ်မျိုး၊ လှေများဖြင့်တစ်သွယ်၊ တင်ပို့ရောင်းချခဲ့ရာ ထိုသူတို့သည် ရေတာရှည်သိုက်ကို လှော်တက်၍ ဖွင့်မိသည်အလား နေ့ချင်းညချင်း ကြီးပွားချမ်းသာကုန်ကြလေတော့၏။

ထိုအဖြစ်ကို တွေ့မြင်ကြသူတို့က "ဆား ဆား ဆားလုပ်ရင် တစ်ဓိတည်း သူဌေးဖြစ်မယ်"ဟု ကြွေးကြော်ကာ အောက်မြန်မာပြည်မှ ဆားများကို အထက်အညာဒေသဆီသို့ သယ်ဆောင်

ကြလေ၏။ စစ်အတွင်းက လူဝတ်လဲခဲ့ကြသော ဘုန်းကြီးလူထွက်များသည်ပင်လျှင် ဆားကုန်ကူးကြလေ၏။ ထိုသူတို့ကမူ ဆားကို ဆားဟု မခေါ်ဘဲ ပါဠိစကားဖြင့် စကားဝှက်ပြုလုပ်ကာ လဝဏ် ဟု ခေါ်လေ၏။

ထို့ကြောင့် လူတိုင်းလူတိုင်းလိုပင် လဝဏ်ခေါ် ဆားကို အထက်အညာဒေသဆီသို့ အကြီးအကျယ် သယ်ယူခဲ့ကြခြင်းကြောင့် အထက်အညာဒေသ တစ်ခုလုံးသည် ဆားမရှားရုံမှမက လိုသည်ထက်ပင် ပိုလျှံ နေလေတော့၏။

ဆားထွက်သော အောက်ပြည် အောက်ရွာထက်ပင် ဆားမထွက်သော အညာဒေသက ဆားပေါ၍ နေလေတော့၏။ အညာ၌ ဆားတစ်ပိဿာသည် တစ်ပြားဖြစ်၍နေပြီး အောက်ပြည်အောက်ရွာ၌ တစ်ပိဿာလျှင် တစ်ပဲတိုင်အောင် ဖြစ်၍ နေလေတော့၏။ ထို့ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ အထက်အညာဒေသဆီသို့ ဆားများကို သယ်ဆောင်ရန် အိပ်မက်မျှပင် မမက်တော့ပေ။

ထိုအချိန်မျိုး၌ မောင်ဘချစ်က ရန်ကုန်မှ ဆားများကို ကားကြီး ကားငယ်နှင့် သယ်ယူကာ မန္တလေးသို့ သွားရောက်ရောင်းချမည် ဖြစ်ကြောင်း သိရသောအခါ၌ ပွဲရုံပိုင်ရှင်များသည် မောင်ဘချစ်အား လွန်စွာ အူကြောင်ကြောင်နိုင်၍ လွန်စွာမှပင် မမှုမနပ် ရှိပေသည်တကားဟု ကျိတ်၍ပြုံးကြလေ၏။ မောင်ဘချစ်၏ ကွယ်ရာ၌မူ---

"ဒီကောင်မျိုးမှ မမွဲရင် ငါတို့မြန်မာပြည်မှာ မွဲမယ့်ကောင် မရှိတော့ဘူးကွာ"





ဟု ပြောဆိုကြလေ၏။

သို့ရာတွင် မောင်ဘချစ်သည် မိမိရယ်စရာဖြစ်နေသည့် အဖြစ်ကို လုံးဝ ရိပ်မိခြင်းမရှိဘဲ အောက်ပါပွဲရုံများမှ ဆားများကို လော်ရီကားကြီး ဆယ့်ငါးစီးဖြင့် တင်ဆောင် သယ်ယူလေတော့၏။

ပွဲရုံများ

မြတ်ပွဲရုံ။ ၅၆ ဘုန်းကြီးလမ်း။
ရွှေနှင်းဆီပွဲရုံ။ ၇၁ ဘုန်းကြီးလမ်း။
အောင်မြန်မာပွဲရုံ။ ၁၁၊ ၁၄ လမ်း။
ရွှေလဝင်းပွဲရုံ။ ၂၉၊ ၁၄ လမ်း။
သဟာယပွဲရုံ။ နတ်ချောင်း၊ တာမွေ။
ရွှေပြည်စိုးပွဲရုံ။ ၈၆-၈၈၊ အထက်ပုဇွန်တောင်လမ်း။
ရွှေဟိုပွဲရုံ။ ၇၈၉၊ အဲလပ်ဂိုဒီလမ်း။

မောင်ဘချစ်သည် ဆားများတင်ထားသော လော်ရီကားတန်းကြီးကို ခေါင်းဆောင်လျက် ထိုးထွက်ခဲ့လေ၏။ ရှေ့ဆုံးကား၌မူ သပြေပန်းများ စည်နှောင်လျက် ပိတ်စကြီးတစ်ခုပေါ်တွင် "ဆား"ဟုရေးကာ အလံကိုထူထားပြီးလျှင် နောက်ဆုံးကား၌မူ "လဝဏ်"ဟုသော အလံကို ထူထားလေ၏။

ကားသမားများသည် မောင်ဘချစ်၏ အပြုအမူကိုကြည့်ကာ လွန်စွာ ရယ်ချင်ကြလေ၏။ ကားသမားတစ်ဦးကမူ---

"ဆရာကိုဘချစ်ရယ်၊ ဘာဖြစ်လို့ အလံတွေ ထူရတာတုန်း

ဗျ"

ဟု မေးလေ၏။

"ခင်ဗျားတို့ မသိပါဘူးဗျ။ လမ်းမှာဖြတ်သွားတဲ့ မြို့တွေက တကယ်လို့ ဆားလိုချင်ရင် ကျုပ်တို့ကားတွေဟာ ဆားကားတွေ မှန်းသိအောင် လုပ်ထားတာဗျ"

ဟု မောင်ဘချစ်က ခပ်တည်တည်နှင့် ပြန်၍ ပြောလေ၏။

ထိုအခါ၌ ထိုကားသမားအား အခြားသော ကားသမားက တော်ရာသို့ လက်တို့၍ ခေါ်သွားပြီးလျှင်---

"မင်းဟာ တော်တော် ရှာရှည်တဲ့ကောင်ပဲ၊ သူဟာသူ အလဲ ပဲထူထူ တံခွန်ပဲနိုက်နိုက် ဘာဖြစ်လို့ သွားပြောရတာတုံး"

ဟု ပြောလျှင် ထိုကားသမားက---

"ဒီ ကိုဘချစ်ဆိုတဲ့လူက ရူးကြောင်ကြောင်ပဲဗျ၊ မန္တလေးမှာ ဆားတစ်ပိဿာ တစ်ပြားဖြစ်နေပြီဗျ၊ အဲဒါကို ဒီလူက ရန်ကုန်က ဆားတွေကို တစ်ပိဿာ သုံးပြားနဲ့ဝယ်ပြီး သွားရောင်းတယ်ဆိုတော့ ဒီလူလောက် မိုက်တဲ့လူ ဘယ်ရှိတော့မတုံး"

ဟု ပြန်၍ ပြောလေ၏။

ထိုအချိန်၌ ကျန်သော ကားသမားတစ်ယောက်က---

"အဲဒါ မင်းအလုပ် မဟုတ်ပါဘူး၊ မင်းက ကားခရရင် ပြီးတာပဲ မဟုတ်လား"

ဟု ပြောလိုက်လေ၏။ မောင်ဘချစ်၏ ကိုးရိုးကားယားနိုင်လှသော အစီအစဉ်ကို ငှားရမ်းထားသော ကားသမားများကပင် ၎င်း၏ ကွယ်ရာ၌ အတင်းအဖျင်း ပြောရင်း လိုက်ပါခဲ့ကြလေတော့၏။





မောင်ဘချစ်မှာမူ မိမိအနေကြောင်ကြောင် နိုင်လှသော အဖြစ်အပျက်ကို မသိရှာဘဲ ရှေ့ကား၏ ရှေ့ခန်း၌ထိုင်ကာ ဒီဇိစ် တပ်မကြီးကို ဦးဆောင်ချီတက်လာသော စစ်ဗိုလ်ကြီးတစ်ဦး၏ မျက်နှာထားမျိုးဖြင့် လိုက်ပါခဲ့လေတော့၏။

❖ ❖ ❖

မောင်ဘချစ်၏ ဆားကားတန်းကြီးမှာ ပိုးတီကောင်ကြီး သဖွယ် တရွေ့ရွေ့နှင့် မန္တလေး ရန်ကုန် ကားလမ်းအတိုင်း မောင်းနှင်နေလေတော့၏။ မောင်ဘချစ်၏ ကားသမားများကမူ မောင်ဘချစ်အား ကျိတ်၍ နောက်ပြောင်ရင်း လိုက်ပါခဲ့ကြလေ၏။

လမ်းတွင် ခေတ္တခဏနားချ၍ ရပ်ထားသော အခါ၌လည်း မောင်ဘချစ်က ကားသမားများကို ကောင်းစွာ ကျွေးမွေးလေ၏။

သို့ရာတွင် ကားသမားတို့သည်---

"ဟေ့ကောင်တွေ၊ ကိုဘချစ်ဆိုတဲ့လူက ရူးပေါပေါနဲ့ကွ သူကျွေးတာကို စွပြီးစားမနေကြနဲ့ဦး၊ ကားခကို ပြေအောင် တောင်းထားကြကွ၊ မန္တလေးရောက်တာနဲ့ သူ့ဆားတွေက မြစ်ထဲ မျှောပစ်ရတော့မှာ"

ဟု တစ်ဦးကိုတစ်ဦး လက်တို့၍ သတိပေးကြပြီး မောင်ဘချစ်ထံမှ ကားခကို အကျေအလည်ရအောင် တောင်းကြလေတော့၏။

မောင်ဘချစ်ကလည်း---

"ရပါတယ် ကိုယ့်လူတို့ရယ် ဟဲ ဟဲ ဟိုရောက်လို့ ဆားတွေ

ကို ရောင်းပြီးရင် မြတ်တဲ့ အမြတ်ငွေထဲက ကိုယ်နှလုံတို့ကို ထပ်
ပြီး ပေးဦးမှာ"

ဟု ပြောဆိုကာ လက်ကျန် မော်တော်ကားများကို ရှင်း
ပေးလေ၏။

ဤသို့နှင့်ပင် မောင်ဘချစ်၏ ဆားကားတန်းကြီးသည်
တစ်မြို့ဝင် တစ်မြို့ထွက်နှင့် မန္တလေးသို့ ရောက်သွားလေတော့
၏။

ထိုသို့ ရောက်ရှိသွားသောအခါ မောင်ဘချစ်သည် ပွဲရုံများကို
လှမ်းမျှော်ကြည့်လိုက်ပြီးလျှင်---

"ဟ ဘယ်လိုဖြစ်တာပါလိမ့်"

ဟု ယောင်ယမ်း၍ အော်ဟစ်လိုက်လေ၏။

အဘယ်ကြောင့်ဆိုသော် ပွဲရုံများ၌ ဆားများ ပြည့်သိပ်
အောင် သိုလှောင်ထားကြရုံမျှမက ပွဲရုံများရှေ့တွင်ပင် ဆားပုံကြီး
များမှာ နှင်းတောင်ကြီးများကဲ့သို့ ဖွေးဖွေးလှုပ်၍ ရှိနေသော
ကြောင့် ဖြစ်၏။

"ဒီမှာ ဆားတွေ ပေါနေပါလား၊ ပွဲရုံထဲကိုတောင် မသွင်း
တော့ဘဲ အပြင်မှာ ပုံထားကြပြီဆိုတော့ ဆားဈေးဟာ အ
မတန် ကျဆင်းသွားပြီနဲ့ တူပါရဲ့"

ဟု မောင်ဘချစ်က တစ်ကိုယ်တည်း ရေရွတ်လိုက်လေ၏။

မောင်ဘချစ်သည် ကားပေါ်မှ ဆင်းသွားလေ၏။ ပွဲရုံများမှ
လူများသည် ထွက်လာကြပြီးလျှင် မောင်ဘချစ်အား အလု
အဆန်းသဖွယ် ကြည့်ကြလေ၏။

မောင်ဘချစ်သည် ပွဲရုံမှ လူများဆီသို့ တစ်လှမ်းချင်းလှမ်း၍





လျှောက်သွားလေ၏။

"ဘာလဲဗျ ဆားတွေလား"

ဟု ပွဲရုံမှ လူတစ်ဦးက မေးလေ၏။

"ဟုတ်ပါတယ်၊ ဆားတွေပါ"

ဟု မောင်ဘချစ်က ပြောလိုက်လျှင် ထိုသူက---

"ဆားတွေဆိုရင် ဟောဟိုမြစ်ထဲကိုသာ သွန်ချပြီး ပြန်သွား
တော့ဗျို့၊ ကျုပ်တို့ဆီမှာ ဆားမလိုတော့ဘူး"

ဟု ပြောလိုက်ရာ ကျန်လူများက ရယ်မောကြလေ၏။

မောင်ဘချစ်၏ ကူးသန်းသမားများကလည်း ဆားတောင်ကြီး
များကို ကြည့်ကာ တစ်ဦးကိုတစ်ဦး မျက်ပြူးရင်း---

"ငါတို့ကားခကို တောင်းခဲ့ပေလို့ပေါ့ကွာ၊ နို့မို့ရင် ကိုဘချစ်က
တော့ ကားခတောင် ပေးနိုင်မှာ မဟုတ်ဘူး"

ဟု ပြောဆိုကာ ကျိတ်၍ ရယ်ကြလေ၏။

မောင်ဘချစ်သည် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစား
ပြီးနောက် ပွဲရုံမှ လူတစ်ယောက်အား---

"ဒီမှာ ဆား ဘယ်ဈေးအထိ ကျသွားပြီလဲ"

ဟု မေးလိုက်လေ၏။ ထိုအခါ၌ ပွဲရုံမှလူက---

"ဒီမှာ ဆားတစ်ပိဿာ အလကား လာယူတဲ့လူတိုင်းကို
ပေးလဲ ကျွေးပါ့မယ်၊ ညောင်းရင်လဲ နှင်းပေးပါ့မယ် ဆိုတာ
တောင် ဆားလာယူမယ့်လူ မရှိလို့ ဒီအတိုင်းပုံထားရတာပဲ"

ဟု နောက်ပြောင်ပြောင် ပြန်၍ ပြောလေ၏။

ထို့အပြင် အခြားသော တစ်ယောက်ကမူ---

"ဆားလာကျူးတဲ့ လူကို အငယ်ဆုံးနမနဲ့ ပေးစားပါ့မယ်ဆို

တာတောင်မှ 'နမတော့ လိုချင်ပါတယ်၊ ဆားတော့ မကျွေးပါနဲ့'ဆိုလို့ ပွဲရုံရှေ့မှာ ဒီအတိုင်းပုံထားရတယ် မိတ်ဆွေ"

ဟု ပြော ပြန်လေ၏။

မောင်ဘချစ်သည် အကြံရခက်၍ နေလေ၏။ တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုဘဲ ဆားတောင်ကြီးများကို ငေး၍ကြည့်နေ၏။ ထိုအချိန်၌ ပွဲရုံအနီးတွင် ကျောက်ပန်းလှန်၍နေသော တစ်ယောက်က မောင်ဘချစ်အား---

"ရောင်းလို့ရတဲ့ နေရာတော့ ရှိတယ်ဗျို့၊ ရှမ်းပြည်နယ်ဘက်ကို တက်ပြီးရောင်းရင်တော့ ရောင်းရဖို့ သေချာတယ်"

ဟု ပြောင်စပ်စပ် မျက်နှာထားနှင့် ပြောလိုက်လေ၏။

အမှန်စင်စစ် ထိုအချိန်က မည်သည့်ကုန်သည်မျှ ရှမ်းပြည်နယ်ဘက်သို့ အရမ်းကာရော မတက်ခဲ့ပေ။ လမ်းတွင် ကားဓားပြများ လွှမ်းစွာများလှ၏။ သွားသမျှသော ကားတို့ကို ... ၍ ဓားပြတိုက်လေ၏။ ထို့ကြောင့် အချို့ကုန်သည်များသည် စစ်တပ်အစိုးရအခြေကို ကြည့်နေလေ၏။ စစ်တပ်မှကားများသွားလျှင် ၎င်းတို့၏ ကုန်ကားများသည် စစ်ကားများနောက်မှ အသကာ၍ လိုက်၏။ မည်သည့်ကုန်သည်မျှ စစ်တပ်မပါဘဲ ရှမ်းပြည်နယ်ဘက်သို့ ကုန်ရောင်းမသွားကြပေ။

အမှန်စင်စစ် ထိုအချိန်ကာလသည် ခေတ်ဆိုးခေတ်ပျက်ကြီး ဖြစ်၏။ ထိုအချိန်၌ ရှမ်းပြည်ဘက်သို့ မော်တော်ကားဖြင့် ကုန်ကူးရန်သွားခြင်းသည် သေမင်း၏ ခံတွင်းဝသို့ ဝင်ခြင်းနှင့် ... ပေ၏။ မောင်ဘချစ်သည် ဆားတောင်ကြီးများကို ကြည့်၍ ... နေရာမှ မော်တော်ကားဆီသို့ ပြန်လာပြီးလျှင် ကားသမား





များအား---

"ကဲ--- ကိုယ်လူတို့ ရှမ်းပြည်နယ်ဘက်ကို ဆားထွက်မယ်၊ လိုက်ချင်တဲ့လူက လိုက်နိုင်တဲ့ဈေးကို ပြောပေတော့"

ဟု ဆိုလေ၏။ ထိုအခါ၌ ကားသမားတစ်ဦးက---

"ကျုပ်ကတော့ မလိုက်နိုင်ဘူး၊ အဲဒီလမ်းကို သွားရင် ဓားပြတိုက်လို့ သေလိမ့်မယ်"

ဟု ပြောလေ၏။ မောင်ဘချစ်ကမူ ထိုသူအား ပြုံး၍ကြည့်ကာ---

"စွန့်စားရမယ်လေဗျာ၊ အဲဒီလို စွန့်စားတဲ့အတွက် ခင်ဗျားတို့အနေနဲ့ မနစ်နာရအောင် ကြိုက်ဈေးပြောလို့ ဆိုနေမှပ"

ဟု ပြောလိုက်ရာ ထိုလူက---

"ကားမောင်းချည်းသက်သက်ပဲ နစ်နာမရရင် မလိုက်နိုင်ဘူး"

ဟု ပြောလေ၏။

"တော်ပြီလား"

ဟု မောင်ဘချစ်က မေးလေ၏။

"ရမယ်ဆိုရင်တော့ နှစ်ရာ့ငါးဆယ်လောက် လိုချင်တာပေါ့ဗျာ"

ဟု ကားသမားက ပြောပြန်လေ၏။

"တော်ပြီလား"

ဟု မောင်ဘချစ်က မေးပြန်လေ၏။

"သုံးရာပေးရင်တော့ အစုကို ကားစက်နိုးတော့မယ်ဗျာ"

ဟု ပြောလေ၏။

"တော်ပြီလား"

ဟု မောင်ဘချစ်က မေးပြန်၏။ ကားသမားများက--

"သုံးရာပေးရင် လိုက်ပါတယ်ဗျာ၊ တော်ပါပြီ"

ဟု ပြောလေ၏။

"သုံးရာဆိုတာသိပ်ပြီးနည်းပါတယ်ဗျာ၊ အသက်စွန့်ပြီး သွားရမှာဆိုတော့ ငါးရာလောက်တော့ ပေးမှ ကောင်းမယ်၊ ကဲ--- ဟောဒီမှာ ငွေတွေ ပုံထားမယ်၊ လိုက်မယ့်ကားကလူတွေ ကိုယ့်ငွေ ကိုယ်လာယူကြ၊ ငါးရာပေးတာတောင်မှ မလိုက်ချင်တဲ့ လူရှိရင် ဆားတွေကို မြစ်ထဲပစ်ချပြီး ရန်ကုန်ကို ပြန်မောင်းသွားနိုင်တယ်"

ဟု ပြောလိုက်ရာ ကားသမားအားလုံးက---

"လိုက်မယ်"

ဟု သံပြိုင်အော်ဟစ်ကြကာ ကားများကို စက်နှိုးကြလေတော့၏။

ပွဲရုံများမှ လူများလည်း မောင်ဘချစ်တို့ကို ထွက်၍ ကြည့်ကြပြီးလျှင် နောက်ပြောင်ကြလေ၏။

"သေမင်းဆီကို သွားကြပြီလား"

ဟု ဝိုင်း၍အော်ကြလေ၏။

ထိုအခါ၌ မောင်ဘချစ်က---

"သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီး"

ဟု အော်လိုက်ရာ မောင်ဘချစ်၏ ကားသမားများလည်း စိတ်အားတက်ကြွလာကာ---

"ရွှေထီး--- ရွှေထီး"

ဇာတ်သိမ်း



ဟု ဝိုင်း၍ အော်ကြလေ၏။

ထို့နောက် မောင်ဘချစ်တို့၏ ကားတန်းကြီးသည် ပွဲရုံများ အနီးမှ စတင်၍ ထွက်ခွာလေတော့၏။

ပရိက္ခရာရောင်းသော ဆိုင်တစ်ဆိုင်၏ ရှေ့သို့ရောက်လျှင် မောင်ဘချစ်က ကားပေါ်မှဆင်း၍ ရွှေထီးတစ်လက်ဝယ်ယူကာ ရှေ့ဆုံးကား၏ ဆားပုံပေါ်တွင် ရွှေထီးကို ဖွင့်လျက် စိုက်ထူလိုက်လေ၏။

ကားသမားများလည်း မောင်ဘချစ်၏ လုပ်ချင်ရာကို လုပ်တတ်သော စိတ်သဘောကို လွန်စွာသဘောကျ၍ သွားလေတော့၏။

မောင်ဘချစ်၏ ဆားကားတန်းကြီးသည် မန္တလေးမှနေ၍ ရှမ်းပြည်နယ်မြောက်ပိုင်းဘက်ဆီသို့ စတင်၍ တရွေ့ရွေ့ထွက်ခွာလေတော့၏။ လမ်းတစ်လျှောက်တွင် စောင့်ဆိုင်း၍ ဓားပြတိုက်လေ့ရှိသော ကားဓားပြများသည်လည်း ကားများ မလာသည်မှာ ကြာပြီဖြစ်သဖြင့် စောင့်ဆိုင်းခြင်း မပြုတော့ဘဲ ဓားပြအဖွဲ့ကို ရုပ်သိမ်းထားသည်က များလေ၏။

ထို့ကြောင့် မောင်ဘချစ်တို့သည် ဟိုအကွေ့ကျလျှင်အတိုက်ခံရလိမ့်နိုး၊ ဒီအကွေ့ကျလျှင် အတိုက်ခံရလိမ့်နိုးနှင့် ရင်တဒိတ်ဒိတ်ခုန်ကာ မောင်းနှင်ခဲ့ကြသော်လည်း မည်သည့် ဓားပြအဖွဲ့ကိုမှ မတွေ့ရဘဲ ရှိလေ၏။

ဤသို့နှင့်ပင် ခရီးတစ်ဝက်ကျော်ကျော်ခန့် ရောက်ခဲ့ပြီးနောက် တောင်ကွေ့လေးတစ်ခုကို ဖြတ်၍ တက်ရာတွင် ကားလမ်းပေါ်သို့ ကိုင်းကျနေသော သစ်ကိုင်းလေးတစ်ကိုင်း၌ လွယ်

အိတ်တစ်လုံး ချိတ်ဆွဲထားသည်ကို တွေ့ရလေ၏။

ထိုလွယ်အိတ်သည် မော်တော်ကား၏ မှန်တည့်တည့်နေရာလောက်၌ ချိတ်ဆွဲထားသည်ဖြစ်ရာ မောင်ဘချစ်ရော ကားဆိုင်ဘာပါ ထိုလွယ်အိတ်ကို တွေ့မြင်ကြလေ၏။ ထို့ကြောင့် ဆိုင်ဘာသည် မော်တော်ကားကို ရပ်လိုက်လေ၏။ မောင်ဘချစ်လည်း လွယ်အိတ်ကို လှမ်း၍ ဆွဲလိုက်လေ၏။ လွယ်အိတ်က မပွတ်ဘဲ သစ်ကိုင်းညွှတ်၍ ပါလာလေ၏။

မောင်ဘချစ်သည် လွယ်အိတ်ကို ကိုင်လိုက်သည့်အခါ၌ လွယ်အိတ်၌ ချိတ်ဖြင့် ထိုးထားသော စာကို တွေ့ရလေ၏။ ထိုစာမှာ အောက်ပါအတိုင်း ရေးသားထားလေသည်။

**စိတ်အေးမှုအခါများ**

ပါလာတဲ့ငွေတွေနဲ့ လက်ဝတ်လက်စားတွေကို ဒီအိတ်ထဲမှာ ထည့်ခဲ့ပါ၊ ကျုပ်တို့ တစ်နေရာကို ကြည့်နေတယ်၊ မထည့်ဘူးဆိုရင် သေနတ်စာမိမယ်၊ ဟိုဘက်တောင်အဆင်းကျရင် စစ်ဆေးမယ်၊ အဲဒီလို စစ်ဆေးတဲ့အခါမှာ ပစ္စည်းနဲ့ငွေကို အကုန်မထည့်ဘဲ ချန်ထားတာ တွေ့ရင် ခေါင်းဖြတ်မယ်။

ဘိုက်စံတကွဲ

ကြားဖူးတယ် မဟုတ်လား

မောင်ဘချစ်သည် ထိုစာကို ဖတ်ပြီးနောက် ဒရိုင်ဘာအားပေးလိုက်လေ၏။ ဒရိုင်ဘာသည်လည်း ထိုစာကို တုန်ယင်သော လက်များဖြင့် ဖတ်လေ၏။ မောင်ဘချစ်ကမူ ပတ်ဝန်းကျင်သို့





မျှော်ကြည့်ရှုလေ၏။ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရဘဲ ရှိလေ၏။

ဤသို့ မတွေ့ရခြင်းသည်ပင်လျှင် တစိမ့်စိမ့်တွေး၍ ကျောချမ်းရာ ကောင်းလှတော့၏။ မောင်ဘချစ်၏ စိတ်၌---

"ဘယ်နေရာကများ ငါ့ကိုလှမ်းပြီး နှိုင်းနေ ပစ်လိုက်မလဲ မသိဘူး"

ဟု တွေးမိလေ၏။ ကားသမားလည်း---

"ဘယ်လိုလုပ်မလဲ ကိုဘချစ်"

ဟု မေးလေ၏။ နောက်မှ ကားသမားများလည်း ကားကို ရပ်၍ ဆင်းလာကြကာ မောင်ဘချစ်အား အကျိုးအကြောင်းမေးမြန်းလျှင် ကြောက်ရွံ့ထိတ်လန့်ကြကုန်၏။

"ဘယ်လိုလုပ်မလဲ ကိုဘချစ်"

ဟု ဝိုင်းဝန်းမေးကြကုန်၏။

ထိုအခါ၌ မောင်ဘချစ်သည် ဆားအိတ်များအပေါ်၌ စိုက်ထူထားသော ရွှေထီးကြီးကို ကြည့်လိုက်လေ၏။ ရွှေထီးကြီးမှာ နေရောင်၌ အရောင်တလက်လက် ဖြစ်နေပေ၏။

"ဖြစ်ချင်တာ ဖြစ်ပေါ့ဗျာ"

ဟု ဆိုကာ ၎င်းကိုယ်တိုင် ရွှေထီးကြီးကို တက်၍ ဖြုတ်ပြီးလျှင် ဓားပြများ၏ ငွေတောင်းသော လွယ်အိတ်၌ မှု၍ ချည်ထားလိုက်လေ၏။

ထို့နောက်---

"မောင်းမယ်"

ဟု ပြောလိုက်လေ၏။ ၎င်း၏ ကားသမားလည်း ကြောက်

ကြီးအား ကားပေါ်၌ စိုက်ထူပြန်လေ၏။ ထိုနောက် ငှင်းလူများ အား---

"မောင်း"

ဟု အမိန့်ပေးလိုက်ရာ ငှင်း၏လူများလည်း စတင်၍ မောင်း နှင်ကြလေတော့၏။

ကျန်သောအဖိုး၌လည်း စားပြအဖွဲ့များ ရှိကောင်း ရှိပေလိမ့် မည်။ သို့ရာတွင် ရွှေထီးကြီးကို မြင်သောကြောင့် စားပြမတိုက် ဘဲ အသာငြိမ်၍ နေကြဟန် ရှိလေ၏။ ထိုကြောင့် မောင်ဘချစ် ၏ ကားတန်းကြီးမှာ ဘေးမသီ ရန်မခဘဲလျက် သိပေါမြို့သို့ ဆိုက်ရောက်ခဲ့လေတော့၏။

မြို့တွင်းသို့ ဆားကားများ ဝင်လာသည်ကို တွေ့လျှင် မြို့သူ မြို့သားတို့သည် သောင်းသောင်းဖြဖြ အော်ဟစ်ကြကုန်၏။

"ဆားတွေလာပြီ၊ ဆားတွေလာပြီ"

ဟုလည်း ကလေးများက အော်၍ ကခုန်ကြကုန်၏။

မောင်ဘချစ်တို့သည် ငှင်းတို့၏ကားများကို ဈေးအနီး၌ ရပ် လိုက်လေ၏။ ထိုအခါ၌ သိပေါမြို့မှ ကုန်သည်ကြီးများသည် ရောက်ရှိလာကြပြီးလျှင် ကြိုဆိုလေ၏။ ကုန်သည်ကြီးများ အနက် နွတ်သွက်လျှာသွက်နိုင်လှသော လူတစ်ဦးက မောင်ဘ ချစ်ကို---

"ပစ္စည်းတွေကို မချပါနဲ့ဦး ခင်ဗျာ၊ ကျွန်တော်နဲ့ လိုက်ခဲ့ပါဦး"

ဟု ဆိုကာ လွန်စွာခမ်းနားသော အိမ်ကြီးတစ်အိမ်သို့ ခေါ် ဆောင်သွားကြပြီးလျှင် ရေမိုးချိုးရန်အတွက် ကျနစွာ စီစဉ်ပေး လေ၏။ ရေမိုးချိုးပြီးသည့်အခါ၌ မောင်ဘချစ်အား လဲလျောင်း





နားယူရန်အတွက် အိပ်ခန်းတစ်ခုကို သော့ဖွင့်ပေးလေ၏။ အိပ်ခန်း၌ကား မွေ့ရာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ မှန်၊ ဘီရို သည့်ပစ္စည်းများ အပြည့်အစုံ ရှိလေ၏။ ထိုသူကပင် မောင်ဘ ချစ်ကို---

"ကုန်သည်ကြီးခင်ဗျာ၊ ခရီးက အလွန်ပဲ ပန်းပါတယ်၊ ခဏ အိပ်စက် လှဲပြီး အနားယူပါ"

ဟု ပြောလေ၏။ မောင်ဘချစ်ကမူ---

"ကျုပ်ရဲ့ ကားသမားတွေအတွက်---"

ဟု ပြော၍ စကားမဆုံးမီ၌ပင် ထိုသူက---

"သူတို့ကိုလဲ အိမ်တစ်အိမ်မှာ စည်းခံနေပါတယ်ခင်ဗျာ၊ ဘာမှ ပူပါနဲ့"

ဟု ရိုသေစွာ ပြောလေ၏။ မောင်ဘချစ်လည်း ဘုမသိ ဘမသိနှင့်ပင် ခုတင်ပေါ်အိပ်လိုက်ရာ မကြာမီ၌ပင် အိပ်ပျော် သို့ရောက်လေ၏။

အိပ်ရာမှ နိုးသည့်အခါ၌ မောင်ဘချစ်သည် ရေမိုးချိုး၍ အဝတ်အစားလဲလေ၏။ မောင်ဘချစ် အဝတ်အစားလဲပြီးသော အခါ၌ စကားသွက်သောလူ ရောက်လာပြန်ပြီးလျှင် မောင်ဘ ချစ်အား တစ်နေရာသို့ ခေါ်၍ သွားလေ၏။

ထိုနေရာကား လွန်စွာကျယ်ပြန့်သော တိုက်အိမ်ကြီး၏ ဧည့်ခန်းမဖြစ်လေ၏။ ကျနသပ်ရပ်စွာ ပြင်ထားသော ကုလားထိုင်များနှင့် ကုလားထိုင်များကို တွေ့ရလေ၏။ စားပွဲခုံများပေါ် ဖြူစင်သော စားပွဲခင်းများ ခင်း၍ ထားလေ၏။ ထို့ပြင် များ အတွင်း၌ လက်သုတ်ပဝါလှလှကလေးများ စိုက်၍

ထားသည်ကိုလည်း တွေ့ရလေ၏။

စားပွဲရှည်ကြီး၏ ထိပ်တွင် ပန်းတွန့် ပန်းညွှန့်များ ထွင်းထုထားသည့် ကုလားထိုင်ကြီးတစ်လုံး ချ၍ထားလေ၏။ စကားသွက်သောလူသည် မောင်ဘချစ်အား ခေါ်ဆောင်၍ ထိုကုလားထိုင်ကြီး၌ ထိုင်ခိုင်းလေ၏။ မောင်ဘချစ် ထိုင်ပြီးသည့်အခါ သီပေါမြို့မှ ကုန်သည်ကြီးများနှင့် ရပ်ရွာမှ လေးစားသော မြို့မိမြို့ဘများ ထိုင်ကြလေ၏။ ထိုနောက် စကားသွက်သောလူက လျှင် အခမ်းနားမှု လုပ်လေ၏။

ထိုလူသည် မောင်ဘချစ်၏ အနီးသို့ကပ်ကာ မောင်ဘချစ်၏ နာမည်ကို တိုးတိုးမေးလေ၏။ မောင်ဘချစ်က နာမည်ကို ပြောပြလျှင် နေရပ်လိပ်စာ စသည်တို့ကို မေးပြန်၏။ ထိုနောက် မောင်ဘချစ်၏ ဆွေစဉ်မျိုးဆက်ကို မေးပြန်လေ၏။ မောင်ဘချစ်ကလည်း မေးသမျှကို ဖြေဆိုလေ၏။

ထိုလူသည် မောင်ဘချစ် ဖြေဆိုသည်များကို စာရွက်တစ်ရွက်၌ ရေးမှတ်လေ၏။ အလုံးစုံရေးမှတ်ပြီးသည့်အခါ၌—

မောင်ညီတင်ဆိုသည့် သူငယ်ကလေးအား ခေါ်ယူ၍ ပေးလိုက်လေ၏။ ထိုသူငယ်ကလည်း ခေါင်းကို တချစ်ချစ် ကုတ်လျက် ထိုစာရွက်ကို ကြည့်ကာ အခြားသော စာရွက်တစ်ရွက်၌ ရေးလေ၏။ ထိုနောက် ထိုသူငယ်ကလေးသည် စိတ်မရှည်တော့သည့် အမူအရာနှင့် ၎င်းထက် အတန်ငယ်ကြီးသော မောင်စိန်လှအောင်ဆိုသည့် လူငယ်အား စာရွက်များကို အပ်လိုက်လေ၏။ ထိုလူငယ်လည်း ဒိုင်၍ ရေးပြန်၏။ များမကြာမီ၌ပင် ရေး၍ ပြီးသွားလေ၏။





ထိုအခါ၌ မောင်စိန်လှအောင်သည် စာရွက်များကို အခြားလူတစ်ယောက်ကို ပေးလိုက်လေ၏။ ထိုနောက် စကားသွက်သောလူက အခမ်းအနားမှူး ပြုလုပ်ကာ အောက်ပါအတိုင်း ပြောလေတော့၏။

"အခုကျင်းပတဲ့ ဂုဏ်ပြုညစာ စားပွဲဟာဆိုရင် ရန်ကုန်မြို့က ရောက်ရှိလာတဲ့ ဆားကုန်သည်ကြီး ဦးဘချစ်နှင့် ၎င်း၏ အဖွဲ့သားများကို ဂုဏ်ပြုတဲ့ ညစာစားပွဲ ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ သီပေါမြို့မှာရှိတဲ့ ကုန်သည်ကြီးများရဲ့ကိုယ်စား ပွဲစားကြီး ဦးလှဖေက စည်းစကား ပြောကြားပေးပါလို့ ကျွန်တော် မောင်လှထွန်းက ပန်ကြားအပ်ပါတယ်"

ပရိသတ်က လက်ခုပ်တဖြောင်းဖြောင်းတီး၍ သြဘာပေးလေ၏။ ထိုအခါ၌ ပွဲစားကြီး ဦးလှဖေက နေရာမှ ထလျက် အောက်ပါအတိုင်း ပြောလေ၏။

"သီပေါမြို့မှာရှိတဲ့ ကုန်သည်ကြီးများ၊ ပွဲစားကြီးများနဲ့ မြို့မိမြို့ဘများရဲ့ကိုယ်စား အခုလို စည်းစကား ပြောခွင့်ရတာကို ကျွန်တော့်အနေနဲ့ အထူးပဲ ဝမ်းမြောက်မိပါတယ်၊ ကျွန်တော်တို့ဒေသမှာ ဆားဆိုတဲ့အရာဝတ္ထုဟာ မှုန့်လို့တောင် ရှာရ မရှိလောက်အောင် ရှားပါးနေတုန်းမှာ ဆားကုန်သည်ကြီး ကိုဘချစ်က ဘေးအန္တရာယ် အမျိုးမျိုးကြားက အသက်ကို ပဓာနမထားဘဲ ရှမ်းပြည်နယ် ပြည်သူပြည်သားတွေအတွက် အခုလို လာရောက်ပြီး ဆားတွေကို ရောင်းချတာဟာဖြင့် ကျွန်တော်တို့အနေနဲ့ အလွန်ပဲဝမ်းသာမိပါတယ်၊ ကျေးဇူးဥပကာရလဲ တင်မိပါတယ်၊ ဒါကြောင့် ဆားတွေရဲ့ဈေးနှုန်းကို ကျွန်တော်တို့က

မဖြတ်ပါဘူး၊ ကုန်သည်ကြီး ဦးဘချစ်နှတ်က ထွက်လိုက်တဲ့ ကိန်းဂဏန်းဟာ တန်ဖိုးအဖြစ်နဲ့ ပေးချေဖို့ ကျွန်တော်တို့ဘက်က အသင့်ရှိပါတယ်၊ ဒါကြောင့် ဆားနဲ့ရွှေများ မည်မျှမည်မျှ ပေးချေရမည်ဆိုတာကို အမိန့်ရှိတော်မူပါလို့ ပြောရင်း ကျွန်တော် စကားကို နိဂုံးချုပ်ပါတယ်"

ဟု ပြောဆိုကာ ပွဲစားကြီး ဦးလှဖေက ထိုင်လိုက်လေ၏။ ပရိသတ်က ဩဘာလက်ခုပ် တဖြောင်းဖြောင်း ပေးလေ၏။

ထိုနောက် အခမ်းအနားမှူးက—

"ပွဲစားကြီးဦးလှဖေက ကျွန်တော်တို့မြို့ရဲ့ ကုန်သည်ကြီးများနဲ့ မြို့မိမြို့ဖများရဲ့ကိုယ်စား စည်းမံစကား ပြောကြားပြီးတဲ့နောက်မှာ ဆားကုန်သည်ကြီး ဦးဘချစ်က တုံ့ပြန် နှုတ်ခွန်းဆက်စကား ပြောကြားပေးပါလို့ တောင်းပန်အပ်ပါတယ်ခင်ဗျာ"

ဟု ပြောလိုက်ရာ မောင်ဘချစ်က ထိုင်ရာမှ ထပြီးလျှင်—

"ဒီလိုရှိပါတယ်ခင်ဗျာ၊ အခု ကျွန်တော်ယူလာတဲ့ ဆားကားကြီး ဆယ့်ငါးစီးစလုံးကို ဟောဒီက ကုန်သည်ကြီးများ အပေါင် ရှမ်းပြည်နယ် တစ်ပြည်နယ်လုံးကို အလကား ယူတော်မူကြပါခင်ဗျားလို့ ပြောပြီး လှူပစ်လိုက်ရမှာ ဖြစ်ပါတယ်၊ အဲဒီလို အလှူပြီးတော့မှ ရေစက်ချက်ကိုကိုင်ပြီး ဤသို့လှူဒါန်းရသော အကျိုးအားကြောင့် နိဗ္ဗာန်သာခေါင်၊ မြို့ရွှေသောင်သို့၊ ရေ ဖောင်မရှင်၊ မဝင်ပမ္မ ဤနေ့ကလျှင်၊ ချွေးချမ်းသာ၊ ရောဂါ ခဏ်၊ ရန်မာန်ကင်းပျောက်၊ ငါးဖြာရန်သူ၊ လူယူမရ၊ စောတိုက် သို့၊ နှစ်လိုချင်ဖွယ်၊ စင်ကြယ်သန့်ရှင်း၊ ဖြည်းညင်းသာယာ အသံမှာလည်း၊ ရောင်ဝါထွန်းဖိတ်၊ ကရဝိက်ငှက်သို့၊ ဒိုင်ပဲ

တို့နှား၊ ကြားကချစ်ဖွယ်၊ မြင်ကာကြားကော၊ လျှင်ဇွာရွှ၊ ဥာရသ ပေါင်း၊ အလောင်းတကား၊ တတ်ရာသမျှ၊ ကိန္နြီတော်၊ ကြီးနိုင် မှန်အား၊ ဖြေသန့်လာသို့၊ ပညာအရာလည်း၊ လွန်ကြွယ်ဝ၍၊ မိလိန္ဒာမင်းပမာ ရှိစေသော်လို့ဆိုပြီး သံသရာအတွက် ဆုတောင်း လိုက်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ခုချိန်မှာတော့ ဒီလိုကြီးလို့ မဖြစ် သေးဘူးလို့ ကိုယ့်ကိုယ်ကို ဆုံးမရပါတယ်၊ သို့သော်လည်း လောဘတကြီးနဲ့ ငါတော့ရပြီဟဲ့ ရေးကောင်းမိပြီဟဲ့ မွဲပြီဟဲ့လို့ ကျွန်တော့်အနေနဲ့ မထင်ရက်ပါဘူး၊ ဟောဒီမှာ မိတ်ဆွေများ ဆားကို လုံလုံလောက်လောက် သုံးစွဲနိုင်ကြပါစေ၊ လှူဒါန်းနိုင် ကြပါစေ ဆိုတဲ့ စေတနာမျိုးနဲ့ တမွှားမွှားပေါ်ပေါက်လာပါတယ်၊ ဒါကြောင့် ကျွန်တော်ယူလာတဲ့ ဆားကား ဆယ့်ငါးစီးစလုံးကို ယူပြီးတော့ ဟောမောင်ဘချစ်ရေ့ ဆားကား ဆယ့်ငါးစီးစလုံး အတွက် ငါတို့ကတော့ ဆယ့်ငါးပဲ ပေးနိုင်မယ်လို့ ပြောခဲ့ရင် တော အဲဒီပိုက်ဆံ ဆယ့်ငါးပဲကိုပဲ ကျွန်တော်ဟာ မြတ်မြတ်နိုး နိုးနဲ့ ယူသွားမှာ ဖြစ်ပါတယ်၊ ဒါကြောင့် ဟောဒီက ကုန်သည် ကြီးများနဲ့ ရပ်မိရပ်ဖများရဲ့ လျှာပေါ်မှာပဲ ကျွန်တော့်ရဲ့ ဆားဈေး ဟာ တည်နေပါတယ်၊ ပေးချင်သလောက် ပေးနိုင်သလောက် ကိုသာ ကျွန်တော့်ကို အားမနာဘဲ ပေးနိုင်ပါတယ်ခင်ဗျာ"

ဟု ပြောလိုက်ရာ ဂုဏ်ပြုစည်းခံပွဲ ပရိသတ်ကြီးတစ်ခုလုံး သည် လက်ခုပ်ဩဘာသံမစဲဘဲ တဖြောင်းဖြောင်းနှင့် ဩဘာ ပေးကြလေ၏။

ထိုအချိန်၌ပင် အသင့်ခေါ်ယူထားသော တီးဝိုင်းမှ တီးမှုတ် သံများကို ကြားရလေတော့၏။ ထိုတီးမှုတ်သံများနှင့်အတူ

လွမ်းစွာ အဆိုပိုင်၍ လွမ်းစွာမှုလည်း အသံကောင်းလှသော အမျိုးသမီးတစ်ဦး၏ ရတု သီဆိုသံကို ကြားရလေတော့၏။

တေဇာထွန်းပြောင် ×တံခွန်ဆောင်သည် ×မည်
ဘွဲ့ရှိန်ဂုဏ် ×မြို့ရန်ကုန်ဝယ် ×နာမည်ထင်လှစ် ×
ကိုဘချစ်ဟု ×သတင်းမွှားစည် ×ဆားကုန်သည်
နှင့် သွေးသောက်ကြေညာ ×ကားဆရာတို့ ×ပယာ
လောင်းလျာ ×လှည်းငါးရာဖြင့် ×ကူးလင့်ဖောက်
ကား × ကုန်ရောင်းသွားတို့ ×သဘောညီရော ×
မြို့သီပေါဝယ် × ဂုဏ်ရည်နိုင်ပြီး ×ပွဲစားကြီးလျှင် ×
သခွာလျှံဝေ ဦးလှမေက ××

❖ ❖ ❖

ဇာတ်သိမ်း

## မောင်ဘချစ် ပြန်လာပြီ

မောင်ဘချစ်အား သီပေါမြို့မှ ကုန်သည်ကြီးများက ဆားဖိုးငွေကို တစ်ပိဿာလျှင် သုံးကျပ်နှုန်းနှင့် ရှင်းပေးလိုက်သည်ဖြစ်ရာ မောင်ဘချစ်သည် အရင်းငွေထက် အဆပေါင်းများစွာ မြတ်လေတော့၏။ ထို့ကြောင့်ကားသမားများကိုလည်း ဘောက်ဆူးအဖြစ် ငွေများသာမက အဝတ်အထည်များပင် ဝယ်ခြမ်းပေးလိုက်သည်ဖြစ်ရာ ကားသမားတို့လည်း ပျော်ရွှင်ကြကုန်၏။ မောင်ဘချစ်တို့သည် အပြန်ခရီး၌လည်း အမေရိကန် စစ်ကားတန်းကြီးများ၏ နောက်မှကပ်လျက် ၎င်းတို့၏ ကားများကို မောင်းနှင်လာခဲ့ကြသောကြောင့် ဘေးမသီ ရန်မခဘဲလျက် မန္တလေးမြို့သို့ ရောက်ရှိခဲ့လေ၏။

မောင်ဘချစ်သည် အပြန်ခရီး၌လည်း သီပေါမှနေ၍ အာလူးနှင့် လက်ဖက်ခြောက်များ သယ်ယူလာသည်ဖြစ်ရာ ထိုပစ္စည်းများသည် မန္တလေး၌ပင် ဈေးကောင်းရသောကြောင့် ရောင်းချ

ပစ်လိုက်လေတော့၏။ ထိုသို့ ရောင်းချလိုက်ရာ အမြတ်ငွေ အမြောက်အမြားကို ရရှိပြန်လေ၏။

ထို့ကြောင့် မောင်ဘချစ်သည် ကုန်တစ်ခေါက် ကူးရုံမျှနှင့်ပင် အတော်အတန် ကြွယ်ဝခြင်းအဖြစ်သို့ ရောက်ရှိသွားလေတော့၏။

မောင်ဘချစ်သည် ငွေထုပ်ကို ပိုက်လျက် ပျော်ရွှင်ချမ်းမြေ့စွာနှင့်ပင် အိမ်သို့ ပြန်ခဲ့လေတော့၏။ မောင်ဘချစ်သည် မိမိအိမ်သို့ မသွားသေးဘဲ ဦးဂွမ်တီ၏ ဘဲကလေးဆီသို့ ဝင်လေ၏။

"ဗျို့ ဦးဂွမ်တီ ဘာဖြစ်လို့လဲ"

မောင်ဘချစ်က လှမ်း၍ မေးလိုက်လေ၏။ ဦးဂွမ်တီသည် စောင်ခြုံအတွင်းမှနေ၍ မောင်ဘချစ်ကို လှမ်းကြည့်ပြီးလျှင်---

"ဟေ့ မောင်ဘချစ်၊ ဘယ်လိုလဲကွ၊ မင်းရဲ့မျက်နှာက ငွေတွေ အစုလိုက် အပုံလိုက် ရလာတဲ့ မျက်နှာမျိုးပါလား"

ဟု ဦးဂွမ်တီက ပြောလိုက်လေ၏။

"ဟုတ်ပါ့ဗျား၊ ကျုပ်တော့ ဒီတစ်ခါ ပွပေါက်တိုးခဲ့တာပဲ ဦးဂွမ်တီရယ်၊ ဟောဒီမှာ ဆရာသမားအတွက် ဓော်ဘွားနွတ်ခမ်းမွေး လက်ဆောင်ပြောက်"

ဟု ဆိုကာ မောင်ဘချစ်လည်း ဦးဂွမ်တီအား လက်ဆောင်ပြောက် တစ်ထုပ်ကို ပေးလေ၏။

ဦးဂွမ်တီက မောင်ဘချစ်ပေးသော လက်ဆောင်ပြောက်ထုပ်ကို ဖြေ၍ နမ်းရှုပ်ကြည့်ပြီးလျှင်---

"မင်းပဲ ရေနွေးတစ်အိုးလောက် တည်ပါဦးကွ၊ ပြီးတော့ မင်းယူလာတဲ့ လက်ဆောင်ပြောက်ကိုပဲ စော်ကွာ"



ဟု ဦးဂွမ်တီကဆိုသဖြင့် မောင်ဘချစ်သည် မီးဖိုတွင် အသင့်ရှိသောသော ရေနွေးအိုးမှ ရေနွေးငှဲ့ယူပြီးလျှင် ဓော်ဘွားနွတ်ခမ်းမွေး လက်ဆောင်ပြောက်များကို စော်လေ၏။

ဦးဂွမ်တီသည် လွန်စွာ ရနံ့နှင့် ပြည့်စုံလှသော လက်ဆောင်ပြောက်၏ အရသာကိုစုံရင်း ရေနွေးကြမ်းကို သောက်လေ၏။ မြောက် ကိုယ်လက်များ နာကျင်ကိုက်ခဲလွန်းသဖြင့် တကျွတ်ကျွတ်နှင့် စုတ်သပ်ကာ မောင်ဘချစ်နှင့် စကားပြောလေ၏။

မောင်ဘချစ်သည် ဦးဂွမ်တီ၏ ခြေထောက်၊ ပေါင်၊ ခါးသော နာကျင်ကိုက်ခဲသည့် နေရာများကို နှိပ်နယ်ပေးလေ၏။ ထိုအခါ ဦးဂွမ်တီက---

"မလုပ်ပါနဲ့ ကိုယ့်လူရယ်၊ ကိုက်တာခဲတာတွေက သူ့အလိုလို ပျောက်သွားမှာပါ၊ မင်းနှိပ်ပေးတာက အကြောင်းမဟုတ်ဘူး။ အကျင့်ပါနေဦးမယ်ကွာ၊ ကဲ--- ကဲ ကိုယ့်လူ အိမ်ပြန်ပေဦး။ တရုတ်အဘိုးကြီးနားနေလို့ မင်းမှာ ဘာအကျိုးမှ မထူး။ အခုနေ မင်းပြန်လာတယ်ဆိုတာကိုသိရင် မင်းမိန်းမ မမြနှစ်တို့ယောက် အတော့်ကို ပျော်ရှာမယ်ကွ၊ ငွေတွေလဲ ပါလာတယ်ဆိုတာများ သိလိုက်ရင် ပို၍ပြီးတော့ ဝမ်းသာဦးမယ်ကွ"

ဟု ပြောလိုက်လျှင် မောင်ဘချစ်က---

"တယ်လဲသိပါလား ဦးဂွမ်တီရယ်၊ အစစ်ပဲဗျ၊ သိပေါ်မှာ ပျော်ပြည်ကလာတဲ့ ပိုးစတွေ တွေ့လို့ အနစ်အတွက် ဝယ်လာတာဗျ၊ ဦးဂွမ်တီကတော့ တယ်လဲ သိတာကိုး"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးဂွမ်တီက---

"ငါသိတာတွေ လျှောက်ပြီးပြောရရင် မင်းသိပ်ပြီး အံ့သြ

သွားမှာပေါ့ကွာ။ မင်းရဲ့ လွယ်အိတ်ထဲမှာ ဗိုလ်ဝကလေးအတွက် ရှမ်းဆရာကြီးတစ်ယောက်ဆီက ဝယ်ခဲ့တဲ့ ပန်းနာရင်ကျပ်ဆေး လဲ ပါသေးတယ် မဟုတ်လား"

ဟု ပြောလိုက်ရာ မောင်ဘချစ်က---

"ဟုတ်ပါ့ဗျာ။ ဦးရွှမ်တီကတော့ တယ်လဲသိတာကိုး၊ နောက် တစ်ခု ဘာများ ပါသေးတာလဲ ဆိုတာကို ပြောစမ်းပါဗျာ၊ အဲ မှန်ရင်တော့ ကျုပ် သိပ်အံ့သြမှာပဲ"

ဟု ပြောလေ၏။

"အံ့သြချင်လဲ အံ့သြပေါ့ ကိုယ့်လူရာ။ ကိုယ့်လူရဲ့အိတ်ထဲမှာ ဘုရားတစ်ဆူလဲ ပါသေးတယ်ကွ၊ အဲဒါ ရှမ်းပြည်နယ်က ပါ လာတာပဲ၊ အဲဒါကတော့ မင်းယောက္ခမကြီးကို ပေးဖို့ အလကား တောင်းလာတာပါကွာ"

ဟု ဦးရွှမ်တီက ပြောလိုက်ရာ မောင်ဘချစ်က ပါးစပ် အဟောင်းသားနှင့်---

"အလိုလေး--- နတ်သိကြားများလားဗျာ၊ အစစ်ပဲ၊ ရှမ်း ဆရာကြီးတစ်ယောက်ဆီကလက်ဆောင်ရခဲ့တာဗျ။ လက်ဆောင် ရတယ်ဆိုတာကလဲ ကျုပ်က တောင်းတာကိုဗျ၊ ဆရာကြီးက ပေးတော့တာပေါ့၊ ကျုပ်စိတ်ထဲမှာလဲ ယောက္ခမကြီးကို မျက်နှာ လုပ်မလို့ ရည်ရွယ်ချက် ရှိပါသဗျာ"

ဟု ပြောလိုက်လေ၏။

"ကဲပါ--- အိမ်ကို မြန်မြန်ပြန်ပါဦး၊ သူတို့တစ်တွေ ဝမ်းသာ အောင် လုပ်လိုက်စမ်းပါဦးကွ"

ဟု ဦးရွှမ်တီက ပြောလေ၏။ ထို့ကြောင့် မောင်ဘချစ်လည်း





ဦးရွှမ်တီအနီးမှ ထလေ၏။ ထို့နောက် အိမ်ဘက်သို့ ခပ်သုတ် သုတ်လျှောက်၍ လာလေတော့၏။

မောင်ဘချစ်လျှောက်လာသည်ကို မြနှစ်က လှမ်း၍မြင်လျှင် ရွှာ ဝမ်းမြောက်ရွှင်လန်းသွားလေ၏။

"ဟောတော့--- ကိုကိုချစ် ပြန်လာပြီ"

ဟုဆိုကာ အိမ်ဘက်သို့ လှည့်၍---

"အမေ--- ကိုကိုချစ်ပြန်လာပြီ"

ဟုလည်းကောင်း အိမ်ဘေးတွင် ပန်းပင်ရေလောင်းနေသော ဗိုလ်ဝကလေးအားလည်း---

"သားရေ--- ဟိုမှာ မင်း ဒယ်ဒီချစ် ပြန်လာပြီ"

ဟူ၍လည်းကောင်း အော်ဟစ်အကြောင်းကြားကာ ၎င်း ကိုယ်တိုင်ကမူ ခပ်လက်စ ရေပုံးကို ဝုန်းခနဲ လွှတ်ချ၍---

"ကိုကိုချစ်"

ဟု အော်ကာ မောင်ဘချစ်ထံသို့ ပြေးသွားလေတော့၏။ မောင်ဘချစ်လည်း အရှိန်နှင့် ပြေးလာသော မြနှစ်အား ဆီး၍ ဖက်ထားလိုက်လေ၏။ မြနှစ်သည် တော်တော်နှင့် စကားမပြော နိုင်သေးဘဲ ကတုန်ကယင်ကြီး ဖြစ်၍ နေလေ၏။ ထိုအခါ၌ မောင်ဘချစ်က မြနှစ်၏ ပခုံးကိုဖက်၍ အိမ်ဘက်သို့ လျှောက် လာလေတော့၏။

ဗိုလ်ဝကလေးကလည်း မောင်ဘချစ်ထံသို့ ပြေး၍ လာလေ ၏။ မောင်ဘချစ်သည် အခြားသော လက်တစ်ဖက်ဖြင့် ဗိုလ်ဝ ကလေးကိုပါ ဖက်လိုက်ပြန်လေ၏။

ထို့နောက် အိမ်ဘက်သို့ ဆက်၍ လျှောက်လာလေ၏။ အိမ်

သို့ရောက်လျှင် မြနှစ်တို့အမေကြီး ဒေါ်သိုင်းမြွကလည်း---

"မောင်ဘချစ်ရယ်--- ဓနီးထွက်သွားတော့ကာလဲ ကြာ ရှည်လား၊ သတင်းလဲမကြား၊ လူကြီးလဲ မလာနဲ့ ငါတို့ အမိတွေမှာ စိတ်ပူလိုက်ရကြာကတော့ မပြောပါနဲ့တော့ကွယ်"

ဟု ဆိုလေ၏။

"အမေ--- မန္တလေးကနေ. ရှမ်းပြည်နယ်အထိ တက် သေးတယ်၊ မန္တလေးမှာက ဆားရောင်းလို့ မရဘူး၊ သူ တောင် ကျွန်တော့်ကို ဆားတွေ အလကားယူသွားလို့ ပြော ကြတာ၊ အဲဒါနဲ့ ကျွန်တော်လဲ အသက်စွန့်ပြီး ရှမ်းပြည်နယ် တက်ရတာပဲ၊ စွန့်ရကျိုးတော့ နပ်ပါတယ်"

ဟုဆိုကာ ငွေထည့်ထားသော လွယ်အိတ်ကြီးကို အပြီး မှကိုင်၍ ကြမ်းပြင်ပေါ်သို့ စောက်ထိုးသွန်ချလိုက်ရာ ငွေ သည် အောက်သို့ ဝေါခနဲ ကျလာလေတော့၏။

"ငွေတွေ အများကြီးပါလား"

ဟု မြနှစ်က ပြောလေ၏။

ဒေါ်သိုင်းမြွကလည်း---

"ယောက်ျားတံခွန် လူရည်ချွန်ရင် ကောင်းကင်က ကြယ် တောင် ဆွတ်နိုင်သေးတာပဲ သမီးရယ်၊ မောင်ဘချစ်ကလဲ လူ မှ မဟုတ်ဘဲ၊ သူ့ဆရာ တရုတ်ကြီးက သူ့ကို လူရည်လူသွ ထက်အောင် သင်ထားပေးသားပဲ"

ဟု ပြောလေ၏။ မောင်ဘချစ်လည်း အခြားသော လွယ် အိတ်တစ်လုံးမှ ဘုရားဆင်းတုတော်တစ်ဆူကို ထုတ်၍---

"အမေ့အတွက်"

၆

ဓာတ်သိမ်း



ဟုဆိုကာ ဒေါ်သိုင်းမြွအား ပေးလေ၏။

ဒေါ်သိုင်းမြွလည်း ရွှေရောင် တဝင်းဝင်းရှိလှသော ဆင်းတု တော်ကိုမြင်လျှင်---

"သပ္ပာယ်လိုက်တာကွယ်၊ ရွှေတွေကို အိလို့"

ဟုဆိုကာ ဝမ်းသာအားရဖြင့် ဘုရားဆင်းတုတော်ကို ယူပြီး လျှင် ဘုရားစင်ပေါ်သို့ တင်လေ၏။ မောင်ဘချစ်သည် လွယ် အိတ်အတွင်းမှ တရုတ်ပိုးထည်များကို ထုတ်၍ မြနှစ်အား---

"အနှစ် အင်္ကျီချုပ်ဖို့"

ဟု ဆိုကာ ပေးလေ၏။ မြနှစ်လည်း ပိုးထည်များကို ကိုင် ကာ ဝမ်းသာနေလေ၏။ ထို့နောက် ရှမ်းဆရာကြီးထံမှ ဝယ်ယူ လာသော ပန်းနာရင်ကျပ်ဆေးပုလင်းကို ထုတ်ပြန်ကာ---

"ဒါကတော့ ဗိုလ်ဝအတွက်၊ ရင်ကျပ်ပျောက်ဆေး"

ဟုဆိုကာ ဗိုလ်ဝအား ပေးလေ၏။ ဗိုလ်ဝလည်း ဆေးပုလင်း ကို အားရဝမ်းသာဖြင့် လှမ်း၍ ယူပြီးလျှင်---

"ဒီဆေးနဲ့ပျောက်သွားရင်တော့ ရှမ်းဆရာကြီးကို သွားပြီး ကန်တော့ရအောင် အသီချစ်ရယ်"

ဟု ပြောလေ၏။

"ဒါပေါ့ကွ၊ သွားပြီးကန်တော့ရင် ကြာပါတယ်ကွာ၊ ဆရာ ကြီး ရန်ကုန်ကို ကြွခဲ့ပါလို့ မှာလိုက်မယ်၊ ဒီကျတော့ ဘုရားဖူးဖို့ လျှောက်ပို့မယ်၊ ပြီးရင် အဲဒီဆေးနည်းကို ဆရာကြီးဆီက ငါတို့ ဝယ်မယ်ကွာ၊ ပြီးတော့ ဆေးဖော်မယ်၊ ဆေးဖော်ပြီးရင် ရင်ကျပ် သမားတွေအားလုံး လာချကြဆိုပြီး အလကားပေးမယ်ကွာ၊ ဘာ ဖြစ်လို့လဲဆိုတော့ မင်းကိုကြည့်ရတာနဲ့ကိုပဲ ရင်ကျပ်ရောဂါသည်

ဉာဏ်ဝင်းစာပေ

တွေကို ဒယ်ဒီချစ်တော့ သနားလှပြီ"

ဟု မောင်ဘချစ်က ပြောလေ၏။ ထို့နောက် ခေါ်သိုင်းမြိုက

"သမီးရေ--- ဈေးသွားဦးလေကွယ်၊ မောင်ဘချ
တစ်ယောက်လဲ ခရီးပန်းလာတယ်၊ ဟင်းကောင်း ကျွေးကော
ကလေးများ ချက်ပြီး ကျွေးပါဦး"

ဟု ပြောလိုက်လျှင် မောင်ဘချစ်၏ မျက်နှာကို ငေးစိုက်၍
ကြည့်နေသော မြနှစ်လည်း---

"ဟုတ်သားပဲ"

ဟု ဆိုကာ မီးဖိုချောင်အတွင်းသို့ဝင်ကာ ဈေးခြင်းတောင်းက
ဆွဲလေတော့၏။ ထို့နောက် မောင်ဘချစ်အား---

"ကိုကိုချစ် ဘာစားမလဲ"

ဟု မေးလေ၏။

"ငါးပြေမပေါင်းသား ဆီပြန်ကလေး စားချင်တယ်ကွာ၊ ချက်
စမ်းပါ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ မြနှစ်ကတော့ ချစ်
စွယ် ဖြီး၍ အောက်ပါအတိုင်း ပြောလိုက်လေတော့၏။

"ကိုကိုချစ်ကတော့ လုပ်ပြီ"

❖ ❖ ❖



## မောင်ဘချစ် အငယ်နှင့် တွေ့ပြီ

မောင်ဘချစ်သည် ရှမ်းပြည်နယ်ဘက်သို့ သွားရောက်၍
အားရောင်းခဲ့သော ငွေများဖြင့် အတော်အတန် စီးပွားဖြစ်နေ
ပြီဖြစ်၏။ ထို့ကြောင့် နောက်ထပ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်
ရန်အတွက် အချိန်ယူကာ စဉ်းစား ကြံဆနေလေတော့၏။

ဦးဝွမ်တီက မောင်ဘချစ်အား---

"ဟေ့ ဆားသူဌေးနောက်ထပ် ဘာအလုပ်မှ မလုပ်သေးဘူး
လားကွ"

ဟု မေးလေ၏။

"ဘာလုပ်ရမယ် မသိသေးပါဘူး ဦးဝွမ်တီရယ်၊ အဲဒီအတွက်
စဉ်းစားနေတာပဲ"

ဟု မောင်ဘချစ်က ပြန်၍ပြောလျှင် ဦးဝွမ်တီက---

"စီးပွားရေးလုပ်ဖို့ဆိုရင် အိမ်မှာပဲ ထိုင်ပြီး စဉ်းစားမနေနဲ့ကွ၊
မြင်လေး ဘာလေးထွက်ပြီး လေ့လာရတယ် ကိုယ်လူရ၊

ဆားတွေနဲ့ မင်း မှုပေါက်တိုးခဲ့တာတွေကိုပဲ ကြည့်ကွာ၊ မြို့ထွက်ပြီး လက်ဖက်ရည်သောက်လို့ ဒီအကြံဉာဏ် ပေါ်လာ မဟုတ်လားကွ”

ဟု ပြောလေ၏။

“ထွက်ဆိုရင် ဒီနေ့ကိုပဲ အပြင်ထွက်ပြီး လေ့လာတော့မှာ”

ဟု မောင်ဘချစ်က ပြောပြန်လေ၏။

“ဒါပေါ့ကွာ၊ အပြင်ကလေးဘာလေးထွက်၊ နည်းနည်းပါးပါး လေ့လာ၊ လုပ်သင့်တာကိုလုပ်၊ ဒါပဲပေါ့ကွာ၊ မင်းက စီးပွားမရှာရင် မဖြစ်ဘူး၊ ရှာရလိမ့်မယ်၊ မင်းမှာ ပိုက်ဆံမရှိရင် မင်းမိန်းမ မမြနှစ်က ဘာမှ မပြောပေမယ့် မင်းယောက္ခမကြီးက တကယ်ကို သမီးကျည်းကြီးကွ၊ ပူပူလောင်လောင်ကြီးပါကွာ”

ဟု ဦးထွန်းတီက နောက်ချွတ်ချွတ် ပြန်၍ပြောလေ၏။

ထိုနေ့မှစ၍ မောင်ဘချစ်သည် မိုးလင်းသည်နှင့် တစ်ပြိုင်နက် ရေမိုးချိုး၍ အဝတ်အစားများလဲကာ အပြင်သို့ ထွက်လေတော့၏။ ထမင်းကိုပင် အိမ်သို့ပြန်မစားဘဲ အပြင်၌ပင် ဝယ်၍စားလေ၏။

“ဟဲ့ မြနှစ်၊ နင့်ယောကျ်ား ခုတလော တော်တော်အ[illegible] ပျက်နေတယ်”

ဟု ပြောလေ၏။ မမြနှစ်ကလည်း ထိတ်ထိတ်ပျာပျာနှင့်—

“ဘယ်လို အပြေပျက်တာလဲ အမေရဲ့”

ဟု မေးလေ၏။

“ညည်းက အကဲ မဖမ်းတတ်ဘူးလား၊ မိုးလင်းတာနဲ့ ထွက်သွားလိုက်တာ၊ မိုးကြီး စုပ်စုပ်ချုပ်မှကို ပြန်ပြန်ရောက်လာတာ





ဘယ်လောက်ကြာနေပြီလဲ၊ တခြားမှာ အငယ်အနှောင်းတွေများ ရှိနေပြီလား မဆိုနိုင်ဘူး၊ ကိုယ့်လင်ကို နည်းနည်းပါးပါး စစ်ဆေးကြည့်ပါဦး”

ဟု မမြနှစ်၏ အမေက ပြန်၍ ပြောလေ၏။

မောင်ဘချစ်မှာမူ ၎င်း၏ ထုံးစံအတိုင်း နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် လောကလေး တချွန်ချွန်ဖြင့် ရေမိုးချိုးကာ အဝတ်အစားလဲ၍ အပြင်သို့သာ ထွက်လေတော့၏။

တစ်နေ့သ၌ ဦးထွန်းတီကြီးသည် အပြင်မှ ပြန်လာပြီးလျှင် မောင်ဘချစ်၏အိမ်သို့ ကူးလာကာ မောင်ဘချစ်အား မေးလေ၏။ မမြနှစ်ကလည်း အပြင်သို့သွားကြောင်း ဖြေလေ၏။

မမြနှစ်၏မိခင် ဒေါ်သိုင်းရှိကမူ ဦးထွန်းတီအား—

“ပေါက်ဖော်ကြီးရယ်၊ ရှင့်လူကိုလဲ ရှင်ကြည့်ပြီး ပြောပါဦး၊ မိုးလင်းကနေ ထွက်သွားလိုက်တာ မိုးချုပ်မှပဲ အိမ်ကိုပြန်ရောက်တော့တယ်၊ အဲဒါဘာသဘောလဲ၊ ကျုပ်အထင်ပြောရရင်တော့ တခြားမှာ အငယ်အနှောင်းတွေ ရှိနေပြီထင်တယ်၊ ကျုပ်တော့ ဒီကောင့်ကို တော်တော့်ကို မျက်စိစပါးမွေး စူးနေပြီ၊ ပေါက်ဖော်ကြီးမှာလဲ ဒီကောင့်ကို ဆုံးမဖို့ ဝတ္တရားရှိတာပဲ မဟုတ်လား”

ဟု ပြောလေတော့၏။ ထိုအခါ၌ ဦးထွန်းတီက တရုတ်ဘိန်းစားများသောက်သော ဒီးကရက်ကလေးကို ထုတ်၍ သောက်ပြီးလျှင်—

“သမီးရည်းစား လင်မယားဖြစ်အောင် ကူညီရတဲ့ လူတစ်ယောက်ဟာ ဟင်းချိုချက်တဲ့လူနဲ့ တူတယ် ဒေါ်သိုင်းရှိရဲ့ ဟင်းချိုကို သောက်လို့ကောင်းရင် ဟင်းချိုကလေးက ချိုလိုက်

တား ငံပြာရည် တော်တော်ကောင်းလို့နဲ့တူတယ်လို့ ငံပြာရည်ကိုပဲ ချီးမွမ်းကြတယ်၊ ချက်တဲ့လူကို မချီးမွမ်းဘူး၊ တကယ်လို့များ ဟင်းချိုဟာ သောက်လို့ မကောင်းဘူးဆိုရင်တော့ ငံပြာရည်ကို အပြစ်မတင်ပြန်ဘူး၊ ဘယ်သူချက်တဲ့ ဟင်းချိုလဲ သောက်ရတာ ဘာအရသာမှ မရှိဘူး၊ ညံ့လှချည်လားလို့ ဟင်းချိုချက်တဲ့လူကို အပြစ်တင်တတ်ကြတယ်၊ ဒီလိုပဲဗျ မောင်ဘချစ်က သက်စွန့်ကြိုးပမ်းနဲ့ ရှမ်းပြည်နယ်ဘက်ကိုတက်ပြီး ဆားတွေရောင်းလို့ ငွေတွေ အများကြီးရလာတုန်းကတော့ ဒေါ်သိုင်းမြိုက ပေါက်ဖော်ကြီးလုပ်ပေးလို့ ဒီလိုသမက်ချီးရတယ်လို့ ကျုပ်ကို မချီးမွမ်းခဲ့ဘူး၊ ဟော အခုလို မောင်ဘချစ်လဲ ခြေလှမ်းမှားလာရော ကျုပ်ကို အပြစ်တင်တော့တာပဲ၊ ကျုပ်ဟာ ဟင်းချိုချက်တဲ့လူလို ဖြစ်နေပြီ"

ဟု ပြောဆိုကာ ဦးရွှမ်တီသည် တခစ်ခစ် ရယ်မောလေ၏။

ဒေါ်သိုင်းမြိုလည်း ဦးရွှမ်တီ၏စကားကို လွန်စွာ သဘောကျ၍ သွားလေတော့၏။ ထို့ကြောင့်---

"ပေါက်ဖော်ကြီးကတော့ ပြောလဲ ပြောတတ်ပါရဲ့တော်၊ ကျုပ်ပြောချင်တာက ဒီလို မဟုတ်ပါဘူး၊ မောင်ဘချစ်ကို နည်းနည်းပါးပါး သတိပေးဖို့ပါ"

ဟု ပြောလေ၏။

"အခုလာတာလဲ သတိပေးဖို့ လာတာပဲဗျ၊ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပြီ၊ တိုင်းပြည်မှာလဲ ရုတ်ရုတ်ရက်ရက် ဖြစ်နေတယ်၊ အပြင်ကို မသွားနဲ့ဦးလို့ ပြောမလို့ လာခဲ့တာပဲ"

ဟု ဦးရွှမ်တီက ပြောလိုက်သည့် အချိန်၌မှာပင် ဗိုလ်စ





ကလေးက---

"ဟိုမှာ ဒယ်ဒီချစ် ပြန်လာပြီ"

ဟု အားရဝမ်းသာ အော်လိုက်လေ၏။ မောင်ဘချစ်လည်း ဦးရွှမ်တီကိုတွေ့လျှင်---

"ဦးရွှမ်တီရေ--- ဗိုလ်ချုပ်တို့တော့ လုပ်ကြံခံရပြီဗျို့"

ဟု ပြောလိုက်လျှင် ဦးရွှမ်တီက---

"ငါလဲသိတယ်ကွ၊ အဲဒါကြောင့် တိုင်းပြည်က ဘယ်လိုမှန်း မသိသေးဘူး၊ အပြင်ကို သိပ်မထွက်နဲ့ဦးလို့ သတိပေးမလို့ကွ"

ဟု ပြောလေ၏။

ဒေါ်သိုင်းမြိုနှင့် မမြနှစ်တို့လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပုံကို မောင်ဘချစ်အား မေးမြန်းကြကုန်၏။ မောင်ဘချစ်ကလည်း ၎င်းကြားခဲ့သမျှ သိခဲ့သမျှကို ပြောပြလေ၏။ ဦးရွှမ်တီမှ---

"ဘယ်ဖြစ်ဖြစ်ကွာ၊ အခုတလော အပြင်မထွက်နဲ့ဦးကွ"

ဟု မောင်ဘချစ်အား သတိပေးကာ ၎င်း၏တဲကလေးဆီသို့ ပြန်၍သွားလေ၏။ ထို့ကြောင့် ထိုနေ့မှစ၍ မောင်ဘချစ်သည် အပြင်သို့မထွက်ဘဲ အိမ်ကပ်၍ နေပြန်လေ၏။ ပျင်းရိငြီးငွေ့လာသောအခါများ၌မူ ဦးရွှမ်တီ၏ တဲကလေးဆီသို့ သွားရောက်ကာ ဦးရွှမ်တီနှင့် စကားပြော၍ နေလေ၏။

ဤသို့လျှင် လအတန်ကြာ အိမ်၌ ကုပ်၍နေခဲ့ပြီးနောက် မောင်ဘချစ်သည် ဦးရွှမ်တီအား---

"ဘယ်လိုလဲ ဦးရွှမ်တီ၊ ကျုပ် အပြင်ထွက်လို့ ရပြီလား"

ဟု မေးလေ၏။

"ရပါပြီကွာ၊ တိုင်းပြည်လဲ အခြေအနေ ကောင်းလာမှပဲ မကြာခင် လွတ်လပ်ရေး ရတော့မှာမဟုတ်လား၊ အပြင်ကလေး ဘာလေး ထွက်ပြီးတော့ စီးပွားရေးအကွက်ကလေး ဘာလေး ကြည့်ချင်လဲ ကြည့်ပေါ့ကွာ၊ အရေးကြီးတာကတော့ ညောင်သီး လဲစားရမယ်ကွ၊ လေးသံကိုလဲ နားထောင်ရမယ်"

ဟု ပြောလိုက်လေ၏။

မောင်ဘချစ်လည်း ထိုနေ့မှစ၍ ၎င်း၏ထုံးစံအတိုင်း နံနက် မိုးလင်းသည်နှင့် တစ်ပြိုင်နက် ရေမိုးချိုးကာ အဝတ်အစားလဲပြီးလျှင် အပြင်သို့ ထွက်သွားလေတော့၏။

ဤသို့လျှင် နေ့စဉ်ရက်ဆက် အပြင်သို့ ထွက်ခဲ့ရာ တစ်နေ့သ၌ အငယ်ဟုခေါ်သော သူငယ်ချင်းတစ်ယောက်နှင့် ရန်ကုန်မြို့ အတွင်း၌ တွေ့ဆုံကြလေတော့၏။ ၎င်းအငယ်ဆိုသူ၏ နာမည်အရင်းမှာ မောင်ငယ်ဟူ၍ ဖြစ်လေ၏။ သို့ရာတွင် ၎င်း၏ သူငယ်ချင်းများက အငယ်ဟုပင် အများခေါ်တွင်သောကြောင့် ၎င်း၏အမည်သည် အငယ်ဟူ၍ တွင်ရစ်လေတော့၏။

"ဟေ---မောင်ဘချစ်၊ တွေ့ရတာ ဝမ်းသာလိုက်တာကွာ၊ မင်းနဲ့ငါနဲ့ ကွဲသွားတာဆိုရင် မင်း ဦးရွှေကျီးကုမ္ပဏီက ထွက်သွားကတည်းကပဲနော်"

ဟု အငယ်က နှုတ်ဆက်ပြောဆိုလေ၏။

"ဟုတ်တယ်အငယ်၊ စစ်မဖြစ်ခင်ကတည်းက ကွဲသွားကြတာပဲ၊ ဒါနဲ့နေပါဦးကွာ၊ မင်း အခုဘာလုပ်နေတာတုံး"

ဟု မောင်ဘချစ်က မေးလေ၏။

"အခုတော့ ဘာမှ အလုပ်မဖြစ်သေးပါဘူးကွာ၊ ဒါပေမယ့် ငါ





က်ခွေတစ်ယောက်ဟာ မကြာခင်ပဲ အိန္ဒိယကို သွားလိမ့်မယ် မှ အားလုံး အဆင်သင့် ဖြစ်နေပါပြီ၊ သူ့ကို အစိုးရက စေးလွှတ် ပြီလှာပဲ၊ သူက အိန္ဒိယကုမ္ပဏီတွေနဲ့ဆက်ပြီး မြန်မာပြည်မှာ ရှိမယ့် ပစ္စည်းတွေဝယ်ပြီး ပို့မယ်ကွာ၊ ငါက ဒီက 'ရက်ပ်' ပေါ့ကွာ"

ဟု ပြောလေ၏။

"ဘာလဲအငယ်ရ၊ 'ရက်ပ်' ဆိုတာ"

ဟု မောင်ဘချစ်က မေးလေ၏။

"မင်းတော်တော် အ သေးတဲ့ကောင်ပဲ၊ လူတော်တော်များ များဟာ လွတ်လပ်ရေးရပြီးတာနဲ့ ကုမ္ပဏီထောင်နိုင်မယ့်လူက ထောင်ကြမယ်၊ မထောင်နိုင်တဲ့လူက ရက်ပ်လုပ်ကြမယ်လို့ တာ နေကြတာပဲ"

ဟု အငယ်က ပြောလေ၏။

"အေး--- ဟုတ်ပါပြီ၊ အဲဒီ 'ရက်ပ်' ဆိုတာ ဘာလဲလို့ ပြော မယ်ပါဦး"

ဟု မောင်ဘချစ်က မေးလေ၏။

"'ရက်ပ်' ဆိုတာ အတိုပြောတာပေါ့၊ အရှည်ကတော့ ရီ ယ်ဇင်တေးတစ်ပေါ့ကွာ၊ ကုမ္ပဏီရဲ့ ကိုယ်စားလှယ်တော်ကြီး ပဲ မောင်ဘချစ်ရယ်"

ဟု အငယ်က ရှင်းပြလိုက်လေ၏။

"မင်းတို့က ဘယ်လို လုပ်ကြမှာတုံး"

ဟု မောင်ဘချစ်က မေးပြန်၏။

"ငါက ဒီလောက် နားမလည်ဘူးကွ၊ ငါ့မိတ်ဆွေ ကိုမောင်

မောင်အေးဆိုတဲ့လူက ကျွမ်းကျင်တာကွ၊ သူက အစိုးရဆီမှ အိန္ဒိယပြန်သွားခွင့် လျှောက်ထားတယ်၊ သွားခွင့်ရတာနဲ့ အိန္ဒိယ ကို ထွက်သွားမယ်ကွာ၊ ပြီးတော့ ဟိုက ကုလားတွေနဲ့ ဆက် သွယ်မယ်၊ ဆက်သွယ်ပြီးရင် ပစ္စည်းတွေကို ဝယ်ပြီး မြန်မာ ပြည်ကို ပို့မယ်၊ ငါက မြန်မာပြည်ကနေ နိုင်ငံ ဖြန့်ဖို့ရှိရဲ့"

ဟု အငယ်က ပြောလေ၏။

"ဒါနဲ့ မင်းမိတ်ဆွေ ကိုမောင်မောင်အေးဆိုတဲ့လူက နိုင်ငံခြား သွားပြီး ပစ္စည်းတွေ ဝယ်မယ်ဆိုတော့ သူက တော်တော်ပဲ ချမ်း သာလို့လား"

ဟု မောင်ဘချစ်က မေးလေ၏။

"သူကတော့ မချမ်းသာပါဘူးကွ၊ ဒါပေမယ့် အပေါင်းအသင်း အဆက်အသွယ် ကောင်းတယ်၊ သူ့ရဲ့ လုပ်ရည်ကိုင်ရည်ကို ပိုက်ဆံရှိတဲ့လူတွေက ယုံကြည်ကြတယ်ကွ၊ အခုဆိုရင်ကွာ မိုးလင်းတာနဲ့တစ်ပြိုင်နက် သူ့အိမ်မှာ သူဌေးတွေ ရောက်နေပြီ ကိုမောင်မောင်အေးရယ်၊ ကျုပ်ဆီကငွေလေးနှစ်သောင်းလောက် ယူသွားပေးပါဗျာ၊ ငွေလေးတစ်သောင်းလောက် ယူသွားပေးပါ ဗျာ၊ ခင်ဗျားပြန်လာရင်သာ ဒီမှာကိုက်မယ်ထင်တဲ့ ပစ္စည်း ကလေးတွေ ဝယ်ခဲ့ပါနဲ့ ကိုမောင်မောင်အေးရဲ့ ခြေသလုံးကို လာ ပြီးဖက်နေကြတာ၊ သူဌေးတွေဆိုတာ မပြောပါနဲ့တော့ကွာ"

ဟု အငယ်က ပြောလေ၏။ မောင်ဘချစ်လည်း တစ်စုံတစ်ခု ကို စဉ်းစား၍ နေလေ၏။ ထိုအခါ အငယ်က---

"ဟေ့--- မောင်ဘချစ်၊ မင်းကကော ဘာတွေ လုပ်နေတာ တုံး"





ဟု မေးလေ၏။

"ငါကတော့ကွာ၊ ဆားကုန်ကူးလို့ ရထားတဲ့ ငွေထုပ်ကလေး ကိုင်ပြီး နောက်ထပ် ဘာအလုပ်များ လုပ်ရမလဲလို့ စဉ်းစားနေ တာပဲ"

ဟု မောင်ဘချစ်က ပြောလျှင် အငယ်၏ မျက်နှာသည် မျှော်စီးလက်လိုက်တိုသကဲ့သို့ ဝင်းနေ ဖြစ်၍ သွားပြီးလျှင်---

"ဒီလိုဆို နေရာကျတာပေါ့ကွာ၊ ကိုမောင်မောင်အေးကို ငါပြောပေးပါ့မယ်၊ မင်းဆီက ပိုက်ဆံလေးဘာလေး ယူသွား အောင်ပေါ့ကွာ၊ သူက လူတိုင်းရဲ့ ပိုက်ဆံကို ယူမသွားဘူးကွ တစ်နေ့ကများဆိုရင် သူဌေးတစ်ယောက်ကို ငွေမောင်းသလို မောင်းပစ်လိုက်တာ"

ဟု ပြောလေ၏။ မောင်ဘချစ်လည်း လွန်စွာ စိတ်ပါ၍ လာလေတော့၏။

"ကဲကွာ ဒီလိုဆိုလဲ မင်းပြောတဲ့အတိုင်း ကိုမောင်မောင်အေး ဆီ သွားရအောင်"

ဟု မောင်ဘချစ်က ပြောလေ၏။ ထိုအခါ အငယ်က---

"ဒီနေ့သွားလို့ မဖြစ်ဘူးကွ၊ ကိုမောင်မောင်အေးကို ကြီးကြီး မာတောတစ်ယောက်က ထမင်းဖိတ်ပြီးကျွေးနေလို့ ထမင်းစားပွဲ ကို သွားနေတယ်၊ နက်ဖြန်မှ သွားကြတာပေါ့ကွာ၊ နက်ဖြန်ကျ ရင် ဟောဒီလက်ဖက်ရည်ဆိုင်ကို လာခဲ့ကွာ၊ စောစောကလေး လာခဲ့၊ ရှစ်နာရီထက်တော့ နောက်မကျစေနဲ့ပေ့"

ဟု ပြန်၍ ပြောလိုက်လေ၏။ မောင်ဘချစ်ကလည်း---

"ကောင်းပြီလေ၊ လာခဲ့မယ်"

ဟု ဆိုကာ လမ်းခွဲခဲ့လေတော့၏။

မောင်ဘချစ်၏ အိမ်၌မူ ဒေါ်သိုင်းမြိုက မမြနှစ်အား---

"ဟဲ့--- မြနှစ်၊ ညည်းလင် ပြေပျောက်နေပြန်ပြီ၊ အပြင်မှာ အငယ်အနှောင်းတွေ ဘာတွေများ ရှိနေပြီလား မဆိုနိုင်ဘူး နည်းနည်းပါးပါးလဲ စစ်ဆေးကြည့်ပါဦး"

ဟု ပြောလေ၏။ မမြနှစ်ကမူ---

"ဟုတ်မယ် မထင်ပါဘူး အမေရယ်"

ဟု ပြန်၍ ပြောလေ၏။

မောင်ဘချစ်သည် ညနေ နေဝင်ရီတရောအချိန်၌ အိမ်သို့ ပြန်လည်ရောက်ရှိလာသည်။ အိမ်ပေါ်သို့ လောကလေး တချွန်ချွန်နှင့် တက်၍လာသော မောင်ဘချစ်ကို မြင်လျှင် ဒေါ်သိုင်းမြိုက မမြနှစ်အား မသိမသာ မေးငေါ့၍ ပြလေ၏။ အဓိပ္ပာယ်မှာ---

"ညည်းလင် မရိုးဘူး"

ဟူ၍ ဖြစ်လေ၏။

မမြနှစ်သည် မောင်ဘချစ်က လှမ်း၍ ပေးလိုက်သော တိုက်ပုံအင်္ကျီကို ယူရင်း---

"ကိုကိုချစ်ကိုကြည့်ရတာ အငယ်နဲ့တွေ့နေတဲ့အတိုင်းပဲ"

ဟု ပြောလိုက်ရာ မောင်ဘချစ်သည်---

"ဟေ"

ဟု ယောင်ယမ်း၍ အော်လိုက်မိလေတော့၏။

"အငယ်နဲ့တွေ့နေပြီ ဟုတ်လား"

ဟု မမြနှစ်က ထပ်၍ မေးပြန်လေ၏။

"အနှစ်ကို ဘယ်သူပြောသလဲ"





ဟု မောင်ဘချစ်က မေးလေ၏။

"ဘယ်သူပြောရမှာလဲ အမေက ပြောတာပေါ့"

ဟု မမြနှစ်က ပြောလိုက်ရာ မောင်ဘချစ်သည် ဒေါ်သိုင်းမြိုထံသို့လှည့်၍ ကြည့်ပြန်၏။

"မင်းဘာပြောင်းမလဲ မောင်ဘချစ်၊ အခုမင်းပြန်လာတာကိုက အငယ်ဆီက ပြန်လာတာ မဟုတ်လား"

ဟု မေးလိုက်လေ၏။

"အလိုလေးဗျာ--- မှန်လှချည်လား၊ မမြနှစ်တို့ အမေဟာ ဒီအတိုင်းဆိုရင်တော့ ကဝေကြီးပါပဲဗျာ၊ ကဝေကြီးမဟုတ်ရင်တော့ ဒီကိစ္စဟာ ဘယ်နည်းနဲ့မှ သိနိုင်မှာ မဟုတ်ဘူး"

ဟု မောင်ဘချစ်က ပြောလေ၏။ ထိုအခါ၌ ဒေါ်သိုင်းမြိုသည် ရင်ကိုကော့၍ မမြနှစ်အား လှမ်း၍ကြည့်ကာ---

"ငါမပြောဘူးလား မြနှစ်၊ အခုတော့ ပေါ်ပြီလေ"

ဟု ပြောလျှင် မောင်ဘချစ်က---

"ပေါ်ပါပြီခင်ဗျာ၊ ကျွန်တော်အခုပဲ အငယ့်ဆီက ပြန်လာတာပါ။ သူက ဆီချက်ခေါက်ဆွဲ စားချင်တယ်ဆိုလို့တောင်မှ တရုတ်တန်းမှာ လိုက်ပြီး ကျွေးရသေးတယ်"

ဟု ပြောလိုက်လေတော့၏။

"ဒီကောင်မ အခု ဘယ်မလဲ"

ဟု ဒေါ်သိုင်းမြိုက ဒေါနှင့်မောနှင့် မေးပြန်လေ၏။ ထိုအခါ ကျမှပင် မောင်ဘချစ်လည်း မျက်လုံးပြူးလေတော့၏။

"အဒေါ် ဘယ်ကောင်မကို မေးတာလဲ"

ဟု မောင်ဘချစ်က ပြန်၍ မေးလေ၏။

"ဘယ်ကောင်မကို မေးရမှာလဲဟဲ့ နင့်နဲ့အတူ ဆီချက်ခေါ
ဆွဲစားတဲ့ကောင်မကို မေးတာပေါ့"

ဟု ဒေါ်သိုင်းမြကြ ပြောလေ၏။

"ဗျာ--- ကျွန်တော်နဲ့ ဆီချက်ခေါက်ဆွဲစားတာ ကော
မပါဘူး"

ဟု မောင်ဘချစ်က ပြောလျှင် ဒေါ်သိုင်းမြက---

"အငယ်ဟာ ကောင်မ မဟုတ်လို့ ဘာတုံး"

ဟု ပြောလေ၏။

"အငယ်ဟာ ကောင်မ မဟုတ်ဘူးဆိုတာ သေချာပါတယ်
ကောင်ဟာ ကောင်ထီးပါ၊ ကျွန်တော်နဲ့ ရင်းနှီးပါတယ်၊ ဘာဖြ
လို့လဲ အမေရဲ့၊ ဒီကောင်ဟာ မောင်မစ္စကလို ယောကျ်ား
တစ်လှည့် မိန်းမတစ်လှည့်လား၊ ဒီလိုလဲ မဖြစ်နိုင်ပါဘူး အမေ
ရယ်၊ ဒီကောင်နဲ့ကျွန်တော်နဲ့ အရင်တုန်းကဆိုရင် တစ်အိပ်ရာ
တည်းတောင် အတူအိပ်ခဲ့ကြတာ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ မမြနှစ်က---

"ကိုကိုချစ် ဘာတွေ လျှောက်ပြောနေတာတုံး"

ဟု ဆိုလေ၏။

"ဘာတွေပြောနေရမလဲ အနှစ်ရယ်၊ ကိုကိုချစ် ရှော
ကျွက်ကျော်မှာလုပ်တုန်းက သူငယ်ချင်း အငယ်ဆိုတဲ့ကောင်ကို အနှ
တို့ အမေကြီးက ယောကျ်ားတစ်လှည့် မိန်းမတစ်လှည့်လို့ ပြော
နေတယ်ကွ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ မမြနှစ်သည် အဓိပ္ပာယ်
ကို ကောင်းစွာနားလည်သွားပြီ ဖြစ်သဖြင့် တအားကုန်ရယ်မော





လေတော့၏။

ထိုသို့ရယ်မောပြီးနောက်---

"မဟုတ်ဘူးကိုကိုချစ်ရေ၊ အမေက ကိုကိုချစ်ကို အပြင်မှာ
မယားငယ်တွေ ရှိနေပြီလားလို့ အစ်ပြီးမေးတာကို ကိုကိုချစ်က
ဘာတွေလျှောက်ပြောနေတာတုံး"

ဟု မမြနှစ်က ပြောလိုက်မှပင် မောင်ဘချစ်သည် အူတက်
အောင် ရယ်မောလေတော့၏။ ထို့ကြောင့် မောင်ဘချစ်သည်
ဦးရွှမ်တီ၏ ထဲကလေးဆီသို့ ကူးလာပြီးလျှင် ဖြစ်ပျက်ပုံ အလုံးစုံ
ကို ပြောပြရာ ဦးရွှမ်တီက---

"ငါ ပိုက်ဆံအိတ်ပျောက်တုန်းက အိမ်ဘေးက ဘုန်းကြီးလူ
ထွက်ကို အကဲခတ်ပြီး သူ့နှိုက်ပေါက်နေတယ်လို့ ထင်ခဲ့သလို
ပေါ့ကွာ"

ဟု ပြောဆိုကာ ရယ်မောလေတော့၏။

❖ ❖ ❖

နောက်တစ်နေ့၌ မောင်ဘချစ်သည် ယမန်နေ့က အငယ်ဆို
သော သူနှင့် ချိန်းဆိုထားသော ဖရေဇာလမ်းနှင့် ဆူးလေဘုရား
လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့လေ၏။

လက်ဖက်ရည်ဆိုင်သို့ရောက်လျှင် ၎င်းအား စောင့်ဆိုင်းနေ
သော အငယ်ဆိုသူနှင့် တွေ့လေ၏။

"ကြာပြီလားအငယ်"

ဟု မောင်ဘချစ်က မေးလေ၏။

"မကြာသေးပါဘူးကွာ၊ ကဲ--- လက်ဖက်ရည်သောက်ပြီးရင် ကိုမောင်မောင်အေးဆီကို သွားရအောင်"

ဟု ပြောလေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် လက်ဖက်ရည် အတူတကွ သောက်ကြပြီးလျှင် တာမွေလေးဘက်ဆီသို့ ခရီးဆက်ခဲ့ကြလေ၏။

တာမွေလေး ရပ်ကွက်ရှိ တဲအိမ်ကလေးများ ပြွတ်သိပ်စွာ ဆောက်လုပ်ထားသော နေရာသို့ရောက်လျှင် အငယ်က---

"ကိုမောင်မောင်အေးက အနေ သိပ်ကုပ်တယ်ကွ၊ ထည်ထည်ဝါဝါ မနေတတ်ဘူး"

ဟုပြောလေ၏။ မောင်ဘချစ်သည် အငယ်ဦးဆောင်၍ ခေါ်ငင်ရာနောက်သို့ တကောက်ကောက် လိုက်ရလေ၏။ အမှိုက်ပုံများကို ကျော်ဖြတ်၍ ရှောင်ရ၏။ ရွှံ့ဗွက်များကို လုံချည်မ၍ နင်းရ၏။ ခနော်ခနဲ့ နိုင်လှသော ဝါးလုံးတံတားများကိုဖြတ်ရ၏။

ဤသို့ခက်ခဲစွာဖြင့် အငယ်၏ဆရာ ကိုမောင်မောင်အေး၏ အိမ်သို့ ရောက်ရှိလေတော့၏။ ကိုမောင်မောင်အေးဆိုသူသည် အငယ့်ကိုမြင်လျှင်မြင်ချင်း ကျောင်းပြေးသော ကျောင်းသားအား ကျောင်းအုပ်ဆရာကြီးက ကြည့်သော မျက်လုံးမျိုးဖြင့် လှမ်း၍ ကြည့်လိုက်သဖြင့် မောင်ဘချစ်သည်ပင်လျှင် နှိုးတိုးရှိန်းတန့် ဖြစ်၍သွားလေ၏။

ကိုမောင်မောင်အေးသည် မှတ်ဆိတ်ရိတ်သော ဂျတ်အတွင်းသို့ ဘလိပ်ဓားကို ထည့်ရင်း အငယ်အား---

"ဘယ်လိုလုပ်တာလဲ အငယ်၊ မင်း ငါ့ဆီကို မရောက်တာ





ဘယ်နှစ်ရက်ရှိပြီတုံး၊ မင်းကို ငါက ပေးရမယ့်တာဝန်က သေးသေး တာဝန်မဟုတ်ဘူးနော်၊ 'ရက်ဝ်'ပါ၊ ဒီအလုပ်ကို လွယ်တယ်မထင်နဲ့"

ဟု ဆီး၍ ဟောက်လေ၏။ အငယ်ကလည်း ကြောက်ရွံ့တုန်လှုပ်စွာဖြင့်---

"ဆရာကိုမောင်မောင်အေးရယ်၊ ကျွန်တော် နေမကောင်းလို့ပါခင်ဗျာ၊ ပြီးတော့ မနေ့ကလဲ လာမလို့ပါပဲ၊ ဟောဒီက ကျွန်တော့သူငယ်ချင်းနဲ့ တွေ့နေလို့ပါ၊ သူနဲ့ကျွန်တော်က ရွှေကိုးကျွန်းကြီးမှာ လုပ်ခဲ့ကြတာ၊ စစ်မဖြစ်ခင်ကတည်းက ကွဲသွားကြတာ၊ မနေ့ကမှ ပြန်တွေ့ခဲ့ကြတယ်ခင်ဗျ"

ပြောလေ၏။ ထိုအခါမှ ကိုမောင်မောင်အေးဆိုသူသည် မောင်ဘချစ်အား ခြေဆုံးခေါင်းဆုံး ကြည့်ပြီးလျှင်---

"ထိုင်ပါ ထိုင်ပါ"

ဟု ဆိုကာ ဖျာစုတ်ကလေးကို ထိုး၍ ပေးလေ၏။ မောင်ဘချစ်က ထိုင်လိုက်သော အခါမှ---

"နာမည် ဘယ်နှယ်ခေါ်သလဲ"

ဟု မေးလေ၏။ မောင်ဘချစ်က ရိုသေသော အမူအရာနှင့်-

"ကျွန်တော့်နာမည် ဘချစ်ပါ"

ဟု ပြောလေ၏။ ထိုအခါမှ ကိုမောင်မောင်အေးသည် မောင်ဘချစ်အား---

"ကိုဘချစ်ရေ ခင်ဗျားသူငယ်ချင်း အငယ်က ဘာလုပ်လုပ်တာ သိပ်ပြီး ပေါ့တယ်ဗျာ၊ ဒီလိုပေါ့ရင် စည်းစနစ်ကြီးကြီးလုပ်လို့ မရဘူး၊ ကျုပ်မှာက အစိုးရပိုင်းက ခေါ်တွေ့လိုက်၊ သူတို့မှာချင်

ရာတွေ မှာလိုက်၊ အဲဒီကိုလဲ သွားရသေးတယ်၊ ပြီးတော့ ပိုက်ဆံဝါလားတွေကလဲ လာနေကျန်ပါပြီ၊ တကိုကိုနဲ့ သူပိုက်ဆံယူသွားပါ၊ ငါပိုက်ဆံယူသွားပါနဲ့ နားကို ပူနေတာပဲ၊ တစ်နေ့ကများဆိုရင် အဲဒီပိုက်ဆံဝါလားတွေနဲ့ မတွေ့ချင်တာနဲ့ကို အလယ်ပဒေသက မောင်ရှမ်းသာဇရပ်မှာ သွားပြီး တစ်နေ့ကုန် အိပ်နေလိုက်တော့တယ်ဗျာ၊ ကြာတော့လဲ မတတ်နိုင်တော့ဘူး"

ဟု ပြောလေ၏။ အငယ်ကလည်း---

"စိတ်မဆိုးပါနဲ့ ဆရာကိုမောင်မောင်အေးရယ်၊ ကျွန်တော်က တကယ်နေမကောင်းလို့ မလာတာပါဗျာ"

ဟု ပြောလေ၏။ ထို့နောက် ကိုမောင်မောင်အေးက---

"ကျုပ်က ရွှေအပတ်ထဲမှာ အိန္ဒိယကို သွားမယ်ဗျ၊ အဲဒီက ကုလားတွေနဲ့ ဆက်ပြီးအလုပ်လုပ်ဖို့"

ဟုပြောလေ၏။ အငယ်ကလည်း တောင်းပန်တိုးလျှိုးသော မျက်နှာနှင့် ကိုမောင်မောင်အေးအား---

"ဆရာကိုမောင်မောင်အေးရယ်၊ ဟောဒီ ကျွန်တော့်သူငယ်ချင်း မောင်ဘချစ်အတွက် ထည့်ပြီး စဉ်းစားပေးပါဦးဗျာ၊ ဒီကောင်ကြီး ရိုးကလည်းရိုး၊ အလဲ အလွန်အတာဗျ၊ ကျွန်တော်တို့ဆရာတို့ မ စမကိုပဲ ကြီးပွားရမှာ"

ဟုပြောလေ၏။ ထိုအခါ၌ ကိုမောင်မောင်အေးက မောင်ဘချစ်၏ မျက်နှာသို့ လှမ်း၍ ကြည့်လိုက်ပြီးလျှင်---

"ကိုဘချစ်က ဘယ်လို လုပ်ချင်တာတုံး"

ဟု မေးလေ၏။

"ကျွန်တော်လဲပဲ ကိုမောင်မောင်အေးကို ပိုက်ဆံနည်းနည်းပါး





ပါး ပေးလိုက်ချင်ပါတယ်၊ ဒီရောက်ရင် ကိုက်မယ့် ပစ္စည်းကလေးတွေ ဝယ်ခဲ့ပါ"

ဟု မောင်ဘချစ်က ပြောလေ၏။

"အေးဗျ ကျုပ်ကို မှာလိုက်ကြတာတွေကတော့ စုံနေတာပဲ၊ နာရီပုံပစ္စည်း၊ အလက်ထရိုနစ်ပစ္စည်း၊ အထည်အလိပ်၊ တချို့ဆိုရင် ဘာသဘောလဲ မသိဘူးဗျ၊ သံရိုင်းကြီးတွေ၊ စတီးကြိုးကြီးတွေ မှာကြတယ်ရှိ၊ ကျုပ်စိတ်ကူးကတော့ လွတ်လပ်ရေးရပြီးတာနဲ့ ကျုပ်တို့တိုင်းပြည်မှာ မော်တော်ကားတွေ တော်တော်များလာလိမ့်မယ်ဗျ၊ အဲဒီတော့ မော်တော်ကားတာယာတွေ ဝယ်ရင် ကိုဘချစ်အတွက် အကျိုးရှိလိမ့်မယ် ထင်တယ်"

ဟု ပြောလိုက်ရာ မောင်ဘချစ်က---

"ဟုတ်ပါတယ်ခင်ဗျာ အဲဒါပဲ ဝယ်ခဲ့ပါ၊ ကျွန်တော်လဲ တစ်ခေါက်ပြန်ပြီး ယူနေရမှာနိုးလို့ ငွေကို တစ်ခါတည်း ယူခဲ့ပါတယ်၊ သူများလိုတော့ များများစားစား မတတ်နိုင်ပါဘူးခင်ဗျာ၊ ရှစ်ထောင်တော့ ယူခဲ့ပါရဲ့"

ဟု ဆိုကာ မောင်ဘချစ်သည် လွယ်အိတ်အတွင်းမှ ငွေများကိုထုတ်၍ ပေးလေ၏။ သို့ရာတွင် ကိုမောင်မောင်အေးက မောင်ဘချစ်၏ ငွေများကို တို၍မျှ မကြည့်ဘဲ မှတ်ဆိတ်မွေး ရိတ်လေတော့၏။ အငယ်ကသာလျှင် မောင်ဘချစ်၏ ငွေများကို ရေတွက်၍ စက္ကူဖြင့် ထုပ်ပတ်ကာ ခေါင်းရင်းဘက်ရှိ စားပွဲခုံကလေးပေါ်သို့ သွား၍ တင်ထားလိုက်လေတော့၏။

များမကြာမီ၌ပင် မောင်ဘချစ်သည် ကိုမောင်မောင်အေးနှင့် အငယ်တို့အား နှုတ်ဆက်ကာ အိမ်သို့ ပြန်ခဲ့လေတော့၏။ ထိုနေ

မှစ၍ မောင်ဘချစ်သည် အပြင်သို့ မထွက်ဘဲ ဒေးချမ်းရွာ၏ အိမ်၌ နေလေတော့၏။ တစ်ပတ်ခန့် ကြာသောအခါ၌ အနည်း ငယ် ဖျင်းရိ ငြီးငွေ့သောကြောင့် မောင်ဘချစ်သည် ဦးငွမ်တီး၏ တဲဆီသို့ ကူးခဲ့လေတော့၏။

ဦးငွမ်တီသည် မောင်ဘချစ်ကို တွေ့လျှင်တွေ့ချင်း---

"ဟေ့ မောင်ဘချစ်၊ အပြင်မထွက်ဘူးလားကွ"

ဟု မေးလေ၏။

"မထွက်တော့ဘူးလေဗျာ၊ အလုပ်ဖြစ်သွားပြီဗျ"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဟေ့ ဘယ်လို အလုပ်ဖြစ်တာတုံးကွ"

ဟု ဦးငွမ်တီက ပြန်၍ မေးလေ၏။

"ငွေပင်စိုက်ရင် ငွေသီးသီးတဲ့ အလုပ်ပေါ့ ဦးငွမ်တီရယ်"

ဟု ပြောလေ၏။

"ဟ ကိုယ့်လူရ၊ မင်းလေသံကလဲ မစားရ ဝခမန်းပါပဲလား ကွ၊ ပြောစမ်းပါဦးကွ၊ မင်းစိုက်ခဲ့တဲ့ ငွေပင်အကြောင်း"

ဟု ဦးငွမ်တီက မေးလျှင် မောင်ဘချစ်သည် အငယ်မ မမျှော်လင့်ဘဲ တွေ့ခဲ့ရပုံမှအစ ကိုမောင်မောင်အေးအား အိမ် ပြည်မှ မော်တော်ကားတာယာများ ဝယ်ယူခဲ့ရန် ငွေရှစ်ထော ပေးလိုက်သည်အထိ အားရပါးရ ပြောပြလေတော့၏။

ဦးငွမ်တီသည် မောင်ဘချစ် ပြောပြသည်ကို လုံးစေ့ပတ်စေ နားထောင်ပြီးနောက် မျက်စိပေါက်ကလေး ကျဉ်းသွားသည်အထိ တခစ်ခစ်နှင့် ရယ်ကာ---

"မင်းကို လိမ်သွားကြပြီ"





ဟု ပြောလေ၏။

"မဖြစ်နိုင်ပါဘူး ဦးငွမ်တီ၊ အငယ်ဆိုတဲ့ကောင်နဲ့ ကျွန်ုပ်နဲ့ဟာ ဦးရွှေကျီး ကျွန်းကြီးမှာ စာရေးအတူတူ လုပ်ခဲ့ကြတာဗျ၊ ဒီကောင် ဟာ လူရိုးပါဗျ"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဘယ်တုန်းက ရိုးတာလဲကွ၊ မင်းနဲ့အတူတူ စာရေးလုပ်ခဲ့ကြ တုန်းက ရိုးတာ မဟုတ်လားကွ၊ မင်းနဲ့ကွဲသွားပြီးမှ အငယ်ဆိုတဲ့ အကောင်ဟာ ဘာတွေဖြစ်ခဲ့သလဲဆိုတာ မင်း သိလို့လား၊ အဲဒီ အချိန်တွေ အတောအတွင်းမှာ သူဟာ သူခိုးလဲ ဖြစ်ချင်ဖြစ်မယ်၊ ဓားပြလဲ ဖြစ်ချင်ဖြစ်မယ်၊ မပြောနိုင်ဘူးကွ၊ မင်းကို သူတို့လိမ် ပြီဆိုတာတော့ သေချာပါတယ်ကွာ၊ ဟိုတစ်ခါ မင်း သူနဲ့တွေ့တဲ့ အကြောင်း လာပြောကတည်းက သူဟာ လူလိမ်တစ်ယောက် ဆိုတာ ငါသိပြီးတယ်ကွ"

ဟု ဦးငွမ်တီက ပြောလေ၏။

"ဒီလိုဆိုရင်ဗျာ အဲဒီတုန်းက ခင်ဗျား ကျွန်ုပ်ကို သတိပေးသင့် တာပေါ့ဗျ"

ဟု မောင်ဘချစ်က ဒေါနှင့်မောနှင့် ပြောလေ၏။

"အမှန်အတိုင်း ပြောရရင် တမင်တကာကို မပြောဘဲ နေခဲ့ တာကွ"

ဟု ဦးငွမ်တီက ပြောလေ၏။

"ဘာဖြစ်လို့လဲ ဦးငွမ်တီ"

ဟု မောင်ဘချစ်က မေးလေ၏။

"မင်း အလိမ်ခံရအောင်လို့ပေါ့ကွာ၊ အဲဒီလို အလိမ်ခံဖူးမှလဲ

လူလိမ်ဆိုတာ ဘယ်လိုအမှုအကျင့်မျိုး ရှိတယ်ဆိုတာ လက်တွေ့ နားလည်တာကွ။ စီးပွားရေးလုပ်မယ့်လူဟာ အနည်းဆုံးတစ်ကြိမ် လောက်တော့ အလိမ်ခံဖူးတာချည်းပဲ၊ အဲဒါက ဘာနဲ့တူသလဲ ဆိုရင် ကျောက်ရောဂါလိုပဲကွ။ ကျောက်ရောဂါ တစ်ခါလောက် ဖြစ် ထားပြီးရင် နောက်ထပ်မဖြစ်တော့ဘူးကွ၊ ကျောက်ရောဂါလဲ ဒီ လိုပဲ မဟုတ်လား၊ တစ်ခါတည်းနဲ့ သေချင်လဲ သေတော့တာပဲ၊ မသေဘူးဆိုရင်တော့ နောက်ထပ် ဘယ်တော့မှ ကျောက် မပေါက်တော့ဘူးကွ၊ စီးပွားရေးသမားဆိုတာလဲ တစ်ခါလောက် တော့ အလိမ်ခံရတာပဲ၊ အဲဒီမှာ တစ်ခါတည်း မွဲချင်လဲမွဲသွား တော့တာ၊ အဲဒီမှာ မမွဲဘူးဆိုရင်တော့ နောက်တစ်ခါ အလိမ်ခံရ တဲ့ ရောဂါဆိုး မလာတော့ပါဘူး ငါ့လူရာ"

ဟု ဦးငွမ်တီက ပြောလိုက်လေ၏။

မောင်ဘချစ်သည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြု ဘဲ တာမွေလေးရှိ ကိုမောင်မောင်အေး၏ အိမ်သို့ ထွက်လာခဲ့လေ တော့၏။ ကိုမောင်မောင်အေး၏ အိမ်မှာ သော့ခတ်ထားပြီ ဖြစ် လေ၏။ ထို့ကြောင့် အငယ်လာတတ်သော ဖရေဇာလမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်သို့ ထွက်၍ လာခဲ့လေတော့၏။

သို့ရာတွင် အငယ့်ကို မတွေ့ရပေ။ ထို့ကြောင့် မောင်ဘချစ် သည် ထိုဆိုင်သို့ နေ့စဉ်ရက်ဆက်ဆိုသလို အငယ်အား သွား ရောက်ရှာဖွေလေတော့၏။

တစ်နေ့သ၌ မောင်ဘချစ်သည် ဖရေဇာလမ်းထိပ်ရှိ လက် ဖက်ရည်ဆိုင်၌ ထိုင်၍ လက်ဖက်ရည်သောက်နေစဉ် တစ်စုံ တစ်ယောက်က ၎င်း၏ ပခုံးကို နောက်မှ လှမ်း၍ ပုတ်လိုက်





သဖြင့် လှည့်ကြည့်လိုက်ရာ အငယ်ဖြစ်ကြောင်း သိရလေ တော့၏။

"ဟေ့ကောင်--- အငယ်၊ မင်းကို တွေ့ချင်လို့ နေ့တိုင်း ဒီကို လာပြီး ရှာနေတာ"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဟေ--- ဟုတ်လား၊ ဘာကိစ္စရှိလို့လဲ"

ဟု အငယ်က မေးလေ၏။

"ဘာကိစ္စလဲဆိုတော့ မင်းလူ ကိုမောင်မောင်အေး အခု ဘယ်မှာလဲ"

ဟု မောင်ဘချစ်က မေးလေ၏။

"ဘယ်မှာရမလဲကွ၊ အိန္ဒိယ ရောက်နေပြီပေါ့ကွာ"

ဟု အငယ်က ပြောလေ၏။

"ရှင်းရှင်းပြောရရင်တော့ကွာ၊ ငါက သိပ်ပြီးမသက်သာလှပဲ ကွာ၊ အိန္ဒိယကို မသွားဘဲ သွားတယ်ဆိုပြီး ငါ့ဆီက ငွေကို လိမ် ပြီး ယူမှာစိုးလို့ကွ"

ဟု မောင်ဘချစ်က တွဲတိုးပင် ပြောလိုက်လေ၏။

"သူကလိမ်ရောကွာ၊ ငါတစ်ယောက်လုံး ရှိသေးတာပဲ"

ဟု ငယ်က ပြောလေ၏။

"မင်းကပဲ မယုံလို့ ခက်နေတာပေါ့ကွာ၊ ကိုမောင်မောင်အေး ရဲ့ အလိုတူ အလိုပါလို့ ထင်ခဲ့လို့ပေါ့"

ဟု မောင်ဘချစ်က ပြောလိုက်ရာ အငယ်သည် အကြီး ကျယ် မျက်နှာပျက်သွားပြီးလျှင်---

"အလုပ်လုပ်ကြတာ တစ်ဦးကို တစ်ဦး ဒီလိုသံသယတွေရှိ

တာ မကောင်းပါဘူး မောင်ဘချစ်ရှာ၊ ကဲ-- ကဲ-- ငါနဲ့လိုက်ခဲ့"

ဟု ဆိုကာ အငယ်သည် ရုံးတစ်ရုံးသို့ ခေါ်၍ သွားလေတော့၏။ ထိုရုံးမှာ နိုင်ငံခြားသို့ ဓါးသွားသူများအား စုံစမ်းစစ်ဆေးရသော ရုံးပင်ဖြစ်ပေသည်။ ထိုရုံး၌ အငယ်နှင့် သိကျွမ်းရသော အရာရှိတစ်ဦးနှစ်ဦး ရှိလေ၏။ အငယ်က ထိုရုံးမှ အရာရှိအား--

"ကိုမောင်မောင်အေး ဖိုင်ကို ကြည့်ပါရစေ"

ဟု ပြောလိုက်ရာ ၎င်းအရာရှိက---

"အငယ်လာရင်တော့ ပြဿနာတစ်ခု အမြဲတမ်းပါလာတယ်"

ဟုဆိုကာ ဖိုင်တွဲတစ်တွဲ ထုတ်ပြလေ၏။

ထိုအခါ၌ အငယ်က ဖိုင်တွဲကို မောင်ဘချစ်ဘက်သို့ ထိုးပေးရင်း---

"ကဲ--- မောင်ဘချစ်၊ အဲဒီဖိုင်တွဲမှာ ကြည့်ပေတော့"

ဟု ဆိုသဖြင့် မောင်ဘချစ်လည်း ဖိုင်တွဲကိုလှန်လှော၍ကြည့်ရှုရာ ထိုဖိုင်တွဲ၌ ကိုမောင်မောင်အေးနှင့် ပတ်သက်သော ကိုယ်ရေးရာဇဝင်များ၊ ဓာတ်ပုံများ၊ ကျန်းမာရေး ထောက်ခံစာများနှင့်တကွ ကိုမောင်မောင်အေးအား မြန်မာပြည်မှ စတင်ထွက်ခွာသွားသည့် နေ့စွဲကိုပါ အတိအကျ ဖော်ပြထားသည်ကို တွေ့ရလေတော့၏။

ထိုရုံးမှ အရာရှိက အငယ်အား---

"ဘာကိစ္စလဲ အငယ်"

ဟု မေးလေ၏။

"ဘာကိစ္စမှ မဟုတ်ပါဘူးဗျာ၊ ကိုမောင်မောင်အေး တကာ





နိုင်ငံခြား သွားမသွား ဒီကောင်က သိချင်တယ်ဆိုလို့ပါ"

ဟု အငယ်က ပြောရာ ၎င်းအရာရှိက မောင်ဘချစ်အား---

"တကယ်သွားတာပါ၊ သူ့ကို သွားခါနီးမှာ စစ်ဆေးတာ ကျွန်တော်ပဲ စစ်ဆေးလိုက်တာပဲဗျာ၊ ပြီးခဲ့တဲ့ ၁၂-ရက်နေ့က ထွက်သွားတာပါ"

ဟု ဝင်ရောက်ပြောဆိုလေ၏။

ထိုအခါကျမှပင် အငယ်က---

"ကဲ--- ယုံပြီမဟုတ်လား မောင်ဘချစ်"

ဟု ပြောလေတော့၏။

မောင်ဘချစ်ကလည်း အငယ့်ကို လွန်စွာအားနာ၍ သွားလေတော့၏။ ထို့ကြောင့်---

"စိတ်မဆိုးပါနဲ့ အငယ်ရယ်၊ ငါမှားပါတယ်"

ဟု တောင်းပန်ရလေတော့၏။ အငယ်ကလည်း တောင်းပန်သည့်အခါကျမှပင် မောင်ဘချစ်အား စိတ်ဆိုးသည့် အမူအရာကို ပြလေတော့၏။ သို့ရာတွင် မောင်ဘချစ်က အနူးအညွတ် တောင်းပန်သောကြောင့်သာလျှင် အငယ်က ကျေနပ်လိုက်ရလေ၏။

ထိုအခါ မောင်ဘချစ်သည် အငယ်နှင့် လမ်းခွဲခဲ့ပြီးနောက် ဦးငွမ်းတီး၏ ဟဲကာလေးသို့ ပြန်ခဲ့လေ၏။ ဦးငွမ်းတီးနှင့် တွေ့လျှင် မောင်ဘချစ်က---

"ဦးငွမ်းတီးရေ၊ ဒီတစ်ခါ ခင်ဗျားပြောတာတော့ လွဲသွားပြီဗျို့၊ အငယ်တို့ ကိုမောင်မောင်အေးတို့ဟာ ကျုပ်ကို လိမ်ကြတာ မဟုတ်ဘူး၊ အခုပဲ အငယ်နဲ့တွေ့ခဲ့တယ်၊ ကိုမောင်မောင်အေး

အိန္ဒိယသွားတယ်ဆိုတာလဲ တကယ်ပဲဗျ၊ ရုံးကို ကျုပ် ရောက်တယ်၊ ရုံးကကိုက ပြောလိုက်တာဗျ"

ဟု ပြောလျှင် ဦးဝွမ်တီက—

"ဒီလိုဆိုရင် လိမ်တယ်ဆိုတာ ပိုပြီးနိုင်မာသွားတာပေါ့ကွာ၊ မင်းတစ်ခုစဉ်းစားကြည့်လေ၊ အငယ်နဲ့ မင်းနဲ့ စပြီးတွေ့တဲ့ တုန်းက မင်းက ကိုမောင်မောင်ဒေးအိမ်ကို သွားကြရအောင် ပြောတယ်မဟုတ်လား၊ အဲဒီအခါမှာ အငယ်က မင်းကို လိုက် သလား"

ဟု မေးလေ၏။

"မပို့ဘူးဗျ၊ နောက်တစ်နေ့မှ လိုက်ပြီးပို့တာ"

ဟု မောင်ဘချစ်က ပြောလေ၏။

"အေး ဘာဖြစ်လို့ မပို့သလဲ သိလား၊ မင်းနဲ့မောင်မောင်ဒေး နဲ့ မတွေ့ခင်မှာ အငယ်နဲ့မောင်မောင်ဒေးက အရင်တွေ့ပြီး စဉ်း ဝဲးရိုက်ရမယ် မဟုတ်လား၊ မင်း ညံ့လို့ပါကွာ၊ ဒီကောင်တွေ မင်း ကိုလိမ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့လိမ်ကွက်က ဟာ အမှတ်မထင် ဟာနေတယ်ကွ"

ဟု ဦးဝွမ်တီက ပြောဆိုကာ စီးကရက်တစ်လိပ်ကို ထုတ် သောက်လေ၏။

"ဘယ်လိုလဲဗျ၊ ကျုပ် မရှင်းဘူးဗျ"

ဟု မောင်ဘချစ်က ပြောလေ၏။

"မင်းပဲ စဉ်းစားကြည့်လေကွာ၊ မင်းနဲ့အငယ်နဲ့ ပထမ တွေ့တဲ့နေ့က မင်းက အငယ့်ကို ကိုမောင်မောင်ဒေးဆီကို သွား ကြရအောင်ပါလို့ဆိုတော့ သူက ဘာပြောသတုံး"





ဟု ဦးဝွမ်တီက မေးလေ၏။

"အငယ်က ပြောတာကတော့ ဒီကနေ့ မသွားပါနဲ့တဲ့၊ ကို မောင်မောင်ဒေးကို ကြိုးကြိုးမာစတာတစ်ယောက်က ထမင်း ကျွေးပြီးကျွေးလို့ ကိုမောင်မောင်ဒေး အိမ်မှာ မရှိဘူးတဲ့"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

"ကဲ--- ကောင်းပြီ၊ နောက်တစ်နေ့မှာ မင်းနဲ့အငယ်နဲ့ ရေတာလမ်းက လက်ဖက်ရည်ဆိုင်မှာချိန်းပြီးတော့ မောင်မောင် ဒေးအိမ်ကို သွားတော့ မောင်မောင်ဒေးက ဘာပြောသတုံး"

ဟု ဦးဝွမ်တီက မေးလေ၏။

"မောင်မောင်ဒေးက ကျုပ်ကိုတော့ ဘာမှ မပြောဘူးဗျ၊ သူ ညည့် အငယ့်ကိုတော့ ဆီးပြီး ဆူတော့တာပဲ၊ သုံးလေးရက်ရှိ မင်းငါ့ဆီမလာဘဲ ဘယ်သွားနေသလဲ ဘာလဲနဲ့ တအားကို ဆူတော့တာပဲဗျာ"

ဟု မောင်ဘချစ်က ပြောလေ၏။

"အဲဒါပြောတာပေါ့ကွာ၊ မောင်မောင်ဒေးအိမ်ကို အငယ် ရောက်တာ သုံးလေးရက်ရှိပြီလို့လဲ ပြောသေးရဲ့၊ မင်းကိုလဲ အငယ်က အိမ်မှာ မောင်မောင်ဒေး မရှိဘူး၊ ကြိုးကြိုးမာစတာရဲ့ ထမင်းစားပွဲကို သွားနေရတယ်လို့ ပြောပြန်တယ်၊ မောင်မောင် ဒေးအိမ်ကို မရောက်ဘဲနဲ့ မောင်မောင်ဒေးအိမ်မှာ မရှိမှန်း ဘယ်လိုလုပ် သိသတုံး၊ ရှေ့နဲ့ နောက်နဲ့မညီ ဖြစ်နေပြီ မဟုတ် လား၊ သေချာပါတယ် ကိုယ့်လူရာ၊ ဒီကောင်နှစ်ကောင် မင်းကို လိမ်သွားပါပြီ"

ဟု ဦးဝွမ်တီက ပြောလေ၏။

"အေးဗျာ၊ ခင်ဗျားပြောလိုက်တော့လဲ အငယ်တို့မှာ
လိမ် တွေဆိုတာ ထင်ရှားနေတာပေါ့ဗျာ၊ အငယ်တို့နဲ့ တွေ့လို
လဲ သူတို့ပြောလိုက်တာက ယုံကြည်စရာရှည်းဗျာ၊ ကျွပ်
မှာတော့ အဲဒီ တစ်ခေါက်မှာ သူတို့ကို လူလိမ်လို့ကို မထင်

ဟု မောင်ဘချစ်က ပြောလေ၏။

"မသေမချင်း မှတ်ထား မောင်ဘချစ်၊ ဘယ်လောက်ပဲ
တဲ့လူလိမ်ပဲဖြစ်ဖြစ် သေသေချာချာ လေ့လာရင် ယုတ်
အကွက်ကလေးတစ်ကွက်ဟာ ပေါ်နေတတ်မြဲပဲကွ
ထားလိုက်ပါတော့ကွာ"

ဟု ဆိုကာ ဦးလွမ်တီသည် စီးကရက်တစ်လိပ်ဖြင့်
လေတော့၏။

❖ ❖ ❖

ဇာတ်သိမ်း

## မောင်ဘချစ်နှင့် စီတာရန်း

အမှန်စင်စစ်အားဖြင့် မောင်မောင်အေးနှင့် အငယ်တို့သည် လူလိမ်များပင် ဖြစ်ကြလေသည်။ မောင်မောင်အေးသည် မောင်ဘချစ်ထံမှ လိမ်လည်၍ရသောငွေနှင့် အိန္ဒိယပြည်သို့ ထွက်ခဲ့လေ၏။ အိန္ဒိယပြည်သို့ရောက်လျှင် လွန်စွာခမ်းနားသော ဟိုတယ်ကြီးတစ်ခု၌ တည်းခိုလေ၏။

ထိုနောက် လွန်စွာကောင်းသော မော်တော်ကားကြီးများကို ငှားကာ အိန္ဒိယပြည်ရှိ ကုမ္ပဏီကြီးများသို့ လှည့်လည်သွားရောက်၍ မိတ်ဆက်လေ၏။ အောက်ပါငင်း၏ လိပ်စာကတ်ပြားကလေးများမှာ မြန်မာပြည်မှ ရိုက်နှိပ်၍ ယူသွားသည်ဖြစ်ရာ မောင်မောင်အေးသည် ထိုကတ်ပြားကလေးများကို အိန္ဒိယပြည်တွင် တွေ့သမျှသော လူအပေါင်းအား ပေးခဲ့လေ၏။

Mr. Maung Maung Aye
DUKE OF TAMWE
TAMWELAY QR. RANGOON
BURMA

အစီမှာယ်မှာ မှာတာမောင်မောင်အေး၊ တာမွေမြို့နယ်ကြီး တာမွေလေးရပ်ကွက်၊ ရန်ကုန်မြို့၊ မြန်မာပြည်ဟူ၍ ဖြစ်ပေ သည်။

အိန္ဒိယပြည်မှ ကုမ္ပဏီကြီးများသည် မောင်မောင်အေးအား လွန်စွာ အထင်ကြီးကြကုန်၏။ ထို့ကြောင့် ပြောဆိုသုံးနှုန်းသည့် စကား၌ပင် မင်းညီမင်းသားများအား ပြောဆိုသကဲ့သို့ (Your Highness) ယူအာရ်ဟိုင်းနက်စ် ဟူ၍လည်းကောင်း၊ (Your Honour) ယူအာရ်အောနာ ဟူ၍လည်းကောင်း (Lord) လော့ ဟူ၍လည်းကောင်း ခေါင်းစဉ်တပ်၍ ခေါ်ဝေါ်ကြကုန်၏။

ထိုအသုံးအနှုန်းများမှာ လွန်စွာ ကြီးကျယ်မြင့်မြတ်သူကိုသာ လျှင် ပြောဆိုသုံးနှုန်းရသည် ဖြစ်ရကား အိန္ဒိယပြည် ကုမ္ပဏီ များသည် မောင်မောင်အေးအပေါ်၌ မည်မျှ အထင်ကြီးနေသည် ကို သိသာလှပေသည်။

ကုမ္ပဏီကြီးများက တစ်လှည့်စီစိတ်၍ မောင်မောင်အေး အတွက် ဂုဏ်ပြုထမင်းစားပွဲများ ပြုလုပ် ကျွေးမွေးပေးလေ၏။ မောင်မောင်အေးသည် အိန္ဒိယကုမ္ပဏီများနှင့် ဆက်သွယ်၍ ကု သန်းရောင်းဝယ်ရေး လုပ်ငန်းများ လုပ်လိုကြောင်းကို ကြီးကျယ် ခမ်းနားစွာ ပြောဆိုခဲ့လေ၏။





အိန္ဒိယပြည် ကုမ္ပဏီကြီးများကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆို ခဲ့ကြလေ၏။ ထို့နောက် မောင်မောင်အေးသည် အိန္ဒိယပြည် အနှံ့အပြားသို့ လှည့်လည်ကာ မောင်ဘချစ်၏ ငွေ များကို သုံးစွဲပြီးနောက် မြန်မာပြည်သို့ ပြန်လာခဲ့လေတော့၏။

သို့ရာတွင် ၎င်းမြန်မာပြည်သို့ ပြန်လည်ရောက်ရှိကြောင်း ကိုမူ မောင်ဘချစ်အား အသိမပေးဘဲ ပုန်းရှောင်နေခဲ့လေ၏။ (၎င်း မောင်မောင်အေး အိန္ဒိယပြည်၌ နေထိုင်ခဲ့သော အချိန် ကာလမှာ သုံးလခန့် ရှိပေသည်။)

တစ်နေ့သ၌ မောင်ဘချစ်သည် ရန်ကုန်မြို့တွင်းသို့ ထွက်လာ ခဲ့ရာ ဘတ်စ်ကားပေါ်တွင် စီးနင်းလိုက်ပါသွားသော အငယ်နှင့် မောင်မောင်အေးကို ရုတ်ခနဲ တွေ့မြင်လိုက်ရလေ၏။ ထို့ကြောင့် မောင်ဘချစ်သည် မောင်မောင်အေး နေထိုင်ရာ တာမွေလေးသို့ ချက်ချင်းလိုက်၍ သွားလေ၏။ တာမွေလေးသို့ရောက်လျှင် မောင်မောင်အေးနှင့်အငယ်ကို ပက်ပင်းမိလေတော့၏။

မောင်ဘချစ်သည် ၎င်းတို့နှစ်ဦးအား တွေ့လျှင်တွေ့ချင်း—

"ဘယ်လိုလဲ ကိုမောင်မောင်အေး၊ မြန်မာပြည်ကို ပြန် ရောက်နေတာတောင် ဘာဖြစ်လို့ ကျုပ်ကို အကြောင်းမကြား တာလဲ"

ဟု မေးလေတော့၏။

ထိုအခါ မောင်မောင်အေးသည် လွန်စွာ မျက်နှာထား ကောင်းသော မျက်နှာထားနှင့်—

"ခင်ဗျားကိုမှ အကြောင်းမကြားတာ မဟုတ်ဘူး၊ ဘယ်သူ ကိုမှ အကြောင်းမကြားသေးဘူး၊ ကျုပ် ပြန်ပြီးရောက်လာ

တာလဲ သိပ်မကြာသေးဘူး"

ဟု ပြောလေ၏။

"ကဲပါဗျာ၊ ဒါတွေထားပါတော့၊ ကျုပ်မှာလိုက်တဲ့ မော်တော်ကား တာယာတွေ ဘယ်မှာတုံး"

ဟု မောင်ဘချစ်က မေးလေ၏။

"ဪ ကိုဘချစ်နယ်ဗျာ၊ ခင်ဗျားပြောပုံက သိပ်ပြီး သေးသိမ်တာပဲ၊ အလုပ်ကြီးအကိုင်ကြီး လုပ်တယ်ဆိုတာ ဒီလို သေးသိမ်လို့မရဘူး ကိုယ့်လူ၊ ခင်ဗျားတာယာတွေကို ကျုပ်က ခေါင်းနဲ့ ရွက်လာရမှာလား၊ အဲဒါကြောင့်ပါဗျာ၊ အလုပ်ကြီးအကိုင်ကြီး မလုပ်ဖူးတဲ့ လူတွေနဲ့ စကားပြောရတာ သိပ်ကို ခက်တယ်၊ ဒီမှာ ကိုယ့်လူ၊ ခင်ဗျားမှာလိုက်တဲ့ မော်တော်ကားတာယာတွေ နောက်အပတ် သင်္ဘောမှာ ပါလာလိမ့်မယ်၊ အဲဒီမှာ သွားပြီး ထုတ်ပေတော့၊ သိန်းနဲ့ချီပြီးပေးလိုက်တဲ့လူတွေက ဘာတစ်ခွန်းမှ မပြောရဘူး၊ ငွေကလေး ရှစ်ထောင်ပေးလိုက်တဲ့လူက ကျုပ်ကို မယုံသလို လာပြီးပြောတာ အံ့ပါရဲ့ဗျာ၊ ခင်ဗျားပေးလိုက်တဲ့ ငွေရှစ်ထောင်ဆိုတာ ကျုပ်အဖို့ လေချုပ်တဲ့အခါ ဝယ်ပြီးစားတဲ့ လျက်ဆားမှိုးလောက်ပဲ ရှိတယ် ကိုယ့်လူ"

ဟု မောင်မောင်အေးက ဒေါနှင့်မောနှင့် ပြောလေ၏။

မောင်ဘချစ်သည်ပင် အနည်းငယ် နှိုးတိုးရှန့်တန့်ဖြစ်၍ သွားလေ၏။ သို့ရာတွင် မောင်ဘချစ်က---

"နောက်အပတ်ဆိုတာ ဘယ်တော့လဲဗျ"

ဟု မေးလေ၏။

"သင်္ဘောတစ်ပတ်ကို ဆယ့်ငါးရက်ကြာတယ် ကိုယ့်လူ၊





မှာ မေလ ၂၆-ရက်နေ့ မဟုတ်လား၊ ဇွန်လ ၁၀-ရက် မာယာဆိုတဲ့ သင်္ဘောကြီးဆိုက်လိမ့်မယ်၊ အဲဒီမှာသွားပြီး ပေတော့၊ ကုန်ထုတ်တဲ့လက်မှတ်တွေတော့ ရုံးကတောင်း ပေးထားရတယ်၊ အဲဒီနေ့မှပဲ လာယူဗျ"

ဟု မောင်မောင်အေးက အတည်ပေါက်နှင့် ပြောလိုက်လေ

မောင်ဘချစ်လည်း အိမ်သို့ ပြန်လာပြီးလျှင် ဦးဝွမ်တီ၏ တဲ အသို့ ကူးရှုသွားလေ၏။ သို့ရာတွင် ဦးဝွမ်တီက အပြင် ထွက်၍သွားသဖြင့် မတွေ့ရဘဲ ရှိလေ၏။ ညနေမိုးချုပ်ခါနီး ကျမှပင် ဦးဝွမ်တီ ပြန်၍ရောက်လာသဖြင့် မောင်ဘချစ်က-

"ဘယ်ကိုသွားနေတာလဲ ဦးဝွမ်တီရယ်၊ ပန်းရန်အလုပ်ရနေ လား"

ဟု မေးလေ၏။

"မဟုတ်ပါဘူးကွ၊ ရွှေတိဂုံဘုရားကို သွားနေတာပါ"

ဟု ဦးဝွမ်တီက ပြန်၍ပြောလျှင် မောင်ဘချစ်က---

"ဘာသွားလုပ်တာလဲ"

ဟု မေးလေ၏။

"မင်းနယ်ကွာ တော်တော်ရိုင်းတဲ့ကောင်ပဲ၊ ဘုရားမှာ ဘာ လုပ်ရမှာတုံးကွ၊ ဘုရားသွားဖူးတာပေါ့"

ဟု ဦးဝွမ်တီက ပြန်၍ ပြောလေ၏။

"ဦးဝွမ်တီရေ၊ မောင်မောင်အေးဆိုတဲ့ကောင် ပြန်ရောက်နေ ဒီကောင်က ဟိုလိုလို ဒီလိုလို လုပ်နေတယ်၊ ဇွန်လ ဆယ် နေ့မှာ ရောက်မယ့် သင်္ဘောမှာတော့ ကျုပ်မှာလိုက်တဲ့ ပစ္စည်းတွေ ပါခဲ့တယ်လို့ ပြောတာပဲ"

ဟု မောင်ဘချစ်က ပြောလျှင် ဦးဝွမ်တီက---

"ဟား-- ဟား-- ဟား-- မထင်လိုက်ပါနဲ့ ကိုယ့်လူ။ လိမ်တာ သေချာပါတယ်ကွ"

ဟု ပြောလေ၏။

"ကျုပ်ကတော့ ဂါတ်ကို တိုင်မှာပဲ"

ဟု မောင်ဘချစ်က ပြောပြန်လေ၏။

"မသေမချင်းမှတ်ထား မောင်ဘချစ်၊ လူလိမ်ဆိုတာ ဂါတ်ကိုလဲ မကြောက်ဘူးကွ၊ ရုံးကိုလဲ မကြောက်ဘူးကွ၊ ကျန်ကျန်… မယ်ကွ၊ လိမ်မှုနဲ့ထောင်ကျတာကိုတောင် ကြောက်တာ… မဟုတ်ဘူးကွ"

ဟု ဦးဝွမ်တီက ပြောလေ၏။

"ဒါဖြင့် လူလိမ်တွေက ဘာကို ကြောက်တာတုံးဗျ"

ဟု မောင်ဘချစ်က မေးလေ၏။

"လူလိမ်ကြောက်တဲ့အရာဟာ အမှန်တရားပဲကွ၊ အမှန်တရား ဘယ်မှာရှိသလဲ သိသလား"

ဦးဝွမ်တီက မေးလေ၏။

"ဟင့်အင်း မသိဘူးဗျ"

ဟု မောင်ဘချစ်က မှုမှုသာသာလဲ ပြန်၍ ဖြေလေ၏။

"မသေမချင်းမှတ်ထား၊ အမှန်တရားဟာ ဝါးရင်းတုတ်မှာ… တယ်ကွ၊ ဟောဟို ဂေါ်တဲရှေ့က ဝါးလုံးတိုင်ကြီးကို ဖြတ်ပြီး… သွား၊ မောင်မောင်အေးကို အဲဒီတုတ်ကြီး သေသေချာချာပြ… မှာ ကြည့်ထားကိုယ့်လူ၊ ကျုပ်ငွေပြန်မရရင်တော့ ကိုယ့်လူ… ကို ရိုက်ခွဲရမှာပဲလို့ မျက်နှာကို သေသေချာချာ ကြည့်ပြီးပြော…





တကယ်မရရင်လဲ တကယ့်ကို ရိုက်ခွဲမယ်ဆို့ ကျကျနန စိတ်ကူးထား၊ ဒီကောင်တွေ ကြောက်တာ အဲဒီဟာပဲ ရှိတယ်ကွ၊ ဒါကလဲ ရိုးရိုးကြည့်လိုက်ရင်တော့ လူတစ်ယောက်က လူတစ်ယောက်ကို မတော်မတရားလုပ်လို့ ဝါးရင်းတုတ်နဲ့ ရိုက်တယ်လို့ မြင်နိုင်ပေမယ့် တကယ်လေးလေးနက်နက် စဉ်းစားကြည့်ရင် ကိုယ်ပိုင်တရားရုံးတစ်ခု ထူထောင်တာပဲကွ၊ ကိုယ့်ကိုလာပြီး လိမ်တဲ့သူကို ရိုက်သင့်တယ်လို့ ကိုယ့်ဘာသာ တရားသူကြီးလုပ်ပြီး ဆုံးဖြတ်တယ်ကွ၊ ပြီးတော့ ကိုယ်တိုင်ပဲ ပါးကွက် အာဏာသားလုပ်ပြီး လိမ်တဲ့တရားခံကို ရိုက်တယ်ကွ၊ အဲဒါဟာ ကိုယ်ပိုင်တရားရုံးပေါ့ကွ၊ ဘယ်ဥပဒေနဲ့ ဆုံးဖြတ်သလဲဆိုရင် လူ့ဥပဒေနဲ့ ဆုံးဖြတ်တယ်ကွ၊ မတော်မတရားလုပ်ရင် တုံ့ပြန်ရမယ် မဟုတ်လား၊ ဘယ်လိုဝတ်လုံတွေနဲ့အမှုကို စဉ်းစားသလဲဆိုရင် ဓံ စားချက်ဆိုတဲ့ ဝတ်လုံတွေနဲ့ အမှုကို စဉ်းစားတယ်ကွ၊ စိတ်ထဲမှာ သိပ်ပြီး ခံစားလာရလို့ ဦးနှောက်တရားသူကြီးက ရိုက်ခိုင်းတယ်ကွ၊ ဟား-- ဟား-- ဟား-- တစ်ခါတလေ အဲဒီလိုပဲ ကိုယ်ပိုင်တရားရုံးကလေးကို အသုံးပြုရတယ်ကွ"

ဟု ဦးဝွမ်တီက ပြောလိုက်ရာ မောင်ဘချစ်သည် ဦးဝွမ်တီ၏ တဲကလေးရှေ့တွင် ရှိသော ဝါးလုံးတိုင်ကို သွား၍ ဖြတ်လေတော့၏။

ဦးဝွမ်တီကမူ အရိုးလွှန်ရှူရှည်သော ဆေးတံကလေးကို သောက်၍ နေလေ၏။ မောင်ဘချစ်က---

"ဦးဝွမ်တီ၊ စီးကရက်မသောက်ဘဲ ဘာဖြစ်လို့ ဆေးတံသောက်နေရတာလဲ"

ဟု မေးလေ၏။

"စီးကရက်က ပါးစပ်ထဲမှာ နည်းနည်းပေါ့လို့ကွာ၊ ဆေးတံကို ပြောင်းပြီး သောက်နေတယ်ဟေ့"

ဟု ဦးဌွမ်တီက ပြန်၍ ပြောလေ၏။

ထိုအချိန်၌ပင် ဗိုလ်ဝကလေး ရောက်လာပြီးလျှင် မောင်ဘချစ်အား---

"ဘယ်သီချစ်--- ထမင်းစားမယ်လို့ အမေက ခေါ်နေတယ်"

ဟု ဆိုသဖြင့် မောင်ဘချစ်လည်း ဝါးရင်းတုတ်ကြီးအား ဦးဌွမ်တီ၏တဲ၌ ထောင်ခဲ့ပြီးလျှင် ဗိုလ်ဝကလေးနှင့်အတူ အိမ်သို့ ပြန်သွားလေတော့၏။

❖ ❖ ❖

မောင်မောင်အေး ချိန်းဆိုထားသော နေ့သို့ရောက်သော အခါ၌ မောင်ဘချစ်သည် ဦးဌွမ်တီတဲ၌ ထောင်ထားသော ဝါးရင်းတုတ်ကို ယူလေ၏။ ဦးဌွမ်တီမှာမူ ဆေးတံသောက်၍ နေလေ၏။

"ဘယ်လိုလဲကွ၊ သွားပြီး ရိုက်တော့မလို့လား"

ဟု ဦးဌွမ်တီက မောင်ဘချစ်အား မေးလိုက်လေ၏။

"ကျုပ် ပိုက်ဆံကို မပေးရင်တော့ ဒီတုတ်ကြီးနဲ့ ကပ္ပိရမှာပဲ ဗျို့"

ဟု မောင်ဘချစ်က ပြန်၍ ပြောလျှင် ဦးဌွမ်တီက တခစ်ခစ် ရယ်လေ၏။





မောင်ဘချစ်လည်း ဝါးရင်းတုတ်ကြီးကိုကိုင်၍ တာမွေလေး မောင်မောင်အေး၏ အိမ်သို့ ထွက်လာခဲ့လေတော့၏။ လမ်း လမ်းလုံး၌လည်း မောင်မောင်အေး၏ ဦးခေါင်းကိုသာမဟုတ် ယ်၏ ဦးခေါင်းကိုပါ ရိုက်နက်ရန် စဉ်းစား၍ သွားလေ တော့၏။

စိတ်တွင်း၌လည်း---

"အမယ်--- အမယ်--- မင်းလဲ မလွယ်ဘူး"

ဟု တစ်ကြိမ်တည်း ကြိမ်း၍ သွားလေတော့၏။ တာမွေ လေးသို့ ရောက်၍ မောင်မောင်အေး၏ အိမ်သို့တက်မည် အလုပ် လူတစ်ယောက် စိတ်ပျက်လက်ပျက်နှင့် ထိုင်နေသည်ကို လှမ်း မြင်လိုက်ရ၏။

ထိုသူမှာ လွန်စွာပု၍ လွန်စွာခေါင်းကြီးပြီးလျှင် လွန်စွာရု ပြောင်သော ကုလားတစ်ယောက် ဖြစ်ပေသည်။ ထိုသူသည် န်စွာသေးသော မျက်မှန်ဝိုင်းကလေးကို တပ်၍ ထားလေ၏။

ထိုသူ၏ နံဘေး၌လည်း သားရေသေတ္တာတစ်လုံးကို တွေ့ရ လေ၏။ ထိုသူသည် အကျႌအဖြူ ဘောင်းဘီ အဖြူများကို တ်ဆင်ထားလေ၏။ မောင်ဘချစ်သည် မောင်မောင်အေး၏ သို့ ဝါးရင်းတုတ်ကြီးနှင့် တက်၍ သွားလေ၏။ မောင်မောင် းလည်း မောင်ဘချစ်ကိုမြင်လျှင်---

"ဘယ်လိုဖြစ်တာလဲ ကိုဘချစ်၊ လက်ထဲမှာလဲ ဝါးရင်းတုတ် ကြီးနဲ့ပါလား၊ မဟုတ်မှလွဲရော၊ ဒီရပ်ကွက်ထဲက ခွေးတွေ ခင်ဗျား လိုက်ခဲ့ပြီနဲ့တူတယ်"

ဟု ပြောလိုက်လေ၏။

"ဒီမှာကိုမောင်မောင်အေး၊ ဒီတုတ်ကြီးကို တစ်ဆိတ်လောက် နမ်းကြည့်စမ်းပါ။ ဘာအနံ့များ ရသလဲ"

ဟု ဆိုကာ မောင်မောင်အေး၏ နှာခေါင်းအနီးသို့ ဝါးရင်းတုတ်ကြီးကို ထိုး၍ ပေးလေ၏။ မောင်မောင်အေးလည်း ဘုမသိ ဘမသိနှင့် မောင်ဘချစ် ထိုးပေးလိုက်သော ဝါးရင်းတုတ်ကို နမ်းရှုပ်လေ၏။ ထိုသို့နမ်းရှုပ်ပြီးနောက်---

"ကျုပ်နှာခေါင်းထဲမှာတော့ ဝါးလုံးအနံ့ပဲ ရတယ်"

ဟု မောင်မောင်အေးက ပြောလေ၏။

"အင်း၊ အဲဒီအနံ့ကို ကောင်းကောင်းမှတ်ထားပေတော့၊ ကျုပ်မစ္စည်းကို လိမ်ရင် ကိုယ့်လူခေါင်းကို ဒီတုတ်ကြီးနဲ့ ရိုက်ခွဲမယ် ... ဟာ ကျုပ်ရဲ့ ဖော်မြူလာပဲ၊ မရိုက်မှာတော့ မပူနဲ့၊ ဘချစ်ဟာ တစ်ချစ်တည်းရှိတယ် ကိုယ့်လူ၊ ဖြစ်ချင်တာ ဖြစ်ပစေ မောင်ဘချစ်တို့ကတော့ အရိုက်ပဲ"

ဟု မောင်ဘချစ်က မာန်ပါပါနှင့် ကြိမ်းဝါးလေတော့၏။

မောင်မောင်အေးမှာလည်း လူလိမ်တို့၏ ထုံးစံအတိုင်း အမှုတကယ် ဆုံးမည့်သူကို ကြောက်ရွံ့လေတော့၏။

"မလုပ်ပါနဲ့ ကိုဘချစ်ရယ်၊ ပြေလည်အောင် ကျုပ်လုပ်ပေးပါ့မယ်"

ဟု မောင်မောင်အေးက ထိတ်ထိတ်ပျာပျာဖြင့် တောင်းပန်လေ၏။

"မလိုချင်ဘူး၊ ကျုပ်ပိုက်ဆံ ဘယ်မလဲ၊ အခု ပြန်ပေးပါ ... သဘောသနဲ့ပါမယ်၊ ဒီသဘောသနဲ့ပါမယ်ဆိုပြီး ကျုပ်ကို မလိမ်ရတော့၊ ကိုယ့်လူရော အငယ်ဆိုတဲ့ ကောင်ပါ လူလိမ်တွေ ဆိုတာ





ကျုပ်သိတယ်၊ နှစ်ယောက်စလုံးကို ရိုက်မှာပဲ၊ ဖြစ်ချင်တာဖြစ် မောင်ဘချစ်တဲ့ ကြားဖူးတယ် မဟုတ်လား"

ဟု ဆိုကာ ဝါးရင်းတုတ်ကြီးကို ရွယ်ရိုးကာ ကြိမ်းပြန်လေ၏။ ထိုအခါ၌ မောင်မောင်အေးသည် လွန်စွာ ကြောက်လန့်နေပြီ ဖြစ်ရကား---

"လောလောဆယ် ကျုပ်မှာ ငွေရှစ်ရာတော့ ရှိပါတယ် ကိုဘချစ်ရယ်၊ နောက်ကိုလဲ ပြေလည်အောင် ကျုပ်ပေးပါ့မယ်"

ဟု တောင်းပန်ကာ အိမ်အတွင်းသို့ ဝင်သွားလေတော့၏။ ထိုအခါ၌ မောင်ဘချစ်သည် အင်္ကျီဖြူ ဘောင်းဘီဖြူနှင့် ကုလားတစ်ယောက်နှင့် ဝင်၍ ထိုင်လေ၏။

ထိုကုလားက မောင်ဘချစ်အား အကဲခတ်ကြည့်ရှုပြီးလျှင် အင်္ဂလိပ်ဘာသာဖြင့်---

"မိတ်ဆွေကြီးပြန်တဲ့အခါမှာ လမ်းထိပ်ကနေပြီး ကျုပ်ကို ... စောင့်ပါ"

ဟု ပြောလေ၏။ မောင်ဘချစ်လည်း---

"ကောင်းပါပြီ"

ဟု အင်္ဂလိပ်ဘာသာဖြင့် ပြန်၍ ပြောလေ၏။ မောင်မောင်အေးသည် အခန်းအတွင်းမှ ပြန်၍ ထွက်လာပြီးလျှင် မောင်ဘချစ်အား ငွေရှစ်ရာကို ပေးရင်း---

"ဒါကလေးကို အရင်ယူသွားပါ ကိုဘချစ်ရယ်၊ လက်ကျန်တော့ တစ်ခေါက်လာခဲ့ပါ၊ ကျုပ် ဆက်ဆက်ပေးပါ့မယ်"

ဟု ပြောလေ၏။ မောင်ဘချစ်လည်း မောင်မောင်အေး ပေးသော ငွေရှစ်ရာကို အိတ်အတွင်းသို့ ထည့်ကာ ထိုအိမ်မှ ထွက်

လာခဲ့လေတော့၏။ လမ်းထိပ်သို့ရောက်လျှင် မောင်မောင်အေး
အိမ်မှ ကုလားကို စောင့်၍ နေလေ၏။ များမကြာမီ၌ပင် ဘော
ဘီဖြူ အင်္ကျီဖြူနှင့်ကုလားလည်း ရောက်ရှိလာလေတော့၏။

ထိုနောက် ထိုကုလားကပင် မောင်ဘချစ်အား--

"ကျုပ်က ဒီမနက်ပဲ အိန္ဒိယပြည်က လေယာဉ်ပျံနဲ့ ရော
လာတာပါ၊ ဒီလူဟာ လူလိမ်တစ်ယောက်ပဲဗျ၊ ကျုပ်တို့ အိန္ဒိ
ပြည်ကို လာပြီး သူ့ကိုယ်သူ မြို့စားကြီးလို့ ပြောတယ်၊ ကျု
တွေနဲ့ ဆက်သွယ်ခဲ့တယ်၊ ဟောဒီမှာ သူပေးခဲ့တဲ့ လိပ်စာက
ပြား"

ဟု ဆိုကာ မောင်မောင်အေး၏ လိပ်စာကတ်ပြားကို မော
ဘချစ်အား ထုတ်၍ပေးလေတော့၏။

မောင်ဘချစ်လည်း ထိုကတ်ပြားကို ဖတ်ကြည့်ပြီးနော
ရယ်ချင်စိတ်များ ဖြစ်ပေါ်၍ လာလေတော့၏။

"အိန္ဒိယကပြန်လာရင် ကျုပ်အတွက် မော်တော်ကား
ယာတွေ ဝယ်ခဲ့မယ်ဆိုပြီး ကျုပ်ဆီက ငွေ ရှစ်ထောင် လိမ်
တယ်၊ ကျုပ်ကတော့ ကျုပ်ငွေကို ပြန်မပေးရင် ဟောဒီ ဝါး
တုတ်ကြီးနဲ့ ဒီကောင့်ခေါင်းကို ရိုက်ခွဲမှာပဲ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ထိုကုလားက---

"ခင်ဗျားကို ကြည့်ရတာ လက်ထဲမှာလဲ တင်းပုတ်ကြီးနဲ့
တော့လဲ မကြောက်မရွံ့ ရဲရဲတင်းတင်းကြီးဆိုတော့ ရာမမင်း
နဲ့အတူ စစ်ချီတက်သွားတဲ့ ဟာနုမာန်ကြီး ကျနေတာပဲ"

ဟု ပြောဆိုကာ ထိုကုလားက တဟဲဟဲ ရယ်မောလေ
ထိုနောက် ၎င်းကပင်---





"ကျုပ်ကိုလဲ မှတ်ထားပါ၊ ကျုပ်နာမည် စီတာရန်းလို့ ခေါ်ပါ
တယ်၊ အိန္ဒိယပြည်မှာ လက်ရှမ်းဆိုတဲ့ကျွန်းဟာ အတော်ပဲ
ကြီးပါတယ်၊ အဲဒီကျွန်းက မန်နေဂျာပါ၊ ကျွန်းက မြို့စားကြီး
မောင်မောင်အေးဆီကို လွှတ်လိုက်လို့ လာခဲ့ရတာပါ၊ မြို့စားကြီး
ရဲ့ နန်းတော်ကလဲဗျာ တကယ့်ကို တဲပုတ်ကျနေတာပဲ ဟဲ--
ဟဲ-- ဟဲ-- တဲပုတ်တောင်မှ တဲပုတ်အကောင်းမဟုတ်ဘူးဗျို့၊
ယိုင်လဲနေလို့ တုတ်တွေနဲ့ ထောက်ထားရသေးတယ်၊ ကျုပ်တို့
လက်ရှမ်း ကျွန်းတော့ ကျွန်းနဲ့ဆက်သွယ်ပြီး အလုပ်လုပ်နေ
တာ တစ်ခါမှ အလိမ်မခံရသေးဘူး၊ တာမှမြို့စားကြီးနဲ့ ကျ
တော့မှပဲ ကောင်းကောင်း အနှပ်ခံရတော့တာပဲ၊ အဲဒါ အရေး
မကြီးပါဘူး မိတ်ဆွေရယ်၊ ကျုပ်က ဇရာမင်တစ်ယောက် ဖြစ်
လေတော့ နေရာတိုင်းမှာ စားလို့သောက်လို့ မရဘူး၊ ကျုပ်မြန်
ခင်မှာ စားဖို့သောက်ဖို့အတွက် ဇရာမင်ထမင်းဆိုင်ပဲဖြစ်ဖြစ် ဇရာ
မင် ဟိုတယ်ပဲဖြစ်ဖြစ် ပို့ပေးစမ်းပါဦး"

ဟု စီတာရန်းက ပြောလေ၏။ ထို့ကြောင့် မောင်ဘချစ်
သည် ဇရာမင် စားသောက်ဆိုင်တစ်ဆိုင်သို့ သွား၍ ပို့လေ၏။
ထို့နောက် အိပ်စက်ရန်ကိုမူ ဟိုတယ်တစ်ခု၌ အခန်းတစ်ခန်း
ငှား၍ ပေးခဲ့လေ၏။

စီတာရန်းသည် မောင်ဘချစ်အား လွန်စွာ ကျေးဇူးတင်လေ
၏။

"နက်ဖြန်လာခဲ့ပါဦး မစ္စတာဘချစ်ရယ်၊ ခင်ဗျားနဲ့ကျုပ်နဲ့
လျှောက်ပြီး လည်ကြရအောင်ပါ"

ဟု စီတာရန်းက ပြောလေ၏။ မောင်ဘချစ်သည် စီတာရန်း

အား နှုတ်ဆက်ပြီးနောက် အိမ်သို့ ပြန်ခဲ့လေတော့၏။ အိမ်သို့ ရောက်လျှင် ဦးဝွမ်တီ၏ တဲအိမ်ကလေးဆီသို့ ကူးခဲ့ပြီးလျှင် ထို နေ့တစ်နေ့လုံး၌ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ဦးဝွမ်တီ အား ပြောပြလေ၏။

ဦးဝွမ်တီသည် မောင်ဘချစ် ပြောဆိုသမျှကို ဆေးတံ သောက်၍ နားထောင်ကာ---

"ဟဲ-- ဟဲ-- မင်းရဲ့ဝဲရင်းတုတ်ကြီးကတော့ ငွေရှစ်ရာ တန်သွားပြီပေါ့ကွာ၊ နောက်ကို မောင်မောင်အေးဆီကို သွား တိုင်းသွားတိုင်း အဲဒီတုတ်ကြီးကိုယူပြီးသွားကွ၊ ပြီးတော့ စီတာ ရန်းဆိုတဲ့ အကောင်ကို သေသေချာချာ ပေါင်းပေတော့၊ သူက ဘာမေးမေး အရမ်းမဖြေနဲ့ကွ၊ ငါ့ဆီကို လာပြောပြပြီးမှ ငါက ဘယ်လိုဖြေဆိုမှ ပြန်ပြီးဖြေပေတော့"

ဟု ပြောလေ၏။

မောင်ဘချစ်သည် ဦးဝွမ်တီအား ပြောဆိုနှုတ်ဆက်ပြီး နောက် အိမ်သို့ ပြန်ခဲ့လေ၏။ အိမ်သို့ရောက်လျှင် ဗိုလ်ဝကလေး ၏ ရင်ကျပ်ရောဂါ ထ၍ နေသောကြောင့် မောင်ဘချစ်က ကူညီ ၍ ဆေးတိုက်ခြင်း၊ ဆေးချော်ခြင်း ရေနွေးအိုးတည်ခြင်းများကို ပြုလုပ်ပေးရလေတော့၏။

မောင်ဘချစ်၏ ယောက္ခမကြီး ဒေါ်သိုင်းခြိုကမူ---

"မင်းဟာက အလုပ်တစ်ခါ လုပ်ပြီးရင် သုံးနှစ်လောက်ကို အနားယူတော့တာကိုးကွ"

ဟု ပြောဆိုလေ၏။ မောင်ဘချစ်ကမူ တစ်စုံတစ်ရာ ပြန်လည် ပြောဆိုခြင်း မပြုဘဲ ငြိမ်၍သာနေလေတော့၏။

❖ ❖ ❖

ဇာတ်သိမ်း



နောက်တစ်နေ့နံနက်တွင် မောင်ဘချစ်သည် စီတာရန်း တည်းခိုရာ ကမ်းနားလမ်းရှိ ဟိုတယ်သို့သွားရောက်၍ စီတာ ရန်းနှင့် တွေ့ဆုံကာ ဗရာမင်ဆိုင်၌ပင် နှစ်ယောက်သား တိုရည် နှင့် မွေးနှီကို နံနက်စာအဖြစ် စားသောက်ကြလေ၏။ ထိုသို့ စားသောက်ရင်း စီတာရန်းက---

"မစ္စတာ ဘချစ်ရယ်---, လျှောက်ပြီးလည်ရအောင်၊ မော် တော်ကားတစ်စီးလောက် ငှားစမ်းပါ"

ဟု ဆို၍ မောင်ဘချစ်က မော်တော်ကားတစ်စီးကို ငှားရမ်း ပေးလေ၏။ ထိုနောက် မောင်ဘချစ်နှင့် စီတာရန်းတို့သည် မော် တော်ကားတစ်စီးဖြင့် ရွှေတိဂုံဘုရား၊ တိရစ္ဆာန်ရုံ၊ သဘောသဘင် သေည်များသို့ သွားရောက်လည်ပတ်ကြလေ၏။

နောက်တစ်နေ့တွင်လည်း နံနက်စာကို ဗရာမင်ဆိုင်၌ စား သောက်ကြပြီးလျှင် မော်တော်ကားတစ်စီး ငှားရမ်းကာ လည် ပတ်ကြပြန်လေ၏။ ထိုနေ့၌ စီတာရန်းနှင့် လည်ပတ်ရာတွင် မှော်ဘီသို့တိုင်အောင် ရောက်ရှိခဲ့လေ၏။ နောက်တစ်နေ့၌လည်း မင်္ဂလာဒုံ၊ ထောက်ကြံ့၊ ပဲခူး စသည်တို့တိုင်အောင် မော်တော် ကားတစ်စီးဖြင့် လည်ပတ်ကြပြန်၏။

ထိုနေ့က ပဲခူးမှ အပြန်တွင် စီတာရန်းက မောင်ဘချစ်အား-

"မစ္စတာဘချစ်၊ ခင်ဗျားတို့ တိုင်းပြည်လဲ လွတ်လပ်ရေးရပြီ ဆိုပါတော့ဗျာ၊ အဲဒီတော့ ဘယ်လို လုပ်ငန်းမျိုးတွေ လုပ်ရင် ကောင်းမယ်ဆိုတာ ပြောစမ်းပါဦးဗျ"

ဟု မေးလေ၏။ မောင်ဘချစ်လည်း ဦးဝွမ်တီ မှာလိုက်သော စကားကို သတိရသဖြင့် ချက်ချင်း အဖြေမပေးသေးဘဲ---

ဉာဏ်ခင်းစာပေ

"တိုင်းပြည်နဲ့ချီပြီးလုပ်တဲ့ စီးပွားရေးဆိုတာက အရှုံးမျိုး အဖြေပေးလို့ မကောင်းပါဘူး မစ္စတာ စီတာရန်း၊ နက်ဖြန်ခါကို ခင်ဗျားနဲ့တွေ့တဲ့ အခါမှာမှ ဘာတွေလုပ်သင့်တယ် ဘာတွေ လုပ်ရင် ကျုပ်တို့တိုင်းပြည်အတွက်လဲ အကျိုးရှိ၊ ခင်ဗျားတို့ ကုမ္ပဏီအတွက်လဲ အကျိုးခံစားရမယ်ဆိုတဲ့ လုပ်ငန်းမျိုးကို ကျုပ်က အကြံပေးချင်တယ်"

ဟု မောင်ဘချစ်က ပြောလိုက်ရာ စီတာရန်းက လွန်စွာ သဘောကျ၍ သွားလေ၏။ ထို့ကြောင့်---

"ကိုဘချစ်ဟာ တကယ့်ကို အမြော်အမြင်နဲ့ ပြည့်စုံပါတယ် ဗျာ၊ ဒီလိုကိစ္စမျိုးကို ချက်ချင်း အဖြေပေးတယ်ဆိုတာ ဘယ် ကောင်းပါ့မတုံး"

ဟု ပြောလေ၏။

ထိုနေ့ညနေတွင် အိမ်သို့ ရောက်သည့်အခါ၌ မောင်ဘချစ် သည် ဦးဝွမ်တီး၏တဲသို့ ပြေးသွားလေတော့၏။ ဦးဝွမ်တီကို တွေ လျှင်---

"ဦးဝွမ်တီရေ၊ စီတာရန်းကတော့ ကျုပ်တို့ တိုင်းပြည်မှာ ဘယ်လို စီးပွားရေးလုပ်ငန်းမျိုး လုပ်ရရင် ကောင်းမလဲလို့ မေး နေတယ်ဗျ၊ အခါ ကျုပ်က ရေလည်ကြောင်ပတ် ပြောထား တယ်၊ ခင်ဗျားကိုပြောပြီးမှ သူ့ကို ပြန်ပြီးအဖြေပေးမယ်လေ ဗျာ"

ဟု ပြောလျှင် ဦးဝွမ်တီက တခစ်ခစ်နှင့် ရယ်မော၍---

"သိပ်ကို ဟုတ်တာပေါ့ အဲဒီတော့ နက်ဖြန်ခါကို မင်းက ပြောရမှာက မစ္စတာစီတာရန်း၊ ခင်ဗျားတို့ကုမ္ပဏီကို ပြောပြ





မြန်မာပြည်အတွက် အထူးလိုအပ်တဲ့ လုပ်ငန်းကတော့ ရေအားနဲ့ လည်ပတ်တဲ့ လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းပါပဲလို့ ဟိုက်ဒရော လစ်ပါဝါပေါ့ကွာ၊ အဲဒီလုပ်ငန်းကို ထူထောင်နိုင်ရင်တော့ ကျုပ် တို့ တိုင်းပြည်အတွက်လဲ အကျိုးရှိမယ်၊ ခင်ဗျားတို့ ကုမ္ပဏီ အတွက်လဲ အမြတ်အစွန်း အများကြီး ရရှိမယ်လို့ ပြောလိုက်၊ အဲဒီအခါမှာ သူက သူ့ကုမ္ပဏီကို အဲဒီအကြောင်း ပြန်ပြီးတော့ စာနဲ့ရေးပြီး မေးလိမ့်မယ်၊ ကျန်တာတွေကိုတော့ မီးစဥ်ကြည့်ပြီး ကရမှာပဲ"

ဟု ပြောလေ၏။ မောင်ဘချစ်လည်း ဦးဝွမ်တီပြောသမျှကို ကောင်းစွာ မှတ်သားလေ၏။ နောက်တစ်နေ့၌ အခါတိုင်းကဲ့သို့ ပင် စီတာရန်းနှင့် တွေ့ဆုံ၍ ဗရာမင်ဆိုင်၌ နံနက်စာ စားသောက် ကြသောအခါတွင် စီတာရန်းက မောင်ဘချစ်အား---

"မစ္စတာဘချစ်၊ မနေ့က စကားကလေး ပြန်ပြီးဆက်ကြရ အောင်လေဗျာ"

ဟု ဆိုလေ၏။ ထိုအခါ၌ မောင်ဘချစ်က---

"ကျုပ်တို့တိုင်းပြည်မှာ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ အများကြီး လိုနေတယ်၊ အဲဒီလုပ်ငန်းတွေအတွက် လျှပ်စစ်ဓာတ် အားတွေ လုံလုံလောက်လောက် ရရှိဖို့ လိုနေတယ်၊ တကယ်လို့ ခင်ဗျားတို့ကုမ္ပဏီက တတ်နိုင်မယ်ဆိုရင် ရေအားလျှပ်စစ်စက်ရုံ ကြီး တစ်ရုံကို အစိုးရနဲ့ ညှိနှိုင်းတင်ပြပြီး ဆောက်လုပ်စေချင် တယ်၊ ကျုပ်တို့အတွက်လဲ အကျိုးရှိမယ်၊ ခင်ဗျားတို့ ကုမ္ပဏီ အတွက်လဲ အကျိုးရှိမယ်"

ဟု ပြောလိုက်ရာ စီတာရန်းက---

"သိပ်ကိုကောင်းတဲ့ အကြံဉာဏ်ပဲဗျာ၊ အဲဒီအတိုင်းကျ[illegible] ကုမ္ပဏီကို စာရေးလိုက်မယ် မစ္စတာဘချစ်"

ဟုဆိုကာ မောင်ဘချစ်အား အမျိုးမျိုး အဖုံဖုံ ချီးကျူးလေ[illegible]တော့၏။ စီတာရန်းသည် ထိုနေ့၌ပင် မောင်ဘချစ်ပြောသည့် အကြောင်းအရာများအား ၎င်း၏ ကုမ္ပဏီသို့ စာတစ်စောင် ရေ[illegible]သား၍ အကြောင်းကြားလိုက်လေ၏။ ၎င်း၏စာ၌လည်း တာ[illegible] မြို့စားကြီး မောင်မောင်အေးဆိုသူမှာ လွန်စွာအောက်တန်း[illegible]သော လူလိမ်တစ်ဦးသာ ဖြစ်ကြောင်းကို ဖော်ပြရေးသားသည့် အပြင် ယခုအခါ၌ ၎င်းအနေနှင့် စီးပွားရေး [illegible]ကြံဉာဏ်ကော[illegible] ပေးနိုင်သော မစ္စတာဘချစ်ဆိုသူနှင့် မိတ်ဆွေဖြစ်လျက် [illegible] ကြောင်းကိုပါ ထည့်သွင်းရေးသားခဲ့လေ၏။ တစ်ပတ်ခန့် [illegible] သောအခါ၌ စီတာရန်း၏ ကုမ္ပဏီမှ စီတာရန်းအတွက် [illegible] အမြောက်အမြားကို မြန်မာပြည်ဘဏ်သို့ လွှဲပြောင်း ပို့အပ်[illegible] လေ၏။

ထို့ပြင် မြန်မာပြည်၌ အမြဲကြာကြာနေနိုင်ရန်အတွက် ကုမ္ပဏီမှ ကြိုးစားပေးမည်ဖြစ်ကြောင်း စာထဲတွင်ပါသည့် မစ္စတာဘချစ်ဆိုသူနှင့် တိုင်ပင်ကာ ရေအားလျှပ်စစ်လုပ်ငန်းအတွက် ကုဋေပေါင်း ရှစ်ဆယ်တန်သော စက်ရုံကြီးတစ်ရုံ ဆောက်လုပ်နိုင်ရန်အတွက် စီမံကိန်း ပုံစံ ကောင်းရေးဆွဲ၍ ကုမ္ပဏီသို့လည်း တစ်စောင်ပို့ရန် မြန်မာအစိုးရအဖွဲ့သို့လည်း တစ်စောင်တင်ပြရန် စာပြန်လိုက်လေတော့၏။

စာရသည့်နေ့တွင် စီတာရန်းက---

"ရေအားလျှပ်စစ် စက်ရုံဆောက်ဖို့ စီမံကိန်း ကောင်းရေး၍





တော့ အကြောင်းကြားစာ ပို့လိုက်ပြီဗျို့၊ အဲဒီတော့ ကိုဘချစ် ရယ် ရုံးခန်းဖွင့်ဖို့ တိုက်ခန်းကျယ်ကျယ် တစ်ခန်းတော့ ငှားရ လိမ့်မယ်"

ဟု ပြောလေ၏။

ထို့ကြောင့် မောင်ဘချစ်သည် စကော့ဈေးနှင့် မျက်စောင်း ထိုးလောက်တွင်ရှိသော ၂၉-လမ်းထိပ်ရှိ တိုက်အမှတ် ၂၀၃-မှ အခန်းနှစ်ခန်းကို ငှားယူ၍ အလယ်မှ ကာရံထားသော နံရံကို ဖြိုကာ ရုံးခန်းကြီးတစ်ခု ပြုလုပ်လေတော့၏။

ထိုရုံးခန်းအတွက် တယ်လီဖုန်းများ တပ်ဆင်၏။ စားပွဲ ကုလားထိုင် ဗီရိုများ ငှား၏။ အစောင့် ဒရဝမ်ငှား၏။ လက်နှိပ် စက်စာရေး၊ ငွေစာရင်းကိုင်၊ ပြန်း စသည်များပါ ငှားရမ်းလေ၏။ မောင်ဘချစ်သည် ထိုလုပ်ငန်းများ လုပ်နေစဉ်အတွင်း၌ ဦးရွှမ် တီနှင့် တွေ့ဆုံလေ၏။

ထိုအခါ၌ ဦးရွှမ်တီက---

"ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မယ့် စာကင်းကို မင်း ကိုယ်တိုင် ရေးဆွဲပါ့မယ်လို့ စီတာရန်းကို ပြောကွာ"

ဟု ဆိုလေ၏။

"ကျုပ်မှ မဆွဲတတ်ဘဲဗျာ၊ ဒီလောက်ကြီးတဲ့ စီမံကိန်းကို ကျုပ်တော့ ဘယ်နည်းနဲ့မှ လုပ်နိုင်မှာ မဟုတ်ပါဘူး"

ဟု မောင်ဘချစ်က ပြောလေ၏။

"ငါပြောဆိုတဲ့အတိုင်းသာ ပြောစမ်းပါ မောင်ဘချစ်ရာ၊ မင်း မဆွဲတတ်ဘူးဆိုတာ ငါသိတာပေါ့ကွ၊ ဒီကိစ္စက လွယ်တာမှ မဟုတ်ဘဲ၊ အဆောက်အအုံနဲ့ ပတ်သက်တဲ့ အင်ဂျင်နီယာတွေ၊

လျှပ်စစ်နဲ့ပတ်သက်တဲ့၊ အင်ဂျင်နီယာတွေ လမ်းနဲ့ပတ်သက်တဲ့ အင်ဂျင်နီယာတွေ၊ စာရင်းဇယားကျွမ်းကျင်သူတွေ အားလုံးနဲ့ ညှိနှိုင်းပြီးမှ ရေးဆွဲလို့ ရတာမျိုးကွ၊ ဒါပေမယ့် ဘာမှ မပူပါနဲ့ကွာ၊ ငါ တာဝန် ထားလိုက်ပါ"

ဟု ဦးငွမ်တီက ရဲရဲရှာ အာမခံလေ၏။ ထို့ကြောင့် မောင်ဘချစ်သည် စီတာရန်းနှင့် တွေ့သောအခါ၌ စကားကို ၎င်းကိုယ်တိုင် ရေးဆွဲမည်ဖြစ်ကြောင်း ပြောဆိုရာ စီတာရန်းက---

"ဖြစ်တယ်ဆိုရင် လုပ်ပေါ့ မစ္စတာဘချစ်ရယ်၊ သူ့ထုံးစံကတော့ စကားဆွဲပေါ့ ငွေတစ်ရာမှာ ဆယ်ပြားနှုန်း သတ်မှတ်ထားတာပဲ၊ အခုတော့ ကုဋေရှစ်ဆယ်တန် စီမံကိန်းအတွက်ဆိုရင် စီမံကိန်းရေးဆွဲခရည်းကိုပဲ ဒေါ်လာအနေနဲ့ ရှစ်သိန်းလောက် ရမယ်၊ ဒါပေမယ့် အဲဒီ ရှစ်သိန်းစလုံး ဒေါ်လာ မစားရပါဘူး၊ ပါရဂူတွေ ငှားရမယ်၊ အင်ဂျင်နီယာတွေ ငှားရမယ်၊ စာရင်းသမားတွေ ငှားရမယ်ဆိုတော့ အဲဒီမှာကိုပဲ ခြောက်သိန်းလောက် ပြုတ်သွားမှာပဲ၊ နှစ်သိန်းလောက်တော့ စားရမှာပေါ့ကွာ၊ ဒါကတော့ အဲဒီက မရလဲပဲ ကျုပ်တို့ ကျွန်တော်ကတော့ ကျုပ်တို့ကို ထိုက်ထိုက်တန်တန် ကူညီတဲ့အတွက် ဒေါ်လာကို လက်ဆောင်ပေးရမှာပါ။ အဲဒီတော့ မစ္စတာဘချစ်ရေ ခုကာကို အလုပ်စပေတော့ဗျို့"

ဟု ပြောလေ၏။

မောင်ဘချစ်လည်း ဦးငွမ်တီဆီသို့ ပြန်၍ ပြေးလာလေ၏။ ဦးငွမ်တီနှင့် တွေ့လျှင်---

"ဦးငွမ်တီရေ၊ စကားဆွဲတော့ဗျို့၊ အဲဒီစကား ဆွဲခက ရှစ်သိန်းလောက် ရမှာဆိုပဲ၊ ကျုပ်လဲ ဒေါ်လာပြောတာနဲ့ စီတာရန်း





ကို ခပ်တည်တည်ပြောလိုက်တာပဲ၊ တကယ်ကတော့ စကားဆိုတာ ကျုပ်လဲ ဘာမှ နားမလည်ဘူးဗျ"

ဟု မောင်ဘချစ်က ပြောလေ၏။

"စိတ်မပူပါနဲ့ ကိုယ့်လူရာ အေးအေးဆေးဆေး အိမ်ပြန်ပြီး အိပ်နေပါ၊ သန်ဘက်ခါကို အဲဒီစကားကြီး ပြီးပါလိမ့်မယ်"

ဟု ဦးငွမ်တီက ပြောလေ၏။

"ရှစ်သိန်းတန် စကားကြီးဟာ အဲဒီလောက် လွယ်လွယ်နဲ့ ပြီး သလားဗျာ၊ ဟုတ်မှလဲ လုပ်ပါ ဦးငွမ်တီရယ်"

ဟု မောင်ဘချစ်က ပြောလေ၏။

"ကြည့်လေကွာ၊ သန်ဘက်ခါကျတော့ မင်း တွေ့ရလိမ့်မပေါ့"

ဟု ဦးငွမ်တီက ပြန်၍ ပြောလေ၏။ မောင်ဘချစ်လည်း အိမ်သို့ ပြန်လာခဲ့လေ၏။

နောက်တစ်နေ့၌မူ မောင်ဘချစ်သည် စီတာရန်းဆီသို့ မသွားဘဲ အိမ်၌သာလျှင် နေလေ၏။ ထိုနေ့ညနေလောက်တွင် ဦးငွမ်တီသည် ဂုန်နီအိတ်ကြီးတစ်အိတ်ကို ထမ်း၍ ပြန်လာလေ၏။ မောင်ဘချစ်လည်း ဦးငွမ်တီ၏ တဲကလေးဆီသို့ ပြေးသွားလေ၏။

"ဘာတွေ ဝယ်လာတာလဲ ဦးငွမ်တီရဲ့"

ဟု မောင်ဘချစ်က မေးလေ၏။

"ဘာရမှာတုံးကွ၊ ရေအားလျှပ်စစ် စကားကြီးလေကွာ"

ဟု ဆိုကာ ဂုန်နီအိတ်ကြီးကို သွန်ချလိုက်ရာ အတွင်းမှ စာအုပ်ကြီးတစ်အုပ် ထွက်လာလေတော့၏။ ထိုစာအုပ်ကြီး၏ အလျားမှာ တစ်ထောင့်တစ်ထွာခန့်ရှိ၍ အနံမှာ တစ်တောင်ခန့် ရှိ

ပေသည်။ ဘုမှာမူ တစ်လွှာချင်း ဖြင့်လေ၏။ မောင်ဘချစ်သည် ထိုစာအုပ်ကြီးကို ဖွင့်ကြည့်လိုက်ရာ "ရေအား လျှပ်စစ်ဓာတ်အားပေးရေး စီမံကိန်း" ဟု အမည်မှည့်ရသော အင်္ဂလိပ် စာလုံးကြီးကို ကျူနစ်ရှာ ပန်းစာလုံးဖြင့် ရိုက်နှိပ်ထားသည်ကို တွေ့ရလေ၏။

မောင်ဘချစ်သည် စာအုပ်ကြီးကို ဆက်၍ လှန်ကြည့်ပြန်ရာ အတွင်း၌ မြေပုံများ၊ စက်၏ တည်နေပုံ 'ဆိုက်ပလင်'များ၊ လျှပ်စစ်ဓာတ်အားပေးစက်ကြီးအား ရေအားဖြင့် လည်ပတ်နေပုံ ပုံစံများကို အမြောက်အမြား တွေ့ရလေ၏။ ထိုပုံများမှာ အင်ဂျင်နီယာများ ရေးဆွဲထားသော ပုံများဖြစ်ကြောင်း သိသာလေ၏။

ထိုပုံများကို ဘလူးပရင့်ခေါ် အပြာရောင် စာရွက်များနှင့် ရိုက်နှိပ်ထားသည်ကိုလည်း တွေ့ရလေ၏။ တချို့မှာမူ အဖြူရောင် စာရွက်များပေါ်ပင်လျှင် မင်နက်ဖြင့် ရေးဆွဲထားသည်ကို တွေ့ရလေ၏။ အချို့မှာ ဆီစိမ်စက္ကူပါးဖြင့် ရေးဆွဲထားလေ၏။ တစ်အုပ်လုံးတွင် မည်သို့မည်ပုံ ရေအားလျှပ်စစ်ပေးမည်၊ စက်ရုံကို မည်သည့်နေရာ၌ ဆောက်မည်၊ စက်ရုံ ဆောက်နေစဉ်အတွင်း ဆောက်လုပ်သော အလုပ်သမားများ၏ ကျန်းမာရေးအတွက် ဆေးရုံနှင့် ဆေးခန်းကို မည်သို့မည်ပုံ ဖွင့်မည့်မှအစ အလုပ်သမားများ၏ သားသမီးများအတွက် စာသင်ကျောင်း မည်သို့မည်ပုံ ဖွင့်လှစ်မည်ကိုပါ ဖော်ပြရေးသားထားသည်ကိုပါ တွေ့ရလေ၏။ ထို့ပြင် စက်ရုံဆောက်လုပ်သည့်နေရာ၌ ခုတ်လှဲပစ်ရမည့် သစ်ပင်အမျိုးအစားနှင့် အရေအတွက်ကို ခန့်မှန်း ဖော်ပြထားသည့်အပြင် ထိုသစ်ပင်များ ခုတ်လှဲရသည့်အတွက် သစ်တောဌာနသို့ ပေးလျော်ရမည့် တန်ဖိုးငွေများကိုပါ တွက်ချက် ဖော်ပြထားလေ





၏။ မောင်ဘချစ်သည် ထိုစာအုပ်ကြီးကို ပိတ်ပြီးနောက်---

"ဒါကြီးကို စီတာရန်းကို ပေးလိုက်ရုံပဲပေါ့"

ဟု ပြောလိုက်လေ၏။

"ဒါကြီးကို ဒီအတိုင်း ပေးလိုက်ရင် ငွေရှစ်သိန်း ဘယ်ရတော့မလဲကွ"

ဟု ဦးဝွမ်တီက ပြောလေ၏။

"နေစမ်းပါဦး ဦးဝွမ်တီရယ်၊ ဒီဥစ္စာကြီးကို ခင်ဗျား ဘယ်က ရလာတာတုံး"

ဟု မောင်ဘချစ်က မေးလေ၏။

"ဒီလိုကွ၊ အင်္ဂလိပ်ခေတ်မှာ ဒီစာကြီးကို ဆွဲတာ ကြာပါပြီကွ၊ အဲဒါကြီးက တန်ဖိုးသိပ်များတယ်၊ မြန်မာပြည်အတွက် ဒီလောက်ကောင်းတဲ့ စက်ရုံကြီး ဆောက်ပေးဖို့ မလိုဘူးလို့ အင်္ဂလိပ်အစိုးရက ဆုံးဖြတ်ပြီးထားသားကွ၊ ဒီစာအုပ်ကြီးတွေက မြူနီစပါယ်ရုံးက အမှိုက်သရိုက် စာရွက်စာတန်း အဟောင်းတွေထားတဲ့ ဂိုဒေါင်ထဲမှာ ပုံမြန်နေရတာ ကြာလှပြီကွ၊ ဘာမှလဲ အသုံးမဝင်ဘူး၊ အဲဒါ ငါက ဒရဝမ်ကုလားကို ပိုက်ဆံငါးကျပ်ပေးပြီး ရအောင်လာခဲ့တာ"

ဟု ဦးဝွမ်တီက ပြောလေ၏။

"ဒီတော့ ကျွန်တော်က ဘာဆက်လုပ်ရမှာလဲ ဦးဝွမ်တီရဲ့"

ဟု မောင်ဘချစ်က မေးလေ၏။

"မင်းက ဘာမှ လုပ်စရာ မလိုပါဘူး၊ အရင်က ဆည်မြောင်းဘက်မှာ အလုပ်လုပ်ဖူးတဲ့ အရာရှိမင်းလို့ခေါ်တဲ့ ပုံဆွဲဆရာ နှစ်ယောက်ကို ငါခေါ်လာခဲ့ပြီးသားကွ၊ နက်ဖြန်ကို လာကြလိမ့်

မယ်၊ အဲဒီအခါမှာ ဒီစာအုပ်ထဲမှာ ပါတဲ့ပုံတွေကို သူတို့ကို ကူးပြီး ရေးနိုင်းရုံပဲ၊ အဲဒီလို ရေးနိုင်းတဲ့အတွက် ပုံတစ်ပုံကို သုံးကျပ်နှုန်းနဲ့ သူတို့ကို ရှင်းပေးလိုက်၊ ပြီးတော့ အထဲက စာသားတွေကို တစ်ရွက်ချင်း ဖြတ်ပြီး ပုံနှိပ်တိုက်တွေမှာ ခွဲပြီးအပ်လိုက်၊ ပြီးရင် အင်္ဂလိပ်ယ လက်မှတ်ထိုးရမယ့်နေရာတွေမှာ အသက်ကြီးပြီး အလုပ်အကိုင်မရှိတဲ့ အင်္ဂလိပ်ယ အပေါင်းအသွေးကြီးတွေ ရှိတယ်ကွ၊ သူတို့ဆီမှာ ဗိုက်ဆံကလေးဘာလေး ပေးပြီး လက်မှတ်ထိုးနိုင်း၊ အားလုံးပြီးရင်တော့ စုပေါင်းပြီး ဘုရားရှေ့က စာအုပ်ချုပ်တဲ့လူတွေဆီမှာ သားရေဖုံးချုပ်နိုင်းလိုက်၊ ပြီးရင် စီတာရန်းဆိုတဲ့ ကုလားကို ပေးလိုက်၊ ဒါပဲ"

ဟု ဦးခွမ်တီက ပြောလေ၏။

မောင်ဘချစ်လည်း ဦးခွမ်တီပြောသည့်အတိုင်းပင် စာရွက်များကို ဖြတ်၍ ပုံနှိပ်တိုက် ဆယ်တိုက်လောက်တွင် ခွဲ၍ ရိုက်နိုင်းလေ၏။ ပုံဆွဲဆရာများကိုလည်း တစ်ပုံသုံးကျပ်နှုန်းနှင့် ပုံများ ကူးနိုင်းလေ၏။ သေရအံ့ဆဲဆဲအရွယ်သို့ ရောက်နေပြီး အတိုက္ကရောက်နေသော အင်္ဂလိပ်ယ အိုကြီးများကို ရှာ၍ထိုက်သင့်သလောက် ငွေပေးကာ လက်မှတ် ထိုးနိုင်းလေ၏။

ထို့နောက် စာရွက်စာတမ်းများအားလုံးကို ရွှေတိဂုံဘုရားစောင်းတန်းသို့သွားပြီးလျှင် စာအုပ်ချုပ်သောသူများထံ၌ သားရေဖုံးချုပ်လေ၏။ အလုံးစုံပြီးသောအခါ၌ ထိုစာအုပ်ကြီးများကို ယူ၍ စီတာရန်းထံသို့ အပ်လေ၏။ (ထိုလုပ်ငန်း စုစုပေါင်း အချိန်ကာလမှာ သုံးလခန့်သာ ကြာပေသည်။)

စီတာရန်းသည် မောင်ဘချစ်ယူလာသော စာအုပ်ကြီးများကို





ကြည့်ကာ လွန်စွာ သဘောကျလေ၏။ ထို့နောက် စာအုပ်တစ်အုပ်ကို အိန္ဒိယပြည်ရှိ ၎င်း၏ကျွမ်းကျင်သူထံသို့ တင်ပို့လိုက်လေတော့၏။ ကျွမ်းကျင်သူကလည်း ထိုစာအုပ်ကြီးကို လေ့လာပြီးလျှင် စီတာရန်းထံသို့ လွန်စွာကောင်းသော စီမံကိန်း ကောင်းဖြစ်ကြောင်း၊ ရေးဆွဲကို ထုတ်ပေးပြီးနောက် မြန်မာပြည် အစိုးရထံသို့ တင်ပြရန် စာပြန်လိုက်လေတော့၏။

ထိုစာရသည့်နေ့၌ပင် မောင်ဘချစ်အား စီတာရန်းက ဘဏ်၌ ငွေထုတ်ရန် ချက်လက်မှတ် တစ်စောင်ကို ရေးထိုးပေးလိုက်လေတော့၏။ မောင်ဘချစ်လည်း အားရဝမ်းသာဖြင့် ဦးခွမ်တီ၏ ဘဲကလေးဆီသို့ ပြန်လာခဲ့လေ၏။

"ပြီပြီ ဦးခွမ်တီရေ၊ ပြီပြီဗျို့၊ ခင်ဗျား ငါးကျပ်နဲ့ယူလာတဲ့ စာအုပ်အဟောင်းကြီးဟာ ငွေရှစ်သိန်းတောင် ရပြီဗျို့"

ဟု အော်ဟစ်၍ ဦးခွမ်တီအား ပွေ့ဖက်ကာ မောင်ဘချစ်သည် ပျော်ရွှင်လွန်းသဖြင့် ခုန်ပေါက်လေတော့၏။ ထိုအခါ၌ ဦးခွမ်တီက---

"ပုံဆွဲခက တစ်ပုံကိုသုံးကျပ်နဲ့ဆိုတော့ ပုံပေါင်းနှစ်ဆယ်မှာ နှစ်ရာ့တစ်ဆယ် ကျတာပေါ့ကွာ၊ ပုံနှိပ်တိုက်မှာ စာတွေရိုက်ခ က သုံးရာကျတယ်၊ အင်္ဂလိပ်ယကြီးသုံးယောက်ကို တစ်ယောက် သုံးရာစီပေးလိုက်တယ်၊ သားရေဖုံးချုပ်ခက တစ်အုပ်ကိုငါးဆယ် ယူတယ်ဆိုတော့ သုံးအုပ်ချုပ်ခက တစ်ရာ့ငါးဆယ်ကျတယ်၊ ငါ ဝယ်လာတာက ငါးကျပ်ကျတယ်၊ အားလုံး ပေါင်းလိုက်တော့ စုစုပေါင်း တစ်ထောင်ငါးရာ ခြောက်ဆယ့်ငါး ကျပ်ပဲကျတယ် ဟား--ဟား--ဟား"

ဟု ဦးထွမ်တီက ရယ်မောလေ၏။

မောင်ဘချစ်က ဦးထွမ်တီအား---

"အစိုးရအဖွဲ့က ဒီဥစ္စာကြီးကို သဘောတူရင် စီတာရှန်းတို့ ကုမ္ပဏီဟာ ရေအားလျှပ်စစ် စက်ရုံကြီး ဆောက်ကြတော့မှာ ပေါ့နော်"

ဟု မေးလေ၏။

"မဆောက်ဖြစ်ပါဘူးကွာ။ အစိုးရအဖွဲ့က ဒါကြီးကို ဖတ် ကြည့်ပြီး သဘောကျရင်ပဲ စီတာရှန်းတို့ကုမ္ပဏီနဲ့ ဘယ်နည်းနဲ့မှ ကို အပေးအယူတည့်မှာ မဟုတ်ဘူး။ ဘယ်အချက်မှာ မတည့်မှာ လဲဆိုတော့ စီတာရှန်းတို့က အနှစ်နှစ်ဆယ်အတွင်း နေရှင်နယ် လိုက် မလုပ်ပါဘူးဆိုတဲ့ ကတိကို အစိုးရဆီမှာ တောင်းမယ်ကွ။ ဒီ အချက်ကို အစိုးရက ပေးမှာ မဟုတ်ဘူး။ အဲဒီမှာကိုပဲ ကွဲလွဲမှာပဲ။ ဘာပဲဖြစ်ဖြစ်လေ မင်းက စီမံကိန်း ရေးဆွဲတဲ့အတွက် ငွေတွေရ ပြီးသားပဲ မဟုတ်လား"

ဟု ဦးထွမ်တီက ပြောလေ၏။

မောင်ဘချစ်သည် ဦးထွမ်တီ၏ အကြံဉာဏ်ကို လွန်စွာ အံ့သြ သွားလေ၏။

"တကယ်မဖြစ်မယ့် အလုပ်မှန်း သိလျက်သားနဲ့ကို ဦးထွမ်တီ က ခပ်တည်တည်နဲ့ စီမံကိန်းကြီးကို တင်ဖြစ်အောင် လုပ်တော့ တာကိုး၊ စီတာရှန်းတို့ ကုမ္ပဏီကတော့ အချောင်သက်သက် ကျုပ်ကိုပေးရတဲ့ငွေတွေ ဆုံးတော့တာပေါ့"

ဟု မောင်ဘချစ်က ပြောလေ၏။

"မှုပါနဲ့ငါ့လူရာ။ ဒီငွေလောက်ဟာ သူတို့ကုမ္ပဏီက နှစ်ချပ်





ပြောတာ လစာလောက် ရှိမှာပါကွာ"

ဟု ဦးထွမ်တီက ပြောလိုက်လေတော့၏။

❖ ❖ ❖

## မောင်ဘချစ်နှင့် မော်တော်ကားများ

တစ်နေ့သ၌ ဦးဂွမ်တီက မောင်ဘချစ်အား ငင်းဆဲတဲ့သို့ ခေါ်ယူ၍---

"ဟေ့ မောင်ဘချစ်--- မင်းတို့ရဲ့ ရေအားလျှပ်စစ်စီမံကိန်းကြီး ဘာထူးပြီလဲကွ"

ဟု မေးလေ၏။

"မထူးသေးပါဘူး ဦးဂွမ်တီရယ်"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဘယ်ပဲဖြစ်ဖြစ် မင်းကတော့ မော်တော်ကားတွေ အများကြီးပိုင်တဲ့ သူဌေးကြီး ဖြစ်ဦးမယ်ကွ"

ဟု ဦးဂွမ်တီက ပြောလေ၏။

"ဘာဖြစ်လို့လဲ ဦးဂွမ်တီ"

ဟု မောင်ဘချစ်က မေးလေ၏။

"ငါ မနက်က လက်ဖက်ရည်ဆိုင်မှာလက်ဖက်ရည် သွားသောက်





ရင်း သတင်းစာဖတ်ခဲ့တယ်ကွ၊ သတင်းစာထဲမှာ မဟာမိတ် စစ်တပ်က ကျန်ခဲ့တဲ့ မော်တော်ကား အပျက်တွေကို နက်ဖြန် လေလံပစ်မယ်ဆိုပဲ"

ဟု ဦးဂွမ်တီက ပြောလေ၏။

"မော်တော်ကားတွေ လေလံပစ်မှာနဲ့ ကျုပ်က မော်တော်ကားတွေ အများကြီးပိုင်မှာနဲ့ ဘယ်လိုများ ပတ်သက်လို့လဲ ဦးဂွမ်တီရယ်"

ဟု မောင်ဘချစ်က မေးလေ၏။

"ခုထိတော့ ဘာမှမပတ်သက်သေးဘူး၊ ဒါပေမယ့် ပတ်သက်အောင် လုပ်ယူရမှာပဲ၊ မနက်ဖြန် မနက်ကို မင်းက စီတာရန်းဆီကို ခါတိုင်းသွားသလိုပဲ သွား၊ ပြီးတော့ ဖျင်းတယ်ဗျာ၊ လျှောက်လည်ရအောင်ဆိုပြီး မင်္ဂလာဒုံဘက်ကို ရောက်အောင် ခေါ်သွား၊ လေလံပစ်မှာက မင်္ဂလာဒုံမှာကွ၊ အဲဒီကျတော့ လေလံပွဲကို တွေ့လိမ့်မယ်၊ တွေ့တာနဲ့ တစ်ပြိုင်နက် ဝင်ကြည့်ရအောင်ဗျာလို့ ဆိုပြီး လေလံပွဲကို ဝင်သာကြည့်ပေတော့၊ ကျန်တာတွေကတော့ သူ့အလိုလို ဖြစ်လာလိမ့်မယ်"

ဟု ဦးဂွမ်တီက ပြောလေ၏။ မောင်ဘချစ်လည်း ဦးဂွမ်တီ ပြောသမျှကို ကောင်းစွာ မှတ်သားခဲ့လေတော့၏။ နောက်တစ်နေ့သို့ ရောက်သောအခါ၌ မောင်ဘချစ်သည် အခါတိုင်းကဲ့သို့ပင် စီတာရန်းထံသို့ ထွက်လာခဲ့လေ၏။ စီတာရန်းနှင့် တွေ့သောအခါ၌ နှစ်ယောက်သား ဇရာမင် လက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည် သောက်ကြလေ၏။ ထိုသို့ လက်ဖက်ရည် သောက်ရင်း မောင်ဘချစ်က စီတာရန်းအား---

"ကျုပ်တော့ ဒီနေ့ သိပ်ပျင်းတယ်ဗျာ၊ လျှောက်ပြီးလည်ချင်တယ်"

ဟု ပြောလျှင် စီတာရန်းကလည်း---

"လည်ချင်ရင် ကားငှားလိုက်ပေါ့ မစ္စတာ ဘချစ်ရယ်"

ဟု ပြောလေ၏။

မောင်ဘချစ်လည်း တစ်နေ့လုံးအတွက် မော်တော်ကား တစ်စီးကို ငှားရမ်းလိုက်လေ၏။ ထို့နောက် မောင်ဘချစ်နှင့် စီတာရန်းတို့သည် မော်တော်ကားတစ်စီးဖြင့် လျှောက်၍ လည်ကြလေ၏။ ထိုသို့ လျှောက်၍ လည်ပတ်ရင်း ဒရိုင်ဘာအား မင်္ဂလာဒုံဘက်သို့ မောင်းနှင်ရန် မောင်ဘချစ်က ပြောလေတော့၏။ တိုင်စီ ဒရိုင်ဘာလည်း မင်္ဂလာဒုံဘက်သို့ မောင်းနှင်လေတော့၏။ မင်္ဂလာဒုံသို့ရောက်လျှင် မော်တော်ကားအများအပြား လေလံပစ်နေသဖြင့် လူများ စုရုံးစည်ကားနေသည့် နေရာကို တွေ့လေ၏။ စီတာရန်းကလည်း ထိုစည်ကားနေသော လူအုပ်ကြီးကိုတွေ့လျှင်---

"ဟိုမှာ ဘာဖြစ်နေတာလဲ မသိဘူး၊ သွားကြည့်ရအောင်"

ဟု ဆိုလေ၏။ ဒရိုင်ဘာလည်း မောင်း၍ ပို့လေ၏။ အနီးသို့ ရောက်လျှင် မော်တော်ကား အများအပြား လေလံပစ်နေကြောင်း တွေ့ရလေတော့၏။ မောင်ဘချစ်တို့ ရောက်သွားသည့်အခါ၌ စစ်သုံး ဂျစ်ကားများကို စတင်၍ လေလံပစ်နေပြီ ဖြစ်၏။ လေလံပစ်သည့်အဖွဲ့မှ---

"ပေလှာတ်နံပါတ်တစ် (Lot. No.1) စစ်ဂျစ်ကား၊ သုံးရာ (သရီးဟန်ဒရက်)"





ဟု အော်လေ၏။ လူတစ်ယောက်က---

"ပေးတယ်"

ဟု ထ၍ အော်ပြန်၏။

ထို့ကြောင့် ကြော်ငြာ၍ မောင်းတော်သူ လူပုကလေးတစ်ဦးက---

"သုံးရာတစ်ကြိမ် (သရီးဟန်ဒရက်-ဝမ်း)"

ဟု ဆိုကာ မောင်းကို ဒုခနဲ ထုလိုက်လေ၏။ ထိုအခါ၌ ချစ်တီးကုလားတစ်ဦးက--

"သုံးရာ့ငါးဆယ် (သရီးဟန်ဒရက် ဖစ်ဖ်တီး)"

ဟု ထ၍ အော်လေ၏။

မောင်းထုသော လူပုကလေးကလည်း---

"သုံးရာ့ငါးဆယ် တစ်ကြိမ် (သရီးဖစ်ဖ်တီး-ဝမ်း)"

ဟု အော်လေ၏။

ထိုအချိန်၌ ပထမလူက---

"လေးရာ (ဖိုးဟန်ဒရက်)"

ဟု ထ၍ အော်လေ၏။

ထို့ကြောင့် မောင်းထုသော လူပုကလေးက---

"ဖိုးဟန်ဒရက်-ဝမ်း"

ဟုအော်၍ မောင်းကို ဒုခနဲ ထုပြန်၏။

ထိုအခါ၌ ချစ်တီးကုလားက---

"ဖိုးဟန်ဒရက် ဖစ်ဖ်တီး"

ဟု ထ၍ အော်ပြန်လေ၏။

ပထမလူ ဈေးမလိုက်နိုင်တော့ဘဲ ချစ်တီးကုလားကို လှမ်း

ဂိုက်ဖြင့် ကြည့်လေ၏။ ထိုအခါ၌ မောင်ဘချစ်နှင့်အတူ ထိုင်နေသော စီတာရန်းက ကားပေါ်မှနေ၍---

"အိမ်ဟန်ခရက်"

ဟု လှမ်း၍ အော်လိုက်လျှင် လူအများသည် စီတာရန်းကို ကြည့်ကြကုန်၏။ ချစ်တီးကုလားကလည်း စီတာရန်းကို လှမ်းကိုက်ဖြင့် ကြည့်ပြန်လေ၏။ စီတာရန်းပေးသော ဈေးကို မည်သူတစ်ဦးတစ်ယောက်မျှ လိုက်၍မပေးနိုင်သောကြောင့် စီတာရန်းပင် အနိုင်ရလေ၏။

ထိုနောက် စီတာရန်းသည် အများခေါ်သောဈေးကို မတရားကျော်ဖြတ်၍ပေးကာ ထိုနေ့အဖို့ လေလံပစ်သော စစ်သုံးဂျစ်ကားအားလုံးအား တစ်ဦးတည်း အနိုင်ယူလိုက်လေ၏။ ပြီးလျှင် ကျသင့်သော ငွေများအတွက် စီတာရန်းက ချက်လက်မှတ်များ ရေးပေးလေ၏။ ထိုနေ့အဖို့ လေလံပွဲသည် ဂျစ်ကားနှင့်ပင် အချိန်ကုန်လေ၏။ မောင်ဘချစ်နှင့် စီတာရန်းတို့လည်း ရန်ကုန်ဘက်သို့ ပြန်ခဲ့ကြလေတော့၏။

မောင်ဘချစ်သည် စီတာရန်းနှင့် လမ်းခွဲခဲ့ပြီးနောက် အိမ်သို့ ပြန်လာခဲ့လေ၏။ အိမ်သို့ရောက်လျှင် မမြနှစ်က---

"ကိုကိုချစ်ရေ--- အမေတော့ ဘာဖြစ်တယ် မသိဘူး၊ ဆေးခန်းက သတိတောင် လစ်သွားတယ်"

ဟု ဆီး၍ ပြောလေ၏။

"ဒီလို လုပ်ပါလား အနစ်ရယ်၊ မအူကုန်းနားမှာ ခေါက်တာဖြူဆိုတာ ရှိတယ်မဟုတ်လား၊ သူ့ကို သွားပြီး ပင့်ပေါ့"

ဟု ပြောဆိုကာ ၎င်းကား ဦးထွန်းတင်၏ တဲကလေးဆီသို့ ထွ





လာခဲ့လေ၏။ ဦးထွန်းတင်က မောင်ဘချစ်ကို တွေ့လျှင်တွေ့ချင်း-

"ဘယ်လိုလဲ ကားသူဌေး"

ဟု လှမ်း၍ ပြောလိုက်လေ၏။

"ဟုတ်တယ်၊ ဦးထွန်းတင်ပြောတဲ့အတိုင်းပဲ၊ မော်တော်ကား လေလံပစ်တဲ့နေရာကို စီတာရန်းကိုခေါ်သွားတာ၊ ရှိရှိသမျှ ဂျစ်ကားများတွေ အားလုံးကို သူတစ်ယောက်တည်း အကုန်လုံး လေလံဆွဲပစ်လိုက်တယ်"

ဟု ပြောလေ၏။

"ငါ သိပါတယ်ကွ"

ဟု ဦးထွန်းတင်က ပြောလေ၏။

"သိတာက ဟုတ်ပါပြီ၊ ရှေ့ကို ဘယ်လို ဆက်လုပ်ရမှာတုံး"

ဟု မောင်ဘချစ်က မေးလေ၏။

"ဘယ်လို ဆက်လုပ်ရမှာလဲ ကိုယ့်လူရ၊ ဝပ်ရှော့မှာလုပ်မှုတဲ့ ကောင်ကလေးတွေရယ်၊ မက်ကင်းနစ်တွေရယ်ကို ငါရှာထားပြီးပြီကွ၊ တော်တော်ကြာကျရင် သူတို့ ရောက်လာကြလိမ့်မယ်၊ အဲဒီတော့ နက်ဖြန်ကို မင်းလာခဲ့က မင်းတို့ လေလံဆွဲထားတဲ့ ဂျစ်ကားတွေကို မြေနီကုန်း စလင်းကွင်းကို မော်တော်ကား ကောင်းတွေနဲ့ ဆွဲပြီး ရွှေ့ပေတော့၊ အဲဒီလို ဆွဲပြီး ရွှေ့ပေးမယ့် မော်တော်ကားတွေလဲ ငါရှာထားပြီးပြီကွ၊ အားလုံးရွှေ့ပြီးတာနဲ့ မက်ကင်းနစ်တွေနဲ့ ကားတွေကို ဖြုတ်ပေတော့၊ ကားအပျက်နှစ်စီးပေါင်းရင် တစ်စီးအကောင်း ဖြစ်နိုင်တာတွေ ပါတယ်ကွ၊ အဲဒါတွေကို အရင်ဆုံး လုပ်ပစ်လိုက်၊ နေ့ရောညရော လုပ်ရမှာပဲ၊ ညဘက်ကို မိုင်းဖိုဆိုရင် အောက်လင်းဓာတ်မီးတွေ ကောင်း

ကောင်းလိုတယ်ကွ၊ အဲဒါတွေကို မင်း ရုပ် သွားပြီး ဝယ်ရမယ်၊ ပြီးတော့ ကားတွေပြင်ဖို့ ဖြတ်ဖို့ဆိုတာ ရေနံဆီနဲ့ ဓာတ်ဆီ အရက် အလောက် လိုတယ်ကွ၊ အဲဒါတွေလဲ ဒီညမှာ ရအောင် ဝယ်ရမယ်၊ အဲဒါတွေ ဝယ်ပြီးတာနဲ့ နက်ဖြန်မှာ မင်းတို့လေလံဆွဲထားတဲ့ ကားတွေကို ဖြတ်တာဖြတ်၊ ပြင်တာပြင် လုပ်ရမယ်ကွ"

ဟု ဦးငွမ်တီက ပြောလေ၏။

"ကဲ--- ဒီလိုဆိုလဲ လုပ်လေဗျာ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ အောက်လင်းဓာတ်မီးတွေ ရေနံဆီတွေ ဝယ်ကြရအောင်"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဒါတွေနဲ့တင် မရသေးဘူးကွ၊ ကားပြင်မယ့်ကောင်တွေကို အိမ်ပြန်မလွှတ်တော့ဘူး၊ သူတို့ကို အလုပ်မှာပဲ ထမင်းကျွေးမယ်၊ အဲဒီအတွက် အိုးကတော့ မလိုဘူးကွ၊ ငါတို့ ဆန်ပြုတ်ရောင်းတုန်းက အိုးကြီးနှစ်လုံး ရှိတယ် မဟုတ်လား၊ အဲဒါနဲ့ လုံလောက်ပါပြီ၊ ဟင်းချက်စရာတွေနဲ့ ဆန်တော့ လိုတယ်ကွ"

ဦးငွမ်တီက ပြောလိုက်လေ၏။

"ကဲလေဗျာ၊ လိုရင် သွားဝယ်ကြရအောင်"

ဟု မောင်ဘချစ်က ပြောပြန်လေ၏။

"သွားလို့ မရသေးဘူးလေကွာ၊ မက်ကင်းနစ်နဲ့ ဝယ်ရေ သမားတွေ ခေါ်ထားသေးတယ်ကွ၊ သူတို့လာမှ ဖြစ်မှာပေါ့"

ဟု ဦးငွမ်တီက ပြောလျှင် မောင်ဘချစ်က---

"အလုပ်များရတဲ့အထဲဗျာ၊ အိမ်က ယောက္ခမကြီးကလဲ မမကောင်း ဖြစ်နေပြန်ပြီ၊ အနှစ်ကလဲ မလုပ်တတ် မကိုင်တတ် ဆိုတော့ ခက်တာပေါ့"

ဇာတ်သိမ်း



ဟု ပြောလိုက်လေ၏။ ဦးငွမ်တီက---

"မင်းယောက္ခမကြီး သိပ်ကြာကြာခံမယ် မထင်ပါဘူးကွ၊ သူက ပိုက်ဆံချမ်းသာတဲ့ သမက်ကို သိပ်ပြီးလိုချင်တာကွ၊ အဲဒီလို လိုချင်တဲ့အတွက်ကိုပဲ သူဟာ ချမ်းသာတဲ့ သမက်မရနိုင်ဘူးကွ၊ တကယ်လို့ မင်းဟာ စီးပွားတက်လာတာနဲ့ ချမ်းသာလာတာနဲ့ သူကတော့ သချိုင်းကုန်းကို မျက်စောင်းထိုးပြီးသားပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမိန်းမကြီးဟာ ကိုယ့်လူဆင်းရဲနေတုန်းက ကိုယ့်လူနဲ့ သူ့သမီး ညားမှာစိုးလို့ ကိုယ့်လူကို ဂျပန်စစ်အချုပ်ထဲမှာ ထည့်ပြီး ညှဉ်းပန်းနှိပ်စက်ဖို့ ကြံစည်ခဲ့တဲ့ မိန်းမကြီး မဟုတ်လား၊ အဲဒီတော့ ကိုယ့်လူဟာ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ကိုယ့်လူ့ရဲ့ စည်းစိမ်ကို ဒီမိန်းမကြီးက စားခွင့်မရှိဘူး၊ အဲဒီလို စားခွင့်မရှိတဲ့အတွက်ကိုပဲ ကိုယ့်လူလဲ ချမ်းသာရော ဒီမိန်းမကြီးလဲ မာလကီးရတော့မှာပဲ ဒါက လောကဓမ္မရဲ့ တရားနဲ့ အဖြစ်ပဲ"

ဟု ဦးငွမ်တီက ပြောလေ၏။

"အဆန်းပါလား ဦးငွမ်တီရယ်"

ဟု မောင်ဘချစ်က ပြောလေ၏။

"မဆန်းပါဘူး မောင်ဘချစ်ရယ်၊ ဒါက သဘာဝပဲ"

ဟု ဦးငွမ်တီက ပြန်၍ ပြောလေ၏။

ထိုအချိန်၌ပင် မက်ကင်းနစ်များနှင့် ဝယ်ရေရာမှ လူငယ်ကလေးများ ရောက်ရှိလာကြ၏။ ထိုအခါ၌ ဦးငွမ်တီက ထိုလူတို့အား---

"ကိုယ့်လူတို့ကို လုပ်ငန်း ပတ်ပြတ်ပေးမယ်၊ နက်ဖြန်ဆိုရင် ကားတွေကို ပြင်ရတော့မယ်၊ အိမ်ကို ပြန်လို့ မဖြစ်တော့ဘူး၊

ထမင်းကို နှစ်ခါကျွေးမယ်၊ လက်ဖက်ရည်ကို သုံးခါတိုက်မယ်၊ ကိုယ်လူတို့ အစာကာပြီးတော့ကို မပြန်ရတော့ဘူး၊ ဟော ဘုန်းကြီးကျောင်းပေါ်မှာ သွားပြီး အိပ်ရတော့မယ်၊ တကယ်လို့ အဝတ်အစားတွေ လက်နက်ကိရိယာတွေ မပါခဲ့ဘူးဆိုရင်တော့ ပြန်ပြီး ယူနိုင်တယ်၊ အကျွေးအမွေးကတော့ စိတ်ချ၊ ဒီည ကို နာရီမှာကို ကိုယ့်လူတို့ကို လက်ဖက်ရည် ပြီးတိုက်မယ်၊ ကို လူတို့ရဲ့ တာဝန်က ရေနံဆီနဲ့ ဓာတ်ဆီ အလုံအလောက် ထည့် ထားဖို့ပဲ၊ ကဲ--- မောင်ဘချစ် သူတို့ကို ငွေငါးရာ ထုတ်ပေး လိုက်ပါ၊ သူတို့ဟာသူတို့ ဓာတ်ဆီနဲ့ ရေနံဆီကို ရအောင် ရှာပြီး ထည့်လာလိမ့်မယ်"

ဟု ဦးဝွမ်တီက ပြောလေ၏။ ကားပြင်မည့်သူများလည် တစ်ဦးကိုတစ်ဦးကြည့်ကာ ပြုံးစိစိနှင့် အလုပ်ကို လက်ခံသွားကြ လေတော့၏။ ထို့ကြောင့် မောင်ဘချစ်က ဓာတ်ဆီနှင့်ရေနံ ထည့်ရန်အတွက် ငွေငါးရာ ထုတ်ပေးလိုက်လေတော့၏။

ထိုသူများလည်း တစုတဝေး တပျော်တပါးတည်း ထွက် သွားကြကုန်၏။ ထိုအခါ၌ ဦးဝွမ်တီက---

"ကဲ--- မောင်ဘချစ်၊ အောက်လင်းမီးနဲ့ ဟင်းရွက်စ တွေ သွားပြီးဝယ်မယ်"

ဟု ဆိုကာ မောင်ဘချစ်အားခေါ်ယူ၍ ညဈေးတန်း ကိုလီဈေးသို့ ခေါ်သွားလေ၏။ ညရှစ်နာရီခန့်လောက်မှပင် ပြ ယောက်သား ပြန်၍ရောက်လာကြလေ၏။ ရောက်သည် တစ်ပြိုင်နက် ဦးဝွမ်တီသည် သူ၏တဲကလေး နံဘေး၌ ထွက် များကို ဖိုခဲ့လောက်ပြုလုပ်ကာ ယမင်းဆန့်ပြွတ်ရောင်းခဲ့ကား





ပြုခဲ့သော ဆန်ပြွတ်အိုးကြီးနှင့် ရေနွေးအိုးတည်လေတော့၏။

ထို့နောက် အောက်လင်းဓာတ်မီး တစ်လုံးကို ရေနံဆီ ဖြည့် ကာ မီးထွန်းလေတော့၏။ ရေနွေးဆူလျှင် အင်္ဂလိပ်လက်ဖက် ခြောက်ကို နှပ်လေ၏။ လက်ဖက်ခြောက် နှပ်နေစဉ်အတွင်း၌ပင် မက်ကင်းနှစ်တို့သည် ခေါ့ချစ်ကား တစ်စီးဖြင့် ရောက်ရှိလာလေ တော့၏။

ထိုသို့ ရောက်ရှိလာကြပြီးနောက် ခေါ့ချစ်ကားပေါ်မှ ရေနံ ဆီနှင့် ဓာတ်ဆီပုံးများကို သယ်ယူ၍ ချကြကုန်၏။ ဦးဝွမ်တီက လည်း လက်ဖက်ခြောက် နှပ်ပြီးဖြစ်၍ နို့ဆီဘူးများ ဖောက်ကာ လက်ဖက်ရည်ကို စတင် ဖျော်လေတော့၏။

လက်ဖက်ရည် ဖျော်ပြီးသောအခါ၌ ကားဆရာတို့လူစုအား-

"ကိုးနာရီထိုးပြီ၊ ကျုပ်ရဲ့ ကတိအတိုင်း ခင်ဗျားတို့ကို လက်ဖက်ရည်အရင် တိုက်မယ်"

ဟု ဆိုကာ ဦးဝွမ်တီသည် ထိုသူတို့အား လက်ဖက်ရည် တိုက်လေတော့၏။ ကားသမား မက်ကင်းနှစ်များလည်း ပျော်ရွှင် စွာဖြင့် ဦးဝွမ်တီ၏ အိမ်နံဘေးရှိ တစ်ခါက မောင်ဘချစ် ကြိုး စားစွာ မြေညှိခဲ့၍ ကြိုးစားစွာ မြေမွခဲ့ရသော ကွင်းကြီးအတွင်း၌ စုရုံး၍ ထိုင်ကာ အရသာ အင်မတန် အရသာရှိသော ဦးဝွမ်တီ၏ လက်ဖက်ရည်ကို သောက်ကြလေတော့၏။

"ဟေ့--- မောင်ဘချစ်၊ အောက်လင်းမီးကြီးတွေကလဲ ထွန်း ထား၊ ဒီကောင်တွေကလဲ လူစုလူဝေးနဲ့ လက်ဖက်ရည်သောက် နေကြတယ်ဆိုတော့ မသိတဲ့လူကတော့ ဒီတဲက ဦးဝွမ်တီဆိုတဲ့ တရုတ်အဘိုးကြီးက အသက်ကြီးမှ မင်္ဂလာဆောင်ပြီလို့ ထင်တဲ့

လူကလဲ ထင်မယ်ကွ၊ တချို့ကလဲ ဟိုဘက်အိမ်က မမြနှစ်တို့ အမေကြီး ဆုံးရှာပြီလို့ ထင်တဲ့လူကလဲ ထင်ကြမယ်နော့"

ဦးဂွမ်တီက ပြောလျှင် ကားသမားများက သဘောကျ၍ ရယ်မောကြလေ၏။

ထိုနောက် မောင်တိုးဆိုသော ကောင်က---

"ပေါက်ဖော်ကြီးက တော်တော်ကိုပျော်တတ်တာပဲ"

ဟု ဆိုလေ၏။

"ပျော်တယ်ဆိုတာ ရယ်တာကို ပြောတာကွ၊ မပျော်ဘူးဆိုတာက ငိုတာကို ပြောတာကွ၊ ရယ်တာက အသိမျှာကွ၊ ငိုတာက အနုပညာကွ၊ လောကကြီးကို ကောင်းကောင်းသဘောပေါက်ထားတဲ့ အသိမျှာသမားက ကိုယ်တိုင်လဲ ရယ်တတ်တယ်၊ သူတစ်ပါးကိုလဲ ရယ်စေချင်တယ်၊ အနုပညာသမားက ကိုယ်တိုင်လဲ လွမ်းတယ်ကွ၊ ငိုတယ်ပေါ့ကွာ၊ သူတစ်ပါးကိုလဲ ငိုစေချင်တယ်ကွ"

ဟု ဦးဂွမ်တီက အတည်ပေါက်နှင့် ပြောလိုက်လေ၏။

မောင်ဘချစ်ကမူ---

"ဦးဂွမ်တီရေ၊ ယောက္ခမကြီး အခြေအနေ သွားကြည့်လိုက်ဦးမယ်"

ဟု ဆိုကာ အိမ်သို့ ပြန်၍ သွားလေတော့၏။

"အေး-- အေး၊ သွားကြည့်-- သွားကြည့်၊ သူ့ကျေးဇူးက မင်းအပေါ်မှာ အများကြီးကွ၊ ဂျပန်အလိုတော်ရိကြီး မောင်အောင်နဲ့ပေါင်းပြီး မင်းကို နှိပ်သတ်မယ်လို့ ကြံထားတဲ့ ကျေးဇူးကိုတော့ မမေ့ပါနဲ့ကွာ၊ သူတစ်ထူး၏ ကျေးဇူးကို အထူးသိတတ်ရ





မယ်လို့ ရှေးလူကြီးတွေက ဆုံးမဖူးတယ်"

ဟု ပြောလိုက်ရာ ကားသမားတို့သည် လက်ဖက်ရည်များ သီးကုန်းသည်အထိ ရယ်မောကြလေတော့၏။ မောင်ဘချစ် ပြန်သွားသည့်အခါ၌လည်း ဦးဂွမ်တီသည် ကားသမားများအား မည်သည့်စကားများ ပြောဆိုနေသည် မသိပေ။ ကားသမားတို့သည် တဝါးဝါးနှင့် ရယ်မောနေကြလေ၏။

ထိုရယ်သံကို မောင်ဘချစ်သည် ၎င်း၏အိမ်မှပင် ကြား၍နေရလေတော့၏။

❖ ❖ ❖

နောက်တစ်နေ့ နံနက်ငါးနာရီခန့်တွင် ဦးဂွမ်တီသည် မောင်ဘချစ်အား အိမ်ရာမှလာ၍ နှိုးပြီးလျှင်---

"ဟေ့--- မောင်ဘချစ်၊ မင်္ဂလာဒုံက ကားအပျက်တွေကို ငါတို့ သွားဆွဲမယ်လေကွာ၊ ငါတို့ကို ထောက်ခံစာတစ်စောင် ရေးပေးလိုက်ဦး"

ဟု ဆိုသဖြင့် မောင်ဘချစ်သည် စာတစ်စောင် ရေး၍ ပေးလေ၏။ (လေလံဆွဲစဉ်က စီတာရန်းသည် မောင်ဘချစ်၏ နာမည်ဖြင့် ငွေချေးခဲ့သောကြောင့် မောင်ဘချစ်၏ ထောက်ခံစာ ပါလျှင်ပင် ကားများ ဆွဲထုတ်ရန်အတွက် လုံလောက်သော အထောက်အထား ဖြစ်ပေသည်။)

ဦးဂွမ်တီတို့သည် မောင်ဘချစ်ထံမှ ထောက်ခံစာရလျှင် မင်္ဂလာဒုံမှ ကားများကို လောလီကားများဖြင့်ဆွဲ၍ စလင်းကွင်း

သို့ ယူခဲ့ကြလေ၏။

ထိုနောက် ဦးငွမ်တီခေါင်းဆောင်သော ကားသမားအဖွဲ့သည် စတင်၍ ကားများကို ဖြတ်ကြ တပ်ကြလေတော့၏။ ဦးငွမ်တီကလည်း ကားသမားများအား အိုးကြီး နှစ်လုံးဖြင့် ထမင်းဟင်းများ ချက်ကာ ကျွေးလေ၏။ လက်ဖက်ရည်ဖိုးနှင့် လက်ဖက်ရည်ဖျော်၍ တိုက်လေ၏။ ကားသမားများလည်း ဂေါ်ဆီများ ပေကျံလျက် အလုပ်ကို ကြိုးစားကြလေတော့၏။

ထိုနေ့ ညနေပိုင်းသို့ ရောက်သည့်အခါ၌ အဆင်သင့်မောင်း၍ ထွက်သွားနိုင်သော ဂျစ်ကားနှစ်စီး ကောင်းစွာပြင်ဆင်ပြီး ဖြစ်လေတော့၏။ မောင်ဘချစ်နှင့် စီတာရန်းသည် ဦးငွမ်တီတို့၏ နေရာသို့ ရောက်ရှိလာကြလေတော့၏။ မောင်ဘချစ်က ဦးငွမ်တီအား---

"ဘယ်လိုလဲ "

ဟု မေးလေ၏။

"ဟောဟိုက ကားနှစ်စီးဟာ အခုကို မောင်းထွက်သွားလို့ ရပြီ"

ဟု ပြောလေ၏။

ထို့ကြောင့် မောင်ဘချစ်ကလည်း စီတာရန်းအား---

"ကားနှစ်စီး အကောင်းဖြစ်သွားပြီ"

ဟု ပြောလိုက်ရာ စီတာရန်းက---

"မစ္စတာဘချစ်၊ ခင်ဗျားတစ်စီးယူ၊ ကျုပ် တစ်စီးယူမယ်"

ဟု ဆိုကာ နှစ်ယောက်သား မော်တော်ကား တစ်ယောက်တစ်စီးစီမောင်းကာ ထွက်သွားကြလေတော့၏။

ဓာတ်သိမ်း



မောင်ဘချစ်နှင့် စီတာရန်းတို့ ကားကို မောင်း၍ ထွက်သွားသည့်အခါ၌ ကားသမားများသည် ၎င်းတို့ပြင်ဆင်၍ ကောင်းမွန်သွားသော မော်တော်ကားနှစ်စီးကို ကြည့်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်---

"ဟေး--- "

ဟု ဝိုင်းဝန်းအော်ဟစ်၍ လက်ခုပ်များတီးလိုက်ကြသည် ဖြစ်ရာ စလင်းကွင်းတစ်ခုလုံးသည် ပွဲတင်ထပ်၍ သွားလေတော့၏။ မောင်ဘချစ်သည် ဂျစ်ကားကိုမောင်း၍ အိမ်သို့ပြန်သွားလေ၏။ ဗိုလ်တကလေးက မောင်ဘချစ် ကားမောင်းလာသည်ကို တွေ့လျှင်---

"အမေရေ၊ ဒယ်ဒီချစ် ကားဝယ်လာပြီ"

ဟု ပြောလေ၏။ ထိုနောက် ဗိုလ်တကလေးနှင့် မမြနှစ်တို့သည် အိမ်ရှေ့သို့ပြေး၍ ဆင်းသွားကြလေ၏။ မောင်ဘချစ်ကလည်း ကားကို ကျွဲမနဲ ဘရိတ်အုပ်ကာ ရပ်လိုက်လေ၏။

"ကိုကိုချစ် ကားဝယ်လိုက်ပြီလား"

ဟု မမြနှစ်က မေးလေ၏။

"ကားဝယ်တာ မဟုတ်ဘူး အနှစ်ရေ၊ စီတာရန်းက ကားအပျက်တွေကို လေလံဆွဲလာတာ၊ အဲဒါကို ဦးငွမ်တီတို့လူစုက နိုင်အံပြင်နေကြလေရဲ့၊ လာ--- အနှစ်တို့သားအမိ ကားပေါ်တက်၊ မြို့တစ်ပတ်လျှောက်မောင်းရအောင်"

ဟု မောင်ဘချစ်က ပြောလေ၏။

"အို--- ဘယ်ဖြစ်မလဲ ကိုကိုချစ်ရယ်၊ လူမှာ တစ်ယောက်တည်းရယ်"

ဟု မမြနန္ဒာက ပြောလေ၏။

ထိုအချိန်၌ပင် ၎င်းတို့အနီးမှ ဆိုက်ကားတစ်စီး ဖြတ်၍ သွားသည်ကို တွေ့သဖြင့် လှမ်း၍ ကြည့်လိုက်ရာ ဆိုက်ကားပေါ်မှ ထိုင်သွားသော လူသည် လူလိမ်မောင်မောင်အေးဖြစ်ကြောင်း သိရလေတော့၏။

မောင်ဘချစ်သည် မမြနန္ဒာနှင့် ဤသြမျှလောက် ဆက်လက်၍ စကားပြောနေပြီးနောက် မမြနန္ဒာ အိမ်ပေါ်သို့ တက်သွားသည့်အခါ၌---

"ဗိုလ်ဝရေ--- ဦးခွမ်တီ တဲကလေးကိုသွား၊ အဲဒီတဲထဲမှာ ဝါးရင်းတုတ်ကြီးတစ်ချောင်း ထောင်ထားတယ်ကွ၊ အဲဒါကို ခယ်ဒီချစ်ဆီ ယူခဲ့"

ဟု ပြောလိုက်သဖြင့် ဗိုလ်ဝကလေးလည်း ဝါးရင်းတုတ်ကြီးအား ယူပေးလိုက်ရာ မောင်ဘချစ်က ဝါးရင်းတုတ်ကြီးကို ချစ်ကားပေါ်သို့ တင်ကာ မောင်မောင်အေး၏နောက်သို့ လိုက်လေတော့၏။ တာမွေအဝိုင်းကြီးအလွန်လောက်တွင် စီးလာသော ဆိုက်ကားကို မီလေ၏။ မောင်ဘချစ်သည် ဆိုက်ကားရှေ့တွင် ချစ်ကားကို ပိတ်၍ ရပ်လိုက်ပြီးလျှင် တုတ်ကြီးကိုကိုင်လျက် ကားပေါ်မှဆင်းကာ---

"ဟဲ--- ကိုမောင်မောင်အေး ကျုပ်ပိုက်ဆံ ဘယ်မလဲ"

ဟု ပြောကာ လိမ်သွားသော ပိုက်ဆံကို တောင်းလေ၏။ မောင်မောင်အေးကလည်း---

"ရပါမယ်၊ ရပါမယ် ကိုဘချစ်ရယ်"

ဟု ဆိုကာ အိတ်ထဲတွင် ပါလာသော ငွေတစ်ထောင်ကို





ထုတ်၍ ပေးလေတော့၏။ ထိုအခါကျမှပင် မောင်ဘချစ်လည်း ကားပေါ်သို့ ပြန်တက်ကာ မောင်းနှင်၍ လာခဲ့လေတော့၏။

ထိုနေ့မှစ၍ မောင်ဘချစ်သည် ၎င်း၏ ကားပေါ်၌ ဝါးရင်းတုတ်ကြီးကို အဆင်သင့်တင်၍ ထားလေတော့၏။ လမ်းတွင် မောင်မောင်အေးနှင့် ဆုံသည့်အခါ၌ တုတ်ကြီးကိုကိုင်၍ အကြွေးတောင်းလေတော့၏။ မောင်မောင်အေးကလည်း အိတ်ထဲတွင် ပါသမျှကို မှာမှာသိလဲ ထုတ်၍ ပေးတတ်မြဲ ဖြစ်လေ၏။

မောင်ဘချစ်သည် အိမ်သို့ ပြန်လာပြီးနောက် ထမင်းစားကာ ဦးခွမ်တီတို့ လူနာရှိရာသို့ ကားဖြင့် ထွက်ခဲ့လေ၏။ ကားသမားများသာမက ဦးခွမ်တီကြီးသည်ပင်လျှင် တစ်ကိုယ်လုံး ဇက်ဆီများ ပေကျံလျက် ကားများ ဖြုတ်နေသည်ကို တွေ့ရလေတော့၏။

ထို့ကြောင့် မောင်ဘချစ်က---

"ဗျို့--- ဦးခွမ်တီ၊ ခင်ဗျားက ကားပြင်တတ်လို့လား"

ဟု မေးလေ၏။ ထိုအခါ၌ မက်ကင်းနစ် မောင်တိုးက---

"ဦးခွမ်တီးကို အထင်မသေးနဲ့ဗျို့၊ ကျုပ်တို့တစ်တွေ တကယ့်ကို အကျုပ်အတည်း ရောက်နေတဲ့ နေရာရောက်တော့မှ သူက အကြံပေးတာဗျ၊ တကယ် အတွေးအခေါ်ကောင်းတဲ့ အဘိုးကြီးဗျား သူ့ မလွဲတိုးဗျ မှတ်ဉာဏ်လဲ တကယ့်ကို ကောင်းတယ်ဗျ ၃ ကားနှစ်စီးသုံးစီး ဖြုတ်တာ တပ်တာ ကိုလဲ ကြည့်ပြီးရော သူလဲ လုပ်တတ်တော့တာပဲ၊ အခုဝင် လုပ်နေပြီလေဗျာ၊ ဟိုတစ်စီးဟာ ဦးခွမ်တီဘာသာ သတ်သတ် ဆင်တဲ့တစ်စီးပေါ့ဗျာ၊ မကြာခင် အကောင်းဖြစ်သွားတော့မှာ"

ဟု ပြောလေ၏။ မောင်ဘချစ်လည်း ဦးခွမ်တီနှင့် စကား

ပြောပြီးနောက် စီတာရန်းဆီသို့ ထွက်ခဲ့လေတော့၏။

❖ ❖ ❖

နောက် နှစ်ရက်ခန့်အကြာတွင် မော်လာဘုံမှ ခေါ်ချစ်ကားများနှင့် စစ်လော်လီကားများကို လေလံပစ်ပြန်သဖြင့် မောင်ဘချစ်နှင့် စီတာရန်းတို့သည် သွားရောက်၍ လေလံဆွဲကြပြန်၏။ လေလံပစ္စည်း၏ သုံးပုံနှစ်ပုံကို စီတာရန်းက ရရှိလေ၏။

ထို့ကြောင့် ဦးဂွမ်တီတို့လူစုသည် မောင်ဘချစ်တို့ လေလံဆွဲခဲ့သော ကားများကို စလင်းကွင်းဆီသို့ သွားရောက်၍ ဆွဲယူခဲ့ကြပြန်၏။ ဦးဂွမ်တီတို့လူစုသည် မော်တော်ကားများကို ဒိုင်ခံပြင်ကြကုန်၏။

တစ်နေ့သ၌ မောင်ဘချစ်သည် ဦးဂွမ်တီရှိရာသို့ မော်တော်ကားဖြင့် ရောက်လာလေ၏။ ထို့နောက် ဦးဂွမ်တီအား တစ်နေရာသို့ လက်ကုတ်၍ ခေါ်သွားပြီးလျှင်---

"ဦးဂွမ်တီရေ၊ စီတာရန်းရဲ့ ရေအားလျှပ်စစ် ကောင်းကြီးကိုတော့ သက်ဆိုင်ရာက ပယ်ချလိုက်ပြီဗျ၊ ပယ်ချတဲ့အကြောင်းမှာလဲ အနှစ်နှစ်ဆယ်အတွင်းမှ နေရှင်နယ်လိုက်မလုပ်ရဘူး ဆိုတဲ့ စီတာရန်းတို့ ကုမ္ပဏီက တောင်းဆိုတဲ့ အချက်ကို သဘောမတူနိုင်တာပဲဗျို့"

ဟု မောင်ဘချစ်က ပြောလျှင် ဦးဂွမ်တီက---

"ငါသိပါတယ်ကွ"

ဟု ပြောလေ၏။





"နောက်ထပ် ဘာများသိသေးသလဲ ဦးဂွမ်တီ"

ဟု မောင်ဘချစ်က မေးလိုက်ရာ ဦးဂွမ်တီက---

"သိတာပေါ့ကွာ။ အဲဒီ ကောင်းကြီး လုပ်ခွင့်မပေးရင် စီတာရန်း ပြန်ရလိမ့်မယ်၊ စီတာရန်း ပြန်တဲ့အခါမှာ မော်တော်ကားတွေကို ယူသွားလို့လဲမရဘူး၊ ဈေးဖြတ်ပြီး မင်းဆီက ပိုက်ဆံတောင်းသွားရုံပဲ ရှိတော့တယ်၊ တောင်းရင်လဲ များများတောင်းမှာ မဟုတ်ဘူး၊ အားလုံးပေါင်းမှ ငါးသောင်းထက် မကျော်ဘူးကွ၊ မင်းပေးသလောက်ကို စီတာရန်းတို့ ကုမ္ပဏီက ယူရမယ့်သဘော ဖြစ်နေပြီ၊ အဲဒီတော့ မင်းဟာ မော်တော်ကားတွေရော စီတာရန်း ရုံးခန်းဖွင့်ထားတဲ့ တိုက်ခန်းတွေရော ပိုင်ပြီပေါ့ ကိုယ့်လူရာ"

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ပင် စီတာရန်း ရောက်ရှိလာလေ၏။ စီတာရန်းက မောင်ဘချစ်အား---

"ကိုဘချစ်ရေ၊ သံကြိုးရုံးသွားရအောင်ဗျာ"

ဟု ဆိုသဖြင့် မောင်ဘချစ်လည်း ကားပေါ်ကို တက်လေ၏။ စီတာရန်းက ၎င်း၏ကားကို ထားခဲ့ပြီးလျှင် မောင်ဘချစ်၏ ကားကို လိုက်၍စီးလေ၏။ မောင်ဘချစ်သည် ကားကို ကျင်လည်စွာ မောင်း၍သွားလေ၏။ မြို့နိုကုန်းထိပ်သို့ရောက်သောအခါ၌ ဆိုက်ကားတစ်စီးပေါ်တွင် ထိုင်၍ပါလာသော မောင်အေးကို တွေ့လျှင် မောင်ဘချစ်သည် ကားကိုရပ်၍ ဝဲရင်းတုတ်ကြီးကို ကိုင်ဆင်းလေတော့၏။ စီတာရန်းလည်း အူကြောင်ကြောင်ဖြစ်၍ နေလေ၏။ မောင်ဘချစ်သည် ဝဲရင်း

တုတ်ကြီးဖြင့် မောင်မောင်အေးအား ရွယ်ရိုး၍---

"ကိုယ့်လူ ကျုပ်ပိုက်ဆံကို ပေးရင်ပေး၊ မပေါ်ရင် ခေါင်းကို ရိုက်ခွဲမယ်"

ဟု ကြိမ်းရာ မောင်မောင်အေးလည်း ကြောက်ကြောက် လန့်လန့်နှင့် ---

"ပေး--- ပေး--- ပေးပါ့မယ်"

ဟု ဆိုကာ အိတ်အတွင်း၌ ပါလာသော ငွေ နှစ်ထောင်ကို ကပျာကယာ ထုတ်၍ ပေးလေ၏။ ပိုက်ဆံရသောအခါ၌ မောင်ဘချစ်က ကားပေါ်သို့ ပြန်၍ တက်လေ၏။ ထိုအခါ စိတ္တရန်းက---

"ဘာဖြစ်တာလဲဗျ"

ဟု မေးလေ၏။

"ဘာမှ မဖြစ်ပါဘူးဗျာ၊ ဩော်-- ဩော်-- ခင်ဗျား ဒီလူကို မမှတ်မိဘူးလား၊ တာမွေဖြိုးတားကြီး မောင်မောင်အေးလေဗျာ"

ဟု မောင်ဘချစ်က ပြောလိုက်လျှင် စိတ္တရန်းသည် လွန်စွာ သဘောကျ၍ မောင်မောင်အေးဘက်သို့ လှည့်ကာ အင်္ဂလိပ်ဘာ သာဖြင့်---

"အိုး မိုင် ဒိုးရင့်"

ဟု အော်ဟစ် နှုတ်ဆက်လိုက်လေတော့၏။ ထိုအခါ၌ စိတ္တ ရန်းက---

"မစ္စတာဘချစ်နဲ့ ကျုပ်နဲ့ပြီး မိတ်ဆွေဖြစ်ကြတုန်းကလဲ ကို မောင်မောင်အေးဆိုတဲ့လူလဲ ပါတယ်၊ ဒီတုတ်ကြီးလဲ ပါတယ်၊ ဟော-- အခု ကျုပ်ပြန်ရတော့မယ်၊ အဲဒီအခါမှာလဲ ကိုမောင်





မောင်အေးဆိုတဲ့လူကိုလဲ တွေ့တယ်၊ ခင်ဗျားလက်ထဲက တုတ် ကြီးကိုလဲ တွေ့ပြန်တယ်၊ ဘယ်ဖြစ်ဖြစ်လေ၊ ခင်ဗျား ဝါးလုံး တုတ်ကြီးကတော့ ကောင်းတဲ့ အတိတ်နိမိတ်ပါပဲ"

ဟု ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့ နှစ်ဦးသည် သံကြိုးရုံးသို့ ရောက်ရှိသွား ကြပြီးလျှင် စိတ္တရန်းက အိန္ဒိယပြည်သို့ ၎င်း၏ ကျွတော်သို့ သံကြိုးစာများ ရိုက်ကြားလေတော့၏။

တစ်နေ့သ၌ မောင်ဘချစ်သည် ဦးရွှမ်တိုးထံသို့ ရောက်၍ လာလေ၏။ ဦးရွှမ်တိုးကိုတွေ့လျှင်---

"ဦးရွှမ်တိုးရေ၊ ကျုပ်ယောက္ခမကြီးကတော့ အသည်းအသန် ဖြစ်နေပြီဗျ"

ဟု မောင်ဘချစ်က ပြောလိုက်ရာ ဦးရွှမ်တိုးက---

"ဟ---ရှမ့် အသည်းအသန် ဖြစ်နေတုန်းပဲ ရှိသေးသလား ကွ အံ့ပါရဲ့ကွာ"

ပြန်၍ ပြောလေ၏။

"အရေးထဲ နောက်မနေစမ်းပါနဲ့ ဦးရွှမ်တိုးရယ်၊ အခြေအနေ ဘယ်လောက်ဆိုးနေပြီ မှတ်လို့တုံး"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဒါက ငါဘယ်သိမလဲကွ မင်းပြောပြမှ သိမှာပေါ့"

ဟု ဦးရွှမ်တိုးက ပြောလေ၏။

"အခု ပြောနေပြီဗျ"

ဟု မောင်ဘချစ်က ပြောလေ၏။

"မသေသေးပါဘူးကွာ၊ ကိုယ့်လူ မြေတွေ တိုက်တွေ ဝယ်ပြီးမှကို သွားမှာပါ"

ဟု ဦးငွမ်တီက ပြောလေ၏။

"ဒါတွေ ထားလိုက်စမ်းပါ ဦးငွမ်တီရယ်၊ ခင်ဗျားလိုက်ကြည့်စမ်းပါဦး"

ဟု ဆိုသဖြင့် ဦးငွမ်တီလည်း မောင်ဘချစ်ကားနှင့် လိုက်ပါခဲ့ရလေ၏။ မောင်ဘချစ်၏ကားသည် တားကရာထိပ်သို့ ရောက်သောအခါ၌ လက်ဖက်ရည်ဆိုင်တစ်ဆိုင် အပြင်ဘက် အကျဆုံးတွင် လက်ဖက်ရည်သောက်လျက်ရှိသော မောင်မောင်အေးနှင့် အငယ်ကို တွေ့သဖြင့် မော်တော်ကားကို ကျွီခနဲ ထိုးရပ်ကာ ဝါးရင်းတုတ်ကြီးကို ကိုင်၍ ကားပေါ်မှ ဆင်းပြန်လေ၏။

"နေရာကျတာပဲ၊ ခင်ဗျားတို့နှစ်ယောက်စလုံးကို မိပြီ၊ ကျုပ်ငွေကို ပေးမလား၊ အရိုက်ခံမလား"

ဟု ဆိုကာ တုတ်ကြီးဖြင့် ရွယ်ပြန်လေ၏။ မောင်မောင်အေးနှင့် အငယ်တို့လည်း ကြောက်ကြောက်လန့်လန့်နှင့်ပင် အိတ်အတွင်း၌ရှိသောငွေများကိုထုတ်၍ မောင်ဘချစ်အားပေးလေ၏။

"မလုပ်ပါနဲ့ ကိုဘချစ်ရယ်၊ ကျုပ်တို့တော့ နိုတာတွေ ပေးနေတာပဲ မဟုတ်လား"

ဟု မောင်မောင်အေးက ပြောလေ၏။ မောင်ဘချစ်လည်း မောင်မောင်အေးတို့ထံမှ ရသောငွေကို အိတ်တွင်းသို့ထည့်ကာ ကားဆီသို့ ပြန်လာပြီးလျှင် ကားကို မောင်းလေ၏။ ထို့ကြောင့်





ဦးငွမ်တီက---

"ကိုယ့်လူရဲ့ တုတ်ကြီးကတော့ နေရာကျပါ့ကွာ၊ တကယ်ကိုပဲ အကြွေးတောင်းလို့ ကောင်းတဲ့ ပစ္စည်းကြီးပဲ၊ ဒါနဲ့ နေစမ်းပါဦး ကိုယ့်လူရ၊ မောင်မောင်အေးနဲ့တွေ့တိုင်း ဒီတုတ်ကြီးနဲ့ ရွယ်ရွယ်ပြီး ကြွေးတောင်းနေတာ အခုထက်ထိ မကျေသေးဘူးလား"

ဟု မေးလေ၏။

"အေးဗျ၊ ခင်ဗျားပြောမှ သတိရတယ်၊ ကျုပ်မှတ်စုစာအုပ်ထဲမှာတော့ စာရင်းမှတ်ထားပါတယ်ဗျာ၊ ရော့--- ဦးငွမ်တီ၊ အဲဒီမှတ်စုစာအုပ်မှာ လှန်ပြီး ကြည့်ပေတော့၊ ဟောဒီပိုက်ဆံကတော့ အခု ဒီကောင်တွေဆီကရလာတဲ့ ပိုက်ဆံ"

ဟု ဆိုကာ မှတ်စုစာအုပ်နှင့်အတူ မောင်မောင်အေးထံမှ ရလာသော ပိုက်ဆံကို ပေးလိုက်လေ၏။ ဦးငွမ်တီလည်း ပိုက်ဆံကို ရေတွက်လေ၏။ ထို့နောက် မှတ်စုစာအုပ်ကိုလှန်၍ 'မောင်မောင်အေးထံမှ ရရှိပြီး အကြွေးစာရင်း'ဟူသော ခေါင်းစီးအောက်မှ ဂဏန်းများကို ပေါင်းကြည့်ပြီးလျှင် တခစ်ခစ် ရယ်လေတော့၏။ ထို့ကြောင့် မောင်ဘချစ်က---

"ဘာကိုရယ်တာလဲ ဦးငွမ်တီ"

ဟု မေးရာ ဦးငွမ်တီက---

"ဘာကိုရယ်ရမှာလဲ ကိုယ့်လူရ၊ မင်းရစရာရှိတာက ငွေ ရှစ်ထောင်ကွ၊ အခု မင်း သူ့ဆီက တောင်းထားတဲ့ငွေ စုစုပေါင်းက သောင်းနှစ်ထောင်နဲ့ငါးဆယ် ရှိနေပြီကွ၊ လေးထောင်နဲ့ငါးဆယ် ကျော်တောင် ပိုနေပြီ၊ မင်းကလဲ တောင်းလို့ကောင်းကောင်းနဲ့ ကျုံးပြီးတောင်းနေတာပဲ၊ ဟိုကောင်ကလဲ လိမ္မာနှန်းကတော့

လိမ်ပြီး အခုတော့လဲ သူ့မျာ သနားစရာကွာ၊ ဘယ်လောက် ပေးလို့ ပေးမိမှန်းတောင် မသိရှာဘူး"

ဟု ရယ်မော၍ ပြောလိုက်လေတော့၏။

မောင်ဘချစ်သည်---

"ဗျာ--- ပိုနေပြီလား၊ ပိုနေရင်တော့ ပြန်ပေးရမယ်"

ဟု ပြောလိုက်လျှင် ဦးဗွမ်တီက---

"သိပ်ဟုတ်တာပေါ့ ကိုယ်လူရာ၊ လိမ်လည်ခြင်းကို မြတ်နိုးတဲ့ သူကို မှန်ကန်ခြင်းနဲ့ ချေချွတ်ပစ်ရမယ်ကွ"

ဟု ပြောလိုက်လေ၏။

ထိုအခါ၌ မောင်ဘချစ်သည် မော်တော်ကားကို လာလမ်းအတိုင်း ပြန်၍လှည့်ကာ မောင်းနှင်လေတော့၏။ ရုံးလမ်းထိပ်သို့ ရောက်သောအခါ၌ စိတ်ပျက်အားငယ်စွာဖြင့် လျှောက်လာသော မောင်မောင်အေးနှင့် ၎င်း၏တပည့် အငယ်တို့ကို တွေ့ရလေ၏။ မောင်ဘချစ်လည်း ၎င်းတို့၏ အနီး၌ မော်တော်ကားကို ကျွီခနဲ ဘရိတ်အုပ်၍ ရပ်လိုက်လေ၏။ မောင်မောင်အေးနှင့် အငယ်တို့လည်း မောင်ဘချစ်ကိုမြင်လျှင် ထိတ်ထိတ်ပျာပျာဖြင့်---

"မလုပ်ပါနဲ့ ကိုဘချစ်ရယ်၊ ကျုပ်တို့မှာလဲ မရှိတော့ပါဘူး ခုနကပဲ ပေးလိုက်ပြီးပြီပဲ၊ သနားကြပါဦးဗျ ထပ်ပြီးယူမပါနဲ့ဗျာ"

ဟု မောင်မောင်အေးက သနားဖွယ်ရာ တောင်းပန်ရှာလေတော့၏။

"မဟုတ်ပါဘူး ကိုမောင်မောင်အေးရယ်၊ ခင်ဗျားဆီက ကျုပ်ရခဲ့တာ ခေါင်းနှစ်ထောင့်ငါးဆယ်တောင် ဖြစ်နေပြီ၊ အဲဒီတော့

ဇာတ်သိမ်း



လေးထောင်နှင့်ငါးဆယ်တောင် ခင်ဗျားက ကျုပ်ကို ပိုပြီးပေးထားပြီးသား ဖြစ်နေတယ်၊ ကျုပ်လဲ စာရင်းကို ပြန်မကြည့်မိဘူး၊ အခုမှပဲ ကျုပ်ဆရာကြီးက စာရင်းပေါင်းကြည့်လို့ သိရတာဗျ၊ အဲဒီလိုသိတာနဲ့ တစ်ပြိုင်နက် ခင်ဗျားပိုက်ဆံတွေကို ပြန်ပေးမလို့ ကျုပ် ပြန်လှည့်လာခဲ့တာ"

ဟု ဆိုကာ မောင်ဘချစ်သည် ငွေ လေးထောင်နှင့် ငါးဆယ်ကို ရေတွက်၍ မောင်မောင်အေးအား ပေးလိုက်လေ၏။ ထို့ပြင်-

"ဒါကြီးလဲ မလိုတော့ဘူး"

ဟု ဆိုကာ ဝါးရင်းတုတ်ကြီးကိုပါ ပေးလိုက်ပြန်လေ၏။ မောင်မောင်အေးမှာလည်း မောင်ဘချစ်ပေးသော ငွေများကို တုန်ယင်သော လက်များဖြင့် ယူလိုက်သည့်ပြင် ဝါးရင်းတုတ်ကြီးကိုပါ ယောင်ယမ်း၍ ယူထားမိလေတော့၏။

"အခုလို စာရင်းပြန်မကြည့်ဘဲ ကောင်းမိတဲ့အတွက် ကျုပ်က အနူးအညွတ် တောင်းပန်ပါတယ်ဗျာ"

ဟု မောင်ဘချစ်က ပြောဆိုကာ မော်တော်ကားပေါ်သို့ တက်၍ ဝူးခနဲ မောင်းထွက်သွားလေတော့၏။

မောင်မောင်အေးကလည်း--

"ကျေးဇူးပါပဲ ကိုဘချစ်ရယ်၊ ကျုပ်တို့လဲ တော်နေပါပြီဗျာ"

ဟု သနားဖွယ်ရာ ပြန်၍ ပြောလိုက်လေတော့၏။ မောင်ဘချစ်၏ ဂျစ်ကားကလေးသည် ဝေးသည်ထက် ဝေးကာ မောင်မောင်အေးတို့၏ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့၏။ မောင်မောင်အေးနှင့် အငယ်တို့သည် မောင်ဘချစ်ပေးခဲ့သော ငွေများကိုကြည့်ကာ ဝမ်းသာဝမ်းနည်း ကြီးဖြင့်၍ နေလေတော့၏။

မောင်မောင်အေးသည် ယောင်၍ ကိုင်ထားမိသော ဝါးရင်း တုတ်ကြီးအား---

"ဒါကြီးက တော်တော်ကြောက်ဖို့ကောင်းတယ်"

ဟု ဆိုကာ လွှင့်ပစ်လိုက်လေတော့၏။ ထိုအခါ၌ အငယ်က-

"ကျွန်တော်တို့လို လိမ်စားတဲ့ လူတွေအတွက်တော့ မောင်ဘချစ်ရဲ့ ဝါးရင်းတုတ်ကြီးဟာ သေမင်းလောက်ကို ကြောက်ဖို့ကောင်းပါတယ် ဆရာ ကိုမောင်မောင်အေးရယ်"

ဟု ခွေးမြည်းစွာ ပြောလိုက်လေတော့သတည်း။

❖ ❖ ❖

မောင်ဘချစ်၏ မော်တော်ကားကလေးသည် များမကြာမီ၌ ပင် အိမ်သို့ ရောက်ရှိသွားလေတော့၏။ မောင်ဘချစ်နှင့် ဦးငွမ်တီ တို့သည် အိမ်ပေါ်သို့ ခပ်သုတ်သုတ် တက်၍ သွားလေတော့၏။ အိမ်ပေါ်သို့ ရောက်လျှင် ဆောင့်ကြောင့်ထိုင်၍ ဆေးပေါ့လိပ်မှာ နေသော မောင်ဘချစ်၏ ယောက္ခမကြီးကို တွေ့ရလေတော့၏။ ဦးငွမ်တီက မောင်ဘချစ်၏ မျက်နှာကို လှမ်း၍ ကြည့်လိုက်လေ၏။ မောင်ဘချစ်ကလည်း ဦးငွမ်တီ၏ မျက်နှာကို လှမ်း၍ ကြည့်လေ၏။

ထို့ကြောင့် မောင်ဘချစ်၏ ယောက္ခမ ဒေါ်သိုင်းမြိုက---

"ဒီဆရာတပည့် ဘာဖြစ်နေတာလဲ၊ ထိုင်ကြလေ"

ဟု ပြောလေ၏။

"မဟုတ်ပါဘူး ဒေါ်သိုင်းမြိုရယ်၊ ခင်ဗျားသမက်က ခင်ဗျား





ပြောသွားပြီဆိုပြီး ကျုပ်ကို လာခေါ်လို့ ကျုပ်က လိုက်လာခဲ့ရ တာ"

ဟု ဦးငွမ်တီက ပြန်၍ ပြောပြီးလျှင် ထိုင်လေ၏။

"ပြောသွားတာ မဟုတ်ပါဘူး ပေါက်ဖော်ကြီးရယ်၊ အတွင်း ကက် တက်သွားတာပါ၊ အဲဒါ နန္ဒဝန်ကွင်းနားက အကြောဆရာ မောင်စိန်နီဆိုတဲ့ ကုလားသူငယ်ကလေး ရောက်လာပြီး ပေါင် ကွင်းကြောကို တစ်ချက်လား ကုတ်ရတယ် ကျွန်မလဲ ဝေါက်ခနဲ ထပြီး ထိုင်တော့တာပဲ"

ဟု ဒေါ်သိုင်းမြိုက ပြောလေ၏။

"စိန်ကုလားလေး၊ ကျုပ် သူ့ကို ကောင်းကောင်းသိတယ်၊ ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုတာ သူလိုလူကို ပြော တာပေါ့၊ သမားတော်ကြီး ဆရာမှို၊ ဓာတ်ဝိဇ္ဇာဆရာသိန်းတို့ဆီ မှာ သူက ဓာတ်ပညာ ဆေးပညာကို သင်ဖူးတယ်ဗျ၊ ပြီးတော့ သူ့ဦးလေး ကိုယ်တိုင်က သထုံမြို့မှာ အကြောဆရာ ဆရာ ဦးအောင်ဘဆိုတာ နာမည်တစ်လုံးနဲ့နေတာပေါ့ဗျာ၊ ငယ်ငယ်က တော့ အားကြီးလက်ဖွေထိုးတဲ့ကောင်ပဲ၊ သူ့နာမည် မကြီးဆို လား မလေးဆိုလား မပြောတတ်ပါဘူးဗျာ၊ လက်ဖွေထိုးတာကို တော့ ကျုပ်ကောင်းကောင်းကြည့်ဖူးပါတယ်"

ဟု ဦးငွမ်တီက ပြောလိုက်လေ၏။

ထို့နောက် ဦးငွမ်တီသည် ဒေါ်သိုင်းမြိုအား စိတ်ပြောင်းသွား စေရန်အတွက် ရယ်စရာမောစရာများကို ပြောလေတော့၏။ ဒေါ်သိုင်းမြိုလည်း ဦးငွမ်တီပြောသမျှကို တခစ်ခစ်နှင့် ရယ်မော လေတော့၏။ ထိုအခါ၌ ဦးငွမ်တီက မောင်ဘချစ်အား---

"ဟေ့ကောင်ရ၊ မင်းယောက္ခမကြီး တော်တော်နဲ့ မသေသေး ပါဘူးကွ"

ဟု လှမ်း၍ ပြောလိုက်ရာ ဒေါ်သိုင်းမြို့က---

"မသေနိုင်သေးဘူး ပေါက်ဖော်ကြီးရေ၊ မသေနိုင်သေးဘူး တော့၊ သားတွေ သမီးတွေ ချမ်းချမ်းသာသာဖြစ်တာကို ကြည့် သွားချင်သေးတယ်၊ ဒါကြောင့် ·မြနှစ်ကိုလဲ ဆုံးမရတယ်၊ သူ ကြိုက်တတ်တာလေးတွေ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးဖို့ ပြော ရတယ်"

ဟု ဆိုလေ၏။

ထိုအခါ၌ ဦးဂွမ်တီက---

"ဟေ့--- မောင်ဘချစ်၊ မင်းကလဲ မင်းကြိုက်တတ်တာတွေ ကို မမြနှစ်ကို ပြောထားလေကွာ"

ဟု ဦးဂွမ်တီက ဆိုလေ၏။

"ပြောထားပါတယ် ဦးဂွမ်တီရယ်၊ ကျုပ်ကြိုက်တတ်တာကို ပြောထားပါတယ်"

ဟု မောင်ဘချစ်က ပြန်၍ ပြောလေ၏။

"မင်းကြိုက်တာဘာလဲကွ၊ ငါ့လဲ ပြောပါဦး"

ဟု ဦးဂွမ်တီက မေးလေ၏။

"ကျုပ် ကြိုက်တာ ဖားကင်လေ"

ဟု မောင်ဘချစ်က ရွတ်နောက်နောက် ပြန်၍ ပြောလေ၏။

"ဟေ့ကောင်ရ ဖားကင်က ရေစင်စင် ဆေးနိုင်မှကွ၊ ရေစင် စင် မဆေးရင် တယ်ပြီးညှီတယ်ကွာ"

ဟု ဦးဂွမ်တီက ပြန်၍ ပြောလိုက်ရာ အိပ်ခန်းတွင်းမှ မမြနှစ်

ဇာတ်သိမ်း



က---

"ကိုကိုချစ်တို့ ဆရာတပည့်ကဖြင့် တယ်လဲအတိုင်အဖောက် ညီကြတာကိုး"

ဟု လှမ်း၍ ပြောလိုက်လေတော့သတည်း။

❖ ❖ ❖

## မောင်ဘချစ်၏ ရတနာ၊ ဦးဌွမ်တီ၏ အမှိုက်များ

နောက်ရက်များစွာ မကြာမီ၌ပင် စီတာရန်းက မောင်ဘချစ်အား အောက်ပါအတိုင်း ပြောလေတော့၏။

"မစ္စတာဘချစ်ရယ်၊ ကျုပ်ကတော့ ပြန်တော့မယ်၊ ကျုပ်တို့ကလဲ ဒီကနေ့ပဲ သံကြိုးစာလာတယ်၊ ကျုပ်တို့ ကုမ္ပဏီကို ထိုက်ထိုက်တန်တန် ကူညီတဲ့ မစ္စတာဘချစ်ကို လေလံဆွဲထားတဲ့ ကားအပျက်တွေအားလုံးကို လက်ဆောင်အဖြစ် ပေးခဲ့ပါတဲ့၊ ပြီးတော့ ကုမ္ပဏီက ဂုဏ်ပြုလွှာတစ်စောင်လဲ ပေးပို့ပါဦးမယ်တဲ့၊ နောင်ကိုလဲ မစ္စတာဘချစ်မှာ အကူအညီလိုအပ်ရင် ကျုပ်တို့ ကုမ္ပဏီမှာအကူအညီတောင်းနိုင်ပါတယ်တဲ့၊ ဟောဒီမှာ သံကြိုးစာ"

စီတာရန်းသည် မောင်ဘချစ်အား သံကြိုးစာကို ပြလေ၏။ ထို့ကြောင့် မောင်ဘချစ်သည် စီတာရန်း ပြန်ရန်အတွက် အစစအရာရာ ဆောင်ရွက်ပေးလေတော့၏။ မောင်ဘချစ်က စီတာရန်း





အတွက် လက်ဆောင်ပစ္စည်း အမြောက်အမြားကို ဝယ်ခြမ်းပေးခဲ့လေ၏။

ထို့ကြောင့် တစ်ပတ်ခန့်အကြာတွင် အိန္ဒိယပြည်မှ တာမွေမြို့စားကြီး မောင်မောင်အေးအား အထင်ကြီး၍ လိုက်လာရှာသော မန်နေဂျာ စီတာရန်းသည် အိန္ဒိယပြည်သို့ ပြန်၍ သွားရှာလေတော့၏။

မောင်ဘချစ်မှာမူကား ( War Surplus) ဝါးသားပေလယ်စ်ခေါ် စစ်ကျွန်ပစ္စည်း ဖြစ်သော မော်တော်ကားအပျက် အမြောက်အမြားကို လက်ဆောင်အဖြစ် ရရှိလိုက်လေတော့၏။

မောင်ဘချစ် ရရှိလိုက်သော မော်တော်ကားအပျက်များကို ဦးဌွမ်တီခေါင်းဆောင်သည့်ကားသမားအဖွဲ့က စလင်းကွင်း၌ နိုင်ခံပြင်လေတော့၏။

မောင်ဘချစ်နှင့် ဦးဌွမ်တီတို့ တွေ့ဆုံကြသောအခါ၌ ဦးဌွမ်တီက---

"ဟေ့-- မောင်ဘချစ်၊ ဂျစ်ကားတွေကို ရောင်းသင့်တာတွေ ရောင်းပစ်တော့ကွာ၊ ဒီအချိန်ရောင်းရင် ဈေးကောင်းရပါပြီကွာ"

ဟု ပြောလေ၏။

"ဒေါ့ဂျစ်တွေနဲ့ လော်လီကားကြီးတွေကိုကော မရောင်းဘူးလား ဦးဌွမ်တီရဲ့"

ဟု မောင်ဘချစ်က မေးလေ၏။

"ဒါကြီးတွေကို ဒီအတိုင်း မရောင်းနဲ့ကွာ၊ ဘော်ဒီတင်ရမယ်ကွ"

ဟု ပြောလေ၏။

"ဘယ်လို ဘော်ဒီတင်ရမှာလဲ ဦးဂွမ်တီရဲ့"

ဟု မောင်ဘချစ်က မေးလေ၏။

"ဒီလို--- ဒီလို"

ဟု ဆိုကာ နိုင်ငံခြားမှ ကက်တလောက် စာအုပ်ကလေး တစ်အုပ်ကို ပြလေ၏။ မောင်ဘချစ်က ဦးဂွမ်တီပြသော ကက်တလောက် စာအုပ်ကလေးကို ကြည့်လိုက်ရာ အတွင်း၌ မော်တော်ကားပုံများ တွေ့ရလေတော့၏။

"အဲဒီကားပုံစံမျိုး လက်သမားရဲ့တစ်ရုံမှာ ပုံစံပြပြီး လုပ်နိုင်းမယ်ကွာ၊ ပြီးတော့ သက်နီးကျွန်းနဲ့ ရန်ကုန်ပြေးနေတဲ့ ဘတ်စ်ကားလိုင်းမှာ သွားပြီးဆွဲခိုင်းထားရင် မင်းအနေနဲ့ နေ့တိုင်း ငွေရနေမှာပေါ့ကွာ"

ဟု ဦးဂွမ်တီက ပြောလေ၏။

"ဒါကတော့ ဆရာသမား သဘောအတိုင်းပဲလေ၊ ဆရာသမားက လုပ်ဆိုတာကို ကျုပ်က လိုက်ပြီး လုပ်ခဲ့တာပဲ"

ဟု မောင်ဘချစ်က ပြောလေ၏။

မှန်ပေသည်။ မောင်ဘချစ်သည် ဦးဂွမ်တီပြောသည့်အတိုင်း လိုက်၍ လုပ်ခဲ့သည်ချည်း ဖြစ်ပေ၏။ ယခုလည်း ဦးဂွမ်တီတို့ ပြင်ပြီးသမျှသော ဂျစ်ကားများကို တစ်စီးပြီးတစ်စီး ရောင်းချပစ်လေတော့၏။

မြန်မာပြည်အရပ်ရပ်တွင် စီးနေကြသော ဂျစ်ကားဟောင်းများမှာ မောင်ဘချစ် ရောင်းချခဲ့သော ကားများချည်းသာ ဖြစ်ပေသည်။

❖ ❖ ❖

စာတိသိမ်း



တစ်နေ့သ၌ မောင်ဘချစ်သည် ဦးဂွမ်တီတို့လူစု မော်တော်ကား ပြင်နေသည်ကို ထိုင်၍ ကြည့်ရင်း---

"ဦးဂွမ်တီရယ်၊ ဂျေ ဒယ် ဇယ် အီး ပီ (J E E P) တဲ့ ဘာအဓိပ္ပာယ်နဲ့များ ဒီနာမည်ကို ပေးပါလိမ့်ဗျာ"

ဟု မေးလေ၏။

"ဒီလိုကွ မောင်ဘချစ်ရ၊ အဲဒီစာလုံးက အတိုကောက်စာလုံးကွ (Just Economical and Emergency Purpose) ဆိုတဲ့ စာရဲ့ထိပ်က စာလုံးတွေကို ယူပြီး (JEEP) ဂျစ်ရယ်လို့ လုပ်ထားတာကွ၊ အဓိပ္ပာယ်ကတော့ကွာ ချွေတာရေးနဲ့ အရေးပေါ် သက်သက်လို့ အဓိပ္ပာယ်ရမလား မဆိုနိုင်ဘူးကွ"

ဟု ဦးဂွမ်တီက ရှင်းပြလေ၏။

"ဦးဂွမ်တီရေ၊ ဂျစ်တွေတော့ တော်တော်ကလေး ရောင်းပြီးပြီဗျ၊ ကျုပ်တို့ရောင်းလိုက်တဲ့ ကောင်တွေတော့ မြန်မာပြည် အနှံ့အပြား ရောက်ကုန်တော့တာပဲဗျို့၊ ခင်ဗျားပြောတဲ့ ဘတ်စ်ကား ဘော်ဒီကိစ္စ လုပ်စမ်းပါဦးဗျ"

ဟု မောင်ဘချစ်က ပြောလျှင် ဦးဂွမ်တီက---

"မင်းက နောက်ကျနေပါပြီကွာ၊ ငါတို့လိုပဲ စိတ်ကူးရှိတဲ့လူတွေက မော်တော်ကားဘော်ဒီတွေ တင်နေကြပြီလေ၊ အနီးစပ်ဆုံးပြောရရင် ကျောက်မြောင်းဈေးဘက်မှာ ရသာရုံကားဘော်ဒီရုံဆိုတာ ရှိနေပြီ၊ ဟော--- မအူကုန်းဘက်မှာကျတော့ ဆန္ဒဘော်ဒီရုံတဲ့ကွ၊ အဲဒီဘော်ဒီရုံတွေကို ငါတို့ကားဆယ်စီးလောက် မောင်းပို့ထားပြီးပြီကွ၊ အဲဒီက ပြီးတာနဲ့ ယုန်တံဆိပ်၊ လင်းမြွေတံဆိပ် ကားလိုင်းကို နှစ်စီးဝင်ဖို့ ပြောထားပြီးပြီ၊ လိုင်းဝင်ကြေး

ပေးဖို့ပဲ ကျန်တော့တယ်။ နောက်တစ်စီးက မီးရထားတံဆိပ်နဲ့ ပုစွန်တံဆိပ်ကားလိုင်းကိုဝင်မယ်၊ ကျန်တဲ့ကားနှစ်စီးက ကြက်တံဆိပ်ကားလိုင်းကိုဝင်မယ်ကွာ။ နောက်ထပ် ဒီက ပြီးတာတွေကို လိုင်းသစ်တွေမှာ ပြေးမယ်ကွာ။ အဲဒီမှာ မော်တော်ကားအသင်းတွေ ပေါ်လာအောင်တော့ ငါတို့က ကားတွေရောင်းပစ်မှ ဝယ်တဲ့လူတွေက ဝယ်ပြီး ကားလိုင်းအသစ်တွေ တိုးလာမှာကွ"

ဟု ဦးဗွမ်တီက ပြောလေ၏။

မှန်ပေသည်။ ဦးဗွမ်တီတို့လူစု ပြင်ပြီးသမျှကို ဘော်ဒီရုံသို့ ပို့၏။ ဘော်ဒီရုံတွင် ဘော်ဒီတင်ပြီးသည်နှင့် မောင်ဘချစ်က ရောင်းပစ်လိုက်၏။ ထို့ကြောင့် ရန်ကုန်မြို့တွင် မောင်ဘချစ်လက်ချက်ကြောင့် ဘတ်စကားများ တိုးပွား များပြားလာသည် ဖြစ်ရာ နာရီတံဆိပ်၊ နဂါးတံဆိပ်၊ လက်ရုံးတံဆိပ်၊ ကြက်တံဆိပ် စသည်ဖြင့် များစွာသောတံဆိပ်များပေါ်ပေါက်လာလေတော့၏။

ထိုတံဆိပ်များ ပေါ်ပေါက်လာခြင်းမှာလည်း မောင်ဘချစ်က မော်တော်ကားများကို တွင်တွင်ကျယ်ကျယ် ရောင်းချလိုက်ခြင်းကြောင့် ဖြစ်ပေသည်။ ဦးဗွမ်တီတို့၏ မော်တော်ကားပြင်သော လုပ်ငန်းမှာလည်း လေး ငါး ခြောက်လ ခုနစ်လအတွင်း၌ပင် ပြည့်စုံသွားလေတော့၏။

ထို့ကြောင့် မောင်ဘချစ်က ကားသမားများအား ပေးရန်ရှိသော လုပ်ခကြေးငွေများကို ရှင်းပေးလိုက်လေတော့၏။ ဦးဗွမ်တီလည်း ၎င်း၏ တဲကလေးဆီသို့ စက်ဆီ လိမ်းကျံသော အင်္ကျီ အဝတ်အစားများဖြင့် ပြန်၍ လာလေ၏။ နောက်တစ်နေ့တွင် ဦးဗွမ်တီသည် တိုက်ဆောက်သော နေရာသို့ သွားရောက်ကာ





ပန်းရန်အလုပ်ကို တောင်း၍ ပန်းရန်လုပ်ငန်းကို ပြန်လည်လုပ်ကိုင်လေတော့၏။

သုံးလေးရက်ခန့် ကြာသောအခါ၌ မောင်ဘချစ်သည် ဦးဗွမ်တီ၏ တဲကလေးဆီသို့ ကူးလာပြီးလျှင် ဦးဗွမ်တီကို မတွေ့သဖြင့် ပြန်၍ သွားရလေ၏။ ညဦးသို့ ရောက်သောအခါ၌ မောင်ဘချစ်သည် ဦးဗွမ်တီ၏ တဲကလေးဆီသို့ လာပြန်လေ၏။ ထိုအခါ၌ ဦးဗွမ်တီသည် ပန်းရန်လုပ်ငန်းမှ ပြန်ရောက်ပြီးခါစဖြစ်၍ ၎င်း၏ ပန်းရန်ပစ္စည်းများအား အရိုအသေပြုနေသည်ကို တွေ့ရသဖြင့် မောင်ဘချစ်က----

"ဦးဗွမ်တီ၊ သုံးလေးရက်ရှိပြီ ဘယ်ကို သွားနေတာတုံး"

ဟု မေးလေ၏။

"ကန်တော်လေးဘက်မှာ ချစ်တီးဘုရားကျောင်းကြီးတစ်ခု ပြန်ပြီး ပြင်နေတယ်လေကွာ၊ အဲဒီမှာ ငါ သွားပြီး ပန်းရန်လုပ်နေတယ်"

ဟု ပြောလိုက်ရာ မောင်ဘချစ်သည် လွန်စွာစိတ်မကောင်းဖြစ်လေတော့၏။

မိမိသည် ဤရွေ့ဤမျှ ကြွယ်ဝချမ်းသာလာသည့်တိုင်အောင် မိမိဆရာကြီး ဦးဗွမ်တီသည် ပန်းရန်လုပ်ငန်း လုပ်နေရသည်ဟု ကြားလိုက်ရသဖြင့် ရင်ထဲတွင် နင့်ခနဲ ဖြစ်၍ သွားလေတော့၏။ ထို့ကြောင့် မောင်ဘချစ်သည် အိမ်သို့ ပြန်သွားပြီးလျှင် များ

မကြာမီ၌ပင် ဂုန်နီအိတ်ကြီးတစ်လုံးကို ထမ်း၍ ပြန်လာလေတော့၏။ ထို့နောက် ဦးဂွမ်တီ၏ရှေ့တွင် ဂုန်နီအိတ်ကြီးအား သွန်ချလိုက်ရာ ငွေစက္ကူများ၊ ရွှေဒင်္ဂါးများ၊ စိန်ရွှေရတနာပစ္စည်းများသည် ဦးဂွမ်တီ၏ရှေ့ရှိ မြေကြီးပေါ်၌ အပုံလိုက်ကြီး ဖြစ်၍ သွားလေတော့၏။ ထိုအခါ၌ မောင်ဘချစ်က---

"ဒီမှာ ဦးဂွမ်တီ၊ ဒီလိုအိတ်မျိုးတွေ အိမ်မှာ ကျန်သေးတယ်၊ ဒါက ခင်ဗျားကို ပြချင်လို့ ယူလာတာ၊ ဒီပစ္စည်းတွေနဲ့ ဒီငွေတွေကို ယူစမ်းပါ၊ ကျုပ်ကို ချမ်းသာကြွယ်ဝအောင် လုပ်ပေးခဲ့တဲ့ ဆရာတစ်ယောက်ဟာ ဆင်းဆင်းရဲရဲနဲ့ ပန်းရန်အလုပ် ဆင်းနေရတယ်ဆိုတာ ကျုပ်နေရာကနေ ကြည့်ရင် ဘယ်လောက်ရင်နာစရာကောင်းသလဲ၊ ဒီတစ်သက် ခင်ဗျားဘာမှမလုပ်ဘဲနဲ့ ထိုင်ပြီးစားနေပါ"

ဟု ပြောလိုက်လေ၏။ မောင်ဘချစ်၏ ရတနာရွှေငွေပုံကြီးမှာ ဦးဂွမ်တီ၏ မှိတ်တုတ်မှိတ်တုတ် ရေနံဆီမီးခွက်ကလေး၏ အလင်းရောင်အောက်တွင် ဟိုမှသည်မှ ပြိုးပြိုးပြက်ပြက် အရောင်များ ထွက်နေလေတော့၏။ ဦးဂွမ်တီသည် ၎င်း၏ အရိုးရှည်သော ဆေးတံအိုးအတွင်းသို့ ဆေးမှုန့်အနည်းငယ်ကို ဖြည့်ပြီးနောက် မီးခွက်ကို ဆွဲယူကာ မီးညှိလိုက်လေတော့၏။

ပြီးလျှင် ဆေးတံကို တစ်ချက်နှစ်ချက်မျှ ရှူ၍ မောင်ဘချစ်အား ခြေဆုံးခေါင်းဆုံး ကြည့်ပြီးလျှင်---

"ဟား-- ဟား--၊ ဟား-- ဟား-- ဟား "

ဟု ကျေကျေနပ်နပ်ကြီး ရယ်မောလိုက်လေတော့၏။

"ရယ်စရာသိပ်ကောင်းတယ် မောင်ဘချစ်၊ ငါ့ကို ရေနှစ်ပြီး





မသေအောင် အသက်ကယ်ဆေးတော်ပေးဖို့ ကြိုးစားနေတာလား၊ လူလောကမှာ အသက်ရှင်နေဖို့အတွက် ငါ့မှာ ပေါဒီငွေတွေရော၊ ရွှေတွေရော မလိုပါဘူးကွာ၊ ဒါတွေမရှိဘဲနဲ့ကို ငါဟာ အသက်ရှင်နိုင်တဲ့လူပါ၊ ဆင်းရဲခြင်းရဲ့ အရသာကို ငါဟာ ဘိန်းစွဲသလို စွဲနေပြီကွ၊ မဆင်းရဲရမှာကို ငါက သိပ်ပြီးကြောက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ချမ်းသာရင် ငါအလုပ်လုပ်ရတော့မှာ မဟုတ်တော့ဘူး၊ လူတစ်ယောက်ဟာ အလုပ်ရှိနေပါလျက် အလုပ်မလုပ်ရဘူးဆိုတာ ဝဋ်ဒုက္ခတစ်မျိုးပဲကွ၊ အဲဒီဝဋ်ဒုက္ခကို ငါမခံချင်ဘူး၊ ငါအလုပ်လုပ်နေတာ ငွေအတွက် မဟုတ်ဘူးကွ၊ အလုပ်လုပ်ချင်လို့ကို လုပ်နေတာ၊ ပြီးတော့ ငါ့ကို တကယ်ချစ်ရင် တကယ်သနားရင် မင်းအခု ပုံချလိုက်တဲ့ အမှိုက်တွေကို ပြန်ပြီး ယူသွားပါ မောင်ဘချစ်"

ဟု ဦးဂွမ်တီက အေးအေးဆေးဆေး တစ်လုံးချင်း ပြောလိုက်လေတော့၏။

"ကျုပ်က ခင်ဗျားကို ကူညီတဲ့အနေနဲ့ ပေးတာပါဗျာ၊ ခင်ဗျားက ဒါကို လက်မခံဘူးလား"

ဟု မောင်ဘချစ်က မေးလေ၏။

"ငါက အကူအညီမှ မလိုဘဲ ကိုယ့်လူရယ်၊ မင်းရဲ့ အမှိုက်တွေ ဘာလုပ်ရမှာတုံး၊ နောက်ပြီးတော့ လူတစ်ယောက်ရဲ့ တန်ဖိုးကို အလွယ်ဆုံး နားလည်နိုင်တဲ့နည်းကို ပြောပြလိုက်မယ်၊ အဲဒါက ဘာလဲဆိုတော့ ကူညီနေတဲ့လူလား၊ အကူအညီတောင်းတဲ့လူလားဆိုတာ အရင်ဆုံး ကြည့်ပါ၊ လူတွေကို ကူညီနေတဲ့လူဆိုရင် ဒီလူရဲ့တန်ဖိုးဟာ မနည်းဘူး၊ လူတွေဆီမှာ အကူအညီ တောင်း

နေတဲ့ လူဆိုရင်တော့ ဒီလူဟာ တန်ဖိုးမရှိဘူး။ ငါဟာ ကူညီတဲ့ဘက်ကပဲ အမြဲတမ်းနေခဲ့တယ်။ ဒါကြောင့် ငါ့အတွက် မင်းရဲ့ အနိုက်တွေဟာ ဘာမှ တန်ဖိုးမရှိဘူးကွ။ မင်းကို ငါက အခုလို ကြီးပွားချမ်းသာအောင် လုပ်ပေးလိုက်ရတာကိုပဲ ငါ့အနေနဲ့ ပီတိဖြစ်လာပါပြီ။ အဲဒီ ပီတိအရာဟာ မင်းယူလာတဲ့ အနိုက်တွေထက် တန်ဖိုးရှိပါတယ်"

ဟု ဦးဝွမ်တီက ပြောပြန်လေ၏။

၎င်းတို့နှစ်ဦး စကားပြောနေသည့်အချိန်၌ မမြနှစ်သည် တဲ၏ အပြင်ဘက်မှ ချောင်း၍ ကြည့်နေလေ၏။ အဘယ်ကြောင့်ဆိုသော် မောင်ဘချစ်သည် ဂုန်နီအိတ်ကြီးအတွင်းသို့ ရွှေငွေရတနာပစ္စည်းများကို ထိုးသိပ်၍ ဦးဝွမ်တီ၏ တဲဘက်ဆီကို ကူးသွားသည်ကို တွေ့သောကြောင့် မမြနှစ်၏ စိတ်အတွင်း၌ မောင်ဘချစ်တို့ [illegible]သည့်နှစ်ဦး ငွေရေးကြေးရေး အရှုပ်အရှင်း ဖြစ်ပေါ်နေပြီလား ယူဆကာ တိတ်တဆိတ် နောက်မှ လိုက်လာ၍ ချောင်းကြည့်နေခြင်း ဖြစ်ပေသည်။

ထိုသို့ ချောင်းကြည့်သည့်အခါ၌မှ မောင်ဘချစ်က ရွှေငွေရတနာများကို ရက်ရောစွာ ပေးနေသည့်တိုင်အောင် ဦးဝွမ်တီဆိုသည့် တရုတ်အဘိုးကြီးက ထိုရွှေငွေရတနာများအား အနိုက်သရိုက်အဖြစ် သဘောထားကာ မယူဘဲ ငြင်းဆိုနေသည်ကို တွေ့ရလျှင် မမြနှစ်သည် လွန်စွာ အံ့အားသင့်၍ သွားလေတော့၏။ မောင်ဘချစ်သည် ဦးဝွမ်တီအား ငေးကြီး ကြည့်၍ နေပေ၏။ ထိုနောက် ၎င်းက---

"ဒီလိုဆိုရင် ဦးဝွမ်တီအတွက် ကျွပ် ဘာလုပ်ပေးရမလဲ။





ဦးဝွမ်တီရဲ့ တဲကလေး ယိုင်နဲ့နဲ့ ဖြစ်နေပြီ၊ ကျွပ်ဆောက်ပေးမယ်"

ဟု ပြောလိုက်ရာ ဦးဝွမ်တီက---

"မလုပ်ပါနဲ့ကိုယ့်လူရာ။ ငါ့တဲကလေးက ငါ့အတွက် အလွန်တန်ဖိုးရှိတာကွ။ ဟိုနေရာက ပေါက်လိုက် ထပြီးဖာလိုက်၊ ဟိုနေရာကစောင်းသွားလိုက် ထပြီးထောက်လိုက်၊ ငါ့မှာ အဲဒါကလေးနဲ့ အပျင်းပြေနေရတာကွ။ ဒါကလေးကို ဖျက်ပစ်ပြီး အိမ်အသစ်တစ်လုံး ဆောက်ပေးမယ်ဆိုရင် ငါဟာ ပျင်းရိငြီးငွေ့တဲ့ ရောဂါနဲ့ သေရပါလိမ့်မယ် မောင်ဘချစ်ရယ်။ ငါ့အသက်ရှည်ဖို့အတွက်တော့ ဒါကလေးကို ချမ်းသာပေးပါ ကိုယ့်လူရာ"

ဟု ပြောပြန်ရာ မောင်ဘချစ်က---

"သိပ်ခက်တဲ့ ဦးဝွမ်တီပဲဗျာ"

ဟု ပြောလေ၏။

"မခက်ပါဘူး ကိုယ့်လူရ၊ ငါက စားတော့လဲ သက်သတ်လွတ် ဆန်ပြုတ်ကလေး၊ ဝတ်တော့လဲ ဒီပျင်ကြမ်းဘက်ဂျီရဲ့ ပျင်ကြမ်းဘောင်းဘီဟာ ငါ့အတွက် အကောင်းဆုံး ဝတ်စုံတွေ၊ နေတော့လဲ တဲစုတ်ကလေးမှာ ငါဟာ တကယ့်ကို ရိုးရိုးရှင်းရှင်းနဲ့ လွယ်လွယ်ကလေး နေတာပါကွ၊ မခက်ပါဘူး"

ဟု ဦးဝွမ်တီ ပြောဆိုကာ ဆေးတံမှ မီးကျွမ်းပြီးဆေးစာများကို အနီးရှိ ဝါးလုံးတိုင်၌ တခေါက်ခေါက်ခေါက်၍ ချလိုက်လေ၏။

"အဲဒီတော့ ကျွပ်ဘာလုပ်ရမှာလဲ ဦးဝွမ်တီ"

ဟု မောင်ဘချစ်က အားမလို အားမရလေသံဖြင့် မေးလိုက်လေ၏။

"မင်း ဘာလုပ်ရမလဲ ဆိုတော့ ကန်တော်ကြီးနားမှာ တိုက်

တစ်လုံး ဝယ်ရမယ်၊ ပြီးရင် မင်း အဲဒီကိုရွှေ့ရမယ်၊ လေကောင်း လေသန့်လဲ ရတာပေါ့ကွာ၊ ရွှေတိဂုံဘုရားကြီးကိုလဲ မင်းအိမ်က လှမ်းပြီး ဖူးနိုင်တာပေါ့၊ ပြီးတော့ ဗိုလ်တကလေးကို ကာလ ကာရွှားပို့ပြီး သူ့ရဲ့ ရင်ကျပ်ရောဂါကို အမြစ်ပြတ်အောင် ကုပေးရမယ်၊ မင်းနေဖို့အတွက် ကန်တော်ကြီးနားက တိုက်တစ်လုံးကို ငါ နှံစမ်းချုပ်ပြီးပြီကွ၊ ဈေးလဲ သိပ်ချိုတာပဲ မောင်ရေ၊ ခြံထဲမှာလဲ အပင်တွေက စုံနေတာပဲကွာ၊ သရက်၊ မရန်း၊ အုန်း၊ ထန်း၊ ပိန္နဲ မာလကာ၊ သကြားသြဇာ အများကြီးပဲဟေ့၊ အဲဒီကို မင်း ပြောင်းရမယ်၊ ပြီးရင် ဆန်စက်လုပ်ငန်းတွေ လုပ်ရမယ်ကွ သင်္ဘောတွေ ဝယ်ရမယ်၊ ကုန်တင်ဖို့ တဲ့ကင်းကြီးတွေ လုပ်ရမယ်၊ အေး-- ငါတို့ကတော့ ပြောလိုက်တာ စုံနေတာပဲဟေ့ မမြနှစ်တစ်ယောက် ဖြင်ကိုက်ရှာရော့မယ် ကိုယ့်လူရာ"

ဟု ဦးဂွမ်တီက ပြောလိုက်ရာ မောင်ဘချစ်သည် မျက်လုံး ပြူး၍ သွားလေတော့၏။

"အနှစ်မပါပါဘူး ဦးဂွမ်တီရဲ့"

ဟု မောင်ဘချစ်က ပြောလေ၏။

"တဲ့အပြင်ဘက်ကနေ ငါတို့နှစ်ယောက် စကားပြောတာကို အသာကလေးချောင်းနေတာယ်ကွ၊ မမြနှစ်ရေ-အထဲကိုဝင်ခဲ့လေ"

ဟု ဦးဂွမ်တီက ပြောလိုက်လျှင် မမြနှစ်သည် တဲ့အတွင်းသို့ ဝင်လာလေတော့၏။

"ဟင်--- အနှစ်ရောက်နေတယ် ဟုတ်လား"

ဟု မောင်ဘချစ်က အံ့အားသင့်စွာ မေးလေ၏ မမြနှစ် မဖြေမီ၌ပင် ဦးဂွမ်တီက---





"ဒီလိုပေါ့--- ဒီလို--- ဒီလို၊ မင်းက ဂုန်နီအိတ်ကြီးထဲကို ငွေတွေရော ရွှေတွေရော စိန်တွေရော ထည့်ပြီး ငါ့ဆီကို ကူးလာလေတော့ မမြနှစ်ရဲ့ စိတ်ထဲမှာ ဒီဆရာတပည့်နှစ်ယောက်တော့ ငွေရေးကြေးရေး ကိစ္စတွေ အရှုပ်အရှင်း ဖြစ်ကုန်ကြပြီလို့ သူ့စိတ်ထဲမှာ ထင်သွားတယ်ကွ၊ အဲဒါကြောင့် မင်းနောက်က အသာကလေး လိုက်လာပြီး တဲ့အပြင်ဘက်ကနေ ဓနိဖက်ကလေးကိုလှန်တဲ့ပြီး ငါတို့နှစ်ယောက် စကားပြောနေတာကို ချောင်းပြီး နားထောင်နေတာကွ"

ဟု ပြောလိုက်လျှင် မောင်ဘချစ်က မမြနှစ်ဘက်သို့ လှည့်ကာ---

"ဟုတ်လား အနှစ်"

ဟု မေးလိုက်လေ၏။ မမြနှစ်လည်း---

"ဟုတ်ပါတယ် ကိုကိုချစ်"

ဟု ဆိုကာ ဦးဂွမ်တီဘက်သို့လှည့်၍---

"အနှစ်လေ ဦးဂွမ်တီကြီးကို အဖေတစ်ယောက်လို လေးစားတာပါ၊ အနှစ်တို့ကို ပစ်မထားပါနဲ့"

ဟု ဆိုကာ မြေကြီးပေါ်တွင် ထိုင်၍ ကန်တော့လေတော့၏။ ထိုအခါ၌ ဦးဂွမ်တီက---

"ပစ်မထားပါဘူး မမြနှစ်ရယ်၊ ဒါပေမယ့် ကျုပ်ကို အဖေလို့တော့ သဘောမထားပါနဲ့ မမြနှစ်ရဲ့ အမေကြီးကို ကြောက်လွန်းလို့ပါ"

ဟု ပြောဆိုကာ တခစ်ခစ်နှင့် ရယ်မောလေတော့သတည်း။

မောင်ဘချစ်သည် ဦးငွမ်တီပြောသော အိမ်ကြီးကို ဝယ်လိုက်လေတော့၏။ ထို့နောက် ဦးငွမ်တီပြောသည့်အတိုင်း ရန်ကုန်မြို့နှင့် မလှမ်းမကမ်းနေရာများတွင်ရှိသော နေရာများ၌ ဆိုင်ခန်းများကို ဝယ်ယူလေ၏။ တိုက်ကင်းများနှင့် မြစ်ဝကျွန်းပေါ်သွားသော သင်္ဘောအချို့ကိုလည်း ဝယ်ယူလေ၏။

မောင်ဘချစ်သည် လွန်စွာ များပြားသော လုပ်ငန်းများကို ဖွင့်၍ လုပ်ကိုင်နေသော အချိန်၌ပင် ၎င်း၏ ယောက္ခမကြီး ခေါ်သိုင်းမြို့မှာ ကွယ်လွန်ရှာလေတော့၏။

ထို့ကြောင့် မောင်ဘချစ်သည် မော်တော်ကားကို မောင်းနှင်လျက် ဦးငွမ်တီ၏ တဲကလေးဆီသို့ ထွက်လာလေတော့၏။ မောင်ဘချစ်ကို တွေ့လျှင်တွေ့ချင်း ဦးငွမ်တီက---

"ဟော့ကောင်--- မောင်ဘချစ်၊ မင်းကြည့်ရတာ ရေးကြီးသုတ်ပြာနဲ့ ဘာလဲကွ၊ မင်းယောက္ခမကြီး ဆုံးပြီလား"

ဟု မေးလိုက်လေ၏။

"ခင်ဗျားကလဲ ဝိဇ္ဇာကြီး ကျနေတာပဲ၊ တကယ်ကို သိနေပါလား၊ ဟုတ်တယ်ဗျို့၊ အနှစ်တို့အမေတော့ ဒီမနက်ပဲ ဆုံးရှာပြီ"

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။

ထို့ကြောင့် ဦးငွမ်တီလည်း မောင်ဘချစ်နှင့်အတူ လိုက်ပါလာခဲ့ပြီးလျှင် မမြနှစ်အား ဖြေသိမ့်ဖွယ်ရာသော စကားတို့ကို ပြောလေ၏။ မမြနှစ်ကလည်း ဦးငွမ်တီအား ၎င်းတို့၏ အိမ်၌ နေထိုင်ရန် ပြောဆိုရာလေ၏။ သို့ရာတွင် ဦးငွမ်တီက---

"မလုပ်ပါနဲ့ မမြနှစ်ရယ်၊ ကျုပ်က တိုက်နဲ့ မနေတတ်လို့ပါ"

ဟု ပြန်၍ ပြောဆိုကာ ငြင်းလိုက်လေတော့၏။





ဦးငွမ်တီသည် ထိုနေ့ညနေပိုင်း၌ပင် ၎င်း၏ တဲကလေးဆီသို့ ပြန်၍ သွားလေတော့၏။ ထိုနေ့ညနေပိုင်းလောက်တွင် မောင်ဘချစ်၏ အိမ်၌ ပြဿနာတစ်ခု ပေါ်လေတော့၏။

ထိုပြဿနာမှာ မောင်ဘချစ်က သနားသဖြင့် ခေါ်ယူကျွေးမွေးထားသော မောင်သဲမောင်ဆိုသည့် သူငယ်ကလေးတစ်ယောက်သည် မောင်ဘချစ်၏ အိမ်မှ ထမင်းချက်သော ကြည်နုဆိုသည့် ကုလားကပြားမလေးအား ခိုးပြေးသွားခြင်းပင် ဖြစ်ပေသည်။

ထိုသို့ ခိုးပြေးသွားခြင်းကလည်း အကြောင်းမဟုတ်ပေ၊ မောင်ဘချစ်၏အံဆွဲအတွင်းမှ ငွေတစ်ထောင်နှင့် မမြနှစ်၏ စိန်ကြယ်သီးတစ်စုံကိုပါ အလစ်သုတ်၍ သွားကြခြင်း ဖြစ်ပေသည်။ မောင်ဘချစ်သည် ထိုကိစ္စအတွက် အကြီးအကျယ် ယမ်းပုံမီးကျ ဖြစ်လေတော့၏။

"ကျေးဇူးရှင်ကို ကျေးဇူးစွပ်တဲ့အကောင်၊ ဒီအိမ်မှာ လူသေလို့ ငိုတဲ့လူကို ဖြစ်နေကြတုန်းမှာမှ လုပ်ရက်ပလေကွာ"

ဟု ကြိမ်းမောင်းလေတော့၏။

မမြနှစ်ကမူ---

"ကိုကိုချစ်ရယ် ဂါတ်ကို တိုင်ချင်တိုင်ပေါ့"

ဟု ပြောလေ၏။

"ဂါတ်ကို မတိုင်ဘူး၊ ကျေးဇူးရှင်ကို ကျေးဇူးစွပ်တဲ့အကောင်ကို ကောင်းကောင်းကြီး ဆုံးမရမယ်"

ဟု ပြောဆိုကာ မော်တော်ကားတစ်စီးဖြင့် မောင်သဲမောင်နှင့် ကြည်နုတို့ နှံတွဲအား သားကောင်နောက်သို့ လိုက်သော

မုဆိုးကဲ့သို့ တရကြမ်း လိုက်လေတော့၏။ ထို့ကြောင့် မမြနှစ်သည် ဦးဌွမ်တီထံသို့ ပြေးလာပြီးလျှင်---

"ဦးဌွမ်တီရေ"

ဟု အစချီကာ ဖြစ်ပျက်သမျှ အလုံးစုံကို ပြောပြလေတော့၏။ ထို့ကြောင့် ဦးဌွမ်တီသည် မမြနှစ်နှင့်အတူ အိမ်သို့ လိုက်ခဲ့ပြီးလျှင် မောင်ဘချစ်ပြန်အလာကို စောင့်ဆိုင်းနေလေ၏။

မောင်ဘချစ်သည် ညနေပိုင်းသို့ ရောက်မှပင် ကားကို ဝူးခနဲ မောင်းနှင်ကာ ခြံအတွင်းသို့ ဝင်လာလေ၏။ ခြံအတွင်းသို့ ရောက်လျှင် ပိန္နဲပင်ကို မှီ၍ အေးချမ်းစွာ ဆေးတံသောက်နေသော ဦးဌွမ်တီကိုတွေ့လျှင်---

"ဟာ--- ဦးဌွမ်တီပါလား၊ ဘယ်တုန်းက ရောက်သလဲ"

ဟု မေးလေ၏။

"ကိုယ့်လူက မုဆိုးကြီးလုပ်ပြီး ထွက်ပြေးသွားတဲ့ လင်မယားကို ရှာနေတယ်ဆိုလို့ လာပြီး စောင့်နေရတာပဲ"

ဟု ဦးဌွမ်တီက ပြောလေ၏။

"ဟုတ်တယ် ဦးဌွမ်တီ၊ သေဲဆိုတဲ့ အကောင်က တယ်ပြီး ကျေးဇူးကန်းတဲ့ကောင်ပဲ"

ဟု ပြောဆိုကာ ဦးဌွမ်တီ၏အနီး ခုတ်ခုံလေးပေါ်သို့ ဝင်၍ ထိုင်လိုက်လေ၏။

"ဟေ့-- မောင်ဘချစ်ရေ၊ သခင်ယေရှုကို သူကျေးဇူးပြုထားတဲ့ တပည့်က လူသတ်သမားတွေ လက်ထဲကို ပိုက်ဆံသုံးဆယ်နဲ့ ရောင်းစားပစ်လိုက်တာကွ၊ မင်းကို သေဲက ဒီလို မလုပ်သေးပါဘူးကွာ၊ မင်းကလဲ သခင်ယေရှုလို ပုဂ္ဂိုလ်မျိုးလဲ မဟုတ်ဘူး၊





ဒါကို တွေးပြီးဖြေသိမ့်စမ်းပါ၊ ပြီးတော့ ဘုရားအလောင်းမျောက်မင်းဟာ ချောက်ထဲကျနေတဲ့ ပုဏ္ဏားကို ကယ်ခဲ့တယ်ကွ၊ အဲဒီပုဏ္ဏားကပဲ အိမ်မှာ စျက်စားဖို့ဆိုပြီး မျောက်မင်းရဲ့ ဦးခေါင်းကို ကျောက်ခဲနဲ့ ထုခဲ့တယ်၊ ကျေးဇူးပြုတယ်ဆိုတာ ကျေးဇူးရှိမှ လုပ်နိုင်တဲ့လုပ်ငန်းမျိုး ဖြစ်တယ်ကွ၊ ပြီးတော့ လူတစ်ယောက်ကို ကျေးဇူးပြုပြီဆိုရင် အဲဒီပြုထားတဲ့ ကျေးဇူးကို ကိုယ်တိုင်ကမေ့ပစ်ထားရတယ်၊ ကျေးဇူးပြုခြင်းအတွက် ရလဒ်ဆိုတာ ကျေးဇူးပြုခြင်းပဲ ဖြစ်တယ်ကွ၊ တခြား ဘာမှမရှိဘူး၊ မျှော်လဲ မမျှော်လင့်အပ်ဘူး၊ မေ့ပစ်လိုက်ပါ မောင်ဘချစ်ရယ်"

ဟု ဦးဌွမ်တီက ပြောလေ၏။ မောင်ဘချစ်လည်း ဦးဌွမ်တီ ပြောသမျှကို တခဏ်နိမ့် တွေး၍ သဘောပေါက်ကာ ၎င်း၏ မျက်နှာသည် ရွှင်ပြုံးလာလေတော့၏။

"အစ်ပဲ ဦးဌွမ်တီ၊ ကျေးဇူးဆိုတာ ပြုလိုက်ရတာနဲ့ကိုပဲ အမြတ်ထွက်နေတယ်၊ နောက်ထပ် ဘာမှ မလိုတော့ဘူး၊ ဒီသေဲဆိုတဲ့ကောင်လဲ ကြံမိကြံရာ ကြံသွားတာနဲ့ တူပါတယ်"

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။

"သူ့ပစ္စည်း သူယူသွားတာပဲကွာ၊ မင်းက စိတ်ဆိုးဖို့ သိပ်မရှိပါဘူး"

ဟု ဦးဌွမ်တီက ပြောလိုက်လျှင် မောင်ဘချစ်က---

"ဘယ်ကလာ သူ့ပစ္စည်းကို သူယူရမှာလဲဗျ၊ ကျုပ်ပစ္စည်းနဲ့ ကျုပ်မိန်းမ ပစ္စည်းကို ယူသွားတာပါ"

ဟု မောင်ဘချစ်က ပြောလေ၏။

"မဟုတ်ဘူးလေကွာ၊ ဟိုဘဝတုန်းက မင်းက သေဲရဲ့ပစ္စည်း

ကို ဒီလိုပဲ နိုးခဲ့လိမ့်မယ်ကွ၊ ဟော အခုတစ်ခါ သေဲက ပြန်ပြီး နိုးပြန်ပြီ၊ အဲဒါကြောင့် သူ့ပစ္စည်းကို သူယူသွားတာပါလို့ ပြောတာပေါ့ကွ"

ဟု ဦးဌွမ်တီက ပြောဆိုကာ တဟားဟားနှင့် ရယ်မောလေတော့၏။ ထို့ကြောင့် မောင်ဘချစ်ကလည်း ဦးဌွမ်တီနှင့်အတူ ရယ်မောလိုက်လေတော့သတည်း။

> ချစ်စွာသော ကျွန်ုပ်၏ စာဖတ်မိတ်ဆွေများ ခင်ဗျား၊ အကယ်၍များ မိမိ ကျေးဇူးရှိထားသူက ကျေးဇူးစွပ်ခဲ့ပါလျှင် စိတ်မကောင်းခြင်း မဖြစ်ကြပါနှင့်၊ ဦးဌွမ်တီပြောသည့် စကားကလေးကို အမှတ်ရကာ စိတ်နှလုံး အေးချမ်းနိုင်ကြပါစေ။
>
> စာရေးသူ။

❖ ❖ ❖

တစ်နေ့သ၌ မောင်ဘချစ်သည် စကောဈေးရှေ့ရှိ ၎င်း၏ ရုံးခန်းတွင်ထိုင်ကာ နှစ်ချုပ်စာရင်းများကို ကြည့်ရှုရင်း အချိန်ကုန်မှန်းမသိ ကုန်၍ သွားလေတော့၏။ ထို့ကြောင့် ညနေငါးနာရီထိုးသည့်တိုင်အောင် အိမ်သို့ မပြန်ဖြစ်သေးဘဲ ရုံးခန်း၌ပင် ငွေစာရင်းများကို စစ်ဆေးနေလေ၏။

ထိုအချိန်၌ ၎င်း၏ ရုံးဒရဝမ် မှတ္တူးဆိုသည့်ကောင်လေးက မောင်ဘချစ်ထံ လာရောက်၍---





"ဘရားဆပ်၊ ဘရားဆပ်ကို မိန်းမတစ်ယောက်က တွေ့ချင်လို့တဲ့၊ လွှတ်လိုက်ရမလား"

ဟု ပြောဆိုသဖြင့် မောင်ဘချစ်က ---

"လွှတ်လိုက်လေကွာ"

ဟု ပြန်၍ ပြောလိုက်လေ၏။

များမကြာမီ၌ပင် မိန်းမတစ်ဦးသည် ရှာစောင်ကလေးကို ခြုံလျက် မောင်ဘချစ်ရှိရာသို့ ခပ်ယို့ယို့ကလေး ဝင်လာလေတော့၏။ ထို့နောက် ထိုမိန်းမက---

"ထိုင်ခွင့်ပြုပါ"

ဟုဆိုကာ မောင်ဘချစ်ရှေ့ရှိ ကုလားထိုင်၌ဝင်၍ထိုင်လေ၏။

"ဆိုပါဦး"

ဟု မောင်ဘချစ်က မေးလေ၏။

"ဒီလိုပါရှင်၊ ဦးဘချစ်တို့ ကုမ္ပဏီက လိမ်လည်မှုနဲ့ တရားစွဲထားတာဟာ ကျွန်မယောက်ျားပါပဲ၊ အရင်ကတော့ သူဟာ လူကောင်းတစ်ယောက်ပါပဲ၊ အခုတော့ မယားငယ်တွေ ဘာတွေယူပြီး မြင်းလောင်းလားလောင်းရဲ၊ အရက်သောက်လား သောက်ရဲ၊ အဲဒီလိုနဲ့ပဲ စီးပွားပျက်ခဲ့တာပါ၊ ဦးဘချစ်တို့ ဝရမ်းထုတ်ပြီး သိမ်းမယ်ဆိုတဲ့ ရတနာရွှေဆန်စက်ဆိုတာ ကျွန်မရဲ့ ဆန်စက်ပါ၊ ကျွန်မမှာ သူမယားငယ်ယူသွားကတည်းကိုက ကလေး လေးယောက်နဲ့ ဒီဆန်စက်ကြီးကို အမှီပြုပြီး စားနေရပါတယ်ရှင်၊ ဒါကြောင့် ကျွန်မကိုသက်ညှာသောအားဖြင့် အဲဒီကိစ္စကို ညှာညှာတာတာ စဉ်းစားပေးဖို့ လာပြီးပြောရတာပါ"

ဟု ထိုမိန်းမက ပြောလေ၏။

မှောင်စပြုံးနေပြီဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး သဲကွဲစွာ မမြင်ရသော်လည်း မောင်ဘချစ်သည် ထိုမိန်းမကို လှမ်း၍ ကရုဏာသက်မိလေ၏။

"ဟုတ်လား၊ တရားစွဲထားသလား၊ လွှတ်ရော ဖမ်းထားသေးသလား၊ ဒါတွေ ကျုပ်ဘာမှ မသိဘူး၊ ကျုပ်ရဲ့ မုန်နေ့ဂျာက လုပ်တာ၊ ပြောပါဦး၊ ဘယ်သူလဲ၊ ဆန်စက်နာမည်က ဘာတဲ့-"

ဟု မောင်ဘချစ်က ကရုဏာသက်စွာ မေးလေ၏။

"ဒီမယားငယ်ကောင်မကြောင့် ကျွန်မရဲ့ အဖြစ်ဆိုးခဲ့ရတာပါရှင်၊ ကျွန်မယောကျ်ားဟာ အစကတော့ တော်တော်ရိုးတဲ့သူပါ၊ စစ်မဖြစ်ခင်ကဆို နာမည်တစ်လုံးနဲ့ နေတဲ့သူပါ"

ဟု ထိုမိန်းမက ပြောဆိုလေ၏။

ထိုမိန်းမသည် ထိုအချိန်အထိ မောင်ဘချစ်အား ရှိသေသောအားဖြင့် ခေါင်းကိုငုံ့ကာ နေလေ၏။ မောင်ဘချစ်၏ မျက်နှာကို သေသေချာချာ ကြည့်ရှုခြင်း မပြုမိသေးပေ။

မောင်ဘချစ်သည်---

"မီးဖွင့်လိုက်ဦးမယ်"

ဟု ဆိုကာ နေရာမှ ထလေ၏။ ထိုအခါ၌ ထိုမိန်းမက---

"စစ်မဖြစ်ခင်တုန်းကဆိုရင် ဦးရွှေကျော်ဆိုရင် ဘုရင်ခံကတောင် လေးစားရပါတယ်ရှင်၊ ရိုးကလဲရိုး၊ ငွေကလဲရှိတော့ တကယ့်ကို လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့လူပါပဲ"

ဟု ပြောလိုက်ရာ မောင်ဘချစ်လည်း မီးခလုတ်ကို ခေါက်ခနဲ ဖွင့်လိုက်လေတော့၏။

"ဟေ---"





ဟုလည်း ပါးစပ်မှ ယောင်ယမ်း၍ အသံထွက်သွားလေတော့၏။ ထို့နောက် မောင်ဘချစ်သည် ထိုမိန်းမ ဖြူထားသော ရောမောင်ကလေးကို ဆတ်ခနဲဆွဲယူ၍ ဖြုတ်ချလိုက်ပြီးလျှင်---

"ဘယ်သူများလဲ မှတ်တယ် ရွှေရွှေကိုး၊ ဦးရွှေကျော်ဟာ သိပ်ရိုးတယ်ဟုတ်လား၊ ဘာကို ရိုးတာတုံး၊ ငါ့မယားကို ရိုးတာ ရိုးတာလား၊ ဟား-- ဟား-- ဟား၊ ရွှေရွှေက ဟို မယားငယ်ကြောင့် ဒုက္ခရောက်တယ်ဟုတ်လား၊ မင်းကကော ဘာထူးသေးသတုံး၊ မင်းလဲပဲ မယားငယ်ပဲ မဟုတ်လား၊ အင်း-- ဦးရွှေကျော်ဟာ ... နုံးကဆိုရင် လက်ညှိုးညွှန်ရာရေဖြစ်တဲ့လူတစ်ယောက်တဲ့၊ ဟုတ်လားရွှေရွှေ၊ အခုဝါကလဲ လက်ညှိုးညွှန်ရာ ရေဖြစ်နေပြီကွ၊ မင်းတို့နှစ်ယောက်စလုံး ရေတွေဖြစ်သွားရမယ်"

ဟု ပြောလိုက်ရာ ရွှေရွှေဆိုသော ထိုမိန်းမသည် မောင်ဘချစ်၏မျက်နှာကို ကြက်သေသေ၍ ကြည့်နေလေသည်။

"သြော်-- မောင်ကိုး၊ မောင်ဘချစ်အင်ဆန်းကျွတ်ဆိုတော့ တခြားမောင်ဘချစ် အောက်မေ့နေတာ၊ လက်စသတ်တော့ မောင်ကိုး"

ဟု ပြောလေ၏။

"ဘာ မောင်လဲ၊ တစ်ခါက ငါ မြေကြီးပေါက်နေတုန်း မင်းတို့နဲ့ မျက်နှာချင်းဆုံခဲ့တုန်းက ငါ့ကို ကျက်သရေ သိပ်ယုတ်တာပဲလို့ ပြောသွားတာ မှတ်မိသေးလား၊ ငါ့လက်ထဲကနေ ဦးရွှေကျော်ရဲ့ မယားငယ်ဖို့ လိုက်သွားခဲ့တယ်၊ မင်းဟာ သစ္စာဖောက်သွားခဲ့တယ်၊ မင်းလင် ဦးရွှေကျော်ကလဲ ငါ့ကို အမှုဆင်ပြီး လက်ထိတ်ခတ်ခဲ့တယ်၊ ငါဟာ အဲဒီတုန်းက ကံကောင်းလို့သာပေါ့၊ ငါ့ဆရာ

ကြီး ဦးတွမ်တီက ငါ့ကို အချိန်မီ ကယ်လိုက်လို့သာပေါ့၊ မရဘူး ဒေါ်ရွှေရွှေရေ--- မရဘူး၊ မောင်တွေဘာတွေ လာလုပ်မနေနဲ့ ပေဖြစ်တုန်းက ခံထားရတဲ့ ဒဏ်ရာတွေ ဒဏ်ချက်တွေ ငါ့မှာ မနည်းတော့ဘူး၊ အခု ငါက တုံ့ဖြစ်သွားပြီ၊ မင်းတို့ခံနိုင်အောင် ခံကြပေတော့ပေါ့"

ဟု ဆိုကာ မောင်ဘချစ်သည် စားပွဲကို ဒိုင်းခနဲ လက်သီး ဖြင့် ထုလိုက်လေတော့၏။

ရွှေရွှေလည်း နားနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ပိတ်လိုက် ကာ---

"အောင်မလေး"

ဟု အော်လိုက်လေ၏။

ထို့နောက် မောင်ဘချစ်သည် တယ်လီဖုန်းကို ကောက်ယူ၍ ၎င်း၏ မန်နေဂျာထံသို့ တယ်လီဖုန်း ဆက်လေတော့၏။

"ဘယ်လိုလဲ မန်နေဂျာကြီး၊ ဦးရွှေကျီးတို့အမှုကို ကျုပ်လဲ ဘာမှ မသိရပါလား"

ဟု တယ်လီဖုန်းမှ ပြောလိုက်လေ၏။ တစ်ဖက်မှ ၎င်း၏ မန်နေဂျာကလည်း---

"ဟုတ်တယ် ဆရာကိုဘချစ်၊ ဘဏ်မှာငွေမရှိဘဲ ချက်လက်မှတ်နဲ့ ကျွန်တော်တို့ဆီက ပစ္စည်းတွေယူလို့ ဖိုးတွမ်တီးနဲ့ အမှုဖွင့်ထားတယ်"

ဟု တယ်လီဖုန်းအတွင်းမှ ပြန်၍ ပြောလေ၏၊ ထိုအခါ မောင်ဘချစ်က ၎င်း၏ မန်နေဂျာအား---

"ဖမ်းကော ဖမ်းထားသေးသလား"





ဟု ပြန်မေးလိုက်ရာ ၎င်း၏ မန်နေဂျာက---

"ဖမ်းမထားပါဘူးဆရာ၊ ဦးရွှေကျီးဟာ အစာအိမ်ရောဂါ ကြောင့် ဆေးရုံတက်နေရပါတယ်၊ ဒီရက်အတွင်းမှာပဲ အော်ပရေး ရှင်းလုပ်မယ်လို့ သိရပါတယ်"

ဟု ပြန်၍ ပြောလေ၏။

"မလိုချင်ဘူး၊ အော်ပရေးရှင်း မလုပ်ခင်မှာကို ဦးရွှေကျီးရဲ့ လက်ကို လက်ထိတ်ခတ်ပြီးသားဖြစ်အောင် ခင်ဗျားလုပ်စမ်းပါ၊ ငွေဘယ်လောက်ကုန်ကုန် ကျုပ် အကုန်ခံပါ့မယ်၊ ပြီးတော့ ရတနာရွှေအိုတဲ့ ဆန်စက်ကိုလဲ ဝရမ်းကပ်ပြီး ပိတ်ပစ်ဖို့ ဝတ်လုံနဲ့ စီစဉ်လိုက်တော့"

ဟု မောင်ဘချစ်က ပြောလိုက်ရာ တစ်ဖက်မှ ၎င်း၏ မန် နေဂျာက---

"စိတ်ချပါဆရာ၊ ဒီညကိုပဲ ဦးရွှေကျီးကို လက်ထိတ်ခတ်ဖို့ ကျွန်တော် စီစဉ်လိုက်ပါ့မယ်"

ဟု ပြန်၍ပြောလေ၏။

"ဖြစ်ပါ့မလား"

ဟု မောင်ဘချစ်က မေးပြန်လေ၏။

"မန်းနီးမိတ်အယ်ဘာရီးသင်းပဲ ဆရာရယ်၊ ဖြစ်ရမှာပေါ့"

ဟု ၎င်း၏ မန်နေဂျာက မောင်ဘချစ်အား ရဲဝံ့စွာ အာမခံ လိုက်လေတော့၏။ ရွှေရွှေကမူ ရှိုက်၍ရှိုက်၍ ငိုနေလေ၏။ ထိုသို့ ငိုရင်း---

"ရက်စက်လှချည်လား မောင်ရယ်၊ လူမမာတစ်ယောက်ကို လက်ထိတ်ခတ်ထားမလို့လား"

ဟု သနားဖွယ်ရာ ပြောလေ၏။

"မရက်စက်ပါဘူးဗျာ၊ တစ်ခါတုန်းက ကျုပ်ဟာ အဲဒီလိုပဲ ဆေးရုံပေါ်မှာ လက်ထိတ်ကန်းလန်းနဲ့ နေခဲ့ရပါတယ်၊ အဲဒါနဲ့ နှိုင်းစာလိုက်ရင် ဘယ်ကလာ ရက်စက်ရမှာတုံး၊ ကဲ--- ဦးရွှေကျိုးကတော် ဒေါ်ရွှေရွှေရေ၊ မျက်ရည်ကလေးသုတ်ပြီး လာရာလမ်းက ပြန်နှင့်ပေဦးတော့ဗျာ၊ ကျုပ်လည်း အိမ်ပြန်ရဦးမယ်၊ ကျုပ်မိန်းမ အနစ်က ကျုပ်အိမ်ပြန်နောက်ကျလို့ မျှော်နေရှာရော့မယ်"

ဟု ဆိုကာ မောင်ဘချစ်သည် ရွှေရွှေအား မောင်းထုတ်ပစ်လိုက်လေတော့၏။

ရွှေရွှေပြန်သွားသည့်အခါ၌ မောင်ဘချစ်လည်း အိမ်သို့ ပြန်ခဲ့လေတော့၏။ ၎င်းသည် နှစ်ပေါင်းများစွာ ခံစားခဲ့ရသော အကျိတ်အခဲကြီးအတွက် ကောင်းစွာ လက်စားချေလိုက်ရသဖြင့် ကျေနပ် ဝမ်းမြောက်၍ နေလေ၏။

အိမ်သို့ရောက်လျှင် ခြံဝမှ ထွက်၍ကြိုနေသော မမြနှစ်ကို တွေ့လေ၏။

"ကိုကိုချစ်--- နောက်ကျလှချည်လား၊ စောစောတုန်းက အလုပ်တိုက်ကို အနစ် တယ်လီဖုန်း ဆက်ကြည့်သေးတယ်"

ဟု ပြောလေသည်။

"မပြောပါနဲ့တော့ အနစ်ရေ၊ ကိုကိုချစ် ရင်ထဲက အကျိတ်အခဲကြီးတစ်ခုတော့ ဒီကနေ့ညနေ ပျောက်သွားပြီဟေ့"

ဟုပြောသဖြင့် မမြနှစ်က---

"ဘာလဲ ကိုကိုချစ်၊ သေသေချာချာ ပြောစမ်းပါဦး"

ဟု ဆိုသဖြင့် မောင်ဘချစ်သည် ရွှေရွှေရောက်လာခဲ့၍





ဦးရွှေကျိုးအား လက်ထိတ်ခတ်ရန်အတွက် မန်နေဂျာနှင့် စီစဉ်ခဲ့ပုံတို့ကို အားပါးတရ ပြောပြလေတော့၏။ မမြနှစ်လည်း အသာငြိမ်၍ နားထောင်ပြီးနောက်---

"ကဲ--- ကိုကိုချစ် ရေချိုးလိုက်ဦး၊ တော်တော်ကြာမှ ထမင်းစားတာပေါ့"

ဟု ဆိုလေ၏။ မောင်ဘချစ်သည်လည်း မော်တော်ကားကို ခြံအတွင်းသို့ သွင်းပြီးနောက် အဝတ်အစားလဲကာ ရေချိုးခန်းသို့ ဝင်လေတော့၏။

ထိုအချိန်၌ပင် မမြနှစ်သည် ခြံရှေ့သို့ထွက်ကာ အဆင်သင့်တွေ့သော ဆိုက်ကားတစ်စီးကို ငှားရမ်း၍ ဦးဂွမ်တီရှိရာ ငါးထပ်ကြီးဘုရားအနီးရှိ တဲကလေးဆီသို့ ထွက်လာခဲ့လေ၏။

မမြနှစ်သည် ဆိုက်ကားကို ရပ်၍ ဦးဂွမ်တီ၏ တဲကလေးဆီသို့ ပြေး၍ ဝင်သွားလေ၏။ ထိုအချိန်၌ ဦးဂွမ်တီသည် ၎င်း၏ တယောကလေးကို ထိုး၍ နေလေ၏။ မမြနှစ်ကို တွေ့လျှင်တွေ့ချင်း ဦးဂွမ်တီက---

"ဘယ်လိုဖြစ်လာတာလဲ မမြနှစ်"

ဟု ဆီး၍ မေးလေ၏။

"ဦးဂွမ်တီရေ၊ ကိုကိုချစ်ကတော့ ရမ်းကုန်ပြီ"

ဟု ထိတ်ထိတ်ပျာပျာ ပြောလေ၏။

"မူးပြီးရမ်းတာလား"

ဟု ဦးဂွမ်တီက မေးလေ၏။

"မဟုတ်ပါဘူးရှင်၊ အရင်က သူ့ကို အနိုင်ကျင့်ခဲ့တဲ့ ဦးရွှေကျိုးနဲ့ ရွှေရွှေတို့ကို ကျကျနနကြီး လက်စားချေနေပြီ"

ဟု အစချီကာ မောင်ဘချစ် ပြောပြသည်များကို မမြနှစ်က ဦးဌွမ်တီအား တစ်ဆင့် ဖောက်သည်ချလေတော့၏။ ဦးဌွမ်တီလည်း တယောကလေးကို ချ၍ ဆေးတံအိုးနှင့် ဆေးဖြည့်ကာ မီးညှိဖွာရင်း-----

"မောင်ဘချစ်နေရာကနေ ကြည့်ရင်လဲ ဦးရွှေကျီနဲ့ ခွေ့ တို့လုပ်ပုံဟာ လက်စားချေချင်စရာကြီးပါပဲ၊ ဒီလူတွေ မောင်ဘချစ်အပေါ်မှာ သိပ်ပြီး ရက်စက်ခဲ့ကြတယ်၊ ဒါပေမယ့် ကျုပ်ကတော့ မောင်ဘချစ်ကို လက်စားမချေစေချင်ဘူး၊ လွယ်လွယ်ပြောရရင်တော့ အကုသိုလ်ကို ချားရဟတ် မလည်စေချင်ဘူး၊ သူတို့ကလုပ်လိုက်၊ မောင်ဘချစ်က ပြန်လုပ်လိုက်နဲ့ ဘယ်တော့မှ ဆုံးမှာ မဟုတ်ဘူး၊ ကဲပါလေ---- ကျုပ် လိုက်ခဲ့ပါ့မယ်"

ဟု ဆိုကာ မမြနှစ်နှင့်အတူ ဦးဌွမ်တီသည် မောင်ဘချစ်၏ အိမ်သို့ လိုက်ခဲ့လေတော့၏။

မောင်ဘချစ်သည် မမြနှစ်ကို တွေ့သောအခါ၌---

"အနှစ်ရေ--- မင်းက ဘယ်ကို ထွက်သွားတာလဲကွ"

ဟု မေးလေ၏။ မမြနှစ်ကလည်း ပြုံးစိစိ မျက်နှာထားနှင့်--

"ဘယ်ကိုမှ သွားတာမဟုတ်ဘူး၊ ဦးဌွမ်တီကြီးကို သွားခေါ်တာ"

ဟု ပြောလိုက်ရာ မောင်ဘချစ်က---

"ဒါဖြင့် ဦးဌွမ်တီ ဘယ်မလဲ"

ဟု မေးလေ၏။

မမြနှစ်က----

"စည်ခန်းမှာ ရောက်နေပြီ"





ဟု ပြောလိုက်လျှင် မောင်ဘချစ်လည်း စည်ခန်းဆီသို့ ပြေး၍ ထွက်လာလေတော့၏။

ဆိုဖာကုလားထိုင်ကြီးပေါ်၌ အနေ့သားထိုင်ကာ ဆေးတံဖြင့် မှိန်းနေသော ဦးဌွမ်တီအား တွေ့ရလေ၏။ ထိုအခါ မောင်ဘချစ်က---

"ဦးဌွမ်တီ"

ဟု ခေါ်လိုက်လေ၏။ ထိုအခါ၌ ဦးဌွမ်တီက---

"ဘယ်လိုလဲ မောင်ဘချစ်၊ ဦးရွှေကျီတို့ ခွေ့ခွေ့တို့ကို မင်းကတော့ ကောင်းကောင်းကြီး လက်စားချေနေပြီပေါ့ အေး--- လက်စားချေခြင်းဆိုတာ ချိုမြိန်တဲ့အရသာ တစ်မျိုးပါပဲ၊ ဒါပေမယ့် လက်စားချေခွင့် ရတဲ့တိုင်အောင် လက်စားမချေတော့ဘဲနဲ့ ခွင့်လွှတ်လိုက်တဲ့ ခွင့်လွှတ်ခြင်းမျိုးဟာ ပိုပြီး ချိုမြိန်ပါတယ်ကွာ၊ ပြီးတော့ ပိုပြီးလဲ အေးမြပါတယ်"

ဟု ပြောလိုက်လေတော့၏။

ထို့ပြင် ဦးဌွမ်တီသည် မောင်ဘချစ်အား---

"ကိုယ့်လူရယ်၊ ငါ့ကို ချစ်ခင်လေးစားတယ်ဆိုရင် ငါပြောတဲ့အတိုင်း ခွင့်လွှတ်လိုက်စမ်းပါကွာ"

ဟု ဦးဌွမ်တီက တောင်းပန်ရှာလေ၏။

"လက်လျှော့ကုန်ပြီ ဦးဌွမ်တီရေ၊ ကျုပ်ရဲ့ မန်နေဂျာကတော့ ကျုပ်ရဲ့ အမိန့်အတိုင်း လျှောက်ပြီး လုပ်နေကုန်ပြီ"

ဟု ပြောလေ၏။

"ဘယ်လိုပဲ ဖြစ်ဖြစ်ကွယ်၊ အချိန်မီပါသေးတယ်၊ တို့က နောက်တလိုက်ပြီး ပိတ်ကြရအောင်ပါ"

ဟု ဦးဂွမ်တီက ပြောသဖြင့် မောင်ဘချစ်လည်း ၎င်း၏ မန်နေဂျာအိမ်သို့ တယ်လီဖုန်းဆက်ရာ ၎င်း၏ မန်နေဂျာဇနီးက ယခုပင် ဂါတ်သို့ ထွက်သွားကြောင်း ပြန်၍ ပြောလေ၏။

"ဦးဂွမ်တီရေ၊ ကျုပ်လူကတော့ လျှောက်ပြီးလုပ်ကုန်ပြီဗျို့၊ ကျုပ် ဒီကနေ တယ်လီဖုန်းနဲ့ ပိတ်နေလို့ မရဘူး၊ မော်တော်ကားနဲ့ လိုက်ကြမှ ဖြစ်မယ်"

ဟု မောင်ဘချစ်က ပြောလျှင် ဦးဂွမ်တီက---

"လိုက်ရမှာပေါ့ ကိုယ့်လူရယ်"

ဟု ပြောလိုက်လေ၏။

ထို့နောက် မောင်ဘချစ်နှင့် ဦးဂွမ်တီတို့သည် ဦးရွှေကျီးရှိရာ ဆေးရုံသို့ လိုက်ကြကုန်၏။ ဆေးရုံသို့ရောက်လျှင် ဦးရွှေကျီး နတင်ကို စုံစမ်းပြန်လေ၏။ စုံစမ်းပြီးနောက် ဆေးရုံပေါ်သို့ တက်ခဲ့လေ၏။

ဆေးရုံတစ်ရုံလုံးသည် လူနာများဖြင့် ပြည့်ကျပ်နေပြီ ဖြစ်သဖြင့် အချို့သော လူနာများအား လူသွားလမ်း ကော်ရစ်တာ၌ပင် ထားရလေ၏။ ကော်ရစ်တာ တစ်နေရာ၌မူ လူများ စုရုံး ရုံး ဖြစ်နေသည်ကို တွေ့ရလေ၏။

ထိုနေရာ၌ ပုလိပ်များကိုလည်း တွေ့ရလေ၏။ ပုလိပ်များက လူနာတစ်ဦးအား လက်ထိပ်ခတ်ရန် ကြိုးစားနေလေ၏။ လူနာကလည်း ငိုယို၍ တောင်းပန်နေလေ၏။ အနီးအပါးမှ လူများကလည်း---

"ဒါကတော့ မတရားဘူးဗျာ၊ လူနာတစ်ယောက်ကို ဒီလို မလုပ်သင့်ပါဘူး"

ဇာတ်သိမ်း



ဟု ဝိုင်းဝန်းပြောဆိုလေ၏။ ထိုရာတွင် ရာဇဝတ်အုပ်တစ်ဦးကမူ---

"ဥပဒေအတိုင်း လုပ်ရမှာပဲ၊ ကျုပ်တို့လဲ မစောင့်နိုင်ဘူး၊ အခုတော့ လက်ထိပ်ခတ်ရမှာပဲ၊ မနက်ကျမှ အလှည့်ကျ အစောင့် လွှတ်ပေးမယ်၊ အစောင့်ရောက်လာတဲ့ အခါမှာတော့ လက်ထိပ်ကို ဖြုတ်ပေးပါမယ်"

ဟု ဆိုကာ လူနာ၏ လက်အား ဖျပ်ခနဲ လက်ထိပ်ခတ်လိုက်လေတော့၏။ လူနာကလည်း ရှိုက်ကြီးတငင် ငိုကြွေးလေတော့၏။ လူနာ၏မိန်းမလည်း သည်းထန်စွာ ငိုကြွေးလေ၏။ ထိုအချိန်၌ မောင်ဘချစ်နှင့် ဦးဂွမ်တီတို့သည် ထိုအနီးသို့ ရောက်သွားကြလေ၏။

မောင်ဘချစ်သည် ရာဇဝတ်အုပ်အား---

"လက်ထိပ်ဖြုတ်ပေးလိုက်ပါ ရာဇဝတ်အုပ်ကြီးရယ်"

ဟု ပြောလေ၏။

"ဘာဖြစ်လို့ ဖြုတ်ရမှာလဲ"

ဟု ရာဇဝတ်အုပ်က ပြန်၍ပြောလျှင်---

"ကျုပ်ဟာ တရားလိုပါဗျာ"

ဟု ပြောလိုက်ရာ မောင်ဘချစ်၏ မန်နေဂျာက---

"ဆရာ ကိုဘချစ်ပါလား"

"ဟုတ်တယ်၊ လက်ထိပ် ဖြုတ်ပေးလိုက်ပါ၊ ပြီးရင် ဦးရွှေကျီးတို့ကို စွဲထားတဲ့ အမှုကိုလဲ တစ်ခါတည်း ပိတ်ပေးလိုက်ပါ"

ဟု မောင်ဘချစ်က ဣန္ဒြေရစွာ ပြောလိုက်လေ၏။

ရာဇဝတ်အုပ်ကလည်း---

"ရပါတယ် ဦးဘချစ်"

ဟု ဆိုကာ ဦးရွှေကျီးအား ခေါ်ထားသော လက်ထိတ်ကို ဖြုတ်၍ပေးလေ၏။ အနီးတွင်ရှိသော လူများများက မောင်ဘချစ်အား ကောင်းချီးပေးသော မျက်လုံးများဖြင့် ဝိုင်းဝန်း ကြည့်ရှု ကြကုန်၏။

"တကယ့် တောနာရှင်ပါပဲ"

ဟုလည်း ချီးမွမ်းကြကုန်၏။ ဦးရွှေကျီးကိုယ်တိုင်ကလည်း မောင်ဘချစ်အား မော့်၍ကြည့်ပြီးလျှင်---

"ဪ--- ဦးဘချစ်ဆိုတာလား၊ ခင်ဗျားကျေးဇူးကို ဒီ တစ်သက် ဆပ်လို့ မကုန်တော့ပါဘူး"

ဟု ပြောလေ၏။

ဦးရွှေကျီးသည် မောင်ဘချစ်ကို လုံးဝ မှတ်မိခြင်း မရှိပေ၊ ရွှေရွှေသည် ရှိုက်၍ရှိုက်၍ ငိုနေရာမှ မောင်ဘချစ်အား မော့်၍ ကြည့်လေ၏။ မောင်ဘချစ်လည်း---

"စိတ်ချမ်းသာလက်ချမ်းသာနဲ့နေပါ ဦးရွှေကျီးရယ်၊ အမှုကို လဲ ကျုပ်ပိတ်ပေးပါ့မယ်"

ဟုဆိုကာ မောင်ဘချစ်သည် ထိုနေရာမှထွက်ခဲ့လေတော့၏။

ဦးဖွမ်တီလည်း ၎င်းနှင့်အတူ လိုက်ပါခဲ့လေ၏။ လှေကားထိပ်သို့ရောက်သောအခါ၌ ရွှေရွှေသည် နောက်မှ ပြေးလိုက်လာပြီးလျှင်---

"မောင်"

ဟု ခေါ်လိုက်လေ၏။

မောင်ဘချစ်သည် ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်ပြီးလျှင် ရွှေ





ရွှေအား လှည့်၍ ကြည့်လိုက်လေ၏။ ရွှေရွှေသည် မောင်ဘချစ်၏ ခြေထောက်အား ဆံပင်ဖြင့် ပွတ်၍ ရှိခိုးဦးချလေတော့၏။

"ရွှေရွှေ မောင့်အပေါ်မှာ ယုတ်မာခဲ့သမျှကို ဝန်ချတောင်းပန်ပါတယ် သူတော်ကောင်းကြီးရယ်"

ဟု ပြောလေတော့၏။ မောင်ဘချစ်နှင့် ဦးဖွမ်တီတို့လည်း ဒေးစရုံမှ ပြန်ခဲ့ကြလေတော့၏။ မော်တော်ကားပေါ်သို့ တက်ပြီးနောက် ဆေးရုံဝင်းအတွင်းမှ မောင်းထွက်သွားသည်အထိ တစ်ဦးနှင့်တစ်ဦး စကားမပြောဖြစ်ကြဘဲ ရှိလေ၏။

ယောက်လမ်းထိပ်သို့ ရောက်သော အခါ၌ ဦးဖွမ်တီကမူ---

"ခွင့်လွှတ်ခြင်းရဲ့အရသာကို သိပြီလား မောင်ဘချစ်"

ဟု မေးလိုက်လေ၏။ မောင်ဘချစ်က ပြုံး၍ ဦးဖွမ်တီဘက်သို့ လှည့်ကာ---

"သိပါပြီ ဦးဖွမ်တီ"

ဟု ပြောလေ၏။

"လူမိုက်က လက်စားချေဖို့ စောင့်နေတယ်ကွ၊ ပညာရှိသူတော်ကောင်းကတော့ ခွင့်လွှတ်တောင်းပန်ဖို့ အဆင်သင့် ဖြစ်နေပြီ၊ ရှင်မဟာရဋ္ဌသာရဟာ တောင်တွင်းကြီးက တက်လာတဲ့ ရှင်မဟာသီလဝံသကို နုတ်အားဖြင့် မခြေမငြောမိခဲ့ဖူးတယ်၊ ဒါပေမယ့် နောက်တော့လဲ ပညာရှိသူတော်ကောင်း မဟုတ်လား ကွာ၊ ပြန်ပြီးတော့ ဝန်ချတောင်းပန်ရှာတယ်၊ အဲဒီအကြောင်းကို ရှင်မဟာရဋ္ဌသာရရဲ့ ဆရာတော်ဟာ သူရေးတဲ့ ကိုးခန်းပျို့မှာ ဘာတဲ့---

"ငါနှင့်ငါသာ နှိုင်းစရာဟု
ပညာမှုန်ယို အစွယ်မိုက
မဆိုစလောက် နွတ်ပေါက်လွှန်မိ
ငါဝန်ရှိ၍ နောက်ပြီးတစ်ခါ
ဤသည်ငါလျှင် ဤစကားစန်း
ပုလဲယန်းဖြင့် စိတ်ကြမ်းမာန်လျှော့
ငါကန်တော့၏" တဲ့။

ဟု ဦးဂွမ်တီက ဆိုပြလိုက်ရာ မောင်ဘချစ်က---

"ရှင်ထဲမှာ ပြောကြားတာပဲ ဦးဂွမ်တီရယ်၊ နောက်ကိုလေ ဘယ်သို့ကိုပဲဖြစ်ဖြစ် ဘယ်လောက်ပဲ လက်စားချေချင့် အခွင့်ကြုံကြုံ ကျုပ်ဖြင့် လက်စားမချေတော့ပါဘူးဗျာ၊ ခွင့်လွှတ်ခြင်းဟာ ချိုမြိန်အေးမြလှပါတယ် ဦးဂွမ်တီရယ်"

ဟု ကျေကျေနပ်နပ်ကြီး ပြောလိုက်ရာ ဦးဂွမ်တီက---

"ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ"

ဟု ပြောလိုက်လေတော့သတည်း---။

**<u>ပြီးပါပြီ</u>**



မောင်ဘချစ်သည် အထက်ပါအတိုင်း ၎င်းအနေနှင့် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို ဆေးရုံပေါ်၌ စိတ်ဓာတ်အကျကြီးကျနေသော ဦးကံသာအား ပြောပြခဲ့လေတော့၏။ ဦးကံသာလည်း မောင်ဘချစ် ပြောပြသမျှကို နားထောင်ပြီးနောက်---

"ခင်ဗျားရဲ့ အဖြစ်အပျက်လဲ တာကာယနှံကို ကလပ်စီကာယ် စတိုနီကြီး ကျနေတာပဲ၊ အလွန်ကိုပဲ နားထောင်လို့လဲကောင်း၊ မှတ်သားစရာလဲပါ၊ အင်း အင်း အင်း--- အထူးဆုံးကတော့ စိတ်ညစ်စရာ သောကတွေကို ပြေပျောက်စေတဲ့ နည်းတွေပါတာဟာ ကျုပ်အဖို့ အလွန်ပဲ တန်ဖိုးရှိပါတယ်ဗျာ"

ဟု လှိုက်လှိုက်လှဲလှဲ ချီးကျူးလိုက်လေ၏။ ထိုနောက် ဦးကံသာသည် ဦးဂွမ်တီဘက်သို့လှည့်ကာ---

"ပေါသိဆရာကြီး ဦးဂွမ်တီကတော့ တော်လဲ တော်ပါ့ဗျာ၊ ကိုဘချစ်ရဲ့ ကိုယ်စောင့်နတ်ကြီးလိုပါပဲ"

ဟုလည်း ဦးဝွမ်တီအား ချီးကျူးလိုက်ပြန်၏။ မှန်ပေသည်။ ဦးကံသာသည် မောင်ဘချစ်၏ အတ္ထုပ္ပတ္တိကို နားထောင်ပြီး နောက် ၎င်း၏သောကများသည် သိသိသာသာကြီး လွင့်စဉ် ပပျောက်ကုန်လေတော့၏။ မောင်ဘချစ်ကိုမူ နမူနာယူကာ **ဖြစ်ချင်တာဖြစ်**ဟူသော စိတ်ဓာတ်မျိုးကိုလည်း မွေးမြူတတ်သွားပြီ ဖြစ်ရာ ဦးကံသာသည် လောကကြီးကို ရင်ဆိုင်ရန်အတွက် လွန်စွာ ရဲရင့်သွားလေတော့၏။

ထို့ကြောင့် ၎င်း၏ရောဂါသည်ပင် သိသိသာသာကြီး သက်သာ သွားလေတော့၏။ သက်ဆိုင်ရာ ဆရာဝန်များက လာရောက် စမ်းသပ်သောအခါ၌ ဦးကံသာ၏ ရောဂါသည် သိသိသာသာကြီး သက်သာသွားပုံကို တွေ့လျှင် ၎င်းတို့သည် အံ့သြကြကုန်၏။ ဦးကံသာအား---

"ဘာတွေစားသလဲ၊ ဘာတွေသောက်သလဲ"

ဟု မေးမြန်းကြကုန်၏။ ထိုအခါ၌ ဦးကံသာက---

"ကျုပ်စားတဲ့ဆေးကိုလား၊ အစားအသောက်ကိုလား"

ဟု ပြန်၍ မေးလေ၏။

"နှစ်ခုစလုံးကို ပြောပါ"

ဟု ဆရာဝန်များက မေးကြကုန်၏။ မှတ်သားရန်အတွက်လည်း မှတ်စုစာအုပ်ကို အဆင်သင့် ထုတ်ကြကုန်၏။ ထိုအခါ၌ ဦးကံသာက---

"ဆေးကတော့ ခင်ဗျားတို့ ကျွေးတဲ့ဆေးပါပဲ၊ စားတဲ့ အာဟာရကတော့ ဟောဒီက မိတ်ဆွေကြီး ကိုဘချစ်ကျွေးတဲ့ ဖြစ်ချင်တာဖြစ်ဆိုတဲ့ ဓာတ်စာပါပဲ"





ဟု ပြောလိုက်ရာ ဆရာဝန်များက---

"ဘာ ဖြစ်ချင်တာဖြစ် ဓာတ်စာ ဟုတ်လား"

ဟု မေးလေ၏။

ဦးကံသာကလည်း---

"ဟုတ်တယ်၊ ဓာတ်စာနာမည်က ဖြစ်ချင်တာဖြစ်တဲ့"

ဟု အတည်ပေါက်နှင့် ပြောလိုက်ရာ ကုလားဆရာဝန်ကြီးက ၎င်း၏ မှတ်စုစာအုပ်တွင်---

"ဝှပ် အဲဗား မေဘီ မေဘီ"

ဟု ရေးလိုက်လေ၏။ အဓိပ္ပာယ်မှာ **ဖြစ်ချင်တာဖြစ်** ဟူ၍ ပင် ဖြစ်၏။ ထို့နောက် ရက်များ မကြာမီ၌ပင် ဦးကံသာအား "ရောဂါသက်သာသွားပြီ" ဟုဆိုကာ ဆေးရုံမှ ဆင်းခွင့်ပေးလိုက်လေတော့၏။

မောင်ဘချစ်ကိုလည်း ကုသ၍ မရနိုင်ဟုဆိုကာ ဆေးရုံမှ ဆင်းခွင့် ပေးလိုက်လေ၏။ မောင်ဘချစ် ဆေးရုံမှ ဆင်းသည့်နေ့ တွင်မူ ဦးကံသာကပင် လာရောက် ကြိုဆိုလေ၏။

"ကိုဘချစ်ရဲ့ စိတ်ဓာတ်ခွန်အားတွေကတော့ ကျုပ်ဆီကိုပါ ကူးစက်ပျံ့နှံ့ခဲ့တဲ့အတွက် ကျုပ်ရဲ့ ရောဂါဟာ ပျောက်ကင်းခဲ့ပါပြီ၊ ပြီးတော့ အဲဒီရောဂါထက် ခံဆမတန် ဆိုးရွားတဲ့ စိတ်သောက ရောဂါကိုလဲ ပြေပျောက်နိုင်ခဲ့ပါပြီ"

ဟု ကျေးဇူးတင်စကား ပြောလေတော့၏။

မောင်ဘချစ်သည် ဆေးရုံမှ ဆင်းပြီးနောက် ဦးဝွမ်တီ၏ တဲကလေးဆီသို့ သွားခဲ့လေ၏။ ဦးဝွမ်တီသည် တဲကလေးအတွင်း၌ ဆေးတံကိုသောက်ရင်း တစ်စုံတစ်ခုကို စိတ်ကူးနေကြောင်း

တွေ့ရလေတော့၏။

ထိုအခါ၌ မောင်ဘချစ်က---

"ဗျို့ ဦးဌွန်တီ"

ဟု လှမ်း၍ ခေါ်လိုက်ရာ ဦးဌွန်တီက---

"မောင်ဘချစ်ပါလား၊ ဘယ်လိုလဲ ဆေးရုံက ဆင်းခဲ့ပြီလား"

ဟု မေးလေ၏။

"ဟုတ်တယ် ဦးဌွန်တီ၊ ဆေးရုံက ဆင်းခဲ့ပြီ၊ ကျုပ်ဖြင့် အိမ် တောင်မရောက်သေးဘူး၊ ခင်ဗျားဆီကို လာခဲ့တာပဲ"

ဟု မောင်ဘချစ်က ပြောလေ၏။

"ဦးကံသာကြီးလဲ မင်းရဲ့ ကျေးဇူးကြောင့် ကျွန်းမှာသွားရှာ ပြီကွ၊ ခါလဲ ကုသိုလ်တစ်မျိုးပေါ့ကွာ၊ ဒါနဲ့နေပါဦးကွ၊ မင်းရဲ့ ရော ဂါအခြေအနေ ဘယ်လိုတုံး သက်သောင့်သက်သာ ရှိရဲ့လား"

ဟု မေးလေ၏။

"ပြောရဦးမယ်၊ ဦးဌွန်တီရဲ့ ဆရာဝန်တွေကသာ ကျုပ်ရောဂါ ကို ကင်ဆာလို့ ပြောကြတာ၊ ကျုပ်မှာတော့ ဘာမှ မဖြစ်တော့ ဘူးဗျ"

ဟု မောင်ဘချစ်က ပြုံး၍ ပြောလေ၏။

မောင်ဘချစ်နှင့် ဦးဌွန်တီတို့သည် အထက်ပါအတိုင်း ပြော ဆိုကြပြီးနောက် မောင်ဘချစ်က---

"ဦးဌွန်တီရေ--- ကျုပ်တို့ အရင်သောက်သောက်နေတဲ့ ငါးထပ်ကြီးဘုရားနားက ခေါ်နွဲ့လက်ဖက်ရည်ဆိုင်ကလေးကို ကျုပ်ဖြင့် လွမ်းတယ်ဗျာ၊ သွားသောက်ရအောင်"

ဟု ဆိုသဖြင့် ဦးဌွန်တီကလည်း---

ဇာတ်သိမ်း



"ကောင်းသားပဲ"

ဟု ဆိုကာ မောင်ဘချစ်နှင့်အတူ လိုက်ခဲ့လေတော့၏။ လက်ဖက်ရည်ဆိုင်သို့ ရောက်လျှင် ဦးဌွန်တီက---

"ထုံးစံအတိုင်း ကျကျ နစ်ချက်ဗျို့"

ဟု မှာလိုက်လေ၏။ လက်ဖက်ရည်မျှော်နေစဉ်အတွင်း၌ မောင်ဘချစ်သည် အနီးရှိ မြန်မာ့အလင်း သတင်းစာတစ်စောင် ကို ဆွဲယူ၍ ဟိုလှန်သည်လှန် ဖတ်ရှုကြည့်ရာ တစ်နေရာ၌ 'ထူးဆန်းသော လူသတ်မှုတစ်ခု ဖြစ်ပွားခြင်း' ဟူသော ခေါင်း စဉ်ကို ေ သဖြင့် ဖတ်ရှုကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေ တော့၏။

မြန်တန်ဆာဖြို့ ကားလမ်းအနီးရှိ ထမင်းဆိုင်တစ်ဆိုင်၌ ခရီးသည်နှစ်ဦးသည် တစ်ဦးကိုတစ်ဦး အမှတ်မထင် တွေ့ ဆုံကြပြီးလျှင် တစ်ဦးသောသူက 'မင်းကိုရှာနေတာ ကြာပြီ ရွှေအောင်' ဟု ပြောလေ၏။ ရွှေအောင်ဆိုသူကလည်း 'ငါ လဲ မင်းကို ရှာနေတာပဲ ရေချမ်းရယ်' ဟုဆိုကာ နှစ်ဦးစလုံး သည် လွယ်အိတ်တွင် အသင့်ပါလာသော ခြောက်လုံးပြူး ကို အ ဆွဲထုတ်၍ တစ်ဦးကိုတစ်ဦး ပစ်ခတ်ကြရာ နှစ်ဦးစလုံး မှနေ ဘွင်းပင် ပွဲချင်းပြီး သေဆုံးသွားကြောင်း၊ ရေချမ်းဆိုသူ၏ လွယ်အိတ်ကို ရှာဖွေရာ မှတ်စုစာအုပ်၌ ရွှေအောင်ခေါ် ယမ်းအိုးခေါ် ရွှေအိုး ပျဉ်းမနား ရောက်နေပြီ ဟူသော သံကြိုးစာကို တွေ့ရလေ၏။

ရွှေအောင်၏ လွယ်အိတ်၌ ရှာဖွေရာတွင်လည်း ရေချမ်း

မန္တလေးကို ပြန်ရောက်နေပြီဟု အကြောင်းကြားထားသော သံကြိုးစာတစ်စောင်ကို တွေ့ရလေ၏။ ၎င်းတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး သတ်ဖြတ်ရန်အတွက် သဲသဲမဲမဲ ရှာဖွေနေကြကြောင်းကို သံကြိုးစာများအရ သိသာနိုင်ပေသည်။ မည်သည့်အတွက် ရှာဖွေနေသည်၊ ထိုသူတို့သည် မည်သည့်ရပ်ရွာတွင် နေထိုင်ကြသည်ကို သက်ဆိုင်ရာမှ အမှုတပြင်း စုံစမ်းနေကြောင်း သိရ၏။

မောင်ဘချစ်သည် ထိုသတင်းစာအား ဦးဝွမ်တီဘက်သို့ တိုး၍ ပေးလိုက်လေ၏။ ဦးဝွမ်တီလည်း ဖတ်ရှုပြီးနေ... ---

"မင်းလူတွေပါလားကွ။ ရှင့်ရှုတ်ခြင်းရဲ့ အရသာကို မသိတဲ့ လူမိုက်တွေ။ ဇာတ်သိမ်းသွားကြပြီပေါ့ကွာ၊ မေ့ပစ်လိုက်ပါတော့ ကိုယ့်လူရာ"

ဟု ဆိုကာ ဦးဝွမ်တီက သတင်းစာကို တစ်ဖက်သို့ တွန်း၍ ပစ်လိုက်လေ၏။

ထိုအချိန်၌ပင် လက်ဖက်ရည် ရောက်လာသဖြင့် မောင်ဘချစ်နှင့် ဦးဝွမ်တီတို့သည် လက်ဖက်ရည် သောက်ကြကုန်၏။ လက်ဖက်ရည်သောက်ပြီးသောအခါ၌ နှစ်ယောက်သား စကားတပြောပြောနှင့် လမ်းလျှောက်လာခဲ့လေတော့၏။

ဦးဝွမ်တီ၏ တဲအနီးသို့ ပြန်လည်ရောက်ရှိသောအခါ၌ မောင်ဘချစ်၏ မန်နေဂျာသည် မော်တော်ကားကို ကျွီခနဲထိုးရပ် ပြီးလျှင်---

"ဆရာ--- ဆရာ"

ဇာတ်သိမ်း



ဟု အလန့်တကြား ခေါ်လေတော့၏။ မောင်ဘချစ်က---

"ဘာတုံးဗျ၊ ဘာတွေ အရေးကြီးနေတာလဲ"

ဟု ခပ်မာမာ ပြန်၍ မေးလိုက်လေ၏။

"ဆရာကတော် လေတော်ဒိုင်ပြီး သတိလစ်သွားလို့"

ဟု မန်နေဂျာက ပြန်၍ ပြောလေ၏။

"ဟင်--- အနှစ်လား"

ဟု မောင်ဘချစ်က မေးလိုက်လေ၏။

"ဟုတ်တယ်ဆရာ၊ ကျွန်တော်လဲ ဆေးရုံကို လိုက်သွားသေးတယ်၊ ဆေးရုံရောက်တော့ ဆရာ ဆေးရုံကဆင်းသွားပြီဆိုတာနဲ့ ပေ...ရ ဦးဝွမ်တီကြီးဆီမှာ ရှိမှာပဲဆိုပြီး ကားကိုတရကြမ်း မောင်းပြီး လိုက်လာခဲ့တာ"

ဟု ပြောလိုက်ရာ မောင်ဘချစ်လည်း ကားပေါ်သို့ တက်လေ၏။ ဦးဝွမ်တီလည်း လိုက်ပါလေ၏။ ဦးဝွမ်တီကပင်---

"မြန်မြန်မောင်းပါ မန်နေဂျာရဲ့"

ဟု ပြောလေ၏။ မန်နေဂျာကလည်း မော်တော်ကားကို စက်ကုန်ဖွင့်၍ မောင်းလေတော့၏။ အိမ်သို့ရောက်သောအခါ၌ ဝိုင်းဝန်း ပြုစုကြသော အိမ်ဖော်မိန်းကလေးများ ငိုကြွေးနေသည်ကို တွေ့ရလေတော့၏။

မောင်ဘချ...ည် အိမ်ပေါ်သို့ ပြေး၍ တက်သွားပြီးလျှင် မမြနှစ်အား ပွေ့ဖက်၍---

"အနှစ်ရယ်--- ကိုကိုချစ် ရောက်လာပြီလေ"

ဟု ပြောရှာလေ၏။ မမြနှစ်သည် မြော်ရုံ မြော်နေခြင်းသာ ဖြစ်ပေ၏။ များမကြာမီ၌ပင် တစ်ချက်မျှ မျက်လုံးဖွင့်ကြည့်ပြီး

လျှင် ---

"ကိုကိုချစ် နေကောင်းတယ်နော်၊ ကိုကိုချစ်အတွက်ပဲ အနှစ်က စိတ်ပူပါတယ်"

ဟု ပြောလေ၏။ မောင်ဘချစ်ကလည်း---

"ကိုကိုချစ် ဘာမှမဖြစ်တော့ဘူးကွယ်၊ ကျန်းမာလို့ ဆရာဝန်တွေကတောင် ဆေးရုံက ဆင်းခွင့်ပေးလိုက်ပြီ၊ အနှစ်သာ ကျန်းမာအောင်လုပ်ပါ"

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။

သို့ရာတွင် မောင်ဘချစ်၏စကားကို မမြနှစ်သည် လုံးဝကြားသိခြင်းမရှိတော့ပေ၊ မမြနှစ်၏ဝိညာဉ်ချုပ်၍သွားချေပြီဖြစ်၏။

မောင်ဘချစ်က မမြနှစ်အား ငုံ့ကြည့်ပြီးလျှင် အသံမထွက်ဘဲ ကျိတ်၍ ရှိုက်နေလေတော့၏။

"ဘယ်လိုဖြစ်တာလဲ အနှစ်တို့ရယ်၊ ကိုကိုချစ် ဆေးရုံတက်ကာစမှာပဲ သားကလေး ဗိုလ်ဝ ဆုံးခဲ့ရတယ်၊ ကိုကိုချစ် ဆေးရုံက ဆင်းတဲ့နေ့ကျတော့ အနှစ် ကိုကိုချစ်ကို ပစ်သွားပြီလား၊ ဘယ်လိုများ လုပ်လိုက်ကြတာလဲ အနှစ်တို့ သားအမိရယ်"

ဟု တတွတ်တွတ် ပြောဆိုကာ မောင်ဘချစ်သည် ချွေးဆွေးမြည့်မြည့် ငိုကြွေးနေလေတော့၏။

၎င်း၏ဆရာကြီး ဦးဌမ်တီကမူ---

"ငိုချင်ရင် တအားငိုပစ်လိုက်ပါ လူကလေး မောင်ဘချစ်ရယ်၊ ရင်ထဲမှာ အောင့်ထားရတာဟာ ပင်ပန်း ပူလောင်လွန်းလှပါတယ်"

ဟု ပြောလိုက်မှပင် မောင်ဘချစ်လည်း အားရပါးရ ငိုချပစ်

ဇာတ်သိမ်း



လိုက်လေတော့သတည်း။

❖ ❖ ❖

## မောင်ဘချစ်၏ စိတ်ပြေလက်ပျောက်ခရီး

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး သုံးလကျော် လေးလနီးပါးခန့် ကြာသောအခါ၌ ကျိုက်ထီးရိုးတောင်ပေါ်သို့ လူနှစ်ယောက်သည် စကားတပြောပြောနှင့် တက်၍ နေသည်ကို တွေ့ရမည် ဖြစ်ပေသည်။ ထိုသူတို့နှစ်ယောက်သည် အနည်းငယ်တက်လိုက်၊ လမ်းဘေးရှိ ကျောက်တုံးများပေါ်တွင် ထိုင်၍ နားလိုက်၊ ပြန်၍တက်လိုက်နှင့် အလုပ်ရှုပ်လျက် ရှိလေတော့၏။

ထိုသူနှစ်ဦးကား တစ်ဦးက ဦးဂွမ်တီဖြစ်၍ တစ်ဦးက မောင်ဘချစ် ဖြစ်ပေသည်။

"မမောင်မှာ အနားယူရမယ်ဆိုတဲ့ ဖော်မြူလာနဲ့ တက်လာလိုက်တာ ရောက်မှန်းမသိ ရောက်လာပြီ မောင်ဘချစ်ရ"

ဟုဦးဂွမ်တီက ပြောလေ၏။ မောင်ဘချစ်က တစ်စုံတစ်ရာ ပြန်၍ မပြောဘဲ ငူငူကြီး ထိုင်၍ နေလေ၏။

"ဘယ်လိုလဲ မောင်ဘချစ်"

တတ်သိမ်း



ဟု ဦးဂွမ်တီက မေးလေ၏။

"ဘယ်လိုမှ မလဲပါဘူး ဦးဂွမ်တီရယ်၊ အနှစ်တို့ သားအမိကို သတိရလို့ပါ။ အင်းလေ---- ဦးဂွမ်တီပြောခဲ့သလိုပါပဲ၊ ကိုယ့်အနေနဲ့ ဘာမှ မတတ်နိုင်တဲ့ကိစ္စတွေကို မစဉ်းစားတာဘဲ ကောင်းပါတယ်ဗျာ၊ အဲဒီလို ပြန်ပြီး စဉ်းစားနေရင် ရေခဲတုံးကို အရုပ်ထုသလို ဖြစ်နေမှာပေါ့လို့ ကျုပ်ကို ဆုံးမဦးမှာပဲ၊ တကယ်ကတော့ ကျုပ်က မစဉ်းစားချင်ပါဘူး၊ ကျုပ်အာရုံထဲကို အနှစ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာကလေးတွေဟာ မခေါ်ပင့်ဘဲ ရောက်ရောက်လာတယ် ဦးဂွမ်တီ၊ အဲဒီတော့လဲ လွမ်းရပါတယ် ဆွေးရပါတယ်ဗျာ"

ဟု မောင်ဘချစ်က ဆွေးမြည့်ကြေကွဲဖွယ်ရာ ပြောလိုက်လေ၏။

"စိတ်ဝေဒနာခံစားနေရတဲ့လူအတွက် အကောင်းဆုံး ဆေးဖြီးတို့ဟာ အလုပ်လုပ်ခြင်းပဲ ဖြစ်တယ်ကွ၊ အလုပ်ဟာ စိတ်ဝေဒနာအတွက် ဈေးအသက်သာဆုံး ဆေးလဲဖြစ်တယ်၊ တခြားနည်းနဲ့ အာရုံလွှဲပြောင်းပစ်လို့ မရရင် အလုပ်နဲ့လက်နဲ့ မပြတ်အောင် လုပ်နေတာဟာ အကောင်းဆုံးပဲ မောင်ဘချစ်၊ အဲဒီတော့ တစ်ခုခုကိုတော့ ရှုံရှုံမြဲမြဲ လုပ်နေရမယ်၊ အဲဒါမှပဲ မင်းရင်ထဲမှာ ခံစားနေရတာတွေဟာ တဖြည်းဖြည်း ပျောက်သွားလိမ့်မယ်"

ဟု ပြောဆိုကာ ဦးဂွမ်တီက ထိုင်၍ အမောဖြေနေရာမှ ဆတ်ခနဲ ထလိုက်လေတော့၏။ မောင်ဘချစ်လည်း လိုက်၍ ထလေ၏။ ထို့နောက် တောင်တက်လမ်းကလေးကို တက်မည် အလုပ်တွင် တောင်ပေါ်မှ ဆင်းလာသော သီလရှင် တစ်ဦးနှင့်

မျက်နှာချင်းဆိုင် တိုးမိနေကြသဖြင့် နှစ်ဦးသားမှာ ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်ကြရလေတော့၏။

သီလရှင်ကလည်း ၎င်းတို့နှစ်ဦးကို ဖျတ်ခနဲ ကြည့်လိုက်လေ၏။ ၎င်းတို့နှစ်ဦးကလည်း သီလရှင်အား ပြန်၍ ကြည့်လိုက်ကြလေ၏။ မောင်ဘချစ်သည် သီလရှင်ကို ကြည့်၍---

"မညို"

ဟု ကျယ်လောင်စွာ အော်၍ ခေါ်လိုက်လေ၏။ သီလရှင်ကလည်း မောင်ဘချစ်အား---

"ဟင်--- မောင်ဘချစ်ပါလား"

ဟု တည်ငြိမ်အေးမြသော လေသံဖြင့် ပြန်၍ ခေါ်လိုက်ပြီးလျှင် ဦးရွှမ်တီဘက်သို့ပါလှည့်၍---

"ဦးရွှမ်တီကြီးလဲ ပါသကိုး"

ဟု နှုတ်ဆက်လိုက်လေ၏။

"ဝမ်းသာလိုက်တာ မညိုရယ်"

ဟု မောင်ဘချစ်က ပျာပျာသလဲ ပြောလေ၏။ သီလရှင်ကမူ---

"ဆရာလေးဘွဲ့က ဒေါ်စန္ဒမာလာတဲ့၊ ဆရာလေးလဲ ဝမ်းသာပါတယ်ကွယ်"

ဟု အလွန်အင်မတန် တည်ငြိမ်အေးမြသော အသံဖြင့် ပြောလေ၏။ မောင်ဘချစ်သည်ပင် အနည်းငယ် ရှိုးတိုးရှန့်တန့် ဖြစ်၍ သွားလေ၏။

"မညိုရယ်၊ အင်း အင်း-- ဆရာလေးရယ်၊ ကျွန်တော့်ကို သတိရသေးတယ်နော်"





ဟု ဆို့နစ်သော လေသံဖြင့် ပြန်၍ မေးလိုက်လေ၏။ သီလရှင် ဒေါ်စန္ဒမာလာမှာမူ မည်သို့မျှ ပြန်မပြောဘဲ ပြုံးရုံပြုံး၍ နေလေ၏။ သီလရှင်၏အပြုံးတွင် အေးမြသောအရာမှအပ အခြားအရာများ လုံးဝ မပါရှိပေ။

"ကျွန်တော့်အပေါ်မှာ မေတ္တာရှိသေးရဲ့လား ဆရာလေးရယ်"

ဟု မောင်ဘချစ်က မေးပြန်လေ၏။

"ဆရာလေး မေတ္တာမရှိတဲ့ သတ္တဝါရယ်လို့ မရှိတော့ပါဘူးကွယ်"

ဟု သီလရှင် ဒေါ်စန္ဒမာလာက အေးချမ်းစွာ ပြန်၍ ပြောလေ၏။

သီလရှင်၏ စကားသည် သဘောနှစ်မျှတွက်၍ နေလေ၏။ မောင်ဘချစ်သည် မိမိလိုချင်သောသဘောကို မိမိဘာသာခွဲ၍ တွေးနေလေ၏။

"ဒီလိုဆိုရင် ကျွန်တော့်ကို မေတ္တာရှိသေးတယ်လို့ ပြောတာလား"

ဟု မောင်ဘချစ်က အသိဉာဏ်မဲ့သော ကလေးငယ်ကဲ့သို့ သီလရှင် ဒေါ်စန္ဒမာလာအား မေးလိုက်လေ၏။

"မောင်ဘချစ်--- ဒီလောကကြီးမှာ ချစ်ခြင်းမေတ္တာနဲ့တူတဲ့ နိုင်ငံမြဲတဲ့ကြိုးရယ်လို့ မရှိဘူး၊ လိုချင်မက်မောမှုနဲ့တူတဲ့ လှိုင်းတံပိုးဆိုတာလဲ မရှိပါဘူးကွယ်၊ လူတွေဟာ အဲဒီနှစ်မျိုးစလုံး မရှိရင်ကိုပဲ စိတ်ရဲ့ချမ်းသာမှု ရနေပါပြီ၊ ဆရာလေးဟာ အခုဆိုရင် အတော့်ကို စိတ်ချမ်းသာမှုနဲ့ ပြည့်စုံနေပါပြီ"

ဟု သီလရှင်က နှစ်လိုဖွယ်သော အသံဖြင့် ပြောလေ၏။

သီလရှင်၏ စကားမှာ လွန်စွာပင် ရှင်း၍ နေပေသည်။ ချစ်ခြင်း မေတ္တာနှင့် လိုချင်မက်မောမှု မရှိသောသူသည် စိတ်ချမ်းသာပါ သည်ဟု ဆိုထား၏။ တစ်ဖန် မိမိသည် စိတ်ချမ်းသာသူတစ်ဦး ဖြစ်နေပါပြီဟု ဆိုလိုက်သောကြောင့် ချစ်ခြင်းမေတ္တာနှင့် လိုချင် မက်မောမှုများ မိမိ၌ မရှိတော့ပါဟု အဓိပ္ပာယ်ရပေသည်။ ထို အဓိပ္ပာယ်ကို ကလေးတစ်ယောက်ပင် ကောင်းစွာ နားလည်နိုင် ပေသည်။

သို့ရာတွင် ကလေးတစ်ယောက်ထက်ပို၍ အသိဉာဏ်မဲ့နေ သော မောင်ဘချစ်က---

"ဆရာလေး ဘာတွေ ပြောနေတာလဲ၊ ကျွန်တော်မေးတာ ကိုပဲ ဖြေပါ။ ဝေလည်ကြောင်ပတ် မဖြေပါနဲ့၊ လောကမှာ ဝေ လည်ကြောင်ပတ် ပြောတဲ့လူကို ကျွန်တော် အကြောက်ဆုံးပဲ ဆရာလေး"

ဟု မောင်ဘချစ်က ပြောလိုက်လေ၏။ ထိုအခါ၌ သီလရှင် က မောင်ဘချစ်အား စိတ်ဆိုးပုံမပြဘဲ ကရုဏာလွှမ်းသော အပြုံး ဖြင့် ပြုံးကာ---

"ဒီမှာမောင်ဘချစ်၊ ဝေလည်ကြောင်ပတ် ပြောတဲ့လူထက် ကြောက်စရာကောင်းတဲ့ လူရှိသေးတယ်ကွယ့်၊ ဘယ်သူလဲ သိ လား၊ သူ့နာမည်က သေမင်းလို့ ခေါ်တယ်၊ သူနေတဲ့ နေရာကော သိသလား၊ ဆရာလေးတို့ မင်းတို့ ခန္ဓာကိုယ်ထဲမှာပဲ၊ ဒီတော့ ကွယ် ကြောက်စရာအကောင်းဆုံးသူက မင်းတို့ ငါတို့လို သာမန် လူတွေကိုမပြောနဲ့ ရာဇဝင်သမိုင်းမှာ တွင်ရစ်တဲ့ ဘုရင်ဧကရာဇ် ကြီးတွေ၊ စကြာဘုရင်မကြီးတွေ၊ စစ်သူရဲကောင်းကြီးတွေကို





တောင်မှ သူက ချမ်းသာ မပေးခဲ့ဘူးကွ၊ သူနှိပ်စက်ရမယ့် အချိန် ရောက်လာရင် ကျုကျုနနကြီး နှိပ်စက်တော့တာ၊ သူဟာ မျက်နှာ မလိုက်ဘူး၊ လာဘ်မစားဘူး၊ အဲဒီတော့ သူ့ကို မျက်နှာချို သွေး လို့လဲ မရဘူး၊ လာဘ်ထိုးလို့လဲ မရဘူးကွ၊ ဘယ်လိုလူမျိုးပဲ ဖြစ်ဖြစ်၊ ဘယ်လို သတ္တဝါမျိုးကိုပဲဖြစ်ဖြစ်၊ နောက်ဆုံးမှာတော့ သူကပဲ အနိုင်ယူလိုက်တယ်၊ အဲဒီတော့ သူက ဒုက္ခဆင်းရဲကို မပေးခင် ကိုယ်က ချမ်းသာသုခကို ရှာထားရမယ်၊ ချမ်းသာသုခ ထဲမှာ စိတ္တသုခဆိုတဲ့ စိတ်ချမ်းသာခြင်းဟာ အကောင်းဆုံးနဲ့ အမွန်ဆုံးဖြစ်တယ်၊ အဲဒီတော့ သေမင်းက မနှိပ်စက်ခင်မှာ ချမ်းသာသုခကို ရှာထားနိုင်တဲ့ သူသာလျှင် တကယ့် လူတော် ဖြစ်တယ်၊ ဆရာလေးကတော့ ရှာသင့်သလောက် ရှာထားပြီး ပါပြီကွယ်"

ဟု ပြောလေ၏။ သီလရှင်၏လေသံမှာ ဆုံးမနေသည်နှင့် လည်း မတူ၊ အမိန့်ပေးနေသည်နှင့်လည်းမတူ၊ ထို့ပြင် မိမိကိုယ် မိမိ ဂုဏ်တင်၍ ပြောဆိုနေပုံလည်း မရပေ။ သီလရှင်၏ ရုပ် ရည်သည် ပကတိ ကြည်လင်လှပေ၏။ သီလရှင်၏အသံသည် သာယာနာပျော်ဖွယ်ကောင်းလှ၏။ သီလရှင်၏ ပြောဆို နည်း ဟန်တို့မှာ လိုက်နာပါလို့ မပြောရပါဘဲလျက် ကြားရသူအဖို့ လိုက်နာလိုချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်စေ၏။

ဦးဝွမ်တီသည် အနီးရှိ ဝါးခုံတန်းကလေးကို ညွှန်ပြ၍---

"ဆရာလေး ဟိုမှာ ထိုင်ပါ"

ဟု ဆိုသဖြင့် သီလရှင်လည်း ဝါးထိုင်ခုံဆီသို့ အေးချမ်းစွာ လျှောက်သွားပြီးလျှင် ဝါးခုံကလေးပေါ်၌ ဣန္ဒြေရရ ထိုင်လိုက်

လေ၏။ ဦးထွမ်တီနှင့် မောင်ဘချစ်က မလှမ်းမကမ်းတွင်ရှိသော ကျောက်တုံးပေါ်၌ ထိုင်ကြလေ၏။ မောင်ဘချစ်သည် သီလရှင်၏ မျက်နှာကို မျက်တောင်မခတ်ဘဲ ကြည့်၍နေလေ၏။ လပြည့်ဝန်းကြီးအား အံ့သြ၍ ငေးမောနေသော ကလေးသူငယ် တစ်ဦးနှင့်သာ တူလေတော့၏။ သီလရှင်ကမူ မောင်ဘချစ်၏ မျက်နှာကို မကြည့်ဘဲ မျက်လွှာကိုချ၍ ထားလေ၏။ သီလရှင်၏ ရှည်သွယ်၍ ဆင်စွယ်ကဲ့သို့ ကော့ညွှတ်နေသော မျက်တောင်များသည် မျက်လွှာချထားသည့်အတွက် အထူးပင် ပေါ်လွင်နေ၏။ သီလရှင်၏ နှုတ်ခမ်းမှာ ပြုံးသည်လည်း မဟုတ်၊ ရယ်သည်လည်း မဟုတ်၊ ကရုဏာဖြင့် ရွှတ်ချွန်းထားသကဲ့သို့ ရှိလေ၏။ သီလရှင်၏ နှုတ်ခမ်းတို့သည် တစ်စုံတစ်ခုသော ကရုဏာနှင့် ဆက်စပ်သည့် စကားတို့ကိုသာလျှင် ထွက်ပေါ်ရန် အဆင်သင့် ဖြစ်နေလေသည်။

နှစ်ရက်သုံးရက် အလွန်လောက်ကမှ ရိတ်ထားသောကြောင့် သီလရှင်၏ ဦးပြည်းသည် ငှက်ပျောဖူးနုရောင်ကဲ့သို့ စိမ်းပန့်ပန့် ဖြစ်၍ နေလေ၏။ ထိုစိမ်းပန့်ပန့်အရောင်သည် သီလရှင်၏ မျက်နှာအား အရောင်ဟပ်၍ နေသောကြောင့် မျက်နှာတစ်ခုလုံးသည် ရွှန်းပနေ၏။ ပုဆစ်တုပ်၍ထားသော ဒူးနှစ်ဖက်ပေါ်သို့ အလိုက်သင့် ချထားသည့် သီလရှင်၏ ရှည်သွယ် သန့်ပြန့်သော လက်ချောင်းကလေးများသည် ဖိုတ်ရည်ဆိုးထားသကဲ့သို့ ရှိလေ၏။ သီလရှင်၏ လက်မောင်းနှစ်ဖက်သည် တောင့်တင်းခြင်း မရှိဘဲ အလိုက်သင့် လျော့လျော့ရဲရဲကလေး ရှိလေ၏။ ထို့အတူ သီလရှင်၏ ကိုယ်နေဟန်သည်လည်း တောင့်တောင့်ကြီးလည်း





မဟုတ်၊ ပျော့တိပျော့ခွေကြီးလည်း မဟုတ်ဘဲ အချိုးကျစွာ ရှိနေ၏။ ဦးထွမ်တီသည် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားပြီးနောက်--

"မောင်ဘချစ်အနေနဲ့ ဘာကို ဆက်လုပ်ရမယ်ဆိုတာ အတိအကျ ပြောစမ်းပါ ဆရာလေးရယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ၌ သီလရှင်က---

"ဒီလိုရှိတယ် ဦးထွမ်တီ၊ ဆင်းရဲခြင်းထဲမှာ မသိနားမလည်တဲ့ ဆင်းရဲခြင်းဟာ အဆိုးဆုံးပဲ၊ ပြီးတော့ ကြိုးပမ်းအားထုတ်မှုထဲမှာ သိမြင်နားလည်လာအောင် ကြိုးပမ်းတဲ့ကြိုးပမ်းမှုဟာ အကောင်းဆုံး ကြိုးပမ်းမှုဖြစ်တယ်၊ ဒီလောကမှာ အမှန်တရားကို သိမြင်နားလည်ခြင်းလောက် ကျေနပ်ရောင့်ရဲဖို့ကောင်းတဲ့ အရာရယ်လို့ ဘာမှ မရှိဘူး၊ အဲဒီလို သိမြင်နားလည်လာအောင် ကြိုးစားဖို့ဆိုတာကလဲ လွယ်တဲ့အရာတော့ မဟုတ်ဘူး၊ ကာမဂုဏ်စည်းစိမ်တွေနဲ့ ပြည့်နှက်နေတဲ့ လောကကြီးနဲ့ အဆက်ဖြတ်ပစ်ရမယ်၊ အဗြဟ္မာစရိယ အကျင့်မြတ်ကို အလျင်ဆောက်တည်ရမယ်၊ အဲဒီလို အဆက်ဖြတ်နိုင်အောင် ဆောက်တည်နိုင်အောင်က ဒီလို နေ့ ၃ မရဘူး၊ ရပါတယ်၊ လွယ်ပါတယ် ဒီလိုလုပ်ရင်လဲ ဖြစ်တာပဲဆိုပြီး ကာမဂုဏ်တွေနဲ့ ပြည့်နှက်နေတဲ့ လောကကြီးကို အဆက်မဖြတ်ဘဲ အတင့်ရဲပြီး လုပ်လို့မရဘူး၊ ဒီကိစ္စဟာ အတင့်ရဲရမယ့် ကိစ္စမျိုး မဟုတ်ဘူး၊ အကောင်းဆုံးကတော့ ကာမဂုဏ်စည်းစိမ်နဲ့ ပြည့်နှက်နေတဲ့ လောကကြီးကို စိမ်းကားပစ်လိုက်ရမယ်၊ အဗြဟ္မာစရိယ အကျင့်မြတ်ကို ကျင့်ရမယ်၊ အဲဒီလို ကျင့်နိုင်ဖို့ အဆက်ဖြတ်နိုင်ဖို့ အကောင်းဆုံးနည်းကတော့ ရသေ့

ရဟန်းဝတ်ဖြင်းပဲ ဖြစ်တယ်၊ လူသားမန်တွေ မလုပ်နိုင်ဘူး၊ အဲဒီလို မလုပ်နိုင်တဲ့အတွက် လူဝတ်ကြောင်နဲ့လဲ ကျင့်လို့ရပါတယ်လို့ ပြောနေကြတာ၊ ရချင်လဲ ရမယ်ပေါ့လေ၊ ဒါပေမယ့် ဆရာလေးကတော့ ကာမဂုဏ် စည်းစိမ်တွေနဲ့ ပြည့်နှက်နေတဲ့ လောကကြီးကို အရင်ဆုံး အဆက်ဖြတ်စေချင်တယ်၊ မီးကို ငြိမ်းစေချင်ရင် ထင်းတွေ လျှော့ပစ်ရမှာပဲ၊ အဲဒီအခါမှာ ငြိမ်းလို့ လွယ်ပြီ မဟုတ်လား၊ ဘာပဲဖြစ်ဖြစ်လေ ဒီလောကကြီးမှာ သေခြင်းတရားနဲ့တူတဲ့ ရန်သူဟာ လူကိုပဲဖြစ်ဖြစ်၊ သတ္တဝါတွေကိုပဲဖြစ်ဖြစ်၊ နောက်ဆုံးမှာတော့ အနိုင်ယူသွားမှာပဲ မဟုတ်လား၊ သူ အနိုင်မယူခင်မှာ ကိုယ့်ဘက်က ချမ်းသာသုခကို ပိုင်ပိုင်ကြီးရအောင် လုပ်ထားသင့်တာပေါ့၊ အဲဒီ ချမ်းသာသုခဆိုတာက ရုပ်နဲ့မဆိုင်ဘူး၊ စိတ်နဲ့ဆိုင်တဲ့သုခကို ဆိုလိုတာပဲ"

ဟု သီလရှင်က ပြောလိုက်လေ၏။

မောင်ဘချစ်သည် သီလရှင်၏ မျက်နှာကလေးကို ငေး၍ ကြည့်နေရာမှ---

"ဆရာလေး အခု ဘယ်မှာနေတာလဲ၊ စစ်ကိုင်းတောင်မှာပဲလား"

ဟု မေးလိုက်လေ၏။

"မဟုတ်ပါဘူး၊ ရသေ့တောင်မှာ ရောက်နေပါပြီ"

ဟု သီလရှင်က ပြောလေ၏။

"ဘာပဲဖြစ်ဖြစ်လေ၊ ဆရာလေးပြောတာကို နားထောင်နေရတာကိုပဲ စိတ်ချမ်းသာလှပါပြီ၊ ကျွန်တော်ကတော့ ရန်ကုန်ကို မပြန်ချင်တော့ဘူး၊ ဆရာလေးနဲ့ပဲ လိုက်နေတော့မယ်"





ဟု မောင်ဘချစ်က ပြောလေ၏။

"ဆရာလေးတို့နေတဲ့ သီလရှင်ဇရပ်တွေနားမှာ ယောက်ျား ယောဂီတွေ၊ ရသေ့တွေရဲ့ ဇရပ်တွေ၊ ကမ္မဋ္ဌာန်းရုတွေလဲ ရှိပါတယ်၊ ရဟန်းသံဃာတွေရဲ့ ကျောင်းသင်္ခမ်းတွေလဲ ရှိပါတယ်၊ ဆရာလေး ပြောတာတွေကို အမြဲတမ်းနားထောင်ချင်လို့ လိုက်ပြီးနေမယ်ဆိုရင် နေနိုင်ပါတယ်၊ ဒါပေမယ့် မောင်ဘချစ်ကို ဒီလို အနေမျိုးနဲ့တော့ ဆရာလေးနောက်ကို လိုက်ခွင့်မပြုနိုင်ဘူး၊ အဲဒီတော့ လေးလေးနက်နက် စဉ်းစားပြီးမှ ဆရာလေးနောက်ကို လိုက်ခဲ့ပါ၊ အခုလဲ အဖြေမပေးပါနဲ့ဦး၊ ဆရာလေး ဒီက စောင့်နေပါ့မယ်၊ ကျိုက်ထီးရိုးစေတီတော်မြတ်ကို ဖူးရဖို့ နီးနေပါပြီ၊ ဒီနေရာဟာ နဂါးပတ်ကျောက်လို့ ခေါ်တယ်၊ မောင်ဘချစ်နဲ့ ဦးငွမ်တီတို့ ဘုရားတက်ပြီးဖူးကြပါဦး၊ ဘုရားဖူးက ပြန်လာမှပဲ မောင်ဘချစ် ဆုံးဖြတ်ပါ၊ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ပါစေလို့လဲ ဆရာလေး ဆုတောင်းပါတယ်"

ဟု သီလရှင်က ပြောရင်း မျက်လွှာကို ချထားလိုက်လေ၏။

ဦးငွမ်တီသည် ထိုင်ရာမှ ထလိုက်လေ၏။ ထို့နောက် မောင်ဘချစ်အား---

"ကဲ--- မောင်ဘချစ်၊ ဘုရားဖူးကြရအောင်"

ဟု ဆိုကာ စောင်၍ လျှောက်သွားလေတော့၏။ မောင်ဘချစ်လည်း သီလရှင်အား လှည့်ကြည့်လှည့်ကြည့်ဖြင့် ဦးငွမ်တီနောက်သို့ လိုက်ပါသွားလေတော့၏။ သီလရှင်လေးကမူ မောင်ဘချစ်ကိုသာမဟုတ် မည်သူ့ကိုမှလည်း မကြည့်ဘဲ မျက်လွှာချ၍ နေလေ၏။

မောင်ဘချစ်နှင့် ဦးဌွမ်တီတို့သည် နဂါးပတ်ကျွတ်ကို ကျော်ကာ ကျိုက်ထီးရိုး ရင်ပြင်တော်ဆီသို့ သွားကြလေ၏။ နှစ်ယောက်သား ဘုရားဖူးကြလေ၏။ ဘုရားဖူးပြီးသောအခါ၌ မောင်ဘချစ်သည် ကျောက်ပြားပေါ်၌ပင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေတော့၏။

ထိုသို့ ထိုင်ချလိုက်ပြီးနောက်---

"ဦးဌွမ်တီ--- ကျုပ် ဘယ်လို ဆုံးဖြတ်ရမှာလဲ"

ဟု မေးလေ၏။

"ငါဟာ မင်းကို အမြဲတမ်းလမ်းညွှန်လာခဲ့တယ်၊ ငါ့ရဲ့လမ်းညွှန်မှုတွေဟာလဲ မှန်ကန်တယ်ဆိုတာ မင်းသိပါတယ်၊ ဒါပေမယ့် အခုအခါမှာတော့ ငါဟာ လမ်းမညွှန်နိုင်တော့ဘူး၊ ယုံပါ မောင်ဘချစ်၊ ငါကမင်းကို လမ်းညွှန်ပေးခဲ့တဲ့ ကိစ္စတွေအားလုံးဟာ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ရောပြီး မွှေထားတဲ့ လူ့လောကကြီးမှာ အသုံးဝင်တယ်၊ အခု ဆရာကလေး ပြောနေတာက အဲဒီလောကကြီး မဟုတ်ဘူးကွ၊ လောဘ၊ ဒေါသ၊ မောဟတွေမပါတဲ့ လောကအကြောင်းကို ပြောနေတာကွ၊ သူ့ရဲ့အတွေးတွေဟာ ငါ့ရဲ့အတွေးတွေထက် အဆမတန် မြင့်မားနေတာကို တွေ့ရတယ်၊ သူ့စိတ်ဟာ အဆမတန် တည်ငြိမ်ရင့်ကျက်နေပြီ၊ ပြီးတော့ ဖြူလဲဖြူစင်နေပြီလို့ ခန့်မှန်းမိတယ်၊ အဲဒီတော့ မောင်ဘချစ်ရယ်၊ ငါဟာ ဒီနေ့အထိတော့ မင်းရဲ့ဆရာဖြစ်ခဲ့ပါသေးတယ်၊ ဒါပေမယ့် ဆရာကလေးနဲ့ တွေ့လိုက်တဲ့အခါမှာ ငါရော မင်းဟာ ဆရာကလေးရဲ့ တပည့်တွေ ဖြစ်သွားကြပြီ၊ အဲဒီတော့ ဆရာတူတပည့်အချင်းချင်းပဲ ဖြစ်နေပြီပဲကွာ၊ ငါက မင်းကို





ဘာတွေ ညွှန်ကြားရဦးမှာတုံး၊ မင်းဘာသာ ဆုံးဖြတ်ပါ"

ဟု ဦးဌွမ်တီက ရိုးသားစွာဝန်ခံလိုက်လေ၏။

မောင်ဘချစ်သည် ငိုင်၍ တွေးနေလေ၏။ ထိုအခါ၌ ဦးဌွမ်တီက မောင်ဘချစ်အား သေချာစွာ ကြည့်ပြီးလျှင်---

"မောင်ဘချစ်--- မင်းကို ငါတစ်ခု ပြောချင်တာကတော့ ဆရာလေးဟာ တစ်ခါက ညိုညိုဆိုတဲ့ မိန်းမတစ်ယောက်ဖြစ်ခဲ့တယ်ဆိုတာကို မေ့ပစ်လိုက်ပါ၊ သူဟာ အခုအခါမှာ မောင်ဘချစ်ရဲ့ မိန်းမမဟုတ်တော့ဘူး၊ ပကတိ ဖြူစင်သန့်ရှင်းတဲ့ သူတော်စင်မလေး [illegible]နေပြီ၊ ဒါကြောင့် တဏှာရာဂနဲ့ ချစ်တဲ့ မင်းရဲ့ အချစ်ကြမ်းကြီးကို ဖြူစင်သန့်ရှင်းတဲ့ ဆရာလေးအပေါ်မှာ မထားပါနဲ့တော့၊ အချစ်ကြမ်းနဲ့ ဖွဲ့စည်းထားတဲ့ သံယောဇဉ်ဆိုတာကလဲ အသိဉာဏ်နဲ့ ပြတ်သားမှုဆိုတဲ့ အရာနှစ်ခုနဲ့ ဖြတ်တောက်ပစ်မှ ရတာမျိုးဖြစ်တယ်ကွ၊ လေးလေးနက်နက် စဉ်းစားပါ မောင်ဘချစ်၊ မှန်မှန်ကန်ကန် စဉ်းစားဆုံးဖြတ်နိုင်ပါစေလို့လဲ ငါက ဆုမွန်ပါတယ်၊ အဲဒါကလွဲပြီး ငါလဲ ဘာမှ မတတ်နိုင်ဘူး မောင်ဘချစ်၊ ငါ့ကို ခွင့်လွှတ်ပါ"

ဟု လေးနက်စွာ ပြောလိုက်လေ၏။

မောင်ဘ[illegible]သည် မျက်နှာကို ကောင်းကင်ဆီသို့ မော့လိုက်လေ၏။ ထို့နောက် ဦးဌွမ်တီမျက်နှာကို ဆတ်ခနဲ လှမ်း၍ ကြည့်လိုက်ပြီးလျှင်---

"ဒီမှာ ဦးဌွမ်တီ၊ ကျုပ်ကတော့ ဆရာလေးနဲ့ နေခဲ့တော့မယ်"

ဟု ပြောလိုက်ရာ ဦးဌွမ်တီက---

"ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ"

ဟု အေးအေးချမ်းချမ်းကလေး ကောင်းချီးပေးလိုက်လေ၏။ ထိုနောက် မောင်ဘချစ်နှင့် ဦးဝှမ်တီတို့သည် ရင်ပြင်တော်ပေါ်မှ ဆင်းခဲ့ကြပြီးလျှင် နဂါးပတ်ကျွန်ကို လျှောက်ကြလေ၏။ များမကြာမီ၌ပင် သီလရှင်လေးရှိရာသို့ ပြန်လည် ရောက်ရှိခဲ့ကြလေတော့၏။

သီလရှင်သည် ၎င်းတို့ ရောက်သွားသည့်အချိန်အထိ ပကတိ အေးချမ်းစွာ အကြောင့်ကြမဲ့စွာနှင့် မျက်လွှာကို ချလျက် ထိုင် နေဆဲဖြစ်၏။ ၎င်း၏အနီးသို့ မောင်ဘချစ်နှင့် ဦးဝှမ်တီတို့ ရောက်ရှိသွားသောအခါ၌ မျက်လွှာကို အသာကလေး ပင့်လိုက် ပြီးလျှင် ကရုဏာဖြင့် ဆွတ်ဖျန်းထားသော နှစ်လိုဖွယ်ရာအပြုံး ကို ပြုံးလိုက်လေ၏။ ဆရာကလေး၏ အပြုံးသည် မောင်ဘချစ်၏ ရင်ကို လှုပ်ခတ်သွားစေ၏။

"ဘယ်လိုလဲ ဆုံးဖြတ်ပြီးပြီလား"

ဟု မေးလိုက်သကဲ့သို့လည်း ရှိပေ၏။ မောင်ဘချစ်သည် ကလေးငယ်တစ်ဦးကဲ့သို့ တိုးကပ်သွားပြီးလျှင်---

"ကျွန်တော် ဆရာကလေးနဲ့ လိုက်နေမယ်၊ ဆရာကလေး ပြောတဲ့ စည်းကမ်းချက်တွေအတိုင်း လိုက်နာပါမယ်၊ ကျွန်တော့် ကို လိုက်ခွင့်ပြုပါ ဆရာကလေး"

ဟု ပြောလိုက်လျှင် သီလရှင်ကလေးက---

"မောင်ဘချစ် မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ခဲ့ပါပြီ၊ ဒီလိုဆုံး ဖြတ်နိုင်မယ့်အချိန်ကို ဘယ်တော့များ ရောက်လာမလဲလို့ စောင့် မျှော်ခဲ့ရတယ်"

ဟု ပြောလိုက်ကာ သီလရှင်လေးသည် ထိုင်ရာမှ ထလေ





တော့၏။ မောင်ဘချစ်နှင့် ဦးဝှမ်တီလည်း သီလရှင်လေး၏ နောက်သို့ လိုက်ခဲ့ကြလေ၏။ ကြည်လင်အေးမြသော စမ်း ချောင်းများကို ဖြတ်ရ၏။ ကျောက်ချပ်တို့၏ကြားမှ တသွင်သွင် စီးနေသော ရေကျသံများကို ကြားရ၏။ လမ်းတစ်လျှောက်တွင် ချိုအေး၍ သာယာလှသော ဥဒေါင်းငှက်တို့၏ တွန်သံကိုလည်း ကြားရ၏။ တစ်ပင်မှ တစ်ပင်သို့ ပေါ့ပါးသွက်လက်စွာ ခုန်ကူး ပျော်ပါးနေကြသော တောမျောက်တို့ကိုလည်း တွေ့ရ၏။ သစ်ခွ တို့၏ ရနံ့ကို ရှူရ၏။ တောအုပ်ကို ဖြတ်၍ တိုက်လာသော ဆွတ် ပျံ့ဖွယ်ရာ လေနုအေးကလေးနှင့်လည်း ထိတွေ့ရ၏။

သီလရှင်ကလေး၏ နောက်သို့ လိုက်ခဲ့ရသော ခရီးကား သာယာလှပေ၏။

ထိုနောက် တောင်ကုန်းကလေးတစ်ခုကို ဖြတ်ကျော်လိုက် လျှင် သီလရှင်လေးကဲ့သို့သော တောဖျော် သီလရှင်တို့၏ ဇရပ် စုစုကလေးများကို တွေ့ရ၏။ ထိုဇရပ်တို့နှင့် မလှမ်းမကမ်း လောက်တွင် ရသေ့တို့၏ ကျောင်းသင်္ခမ်းအချို့နှင့် သဘာဝဂူတို့ ကို တွေ့ရလေ၏။ သီလရှင်ကလေး ပြန်လာသည်ကို မြင်လျှင် သီလရှင်မကလေးနှစ်ဦးက လာရောက်၍ ကြိုဆိုလေ၏။

"မိုးရွာလိမ့်မယ်ထင်တယ်၊ ဇရပ်နောက်က ထင်းတွေကိုသိမ်း ကြဦးမှ"

ဟု သီလရှင်ကလေးက ၎င်း၏တပည့် သီလရှင်မလေး နှစ်ဦးအား ချိုသာသော အသံဖြင့် ပြောလိုက်လေ၏။ ထိုအခါ၌ သီလရှင်မလေးတစ်ဦးက---

"ဟို ရသေ့ကြီးနှစ်ယောက် ထင်းတွေကိုလဲ ကျုပ်နိုးစင်ပေါ်

တင်ပေးတယ်၊ စရပ်နောက်က လဲကျနေတဲ့ သစ်ပင်ကြီးကိုလဲ ခုတ်ထစ်ပြီး ထင်းပေါက်ခြမ်းတွေ လုပ်ပေးခဲ့တယ်၊ တောင်ကျရေ ကိုသွယ်ထားတဲ့ ဝါးရေတံလျှောက်ပေါင်းတွေကိုလဲ ဖြုတ်ပြီး အသစ်လဲပေးတယ်"

ဟု ပြောလျှင် သီလရှင်ကလေးက---

"အဲဒီရသေ့ကြီးတွေ ပြန်သွားကြပြီလား၊ သူတို့ကို မနက်က မတွေ့လိုက်ဘူးလား"

ဟု မေးလိုက်လေ၏။

"သူတို့ မပြန်သေးပါဘူး ဆရာလေး၊ ဆရာ ‌ ‌ စောင့် နေကြတယ်၊ ဆရာကလေး ပေးထားတဲ့ ကမ္ဗည်းအကြောင်းကို မေးချင်လို့တဲ့ "

ဟုသီလရှင်မကလေးက ပြန်၍ ပြောလိုက်လေ၏။ သီလရှင် ကလေးသည် သူ၏ စရပ်ဆီသို့ ဦးမြွေရေ လှမ်းလျှောက်သွား လေ၏။ မောင်ဘချစ်နှင့် ဦးဌမ်တီလည်း ၎င်း၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါ၍ သွားလေ၏။ စရပ်ပေါ်သို့ တက် လိုက်သည့်အခါ၌ ညိုနွမ်းသော သစ်ခေါက်ရောင် သင်္ကန်းကို ဝတ်ဆင်ထားသည့် ရသေ့နှစ်ဦးက မောင်ဘချစ်နှင့် ဦးဌမ်တီအား ပြာပြာသလဲ နေရာထိုင်ခင်း ပေးကြ၏။ မောင်ဘချစ်နှင့် ဦး ဌမ်တီသည်လည်း ထိုင်ကြလေ၏။

ထို့နောက် မောင်ဘချစ်က ရသေ့နှစ်ဦးအား လှမ်း၍ ကြည့် လိုက်လေ၏။ ရသေ့နှစ်ဦးကလည်း မောင်ဘချစ်အား ပြန်၍ ကြည့်လေ၏။ ထို့နောက် သုံးဦးသားသည် ပါးစပ်အပေါင်းသား နှင့် ကြက်သေသေ၍ နေလေ၏။ ပြီးလျှင် ရသေ့တစ်ဦးက





အားရဝမ်းသာနှင့်---

"ကိုဘချစ်"

ဟု ခေါ်လိုက်လေ၏။

မောင်ဘချစ်ကလည်း ရသေ့တစ်ဦးအား---

"ကိုမောင်မောင်အေး၊ ဟာ အငယ်ပါလား"

ဟု အားရဝမ်းသာ ပြန်၍ ခေါ်လိုက်လေ၏။

ဦးဌမ်တီသည်ပင် အံ့အားသင့်၍ မျက်လုံးပြူးနေလေသည်။

"ဘယ်လိုဖြစ်ကြတာလဲ"

ဟု မောင်ဘချစ်က မေးလေ၏။ ထိုအခါ၌ ရသေ့ကြီးဖြစ် နေပြီ ဖြစ်သော ကိုမောင်မောင်အေးက---

"ကျုပ်တို့နှစ်ယောက်ကို ကိုဘချစ်က ကားနဲ့ ပြန်လှည့်လာ ပြီး ကျုပ်တို့ ပို့ပေးထားတဲ့ ပိုက်ဆံတွေကို ပြန်ပေးလိုက်တာဟာ ကျုပ်တို့နှစ်ယောက်စလုံးရဲ့ ဘဝကို တစ်ခါတည်း ပြောင်းလဲသွား စေခဲ့ပါတယ်၊ ကျုပ်တို့က လူလိမ်တွေ၊ ကိုဘချစ်က လူမှန်၊ အဲဒီ အခါမှာ မှန်ကန်ခြင်းရဲ့ တန်ဖိုးကို ကျုပ်ရော အငယ်ပါ နားလည် လိုက်ကြပါပြီ၊ နောင်တရခဲ့ကြပါပြီ၊ ကျုပ်အင်မတန် ကြောက်ခဲ့ ရတဲ့ ဝါးရင်းတုတ်ကြီးကိုပါ ကိုဘချစ်က ကျုပ်ကို ပေးခဲ့တယ် မဟုတ်လား၊ ပေးပေးချင်းမှာတော့ ကျုပ်ဟာ အဲဒီဝါးရင်းတုတ် ကြီးကို ရွံမုန်းထိတ်လန့်ပြီး လွှင့်ပစ်ခဲ့ပါတယ်၊ ဒါပေမယ့် တကယ် စဉ်းစားကြည့်တော့ ဒီဝါးရင်းတုတ်ကြီးကို ကျုပ်က ဘာကြောင့် ကြောက်နေရသလဲဆိုတော့ ကျုပ်ဟာ မဟုတ်တာလုပ်ခဲ့တာကိုး၊ အဲဒီအချိန်ကစပြီး မဟုတ်တာ ဘယ်တော့မှ မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ အဲဒီလို ဆုံးဖြတ်လိုက်တဲ့ တစ်ဓာမှာပဲ

ကျုပ်အနေနဲ့ အင်မတန် ထိတ်လန့်ကြောက်ရွံ့ခဲ့ရတဲ့ ခင်ဗျားရဲ့ ဝဲရင်းတုတ်ကြီးကို ကျုပ်ဟာပြန်ပြီး ကောက်ယူလိုက်တယ်။ ကျုပ်ရဲ့ စိတ်ကို အမြဲတမ်း နှိပ်ကွပ်နိုင်ဖို့အတွက် ဒီဝဲရင်းတုတ်ကြီးဟာ အကောင်းဆုံးကိရိယာပဲ၊ မကောင်းမှုကိုလုပ်ဖို့ စိတ်ထဲက ဖြစ်ပေါ်လာတာနဲ့ အဲဒီ ဝဲရင်းတုတ်ကြီးဟာ ကျုပ်ကို သတိပေးတော့တာပဲ၊ အလွန်အင်မတန် ကျေးဇူးတင်ဖို့ကောင်းတဲ့ ဝဲရင်းတုတ်ကြီးပါဗျာ၊ အဲဒီနေ့မှာပဲ ကျုပ်နဲ့ အငယ်ဟာ လူ့ဝတ်ကြောင်ကိုစွန့်ပြီး ဒီကိုရောက်လာကြတယ်လေ၊ ဟောဒီမှာ ခင်ဗျားပေးခဲ့တဲ့ ရွှေလက်ဆောင်ကြီးကို ကြည့်ပါဦး"

ဟု ဆိုကာ ဝဲရင်းတုတ်ကြီးကို ထိုး၍ ပေးလေ၏။

ဦးရွှမ်တီသည် ရသေ့ မောင်မောင်အေးတို့ ပေးလိုက်သော ဝဲရင်းတုတ်ကြီးကို လှမ်းယူလိုက်ပြီးလျှင် သေချာစွာ ကြည့်လိုက်လေ၏။ ထိုနောက် မောင်ဘချစ်ဘက်သို့ လှည့်ကာ---

"ဟုတ်တယ် မောင်ဘချစ်ရေ၊ ဟောဒီနေရာမှာ မီးကျွမ်းနေတာကလေးတောင် ငါတော့ မှတ်မိပါရဲ့ကွာ"

ဟု ပြောဆိုကာ မောင်ဘချစ်အားလည်း ဝဲရင်းတုတ်ကို ထိုးပေးလိုက်လေ၏။ မောင်ဘချစ်ကလည်း မောင်မောင်အေးကို ရိုက်မည်တကဲကဲ လုပ်ခဲ့သော မိမိ၏ ဝဲရင်းတုတ်ကြီးအား ရိုသေစွာ ကိုင်တွယ်၍ ကြည့်ရှုလိုက်လေ၏။ မောင်ဘချစ်သည် ထိုတုတ်ကြီးအား ကောင်းစွာ မှတ်မိပေသည်။

ထိုတုတ်ကြီးနှင့် အရင်နှင့်မတူဘဲ ထူးခြားနေသော အချက်တစ်ခုတော့ရှိသည်။ ထိုတုတ်ကြီး၏ ထိပ်ဘက်တွင် နဂါးရုပ်တစ်ခု ထွင်းထုထားပြီးလျှင် ဆေးနီကလေး သုတ်ထားလေ၏။

ဇာတ်သိမ်း



ထို့ပြင် ယခုအခါ၌ တောင်ဝှေးကြီးတစ်ချောင်းအဖြစ် အသုံးဝင်နေပြီ ဖြစ်၏။

၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး နှုတ်လွှတ်ရန် ပြောဆိုကြပြီးနောက် မောင်ဘချစ်အား ရသေ့ပြုလုပ်ပေးရန်အတွက် မလှမ်းမကမ်းတွင်ရှိသော ဘုန်းကြီးကျောင်းသို့ ခေါ်သွားလေ၏။ ထိုနောက် မောင်ဘချစ်သည် ရသေ့အဝတ်အစားများဖြင့် သီလရှင်လေး၏ရပ်သို့ ပြန်၍ ရောက်လာလေ၏။ ထို့နောက် လူအမည် မောင်ဘချစ်၊ ရသေ့ဘွဲ့ ဦးပုညသည် ၎င်း၏ဆရာကြီး ဦးရွှမ်တီအား---

"ကျုပ်ကတော့ ဟောဒီ ရသေ့ကြီးတွေ အနားမှာ ဝဲကျောင်းကလေး ဆောက်ပြီးနေမယ်၊ ဦးရွှမ်တီ၊ ခင်ဗျားကတော့ ပြန်ပေတော့၊ ရန်ကုန်ရောက်တဲ့အခါမှာ ကျုပ်ရဲ့ ဘချစ်အင်ဆန်း ကုမ္ပဏီကြီးကိုလဲ ပိတ်ပစ်လိုက်ပါ၊ အလုပ်သမားတွေ လစာကိုလဲ ပေးနိုင်သလောက် နှစ်လစာသုံးလစာက ပေးပစ်လိုက်ပါ၊ တုံကင်းတွေ လှေတွေကိုလဲ ရောင်းပစ်ပြီး စာသင်တိုက်တွေ ကမ္မဋ္ဌာန်းကျောင်းတွေ၊ မျက်မမြင်ကျောင်းတွေ၊ လူအိုရုံတွေကို လှူပစ်လိုက်ပါ၊ ကျုပ်ရဲ့ အိမ်ကြီးကိုတော့ ဓမ္မရိပ်သာကြီးတစ်ခု ဖွင့်လှစ်နိုင်မယ့် ပုဂ္ဂိုလ်တစ်ဦးဦးကို ရွေးချယ်ပြီးသော လှူလိုက်ပါတော့ဗျာ"

ဟု ဆိုကာ မောင်ဘချစ်သည် ဦးရွှမ်တီအား လုံးဝဥဿုံ ကိုယ်စားလှယ်အဖြစ် လွှဲအပ်ကြောင်း စာတစ်စောင်ကို ရေး၍ လက်မှတ်ထိုးပေးလိုက်လေ၏။

ထိုနောက် သီလရှင်ကလေး ရောက်လာပြီးလျှင် မောင်ဘ

ချစ်အပေါ်ခဝင် ရသေ့ကြီးနှစ်ဦးနှင့် ၎င်း၏တပည့် သီလရှင်မကလေးများအား---

"စင်ကြယ်တဲ့ အကျင့်သီလဟာ ညစ်နွမ်းတဲ့စိတ်ကို ဖြူစင်စေတယ်၊ ဖြူစင်ခြင်းဟာ စိတ်ကို ရွှင်လန်းချမ်းမြေ့စေတယ်၊ ရွှင်လန်းချမ်းမြေ့တဲ့ စိတ်ဟာလဲ ချမ်းသာမှုကို ဖြစ်စေတယ်၊ ချမ်းသာမှုဟာလဲ ငြိမ်းအေးသာယာခြင်းကို ဖြစ်စေတယ်၊ အဲဒီ ငြိမ်းအေးသာယာခြင်းမှာ ကိုယ်ရောစိတ်ပါ သုခနဲ့ ပြည့်စုံစေတယ်၊ ဒီလိုပဲ စိတ်ရောကိုယ်ပါ သုခဖြစ်နေပြီဆိုရင် သမာဓိဆိုတဲ့ အရာကိုရဖို့ လွယ်ပြီ၊ သမာဓိဆိုတာကိုရရင်တော့ အမှန်ကို မြင်တတ်တဲ့ အသိဉာဏ်ရှိနိုင်ပြီ၊ အဲဒီအသိဉာဏ်ဟာ မှလောင်တဲ့ တပ်မက်မှုတွေကို ဖြတ်တောက်ပစ်နိုင်တယ်၊ မှလောင်တဲ့ တပ်မက်မှုတွေ ဖြတ်တောက်နိုင်ပြီဆိုရင်တော့ တကယ့်ကို မွန်မြတ်ခြင်း၊ ချမ်းသာခြင်း၊ ငြိမ်းအေးခြင်းကို ရရှိတော့တာပါပဲ"

ဟု သာယာနာပျော်ဖွယ်ကောင်းသော အသံဖြင့် ပြောလိုက်လေ၏။

ထို့နောက်တွင်ကား---

မောင်ဘချစ်တို့သည် ဦးဝွမ်တီအား၊ တောင်ကုန်းကလေးကိုလည်းကောင်း တောအုပ်ကလေးကိုလည်းကောင်း၊ ဖြတ်ကျော်၍ လိုက်ပို့ကြလေတော့၏။

ထို့နောက် လမ်းခွဲခါနီးတွင် မောင်ဘချစ်က---

"သွားပေးတော့ ဦးဝွမ်တီရေ"

ဟု ပြောလေ၏။

ထိုအခါ၌ ဦးဝွမ်တီသည် ၎င်း၏ အကျီအော ်မှ တစ်စုံတစ်ခု





ကို နှိုက်၍ ထုတ်လိုက်လေ၏။ ထိုနှိုက်ထုတ်လိုက်သော အရာမှာ အညိုရောင် လွယ်အိတ်ကလေးတစ်လုံး ဖြစ်ပေသည်။ ထိုလွယ်အိတ်အတွင်း၌လည်း တစ်စုံတစ်ခုသော အရာဝတ္ထုတစ်ခုပါရှိကြောင်း သိသာလေ၏။

ဦးဝွမ်တီသည် ထိုလွယ်အိတ်ကလေးကို မောင်ဘချစ်အား လှမ်း၍ ပေးလိုက်လေ၏။ မောင်ဘချစ်သည် ဦးဝွမ်တီပေးသော လွယ်အိတ်ကလေးကို လှမ်းယူ၍ ကြည့်လိုက်ရာ လွယ်အိတ်ညိုကလေးပေါ်တွင် အပ်ချည်ဖြင့် ထိုးထားသော အောက်ပါစာတန်းကို အံ့သြဖွယ်ရာ တွေ့ရလေတော့၏။

> ဖြစ်ချင်တာဖြစ် မောင်ဘချစ်အတွက်
> ရသေ့ဖြစ်သောအခါ ပေးရန်
>
> ဝွမ်တီ

မောင်ဘချစ်သည် ထိုစာကို ဖတ်ပြီးနောက် ဦးဝွမ်တီအား လှမ်း၍ ကြည့်လိုက်လေ၏။ ထိုအခါ၌ ဦးဝွမ်တီက မျက်စိပေါက်ကလေး ကျဉ်းသွားသည်အထိ တခစ်ခစ်နှင့် ရယ်လိုက်ပြီးနောက်---

"အမှန်တရားနဲ့တူတဲ့ ရောင်ရဲ ကျေနပ်ဖွယ်ရာကောင်းတဲ့ အရာရယ်လို့ ဒီလောကမှာ မရှိဘူးလို့ သီလရှင်ကလေး ပြောသွားတယ် မဟုတ်လား၊ သိပ်မှန်တဲ့ စကားပေါ့၊ ချမ်းသာခြင်းနဲ့ပဲ တွေတွေ ဆင်းရဲခြင်းနဲ့ပဲတွေတွေ ဘာကိုမှ မရောင့်ရဲနိုင်ဘူး၊ ဘာ

ကိုမှလဲ မကျေနပ်နိုင်ဘူး၊ အဲဒီလို မကျေနပ်နိုင်လို့ ဆက်ကာဆက်ကာ ကျေနပ်ရောင့်ရဲမှုကို ရှာလာမယ်ဆိုရင် အမှန်တရားဆိုတဲ့ မှတ်တိုင်ကျမှပဲ ရပ်နားရတော့မယ်၊ မောင်ဘချစ်ကတော့ ရပ်နားခွင့်ရသွားပါပြီ၊ အိတ်ထဲမှာ ပုတီးကလေးပါတယ်၊ ကျုပ်ကိုယ်တိုင် လုပ်ထားတဲ့ ဝါးပုတီးကလေးပဲ၊ အဲဒီဝါး ဘယ်ကရသလဲလို့ သိချင်သေးသလား၊ မောင်ဘချစ် ဝါးရင်းတုတ်လုပ်ဖို့ ဖြတ်လိုက်တဲ့ ဝါးလုံးတိုင်ကြီးက ကျန်တဲ့အပိုင်းကို လုပ်ထားတာ၊ ကဲ-- သွားမယ်၊ ပြီးတော့---"

ဟု ဆိုကာ တစ်စုံတစ်ရာ ဆက်လက်၍ ပြောဆိုခြင်း မပြုတော့ဘဲ ဦးဝွမ်တီသည် လှည့်၍ ထွက်သွားလေတော့၏။

မောင်ဘချစ်နှင့် ရသေ့နှစ်ဦးသည်လည်းကောင်း၊ ညိုညိုခေါ် သီလရှင်လေး ခေါ်စန္ဒမာလာသည်လည်းကောင်း ဦးဝွမ်တီ၏ နောက်ကျောကို မျက်စိတစ်ဆုံး ကြည့်၍ ကျန်ရစ်ခဲ့ကြလေ၏။

၎င်းတို့၏ နှလုံးအိမ်၌လည်း ဦးဝွမ်တီဆိုသည့် လူတစ်ဖက်သားကို ကူညီတတ်သော တရုတ်အဘိုးကြီးသည် ဘေးအန္တရာယ်မရှိဘဲ ၎င်း၏ လိုရာဓနီးသို့ ရောက်ရှိပါစေဟု ဆုတောင်းမေတ္တာပို့သနေကြမည် ဖြစ်ပေသည်။

❖ ❖ ❖

**ချစ်စွာသော စာဖတ်သူများခင်ဗျား---**

ဦးဝွမ်တီသည် မောင်ဘချစ်တို့နှင့် ခွဲခွာပြီးနောက် မည်သို့မည်ပုံ နောက်ထပ်ဖြစ်ပျက်သည်ကို သိလိုကြပေမည်၊ မောင်ဘချစ်

ဇာတ်သိမ်း



နှင့် ဦးဝွမ်တီတို့သည် နောက်ထပ် တွေ့ဆုံကြသေးသလော သို့တည်းမဟုတ် ထိုအချိန်မှစ၍ လုံးဝ အဆက်ပြတ်သွားကြပြီလောဟု အမျိုးမျိုး အဖုံဖုံ တွေးထင်စရာ ရှိပေသည်။

သို့ရာတွင် ကျိုက်ထီးရိုး ဘုရားပွဲတော်အခါများ၌ လည်းကောင်း၊ ရာသီဥတုကောင်းမွန်သော အခါများ၌လည်းကောင်း ထိုဒေသတွင် သွားလာကြသော လူတို့သည် တစ်ခါတစ်ရံ၌ ရသေ့တစ်ဦး၊ သီလရှင်တစ်ပါးနှင့် ပိတ်ဖြူအင်္ကျီ ပိတ်ဖြူဘောင်းဘီရှည်ကြီးကို ဝတ်ဆင်ထားသည့် လွန်စွာရှည်လျားသော တောင်ဝှေးကြီးကို ကိုင်တတ်သော မုတ်ဆိတ်မွေးဖြူဖြူနှင့် တရုတ်အဘိုးကြီးတစ်ဦးကို မကြာခဏ တွေ့ဆုံရဖူးကြပါသည်။

ထိုသို့ တွေ့ဆုံရဖူးသော သုံးဦးသားမှာ သီလရှင်ဆရာကလေးသည် ခေါ်စန္ဒမာလာဖြစ်ခဲ့ပါလျှင် ပိတ်ဖြူစင်ကြယ်နှင့် သူတော်စင် တရုတ်အဘိုးအိုကြီးမှာ ကျွန်ုပ်တို့၏ ချစ်ခင်လှစွာသော ဦးဝွမ်တီကြီး ဖြစ်ရပေမည်။

ထို့ပြင် ရသေ့မှာမူကား ကျွန်ုပ်တို့၏ ဇာတ်လိုက်ကြီး မောင်ဘချစ်ခေါ် **ဖြစ်ချင်တာဖြစ် မောင်ဘချစ်** ဆိုသူသာ ဖြစ်ရန် ရှိပေတော့သတည်း။

မင်းသိင်္ခ

## ရွှေအိုးကို တူးဖော်ပေးသူများသို့

တစ်နေ့သ၌ ကျွန်ုပ်၏ သူငယ်ချင်းဖြစ်သူ မောင်ဘသင် ဆိုသူသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာပြီးလျှင်---

"ဘာစာအုပ်တွေ ရေးနေတာလဲ"

ဟု မေးလေ၏။ ကျွန်ုပ်ကလည်း ရေးပြီးစဖြစ်သော "ဖြစ်ချင်တာဖြစ်မောင်ဘချစ်" ဝတ္ထုစာမူများကို ၎င်းအား ပြရင်း---

"ဒါတွေပါပဲ အချိန်ရရင်တော့ ဖတ်ကြည့်ပါ"

ဟု ဆိုကာ ကျွန်ုပ်သည် "ဆားပုလင်းနှင်းမောင်နှင့် မဟာဘိသက္ကရာဇာ" ဟူသော ဝတ္ထုကို ဆက်လက်၍ ရေးသားနေလေ၏။

၎င်းမောင်ဘသင်လည်း ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်၍ မီးညှိကာ "ဖြစ်ချစ်တာဖြစ် မောင်ဘချစ်"ဝတ္ထုစာမူကို သဲသဲမဲမဲကြီး ဖတ်ရှုလေတော့၏။ ကျွန်ုပ်မှာလည်း ၎င်း





အား စေ့ငုံ၍ စကားပြောခြင်း မပြုနိုင်တော့ဘဲ ဝတ္ထုကို သာလျှင် စိတ်ဝင်စားစွာ ရေးသားနေရလေတော့၏။

ညနေ ၂-နာရီထိုးသောအခါ၌ ကျွန်ုပ်၏ သူငယ်ချင်း မောင်ဘသင်သည် ဝတ္ထုစာမူများကို စားပွဲပေါ်သို့ လှမ်း၍ တင်လိုက်ပြီးနောက် အောက်ပါအတိုင်း ပြောလေ၏။

"ကိုယ့်လူဥစ္စာက စာတ်သိမ်းပိုင်းမှာ မှုရွှားသာကွန်းနဲ့ သွားပြီးတူနေတယ်လို့ ထင်တယ်"

ကျွန်ုပ်သည် မောင်ဘသင်အား တစ်စုံတစ်ရာ ပြန်လည် ပြောဆိုခြင်းမပြုဘဲ ဝတ္ထုကို ဆက်လက်၍ ရေးသားနေ လေ၏။ ထို့ကြောင့် မောင်ဘသင်က---

"လုပ်စမ်းပါဦး ကိုယ့်လူရ၊ ကျုပ်ထင်တာကိုတော့ ကျုပ် ပြောပြီးပြီ၊ ကိုယ့်လူကလဲ ပြန်ပြီး ဆင်ခြေပေးစမ်းပါဦး"

ဟု အားမလိုအားမရ လေသံဖြင့် ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်သည်၎င်းအား လှမ်း၍ကြည့်ပြီးလျှင်-

"**ထင်ချင်တာထင် မောင်ဘသင်ရေ**၊ အခုနေရာမှာ ကျုပ်ရဲ့ ဇာတ်ကောင်တွေက အဲဒီလို ဖြစ်ကုန်ကြတာတော့ ကျုပ် လဲ မတတ်နိုင်ဘူး။ တကယ်ပြောရရင်လဲ တကယ့်ကို စိတ်ချမ်းသာတဲ့ တကယ့်ကို သောကကင်းတဲ့ နေရာကို ညွှန်ပြပါဆိုရင် တရားချေ့ရဲ့ အရိပ်ကိုပဲ ညွှန်ပြရမှာပဲ မဟုတ်လား"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ၌ မောင်ဘ သင်က---

"ဒါကြောင့် ကိုယ့်လူကို ကျုပ်တို့နဲ့ ကျောင်းနေဖက်

မောင်ချောက ပြောတာပေါ့"

ဟု စကားအစချီလေ၏။

"မောင်ဘချောက ဘယ်လိုများ ပြောလို့လဲဗျ"

ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်လေ၏။

"ဘယ်လိုပြောရမလဲ ကိုယ့်လူရဲ့ မင်းသိင်္ခကတော့ တို့ ဖတ်ချင်တဲ့ဝတ္ထုမျိုး တစ်ခါမှ မရေးသေးဘူး၊ သူရေးချင်တာတွေချည်းပဲ လျှောက်ရေးနေတာပဲလို့ ပြောတာပေါ့"

ဟု သူငယ်ချင်း မောင်ဘသင်က ပြောလေ၏။

ထိုအခါ၌ ကျွန်ုပ်သည် ဆေးလိပ်တစ်လိပ်ကို မီးညှိရှိုက်ဖွာရင်း---

"ပြောချင်တာပြော မောင်ဘချောလို့တောင် နာမည်ပေးရမယ့် မောင်ဘချောပါပဲ၊ ပြောပါစေလေ"

ဟု ကျွန်ုပ်က ပြောလိုက်ပြီးနောက် ရေးလက်စဝတ္ထုကို ဆက်လက်၍ ရေးသားနေသဖြင့် ကျွန်ုပ်၏ သူငယ်ချင်း မောင်ဘသင်(ခေါ်) ထင်မြင်ချက်အမျိုးမျိုး ပေးတတ်၍ ထင်ချင်ရာထင်တတ်သော မောင်ဘသင်လည်း ကျွန်ုပ်အား နှုတ်ဆက်ကာ ပြန်၍သွားလေတော့၏။

❖ ❖ ❖

ချစ်ခင်လေးစားအပ်သော စာဖတ်သူအပေါင်းတို့ခင်ဗျား၊ ယခုမိတ်ဆွေအပေါင်းတို့ ဖတ်ရှုပြီးခဲ့သော "ဖြစ်ချင်တာဖြစ် မောင်ဘချစ်" ဝတ္ထုကြီးမှာ အထက်ကဆိုခဲ့သည့်

ဇာတ်သိမ်း



အတိုင်း ဇာတ်သိမ်းပိုင်း အခန်းတစ်နေရာ၌ ပုဏ္ဏားဘကွန်းဝတ္ထု၏ အသွားမျိုးဖြင့် ခပ်ဆင်ဆင်တူ၍ နေမည်ဖြစ်ပါသည်။ ထိုသို့ တူ၍နေရသည့် အကြောင်းမှာ ချမ်းသာခြင်းကိုရှာသော ပုဏ္ဏားဘကွန်းနှင့် သောက ကင်းဝေးခြင်းကို ရှာဖွေသော မောင်ဘချစ်တို့အတွက် အကောင်းဆုံး အသင့်တော်ဆုံး နေရာမှာ တရားဓမ္မ၏ အနိုင်အာဝါသပင် ဖြစ်ပါသည်။

ထို့ပြင် ဤဝတ္ထု ရေးသားရာ၌ အထူးသဖြင့် အားကိုး အားထားပြုရသော စာအုပ်သုံးအုပ်အကြောင်းကို ဖော်ပြလိုပါသည်။ ထိုစာအုပ်သုံးအုပ်မှာ နှိုလီယံပီး ရေးသားသည့် သင့်အင်္ဂါကိုးရစ်ချစ် ဆိုသည့် စာအုပ်၊ ဘုရင့်--ဓမ္မစီစဉ်ဘာလထုတ် ဘာသာမာတာယပ်စာစောင်နှင့် ဆရာတက်တိုး ပြန်ဆိုရေးသားသည့် သောကကင်းဝေး နေနိုင်ရေး စာအုပ်တို့ ဖြစ်ပါသည်။

သောကကင်းဝေးနေနိုင်ရေး စာအုပ်သည် အထူးသဖြင့် အားကိုးအားထားပြုခဲ့ရသော စာအုပ်ဖြစ်ပေ၏။

ကျွန်ုပ်သည် တစ်အုပ်ထက်တစ်အုပ် ကြိုးစား၍ ရေးသားပါသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌ ဖရိုသတ် အကြိုက်နှင့် တည့်တည့် တိုးသည့်အခါလည်း ရှိပါသည်။ လွဲသွားလေး လွဲသည့်အခါလည်း ရှိပါသည်။ ပြည့်စုံပါ သည်။ ကောင်းပါသည်ဟု ကျွန်ုပ်ကိုယ်တိုင်လည်း မည်သည့်အခါမျှ မထင်မှတ်ခဲ့ပါ၊ ကြိုးစားမြဲ ကြိုးစားနေပါသည်။ အထူးသဖြင့် ကျွန်ုပ်ထက် ငယ်ရွယ်သူများ

- ဉာဏ်ဝင်းစာပေ

အနေနှင့် ပေဟုသုတရရှိရန်ကို အထူးဂရုပြုပါသည်။ ၎င်းတို့အတွက် ပေဟုသုတ အနည်းငယ်ရသည်ဆိုလျှင်ပင် ကျွန်ုပ်သည် ကျေနပ်ဝမ်းမြောက်ရပါတော့သည်။ သို့ရာတွင် စာရေးသူနှင့် စာဖတ်သူကိုသည် ကျားထိုးသူနှင့် ကျားဝိုင်းအပြင်မှ ကြည့်ရှုသူကဲ့သို့ ဖြစ်ပါသည်။ ကျားထိုးသူ မမြင်သော အကွက်များကို အပြင်မှကြည့်သူက မြင်တွေ့လေ့ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်အား ဝေဖန်သူ၊ အကြံပေးသူများက စေတနာနှင့် မင်းသိင်္ခရေ ဒီနေရာလေးမှာ ဒီလိုလုပ်လိုက်ရင် ဒီ့ထက်ပိုကောင်းသွားမယ်ဟု ထောက်ပြသူများကိုလည်း အထူး ကျေးဇူးတင်ပါသည်။

ထိုသို့ ထောက်ပြသူများ အကြံပေးသူများ ကောင်းသောစေတနာနှင့် ဝေဖန်သူများသည် အမှန်စင်စစ်အားဖြင့် ကျွန်ုပ်အား ရွှေအိုးကိုတူးဖော်ပေးသူများနှင့် အလားသဏ္ဍာန် တူပါသည်။

ရွှေအိုးကို တူးဖော်ပေးသူအား အဘယ်သူသည် စိတ်ဆိုးအံ့ နည်း။

ထို့ကြောင့် ကျွန်ုပ် မင်းသိင်္ခသည် အကြံပေးသော ကောင်းစွာဝေဖန်သော မိတ်ဆွေတို့အား အဘယ်သို့လျှင် စိတ်ဆိုးအံ့နည်း။


ဤသည်မှာ သစ္စာစကားဖြစ်ကြောင်း သစ္စာဆို၍ ပြောဝံ့ပေသတည်း။

စာဖတ်သူ မိတ်ဆွေအပေါင်း ကျွန်ုပ်၏စာကို ဖတ်နေစဉ်၌ လည်းကောင်း၊ ဖတ်ပြီးသည့်အခါ၌ လည်းကောင်း

ဇာတ်သိမ်း



ဘေးရန်ခပ်သိမ်းကင်းကြပါစေ၊ ကြောင့်ကြမှုများ ကင်းဝေးနိုင်ကြပါစေ၊ ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေ၊ ကိုယ်စိတ်နှလုံး ချမ်းမြေ့ကြပါစေလို့ လေးနက်စွာ အာရုံပြု၍ ဆုတောင်းလိုက်ရပေသတည်း။ ■



**ဝေဖန် အကြံပြုစာ ပေးလိုလျှင်**
တ/ဆ ဉာဏ်ဝင်းစာပေ
စာတိုက် ၁၄၀၇၊ ဗဟိုစာတိုက်ကြီး
ရန်ကုန်။

**လူတွေ့စာ ဆက်သွယ်လိုသူများ**
အမှတ် ၁၄၊ ကျောက်ရေတွင်းလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်။